# ပြည်ထောင်စုတိုင်းရင်းသား
## မဂ္ဂဇင်း

အတွဲ (၁)၊ အမှတ် (၁)

၂၀၂၂-ခုနှစ်၊ ဇန်နဝါရီလ





Photo-Khon San Oo



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
## ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

Ministry of Ethnic Affairs

# ပြည်ထောင်စုတိုင်းရင်းသား

## မဂ္ဂဇင်း

အတွဲ (၁)၊ အမှတ် (၁) ၂၀၂၂-ခုနှစ်၊ ဇန်နဝါရီလ

စိန်ရတု ပြည်ထောင်စုနေ့အား ဂုဏ်ပြုကြိုဆိုလျက် ထုတ်ဝေသည်။



# ပြည်ထောင်စုတိုင်းရင်းသား မဂ္ဂဇင်း

အတွဲ (၁)၊ အမှတ် (၁) ၂၀၂၂-ခုနှစ်၊ ဇန်နဝါရီလ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊
နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ သဝဏ်လွှာကောက်နုတ်ချက်
ပြည်ထောင်စုဝန်ကြီး၏ ဥယျာဇဉ်
ဒုတိယဝန်ကြီး၏ အမှာစကား

**ကဗျာများ**


| | | |
|---|---|---|
| သံလွင်မှသည် ရောဝတီ | ဇေယျာဘုန်းမြင့် | ၁၃ |
| လွမ်းစဖွယ် သမိုင်းမော် | နွေသင်နိုင် | ၁၄ |
| သည်မြင်ကွင်း | မောင်သင်းပျံ့ (ကျိုက်ထော်) | ၁၅ |
| သာစွဣာနီ ကန္တာရဝတီ | မောင်ဝင့်ထက် (လက်ပံခုံ) | ၁၆ |
| တို့ရိုပ်မြို့ | မောင်နီမိုင်း (ကျောက်တန်း) | ၁၇ |
| ရှမ်းတောင်တန်းက စိန်ပန်းပြာ | အောင်လံမြေ - နေညီညီ | ၁၈ |
| သည်လမ်းကိုသာ ဆက်လျှောက်ပါ | မောင်သန်းဆွေ (အညာမြေ) | ၁၄၃ |


**ဝတ္ထုများ**


| | | |
|---|---|---|
| ချင်းတောင်တန်းတွေ သက်သေတည်၍ | ဆုမွန်ဦး (ဟသ်ာတ) | ၁၄၄ |
| တန်ဖိုး၏ လျှို့ဝှက်ချက် | မိုးပန်းမွန် (ရာမည) | ၁၅၂ |
| လွဲတတ်လွန်းသူ | ဝင်းနွယ် (ပုသိမ်) | ၁၅၉ |
| တောင်ပေါ်က ရှမ်းကလေး လျှော်ထမ်းလို့ပြေး | မင်းဆက်ပိုင် | ၁၆၃ |
| ဒေါင်းပြောက် နားရွက်တဖက်နန့် ပုဇွန်တက်ချေ သုံးကောင် | ပုံ့သုခင် (ရခိုင်ပြည်) | ၁၇၄ |
| ဆုဖန်ကလျာ | ညမင်းအိမ် | ၁၇၈ |


**ပုံပြင်များ**


| | | |
|---|---|---|
| လိပ်ကမ္ဘာမ | ဂေါယာမြေ - စောဝင်း | ၆၅ |
| ငပျင်းထွေနှင့် ထူးဆန်းသောပလွေ | ဂေါယာမြေ - စောဝင်း | ၁၃၁ |


**ဓာတ်ပုံကဏ္ဍ**


| | |
|---|---|
| သွေးချင်းတို့ရဲ့ ပွဲတော်ဆီ | ၁၀ |
| တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၏ လှုပ်ရှားမှုဓာတ်ပုံများ | ၅၇ |
| တိုင်းရင်းသားယဉ်ကျေးမှုနှင့် ရိုးရာအလှဓာတ်ပုံများ | ၁၂၂ |


စီစဉ်သူ
ရန်ကျော်
မြင့်ဝင်းမောင်

တာဝန်ခံအယ်ဒီတာ
သက်ဝေ







## ဆောင်းပါးများ


| | | |
|---|---|---|
| အပြုနှင့် အဖျက် | ချစ်နိုင် (စိတ်ပညာ) | ၂၅ |
| ရခိုင်နှင့် ဗမာတိုင်းရင်းသား လူမျိုး (၂)မျိုး၏ စကားဆက်စပ်နေပုံ | မေကြီးရှင် (စစ်တွေ) | ၂၉ |
| ရိုးရာနှင့် ခရီးသွား | စန္ဒာခင် | ၃၆ |
| တိုင်းရင်းသားစာပေ ယဉ်ကျေးမှုများကို ဥပဒေအရ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်း | ဦးသန်းမောင် (စစ်တွေ) | ၄၃ |
| တစ်ခါတုန်းက ဒုက္ခဆိုတာ အခုတော့ လွမ်းစရာ | ကောင်းသန့် | ၄၉ |
| နောက်အော် နာဂ | မနုဿကျော်ဝင်း | ၅၁ |
| ဆလုံလူမျိုးတို့၏ ဘာသာရေးဓလေ့ထုံးစံများ | တက္ကသိုလ်ကိုလတ် | ၇၀ |
| မွန်မင်းမဂဒူး | ဒေါက်တာသော်ကောင်း | ၇၃ |
| မယိမ်တက်ပွဲ | မျှားအောင် | ၇၆ |
| ကိန္နရာ ကိန္နရီ | ဂေါယာမြေ-စောဝင်း | ၈၀ |
| မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်ကို လေ့လာခြင်း | သန်းဆွေ (အညာမြေ) | ၈၃ |
| ပအိုဝ်းတိုင်းရင်းသားတို့၏ စာပေလှုပ်ရှားမှု | ခွန်ရှောင်လေ (နောင်တရား) | ၈၉ |
| မွန်ရိုးရာ သင်္ကြန်ထမင်း | ခင်ယွန်းနန္ဒာ | ၉၂ |
| မြန်မာနိုင်ငံ၏ အတိတ်၊ ပစ္စုပ္ပန်နှင့် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိနိုင်ရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) | ဇော်အေးမောင် | ၉၆ |
| ကချင်တိုင်းရင်းသားလူမျိုး | ကောင်းပြည့်စုံ | ၁၀၅ |
| ကယားအလွမ်းပြေ | ထီလာကျော် | ၁၁၈ |
| မြောက်ဦးခေတ်တွင် ပေါ်ထွန်းခဲ့သော သချာပညာနှင့် ဂန္ထိရပညာရှင် ဦးမြဝါ | မေဦးသိန်းညွန့် | ၁၂၅ |
| မနောမြေက လာချိဒ်တိုင်းရင်းသားတို့၏ ယုံကြည်ကိုးကွယ်မှု | မြတ်ဝေတိုး (ပညာရေး) | ၁၃၅ |
| ချင်းအတိတ် ချင်းနမိတ် | မောင်အောင်မွန် | ၁၃၉ |
| ရေခဲတောင်များနှင့် မေခမလိခ မြစ်နှစ်သွယ်ပေါင်းစုံသည့်မနောမြေ | စိုးစိုးနိုင် (ကြေးမုံ) | ၁၆၈ |



**မျက်နှာဖုံးဒီဇိုင်း**
AZ

**အတွင်းသရုပ်ဖော်ပန်းချီ**
မြင့်ဝင်းမောင် (AZ)
ဖေသစ်တည်

**ကာတွန်း**
ဦးဘဂျမ်း
ဖေသစ်တည်
မောင်တင်ယု
ညီပုချေ
နတ်လူ
လုံးကြီးတင်

**ထုတ်ဝေသူ**
ဒေါ်ခင်စန်းရီ
ဒုတိယညွှန်ကြားရေးမှူး
(၀၃၀၄၉)
တိုင်းရင်းသားလူမျိုးများရေးရာ
ဝန်ကြီးဌာန

**ပုံနှိပ်သူ**
ကိုဇော်မြင့်ထွန်း
(အောင်ပုံနှိပ်တိုက်-၀၀၂၄၁)
အမှတ် (၁၁၈)၊ ၄-လမ်း
ပုသိမ်မြေရပ်ကွက်၊
ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။

**အုပ်ရေ**
၁၀၀၀


ပြည်ထောင်စုတိုင်းရင်းသားများ စည်းလုံးညီညွတ်ရေးကို ရည်ရွယ်၍ အခမဲ့ဖြန့်ဝေသည်။

၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ (၁၂) ရက်

(၇၅) နှစ်မြောက်

စိန်ရတု ပြည်ထောင်စုနေ့အား

ဂုဏ်ပြုကြိုဆိုအပ်ပါသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်

## ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

## တိုင်းရင်းသား ညီအစ်ကို မောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို ဆက်လက်ကြိုးပမ်း တည်ဆောက်သွားကြရမည်

တိုင်းရင်းသားလူမျိုးစုများစွာ မှီတင်းနေထိုင်လျက်ရှိသည့် မိမိတို့နိုင်ငံအတွက် အချင်းချင်း သွေးစည်းညီညွတ်မှုရှိမှသာ ပြည်ထောင်စုကြီးမပြိုကွဲဘဲ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲမည် ဆိုသည်ကို အတိတ်သမိုင်းမှ သင်ခန်းစာရရှိခဲ့ပြီး ဖြစ်ပါသည်။

အနာဂတ်တွင်လည်း အလားတူပင် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ ကျစ်လျစ်ခိုင်မာသည့် ညီညွတ်သော စုပေါင်းအားကို ဆက်လက်ကြိုးပမ်း တည်ဆောက်သွားကြရမည် ဖြစ်ပါသည်။

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ
ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံမှ
၂၀၂၁ ခုနှစ်၊ (၇၄) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာမှ ကောက်နုတ်ချက်)



ပြည်ထောင်စုဝန်ကြီး

## ဦးစောထွန်းအောင်မြင့်

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

# ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်
## ၏
# ဦးဆောင်ချာန်ငြ် ဦးဆောင်ချက်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်း (၁၃၅)မျိုးတို့၏ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းတို့ ပေါင်းစုတည်ရှိရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း သမိုင်းအစဉ်အဆက် နေထိုင်ကြသော တိုင်းရင်းသားလူမျိုးတို့သည် မိမိတို့၏ ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာများကို သားစဉ်မြေးဆက် လက်ဆင့်ကမ်း ထိန်းသိမ်းနေကြခြင်းမှာ ကောင်းမြတ်သော အစဉ်အလာ တစ်ရပ်ပင်ဖြစ်သည်။ ထိုကောင်းမြတ်သော အစဉ်အလာများနှင့်အတူ တိုင်းရင်းသားလူမျိုး တို့၏ စာပေ၊ စကား၊ ယဉ်ကျေးမှု၊ ဓလေ့ရိုးရာ၊ သမိုင်းအမွေအနှစ်တို့သည်လည်း နှောင်နှစ်ပေါင်း များစွာ ဖွံ့ဖြိုးတိုးတက်လျက် ရှင်သန်တည်တံ့သွားရန်မှာ တိုင်းရင်းသားမျိုးဆက်တို့၏ တာဝန်တစ်ရပ်ပင် ဖြစ်ပါသည်။

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနသည် တိုင်းရင်းသားလူမျိုးများ၏ စာပေနှင့် ယဉ်ကျေးမှု များ၊ ရိုးရာဓလေ့ထုံးတမ်းများ၊ သမိုင်းအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်း မြှင့်တင်ခြင်း၊ တိုင်းရင်းသားလူမျိုးတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားတို့၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးတို့ကို ဝန်ကြီးဌာန၏ မူဝါဒများ၊ ရည်မှန်းချက်များနှင့်အညီ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ကြီး ငြိမ်းချမ်းသာယာရေးကို အဓိကဦးတည်လျက် ဦးလည်မသုန် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

- တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် သွေးချင်းတို့ပွဲတော်ကျင်းပခြင်း
- တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း၊
- ငြိမ်းချမ်းရေးအတွက် တန်းတူအခွင့်အရေးပေးခြင်း ဆောင်ရွက်မှုများအပြင်

သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အသင်းအဖွဲ့များနှင့် ချိတ်ဆက်၍ တိုင်းရင်းသားလူမျိုးတို့၏ စကား၊ စာပေ၊ ယဉ်ကျေးမှုများ၊ ရိုးရာဓလေ့ထုံးတမ်းများကို ဖော်ထုတ်ထိန်းသိမ်း မြှင့်တင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နေသကဲ့သို့ တိုင်းရင်းသားရိုးရာ ဓလေ့ထုံးတမ်းဆိုင်ရာ စာအုပ်စာပေများ ထုတ်ဝေခြင်း၊ တိမ်မြုပ်ပျောက်ကွယ်လု နီးပါးဖြစ်နေသော တိုင်းရင်းသားလူမျိုးများ၏ အကြောင်းကို Documentary ရုပ်သံမှတ်တမ်းများ ရိုက်ကူးခြင်းကိုလည်း ဆောင်ရွက်လျက်ရှိသည်။

ဝန်ကြီးဌာန၏ တိုင်းရင်းသားစာပေ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ဆိုင်ရာ ဆောင်ရွက်ချက်များ၊ တိုင်းရင်းသား ရိုးရာဓလေ့ဆိုင်ရာ ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုများနှင့် လူမှုဘဝအကြောင်းအရာများကို စုစည်း၍ (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် ပထမ အကြိမ် ပြည်ထောင်စုတိုင်းရင်းသား မဂ္ဂဇင်းစာအုပ်ကို ပုံနှိပ်ထုတ်ဝေဆောင်ရွက်ခြင်းဖြစ်ပြီး နောင်တွင် လည်း ဆက်လက်ထုတ်ဝေနိုင်ရေး ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်တွင် ပါရှိသည့် "တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ရိုးရာဓလေ့ ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး" ဟူသည့် ဦးတည်ချက်နှင့်အညီ လိုက်နာဆောင်ရွက် လျက် နိုင်ငံတော်မှဖော်ဆောင်နေသည့် ငြိမ်းချမ်း၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ် နိုင်ငံတော်ကြီး တည်ဆောက်ရေးအတွက် အစဉ်ကြိုးပမ်း ဆောင်ရွက်သွားပါမည်ဖြစ်ပါကြောင်း ဆန္ဒမွန်ပြုအပ်ပါသည်။

ဦးစောထွန်းအောင်မြင့်
ပြည်ထောင်စုဝန်ကြီး
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန



ဒုတိယဝန်ကြီး

**ဦးဇော်အေးမောင်**

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

# ဒုတိယဝန်ကြီး ဦးဇော်အေးမောင်
# ၏
# အမှာစကား

မြန်မာနိုင်ငံသည် တိုင်းရင်းသားမျိုးနွယ်စုပေါင်း (၁၃၅) မျိုးဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုနိုင်ငံတော်ကြီးဖြစ်သည်။ နိုင်ငံ၏ ဘေးပတ်လည်တွင် ပထဝီဝင်နိုင်ငံရေးအရ လူဦးရေ သန်းပေါင်းများစွာဖြင့် တည်ရှိနေသော ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ တရုတ်နိုင်ငံတို့ ဝန်းရံထားရာ ၎င်းတို့၏ ဘာသာစကား၊ ယဉ်ကျေးမှုများသည် ဝင်ရောက်လွှမ်းမိုးမှု မရှိစေရန် တိုင်းရင်းသားလူမျိုးများအနေဖြင့် မိမိတို့၏စာပေ၊ စကား၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းများအား ထိန်းသိမ်းစောင့်ရှောက်သွားရန် အလွန်အရေးကြီးပါသည်။

နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)၊ ပုဒ်မ(၂၂)တွင် **“နိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ရမည်”**ဟူသည့် ဖော်ပြချက်နှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ တိုင်းရင်းသားလူမျိုးများ၏ စာပေနှင့်ယဉ်ကျေးမှုဆိုင်ရာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးမြှင့်တင်လျက်ရှိသည်။

တိုင်းရင်းသားလူမျိုးတို့သည်လည်း တစ်ဦး၏ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ရိုးရာအစဉ်အလာများကို တစ်ဦးက သိရှိနားလည်မှုသာလျှင် တိုင်းရင်းသားလူမျိုးများအကြား အပြန်အလှန် ယုံကြည်နားလည်မှု၊ ခင်မင်ရင်းနှီးမှု၊ ချစ်ကြည်လေးစားမှု၊ စည်းလုံးညီညွတ်မှု တိုးပွား၍ ပြည်ထောင်စုစိတ်ဓာတ် ပိုမိုခိုင်မာလာမည် ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ အမိန့်အမှတ် ၁၆၅၊ ၂၀၂၁ ဖြင့် ဩဂုတ်လ (၁)ရက်နေ့မှစ၍ တိုင်းဒေသကြီး၊ ပြည်နယ် (၁၄)ခု၌ တိုင်းရင်းသားရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားရေးရာဝန်ကြီး (၁၄) ဦးကို ခန့်အပ်ပေးခဲ့၍ တိုင်းရင်းသားရေးရာများကို ဆောင်ရွက်လျက်ရှိသည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးတွင်လည်း ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ညွှန်ကြားရေးမှူးရုံးများ ဖွင့်လှစ်၍ တိုင်းရင်းသားတို့၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ကိုးကွယ်သည့်ဘာသာ၊ သမိုင်းအမွေအနှစ်၊ ငြိမ်းချမ်းရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများ ရရှိရေးတို့အပါအဝင် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မူဝါဒ၊ ရည်မှန်းချက်များ ချမှတ်လျက် ကျယ်ကျယ်ပြန့်ပြန့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန၏ တိုင်းရင်းသားလူမျိုးများနှင့် စပ်လျဉ်း၍ ဆောင်ရွက်ချက်များနှင့် တိုင်းရင်းသားလူမျိုးတို့၏ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်းများ၊ လူမှုဘဝအကြောင်းအရာများကို တိုင်းရင်းသား ပြည်သူများ သိမြင်ခံစားနိုင်စေရန် ရည်ရွယ်လျက် **“ပြည်ထောင်စု တိုင်းရင်းသားမဂ္ဂဇင်း”**အား (၇၅)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် ပထမအကြိမ် ထုတ်ဝေခြင်းဖြစ်ပါသည်။ မိမိတို့ဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များကို သိရှိခြင်းဖြင့် တိုင်းရင်းသားလူမျိုးအချင်းချင်း ယုံကြည်နားလည်မှုများရရှိကာ စည်းလုံးချစ်ခင်လျက် နိုင်ငံတော်မှ ဖော်ဆောင်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် တိုင်းရင်းသားလူမျိုးများ လူမှုစီးပွားဘဝ တိုးတက်ရေးအတွက် အထောက်အပံ့ အကျိုးကျေးဇူးကောင်းများ ဖြစ်ထွန်းပါစေကြောင်း ဆန္ဒမွန်ပြုအပ်ပါသည်။

**ဦးဇော်အေးမောင်**
ဒုတိယဝန်ကြီး
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

ဓာတ်ပုံများကပြောသော

# သွေးချင်းတို့ရဲ့ပွဲတော်ဆီ










ဝတ်စုံများက ပြောသော

# သွေးချင်းတို့ရဲ့ ပွဲတော်ဆီ












ဓာတ်ပုံများကပြောသော

# သွေးချင်းတို့ရဲ့ပွဲတော်ဆီ











# သံလွင်မှသည် ဧရာဝတီ

ဇေယျာဘုန်းမြင့်

♦ ကော့ရုံကျွန်းပေါ်၊ နေခြည်ဖျော်ခိုက်
ဇင်ယော်ဖိုမ၊ ဝဲကာကျ၏
ရွှေစ ရွှေနစ်၊ သံလွင်မြစ်လည်း
ကညစ်ဆီဆေး၊ ခေတ်မီတွေးနှင့်
ရေးခြစ်ပန်းချီ၊ လှလွန်းသည့်ထင့်။

♦ ဗမာ့ပအိုဝ်း၊ ကယားတို့ပြင်
ရှမ်းတို့စုံညီ၊ ကရင်ပြည်ဗို့
ဖွံ့သီယှက်နှော၊ ပေါ်နတောင်တန်း
မြင်ယောင်လွမ်းတ၊ သတိရလျှက်
မှန်းဆ,မပြေ၊ လွမ်းစိတ်ဝေတိုင်း
မိတ်ဆွေခပင်း၊ ညီနောင်ရင်းတို့
သေားကင်းကာလေ၊ ချမ်းမြစေဟု
ဆုခြွေတောင်းမိ အခါခါ။

♦ ယှက်သန်းမှန်ရီ၊ တိမ်ပန်းချီ၌
ကျွန်းမီနောက်ခံ၊ ဒိုးယိမ်းသံလည်း
ဝန်းကာရံထား၊ လှတရားကို
မြသားတစ်ကန့်၊ ရွှေတစ်ကန့်လျှင်
ခန့်ထည်ခင်သိမ်း၊ ဘယ်ညာယိမ်းသို့
စိမ်းညိုပြုဝင်း၊ သီးနှံခင်း၌
မိုးကြွင်းမှုန်ထဲ၊ သင်းထုံကဲသည့်
ရင်ထဲစီးဝင်၊ မြစ်သံလွင်
အသင် ငြိမ်းချမ်းပါစေလေ ...။ ။

♦ ဧရာဝတီ၊ ရေပြာကြည်လည်း
နှောင်ညီတို့တွက်၊ သံလွင်ဘက်ကို
ဖက်လဲတကင်း၊ ငြိမ်းချမ်းခြင်းဖြင့်
သီချင်းသီဆို၊ ကမ်းလျှက်ကြိုသည့်
နှုတ်ဖြိုတင့်ကြွား၊ စီးဆင်းတကား။ ။



# လွမ်းစဖွယ် သမိုင်းမော်

နွေသင်နိုင်

မြန်မာ
ကမ္ဘာမှာ နာမည်ကျော်။
လူမျိုးတစ်ရွာတစ်ပါးရယ်နဲ့
ဘဝ .... ဘဝများကိုဖြင့်
အလှတရားမျိုး တည်ဆောက်စွမ်းတယ်လို့
ပန်းသတင်းဆော်။

နိုင်ငံအရေးမှာလည်း
သွေးစည်းကာ ညီညွတ်ခဲ့ပုံဖြင့်
ပြည်သစ်ဂုဏ်ဆောင်နိုင်ခဲ့တယ်ပေါ့
အို .... လွမ်းစဖွယ်သမိုင်းမော်
ကျိုင်းပေါ်က လှေမျှော်များ။

တိုင်းရင်းသားအစုံ
ရိုင်းပင်းအားအကျနဲ၊ အကျနဲနဲ့။
တက်အစုံအစုံကိုယ်စီခပ်ကာ
မရပ်မနားပါပဲ
ဒရေစပ် အသွားအလာဝဲမှာ
အခက်အခဲကို
လက်တွဲကြပါခဲ့
တစ်သက်မခွဲသလို
အအက်အကွဲထချင်ထ
မြန်မာမြေပုံ တစ်ဂုဏ်တက်အောင်
မျိုးဆက်တွေ ကြိုးဆက်ကြတယ်
တိုးလို့တက် သွားမယ့်လမ်းမှာ
ကြမ်းချင်ကြမ်း ဆိုးချင်ဆိုးစေ
တိုးသွား .... တက်သွား .....။ ။



# သည်မြင်ကွင်း

မောင်သင်းပျံ့ (ကျိုက်ထော်)

◆ သည်မြင်ကွင်းကား၊ လွန်ထူးခြား၏
နုသားပြာလွင်၊ မိုးကောင်းကင်အောက်
သွင်သွင်စီးခွဲအေး၊ စမ်းချောင်းလေးနှင့်
နံ့ဘေး ဝဲယာ၊ ရောင်စုံဖြာသည့်
မာလာပန်းခင်း၊ ဆော်လေညှင်းနှင့်
ထုံသင်းမြမြ၊ လန်းရွှင်ရသည့်
လှသောမြင်ကွင်းပါတကား။

◆ သည်မြင်ကွင်းကား၊ လွန်ထူးခြား၏
ရွှေသားရွှေရည်၊ နေရောင်ခြည်တွင်
မြရည်ရွှန်းစို၊ စိမ်းစိမ်းညိုသည့်
ပင်ပျိုပြင်ရှင့်၊ အဆင့်ဆင့်တို့
ရှုချင့်သာမော၊ သည်သစ်တောလျှင်
လှသောမြင်ကွင်းပါတကား။

◆ မြင်ကွင်းအလှ၊ ပသာဒဖြင့်
ဘဝအနှစ်၊ အားမာန်သစ်ခိုက်
အဖြစ်ဆိုးလှ၊ မိုးတစ်ညဝယ်
နိုးထမှန်တိုင်း ဘီလူးရိုင်းသို့
ဝုန်းဒိုင်းကျရောက်၊ ဖွဲဆိုးနှောက်ခဲ့
မိုးပေါက်သည်းခြေ၊ လေပြင်းမွှေကြောင့်
ပင်ခြေကိုင်းခက်၊ မြေသို့သက်ကာ
ချောင်းစက်ပြိုလဲ ပျက်သတည်း။

◆ အို ကြည့်စမ်းပါ့၊ ထူးခြားလှ၏
ကြေမွပြိုလဲ၊ မြင်ကွင်းထဲဝယ်
မြုံမြုံဟည်းဟည်း၊ ယိမ်းထိုးပြီးလျှင်
စုစည်းပြိုင်းပြိုင်း၊ အားမာန်လှိုင်းဖြင့်
သိုင်းဝိုင်းယှဉ်တွဲ၊ မပြိုလဲဘဲ
ခိုင်မြဲရပ်တည်၊ ကြံ့ခိုင်ထည်သော
ဝါးရုံတောလျှင်
ညီသောအကျိုးရလဒ်တည်း။ ။



# သာယာစွာနဲ့ ကန္ဒရဝတီ

မောင်ဝင့်ထက်
(လက်ပံခုံ)

◆ ကန္ဒရဝတီ ... တဲ့၊
အလင်းသစ်ရစ် ခေတ်တစ်ခေတ်ဆီ
အမည်မွေးပျို့ အတွေးဖြန့်လျှင်
ရနံ့ထုံဆဲ လွမ်းနေဆဲ ... ကွယ်၊
စွဲငြိတွယ်တာ ရှေးအခါက
မေတ္တာမှတ်တမ်း ဇာတ်လမ်းတစ်ခု
သုခနေမင်းသား နှလုံးသားတွင်
သံယောဇဉ်တွေ ခိုဝင်လေသည် ...
ပုံပြင်ထဲက "ဒွေးမယ်နှော်" ရယ် ...။

◆ ယခုအခေါ် "မြို့လွိုင်ကော်" ဝယ် ...
ရွှင်ပျော်ရပြီ ထင်ရှားပြီ ... ဟု
ကုသိုလ်ရည်ရွှန်း ဘုရားဖူးရန်
"မြို့နော်ခစေတီ" တစ်ဖက်ဆီမှာ
"သီရိမင်္ဂလာ" တွင်ရှာဘွဲ့မည်
"တောင်ကွဲစေတီ" နှင့်
ရေကြည်စီမ်းမြ ထူးခြွထင်ရှား
ကန် "နောင်ယား" နှင့်၊
မြို့အားဖြတ်ကာ စီးဆင်းပါသည်၊
သာယာဖွယ်ကောင်း ဘီလူးချောင်း။
ချွေးလည်းစည်ကား ရောင်းဝယ်ကောင်း။

◆ မြို့ဝန်းကျင်မှာ လည်စရာအမှန်
"ထီးပွင့်ကန်" နှင့်၊ "ကြွတ်ဂူ" နှင့်
ငွေတောင်ဆည်လည်း သာယာတင့်။
မြို့လယ်ပန်းခြံ ပန်းမန်ဝင့်။
အပန်းဖြေရန်ကြို့နေသျှင့်။

◆ လွိုင်ကော်ရောက်လျှင်
ပြုစုချင်သည်
"ခေါင်ရည်" ချိုမြ၊ ရသာလွန်ကောင်း
ချိကယ် "ဝက်အူချောင်း" နဲ့
ဒေသခေါက်ဆွဲ အသားကဲ၍
ထူးစွဲရသာ မမေ့ပါ
ပါးထမင်းနယ်က ရိုးရာအစာ
တို့ဟူးကြော်လည်း နှစ်သက်မှာ ...
ကိုဇည့်သည်တို့ စွဲမက်စရာ။

◆ အလင်းသစ်ရစ်၊ ခေတ်တစ်ခေတ်ဆီ
မြန်ပြည်တစ်ကြော လျှပ်စစ်ပေါ်ဖို့
မနော်ကြည်စွ၊ "လောပိတ" ရေတံခွန်
အားသွန်စီးသွား ဓာတ်အားရရေး
ထုတ်လုပ်ပေး၍ ...
ဝေးနီးထင်ရှား လာသည့်နေရာ
မြန်မာပြည်တွက် အရေးကြီးတာ
ရှုခင်းလှပ ... ဝင့်ယူစရာ။

◆ "တာရေဘာနား" နှုတ်ဆက်စကားမှာ
ကြင်နာသံကဲ ခပ်ဝဲဝဲမို့
စိတ်ထဲလွမ်းတ သတိရလျှင်
နောက်တစ်ခါ ဝင်ပါ
အရောက်လာစမ်းပါ့ ကြိုနေမယ် ...
ကန္ဒရဝတီမှ ထာဝစဉ်ကွယ် ...
"စိုးရယ်" တို့ရဲ့ ချစ်ဇည့်သည်။
"နန်းမြာ" တို့ရဲ့ ချစ်ဇည့်သည်။

◆ တာရေဘာနား = (မြန်မာလို) မင်္ဂလာပါ။




မောင်နီမိုင်း (ကျောက်တန်း)

- သူငယ်ချင်း
မင်းနဲ့ငါသူ၊ ချစ်ခြင်းတူရွာ
ကြည်ဖြူ မြေချမ်း၊ မေတ္တာစမ်းနှင့် . . .။

- တစ်ယောက်အပူ၊ တစ်ယောက်ယူကာ
ဖေးကူထူမ၊ ထွေးပွေ့ကြနှင့် . . .။

- တစ်ယောက်အရေး၊ တစ်ယောက်တွေးလျက်
အလေးထားကြ၊ ဝိုင်းဝန်းကြနှင့် ...။

- တစ်ယောက်အခက်၊ တစ်ယောက်လက်ဖြင့်
ဝန်းယှက်ဖြေရှင်း၊ ချစ်ကြည်ခြင်းနှင့် ...။

- တစ်ယောက်ကစ၊ ပေါင်းစုကြနှင့်
မြန်မာ့ရင်ခွင်၊ သစ်တစ်ပင်၏
ရှင်သန်ခြင်းမှာ၊ ခက်မဖြာလျက်
ဆာယာအေးရိပ်၊ မွေးတစ်မှိတ်လျှင်
စိုးထိတ်မဲ့ကင်း၊ ငြိမ်းချမ်းခြင်းနှင့်
လင်းလက်ဝေဖြာ၊ မင်္ဂလာနှင့်
သာယာချမ်းမြေ့၊ ကိုယ့်ခလေ့နှင့်
ပျော်မွေ့နိုင်ရှုံ၊ တို့ရိပ်မြုံလျှင်
လုံခြုံတော့သည် သူငယ်ချင်း ...။



# ရှမ်းတောင်တန်း၏ စိန်ပန်းပြာ

အောင်လံမြေ - နေညိုညို

◆ ဝေလီ ဝေလင်း အရုဏ်ကျင်းစ
ယင်းမာပင်လမ်းခွဲ ငေးမျှော်ဆဲပင်
ခွဲထွက်ခဲ့ပြီ ဟိုး ... ရွှေညီမှန်း
ရှမ်းတောင်တန်းနှင့် မောရှမ်းတို့ဌာနီ။

◆ အိပ်မက်ခဲ့ရ ငယ်ကတည်းကပင်
တ သ စွဲလမ်း ထင်းရှူးတန်းနှင့်
စိန်ပန်းပြာဝေ စိမ့်စမ်းရေတို့
ခွေလည် ရစ်သိုင်း တောင်တံတိုင်းတွေ
မှိုင်းမှိုင်း ညိုညို့ ဆိုင်းဆိုင်းဆို့သည့်
တို့သွေးချင်းတွေဆီ ရောက်ခဲ့ပြီ ...။

◆ ကလောအတက်လမ်း မည်သို့ကြမ်းစေ
ကယန်း ပဒေါင် ရှမ်းပလောင် နှင့်
နောင်ညီ ပအိုဝ်း ခနု တို့မြေ
စိမ့်စမ်းရေနှင့် စိုပြည် ခင်းကျင်း
အာလူးခင်း ဂေါ်ဖီခင်း စိုက်ပျိုးကွင်းမှ
ဆင်းတက်လူးလာ လာကြ သွားကြ
ကားကြီးကားငယ် အသွယ်သွယ်လျှောင်
ရောင်းဝယ် ကူးသန်း ဖြိုးပြည့်လျှမ်းခဲ့။

◆ ပေသိုးထောင်ကျော် တောင်တန်းပေါ်မှ
မြိုင်ပေါ် တောနန်း အင်းရေစမ်းနှင့်
တောင်တန်းပျော်တို့ မော်ရာမြေ ...။

◆ တောင်ပေါ် မြေပြန့် မြေပြန့်တောင်ပေါ်
ချစ်ရှုခေါ်ရှာ တွဲလျှက်ပါတည့်
မြို့ရွာ ဒေသ ပြည်မ ပြည်နယ်
တောင်တန်းရယ် ဟု တို့လှယ်သွယ်ယှက်
ချစ်ကြိုးဆက်ကာ
ချစ်လက်ကမ်းလင့် ပန်းတွေ ပွင့်အံ့။

◆ တောင်ပေါ်ဒေသ ချမ်းချမ်းမြ နှင့်
ပန်းအလှလေး စိန်ပန်းပြာရေ ...။

◆ တောင်ပေါ်မှဆင်း မြေပြန့်ကွင်းသာ
တို့မြို့ရွာ၏ သာယာဖွံ့ဖြိုး
အလှတိုးဖို့ လေ မိုး ချိန်နှင့်
အခါသင့်ပေါ့
ပွင့်လှည့် ဝေလှည့် ... လန်းပါလှည့်ဦး။ ။

အသက်ကျော်စွာ ကာတွန်းဝိဇ္ဇာ

# ဘဂျမ်း



ကာတွန်း **ပေသစ်တည်**



ကာတွန်း
ညီပုချေ






ကာတွန်း

ဝေလု






ကာတွန်း
ထုံးကြီးတင်



ကာတွန်း

**မောင်တင်ယု**



မင်းကလည်း အိမ်မှာနေရင်း
မိတ်ကပ်လိမ်း နှုတ်ခမ်းနီဆိုး
ရေမွှေးဆွတ်လှချည်လား ..
ယောက်ျား အနံ့
ပျောက်မှာစိုးလို့ပါနော် ..
မောင်တင်ယု
2021



# အပြုံးနှင့် အမျက်

## ဘယ်ဘက်က နိုင်မည်နည်း

ချစ်နိုင် (စိတ်ပညာ)

ချစ်စွာသော တူမောင်

ရွှင်လန်းချမ်းမြေ့ပါစေ

လောကကြီးမှာ အပူနဲ့ အအေး၊ အလင်းနဲ့ အမှောင်၊ နေ့နဲ့ ည၊ အမှန်နဲ့ အမှား၊ တရားမျှတခြင်းနဲ့ မတရားမှု၊ အဖြူနဲ့အမည်း စတဲ့သဘာဝအရ အားပြိုင်နေကြတဲ့ လွန်ဆွဲပွဲတွေ ရှိကြတယ်မောင်။

အခြေအနေ အချိန်အခါအရ အမှောင်ကြီးကြတဲ့ ကာလမျိုးမှာ တိုင်းပြည်နဲ့ လူမျိုးဆိုတာ ဖွံ့ဖြိုးတိုးတက်ဖို့ရာ ဝေလာဝေး၊ ဆက်လက်တည်တံ့ ရှင်သန်ရေးကို တောင် တော်တော်ကြိုးစားပြီး ကျားကုတ်ကျားခဲ ရပ်တည်ရတတ်ပါတယ်။ ၁၈၂၄ ကနေ ၁၈၈၅ ခုနှစ်အထိ နယ်ချဲ့တောရိုင်း တိရစ္ဆာန်များက အာရှနဲ့ အာဖရိကရှိ မဖွံ့ဖြိုး မတိုးတက်ကြသေးတဲ့ လူမျိုးတွေ၊ နိုင်ငံတွေကို သွေးသံရဲရဲ



ရက်ရက်စက်စက် ကိုက်ဖြတ်စားသောက် ဝါးမျိုခဲ့ပုံတွေဟာ ဘေးဆိုး ကပ်ဆိုးကြီးတစ်ခုပမာပေါ့။ မလေးရှား၊ စင်ကာပူ၊ သီရိလင်္ကာ၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ အိန္ဒိယ၊ မြန်မာ၊ ဗီယက်နမ်၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားစတဲ့ နိုင်ငံပေါင်းများစွာတို့ဟာ ဒတ်ချ်၊ ပေါ်တူဂီ၊ စပိန်၊ ပြင်သစ်၊ အင်္ဂလိပ်စတဲ့ ဥရောပ နယ်ချဲ့နိုင်ငံများရဲ့ ကိုလိုနီဖြစ်ခဲ့ကြရတယ်။ ထိုင်းဟာ ဘုရင်စနစ်နဲ့ နိုင်ငံဆက်လက် တည်တံ့ခဲ့ပေမယ့် ထိုစဉ်က အမြီးဖွဲ့၊ ခေါင်းဖွဲ့နဲ့ တရားစီရင်ရေး၊ အုပ်ချုပ်ရေးများ အပါအဝင် အချုပ်အခြာအာဏာ လွတ်လပ်ခွင့်ကတော့ ကျွန်ဖြစ်ရတာနဲ့ အတူတူလောက် သူလည်း ဒုက္ခရောက်ခဲ့ရတာပါပဲ။ တရုတ်ပြည်ကြီးကလည်း ဥရောပနယ်ချဲ့သားရဲတွေရဲ့ အစိတ်စိတ် အမွှာမွှာ ခွဲဝေကိုက်ဖြတ်စားသောက်တာကို ခံခဲ့ရတာပါပဲ။

ဒီအထဲမှာ မြန်မာဟာ နောက်ဆုံးအချိန်လောက်မှာမှ သူ့ကျွန်ဘဝကျရောက်ခဲ့ပါတယ်။ မြန်မာဟာ နှစ်ဆယ်ရာစုအလယ်လောက် (ဒုတိယကမ္ဘာစစ်ကြီးအပြီး) အစောဆုံးအပိုင်းလောက်မှာ လွတ်လပ်ရေးကို ပြန်လည်ရရှိခဲ့ပါတယ်။ မြန်မာထက်စောပြီး သူ့ကျွန်ဘဝကျရောက်ခဲ့တဲ့ နယ်မြေဒေသတွေ အများကြီး။ မြန်မာရဲ့နောက်မှ နယ်ချဲ့တို့ရဲ့ ထမ်းပိုးလက်အောက်က လွတ်မြောက်လာကြသူတွေလည်း အများကြီး။ မြန်မာလူမျိုးဟာ မျိုးချစ်စိတ်နဲ့ ဇာတိသွေးဇာတိမာန် အင်မတန်ထက်သန်ခဲ့တာ သမိုင်းရာဇဝင်လေ့လာကြည့်ရင် အထင်အရှား သိမြင်ရပါမယ်။

မြန်မာလူမျိုးတွေဟာ သတ္တိလည်း ကောင်းသလို ဉာဏ်လည်း ကောင်းကြပါတယ်။ ပါးရည်နပ်ရည်ရှိပါတယ်။ အမြော်အမြင်နဲ့ ဆင်ခြင်တုံတရားလည်း ရှိပါတယ်။

တိုင်းပြည်က မလွတ်လပ်သေးဘူး၊ ကွန်မြူနစ်က ဖဆပလနဲ့ ကွဲပြီ၊ လွတ်လပ်ရေးရတာနဲ့ ကွန်မြူနစ်ထဲ အဖြူနဲ့ အနီက ကွဲကြပြဲကြပြန်ပြီ၊ လွတ်လပ်ရေးရတာနဲ့ နှစ်ပိုင်းပဲရှိပါသေး၊ ဖဆပလက တည်မြဲနဲ့ သန့်ရှင်းဆိုပြီး ထက်ခြမ်းကွဲပြန်ပြီ၊ တိုင်းပြည်ကို ခေါင်းဆောင်ကြတဲ့ နိုင်ငံရေးသမားဟာ သူတို့လည်း လူပါပဲ။ အယူအဆ၊ သဘောထားကွဲကြပေမှာပေါ့။ ကွဲလွဲကြတယ်ဆိုတာ သဘာဝကျပါတယ်။ ဘာမှမဆန်းလှပါဘူး။ သို့သော် ခေါင်းဆောင်ကလက်နက်ကိုင်တိုက်ပွဲထိအောင် တစ်ပါတီနဲ့ တစ်ပါတီတစ်ဖွဲ့နဲ့တစ်ဖွဲ့ အပြုတ်ဆော်ကြပြီဆိုမှတော့ တိုင်းနဲ့လူမျိုးအကျိုးယုတ်ပြီပေါ့။ ငါမှငါ ဘဝင်မြင့်ခဲ့ကြတယ်။

ရဲဘော်ရဲဘက်ချင်း ခွဲဝေတာဝန်ယူပြီး မျှမျှတတ [illegible]ခဲ့ကြဘူး၊ တိုင်းပြည်မွဲခဲ့တာ နယ်ချဲ့ဗြိတိသျှတို့ရဲ့ [illegible] အမြတ်ထုတ်တာကို ခံခဲ့ရလို့ပဲ။ အဲဒါ [illegible]

လွတ်လပ်ရေးရပြီး နှစ်ပေါင်း (၅၀) ကာလလုံးလုံး [illegible]အတွင်း သူများတိုင်းပြည်များမှာ လမ်းတွေကောင်း၊ [illegible]တွေဆောက်၊ မြို့ပြစက်မှုတွေထွန်းကား၊ လျှပ်စစ် [illegible]ထိန်ထိန်နဲ့ အရှိန်အဟုန်ကောင်းစွာ စီးပွားဖွံ့ဖြိုး [illegible]တဲ့ကာလ၊ မြန်မာပြည်မှာက တံတားမိုင်းခွဲ၊ [illegible] ရွာမီးရှို့၊ လူသတ်၊ ဆက်ကြေးကောက်။ [illegible] လူမျိုးရေး၊ လက်နက်ကိုင် သူပုန်သူကန်တွေနဲ့ [illegible] အချိန်ကုန်ခဲ့ရ။ စိတ်ပျက်စရာကောင်း [illegible]

[illegible]ခေါင်းဆောင်၊ လူမျိုးရေးခေါင်းဆောင်ဆိုတဲ့ [illegible]တွေဟာ အမြော်အမြင် အသိပညာ နည်းပါး [illegible]ကြတာ။ သတ်ဖြတ်တိုက်ခိုက်နေကြတာနဲ့ [illegible]ဟာ ဆင်းရဲနွံထဲနစ်ခဲ့ရပြီ။

[illegible] တစ်ယူသန်နဲ့ လက်နက်ကိုင်တော်လှန် [illegible]ဟာ ကျေးလက်ကိုအခြေခံပြီး မြို့ကို ဝိုင်းမည် [illegible] ၁၉၄၈ မှ ၁၉၈၈ အထိ နှစ်ပေါင်း (၄၀) [illegible]ခဲ့ရော၊ ဘယ်တစ်မြို့မှ သိမ်းပိုက်ထိန်းချုပ် [illegible]ခဲ့ပါဘူး။ သွေးခင်းတဲ့လမ်းကို စိုက်စိုက်မတ်မတ် [illegible]တာ အဲ့ဒီခေါင်းဆောင်အားလုံးဟာ သွေး [illegible] နစ်မြုပ်ပျောက်ကွယ်သွားကြရော။ တိုင်းပြည် [illegible]ရေးထက် ပြည်ပကို မှီခိုပြီး ပုံတူကူးချဝါဒ [illegible]ဆောက်ရေးကိုသာ အစွန်းရောက်ခဲ့ကြ။ [illegible]ကိုင်တိုက်ပွဲတွေကြားမှာ တိုင်းပြည်ကတော့ [illegible] ချုတ်ခြုံကျ၊ မွဲပြာကျ၊ ဆင်းရဲ၊ အာဏာရ [illegible] ဆောင်ရွက်ပိုင်ခွင့်ရှိတဲ့ အဖွဲ့အစည်းကရော [illegible] လူမျိုးအပေါ်မှာ ဘယ်လောက်တာဝန် ကျေပွန် [illegible]

[illegible] လက်ျာ၊ မြေပေါ်၊ မြေအောက်၊ ဘယ်အဖွဲ့ [illegible] အသင်းအပင်းကိုမှ အပြစ်တွေရှာနေရေးပြီး ပြန်လည် [illegible] မဟုတ်ပါ။ ဖြတ်သန်းခဲ့ရတဲ့ တိုင်းပြည်ရဲ့ [illegible]ထန်ခဲ့ခြင်းတွေကို ပြောလိုတာပါ။ သင်ခန်း [illegible]။ လူထုတိုက်ပွဲဆင်နွှဲရန်ဆိုပြီး ပြည်ပမှာ ဆူဆူ



ပူပူလုပ်အောင် စည်းမဲ့ကမ်းမဲ့ဖြစ်အောင် သွေးထိုးလှုံ့ဆော် စီမံခဲ့သမျှကိုလည်း ပြည်သူလူထုက စိတ်ဝင်စားမှု လုံးဝ မရှိကြတော့ပါ။ အကျိုးမှမရှိနိုင်တဲ့ ဥစ္စာ။

တို့တာဝန်အရေးသုံးပါးဟာ အမျိုးသားရေးမူဝါဒပဲ။ တိုင်းရင်းသားအားလုံးရဲ့ စုရုံးညီညာ အသိအမြင် အတွေး အခေါ် ဒီအခြေခံပေါ်မှာ ရပ်တည်လာအောင် စည်းရုံးနိုင် ခဲ့ကြပြီးပြီ လက်နက်ကိုင်ဆန့်ကျင်တဲ့အဖွဲ့အစည်း အနည်း ငယ်မျှသာ ကျန်ရှိတော့ပြီ။ အဲ့ဒီ အနည်းငယ်သော အဖွဲ့ များကိုလည်း လက်ကမ်းလျက် မေတ္တာဖြင့် ကြိုဆိုနေ လျက်ပါပဲ။ ညီအစ်ကို မောင်နှမ သွေးရင်းသားရင်းတွေ မဟုတ်လား။ တစ်စိမ်းတစ်ရံမှ မဟုတ်ကြတာ။ စိတ်ရှည် သည်းခံကြတာပေါ့။

နိုင်ငံတကာအလယ်မှာ တင့်တင့်တယ်တယ် ထည် ထည်ဝါဝါ ရင်ပေါင်တန်း ရပ်တည်နိုင်အောင် တက်ညီ လက်ညီ လှော်ခတ်ကြရမယ့် အခြေအနေ အချိန်အခါပဲ။ ဘယ်သူ ဘယ်ဝါရဲ့ အကူအညီ အထောက်အပံ့နဲ့မှ နာလန်မထူနိုင်ဘူး။ ကိုယ်ထူကိုယ်ထ ကိုယ့်အားကိုယ်ကိုး ကြိုးစားကြရမှာ။ ပြည်ထောင်စုအတွင်း တိုင်းရင်းသား အချင်းချင်းသာလျှင် ချစ်ကြည်စည်းလုံးစွာနဲ့ နိုင်ငံတော်ကို ထူထောင်တည်ဆောက်လိုက်ရင် ဆယ်နှစ်၊ အနှစ် နှစ်ဆယ်ဆိုတဲ့ အချိန်ကာလအတွင်းမှာ ဖွံ့ဖြိုးတိုးတက် ခေတ်မီတဲ့ နိုင်ငံတော်ကြီးဖြစ်လာမှာပါပဲ။ မုချမလွဲ။

နိုင်ငံတကာ ဖြစ်ပေါ်ပြောင်းလဲမှုတွေ ကြည့်ပါ။ သူတစ်ပါးကို မှီခိုအားကိုးလို့မရနိုင်ကြောင်း သင်ခန်းစာ

တွေအများကြီးပဲ။ သူတို့အကျိုးအမြတ်မရဘဲ ဘယ်သူမှ မကူပံ့ကြပါဘူး။

ယခင်ကာလ သောင်းကျန်းဆူပူ မှုအမျိုးမျိုးကြောင့် ကျိုးလန့်စာစားနေခဲ့ကြတာနဲ့ အများကြီး ကွာခြားသွားအောင် တည်ဆောက်ပေးနိုင်တယ်။ အေးချမ်းလုံခြုံမှုဟာ ဖွံ့ဖြိုးရေးအတွက် အခြေခံအုတ်မြစ်ပဲ မဟုတ်လား။ ကြီးမားတဲ့ စွမ်းဆောင်မှုတွေပါ။

အပြုသဘော တိုးတက်ဖွံ့ဖြိုးမှုတွေဟာ အေးချမ်းလုံခြုံ၊ တည်ငြိမ်သာယာတဲ့ အခြေအနေကာလမှာ သိသိသာသာ ပေါ်ပေါက်လာနေပါတယ်။ ပြည်ပမှ ဖိအားပေးမှု၊ အကျပ်ကိုင်မှု၊ ခြိမ်းခြောက်မှု၊ အနိုင်ကျင့် သြဇာပေးမှုတွေကို ရဲရဲရင့်ရင့် တည်တည်ငြိမ်ငြိမ်နဲ့ သတ္တိရှိရှိရင်ဆိုင်နိုင်တာ လက်ရှိခေါင်းဆောင်များနဲ့တကွ အသိအမြင်ရင့်ကျက်တဲ့ ပြည်သူလူထုကို ချီးကျူးစရာပဲ။ လေးစားဂုဏ်ပြုဖွယ်ရာ ဖြစ်ပါတယ်။

အပြုနဲ့အဖျက်ကို ခွဲခြားနားလည်နေကြပြီ၊ အပြုနဲ့အဖျက်ကို သေသေချာချာ နှိုင်းယှဉ်သိမြင်ခဲ့ပြီးပါပြီ၊ မဟုတ်မဟတ် လုပ်ကြံစွပ်စွဲပုတ်ခတ်ခြင်း၊ ဆွခြင်းဖွခြင်းတွေ၊ မမှန်မှန်းသိလျက်နဲ့ နှပ်ကြောင်းပေးသွေးခွဲ ကုန်းချောသပ်လျှိုတာမျိုးတွေ၊ ဖိအားပေး ခြိမ်းခြောက်တာမျိုးတွေ၊ ခြောက်ပေမယ့် မကြောက်ခဲ့ပေ။ ချော့ပေမယ့် မပျော့ခဲ့ချေ။

စည်းကမ်းရှိသော ဒီမိုကရေစီ၊ စစ်မှန်သော ဒီမိုကရေစီ၊ ပြည်သူလူထုရဲ့ အနယ်နယ်အရပ်ရပ်မှာ တစ်ခဲနက် ထောက်ခံဆန္ဒပြုအားပေးခဲ့ကြတဲ့ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလုပ်ငန်းစဉ်အပေါ် အပြည့်အဝ ယုံကြည်ကြပါတယ်။ အားတက်စရာကောင်းတဲ့ အရှိန်အဟုန်ကြီးမားတဲ့ တစ်စည်းတစ်လုံးတည်းသော ပြည်သူ့စွမ်းအားကြီးပါပဲ။ နောက်ဆုံးတစ်နေ့မှာတော့ အပြုနဲ့အဖျက် ဘယ်ဘက်က အားသာမလဲဆိုတာ တူမောင် စဉ်းစားကြည့်လေ။

ချစ်စွာသော
ချစ်နိုင် (စိတ်ပညာ)



## ရင်နှင့်အမျှ

သမီးနှင့်အတူ
ကြည်ဖြူဆန္ဒ
ပန်းကောက်ကြတော့
ခရေကဖွေး
လေကအေးနဲ့
ပျော်ခဲ့ကာလ
မေ့မရ။

ဒီပန်းတွေကို
ကြည်ညိုလေးမြတ်
လှူတတ်ဖို့သင်
ပျော်ရွှင်ကျေနပ်
သိတတ်လိမ္မာ
ဘာသာတရား
ဝင်စားအသိ
ရှိခဲ့ဘိ။

ပန်းနွမ်းတွေစွန့်
စိတ်အရွံ့ကို
တိုတိုရှင်းပြ
အနိစ္စ ဒုက္ခ
အနတ္တတရား
အမှားမဆင့်
ဖူး ပွင့် ကြွေ နွမ်း
ဤသည်လမ်းကို
လှမ်းရမည်။ ။

ရွှေကျွန်းခိုင်သစ်



# ရခိုင်နှင့် ဗမာတိုင်းရင်းသား၊ လူမျိုး (၂)မျိုး၏

# စကားဆက်စပ်နေပုံ

မေကြီးရှင် (စစ်တွေ)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း နေထိုင်ကြသော တိုင်းရင်းသားလူမျိုးများတွင် ရခိုင် တိုင်းရင်းသားများနှင့် ဗမာတိုင်းရင်းသားများသည် အလွန် နီးပါးတူညီနေသည်ကို တွေ့ရပါသည်။ အခေါ်အဝေါ် ကွဲပြားသည့် စကားလုံးအမြောက်အမြား ရှိသော်လည်း အဓိကပြီ အခြေခံကွဲလွဲချက်များကို သိထားပါက မြန်မာစာ တတ်ကျွမ်းသော အခြားတိုင်းရင်းသား ညီအစ်ကိုမောင် နှမများသည် ရခိုင်စကားနှင့်စာကို အလွယ်တကူ နားလည် သဘောပေါက် ဆက်စပ်မိမည်ဖြစ်ပါသည်။

ရှေးခေတ်လူတို့သည် အက္ခရာအမျိုးမျိုး သင်္ကေတ အမျိုးမျိုး တီထွင်ခဲ့ကြရာမှ အရေးအသား စတင်ပေါ် ပေါက်လာပါသည်။ ခရစ်တော်မပေါ်မီ ဘီစီ ၅၀၀ ခန့်မှ အေဒီ ၃၀၀ ကျော်အထိ အိန္ဒိယဒေသတွင် ထွန်းကားခဲ့ သည့် ဗြဟ္မီအရေးအသားမှတစ်ဆင့် မြန်မာအက္ခရာ၊ ဂုပ္တအက္ခရာ၊ သီဟိုဠ်အက္ခရာ၊ မွန်အက္ခရာ၊ ပျူ အက္ခရာ၊ သျှမ်းအက္ခရာ၊ ထိုင်းအက္ခရာ၊ ခမာကမ္ဘော ဒီးယားအက္ခရာနှင့် အင်ဒိုနီးရှားအက္ခရာများသည် မြစ်ဖျား ခံပြီး ဆင်းသက်လာပါသည်။ အိန္ဒိယအယူဝါဒ ယဉ်ကျေးမှု များနှင့်အတူ စာအရေးအသားများသည် အဆိုပါဒေသများ သို့ ပျံ့နှံ့ရောက်ရှိပြီး ယင်းဒေသများတွင် တိုင်းရင်းသား အရေးအသားအက္ခရာ ဖြစ်ထွန်းရန်အတွက် အထောက်အပံ့ ဖြစ်လာသည်ဟု သိရှိရပါသည်။

မြန်မာဒေသတွင် မြန်မာ၊ ပျူ၊ မွန်၊ ရခိုင်တို့၏ မြို့ပြနိုင်ငံများ ထွန်းကားခဲ့ပါသည်။ ယင်းနိုင်ငံများသည် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ကူးလူးဆက်ဆံခဲ့ကြသည့်အပြင် အနောက်ဘက်ရှိ အိန္ဒိယနှင့် ကုန်းလမ်း၊ ရေလမ်းအားဖြင့် အဆက်အဆံရှိခဲ့ကြပါသည်။ ယင်းဆက်ဆံရေးကြောင့် ရှေးခေတ် ရခိုင်ပြည်နယ်တွင် ရှေးခေတ် အိန္ဒိယ တိုက်သုံး အက္ခရာအရေးအသားများကို အသုံးပြုခဲ့ကြောင်း သက်သေ အထောက်အထား မြောက်မြားစွာရှိပါသည်။

ရခိုင်စာပေအဆင့်ဆင့် ပြောင်းလဲလာပုံသမိုင်းကို အကျဉ်းချုံးဖော်ပြရလျှင် ရခိုင်သမိုင်းကို ခေတ်ကြီး လေးပိုင်းခွဲခြားပါက







ယနေ့ခေတ် အက္ခရာကို တတ်ကျွမ်းသူများ ဖတ်ရှုနိုင်သည့် မြောက်ဦးခေတ် ဒင်္ဂါးများတွင် ရေးထိုးထားသည့် အက္ခရာများ

(၁) ဓညဝတီခေတ် (BC ၃၃၄၁ မှ AD ၂၈၀ ထိ နှစ်ပေါင်း ၃၆၂၀၊ မင်းဆက် ၁၁၀)
(၂) ဝေသာလီခေတ် (AD ၂၈၀ မှ AD ၈၁၈ ထိ နှစ်ပေါင်း ၅၃၇၊ မင်းဆက် ၂၇)
(၃) လေးမြို့ခေတ် (AD ၈၁၈ မှ AD ၁၄၃၀ ထိ နှစ်ပေါင်း ၆၁၁၊ မင်းဆက် ၆၁)
(၄) မြောက်ဦးခေတ် (AD ၁၄၃၀ မှ AD ၁၇၈၄ ထိ နှစ်ပေါင်း ၃၅၃၊ မင်းဆက် ၄၈)

ဟူ၍ ခေတ် ၄ ခေတ် ရှိခဲ့ပါသည်။ ဓညဝတီခေတ် ကို ပထမ၊ ဒုတိယ၊ တတိယ ဓညဝတီခေတ်ဟု ခွဲခြားထားရာ တတိယဓညဝတီခေတ်သည် ဂေါတမမြတ်စွာဘုရားရှင် ပွင့်ထွန်းတော်မူသည့်ကာလနှင့် ခေတ်ပြိုင်ဖြစ်ပါသည်။ လေးမြို့ခေတ်သည် ပုဂံခေတ်နှင့် ခေတ်ပြိုင်ဖြစ်ပါသည်။

ယင်းခေတ်လေးခေတ်တွင် ရေးထိုးခဲ့သော ကျောက်စာများ၊ ဒင်္ဂါးများ မြောက်မြားစွာရှိရာ ပါဠိဘာသာ၊ သက္ကတဘာသာများကို ဗြဟ္မဟီအက္ခရာ၊ ဗြဟ္မဟီပွားအက္ခရာများဖြင့် ရေးထိုးထားသည်ကို တွေ့ရှိရပါသည်။ တဖြည်းဖြည်းဖြင့် အရေးအသားများ ရွေ့လျားပြောင်းလဲလာရာမှ ဝေသာလီခေတ်တွင် ပညာရှိအမတ် ဓမ္မဇေယျ အမတ်ကြီးက ဗျည်း ၃၃ လုံး ရခိုင်ရက္ခဝဏ္ဏအက္ခရာကိုတီထွင်ပြီး လှေတော်သံ၊ ရတုလောကသာရပျို့ စသည်ဖြင့် စာပေအဆင့်အတန်း မြင့်မားလာခဲ့သည်ကို တွေ့ရှိရပါသည်။

လေးမြို့ခေတ်မှ မြောက်ဦးခေတ်တို့တွင် ရေးထိုးထားသော ကျောက်စာ၊ ဒင်္ဂါးစာများသည် ယခုခေတ် မြန်မာစာကို တတ်ကျွမ်းသောလူတိုင်း ဖတ်နိုင်၊ နားလည်နိုင်သော အရေးအသားဖြစ်နေသည်ကို တွေ့ရှိရပါသည်။ ယခုမျက်မှောက်ခေတ် မြန်မာနိုင်ငံတွင် မြန်မာစာဟု သတ်မှတ်ထားရှိသော အက္ခရာစာပေသည် ရခိုင်ရက္ခဝဏ္ဏအက္ခရာမှ အဆင့်ဆင့်ပြောင်းလဲလာသော ရခိုင်စာအက္ခရာနှင့် တူညီနေသည်ကို တွေ့ရပါသည်။

ရခိုင်တိုင်းရင်းသားများသည် စာကိုရေးသည့်အခါ စကားအပြော အသုံးအနှုန်းဖြင့် ရေးသားခြင်း၊ စာပေအသုံးအနှုန်းဖြင့် ရေးသားခြင်းဟူ၍ ခွဲခြားထားပါသည်။ (၂)မျိုးစလုံးကို ယခုခေတ်သုံးအက္ခရာဖြင့်သာ ရေးသားကြပါသည်။






ရခိုင်ပြည်နယ်တွင် အစောဆုံးရေးထိုးသည်ဟု ယူဆရသော ကျောက်စာ (၂) ချပ်ကို ဗြဟ္မဟီအက္ခရာဖြင့် ရေးထိုးထားသည်ကို တွေ့ရပါသည်။

ပထမကျောက်စာမှာ လွန်ခဲ့သောနှစ်ပေါင်း ၇၀ ကျော်က ဝေသာလီမြို့ဟောင်းမှအရှေ့ဘက် ၃ မိုင် အကွာ ပြိုပျက်နေသော ရှေးအုတ်စေတီအဟောင်းမှ ရရှိခဲ့သည့် ဘုရားဝမ်းပူ (ဗိုက်ပူဘုရား) ၏ကျောဘက်တွင် ရေးထိုးထားသော ဗိုက်ပူဘုရားကမ္ပည်းကျောက်စာ ဖြစ်ပါသည်။ ဗြဟ္မဟီအက္ခရာဖြင့် ရေးထိုးထားသည့် ယင်းကျောက်စာမှာ "သစ္စကပုရပိုက်" ဟု အဓိပ္ပါယ်ရပါသည်။ ပါဠိဘာသာဖြင့် ရေးထိုးပါရှိသဖြင့် အရေးအသားကို ကြည့်၍ သုတေသီတို့က ဓညဝတီခေတ် (BC ၃၃၂၄ မှ AD ၃၆၄ ထိ) ဆင်းတုဖြစ်သည်ဟု ယူဆကြပါသည်။

ဒုတိယကျောက်စာမှာ ဓညဝတီမြို့တော်ဟောင်း အနီးမှ "တောင်ပေါက်ကြီး" ကျောက်စာဖြစ်ပါသည်။ ဤကျောက်စာတွင် မြတ်စွာဘုရားရှင် ဓညဝတီရခိုင်ပြည်သို့ ကြွချီတော်မူလာသည့်အကြောင်းကို ပါဠိဘာသာ ဗြဟ္မဟီအက္ခရာဖြင့် ရေးထိုးထားပါသည်။

ဓညဝတီကုန်ဆုံးပြီး ဝေသာလီခေတ် (အေဒီ ၄ ရာစု မှ ၉ ရာစု) တွင်ရေးထိုးခဲ့သော ကျောက်စာများ အနေဖြင့် (၁) နီတိစန္ဒြမင်း မိဘုရားကျောက်စာ (၂) ဝီရစန္ဒြမင်းကျောက်စာ (၃) သင်းကျစ်တော်တောင်မှ ကျောက်စာ (၄) ကျောက်တော်မှ ကျောက်စာ (၅) သံတွဲခရိုင် ငလွှမ်းမော်ကျောက်စာ (၆) ဝေသာလီမြို့ဟောင်းမှ ကျောက်စာ (၇) ဝေသာလီဘုရားကြီးကုန်းတော်ရှိ ကျောက်စာ (၈) ဝေသာလီ ပထမခေါင်းလောင်းစာ (၉) ဝေသာလီ ဒုတိယခေါင်းလောင်းစာ (၁၀) အာနန္ဒစန္ဒြမင်းကျောက်စာနှင့် (၁၁) ဝေသာလီဒင်္ဂါးများရှိ စာများကို တွေ့ရှိရပါသည်။ ယင်းစာများတွင် ပါဠိဘာသာ၊ သက္ကဋဘာသာတို့ကို ဗြဟ္မဟီပွားအက္ခရာဖြင့် ရေးထိုးထားခြင်းများကို တွေ့ရှိရပါသည်။ အာနန္ဒစန္ဒြမင်းကျောက်စာတွင် ရှေးဦးရခိုင်အက္ခရာ "ဂ၊ ဃ၊ င၊ စ၊ ဆ၊ န၊ ပ၊ တ၊ လ၊ ဝ၊ အ" တို့နှင့်ဆင်တူသော အက္ခရာပုံစံများ ပါရှိနေသည်ကို တွေ့ရသည်။ ရခိုင်အလယ်သရတွင်ပါသည့် "အား၊ အူး၊ အီး" သရတို့၏ ရေးဟန်များကိုလည်း ဤကျောက်စာတွင် တွေ့ရသည်။

ဤဝေသာလီခေတ်တွင် သုဝဏ္ဏဒေဝီ၏ သျှန်းလိုက်ရတုနှင့် ပို့များလည်း စပ်ဆိုခဲ့ပါသည်။ ဝီရစန္ဒြမင်းကျောက်စာတွင် ဝီရစန္ဒြမင်းသည် သစ္စာတရားကို သက်ဝင်ယုံကြည် မြတ်နိုးသည့်အလျောက် ကမ္ဘာ၏ အဆင်းတန်ဆာဖြစ်သော စေတီအဆူပေါင်းတစ်ရာတို့ကို တည်ဆောက်တော်မူသည်ဟူ၍လည်းကောင်း ရေးထိုးထားသဖြင့် နာမဝိသေသနများ တွဲလုံးကြီးယာများကို အသုံးပြုနေကြပြီဖြစ်ပါသည်။ ရှေးဟောင်းရခိုင်လူမျိုးတို့၏ စာပေစိတ်ကူးစိတ်သန်းနှင့် ဝါကျတည်ဆောက်မှု အဆင့်အတန်းကို ညွှန်ပြနေပါသည်။ ဝေသာလီခေတ်ကျောက်စာ အများအပြားတွင် ဗုဒ္ဓဘာသာ၏ အနှစ်သာရဖြစ်သော "ယေဓမ္မာ" ဂါထာတော်ကို ရေးထိုးထားသည်များကိုလည်း တွေ့ရှိရပါသည်။

ဝေသာလီခေတ်တွင် အာနန္ဒစန္ဒြမင်း ရေးထိုးထားခဲ့သည့် ကျောက်စာသည် အလွန်တန်ဖိုးရှိပါသည်။ ကျောက်စာတွင် အာနန္ဒစန္ဒြမင်းနှင့် ယင်းမင်းမတိုင်မီ နန်းစံခဲ့သောမင်းများ၏ နန်းစံနှစ်များနှင့် သမိုင်းကြောင်းများကို အစီအစဉ်အလိုက် မှတ်တမ်းတင်ထားပြီး သင်္ဂါယနာတင်ရန် ကြိုတင်ပြင်ဆင်ခြင်း၊ သင်္ဂါယနာတင်ခြင်းနှင့် ပတ်သက်၍ အသေးစိတ်ရေးထိုးထားပါသည်။

သက္ကဋဘာသာဖြင့် ရေးထိုးထားပြီး နှစ်ပေါင်းနှစ်ရာ စီခန့်ကွာခြားသော ဗြဟ္မဟီပွားအက္ခရာသုံးမျိုးကို ကျောက်စာတိုင်၏ အရှေ့၊ အနောက်နှင့် မြောက်ဘက်စာမျက်နှာတို့တွင် တစ်မျိုးစီ အသုံးပြုထားပါသည်။ ယင်းကျောက်စာပါမင်းဆက်တို့အနက် ၂၄ ဆက်၏ စာရေးထိုးထားသော ဒင်္ဂါးများကို တွေ့ရှိထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ဤကျောက်စာကို ဝေသာလီခေတ်၏ သမိုင်းစာအုပ်ကြီးဟု သမိုင်းဆရာတို့က တင်စားကြပါသည်။

ဝေသာလီခေတ်ပြီးနောက် အေဒီ ၈၁၈ မှ အေဒီ ၁၄၃၀ ထိ ကြာမြင့်ခဲ့သော လေးမြို့ခေတ်သို့ရောက်သောအခါ အလွန်ထင်ရှားခဲ့သော ဘိသိက်မင်္ဂလာပြု သျှီးလိုက်ရတု၊ သာစွလေကဗျာ၊ အဂ္ဂသာရအရှင်သူမြတ် စီကုံးသည့် "လောကသာရပို့"၊ ပညာရှိအမတ်ကြီးများ၏ လျှောက်ထုံးများ အများအပြား ပေါ်ထွန်းခဲ့ပါသည်။ လေးမြို့ခေတ်တွင် ဘုရင်မင်းရင်ဖြူ သွန်းလုပ်ခဲ့သည့် မဟာကျန်ဘုရားဆင်းတုတော် ခမ္ဘခဏ်၌ ကမ္ပည်းစာ ရေးထိုးထားပါသည်။

ရခိုင်ပြည်နယ်အတွင်းရှိ
မြို့တစ်မြို့နှင့်တစ်မြို့
စကားပြော
လေယူလေသိမ်းအနေဖြင့်လည်း
အနည်းငယ်စီ
ကွဲပြားနေကြသည်ကို
တွေ့ရပါသည်။

"သက္ကရာဇ် ၂၀၉ ကဆုန်လဆန်း ၆ ရက် တနင်္လာ ၅၊ နာရီ" ဟု ပါရှိသဖြင့် ယင်းရေးထိုးခဲ့သောခုနှစ်မှာ သာသနာသက္ကရာဇ် ၁၃၉၁ ခု၊ ကောဇာသက္ကရာဇ် ၂၀၉ ခုနှစ်၊ ခရစ် AD ၈၄၇ ခု ဖြစ်သည့် ပုဂံပြည်နှင့် ခေတ်ပြိုင်ဖြစ်သည်။ ပုဂံခေတ်ကျောက်စာများတွင် စကားလုံးအချို့သည် ယခု ရခိုင်များပြောနေသည့် အသံထွက်အတိုင်း တူညီနေသည်ကို တွေ့ရပါသည်။ (ဥပမာ - နရသိင်္ခ ဥစ္စနာမင်း ကျောက်စာနှင့် အခြားကျောက်စာများ)

လေးမြို့ခေတ်ပြီးနောက် မြောက်ဦးခေတ် (အေဒီ ၁၄၃၀ မှ ၁၇၈၄ ထိ) နှစ်ပေါင်း ၃၅၄ ခုနှစ်အတွင်း လျှောက်ထုံးများ၊ ကျောက်စာများ၊ ရွှေဒင်္ဂါးများ၊ ငွေဒင်္ဂါးများတွင် ရေးထိုးထားသောစာများသည် ယခုခေတ်လူတို့ ဖတ်၍နားလည်နိုင်သော အက္ခရာအရေးအသားများ ဖြစ်သည်။ ရခိုင် ရက္ခဝဏ္ဏအက္ခရာဖြစ်ပြီး ဗမာနှင့်လည်း ဆင်တူနေပါသည်။

ရခိုင်ပြည်နယ်အတွင်းရှိ မြို့တစ်မြို့နှင့်တစ်မြို့ စကားပြော လေယူလေသိမ်းအနေဖြင့်လည်း အနည်းငယ်စီ ကွဲပြားနေကြသည်ကို တွေ့ရပါသည်။ ရခိုင်ပြည်နယ် တောင်ပိုင်း ဒေသအချို့ လေယူလေသိမ်းဆိုလျှင် ဗမာစကားနှင့် တော်တော်နီးစပ်ကြောင်း တွေ့ရပါသည်။

| စဉ် | စာဝေါဟာရ | ဗမာ | ရခိုင် | မှတ်ချက် |
|---|---|---|---|---|
| ၁။ | မှုးယစ်သည် | မှုးသည် | ယစ်သည် | |
| ၂။ | ခူးဆွတ်သည် | ခူးသည် | ဆွတ်သည် | |
| ၃။ | ဝမ်းဗိုက် | ဗိုက်ဆာသည် | ဝမ်းဆာသည် | |
| ၄။ | ကန်ကျောက်သည် | ကန်သည် | ကျောက်သည် | |
| ၅။ | လျှော်ဖွပ်သည် | လျှော်သည် | ဖွပ်သည် | |
| ၆။ | မှောင်မိုက်သည် | မှောင်သည် | မိုက်သည် | |
| ၇။ | စိုစွတ်သည် | စိုသည် | စွတ်သည် | |
| ၈။ | နောက်ကျော | ကျောကုန်း | နောက်ကုန်း | |
| ၉။ | အာကာကောင်းကင် | ကောင်းကင် | အာကာ | |
| ၁၀။ | ပက်လောင်းသည် | ပက်သည် | လောင်းသည် | |
| ၁၁။ | လူးလိမ့်ကျသည် | လိမ့်ကျသည် | လူးကျသည် | |
| ၁၂။ | ခြောက်သွေ့သည် | ခြောက်သည် | သွေ့သည် | |
| ၁၃။ | အလျင်အမြန် | အမြန် | အလျင် | |
| ၁၄။ | ရှက်ချီသည် | ချီသည် | ရှက်သည် | |
| ၁၅။ | လုံးထွေးသည် | နပန်းလုံးသည် | ထွေးသတ်သည်(ထွီး) | |
| ၁၆။ | သွားလာသည် | သွားသည် | လာသည် | |
| ၁၇။ | ထစ်အင့်သည် | ထစ်သည် | အင့်သည် | |
| ၁၈။ | မြှောင်းအင်း | ရေမြှောင်း | ရေအင်း | |
| ၁၉။ | စိတ်သဘော | သဘောကောင်းသည် | စိတ်ကောင်းသည် | |
| ၂၀။ | လောင်းလှေ | လှေ | လောင်း | |
| ၂၁။ | အဝေးလွင့်ပစ်သည် | လွင့်ပစ်သည် | ဝေးပစ်သည် | |
| ၂၂။ | လိမ်ညာပြောသည် | ညာပြောသည် | လိမ်ပြောသည် | |
| ၂၃။ | ညှပ်ပစ်သည် | လက်သည်းညှပ်သည် | လက်သည်းပစ်သည် | |
| ၂၄။ | ကိုက်ညှပ်သည် | ဆံပင်ကိုက်သည် | ဆံပင်ညှပ်သည် | |
| ၂၅။ | ပျော့ပျောင်းသည် | ပျော့သည် | ပျောင်းသည် | |
| ၂၆။ | အမောဆို့သည် | ရင်မောသည် | ရင်ဆို့သည် | |
| ၂၇။ | ရပ်တန့်သည် | ရပ်သည် | တန့်သည် | |
| ၂၈။ | ရှိက်သတ်သည် | ရှိက်သည် | သတ်သည် | |
| ၂၉။ | စိတ်ခြမ်းသည် | တခြမ်းခြမ်းပေးပါ | တစ်စိတ်စိတ်ပေးပါ | |
| ၃၀။ | ဖလှယ်သည် | ပစ္စည်းချင်းလှယ်သည် | ပစ္စည်းချင်းဖသည် | |
| ၃၁။ | အကြောင်းအခြင်း | သူများအကြောင်း | သူများအခြင်း | |
| ၃၂။ | အိမ်တိုင် | ဒီအိမ်သား | ဒီတိုင်သား | |
| ၃၃။ | ပွနွေး | ရေနွေး | ရေပွ | |
| ၃၄။ | တည်ဆောက် | ရေနွေးတည် | ရေပွဆောက် | |

| | | | | |
|---|---|---|---|---|
| ၃၅။ | မခံချိ | နာလို့မခံနိုင် | နာလို့မချိ | |
| ၃၆။ | ကပ်စိ | အတွက်ကပ်သည် | အတွက်စိသည် | |
| ၃၇။ | အရှင်ဘုရား | ခေါ်ရင်အရှင်ထူးသည် | ခေါ်ရင်ဘုရားဟုထူးသည် | |
| ၃၈။ | ငါးဟင်း | ဘာဟင်းနဲ့စားလဲ | စာငါးနဲ့စားလဲ | |
| ၃၉။ | ဘယ့်ဇာ့အတွက်ကြောင့် | ဘယ်အတွက်ကြောင့် | ဇါ့အတွက်ကြောင့် | |
| ၄၀။ | အခြေအနေ | အခြေကျ | အနေကျ(အနီကျ) | |
| ၄၁။ | ချဲကို | ချဲမနေနဲ့ | ကိုမနီကဲ့ | |
| ၄၂။ | ပြင်ဆင် | အလှပြင်သည် | အလှဆင်သည် | |
| ၄၃။ | အတော်အတန် | အကျီအတော်ဘဲ | အကျီအတန်ဗျာယ် | |
| ၄၄။ | လမ်းဆုံလမ်းခွ | လမ်းဆုံ | ခွဆုံ | |
| ၄၅။ | ရှောင်ဖယ် | ဖယ်စမ်း | ရှောင်စမ် | |
| ၄၆။ | တိုးပေါက် | ပွဲတိုး | ပွဲပေါက် | |
| ၄၇။ | အေးချမ်း | ရာသီဥတုအေးသည် | ရာသီဥတုချမ်းသည် | |
| ၄၈။ | စွာကျယ် | လူစွာ | လူကျယ် | |
| ၄၉။ | သာကောင်း | ကောင်းလေစွ | သာလီစွ | |
| ၅၀။ | ဖြောင့်တန်း | ဖြောင့်ဖြောင့်သွားသည် | တန်းလို့သွားသည် | |



ရှင်တော် ၊ သွန်းစက်တော်ဘုရားဥဏှိတော် ၁၃.၅ လီစိတ်
ပလ္လင်တော် ၁ လီစိတ်
ပခုံးတော် ၂.၅ လီစိတ်
မျက်နှာတော်ကြောဖက် ၄.၅ လီစိတ်
ပခုံးတော်ပေါင်တော်အတွာအကြား ၇ လီစိတ်
တင်ပလ္လင်ခွေထူးတဖက်တချက်နှစ်ဖက် ၁၁ လီစိတ်
သင်းကျစ်တော် ၄.၅ လီစိတ်
ဒါယကာပဉ္စာမြို့ တတိယမင်းဆက်၊ မင်းယင်မြို့ (ခ) မင်းရင်မြို့ (ခ) မင်းရဲမြို့ ၊
မိဖုရားခေါင်ကြီးစောမုဒ်
နန်းတက်သက္ကရာဇ် - ၂၀၅ ခု
ဘုရားတည်သက္ကရာဇ် - ၂၀၉ ခု
ခရာဇ်နှစ် - ၈၄၇

ဘုရှင့်မေညီးတော် ရှူဥစန္ဒရာဏ်တူ
စန္ဒတုဏ်သဘေ စန္ဒသင်
ဘုရှင့်မယ်တော် ဿီရိကျမှာ
သာတော် နဝရသူရိယ

အဓိကကွဲလွဲချက်များကို သိထားပါက မြန်မာစာကို နားလည်သော အခြားတိုင်းရင်းသားများသည်လည်း ရခိုင်စကားကို သဘောပေါက် နားလည်လွယ်ကူစေပါသည်။

(၁) ယပင့်နှင့်ရရစ်၊ ယပလက်နှင့်ရကောက် အသံထွက်ကွဲပြားတာဖြစ်ပါတယ်။ ရခိုင်လူမျိုးတို့သည် ျ နှင့် ြ ကို အသံထွက် မတူကွဲပြားသော်လည်း ဗမာများသည် တစ်သံတည်း ထွက်ဆိုကြသည်ကို တွေ့ရပါသည် -

ဥပမာ (၁) **ကျား** မြည်သံကို **ကြား** သည်တွင် ရခိုင်က ရှေ့ **ကျား** နဲ့ နောက် **ကြား** ကို အသံထွက်မတူပါ။

(၂) လက် **ကျိုး** ရင် **ကြိုး**နဲ့ချည်သည်တွင်လည်း ရခိုင်က အရှေ့က **ကျိုး** နှင့် အနောက်က **ကြိုး** အသံထွက်မတူပါ။

(၃) **ကျောက်** တောင်မြင့်၍ **ကြောက်**စရာကောင်းသည်တွင် ရခိုင်က အရှေ့က **ကျောက်**နှင့် နောက်က **ကြောက်** အသံထွက်မတူပါ။

(ဒါကြောင့် စာလုံးကို ယပင့်နဲ့ ရေးရ မလား ယရစ်နဲ့ရေးရမလား မသိဘူးဖြစ် နေရင် ''ပင့်ရစ် မနိုင် ရခိုင်မေး'' ဟု ရှေးဆိုရိုးစကား ရှိခဲ့တာ ဖြစ်ပါတယ်။)

(၄) **ယင်**ကောင်နှင့် **ရင်**ဘောင်တွင် ရခိုင်က **ယင်** နှင့် **ရင်** ကို အသံထွက်မတူပါ။

(၅) **ယို**ပုလင်းနှင့် **ရို**သေတွင် ရခိုင်က **ယို** နှင့် **ရို**တွင် အသံထွက်မတူပါ။

(၂) ဗမာစာလုံးပေါင်း ေ ကို ရခိုင်များက ီ အသံထွက်ဖြင့် အသံထွက်၍ ဖတ်ကြပါသည်။

ဥပမာ (၁) ရေကို **ရီ** (၂) နေကို **နီ**
(၃) ပေးကို **ပီး** (၄) ကြေးကို **ကြီး**
(၅)အေးကို **အီး** (၆) ခွေးကို **ခွီး** လို့
အသံထွက်ကြတာကို တွေ့ရပါတယ်။

(၃) အသတ်များဖြစ်ကြသည့် က သတ်, င သတ်, စ သတ်, ည သတ်, တ သတ်, န သတ်, ပ သတ်, မ သတ်, ယ သတ်များတွင်

(က) က သတ်, င သတ် တွင် ရခိုင်မှ ပို၍ အာရင်းသံနှင့်ထွက်၍ ဆိုသဖြင့် ကွဲလွဲမှု ရှိသော်လည်း နားလည်လွယ်ကူပါသည်။

(ခ) ကျန်-စ်, ည်, တ်, န်, ပ်, မ်, ယ် အသတ်များသည် လုံးဝနီးပါး အသံထွက် အတူတူ ပင်ဖြစ်ပါသည်။

(၄) ရခိုင်လူမျိုးများပြောနေတဲ့စကားများမှာ ဗမာ ရှေးစကားပါဠိအခေါ်အဝေါ်များကို ပိုမိုသုံးစွဲ သည်ကို တွေ့ရပါတယ်။

ဥပမာ (၁)အာဂန္တုကို ဗမာများက ဘုန်းကြီး တွေမှာသာ သုံးတာ တွေ့ရပေမဲ့ ရခိုင်တွေကတော့ လူဧည့်သည်လာ တာကို အာဂန္တုလာတယ်လို့ သုံး တာတွေ့ရပါသည်။

ဥပမာ (၂)အလဇ္ဇီဆိုတဲ့စကားကိုလည်း ရခိုင် တွေက ပြောစကားနားမထောင်တဲ့ ကလေး၊ လူများကို အလဇ္ဇီဟု သုံး စွဲဖြစ်ပေမဲ့ ဗမာတွေက ဘုန်းကြီး တွေအတွက် အလဇ္ဇီမွေ့သတ်ကျမ်း အနေနဲ့ပဲ တွေ့ရပါသည်။

ဥပမာ (၃)ပန်းတူဆိုသည့်ဝေါဟာရကို ရှေး စာများတွင် ပန်းတူဖြင့်စုပ်ဆိုသည့် ဝေါဟာရကို တွေ့ခဲ့ပေမယ့် အခု မသုံးတော့တာကို တွေ့ရပါသည်။

ရခိုင်လူမျိုးတို့သည် ပန်းတူဆိုတဲ့စကားကို သုံးနှုန်း နေဆဲပင် ဖြစ်ပါသည်။ ပြွန်လို့အဓိပ္ပာယ်ရပြီး ဆေးတံ သောက်သည်ကို ပန်းတူသောက်သည်ဟု သုံးစွဲနေဆဲဖြစ် ပါသည်။

(ရှေးပုဂံခေတ်ကျောက်စာများမှာ လက်ရှိသုံးစွဲနေတဲ့ ရခိုင်ဝေါဟာရများကို တွေ့နေရပါတယ်။)

(၅) ရခိုင်နှင့်ဗမာတို့သည် စာဝေါဟာရတစ်လုံးကို တစ်ယောက်တစ်ဝက်စီခွဲခြမ်း၍ သုံးစွဲနေကြ သည်ကို တွေ့ရပါသည်။ ဗမာက ရှေ့စာလုံး ကို ယူသုံးသည့်အခါ ရခိုင်က နောက်စာလုံး ကိုသုံးသည်။ ဗမာက နောက်စာလုံးကို ယူသုံး လျှင် ရခိုင်က ရှေ့စာလုံးကို ယူသုံးထားသည် ကို တွေ့ရပါသည်။ ဥပမာအားဖြင့် -

၆။ ဗမာအသံထွက် ဲ ကို ရခိုင်လူမျိုးများက
ေ-း အသံထွက်ကြသည်ကို တွေ့ရပါ သည်။

ဥပမာ - ပဲဟင်း - ပေးဟင်း၊ သဲပုံ - သေးပုံ

အထက်ပါ ကွဲလွဲချက် ၆ မျိုးကို သိရှိထားပါလျှင် မြန်မာစာတတ်ကျွမ်းသော အခြားတိုင်းရင်းသား ညီအစ်ကို မောင်နှမများသည် ရခိုင်လူမျိုးများ၏ စာနှင့်စကားကို အတော်အသင့် နားလည်သဘောပေါက်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။

မကြီးရှင် (စစ်တွေ)

ကျမ်းကိုး

- မြန်မာအဘိဓာန်
- ဦးရွှေဇံရေးသည့် ရခိုင်အလင်းပြကျမ်း
- မဦးသိန်းညွန့်ရေးသည့် ကစ္စပအဠ္ဌနသမိုင်းစာပန်းချီ အမှတ် (၁) (၂) စာအုပ်
- နိုင်လင်း (မေဃဝတီ) ၏ ပုဂံကျောက်စာပါ ရခိုင်ဝေါဟာရများ
- မောင်ဖြူ (ကြို့တဲကျွန်း) ၏ အာနန္ဒစန္ဒြမင်းကျောက်စာနှင့် ရခိုင်ဝေသာလီသင်္ဂါယနာ



# ရိုးရာနှင့် ခရီးသွား

စန္ဒာခင်

မြန်မာနိုင်ငံသည် သမိုင်းအစဉ်အလာရှိခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်များ ကြွယ်ဝခြင်းတို့နှင့် ပြည့်စုံပြီး လှပသာယာသော တိုင်းပြည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ တည်နေရာနှင့် ပထဝီအနေအထားအရလည်း ကုန်သွယ်ရေး၊ စီးပွားရေး၊ စစ်ရေး၊ နိုင်ငံရေး၊ ခရီးသွားလာရေး အစရှိသည့် ကဏ္ဍပေါင်းစုံတွင်အရေးပါသလို အချက်အချာလည်း ကျပေသည်။ ရှည်လျားသော ပင်လယ်ကမ်းရိုးတန်း၊ မြင့်မားစွာသွယ်တန်းနေသော ရိုးမ တောင်တန်းများ၊ မြောက်မှတောင်သို့ စီးဆင်းနေသော မြစ်ကြီးများ၊ အမြဲစိမ်းသစ်တောများ၊ လှပသောကျွန်းစုများ၊ ရေပူစမ်းနှင့် ရေတံခွန်များ၊ သဘာဝကျောက်ဂူများနှင့် ရေခဲတောင်တန်းများကို ပိုင်ဆိုင်ထားသော တိုင်းပြည်ဖြစ်သည်။ ထို့အပြင် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ကြွယ်ဝသည့်အတွက် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများ မြှင့်တင်ရန် အခွင့်အရေးတစ်ရပ်ပင် ဖြစ်သည်။

ယဉ်ကျေးမှုအမွေအနှစ်ဟုဆိုရာတွင် ယဉ်ကျေးမှုနှင့် အမွေအနှစ်ဆိုသည့် အဓိပ္ပာယ်ကို ရှင်းလင်းစွာသိထားရန် လိုပေသည်။ ယဉ်ကျေးမှုဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုး၊ လူသားတို့မွေးဖွားသည်မှ သေဆုံးသည်အထိ ဆောင်ရွက်သမျှအရာအားလုံးကို ဆိုလိုသည်။ အမွေအနှစ်ဆိုသည်မှာ အဆိုပါယဉ်ကျေးမှုများအနက် လူသားတို့၏ သမိုင်း၊ လူနေမှုစနစ်၊ ယုံကြည်ကိုးကွယ်မှု အစရှိသည်တို့ကို အထောက်အထားပြုနိုင်သည့် တန်ဖိုးရှိစွာ ကြွင်းကျန်ရစ်ခဲ့သော ယဉ်ကျေးမှုများကို ဆိုလိုပါသည်။

မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ခဲ့ကြသော တိုင်းရင်းသားအုပ်စုကြီး (၈) မျိုးဖြစ်သည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်းတို့သည်လည်း ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုများရှိကြသည်။ ရေမြေသဘာဝ၊ ရာသီဥတုနှင့် အခြေအနေအရပ်ရပ်ပေါ် မူတည်၍ အသွင်တူသည်များရှိသကဲ့သို့ မတူကွဲပြားမှုများလည်း ရှိသည်။

ရိုးရာယဉ်ကျေးမှု အမွေအနှစ်များတွင် ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ် (သို့မဟုတ်) ဒြပ်ရှိ ယဉ်ကျေးမှု အမွေအနှစ် (Tangible Cultural Heritage)၊ စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ် (သို့မဟုတ်) ဒြပ်မဲ့ ယဉ်ကျေးမှုအမွေအနှစ် (Intangible Cultural Heritage) ဟူ၍ နှစ်ပိုင်းရှိသည်။ ဒြပ်မဲ့ယဉ်ကျေးမှုများဖြစ်သည့် ယုံကြည်ကိုးကွယ်မှု၊ ဘာသာစကား၊ စာပေ၊ ရိုးရာဓလေ့ထုံးစံ၊ အသက်မွေးဝမ်းကျောင်းမှု၊ လူမှုဆက်ဆံရေးစနစ်၊ အနုပညာ၊ အနုသုခုမပညာ၊ ဗိသုကာပညာ၊ အသိပညာ၊ အတတ်ပညာများမှတစ်ဆင့် ဒြပ်ရှိယဉ်ကျေးမှုများ ထွန်းကားလာခြင်း ဖြစ်သည်။

မြန်မာတို့၏ ယဉ်ကျေးမှုသည် ရှေးနှစ်ပေါင်းထောင်ချီသည့် **ကျောက်ခေတ်ကာလ**ကတည်းက စတင်ထွန်းကား ပေါ်ပေါက်ခဲ့ပါသည်။ အထောက်အထားတစ်ခုအနေဖြင့် ရှမ်းပြည်နယ်တောင်ပိုင်း၊ ရွာငံဒေသရှိ (ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ) ကျောက်ခေတ်ပြဒါးလင်း ဂူနံရံတွင်ရှိသည့် နံရံဆေးရေးပန်းချီများကို ကြည့်လျှင် စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုတစ်ခုဖြစ်သည့် (Art) ဆိုသည့် ပန်းချီပညာကို ဖန်တီးပြီး ပုံဖော်ခဲ့သည့်အတွက် ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုဖြစ်သည့် ပန်းချီလက်ရာများကို တွေ့မြင်နေရခြင်း ဖြစ်သည်။



ကျောက်ခေတ်ပြဒါးလင်း ဂူနံရံဆေးရေးပန်းချီ

၎င်းနေရာသည် ပြည်တွင်းပြည်ပရှိ ပညာရှင်များ၊ သုတေသီများ၊ ဝါသနာရှင်များ၊ ခရီးသွားများ လာရောက်လည်ပတ်လေ့လာလျက်ရှိကြသည်။ ဓနုတိုင်းရင်းသားဒေသအတွင်း ဂုဏ်ယူဖွယ်ကျောက်ခေတ် ယဉ်ကျေးမှု အမွေအနှစ်တစ်ခု ဖြစ်ပါသည်။ ကမ္ဘာဦးအစကပင် လူသားများ အခြေချနေထိုင်လာကြောင်း ထင်ရှားသည့် သက်သေသာဓကတစ်ခုဖြစ်သဖြင့် ရေရှည်တည်တံ့စေရန် ထိန်းသိမ်းသွားသင့်ပါသည်။

စာပေ၊ ဘာသာစကား၊ (၁၂) လရာသီပွဲတော်များ၊ ဘာသာရေးပွဲတော်များ၊ တိုင်းရင်းသားပွဲတော်များ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ၊ တိုင်းရင်းဆေးများ၊ အနုပညာ၊ လက်မှုပညာများ၊ ဗိသုကာပညာ၊ အားကစားပညာ၊ ရိုးရာဓလေ့ ထုံးစံတမ်းအစဉ်အလာများအနက် တစ်မူထူးခြားထင်ရှားသော ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များသည် မြန်မာတိုင်းရင်းသားအသီးသီးတို့တွင် ကြွယ်ဝစွာ ရှိနေပါသည်။ အဆိုပါ တစ်မူထူးခြားထင်ရှားသည့် ဒြပ်မဲ့ ယဉ်ကျေးမှု အမွေအနှစ်များအနက်မှ အချို့ကို ဖော်ညွှန်းလိုပါသည်။

မြန်မာအမျိုးသမီးများ **သနပ်ခါးလိမ်းခြယ်သည့်ဓလေ့**သည် ရှေးနှစ်ပေါင်းထောင်ချီကပင် စတင်ခဲ့ကြောင်းသိရသည်။ အမျိုးသမီးများ နှစ်ခြိုက်စွဲမက်စွာလိမ်းခြယ်သလို အမျိုးသားများလည်း လိမ်းကျံတတ်ကြပါသည်။ နေရောင်ဒဏ်မှကာကွယ်ခြင်း၊ အသားအရေကို စိုပြေအေးမြချောမွတ်စေခြင်း၊ ရနံ့သည် စိတ်ကြည်လင်လန်းဆန်းစေခြင်း၊ သနပ်ခါးအနှစ်ကို စားသုံးခြင်းဖြင့် ဝမ်းတွင်းအပူများ လျော့ကျစေခြင်းတို့သည် သနပ်ခါး၏ ဂုဏ်သတ္တိများ ဖြစ်၏။ သနပ်ခါး၏ရနံ့ကို ရယူအသုံးပြုခြင်းသည် ယခု ကမ္ဘာတွင်ခေတ်စားနေသည့် Aromatheraphy (ရနံ့ကုထုံး) နှင့် သဘောတရားက အတူတူပင်ဖြစ်သည်။



မြန်မာ့သနပ်ခါး



သနပ်ခါး၏ ရုက္ခဗေဒအမည်မှာ Murraya Paniculata ဖြစ်သည်။ ပူပြင်းခြောက်သွေ့၍ မိုးခေါင်ရေရှား ရပ်ဝန်းတွင် ပေါက်ရောက်သဖြင့် မြန်မာပြည်အထက်ပိုင်း ဒေသများတွင် ဖြစ်ထွန်းသည်။ သနပ်ခါးတစ်ပင်ဖြစ်ရန် (၇-၈) နှစ်ကြာ စောင့်ရပါသည်။ မြန်မာသနပ်ခါးကို ကမ္ဘာက စိတ်ဝင်စားနှစ်ခြိုက်လာခြင်းကြောင့် ခရီးသွားလုပ်ငန်းအတွက် ဆွဲဆောင်မှုတစ်ခုဖြစ်ပါသည်။ UNESCO ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်ရန်လည်း တင်ပြထားလျက်ရှိသည်။

**လက်ဖက်အစို (သို့) လက်ဖက်နှပ် (Tea Leaf Pickle) စားသုံးသည့်ဓလေ့**သည် တစ်မူထူးခြားသည့် အစားအသောက်ဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ်တစ်ရပ် ဖြစ်သည်။ ကမ္ဘာအနှံ့တွင် လက်ဖက်ကို အချိုခြောက်၊ အခါးခြောက်အဖြစ်လည်းကောင်း၊ အမှုန့်အဖြစ်လည်းကောင်း နှစ်ခြိုက်စွာသုံးစွဲကြသည်။ မြန်မာတိုင်းရင်းသားများက လက်ဖက်ကို အချိုရည်၊ အခါးရည်အပြင် လက်ဖက်အစိုသနပ်အဖြစ် ရှေးယခင်ကတည်းကပင် စွဲမက်စွာ စားသုံးခဲ့ကြပါသည်။ မြန်မာ့လက်ဖက်သည် မြန်မာနိုင်ငံ၏ အမျိုးသားအစားအစာတစ်ခုဟု ဆိုနိုင်သည်။ ဘာသာရေးပွဲတော်များ၊ နိုင်ငံတော်ပွဲများ၊ အခြားအခမ်းအနား ဧည့်ခံပွဲများတွင် လက်ဖက်ပွဲကို တည်ခင်းကြသည်။ တိုင်းရင်းသားအသီးသီးတို့၏ အိမ်တိုင်းတွင်လည်း လက်ဖက်ကို အိုးများ၊ ဝါးကျည်တောက်များဖြင့် နှပ်ထားပြီး တစ်နှစ်ပတ်လုံးစားသုံးကြသည်။

လက်ဖက်၏ ရုက္ခဗေဒအမည်မှာ Camellia Sinensis ဖြစ်သည်။ အကြမ်းဖျဉ်းအားဖြင့် ပင်လယ်ရေမျက်နှာပြင်အထက် ပေ (၃၀၀၀) ကျော်မြင့်သော တောင်ကုန်းတောင်တန်းများတွင် စိုက်ပျိုးဖြစ်ထွန်းသည်။ ယခုအခါ မြန်မာ့လက်ဖက်ကို ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနေရပြီး နှစ်သက်အားပေးလျက်ရှိကြသည်။ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ်၊ ကချင်ပြည်နယ်တို့ရှိ တောင်ပေါ်၊ တောင်တန်းများတွင်





မြန်မာ့လက်ဖက်

ရိုးရာနည်းဖြင့် စိုက်ပျိုးထားသော လက်ဖက်ခင်းများသည် ကမ္ဘာလှည့်ခရီးသွားများအား ဆွဲဆောင်လျက် ရှိကြသည်။ သပ်ရပ်လှပသော ဟိုတယ်များဆောက်လုပ်ခြင်း၊ ဒေသခံများနှင့် ပူးတွဲနေထိုင်တည်းခိုခြင်း (Home Stay)၊ တောင်တက်ခြင်း၊ တောတွင်းလမ်းလျှောက်ခြင်း၊ စက်ဘီးစီးခြင်း၊ တောင်ကျချောင်းများတွင် ငါးမျှားခြင်း၊ လှေစီးခြင်း စသည့် အစီအစဉ်များဖြင့် ဆွဲဆောင်လိုက်ပါက ဒေသခံများ လူမှုစီးပွားဘဝ မြင့်မားလာမည် ဖြစ်ပါသည်။ လက်ဖက်နှင့်ပတ်သက်သော ရိုးရာဓလေ့များ၊ စကားပုံများ

လည်း အများအပြားရှိသည်။ "လက်ဖက်ကောင်းစားချင် လျှင် ပလောင်တောင်တက် နေးရမယ်" "အသီးမှာ သရက်၊ အသားမှာဝက်၊ အရွက်မှာလက်ဖက်" စသည် ဖြင့် ရိုးရာစကားပုံများသည် လူသိများ၍ ထင်ရှားလှသည်။

**လွန်းရာကျော်အချိတ် ပိုးထည်ရက်ကန်း (Silk Lunyarkyaw Acheik)** သည် ထူးခြားပြောင်မြောက် သည့် လက်မှုအနုပညာဆိုင်ရာ ယဉ်ကျေးမှုအမွေအနှစ် တစ်ခုဖြစ်ပါသည်။ လွန်းရာကျော်ချိတ် အထည်များသည် ခန့်ညားခြင်း၊ နန်းဆန်ခြင်း၊ သီးခြားဒီဇိုင်းပုံစံရှိခြင်း၊ ကိုယ်ပိုင်ဟန်ရှိခြင်း၊ စွဲမက်ဖွယ်ကောင်းခြင်း၊ အနုပညာ ဆန်ခြင်း စသောထူးခြားသည့် ဝိသေသများကြောင့် ခေတ် အဆက်ဆက် ပွဲလယ်တင့်ခဲ့သည်။ အဆင်ဒီဇိုင်းပေါ် မူတည်၍ ပိုးချည်လွန်းကလေးပေါင်း (၁၀၀) ကျော်မှ (၃၀၀) အထိ ဒီဇိုင်းပေါ်လွင်စေရန် တစ်လွန်းစီကိုင်၍ အသေးစိတ်အချိန်ယူ ရက်လုပ်ရခြင်း၊ တစ်လွန်းနှင့် တစ်လွန်း အချိတ်အဆက်မိစေရန် ရက်လုပ်ရခြင်းတို့



လွန်းရာကျော်ရက်ကန်း

ကြောင့် အချိတ်ဟူသောအမည် ပေါ်ထွက်လာခြင်း ဖြစ်ပါ သည်။

လွန်းရာကျော်အချိတ် ရက်ကန်းထည်များသည် ရှေး ယခင်ကပင် အလွန်တန်ဖိုးကြီးလှသဖြင့် မင်္ဂလာအခမ်း အနားများ၊ မင်းပွဲစိုးပွဲများ၌သာ ဂုဏ်ယူ၍ဝတ်ဆင်ကြသော အမြတ်တနိုးပစ္စည်းတစ်ခုဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း (၂၀၀၀) နီးပါး ပျူခေတ်ကစတင်၍ အချိတ်အဆင် ဒီဇိုင်း များ ခေတ်အဆက်ဆက် ဆင်မြန်းခဲ့ကြသည်ကို ရှေး



ဟောင်းရုပ်ကြွ၊ နံရံဆေးရေးပန်းချီ စသည့် အထောက် အထားများအရ သိရှိလေ့လာနိုင်ပါသည်။ လွန်းရာကျော် အချိတ်အဆင်တစ်ထည်ဖြစ်ရန် လူနှစ်ယောက်သည် ရက် (၁၀၀) ခန့် ရက်ခတ်ရသဖြင့် ဇွဲရှိရန်လိုအပ်သလို တစ်ဦး နှင့်တစ်ဦး အချိတ်အဆက်မိနေရန်လည်း အရေးကြီးလှပါ သည်။ ရှေးခေတ်က ဇွဲသန်စိတ်သန်ပြီး ဉာဏ်ကောင်း သူများကိုသာ ရွေးချယ်၍ ခုနစ်နှစ်၊ ရှစ်နှစ်ခန့် သင်ကြား ပေးမှသာ တတ်မြောက်ကြောင်း သိရသည်။

လွန်းရာကျော်ရက်ကန်းစင် အများဆုံးစုဝေးတည် ရှိသည့် အမရပူရမြို့တွင် ကမ္ဘာလှည့်ခရီးသွားများ စိတ်ဝင် တစား လည်ပတ်လေ့လာလျက်ရှိကြသည်။ ယခုထက်ပိုမို ၍ အစီအစဉ်ကောင်းများပြုလုပ်ကာ ခရီးသွားများကို ဖိတ်ခေါ်ပါက ဒေသခံများ စီးပွားရေး ပို၍တိုးတက်လာ မည်ဖြစ်ပြီး တစ်မူထူးခြားသည့် လွန်းရာကျော် အချိတ်

သည်လည်း ကမ္ဘာကျော်လာနိုင်သော ရိုးရာလုပ်ငန်းတစ်ခု ဖြစ် လာပေမည်။

**ကြာချည်ရက်ကန်း (Lotus Thread and Yarn)** သည် ရှမ်းပြည်နယ်၊ အင်းလေးဒေသ၏ ဓလေ့တစ်ခုဖြစ်ပြီး ထူးခြားသော အနုလက်ရာရက်ကန်းဓလေ့တစ်ခုဖြစ်ပါသည်။ အင်းလေးကန်ကြီးတွင် ပေါက်ရောက်နေသော ပဒုမ္မာကြာပင်၏အရိုးမှ အမျှင် (Yarn) ထုတ်ယူ၍ အထည်ရက်ကန်းရက်လုပ်ခြင်း ဖြစ်သည်။ အဆင့်ဆင့် ဗိုင်းငင်၊ လွန်းတင်၍ ကြာချည်ရက်ကန်းပြုလုပ်ကြသည်။ သင်္ကန်းတစ်စုံဖြစ်ရန် ကြာပင် ကြာရိုးပေါင်း နှစ်သိန်း (၂၀၀၀၀၀) ကျော်လိုအပ်ပြီး တစ်လကြာခန့် ရက်လုပ်ရပါသည်။





အင်းလေးကြာချည်ရက်ကန်း

လွန်ခဲ့သော နှစ် (၉၀) ခန့်က စတင်ရက်လုပ်ခဲ့ပြီး ထိုစဉ်က ကြာသင်္ကန်းတစ်စုံရရန် အချိန် (၁၅) နှစ်ခန့် ယူခဲ့ရသည်ဟု သိရပါသည်။ မြင့်မြတ်သည့် ကြာချည်သင်္ကန်းကို အထွက်အမြတ်ထားပြီး မြတ်ဗုဒ္ဓနှင့် သံဃာတော်များအား ကပ်လှူရန် ရက်လုပ်ခဲ့ကြခြင်းဖြစ်သည်။



ကြာချည်သင်္ကန်း

ကြာချည်သင်္ကန်း၏ ထူးခြားသောဂုဏ်သတ္တိမှာ နွေအခါတွင် အေးမြပြီး ဆောင်းအခါတွင် နွေးစေပါသည်။

ယခုအခါတွင် ကြာချည်များ၊ ကြာမျှင်များဖြင့် လျော်ပဝါများ၊ အဝတ်အထည်များ ရက်လုပ်၍ စီးပွားဖြစ် ရောင်းချနိုင်ပြီဖြစ်သည်။ ဒီဇိုင်းအမျိုးမျိုး၊ အရောင်အမျိုးမျိုးဆိုး၍ ပြုလုပ်ထားသဖြင့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ အထူးပင်နှစ်သက်ကြသည်။ ကမ္ဘာကျော်တံဆိပ်များဖြစ်သော Louis Vuitton, Loro Piana စသည်တို့သည် မြန်မာ့အင်းလေး ကြာချည်ထုတ်လုပ်ခြင်းဖြင့် ကြော်ငြာ၍ ကြာချည်ကို နည်းပညာသုံးကာ အဆင်ဒီဇိုင်းအမျိုးမျိုးဖြင့် ပဝါအမျိုးမျိုးထုတ်ကာ ရောင်းချလျက်ရှိသည်။ တစ်ထည်ကို အမေရိကန်ဒေါ်လာ (၂၀၀၀) ကျော် (၃၀၀၀) ကျော်အထိ ဈေးနှုန်းရှိပါသည်။

**ကချင်ရိုးရာ ဂျပ်ခုတ်ရက်ကန်း** (Kachin Traditional Hand-Woven Textile) သည် စိတ်ဝင်စားဖွယ်ကောင်းသည့် ရိုးရာဓလေ့တစ်ခုဖြစ်ပါသည်။ ဂျပ်ခုတ်ဆိုသည့်စကားရပ်မှာ အနံသေး၊ အသားထူသော အထည်မျိုးကို ရက်လုပ်ခြင်းဖြစ်သည်။ ကချင်ရိုးရာ ရက်ကန်းသည် ပြုလုပ်ရန်နှင့် သယ်ယူရန် လွယ်ကူပေါ့ပါး၍ နေရာ





ကချင်ရိုးရာ ဂျပ်ခုတ်ရက်ကန်း

တိုင်းတွင် ရက်လုပ်နိုင်သော အိမ်တွင်းမှုလုပ်ငန်းတစ်ခု ဖြစ်၏။ ယခင်က လကျစ်ပင်ခေါ် ဆေးခြောက်ပင်၊ ဂုန်လျှော်ပင်တစ်မျိုးဖြင့် ရက်လုပ်ပြီး၊ နောက်ပိုင်းတွင် ဝါချည်၊ သိုးမွေးချည်တို့ဖြင့် တိုးတက်ရက်လုပ်လာကြသည်။ ဂျပ်ခုတ်ထည်သည် ရက်လုပ်လိုသော အထည်ပေါ်မူတည်၍ လိုအပ်သောအတိုင်းအတာကို သတ်မှတ်တွက်ချက်ရသည်။ ကချင်ရိုးရာ ဂျပ်ခုတ်ထည်များ၏ အဓိက အရောင်မှာ အနက်၊ အနီနှင့် အစိမ်းတို့ဖြစ်ကြပြီး ဆိုးဆေးအဖြစ် သစ်ခေါက်၊ သစ်သီး၊ သစ်ရွက်၊ အနွယ်များကို ထုထောင်းကြိတ်ချေ၍ လိုအပ်သောအရောင်ကို ဖော်စပ်အသုံးပြုကြသည်။

ရက်လုပ်သည့် အဆင်ဒီဇိုင်းများမှာ နေရာဒေသနှင့် လူမျိုးစုအလိုက် အဓိပ္ပာယ်ကွဲပြားခြားနားမှုရှိကြသည်။ အများအားဖြင့် အပင်၊ အရွက်၊ အသီး၊ အစေ့တို့ကို ပုံဖော်ရက်လုပ်ခြင်း၊ တိရစ္ဆာန်များ၏ ခေါင်း၊ ခြေ၊ ခွာနှင့် သွားပုံတို့ကို ပုံဖော်ခြင်း၊ တောတောင်၊ မြစ်၊ ချောင်း၊ လမ်း၊ မိုးတိမ်၊ လများကို ပုံစံယူ၍ ရက်လုပ်ခြင်းတို့ ရှိကြသည်။ မနောတိုင်အဆင်သည် အဖိုတိုင်၊ အမတိုင် နှစ်မျိုးရှိပြီး သုံးထောင့်ကွက်၊ မှန်ကူကွက်၊ ထောင့်မှန်စတုဂံတို့သည် အမတိုင်ဖြစ်ပြီး မိခင်ကို ရည်ညွှန်းပုံဖော်ခြင်း ဖြစ်သည်။ သဇင်ခွေ၊ "ဍ" ဒရင်ကောက် ပုံ၊ မြွေလိမ်ပုံသည် အဖိုတိုင်ဖြစ်သည်။ အဆင်ဒီဇိုင်းပေါ်တည်က တစ်ပတ်မှသုံးလကြာ ရက်လုပ်ကြသည်။

**ရွှေဆိုင်း (ရွှေပြား) ခတ်ခြင်းလုပ်ငန်း** (Myanmar Gold Leaf Workshop) လုပ်ငန်းသည် အလွန်ထူးခြားသော အနုပညာလုပ်ငန်းတစ်ခုဖြစ်သည်။ ရွှေဆိုင်းပြုလုပ်ရန် ပထမဆုံးပြုလုပ်ရသည်မှာ နန်းကြိတ်ခြင်းဖြစ်သည်။ နန်းပြားဆွဲဟုလည်း ခေါ်ကြသည်။ ခေတ်မီပညာရပ်များ မပေါ်မီက ရွှေတုံးကို ပေပေါ်တင်ကာ ပါးလွှာသွားစေရန် အပြားခတ်ထုရခြင်းဖြစ်သည်။ ရွှေသားသုံးမတ်သားတုံးကို အရှည်ငါးပေရရှိစေရန် နန်းဆွဲရခြင်းဖြစ်သည်။ ငါးပေအရှည်ရပြီးသည့် ရွှေနန်းပြားကို အပိုင်းစ (၂၀၀) ပြားရစေရန် ရွှေကတ်ကြေးဖြင့် ပိုင်းရသည်။ အရွယ်အစားတူညီမှုရစေရန် အတိအကျတိုင်းထွာ၍ ပိုင်းဖြတ်ရသည်။ အပိုင်းအစများရပြီဆိုသည်နှင့် ဝါးစက္ကူတစ်ထပ်၊ ရွှေပြားတစ်ထပ်၊ အကြားအလပ်မရှိ ထည့်သွင်းရသည်။ နောက်ဆုံးအဆင့်အနေဖြင့် ရွှေအဖတ်များကို သုံးပိုင်းပိုင်းဖြတ်ကာ



ရွှေဆိုင်း (ရွှေပြား) ခတ်ခြင်းလုပ်ငန်း

ထုပ်ပိုးပြီး (၅) နာရီခန့်ကြာ (၆) ပေါင်တူဖြင့် ထပ်ထုရပါသည်။ ထိုသို့ထုခတ်ရာတွင် ရိုက်ချက်မှန်မှန်ဖြင့် မရပ်မနားထုခတ်ရသည်။ အဖွဲ့လိုက်လုပ်ကိုင်ရပြီး တစ်ဖွဲ့တွင် အနည်းဆုံး သုံးဦးပါဝင်ရသည်။ လူနားသော်လည်း အလုပ်မပြတ်စေရန် အလှည့်ကျ မပြတ်တမ်း ရွှေကိုထုခတ်နေ

ရခြင်း ဖြစ်သည်။ (၅) နာရီကြာ ထုခတ်ခြင်းအတွက် အချိန်သတ်မှတ်ခြင်းကို "ရေ" နာရီဖြင့် အသုံးပြုသည်။ ပြည်တွင်းပြည်ပ ဧည့်သည်များက အဆိုပါ ရေနာရီ အသုံးပြုပြီး ထုခတ်ခြင်းကို စိတ်ဝင်တစားလေ့လာကြသည်။

ရွှေဆိုင်းများကို ဘုန်းကြီးကျောင်းများ၊ နန်းတော်များ၏ အတွင်းနံရံများတွင် ရွှေချလှူဒါန်းနိုင်သည်။ ဘုရားစင်များ၊ စေတီများ၊ ဗုဒ္ဓပုံတော်များတွင်လည်း ရွှေချနိုင်သည်။ ရွှေဆိုင်းများကို တိုင်းရင်းဆေးဝါးအဖြစ်လည်း အသုံးပြုနိုင်သလို အသားအရေ ဖြူစင်ဝင်းပစေရန်အတွက်လည်း အသုံးပြုနိုင်သည်။

**ရုပ်သေးဖျော်ဖြေတင်ဆက်ခြင်း (Marionette)** သည် ထူးခြားထင်ရှားသော အနုသုခုမဆိုင်ရာ ယဉ်ကျေးမှု အမွေအနှစ်တစ်ခုဖြစ်သည်။ မြန်မာ့သဘင်တွင် ရုပ်သေးသဘင်သည် အခက်ခဲဆုံး၊ အနက်နဲဆုံး ပညာရပ်တစ်ခုဖြစ်ပါသည်။ အေဒီ (၁၆) ရာစုခန့်က စတင်ပေါ်ထွန်းခဲ့ပြီး ယနေ့တိုင် တည်တံ့လျက်ရှိပါသည်။ ကပြလိုသော မင်းသားရုပ်၊ မင်းသမီးရုပ်များအပါအဝင် အရုပ်များတွင် ကြိုးများတပ်ပြီး ကြိုးဆွဲသူက လက် (၁၀) ချောင်းလုံး အသုံးပြု၍ ကပြရသည့်အတွက် (Marionette) ဟု ခေါ်ဆိုခြင်းဖြစ်သည်။

ယခင်က ရုပ်သေးတွင် ကြိုးပေါင်း (၆၀) အထိထားရှိခဲ့ပြီး ယခုအခါတွင် (၁၇) ကြိုးအထိသာ ကပြလျက်ရှိပါသည်။ ကမ္ဘာလှည့်ခရီးသွားများအား ရိုးရာဖျော်ဖြေတင်ဆက်မှုများတွင် ရုပ်သေးသဘင်လည်း ပါဝင်ကပြလျက်ရှိရာ အားပေးမှုအများဆုံးဖြစ်သလို ပြည်ပနိုင်ငံများသို့ သွားရောက်တင်ဆက်သည့်အခါမှာလည်း အံ့သြစွာဖြင့် အထူးပင်ချီးကျူးခံရသော အနုသုခုမပညာဖြစ်သည်။



ရုပ်သေးသဘင်

မြန်မာနိုင်ငံတစ်ဝန်းရှိ တိုင်းရင်းသားများ၏ အနုပညာ၊ လက်မှုပညာ၊ အနုသုခုမများသည် အထူးစိတ်ဝင်စားဖွယ်ဖြစ်ပါသည်။ နေရာဒေသကွဲပြားသလို ရိုးရာဓလေ့များကလည်း အမျိုးမျိုးအဖုံဖုံ တွေ့မြင်ခံစားရသည်။ ရိုးရာဓလေ့ထုံးတမ်း အစဉ်အလာများကို လည်ပတ်ကြည့်ရှုလေ့လာရင်း ရိုးရာအစားအစာများကိုလည်း သုံးဆောင်နိုင်သည်။ တိုင်းရင်းသားဒေသများ၏ သဘာဝသယံဇာတများ၊ ဓလေ့ထုံးတမ်းများ၊ အစဉ်အလာများ၊ ထူးခြားသည့် ဝိသေသလက္ခဏာများကို အခြေခံ၍ ခရီးသွားလုပ်ငန်းများကို မြှင့်တင်လုပ်ဆောင်သွားနိုင်သည်။ မြန်မာနိုင်ငံမြောက်ဖျားရှိ ရေခဲတောင်တန်းများကို ခံစားကြည့်ရှုရင်း ကချင်ရိုးရာ ဂျပ်ခုတ်လုပ်ငန်းများကို လေ့လာနိုင်သလို လီဆူ၊ ရဝမ်လူမျိုးများ၏ ရိုးရာအစားအစာများကို သုံးဆောင်နိုင်ပါသည်။ ထို့အတူ မြန်မာပြည်တောင်ပိုင်း အစွန်အဖျားရှိ ပင်လယ်ကမ်းခြေများ၊ ပင်လယ်ကျွန်းစုများကို လည်ပတ်ရင်း ရေအောက်ငါးသတ္တဝါများကို လေ့လာနိုင်သည်။ ဆလုံလူမျိုးတို့၏ ဓလေ့ရိုးရာများကိုလည်း တွေ့မြင်ရပါမည်။ ရှမ်းပြည်နယ်၊ အင်းလေးကန်တွင် လည်ပတ်ရင်း အင်းသားတို့၏ ခြေထောက်ဖြင့် လှေလှော်ခတ်သည့် ဓလေ့ကို တွေ့မြင်နိုင်သလို ကြာချည်ရက်ကန်းကိုလည်း လေ့လာနိုင်ပါသည်။ ချင်းတိုင်းရင်းသားတို့၏ ပရဲထိုးသည့်ဓလေ့၊ ကယန်းတိုင်းရင်းသားတို့၏ ကြေးချောင်းပတ်ဓလေ့၊ မွန်မိချောင်းတူရိယာ၊ ကရင်ဖားစည်၊ ကချင်မနောအက၊ ရခိုင်နှံ့သာသွေးပွဲ၊ စောင်းတူရိယာ၊ မြန်မာ့ဆိုင်းဝိုင်း၊ စဥ့်ထည်လုပ်ငန်း၊ မြေအိုးလုပ်ငန်း၊ ယွန်းထည်ထုတ်လုပ်မှု၊ ရိုးရာထီးထုတ်လုပ်မှု စသည့်ယဉ်ကျေးမှု အမွေအနှစ်များသည်လည်း ခရီးသွားလုပ်ငန်းအတွက် ဆွဲဆောင်မှုရှိလှပေသည်။ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးအုပ်စု (၈) မျိုးဟုဆိုသော်လည်း ၎င်း (၈) မျိုးတွင် တိုင်းရင်းသားအနွယ်အစုပေါင်း (၁၃၅) မျိုးရှိပါသည်။ သို့ဖြစ်ပါ၍ တိုင်းရင်းသားမျိုးနွယ်များပြားသကဲ့သို့ ရိုးရာဓလေ့များကလည်း စိတ်ဝင်စားဖွယ်၊ ဂုဏ်ယူဖွယ် ကြွယ်ဝလှပါကြောင်း ညွှန်းဆိုဖော်ပြအပ်ပါသည်။

စန္ဒာခင်



# တိုင်းရင်းသားစာပေ ယဉ်ကျေးမှုများကို ဥပဒေအရ ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ခြင်း

ဦးသန်းမောင် (စစ်တွေ)
တရားလွှတ်တော်ရှေ့နေ

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် တိုင်းရင်းသား ၁၃၅ မျိုး အတူတကွ မှီတင်းနေထိုင်ကြကြောင်း သမိုင်းကြောင်းအရဖြစ်စေ၊ ဥပဒေကြောင်းအရဖြစ်စေ အတည်ပြုထားသည်ကို အများသိရှိကြပြီး ဖြစ်ပါသည်။ ယင်း ၁၃၅ မျိုးတွင် အသေးစိတ်သတ်မှတ်ချက်အရ ကချင်တိုင်းရင်းသားတွင် လူမျိုးစု ၁၂ မျိုး၊ ကယားတိုင်းရင်းသားတွင် လူမျိုးစု ၉ မျိုး၊ ကရင်တိုင်းရင်းသားတွင် လူမျိုးစု ၁၁ မျိုး၊ ချင်းတိုင်းရင်းသားတွင် လူမျိုးစု ၅၃ မျိုး၊ ဗမာတိုင်းရင်းသားတွင် လူမျိုးစု ၉ မျိုး၊ မွန်တိုင်းရင်းသားတွင် လူမျိုးစု ၁ မျိုး၊ ရခိုင်တိုင်းရင်းသားတွင် လူမျိုးစု ၇ မျိုး၊ ရှမ်းတိုင်းရင်းသားတွင် လူမျိုးစု ၃၃ မျိုး ပါရှိလေသည်။

## ၁။ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ

၂၀၀၈ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ တိုင်းရင်းသားရေးရာနှင့် ပတ်သက်သည့် ပြဋ္ဌာန်းချက်များကို သုံးသပ်ပါက ပုဒ်မ ၂၂ တွင် -

"နိုင်ငံတော်သည် -

(က) တိုင်းရင်းသားများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်။

(ခ) တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်မည်။

(ဂ) တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားရေးတိုးတက်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်မည်။

ပုဒ်မ ၃၈၇ တွင် -

"နိုင်ငံသားတိုင်းသည် ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေးနှင့် ပြည်သူတစ်ရပ်လုံး အေးချမ်းသာယာရေးတို့အတွက် ကြိုးပမ်းအားထုတ် ဆောင်ရွက်ရန် တာဝန်ရှိသည်" ဟု အတိအလင်းပြဋ္ဌာန်းပါရှိပါသည်။

ထို့ကြောင့် တိုင်းရင်းသားနှင့် မျိုးနွယ်စု ၁၃၅ မျိုးစလုံးသည် လူမျိုးကြီး လူမျိုးငယ် မခွဲခြား တန်းတူရည်တူ အေးအတူပူအမျှ သဟဇာတညီညွတ်စွာ နေထိုင်သော မြန်မာနိုင်ငံတော်ကြီးအဖြစ် ရည်မှန်းတည်ထောင်ထားကြသော နိုင်ငံတော်ဖြစ်ပါသည်။

## ၂။ တိုင်းရင်းသားရေးရာ တည်ဆဲဥပဒေများ

အခြေခံဥပဒေပါ တိုင်းရင်းသားရေးရာမူဝါဒဆိုင်ရာ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည် ဖော်ဆောင်ရန် အထောက်အကူပြုပေးမည့် ဥပဒေများကို ဥပဒေပြုအဖွဲ့အစည်းများနှင့် နိုင်ငံတော်အစိုးရက ပြဋ္ဌာန်း

အတည်ပြုပေးရသည်ဖြစ်ရာ တိုင်းရင်းသားရေးရာ အထွေထွေကိစ္စတို့နှင့်သက်ဆိုင်သော တည်ဆဲ အဓိကဥပဒေများမှာ -

- ၁၉၈၂ ခုနှစ်၊ မြန်မာနိုင်ငံသားဥပဒေ
(လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာနက စီမံခန့်ခွဲသည်)
- ၁၉၉၃ ခုနှစ်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ
(နယ်စပ်ရေးရာ ဝန်ကြီးဌာနက စီမံခန့်ခွဲသည်)
- ၂၀၁၅ ခုနှစ်၊ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ
(တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနက စီမံခန့်ခွဲသည်)
- ၂၀၁၅ ခုနှစ်၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ
(ယဉ်ကျေးမှုဝန်ကြီးဌာနက စီမံခန့်ခွဲသည်)
- ၂၀၁၅ ခုနှစ်၊ ရှေးဟောင်းအဆောက်အဦများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ
(ယဉ်ကျေးမှုဝန်ကြီးဌာနက စီမံခန့်ခွဲသည်)
- ၂၀၁၉ ခုနှစ်၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ
(ယဉ်ကျေးမှုဝန်ကြီးဌာနက စီမံခန့်ခွဲသည်)
- ၂၀၁၉ ခုနှစ်၊ စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ + Myanmar Copyright Act 1914
(စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စီမံခန့်ခွဲသည်) တို့ဖြစ်ကြပေသည်။

အဆိုပါ ဥပဒေများအနက် တိုင်းရင်းသားများ၏ ရိုးရာ စာ၊ စကား၊ ယဉ်ကျေးမှု၊ အနုပညာ အမွေအနှစ် အရပ်ရပ်များကို ထိမ်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းနှင့် သက်ဆိုင်သော သိသင့်သိမှတ်ဖွယ်ရာ ဥပဒေပြဋ္ဌာန်းချက် အချို့ကို ကောက်နုတ်ဖော်ပြလိုပါသည်။

၃။ **တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ** (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၈/၂၀၁၅)

ဤဥပဒေ ပုဒ်မ ၆ အရ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနကို ဖွဲ့စည်းခဲ့၍ ပြည်ထောင်စုအစိုးရအဖွဲ့တွင် ဝန်ကြီးဌာနအသစ်တစ်ခု ပေါ်ထွန်းလာခဲ့ပေသည်။

ဤဥပဒေပုဒ်မ ၂(ခ) တွင် **တိုင်းရင်းသားလူမျိုးများ** ဟူသည်ကို အောက်ပါအတိုင်း အနက်ဖွင့်ဆိုထားပေသည် -

'**တိုင်းရင်းသားလူမျိုးများ** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ပင်ရင်းနိုင်ငံအဖြစ် သတ်မှတ်၍ စဉ်ဆက်မပြတ် နေထိုင်ခဲ့ကြသော လူမျိုးများကို ဆိုသည်၊ ယင်းစကားရပ်တွင် နိုင်ငံသားပြုခွင့်ရသူများနှင့် ဧည့်နိုင်ငံသားများ မပါဝင်။'

ပုဒ်မ ၂(စ) တွင် **တိုင်းရင်းသားရေးရာ** ဟူသည်ကို အောက်ပါအတိုင်း အနက်ဖွင့်ဆိုထားပေသည် -

'**တိုင်းရင်းသားရေးရာ** ဆိုသည်မှာ တိုင်းရင်းသားတို့၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ကိုးကွယ်သည့်ဘာသာ၊ သမိုင်းအမွေအနှစ်၊ ငြိမ်းချမ်းရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများ ရရှိရေးတို့အပါအဝင် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး စသည့် ကိစ္စရပ်များကို ဆိုသည်။'

ပုဒ်မ ၄ တွင် တိုင်းရင်းသားများ၏ အခွင့်အရေးများကို ပြဋ္ဌာန်းထားရာတွင် စာပေ အနုပညာ ယဉ်ကျေးမှု ရေးရာများအတွက် အောက်ပါပြဋ္ဌာန်းချက်များ ပါရှိပေသည် -

'တိုင်းရင်းသားလူမျိုးများသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်လျှင် -

(က) မိမိတို့၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် ကိုးကွယ်သည့် ဘာသာသာသနာတို့ကို လွတ်လပ်စွာ ဆောင်ရွက်ခွင့် ရှိသည်။

(ခ) မိမိတို့၏ ရိုးရာတိုင်းရင်းဆေးပညာများ တိမ်ကောပပျောက်မှု မရှိစေရေးအတွက် ထိန်းသိမ်းခြင်း၊ ဖော်ထုတ်ခြင်းနှင့် ဖွံ့ဖြိုးတိုးတက်စေခြင်းတို့ကို ဆောင်ရွက်ခွင့် ရှိသည်။

(ဆ) မိမိတို့၏ ရှေးဟောင်းအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခွင့် ရှိသည်။

ပုဒ်မ ၂၂ တွင် ပြစ်မှုအနေဖြင့် -

'မည်သူမျှ ဤဥပဒေပါ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ပိတ်ပင်တားဆီးခြင်း မပြုရ' ဟူ၍ ပြဋ္ဌာန်းထားသည်။

ထိုပုဒ်မ ၂၂ ကို ချိုးဖောက်ပါက ပြစ်ဒဏ်အားဖြင့် တစ်နှစ်ထက်မပို ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်ဟု ပုဒ်မ ၂၃ တွင် ပြဋ္ဌာန်းထားပေသည်။

## ၄။ စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေ

(ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၅/ ၂၀၁၉)

ဤဥပဒေတွင် အခန်း ၂၄ ခန်း၊ ပုဒ်မ ၁၀၂ ခု ပါရှိရာ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အမွေအနှစ်တို့နှင့် ပတ်သက်သော ပြဋ္ဌာန်းချက်များကို ကောက်နုတ်လေ့လာရာတွင် -

**ရိုးရာထုံးတမ်း ဓလေ့အမွေအနှစ်** ကို ပုဒ်မ ၂၊ ပုဒ်မခွဲ (လ) တွင် အောက်ပါအတိုင်း ကျယ်ပြန့်စွာ အဓိပ္ပာယ်ဖွင့်ဆိုထားပေသည်။

၂(လ) **ရိုးရာထုံးတမ်း ဓလေ့အမွေအနှစ်** ဆိုသည်မှာ ထိတွေ့ကိုင်တွယ်၍ရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ရိုးရာယဉ်ကျေးမှုနှင့် အသိပညာများကို ဖော်ပြသော၊ ပြသသော၊ ပေါ်လွင်စေသော အောက်ပါဖော်ပြချက်တစ်ခုခု သို့မဟုတ် ယင်းတို့၏ ပေါင်းစပ်ဖော်ပြချက်များ ပါဝင်သော အသွင်ပုံစံတစ်ခုခုကို ဆိုသည် -

(၁) နှုတ်ရေးနှုတ်ရာ ဖော်ပြချက်များဖြစ်သော ပုံဝတ္ထုများ၊ ဝတ္ထုများ၊ ဒဏ္ဍာရီပုံပြင်များ၊ ကဗျာများ၊ စကားထာများနှင့် အခြားသော ဇာတ်ကြောင်းပြောခြင်းများ၊ စကားလုံးများ၊ အမှတ်အသားများ၊ အမည်နာမများနှင့် သင်္ကေတများ၊

(၂) ဂီတဆိုင်ရာ ဖော်ပြချက်များဖြစ်သော တေးသီချင်းများနှင့် ဂီတတီးလုံးများ၊

(၃) အပြုအမူဆိုင်ရာ ဖော်ပြချက်များဖြစ်သော အက၊ ပြဇာတ်၊ အခမ်းအနားများ၊ ဓလေ့ထုံးစံများ၊

(၄) ထိတွေ့ကိုင်တွယ်၍ရသော ဖော်ပြချက်များ (အနုပညာအရ သီးခြားဖန်တီးထုတ်လုပ်ခြင်းများ) ဖြစ်ကြသော ရေးဆွဲခြင်း၊ အလှဆင်ပြုလုပ်ထားသည့် ပုံစံလက်ရာ၊ ခန္ဓာကိုယ်ပေါ်တွင် ဆေးခြယ်ခြင်းအပါအဝင် ဆေးခြယ်ခြင်း၊ ပန်းပုထုခြင်း၊ ထုဆစ်သွန်းလုပ်ခြင်း၊ အိုးထိန်းအတတ်ပညာဖြင့် ပြုလုပ်သည့် လက်ရာ၊ ကြွေထည်၊ မြေထည်၊ ရောင်စုံဖလ်မှန် သို့မဟုတ် ကျောက်မျက်ရတနာများဖြင့် စီခြယ်ခြင်း၊ သစ်သားဖြင့် ပြုလုပ်သည့် လက်ရာ၊ သတ္တုထည်၊ လက်ဝတ်ရတနာ၊ ကျောက်ပုံနှိပ်ခြင်း၊ ရက်လုပ်ခြင်းပြုထားသည့် လက်ရာ၊ ဇာပန်းထိုးပြုလုပ်သည့်လက်ရာ၊ အဝတ်အထည်များ၊ ဖန်ထည်များ၊ ရှေးခေတ်ဝတ်စုံများ၊ လက်မှုပစ္စည်းများ၊ တူရိယာပစ္စည်းများနှင့် ဗိသုကာပုံစံများ၊ ရိုးရာအမွေအနှစ် လက်ရေးစာများဖြစ်သော ပေစာ၊ ပုရပိုက်စာ၊ ကျောက်စာ၊ အုတ်ခွက်စာ၊ ခေါင်းလောင်းစာ၊ နံရံဆေးရေး မင်စာများ။

စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေ၏ ရည်ရွယ်ချက် ၄ ချက်ကို ပုဒ်မ ၃ တွင် ဖော်ပြထားရာ၌ ပုဒ်မခွဲ (ဃ) တွင် ရိုးရာဓလေ့အမွေအနှစ် ဖော်ပြချက်များကို ကာကွယ်မြှင့်တင်နိုင်ရေးအတွက် အထောက်အကူဖြစ်စေရန်ဟု ထည့်သွင်းဖော်ပြထားသည်။

ပုဒ်မ ၁၃ အရ မူလဖန်တီးမှုများဖြစ်သည့် စာပေနှင့် အနုပညာလက်ရာများကို အကာအကွယ်ပေးရမည် ဖြစ်ပေသည်။ ထိုသို့အကာအကွယ်ပေးသည့် လက်ရာများအနက် ပုဒ်မ ၁၃၊ အပိုဒ်ခွဲ (ဆ) တွင် ရိုးရာထုံးတမ်းဓလေ့အမွေအနှစ်များကို ထပ်ဆင့်ထည့်သွင်း ဖော်ပြထားသည်။

ပုဒ်မ ၁၅၊ ပုဒ်မခွဲ (ခ) အရ ရိုးရာဓလေ့အမွေအနှစ်ဖော်ပြချက်များကို စုပေါင်းခြင်းအပါအဝင် စာပေ သို့မဟုတ် အနုပညာလက်ရာများကို စုပေါင်းခြင်းတို့ကိုလည်း ဤဥပဒေက အကာအကွယ်ပေးရမည်ဟု ပြဋ္ဌာန်းထားလေသည်။

စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေအရ မူပိုင်ခွင့်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရာတွင် မူပိုင်ခွင့်အေဂျင်စီလက်အောက်ရှိ မူပိုင်ခွင့်ဦးစီးဌာနတို့တွင် မှတ်ပုံတင်ခြင်းဖြင့် အကာအကွယ်ရယူနိုင်သော်လည်း ပုဒ်မ ၄၅ နှင့် ၅၄ တို့အရ စာပေနှင့် အနုပညာအသီးသီးကို မူပိုင်ရှင်က မှတ်ပုံတင်ခြင်းကို မလုပ်မနေရ မဟုတ်ကြောင်း မှတ်သားသင့်ပေသည်။

ဤဥပဒေတွင် နိုင်ငံတကာက စာပေအနုပညာ မူပိုင်ခွင့် Copyright နယ်ပယ်တွင် လက်တွေ့အောင်မြင်စွာ ကျင့်သုံးလျက်ရှိနေသော စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း Collective Management Organization CMO ဖြင့် မူပိုင်ခွင့်ပိုင်ရှင်များ၏ အကျိုးထိခိုက်နစ်နာခြင်းများမှ ကာကွယ်စောင့်ရှောက်သည့် စနစ်ကို အခန်း (၁၉) တွင် ထည့်သွင်း ပြဋ္ဌာန်းထားပေသည်။ ထိုအဖွဲ့အစည်းများနှင့် ပတ်သက်သည့် ပုဒ်မ ၆၀၊ ၆၁ နှင့် ၆၂ တို့မှ ကောက်နုတ်ဖော်ပြရလျှင် -

- သက်ဆိုင်ရာ ယဉ်ကျေးမှု အနုပညာ ကဏ္ဍအလိုက် ဖွဲ့စည်းနိုင်သည်။
- မူပိုင်ခွင့်အေဂျင်စီထံ လျှောက်ထားလျက် ဖွဲ့စည်းရမည်။
- အမြတ်အစွန်းအတွက် မရည်ရွယ်ရ။
- အနုပညာတစ်ရပ်အတွက် အခွင့်အရေးပိုင်ရှင်က အပ်နှံမှသာ ဆောင်ရွက်ခွင့်ရှိသည်။
- စာပေအနုပညာ လက်ရာများကို လက်ခံခြင်း၊ အသုံးပြုသူထံမှ အခကြေးငွေကောက်ခံခြင်း၊ ခွဲဝေပေးခြင်း ပြုနိုင်သည်။
- မူပိုင်ခွင့်ပိုင်ရှင်အတွက် အခွင့်အရေးရရှိရန်၊ အခွင့်အရေးအကာအကွယ်ပေးရန် စေ့စပ်ညှိနှိုင်းပေးနိုင်သည်။
- စာပေအနုပညာလက်ရာများကို စုဆောင်းထိန်းသိမ်းခြင်း ပြုနိုင်သည်။
- ပြည်ပ CMO များနှင့်ဆက်သွယ်၍ မူပိုင်ခွင့်ရေးရာ အကူအညီရယူခြင်း အကူအညီပေးခြင်း ပြုနိုင်သည်။
- ဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အေဂျင်စီတို့က ထုတ်ပြန်သော စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်များကို လိုက်နာရမည်။

ရိုးရာဓလေ့အမွေအနှစ် ဖော်ပြချက်များ သို့မဟုတ် တိုင်းရင်းသားစာပေအနုပညာ မူပိုင်ခွင့်များသည် လူပုဂ္ဂိုလ်တစ်ဦးချင်းပိုင် ပစ္စည်းမဟုတ်ဘဲ သက်ဆိုင်ရာ တိုင်းရင်းသား လူ့အဖွဲ့အစည်းတစ်ရပ်လုံးက စုပေါင်းပိုင်ဆိုင်သည့် ပစ္စည်းဖြစ်လေသည်။ ကာကွယ်စောင့်ရှောက်ခြင်း၊ အရေးဆိုရခြင်းများ ပေါ်ပေါက်လာလျှင်လည်း တစ်ဦးချင်း တစ်ယောက်ချင်းထက် သက်ဆိုင်ရာ တိုင်းရင်းသားရေးရာ အဖွဲ့အစည်းတစ်ရပ်ရပ်က ရပ်တည်ဆောင်ရွက်ပေးရမည် ဖြစ်ပေသည်။ ယင်းအဖွဲ့အစည်းတွင်လည်း သက်ဆိုင်ရာ ရိုးရာပိုင်ဆိုင်မှုအတွက် ခိုင်မာသော မူဝါဒ၊ သမိုင်းအချက်အလက် သက်သေအထောက်အထားများ ပြုစုထိန်းသိမ်းထားရန် လိုအပ်ပေသည်။ အဖွဲ့အစည်းကို ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်တကွ သက်ဆိုင်ရာ အာဏာပိုင် သို့မဟုတ် ဌာနများတွင် မှတ်ပုံတင်ထားနိုင်လျှင် ပိုမိုခိုင်မာပေမည်။ အဖွဲ့၏ အမှုဆောင်များအပြင် ကျွမ်းကျင်သူများ၊ အကြံပေးများလည်း ပါရှိသင့်ပေသည်။ တစ်ချိန်ချိန်တွင် စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေ စတင်အာဏာသက်ရောက်လာသောအခါ ယင်းအဖွဲ့အစည်းများသည် CMO အဖြစ် ထိရောက်သော အခန်းကဏ္ဍမှာ ပါဝင်လာရပေတော့မည် ဖြစ်ပါသည်။

ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ကြီး ဝိုင်ပို WIPO နှင့် ယူနက်စကို UNESCO အဖွဲ့တို့၏ သဘောထားများအရ ရိုးရာယဉ်ကျေးမှု အမွေအနှစ်ကို တစ်ဖက်က ထိန်းသိမ်းစောင့်ရှောက်ရသလို တစ်ဖက်က ယင်းကို Prior Art အဖြစ် အခြေခံ၍ ခေတ်မီအောင် တီထွင်ဆန်းသစ်မှုကိုလည်း အားပေးရန်ဖြစ်သည်။ ယင်းဘက်နှစ်ဘက်ကို မျှတစွာ ချိန်ညှိ၍ ကာကွယ်စောင့်ရှောက်ပေးရန် တိုက်တွန်းသည်။ တစ်နည်းအားဖြင့် အရိုးကို အရွက်မဖုံးအောင်နှင့် စိတ်ကူးဉာဏ် ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အားပေးရန် လိုလားပေသည်။

## ၅။ တိုင်းရင်းသားစာပေအနုပညာဆိုင်ရာ လက်တွေ့အဖြစ်အပျက်အချို့

ကချင်ပြည်နယ်မှ ရဝမ်အမျိုးသားရိုးရာ အဆင်ဒီဇိုင်းအဆင်တစ်မျိုးကို အများပိုင်လား သူပိုင်ငါပိုင်လား အငြင်းပွား၍ တရားတဘောင်ဖြစ်ခဲ့ရာ မန္တလေးရုံးထိုင် တရားလွှတ်တော်ချုပ်က မူရင်းအဝတ်အဆင်သည် ရဝမ်တစ်မျိုးသားလုံးပိုင်ဆိုင်သော ရိုးရာပစ္စည်းမှန်သော်လည်း ယင်းအပေါ်အခြေခံ၍ တစ်ဦးတစ်ယောက်က မိမိစိတ်ကူးစိတ်သန်းဖြင့် ထပ်ဆင့်တိုးတက်အောင် တီထွင်ဖန်တီးထားလျှင် ထိုသူကိုယ်ပိုင်ဖြစ်သွားကြောင်း ၂၀၁၀ ခုနှစ်က ဆုံးဖြတ်ခဲ့လေသည်။

မြန်မာရိုးရာမင်းသားဝတ်စုံ အဆင်တန်ဆာကို သရုပ်ဆောင်အဆိုတော်တစ်ဦး ပုံပျက်ပန်းပျက် ဆန်းသစ်ဝတ်ဆင်နေသဖြင့် မြန်မာ့သဘင်ပညာရှင်အစည်းအရုံးက တားမြစ်ပိတ်ပင်ခဲ့ရဖူးသည်။

မကြာမီကလည်း ကချင်အမျိုးသားဝတ်လုံချည်အဆင်ကို အမျိုးသမီးဝတ် အဆင်ဒီဇိုင်းများအဖြစ် ထုတ်လုပ်ရောင်းချနေသဖြင့် ကချင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့က ကန့်ကွက်တားမြစ်ခဲ့သည်။

၂၀၁၆ ခုနှစ်က ရခိုင်ယဉ်ကျေးမှု သရုပ်ဖော် ဗုဒ္ဓပူဇနိယသီချင်းနှင့် ယိမ်းအကများကို ဟိုတယ်များ၊ အရက်ဆိုင်များ၊ ကေတီဗွီများတွင် ဖြစ်ကတတ်ဆန်း သီဆိုကခုန်နေကြသဖြင့် ရခိုင်စာပေနှင့် ယဉ်ကျေးမှု ကော်မတီ (ရန်ကုန်) က တရားဝင် ကြေညာချက်ထုတ်ပြီး တားမြစ်ခဲ့ရသည်။ ထိုကြေညာချက်အပြည့်အစုံကို လေ့လာသုံးသပ်နိုင်ရန် ဖော်ပြပေးလိုက်ရပါသည်။

**'ရခိုင်ဗုဒ္ဓပူဇနိယတေးသီချင်းနှင့် ရခိုင်ရိုးရာ ဆီမီးခွက်ယိမ်းအကတို့နှင့် ပတ်သက်၍ ကြေညာချက် ထုတ်ပြန်ခြင်း'**

ရက်စွဲ။ ၂၀၁၆ ခုနှစ်၊ ဖေဖေါ်ဝါရီလ၊ (၁၅) ရက်။

၁။ **'အို - - မဟာမုနိဘဂဝါ'** အစချီသော ဗုဒ္ဓပူဇနိယသီချင်းကို ရခိုင်ဂီတစာဆိုရှင် ဦးဦးဘသာ (ရက္ကန်း) က ၁၉၆၅ ခုနှစ်ခန့်က ရေးသားသီကုံးစပ်ဆိုခဲ့ပြီး ရခိုင် ရိုးရာယဉ်ကျေးမှုအဖွဲ့က ၁၉၆၆ ခုနှစ်၊ ပြည်ထောင်စုနေ့ အခမ်းအနား (တောင်ကြီးမြို့) တွင် ယင်းသီချင်းကို ရခိုင်ရိုးရာ ဆီမီးခွက်ယိမ်းအက အဖြစ် သရုပ်ဖော်ကပြခဲ့ရာမှ အလွန်ကျော်ကြား ထင်ရှားလာခဲ့ပါသည်။

၂။ ယင်းတေးသီချင်းနှင့် ယိမ်းအကသည် မြတ်စွာဘုရားရှင်အမှူးပြုသော အနန္တောအနန္တငါးပါးအား ရှိခိုးပူဇော်ကန်တော့သော ဓမ္မပူဇာတေးဖြစ်သည့်အပြင် ရခိုင်ရိုးရာ ပန်းကျင်းစည်တော်များ၊ ရခိုင်ရိုးရာ ဝတ်စုံအပြည့် ဆင်ယင်သော ယိမ်းသူ ယိမ်းသားများဖြင့် ဂန္ထဝင်မြောက်စွာ သီဆိုတီးမှုတ်ကခုန်ခြင်းကြောင့်လည်းကောင်း၊ ရခိုင်ဘာသာစကား၊ ရခိုင်ကိုယ်ပိုင် တေးသွားသံစဉ်နှင့် ရခိုင့်ကိုယ်ပိုင်ဟန်ပန်ကကွက်များဖြင့် ဖန်တီးထားမှုကြောင့်လည်းကောင်း၊ အခြားမည်သည့်လူမျိုးတို့နှင့်မျှမတူ ကွဲပြားခြားနားသော အသွင်လက္ခဏာ ဂုဏ်အင်္ဂါ အပြည့်အဝ ပါရှိနေပါသည်။ ထို့ကြောင့် ရခိုင်တစ်မျိုးသားလုံး၏ ကိုယ်ပိုင်ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အမြတ်တနိုးတန်ဖိုးထားလျက် ရခိုင်ရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ ရခိုင်လူမှုရေး အဖွဲ့အစည်းများက ဘာသာရေးနှင့် ဆက်နွယ်သော ပွဲလမ်းသဘင်နှင့် အခမ်းအနားများတွင် နှစ်ကာလ ရှည်ကြာစွာကပင် ယနေ့တိုင် စဉ်ဆက်မပြတ် သီဆိုကခုန်တင်ဆက်လျက် ရှိကြပါသည်။

၃။ ထို့ကြောင့် အဆိုပါ ဗုဒ္ဓပူဇနိယတေးသီချင်းနှင့် ယိမ်းအကတို့ကို ရခိုင်တိုင်းရင်းသားတစ်ရပ်လုံးက ပိုင်ဆိုင်သော ရိုးရာယဉ်ကျေးမှုဓလေ့ဆိုင်ရာ သို့မဟုတ် ဂန္ထဝင်အနုပညာအမွေအနှစ်ဆိုင်ရာ အသိပညာ အတတ်ပညာ (Traditional Knowledge) (TK) အဖြစ် အများသဘောတူဆန္ဒဖြင့် တရားဝင်သတ်မှတ်လိုက်ကြောင်းနှင့် ယင်းတေးသီချင်းနှင့် ယိမ်းအကကို ရခိုင်အမျိုးသားထုတစ်ရပ်လုံး၏ မူပိုင်ရိုးရာယဉ်ကျေးမှု၊ ဂန္ထဝင်အနုပညာ အမွေအနှစ် (TK) အနေဖြင့် ဥပဒေနှင့်အညီ ထိရောက်စွာ ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြမည်ဖြစ်ကြောင်း အများသူငါ အားလုံး သိရှိကြစေရန် ကြေညာလိုက်ပါသည်။

၄။ သို့ဖြစ်ရာ မည်သူမဆို အဆိုပါ ဗုဒ္ဓပူဇနိယတေးသီချင်းနှင့် ယိမ်းအကတို့ကို သီဆိုဖြေဖျော်ရာတွင် အောက်ပါသတ်မှတ်ချက်များနှင့်အညီ မပျက်မကွက် လိုက်နာဆောင်ရွက်ကြရန် အသိပေးကြေညာအပ်ပါသည် -

(က) ထေရဝါဒဗုဒ္ဓဘာသာကို အရင်းခံလျက် အနန္တောအနန္တငါးပါးနှင့် အကျုံးဝင်သည့် အခမ်းအနား ပွဲလမ်းသဘင်မျိုးတွင်သာ သီဆိုကပြရန်၊

(ခ) အခမ်းအနားပွဲလမ်းသဘင်၏ ဖျော်ဖြေမှုအစီအစဉ်တွင် အလျှင်ဦးဆုံး ထည့်သွင်းရန်၊

(ဂ) ရခိုင်ရိုးရာဝတ်စုံအပြည့်အစုံ ဝတ်ဆင်ကာ ဆီမီးခွက်အစစ် သို့မဟုတ် ဆီမီးခွက်သဏ္ဍာန်မီးတစ်မျိုးမျိုးဖြင့် သီဆိုကပြရန်၊

(ဃ) သင့်တင့်လျောက်ပတ်သော စင်မြင့်နေရာပေါ်တွင်သာ သီဆိုကပြရန်၊

(င) ဦးဦးဘသာ (ရက္ကန်း) ရေးသားသီကုံးသော ရခိုင်ဂန္ထဝင် ဓမ္မပူဇာတေးသီချင်းဖြစ်ကြောင်းနှင့် ရခိုင်တိုင်းရင်းသား ရိုးရာအကဖြစ်ကြောင်း ကပြတင်ဆက်မှုမပြုမီ လူသိရှင်ကြားကြေညာပေးရန်၊

(စ) မူရင်းသံစဉ်နှင့် မူရင်းစာသားများကို ပြုပြင်ပြောင်းလဲခြင်း လုံးဝမပြုလုပ်ရန်၊
(ဆ) မူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ရခိုင်ယဉ်ကျေးမှုကော်မတီက အခါအားလျော်စွာ လိုအပ်သဖြင့် ထုတ်ပြန်ကြေညာသော သတ်မှတ်ချက်နှင့်အညီသာ အသုံးပြုရန်။

၅။ ဖော်ပြပါ ဗုဒ္ဓပူဇနိယသီချင်းကို ရခိုင်ဂီတစာဆိုရှင် ဦးဦးဘသာ (ရက္ခန်း) က ၁၉၆၅ ခုနှစ်ခန့်တွင် ရေးသားသီကုံး စပ်ဆိုခဲ့ကြောင်းကို ရခိုင်ယဉ်ကျေးမှုနှင့် ဂီတအနုပညာရှင်များ၊ ရှေးမီနောက်မီပုဂ္ဂိုလ်များက စုဝေးဆွေးနွေးကြကာ အထောက်အထား အခိုင်အမာဖြင့် အတည်ပြုခဲ့ကြပြီး ဖြစ်ပါသည်။

၆။ ၁၉၇၅ ခုနှစ်တွင် ဦးဦးဘသာ (ရက္ခန်း) ကွယ်လွန်အနိစ္စရောက်ခဲ့ပြီးနောက် ကျန်ရစ်သူ ဇနီး ဒေါ်စောညွန့်နှင့် မိသားစုက ယင်းတေးသီချင်း၏ အနုပညာရေးရာမူပိုင်ခွင့် (Copyright) ကို တည်ဆဲ မြန်မာနိုင်ငံမူပိုင်ခွင့်အက်ဥပဒေအရ ယနေ့တိုင်အောင် ရရှိပိုင်ဆိုင်လျက်ရှိပါသည်။ ထို့ကြောင့် မည်သူမဆို ယင်းတေးသီချင်းနှင့် ယိမ်းအကကို အနုပညာအခြေပြုစီးပွားရေးကိစ္စ တစ်ရပ်ရပ်အတွက် မည်သည့်နည်းလမ်းဖြင့်မဆို သုံးစွဲလိုပါက ဦးဦးဘသာ (ရက္ခန်း)၏ သက်ရှိထင်ရှား ဇနီး ဒေါ်စောညွန့်နှင့် မိသားစု သို့မဟုတ် ယင်းတို့က လွှဲအပ်တာဝန်ပေးထားသူ၏ ကြိုတင်ခွင့်ပြုချက်ကို မဖြစ်မနေ ရယူရန်လည်းကောင်း၊ ထိုသို့မရယူဘဲဖြစ်စေ၊ ခွင့်မပြုဘဲဖြစ်စေ လုံးဝမသုံးစွဲကြရန်လည်းကောင်း လေးနက်စွာ အသိပေးကြေညာအပ်ပါသည်။

၇။ ဖော်ပြပါ ဗုဒ္ဓပူဇနိယသီချင်းနှင့် ပတ်သက်၍ တေးရေးသူ၏ အမည်ကိုဖြစ်စေ၊ တေးခေါင်းစဉ်၊ စာသားအားလုံး သို့မဟုတ် တစ်စိတ်တစ်ဒေသကိုဖြစ်စေ လွဲမှားစွာ ဖော်ပြရေးသားခြင်း၊ ပြုပြင်ပြောင်းလဲခြင်း၊ တေးရေးသူ၏ ဂုဏ်သိက္ခာ အခွင့်အရေးကို ထိခိုက်ညှိုးနွမ်းအောင်ပြုလုပ်ခြင်း၊ ခွင့်ပြုချက်မရရှိဘဲ စီးပွားရေး အကျိုးငှာ တစ်နည်းနည်းသုံးစွဲခြင်း၊ ရခိုင်တိုင်းရင်းသားများ၏ ဂန္ထဝင်အမွေအနှစ်ကို အလွဲသုံးစားပြုခြင်း၊ သတ်မှတ်တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း စသည်တို့ကို ကျူးလွန်ခဲ့ပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေးနက်စွာ သတိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| ဒေါ်စောညွန့် | ရခိုင်စာပေနှင့် |
| (ဦးဦးဘသာ (ရက္ခန်း) ၏ | ယဉ်ကျေးမှုကော်မတီ |
| မူပိုင်ခွင့်ဆက်ခံသူ) | (ရန်ကုန်) |

### ၆။ တစ်ဦးချင်းမက အားလုံး၏ အရေးအရာ

အထက်တွင် ဖော်ပြသကဲ့သို့ တိုင်းရင်းသားရေးရာ ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်စောင့်ရှောက်ခြင်းသည် အစိုးရအဖွဲ့သာမက တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အရေးအရာ တာဝန်တစ်ရပ်ဖြစ်သည်ကို သဘောပေါက်စေလိုပါသည်။ ယင်းသည် ကိုယ့်ပြည်တွင်းရေးရာသာမက တစ်ခါတစ်ရံ ပြည်ပက အလွဲသုံးစားပြုခြင်း၊ ပြည်ပက သူတို့ပိုင်အဖြစ် သတ်မှတ်ကြေညာခြင်းများ ဖြစ်ပေါ်တတ်သဖြင့် နိုင်ငံအချင်းချင်း၊ လူမျိုးအချင်းချင်း စစ်မက်ရန်မီးပင် ဖြစ်ပွားနိုင်ပါသည်။

ဤအကြောင်းအရာနှင့် ပတ်သက်၍ ပိုမိုအသေးစိတ်လေ့လာလိုပါလျှင် WIPO က ထုတ်ဝေသော IP, TK & TCE/Folklore; A Guide for Countries in Transition စာစောင်နှင့် အောက်ပါ နိုင်ငံတကာ သဘောတူစာချုပ်များကို ဖတ်ရှုမှတ်သားနိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

- International Covenant on Civil and Political Rights, 1966
- ILO Convention on Indigenous and Tribal Peoples, 1989,
- UNESCO Recommendation on Safeguarding of Traditional Culture and Folklore, 1989
- Convention on Biodiversity, 1992 and Nagoya Protocol, 2010
- International Convention for the Safeguarding of the Intangible Cultural Heritage, 2003
- Universal Declaration on Bioethics and Human Rights, 2005
- Convention on the Protection and Promotion of the Diversity of Cultural Expressions, 2005
- United Nations Declaration on the Rights of Indigenous Peoples, 2007

ဦးသန်းမောင် (စစ်တွေ)
တရားလွှတ်တော်ရှေ့နေ

# တစ်ခါတုန်းက ဒုက္ခ ဆိုတာ အခုတော့ လွမ်းစရာ

ကောင်းသန့်

ဒီနေ့ စာအုပ်စင်ထဲက စာအုပ်တစ်အုပ်ဆွဲထုတ်ပြီး ဖတ်မိတယ်။

လွန်ခဲ့တဲ့ (၁၆) နှစ်ကျော်လောက်က ရေးသားထုတ်ဝေခဲ့တဲ့ '**မေ့မရသောအတိတ်များ**' ဆိုတဲ့ စာအုပ်ပေါ့။

အဲဒီစာအုပ်ဟာ ကျွန်တော့်ရဲ့ ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိစာအုပ်ဆိုလည်း မမှားဘူး။

ရန်ကုန်တိုင်း အစွန်မှာရှိတဲ့ ဥက္ကံဆိုတဲ့မြို့လေးက ဆင်းဆင်းရဲရဲ ကောင်လေးတစ်ယောက်ရဲ့ အောင်မြင်မှုဘဝခရီးကြမ်း မှတ်တမ်းစာအုပ်လို့လည်း ဆိုနိုင်ပါတယ်။

အဲ့ဒီစာအုပ်မှာ စာပေခရီးနဲ့ ဘဝခရီးဆိုပြီး နှစ်ပိုင်းရေးထားတယ်။

စာပေခရီးမှာ မူလတန်းအရွယ် ငယ်ငယ်ကတည်းက စာတွေဖတ်မှတ်ပြီး ရူးသွပ်ခဲ့တဲ့ ကောင်လေးတစ်ယောက် အကြောင်းပေါ့။ (၈) တန်းကျောင်းသားဘဝမှာ ဖလင်စတားစာစောင်ထဲ ကဗျာလေးတစ်ပုဒ် ပါဖူးတာနဲ့ပဲ စာရေးဆရာ ကဗျာဆရာ ဖြစ်ချင်ခဲ့တဲ့သူပေါ့။

စာစောင် မဂ္ဂဇင်းစာမူ ပါဖူးတာနဲ့ စာရေးဆရာ လွယ်လွယ်ဖြစ်မယ် ထင်ခဲ့ဖူးတာပေါ့။ တကယ်တမ်းစာရေးဆရာဖြစ်ဖို့ ကြိုးစားတဲ့အခါမှာတော့ အတော်မလွယ်ဘူးဆိုတာ သိလိုက်ရတယ်။

မဂ္ဂဇင်းမှာ ကိုယ့်စာမူလေးပါဖို့တောင် အတော်ကြိုးစားအားထုတ်ရတယ်။ တစ်ပုဒ်ပါဖို့ အပုဒ်ပေါင်းများစွာ အပယ်ခံခဲ့ရတယ်။

စာရေးခြင်းနဲ့ အသက်မွေးဝမ်းကျောင်းပြုနိုင်တဲ့ စာရေးဆရာဖြစ်ဖို့ နှစ်ပေါင်း ၂၆ နှစ်ကျော် ကြိုးစားရုန်းကန်ရတယ်။



မဂ္ဂဇင်းမှာ တစ်နှစ်တစ်ပုဒ် နှစ်ပုဒ်ပါနေတဲ့ဘဝကို နှစ်ပေါင်းများစွာ ဖြတ်သန်းခဲ့ရတယ်။

နောက်ဆုံး ကောင်းသန့် ကလောင်နာမည်ပြောင်း ရေးတော့မှ အောင်မြင်ရေးလမ်းကြောင်းပေါ် ရောက်လာတယ်။

၁၉၉၉ ခုနှစ်အတွက် အိပ်မက်အလွမ်း ဝတ္ထုရှည်နဲ့ အမျိုးသားစာပေဝတ္ထုရှည်ဆု ရခဲ့တယ်။

၂၀၁၄ ခုနှစ်အတွက် ဝေသီမြင့်မားသော တောင်ထိပ်များပေါ်မှ တစ်ခုသောပန်းဉယျာဉ် (English Version) နဲ့ ထွန်းဖောင်ဒေးရှင်း လူငယ်စာပေဆုရခဲ့တယ်။

လွယ်လွယ်နဲ့ အောင်မြင်ခဲ့တာတော့ မဟုတ်ဘူး။ အဲဒီလို ဝတ္ထုရှည်နဲ့ဆုတွေရပေမဲ့ လူအများစုသိတာကတော့ သမီးလေးဖတ်ဖို့ ဒဿနစကားစုများစာအုပ်နဲ့ လူသိထင်ရှားဖြစ်ခဲ့တယ်။

ဘဝခရီးမှာတော့ အထက်တန်းပြ၊ အလယ်တန်းကျောင်းအုပ်၊ ရန်ကုန်တက္ကသိုလ် (ဗိုလ်တထောင်နယ်မြေ) မှာ နိုင်ငံရေးနည်းပြ၊ ရန်ကုန်ဆရာအတတ်သင်သိပ္ပံ အင်္ဂလိပ်စာဌာန လက်ထောက်ကထိက တာဝန်တွေနဲ့ ၁၉ နှစ်တိုင်တိုင် ဝန်ထမ်းဘဝမှာအနေကြာခဲ့သေးတယ်။

မှတ်မှတ်ရရ ချင်းပြည်နယ်၊ လိုင်တွီးရွာမှာ အလယ်တန်းကျောင်းအုပ်ဘဝနဲ့ ဘဝရဲ့စိတ်ပျက်ငြီးငွေ့ စိတ်ဓာတ်ကျစရာကြုံခဲ့တယ်။

အင်မတန် ဈေးရှားတဲ့နေရာမှာ တစ်နေ့ကို ဘာလီပုံးတစ်ပုံးနဲ့ ချက်ပြုတ်ဆေးကြော သောက်သုံးလျှော်ဖွပ်၊ အိမ်သာဆေးတဲ့အထိ သုံးခဲ့ရတယ်။

ထမင်းအိုးတစ်အိုးကို မီးခိုးတလူလူနဲ့ ချက်ပြုတ်ခဲ့ရပြီး ဂေါ်ရခါးသီး၊ မုန့်ညင်းနဲ့ နေ့ပေါင်းလပေါင်းများစွာ စားခဲ့ရတယ်။

မနက် ၈ နာရီ တီးတိန်ကစထွက်ရင် ညနေ ၅ နာရီ ရွာရောက်တဲ့အထိ တစ်နေကုန် ခြေကျင်လျှောက်ခဲ့ရတယ်။ ပေပေါင်း ၅၂၆၀ ကျော်မြင့်တဲ့ တောင်ပေါ်ကဆင်း၊ မဏိပူရမြစ်ကိုဖြတ်၊ ၅၂၆၀ ကျော်ပြန်တက်။ တောင်ကိုးလုံးကို ဖြတ်ကျော်ပြီးမှ ရွာကိုရောက်ရတယ်။

မြန်မာစာမတတ်တဲ့သူတွေ မြန်မာစာ ကောင်းကောင်းမပြောတတ်တဲ့ ကလေးတွေကို မြန်မာစာ၊ သမိုင်း၊ အင်္ဂလိပ်စာ သင်ပေးခဲ့ရတယ်။

တယ်လီဖုန်းမရှိ၊ စာတစ်စောင်ထည့်လျှင် တစ်လကြာမှရောက်တဲ့နေရာမှာ ဧည့်မရှိ၊ ဆွေမျိုးမရှိ၊ အထီးကျန်တစ်ယောက်တည်း နေခဲ့ရတယ်။

စိတ်ဓာတ်အခါခါကျလို့ ဖတ်စရာစာအုပ်မရှိတဲ့ အရပ်မှာ ဘဝကို ကျေနပ်စွာနေတတ်ဖို့ မနည်းအားတင်းထားခဲ့ရတယ်။

ဘဝအားမာန်နဲ့ ရုန်းကန်နိုင်ခဲ့လို့ အောင်မြင်မှုပန်းတိုင်ကို လှမ်းကိုင်နိုင်ခဲ့တယ်။

သေချာပြန်တွေးကြည့်တော့ ဘဝအခက်အခဲတွေ တွေ့ကြုံခဲ့ရတဲ့အခါ စိတ်ဓာတ်ခိုင်ခိုင်မာမာနဲ့ ကြံ့ခိုင်ခဲ့လို့ အခက်အခဲတွေက လွန်မြောက်ခဲ့ရတယ်။

ငယ်ငယ်က ကိုယ်ဖြစ်ချင်တဲ့ စာရေးဆရာဘဝကို စိတ်ဆန္ဒပြင်းပြင်းနဲ့ ဆက်ကြိုးစားနိုင်ခဲ့လို့ အခုလိုအခြေအနေရောက်ခဲ့တယ်။

**တကယ်တော့ အောင်မြင်မှုဆိုတာ လမ်းဘေးကဈေးပေါပေါနဲ့ ဝယ်လို့ရတဲ့ ခပ်ညံ့ညံ့ပစ္စည်းမျိုးမဟုတ်ဘူး။ ထိုက်တန်တဲ့ ရင်းနှီးမြှုပ်နှံမှု၊ ကြိုးပမ်းအားထုတ်မှုတွေနဲ့ အလဲအထပ်လုပ်ယူရတဲ့ တန်ဖိုးကြီးပစ္စည်းပါ။**

အောင်မြင်မှုရဖို့ ကြိုးပမ်းအားထုတ်စဉ်ကာလမှာ ကူညီမယ့်သူ ဟုတ္တိပတ္တိမတွေ့ဘူး။ လှောင်ပြောင်ပြက်ရယ်ပြုမယ့်သူတွေ၊ သံသယမျက်လုံးတွေနဲ့ ဒေါက်ထောက်ကြည့်နေကြတဲ့ မနှစ်မြို့ဖွယ်ရာလူတွေကိုပဲ တွေ့ခဲ့ရတာပါ။

မျှော်လင့်သလိုဖြစ်မလာဘဲ သူဖြစ်ချင်သလို ဖြစ်နေခဲ့တာကို ကိုယ့်အတွက် အကောင်းဆုံးအခြေအနေဖြစ်အောင် ကြိုးပမ်းအားထုတ်နိုင်ဖို့ပဲ အရေးကြီးပါတယ်။

ဘာပဲပြောပြော နဖူးတွေ့ဒူးတွေ့ ရင်ဆိုင်ခဲ့ရတဲ့ ပြဿနာပေါင်း သောင်းခြောက်ထောင်ဟာ အခုတော့ လွမ်းစရာတွေဖြစ်ခဲ့ပေါ့။

ချင်းတောင်တန်းပေါ်မှာ နံနက်စောစောထ၊ တိမ်ညွှန့်တွေစားပြီး လတ်ဆတ်တဲ့ လေကောင်းလေသန့် ရှူရှိုက်ခဲ့ရတာတွေ၊ မြန်မာစကား မတတ်တတတ်နဲ့ ဆရာ့စကားလေးစားလိုက်နာတဲ့ တပည့်လေးတွေရယ်၊ ဘာသာမတူ စကားမတူပေမဲ့ နှလုံးသားချင်း ဂျက်ပင်ထိုးပြီး ဆွေမျိုးရင်းချာပမာ ပေါင်းသင်းရင်းနှီးခဲ့တဲ့ တိုင်းရင်းသား ချင်းမိတ်ဆွေတွေရယ်။ ကျောင်းဆင်းပြီး ညနေစောင်း ချယ်ရီပင်အောက်မှာ ရေနွေးကြမ်းခွက်နဲ့ အေးအေးချမ်းချမ်း စာဖတ်ခဲ့ရတာလေးတွေကို ခုထိလွမ်းနေဆဲပါပဲ။

**တစ်ခါတုန်းက ဒုက္ခတွေဟာ အခုတော့ အမှတ်ရလွမ်းစရာတွေဖြစ်ခဲ့တာဟာ အင်မတန်ရိုးရှင်းတဲ့ သဘာဝတရားတစ်ခုပါပဲ။**

ကောင်းသန့်

# ငှောက်ဒေါ်

# နာဂ

မနသဃကျော်ဝင်း



နာဂတောင်တန်းသည် မြန်မာပြည်၏ အနောက်မြောက်ဘက်တွင် တည်ရှိသည်။ အနောက်ဘက်သို့လားသော် အိန္ဒိယပြည်၊ အရှေ့ဘက်သို့လားသော် ကချင်ပြည်နယ်နှင့် တောင်ဘက်စူးစူးသို့လားသော် ချင်းပြည်နယ်တို့ ရှိကြလေသည်။ အနောက်ဘက်နှင့်မြောက်ဘက်တို့တွင် ပတ်ကွိုင်တောင်တန်း၊ အရှေ့ဘက်တွင် ချင်းတွင်းမြစ်နှင့် တောင်ဘက်တွင် နမ့်သဲလေးချောင်းတို့ တည်ရှိကြသည်။ ဤဒေသတွင် ထင်ရှားသော ချောင်းမကြီး (၃) သွယ်ရှိရာ နမ့်ခေါ်ချောင်းသည် အလယ်ဗဟိုခန့်တွင် အနောက်မှအရှေ့သို့ ဖြတ်သန်းစီးဆင်း၏။ နမ်းဖွတ်ချောင်းမှာမူ မြောက်မှတောင်သို့ စီးဆင်းသည်။ နမ့်စလိန်ချောင်းသည် အနောက်မှတောင်သို့ စီးဆင်း၍ ဆင်ကလိန်၊ ခန္တီးမြို့အထက် (၉) မိုင်ခန့်အကွာတွင် နမ့်ဖွတ်ချောင်းနှင့် ပေါင်းဆုံမိလေသည်။

ဤဒေသ၏ ရာသီဥတုသည် ပြင်းထန်လွန်းလှပေသည်။ မိုးသည် အခါမလင့်ရွာတတ်၏။ ဆွေ၍လည်း ဖွဲဖွဲလေးရွာတတ်သည်။ သဲသဲမဲမဲလည်း ရွာချတတ်၏။ နွေ၊ မိုး၊ ဆောင်း ရာသီဥတုသုံးပါးအနက် မိုးရာသီနှင့် ဆောင်းရာသီတို့သာ ထင်ရှားပေသည်။ တပေါင်းလအခါတွင်သာ သမမျှတပြီး ကျန်သောအချိန်တို့၌ကား စွတ်စို၍ ချမ်းအေးလှ၏။ ဆီးနှင်းများ၊ မြူခိုးတောင်ခိုးတို့ဖြင့် ထာဝစဉ် ဝေမှိုင်း၍နေသည်။ တပေါင်း၊ တန်ခူးလလောက်တွင် မိုးစတင်ရွာတတ်၏။ သဲသဲမဲမဲ မိုးပေါက်ကြီးများ ရွာသွန်းပြီးနောက် မိုးစဲသွားလျှင် နှင်းမှုန်များကျလာကာ လေနုအေးတို့က တိုက်ခတ်ပြန်သဖြင့် ခိုက်ခိုက်တုန်အောင် ချမ်းအေးလှတော့၏။ ပြာသိုလ၊ တပို့တွဲလများတွင် ဤဒေသ၏ အချိူသောအရပ်တို့၌ ရေခဲလေသည်။ ရာသီဥတုပြင်းထန်သကဲ့သို့ တောင်ဖြုတ်၊ မုက်၊ ခြင်၊ ယင်၊ ခွေးသန်း၊ ကျွတ် စသည့်ပိုးမွှားတို့ကလည်း အထူးပင် ထူပြောများပြားလှပေသည်။

ပြန့်လမ်းဟူ၍ နည်းပါးပြီး မြင့်မားမတ်စောက်သော တောင်မြင့်ကြီးများ ထူထပ်လွန်းသဖြင့် တစ်နေရာနှင့် တစ်နေရာ သွားရေးလာမှုသည် အလွန်ပင်ခက်ခဲလှ၏။ သွေးချင်းနာဂတို့တစ်တွေသည် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းသို့ စတင်ဝင်ရောက်လာကြစဉ်ကပင် တစ်မျိုးတည်း တစ်နွယ်တည်းပင် ဖြစ်ကြ၏။ သို့ရာတွင် အုပ်စုကလေးများအလိုက် တစ်နေရာစီ ရွာတည်၍ နေထိုင်သောအခါ လမ်းပန်းခရီးအခက်အခဲကြောင့် တစ်ရွာနှင့်တစ်ရွာ ဆက်သွယ်မိရန် အတော်ပင်ခဲယဉ်းသွားတော့သည်။ သို့နှင့် ဘာသာစကားများ ကွဲလွဲသွားရခြင်း၊ ဓလေ့ထုံးစံအချို့ အနည်းငယ်ကွဲပြားသွားကြခြင်း စသည်ဖြင့် မသိမသာ ခြားနားသွားကြရာမှ မျိုးနွယ်စုများ အပြောက်အမြား ကွဲပြားသွားခဲ့ရလေသည်။ ဤကဲ့သို့ ကွဲပြားခြားနားသွားရာတွင် နာဂအုပ်စုများတွင် ဘာသာစကားအုပ်စု၊ နေထိုင်ရာနယ်မြေအုပ်စုစသည်ဖြင့် ခွဲခြားသတ်မှတ်ခေါ်ဝေါ်လျက် ရှိကြကြောင်းကိုလည်း လေ့လာသိရှိခဲ့ရပေသည်။ ထင်ရှားသော နာဂအနွယ်ကြီးလေးမျိုးတို့မှာ (က) ဆုမ္မရာနာဂ (ခ) ထန်ဂန်နာဂ (ဂ) စန်းနာဂနှင့် (ဃ) ဟိုင်းမြီနာဂတို့ ဖြစ်ကြလေသည်။ ထိုအနွယ်ကြီးလေးခုတို့မှ ထပ်ဆင့် အနွယ်ငယ်များ ခွဲခြမ်းစိတ်ဖြာရပါလျှင် -

ဆုမ္မရာနာဂတို့တွင် -

(၁) တန်ခူး(လ်)နာဂ

(၂) ပါရာနာဂနှင့်

(၃) မကော်ရီနာနာဂများ ပါဝင်ကြ၏။

ထန်ဂန်နာဂအုပ်စုတွင်မူ -

(၁) ရော်ထိုင်နာဂ

(၂) လိုင်းနောင်နာဂ

(၃) မကျန်းနာဂ

(၄) ဆော်လော်နာဂ

(၅) ဆပ္ပလော်နာဂ

(၆) ဂုန္တန်နာဂ

(၇) စလူနာဂ

(၈) ခနူးနာဂ

(၉) ပုံညိုနာဂ

(၁၀) နောက်အော်နာဂတို့ ပါဝင်ကြလေသည်။

စန်းနာဂအုပ်စုတွင်ကား -

(၁) စန်းနာဂ

(၂) ဝေနာဂ

(၃) ကိုင်းယော်နာဂတို့ ပါဝင်ကြ၏။

ဟိုင်းမြီနာဂအုပ်စုတွင်မူကား နာဂအနွယ်ပေါင်း မြောက်မြားစွာပါဝင်၏။ ၎င်းတို့မှာ -

(၁) ကာဆန်းနာဂ

(၂) ကန်ကျိုးနာဂ

(၃) ကမန်းနာဂ

(၄) ကချီးနာဂ

(၅) ကနမ်းနာဂ

(၆) ကျမ်ကောက်နာဂ

(၇) ကျမ်ဖန်းနာဂ

(၈) ကျက်ဆန်းနာဂ

(၉) ကုတ်လွန်းနာဂ

(၁၀) ပိန်းကူးနာဂ

(၁၁) ရမ်ဆဲနာဂ

(၁၂) ရမ်ဆားနာဂ

(၁၃) ဆုံဆိမ်းနာဂ

(၁၄) မော်ရှမ်းနာဂ
(၁၅) ရွှပ်ရှိမ်းနာဂ
(၁၆) မဲဆောင်းနာဂ
(၁၇) ဆန်ကျစ်နာဂ
(၁၈) ဆမ်ဝမ်းနာဂ
(၁၉) လုံလီးနာဂ
(၂၀) လတ်တဲနာဂ
(၂၁) ထောင်လွှမ်းနာဂ
(၂၂) ပေါ်တဲနာဂ
(၂၃) တောင်ဝဲနာဂ
(၂၄) မိတဲနာဂ
(၂၅) ရမ်နော့နာဂ
(၂၆) ရစ်ရှေနာဂ
(၂၇) ရောင်ကွန်နာဂ
(၂၈) ဝေလန်းနာဂ
(၂၉) ဟာလွှမ်းနာဂ
(၃၀) ယာမီကိုးနာဂ
(၃၁) တောင်ကြဲနာဂ
(၃၂) လွှမ်လူးနာဂ
(၃၃) ရမ်ခူးနာဂ
(၃၄) ခလတ်နာဂ
(၃၅) ရောက်ရမ်းနာဂ စသည်ဖြင့် အမျိုးအနွယ်အတော်များများပါဝင်ပြီး ကချင်စကားကို အသုံးများကြလေသည်။ ဒုံဟီးနယ်ဘက်တွင် နာဂအနွယ်တို့မှာ တစ်ရွာလျှင်တစ်မျိုး သတ်သတ်စီကဲ့သို့ ခြားနားမှုများရှိနေကြောင်း သိရှိရပါသည်။

ဤသို့လျှင် ဘာသာစကားအုပ်စုကွဲများနေထိုင်ရာနယ်မြေအုပ်စုကွဲများ ခြားနားမှုကိုလိုက်၍ နာဂအမျိုးအနွယ်စုများ မြောက်မြားစွာကွဲပြားနေရသော်လည်း ဆင်ယင်ထုံးဖွဲ့မှု ဓလေ့ထုံးစံမှအစ ရိုးရာယဉ်ကျေးမှုတို့၌ တစ်မျိုးနှင့်တစ်မျိုး လုံးဝမတူဘဲ ကွဲပြားခြားနားနေရခြင်းမျိုးကား မဟုတ်ချေ။ အနည်းအကျဉ်း ကွာခြားမှုကလေးများသာရှိကြပေသည်။ ဒုတိယနှစ် သုတေသနခရီးစဉ်၌ စာရေးသူသည် လဟယ်မြို့နယ်၊ လုံခင်ကျေးရွာတွင်ကျင်းပသော မကျန်းနာဂတို့၏ ကိုက်ဘီးခေါ် နှစ်သစ်ကူးပွဲတော်ကို မျက်မြင်ကိုယ်တွေ့ အသေးစိတ် လေ့လာမှတ်တမ်းတင်ခဲ့ရ၏။ ညဦးယံတွင် အိမ်ထောင်ဦးစီးယောကျ်ားက ဓားကိုထမ်း၍ နတ်တိုင်တည်ပုံကို အသံနေအသံထားရော လုပ်နည်းကိုင်ဟန်ပါ အတုယူမှတ်သားခဲ့မိ၏။ တတိယအကြိမ် သုတေသနခရီးတွင် ထိုနေရာနှင့်မိုင်ပေါင်းများစွာ ကွာဝေးသော ကောင်းဟိန်မြို့နယ်မှ လိုက်ခေါ်ရွာသို့ရောက်ခဲ့၏။ ထိုကျေးရွာမှ နောက်အော်နာဂအမျိုးသားတို့ရှေ့၌ ကျွန်တော်သည် မကျန်းနာဂတို့၏ ကိုက်ဘီးပွဲမှ နတ်တိုင်တည်ပုံအတိုင်း ဓါးကိုယမ်း၍ အော်ဟစ်လုပ်ကိုင်ပြရာ သူတို့က "အေး၊ ငါတို့လည်း ဟူးခပွဲကြရင် ဒီလိုပဲလုပ်ကြတယ်"ဟု ပြောပြကြလေသည်။ ပုံပြင်တွေကို နားထောင်ကြည့်ရာ၌လည်း နာဂတစ်မျိုးနှင့်တစ်မျိုး တွေးခေါ်ဖန်တီးကြပုံချင်း တူညီလှကြောင်း သိရှိရသည်။ ရွှေ့ပြောင်းတောင်ယာစနစ်မှအစ လက်မှုပညာ၊ ယုံကြည်တွေးခေါ်မှုစသည်တို့၌လည်း အခြေခံသဘောချင်းကွာခြားမှုမရှိလှချေ။

ဘာသာစကား၌ လူအချို့ မျိုးနွယ်စုချင်း အတော်ပင် ကွဲပြားခြားနားကြ၏။ ထို့ကြောင့် စကားပြော၍မပေါက်ကြပါ။ အချို့ဒေသတို့၌ လူအများသုံး ဘာသာစကားတစ်ခုခုကို သတ်မှတ်ထားကြပြီး ၄င်းစကားဖြင့် ပြောဆိုဆက်နွှယ်မှုပြုကြလေသည်။ ဆင်ကလိန် ခန္တီးမြို့အပါအဝင် ချင်းတွင်းမြစ်ရိုးတစ်လျှောက်တွင်မူကား ရှမ်းနီများ နေထိုင်ကြသည်။ ခန္တီးမြို့အထက် ပဒူးမုန်း၊ သဲလုံးစသည့် ကျေးရွာတို့တွင်ကား ပိန်းကူးနာဂများ နေထိုင်ကြလေသည်။ ပိန်းကူးနာဂတို့မှာ ကချင်စကားရော၊ မြန်မာစကား၊ ရှမ်းစကားနှင့် ၄င်းတို့၏ ကိုယ်ပိုင်ပိန်းကူးနာဂစကားတို့ကိုပါ တတ်ကျွမ်းကြပါသည်။

နာဂတို့မှာ တိဗက်-မြန်မာအနွယ်ဝင်များ ဖြစ်ကြသောကြောင့် ကချင်၊ ချင်း စသည်တို့နှင့် မျက်နှာသွင်ပြင်၊ ကိုယ်လုံးကိုယ်ထည် သဏ္ဌာန်ချင်းတူညီကြသည်။ ပထမအကြိမ်နှင့် ဒုတိယအကြိမ်ခရီးများ၌ ကျွန်တော်သည် ရုပ်ပိုင်း မနုဿဗေဒဆိုင်ရာ ခန္ဓာတိုင်းထွာရေးကိရိယာများကို တတ်နိုင်သမျှ ယူဆောင်သွားခဲ့ဖူးသည်။ လက်

လှမ်းမီသမျှ တိုင်းထွာသုတေသနပြုခဲ့သည်။ နာဂမျိုးနွယ် အသီးသီးတို့၏ မျက်လုံးအရောင်နှင့် အနေအထား၊ ဆံပင် အရောင်နှင့် အနေအထား၊ နှာခေါင်း၊ နှုတ်ခမ်းတို့၏ အနေ အထားနှင့်သဏ္ဌာန် စသည်တို့ကိုလည်း သွင်ပြင်ကဲခတ် ပညာရှုထောင့်မှ အကဲခတ်၏။ ဤသို့ ရုပ်ရည်သွင်ပြင် ကဲခတ်မှုပညာနှင့် ခန္ဓာဗေဒ တိုင်းထွာမှုပညာရှုထောင့်တို့ မှ လက်လှမ်းမီသမျှ လေ့လာဆန်းစစ်ချက်များအရ နာဂ တို့သည် မွန်ဂိုအနွယ်များ ဖြစ်ကြသည်ဟူသော ကောက် ချက်မျိုးကို ချမှတ်နိုင်ခဲ့ရပါသည်။

နာဂအနွယ်များထဲတွင် ပုံညီနှင့် ဆော်လော်နာဂတို့ သည် ထောင်ထောင်မောင်းမောင်းနှင့် ကြွကြွရွရွ ရှိကြ၏။ မျက်နှာတင်း၏။ အခြေခံစိတ်သဘာဝအားဖြင့်မူ နာဂ အနွယ်ဝင်အားလုံးသည် တစ်ထပ်တည်းတူညီကြလေသည်။ အများအားဖြင့် ဖော်ရွေကြ၏။ ရိုးသားပွင့်လင်းကြ၏။ လူတစ်ဖက်သားကို ဆက်ဆံရာ၌ အပေါ်ယံကြော ဟန် လုပ်၍ ဆက်ဆံခြင်းမျိုး မပြုတတ်ကြပါ။ စိတ်ထဲဝမ်းထဲ ရှိသည့်အတိုင်း သဘောဖြူအူစင်း ပွင့်လင်းစွာဖြင့် ဆက်ဆံ တတ်ကြလေသည်။ ထို့ကြောင့်လည်း သူတို့က စေတနာ ရှိ၍ ကျွေးမွေးလျှင်စားမှ၊ ပေးလျှင်ယူပါမှ စိတ်ကျေနပ်ကြ ပါသည်။ ရင်းနှီးစွာဧည့်ဝတ်ပြုကြသည်ကို ဧည့်သည်က ငြင်းဆန်လိုက်လေလျှင် သူတို့ စိတ်မကောင်းကြတော့ချေ။ သို့ရာတွင် သူတို့မကျွေးလိုသည့်အရာကို ဧည့်သည်ဖြစ်သူ အနေနှင့် အတင်းတောင်းယူ စားသောက်ခြင်း၊ မပေးလို သည့်ပစ္စည်းများကို ဇွတ်အတင်း တောင်းယူခြင်းမျိုးတို့ကို ရှောင်ကြဉ်ရပါမည်။ သူတို့ကျေးရွာများတွင် မွေးမြူထား သည့် တိရစ္ဆာန်တို့မှာ အကြောင်းတစ်စုံတစ်ရာရှိလျှင် ရိုးရာ နတ်ကို ပူဇော်ရန်အတွက် ရည်ရွယ်ထားသော ယဇ်ကောင် များသာ ဖြစ်ကြပေသည်။

သွေးချင်းတို့တွေက စေတနာရှိ၍ ရက်ရက်ရောရော ပေးကမ်းလာသော လက်ဆောင်ပစ္စည်းများကို ဧည့်သည် အဖို့ ဝမ်းမြောက်ဝမ်းသာစွာ လက်ခံယူသင့်သကဲ့သို့ မိမိ ကလည်း အမှတ်တရပစ္စည်းများကို ပြန်လည်ပေးကမ်း သင့်ပါသည်။ နာဂတို့ဒေသ၌ ဆားသည် အဖိုးတန်ရတနာ တစ်ပါးဖြစ်ပေရာ ဆားကိုလက်ဆောင်ပေးခြင်းဖြင့် သူတို့ ကို ကျေနပ်ရာ ... ကို ကျေနပ်ရာရောက်ပေ၏။ ထို့ပြင် ပလတ်စတစ်ပုတီး၊ တွယ်အပ်၊ ကနုကမာခွံ၊ မီးခြစ်၊ ဆေးဝါး စသည်တို့ကို လည်း သူတို့နှစ်သက်တတ်ပေရာ ဧည့်သည်က လက် ဆောင်အဖြစ်ပေးလျှင် ဝမ်းမြောက်ဝမ်းသာစွာ လက်ခံယူ တတ်ကြပါသည်။ အဖိုးအထိုက်တန်ဆုံးသော လက်ဆောင် မွန်သည်ကား ကျေးရွာတွင် တည်းခိုနေထိုင်စဉ် ဧည့်သည် ၏ လုပ်ဆောင်မှုပင်ဖြစ်လေတော့သည်။ ဧည့်သည်ဖြစ်သူ မိမိအနေဖြင့် ကာယ၊ ဝစီ၊ မနော ဤသုံးလီတို့၏ ရမ်းကား ခြင်းကိုရှောင်ကြဉ်ကာ သွေးချင်းတို့၏ကောင်းကျိုးအတွက် မိမိ၏စွမ်းအားရှိသမျှ ကူညီဆောင်ရွက်ခဲ့ပါလျှင် အထူးပင် အကျိုးများမည်ဖြစ်သည်။ ဤလက်ဆောင်လောက် သူတို့ အတွက် အဖိုးထိုက်တန်သော လက်ဆောင်မွန်သည်ကား လောကတွင် မရှိချေတော့ပြီ။

လူတစ်ဦးအပေါ် ယုံကြည်မိပြီဆိုလျှင် ထိုပုဂ္ဂိုလ်ပေါ် ၌ ထားရှိသည့် စွဲလမ်းမှုသံယောဇဉ်ကြီးကို တော်ရုံနှင့် မဖြတ်တောက်နိုင်ကြချေ။ သို့သော် မိမိတို့ကိုစိတ်နာအောင်၊ မုန်းမာန်ပွားအောင်ပြုလုပ်သူတို့အား မုန်းမိပြုံးမိပြီဆိုလျှင် လည်း အမုန်းခံအငြိုးခံရသူတို့မှာ သက်သာတော့မည် မဟုတ်ပါ။ တစ်နည်းနည်းနှင့် လက်စားချေခြင်းကို ခံရပေ လိမ့်မည်။ လမ်းခရီးတွင် ကျောက်ခဲကို ခလုတ်တိုက်မိလျှင် တိုက်မိသည့်ကျောက်ခဲအား နေရာတွင်ပင် စိစိညက်ညက် ကြေအောင် ထုခွဲချေမွပြီးမှ သူတို့ခရီးဆက်လက်လေ့ ရှိကြ သည်။ မိမိတို့အုပ်စုထဲမှ တစ်စုံတစ်ဦး ရေနစ်၍သေလျှင် သေဆုံးရာရေအိုင် သို့မဟုတ် ရေကန်ထဲမှရေတို့ကိုခပ်ယူပြီး မီးဖြင့်ခန်းခြောက်အောင် စတိဖြစ်စေ ကျိုချက်တတ်ကြ သည်။ အချို့ကလည်း ရေကိုဓားဖြင့် ခုတ်ကြ၏။ လူ တစ်ဦးတစ်ယောက်ကို သစ်ပင်ပိပြီးသေဆုံးလျှင် ထိုသူနှင့် အတူပါလာသော အပေါင်းအဖော်တို့က အဆိုပါသစ်ပင်ကို ရော အနီးပတ်ဝန်းကျင်မှ သစ်ပင်တို့ကိုပါ ခုတ်လှဲမီးရှို့ ခြင်းဖြင့် တန်ပြန်လက်စားချေကြပါသည်။ ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်စ နာဂသွေးချင်းတို့အနေဖြင့် သက်မဲ့အရာ ဝတ္ထုပစ္စည်းများကို ဤသို့ တုံ့ပြန်လက်စားချေတတ်ကြ ခြင်းမှာ မထူးဆန်းလှပါ။ အကြောင်းမူ သိပ္ပံပညာတတ်၊ ခေတ်ပညာတတ်ဆိုသော လူတန်းစားတို့သည်ပင် တစ်ခါ

တစ်ရံ စားပွဲကုလားထိုင်တို့နှင့် ထိခိုက်မိပါလျှင် မိမိ၏ အသားကိုနာကျင်စေသည့် အဆိုပါသက်မဲ့ပစ္စည်းတို့အား စိတ်လိုက်မာန်ပါ ကန်ကျောက်ပစ်တတ်ကြသေးသည် မဟုတ်ပါလော။

သူတို့၏ ဘိုးဘွားများလက်ထက်တုန်းက တစ်ရွာနှင့် တစ်ရွာ စစ်တိုက်လေ့ရှိကြ၏။ ထို့ကြောင့်လည်း ရန်သူလာလျှင် အပေါ်စီးမှမြင်နိုင်ရန်အတွက် သူတို့၏ကျေးရွာများကို တောင်ထိပ်များပေါ်တွင် ရွေးချယ်၍ တည်ထားခဲ့ကြခြင်း ဖြစ်လေသည်။ တစ်ရွာနှင့်တစ်ရွာ စစ်တိုက်ရခြင်း၏ အကြောင်းပြချက်များမှာ ကြွေးမြီကိစ္စ၊ တောင်ယာကိစ္စ ကတိပျက်ကွက်မှုတို့ကြောင့်ဟု ဆိုသည်။ သို့ရာတွင် တစ်ခါတစ်ရံ ဘာမျှမဟုတ်သည့် အသေးအဖွဲ ကိစ္စလေးများကို အကြောင်းပြု၍လည်း ရွာကြီးက ရွာငယ်ကလေးများကို အနိုင်ကျင့်တိုက်ခိုက်တတ်ကြ၏။ တိုက်ပွဲများ၏ အဓိကရည်ရွယ်ချက်မှာ ရန်သူ၏ဦးခေါင်းကို ရရှိနိုင်ရန်နှင့် ရရှိသောဦးခေါင်းကို နတ်တင်ရန်အတွက် ဖြစ်ပေသည်။ ရန်သူ၏ဦးခေါင်းကို နတ်တင်နိုင်ခြင်းဖြင့် ရောဂါဘယကင်းမည်၊ တောင်ယာစပါး အထွက်များမည်၊ တိရစ္ဆာန်ဦးရေတိုးပွားမည်၊ လူဦးရေတိုးတက်မည်၊ အသက်ရှည်မည်၊ အနာရောဂါ ကင်းစင်မည် စသည်ဖြင့် လွဲမှားစွာ ယုံကြည်ခဲ့ကြသောကြောင့်ဖြစ်၏။ စစ်တိုက်ရာ၌ ဓါး၊ လှံ၊ ဒူးလေး၊ တူမီးသေနတ်၊ သားရေဒိုင်း စသည်တို့ကို အသုံးပြုကြ၏။ လင်းအားကြီးအချိန်မျိုးတွင် ရန်သူ၏ ကျေးရွာကို ရုတ်တရက် ဝင်ရောက်စီးနင်းတတ်ပြီး ရသမျှ ဦးခေါင်းများကို ဖြတ်ယူလေ့ရှိကြသည်။ ရန်သူ၏ဦးခေါင်းကိုရလျှင် စမ်းရေအိုင်တွင်စိမ်ပြီး တစ်ရွာလုံး ရေချိုးကြသည်။ လည်ဆွဲတန်ဆာတို့ကိုလည်း ချွတ်၍ ထိုရေတွင် စိမ်ပြီး သိဒ္ဓိတင်ကြသည်။ ခေါင်းဖြတ်နိုင်သူတို့က မိမိကျွဲ၊ နွား၊ ကြက်၊ ဝက်တို့ကိုသတ်ပြီး နတ်တင်ရ၏။ တစ်ရွာလုံးကိုလည်း ကျွေးမွေးရသည်။ ခေါင်းအများဆုံး ဖြတ်နိုင်သူသည် သူရဲကောင်းအဖြစ် ကျေးရွာ၏ ချီးမြှင့်မြောက်စားခြင်းကို ခံယူရသည်။ ထိုသူတို့သည် ရန်သူ၏ ခေါင်းမှ ဆံပင်တို့ကို မိမိတို့၏နားရွက်တွင် ပန်ဆင်ထားခြင်း၊ ခန္ဓာကိုယ်တွင် ပရဲအစင်းများ ထိုးထားခြင်း၊ လည်ပင်း သို့မဟုတ် ဓါးတွင် ကြေးရုပ်ဦးခေါင်းကလေး သို့မဟုတ် မျောက်ခေါင်းငယ်များကို မိမိတို့ရရှိသည့် ရန်သူ့ခေါင်းအရေအတွက်အလိုက် ချိတ်ဆွဲထားခြင်း စသည်ဖြင့် ဂုဏ်ယူလေ့ရှိကြသည်။ မိမိ၏ နားရွက်တွင် ပန်ဆင်ထားသော ရန်သူ၏ဆံပင်ကိုသာ သားစဉ်မြေးဆက် လက်ဆင့်ကမ်းရင်း ထိန်းသိမ်းထားတတ်ကြလေသည်။

တစ်ရွာနှင့်တစ်ရွာ မဟာမိတ်ဖွဲ့ထားခြင်းများလည်း ရှိသည်။ ရွာငယ်က ရွာကြီးတစ်ရွာ၏ လက်အောက်ခံအဖြစ် ခိုလှုံနေထိုင်တတ်သည်။ ဤသို့ မဟာမိတ်ဖွဲ့၍ ခိုလှုံနေထိုင်ခြင်းကို "ကာရံ"ဟုခေါ်တွင်၏။ ထိုရွာသည် မိမိမှီခိုသည့်ရွာကြီးသို့ နှစ်စဉ်ဆက်ကြေးပေးရ၏။ ရွာကြီးကလည်း မိမိအား မှီခိုသည့်ရွာငယ်ကို စောင့်ရှောက်ကာကွယ်ပေးရသည်။ ရွာငယ်သည် မိမိခိုလှုံသည့် ရွာကြီး၏ ဓလေ့ထုံးတမ်း၊ ဥပဒေတို့ကိုလိုက်နာရပြီး ရွာကြီးမှ မိမိရွာသို့ လာရောက်နေထိုင်သူတို့အတွက်လည်း တောင်ယာလုပ်ကိုင်ခွင့်ပေးရလေသည်။ သည်မှာဘက်ခေတ်၌ နာဂတောင်တန်းတွင် တစ်ရွာနှင့်တစ်ရွာ စစ်တိုက်ခိုက်ခြင်း၊ ခေါင်းဖြတ်ခြင်းစသော ဓလေ့များသည် လုံးဝပျောက်သွားသလောက်ရှိချေပြီ။

အငြိုးအမျက်ကြီးသော်လည်း နာဂသွေးချင်းတို့ တစ်တွေသည် အလွန်ရိုးသားဖြောင့်မတ်ကြ၏။ ရိုးသားလွန်းသဖြင့် အငြိုးအမျက်ကြီးကြရခြင်းဖြစ်လေသလောဟူသည့် စိတ်သဘာဝ၏ အပြန်အလှန်ဆက်နွယ်မှုသဘောမှာလည်း စဉ်းစားစရာပင်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ နာဂသွေးချင်းတို့တစ်တွေသည် ၎င်းတို့အပေါ်၌ ကောက်ကျစ်စဉ်းလဲခြင်း၊ ရမ်းကားခြင်းမရှိသူတို့အား မည်သည့်အခါမျှ အန္တရာယ်မပြုတတ်ချေ။ ဧည့်သည်တစ်ဦးအဖို့ မိမိပါလာသည့်ပစ္စည်းများကို နာဂကျေးရွာများ၌ လက်လွှတ်စပယ်ပစ်ထားစေကာမူ အပ်တိုတစ်ချောင်းမျှ ပျောက်ရှလိမ့်မည် မဟုတ်။ သူတို့ဘာသာစကားတွင် "ကျေးဇူး"ဟူသော ဝေါဟာရမရှိပါ။ သို့ရာတွင် သူတို့အပေါ် စေတနာထားသူ ကူညီသူတို့အား လက်ငင်းတုံ့ပြန်ရပါမှ ကျေနပ်တတ်ကြသည်။ ထိုသို့စေတနာထားသူ ပုဂ္ဂိုလ်မျိုးအတွက်ဆိုပါလျှင် သူတို့၏အသက်ကိုပင် စွန့်လွှတ်၍ ကာကွယ်ပေးရန် ဝန်မ

လေးကြပါ။ သူတို့၏ကျေးရွာတွင် ဆန်ရေစပါး မည်မျှ ရှားပါးနေပါစေ သူတို့သာအငတ်ခံပါမည်။ သူတို့အကျိုး အတွက် လာရောက်ဆောင်ရွက်ပေးသူ၊ သူတို့အပေါ် စေတနာထား ကူညီပေးသူကိုမူကား ငတ်မွတ်စေလိမ့် မည်မဟုတ်ပါ။ တတ်နိုင်သည့် နည်းလမ်းဖြင့် ရှာဖွေ ကျွေးမွေးကြမည်သာဖြစ်သည်။

နာဂသွေးချင်းတို့သည် အမိပြည်ထောင်စု မြန်မာ နိုင်ငံအပေါ်၌လည်း အထူးသစ္စာစောင့်ကြသူများဖြစ်၏။ နယ်စပ်ဒေသတွင် နေထိုင်ကြသူတို့သည် တိုင်းတစ်ပါးမှ နာဂအနွယ်များကို တွေ့ကြရလျှင် "ငါတို့က ဗမာနာဂ ကွ" ဟု ရင်ကိုကော့ပြီး ဂုဏ်ယူဝင့်ကြွားစွာ ပြောဆိုတတ် ကြသည်။

အမိနယ်မြေနှင့် ပတ်သက်၍လည်း တစ်လက်မမျှ ကျူးကျော်မခံကြချေ။ တိုင်းတစ်ပါးမှ အခြားနာဂအနွယ် ဝင်များက နယ်မြေကျူးကျော်ပြီး တောင်ယာဝင်ခုတ်သဖြင့် အသက်နှင့်လဲ၍ ကာကွယ်ခဲ့ဖူးသည့် ဖြစ်ရပ်သာဓကမျိုး တွေ အခိုင်အမာရှိနေပေသည်။ နယ်မြေကျူးကျော်ရေး သမား ဖီဆိုသူပုန်များကိုလည်း တပ်မတော်နှင့်လက်တွဲ ၍ မကြာခဏ သုတ်သင်ရှင်းလင်းနိုင်ခဲ့ကြပေသည်။

သွေးချင်းတို့တစ်တွေသည် ကျေးရွာအလိုက်လည်း အထူးစည်းရုံးမှုရှိကြ၏။ လူမှုရေးအဆောက်အဦကို ဖွဲ့စည်းရာ၌ မိသားစုစိတ်ဓာတ်ကို အမာခံထားကြ၏။ ကျေးလက်၌ ရွာ "ပန်" ခေါ် စည်းဝေးခန်းမများရှိကြ သည်။ ပန်သည် သူတို့၏စုဝေးဆွေးနွေးရာ၊ ရပ်မှုရွာရေး ကိစ္စများ တိုင်ပင်နှီးနှောရာ အဆောက်အဦဖြစ်သည်။ မိသားစုတစ်စုချင်းစီ၏ ဘဝလုံခြုံရေးနှင့် ပြဿနာ အရေး အခင်းကိစ္စများကို ရပ်ရွာကတာဝန်ယူထားသကဲ့သို့ ရပ်ရွာ တစ်ခုလုံး၏ ဆောင်ရွက်ဖွယ်ရာ အရေးအခင်းကိစ္စတို့နှင့် ပတ်သက်၍လည်း မိသားစုတိုင်းနှင့် တစ်ဦးချင်းစီတို့တွင် တာဝန်ရှိပေသည်။ မိသားစုတစ်စုအတွက် အိမ်ဆောက် လျှင် သို့မဟုတ် တောင်ယာခုတ်လျှင် ရပ်ရွာတစ်ခုလုံးက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလေ့ရှိ၏။ လူတစ်ဦးကို ရပ်ရွာက အပြစ်ဒဏ်ခတ်ပုံမှာလည်း ရိုးရိုးလေးနှင့် အထိ နာစေသည်။ ထိုသူကို ရပ်ရွာတစ်ခုလုံးက ကြဉ်ထားလိုက် ခြင်းဖြင့် နေထိုင်စားသောက်ရေးတို့၌ အခက်အခဲ တွေ့ကြုံ ရပေတော့သည်။ အကြောင်းမူ သူတို့၏သဘာဝ ပတ်ဝန်း ကျင်အခြေအနေအရ တစ်ဦးတည်း တစ်ယောက်တည်း ရန်းကန်၍ မဖြစ်နိုင်ပေရာ အဖွဲ့အစည်း၏အင်အားကိုသာ မှီခိုအားထားနေရပေသည်။ အဖွဲ့အစည်း၏ စွန့်ပစ်ထား ခြင်းခံရသူတို့အဖို့ ရေရှည်ခရီးတွင် အသက်ရှင်နိုင်ရန် ခဲယဉ်းလှပေရာ ဤသို့ဒဏ်ခတ်ခြင်းခံရမည်ကို အထူး စိုးရွံ့ကြသဖြင့် ကျေးရွာအဖွဲ့အစည်းကချမှတ်ထားသော စည်းကမ်းနှင့် ဓလေ့ထုံးတမ်းဥပဒေတို့ကို အထူးဂရုပြု လိုက်နာတတ်ကြပေသည်။

နာဂတောင်တန်းသည် ၁၉၄၀-ခုနှစ်မတိုင်မီအထိ အစိုးရ၏ အုပ်ချုပ်မှုလွတ်ကင်းသော နယ်မြေဖြစ်ခဲ့သည်။ ၁၉၄၀-ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအတွင်း၌ ဗြိတိသျှ အုပ်ချုပ်ရေးအရာရှိ မစ္စတာအေဒဗလျူပေါ်တာက နာဂ တောင်တန်း၏ အချို့သောဒေသများသို့ လှည့်လည်သည့် အချိန်တွင်မှ အစိုးရ၏အုပ်ချုပ်ရေးစနစ်ဖြင့် စတင်ထိတွေ့ ခဲ့ရခြင်းဖြစ်ပေသည်။ သွားရေးလာမှုခက်ခဲခြင်း၊ ရာသီဥတု ပြင်းထန်လွန်းခြင်းစသော သဘာဝပတ်ဝန်းကျင်၏ ဖိနှိပ်မှု ဒဏ်ကြောင့် နာဂသွေးချင်းတို့တစ်တွေ၏ ယဉ်ကျေးမှု အဆင့်အတန်းသည် မျက်မှောက်ခေတ်တိုင်အောင်ပင် ဖွံ့ဖြိုး ရေးအတွက် အရှိန်ယူနေရဆဲဖြစ်၏။ ဤသွေးချင်းတို့ တစ်တွေ လျင်မြန်သောအရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာ စေရန်အတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး တို့က အသိစိတ်ဓာတ်အပြည့်အဝဖြင့် ဝိုင်းဝန်းလက်တွဲ ခေါ်ဆောင်ကြရမည်။ လက်ငင်းအခြေအနေတွင် သုတေ သနပြုနိုင်သည့် အင်အားအရ "နောက်အော်နာဂ" အနွယ် တစ်မျိုးတည်း၏ ယဉ်ကျေးမှုကိုသာ ရေးသားပြုစုထုတ်ဝေ နိုင်သော်လည်း မနုဿဗေဒသုတေသီများနှင့် ဒေသခံ တိုင်းရင်းသားများ ဆက်လက်ပူးပေါင်းကြိုးပမ်းသွားမည် ဆိုလျှင် အခြားကျန်ရှိနေသေးသော နာဂအနွယ်ဝင်အသီး သီးတို့၏ ရိုးရာယဉ်ကျေးမှုများအကြောင်းကိုပါ အောင်မြင် စွာ သုတေသနပြု ဖော်ထုတ်သွားနိုင်မည်ဖြစ်ပေသည်။

**မနုဿကျော်ဝင်း**

# ပြည်ထောင်စုဝန်ကြီးနှင့် ရခိုင်ပြည်နယ်အတွင်းရှိ
# တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ တွေ့ဆုံပွဲအခမ်းအနား



ပြည်ထောင်စုဝန်ကြီး
ဦးစောထွန်းအောင်မြင့်က
အမှာစကားပြောကြားစဉ်



ပြည်ထောင်စုဝန်ကြီး
ဦးစောထွန်းအောင်မြင့်က
လက်ဆောင်ပစ္စည်းနှင့်
ထောက်ပံ့ငွေများပေးအပ်စဉ်



ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က လက်ဆောင်ပစ္စည်းနှင့် ထောက်ပံ့ငွေများပေးအပ်စဉ်

# Covid-19 ကပ်ရောဂါကြောင့် ခေတ္တပိတ်ထားခဲ့သည့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) ပြန်လည်ဖွင့်လှစ်ခြင်းအခမ်းအနား



တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက
အမှာစကားပြောကြားစဉ်



တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက
အမှာစကားပြောကြားစဉ်



Covid-19 ကပ်ရောဂါကြောင့် ခေတ္တပိတ်ထားခဲ့သည့်
ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) ပြန်လည်ဖွင့်လှစ်ခြင်း




တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းမြင့်အောင်နှင့်
ကရင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (ရန်ကုန်) တွေ့ဆုံပွဲအခမ်းအနား

# ရခိုင်ပြည်နယ် ညွှန်ကြားရေးမှူးရုံး အဆောက်အဦသစ်ဖွင့်ပွဲအခမ်းအနား





ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီး
အမှာစကားပြောကြားစဉ်



တက်ရောက်ကြသူများ

ပြည်ထောင်စုဝန်ကြီးက
ရခိုင်ပြည်နယ်အတွင်းရှိ
တိုင်းရင်းသားစာပေနှင့်
ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့်
တရင်းတနှီး တွေ့ဆုံနှုတ်ဆက်စဉ်









# တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုဆိုင်ရာ ဓာတ်ပုံများ ကြည့်ရှုစဉ်







## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန
## "ပြည်ထောင်စုတိုင်းရင်းသား" မဂ္ဂဇင်း ထုတ်ဝေရေးအစည်းအဝေး



ပြည်ထောင်စုဝန်ကြီးက
လမ်းညွှန်စကားပြောကြားစဉ်



ပြည်ထောင်စုဝန်ကြီးအား
"ပြည်ထောင်စုတိုင်းရင်းသား" မဂ္ဂဇင်းထုတ်ဝေရေးကော်မတီက တင်ပြစဉ်



တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက
COVID-19 ကပ်ရောဂါကာကွယ်ရေးနှင့်ပတ်သက်၍ တွေ့ဆုံလမ်းညွှန် အမှာစကားပြောကြားစဉ်



ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) ၌
ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံစဉ်



# လိပ်ကမ္ဘာ

ဂေါ်ယာမြေ-စောဝင်း

ရှေးအခါက တောရွာငယ်တစ်ရွာတွင် အလွန်ဆင်းရဲသည့် လင်မယားနှစ်ဦး ရှိလေ၏။ သူတို့တွင် အသက်အရွယ်ကြီးပြီးမှရသည့် ဒါထွီးမေဟူသော သမီးငယ်လေးတစ်ဦးလည်း ရှိ၏။ အသက်ကြီးပြီးမှ မွေးလာသည့် သမီးဖြစ်သဖြင့် မိခင်ဖြစ်သူမှာ အထူးချစ်ခင်၏။ အပျိုဖော်ဝင်စအရွယ်လည်း ရောက်လာပြီဖြစ်သဖြင့် (မယ်ထွီးယေ) ဟူ၍လည်း ခေါ်ကြလေသည်။ သူတို့သည် ငါးရှာ၊ ဟင်းခူး၊ ထင်းပေါက်၊ ရေခပ် စသည့် ကြုံရာအလုပ်ကို လုပ်ကိုင်ရင်း စားသောက်နေထိုင်ကြ၏။

တစ်နေ့တွင် ထိုဆင်းရဲသော လင်မယားသည် ချောင်းငယ်၊ မြောင်းငယ်တစ်ခုအတွင်းသို့ ငါးရှာရန် လှေငယ်တစ်စင်းဖြင့် ထွက်လာခဲ့ကြ၏။ ချောင်းကမ်းပါးစပ်တစ်နေရာ အရောက်တွင် ပါလာသော ငါးယိုးသည့် (ယက်သဲ့) ဖြင့် ငါးဖမ်းကြလေ၏။ သူဆင်းရဲမ၏ ယက်သဲ့၌ ငါးဖမ်းမိလေသောအခါ သူဆင်းရဲမက ဝမ်းသာအားရဖြင့် ဤသို့ဆိုလေ၏။

"တစ်ကောင်ရလည်း ငါ့သမီးမယ်ထွီး သျှင်ထွီးမေစားမယ် ..... မယ့်ယက်သဲ့မှာ ငါးဝင်ရေ ....."

ဝမ်းသာအားရစွာဖြင့် သီချင်းလုပ်ဆိုနေသော သူ့ဇနီး မယားအား လင်ယောကျ်ားဖြစ်သူမှာ လှေပေါ်မှ ငါးဖမ်း ရင်း သဘောကျစွာဖြင့်ကြည့်နေ၏။ နောက်ထပ်တစ်ဖန် ယက်သုံ့ထဲ ငါးမိပြန်သဖြင့် သူဆင်းရဲမက ထပ်မံ၍ ဆို ပြန်၏။

"နှစ်ကောင်ရလည်း ငါ့သမီးမယ်ထွီး သျှင်ထွီးမေ စားမယ် ... မယ့်ယက်သုံ့မှာ ငါးဝင်ရေ ..."

လင်ယောကျ်ားဖြစ်သူမှာမူ ငါးတစ်ကောင်မှ မဖမ်းမိ ဖြစ်နေ၏။ သူဆင်းရဲမမှာ ငါးဖမ်း၍ရတိုင်း ဤသို့ဖြင့် သူ့သမီး မယ်ထွီးယေစားဖို့အတွက်ချည်းပဲ ဆိုနေလေ၏။ ဤသို့ဆိုဖန်များလတ်သောအခါ ငါးတစ်ကောင်မှ မဖမ်းမိ သဖြင့် စိတ်တိုနေပြီဖြစ်သော လင်ယောကျ်ားက မြင်ပြင်း ကတ်လာလေတော့၏။ သို့ဖြင့် ငါကိုယ်တိုင် အပင်ပန်းခံ ကာလှော်လှော်ပြီး ငါးရှာထွက်ပါလျက်နှင့် ငါစားဖို့ကျတော့ တစ်ကောင်မှ မပါရကောင်းလား၏ဟုဆိုကာ သူ့မိန်းမ အား လှော်တက်ဖြင့် ရိုက်မိလိုက်လေ၏။ လက်လွန်စွာ ရိုက်မိသဖြင့် သူဆင်းရဲမမှာ နေရာ၌ပင် ပွဲချင်းပြီး သေဆုံး သွားလေ၏။ သေဆုံးသွားသည်နှင့် တပြိုင်နက် သူဆင်းရဲမ သည် ထိုချောင်းထဲတွင်ပင် အလွန်ကြီးမားသော လိပ်မကြီး ဘဝသို့ ချက်ချင်းကူးပြောင်းသွားလေ၏။ လိပ်မသည် အလွန်ကြီးသဖြင့် "လိပ်ကမ္ဘာမကြီး" ဟု ခေါ်၏။

"ထမင်းချမ်းတစ်ဖဲ့၊ ခွက်အပဲ့နှန့်၊
ငါးပရှာတစ်ကောင်၊ ပြာလလူးနှန့်၊
အမင်လိပ်ကမ္ဘာ၊ အဘာမယားရှာ
မယားမရ၊ ဘီလူးမနှန့် ထက်ပင်းကျ
ရှိနို့အရှင်၊ မိခင်တစ်ချက် ပေါ်လာလတ်လင့်..."

လင်ယောကျ်ားဖြစ်သူမှာလည်း ရုတ်တရက်အတွင်း မထင်မှတ်စွာဖြစ်သွားသဖြင့် စိတ်မကောင်းခြင်းကြီးစွာဖြင့် အိမ်ပြန်လာခဲ့ရ၏။ အိမ်သို့ရောက်သည့်အခါ သမီး ဒါထွီးမေက သူ့မိခင်မပါသဖြင့် "အမေ ဘယ်မှာလဲ" ဟု မေး၏။ ဖခင်မှာ အဖြစ်မှန်ကို သမီးအား ဖွင့်မပြော သာဘဲ "နင့်အမေ နင့်အကြီးသျှင်မ (အဒေါ်ကြီး) တို့အိမ် မှာ ခဏဝင်ကျန်ရစ်ခဲ့တယ်" ဟု လိမ်ညာပြီး ပြောရ၏။ အချိန်အတော်ကြာ၍လည်း မိခင် ပြန်မရောက်လာသဖြင့် မယ်ထွီးယေသည် သူ့အဒေါ်ကြီးအိမ်သို့သွားပြီး သူ့အမေကို ရှာမေး၏။ ထိုအခါ သူအကြီး သျှင်မ (ဒေါ်ကြီး) က

"ဗိုင်းတောင်းကိုင်လို့ရွာစိုင် (ရွာစဉ်) လျှောက် နင်ရှိအမိ၊ ငါရှိအိမ်ဦး၊ တစ်ခါပင်လေ့ မရောက်ဖူး"

နင်တို့အမေဟာ ဗိုင်းတောင်းကိုင်လို့ ရွာစဉ်လျှောက် နေသော်လည်း ငါတို့အိမ်သို့ တစ်ကြိမ်တစ်ခါမျှပင် လျှင်မှ မလာစဖူးပါကလားဟု ပြန်ပြောလိုက်လေ၏။ မယ်ထွီးယေ သည် အိမ်သို့ပြန်လာပြီး သူ့ဖခင်အားမေးမြန်း ပြန်လေ၏။ ထိုအခါ ဖခင်က "ဒါဖြင့် နင်တို့အခင်ကြီး (ဦးလေး) အိမ်သို့ သွားတာရှိမှာပေါ့" ဟု ဆိုပြန်၏။ မယ်ထွီးယေ သည် သူ့ဦးလေးအိမ်သို့သွားပြီး စုံစမ်းပြန်လေ၏။ ဦးလေး အိမ်တွင်လည်း မတွေ့သောအခါ သူ့ ဖခင်ထံပြန်လာပြီး မေးမြန်းလေ၏။ ထိုအခါ ဖခင်က "နင့် အဘောင်ရှင် (အဘွား) အိမ်သို့ သွားတာရှိမှာပေါ့" ဟု ဆိုပြန်၏။ ဤသို့ဖြင့် ဆွေမျိုးအားလုံးတို့၏အိမ်သို့သာ မယ်ထွီးယေ ခမျာ ရောက်ရရှာ၏။ သူ့အမေကိုကား မတွေ့။ နောက်ဆုံး တွင် မယ်ထွီးယေလည်း လက်လျှော့ကာ ငိုယိုပြီး အိမ်ပြန် ခဲ့ရ၏။ ထိုအခါ ဖခင်မှာလည်း မလိမ်ညာနိုင်တော့သဖြင့် အမှန်ကို ပြောပြလိုက်ရလေတော့၏။

မယ်ထွီးယေမှာ မိခင်ကိုတမ်းတလျက် နေ့စဉ်ငိုကြွေး ခဲ့ရ၏။ ရက်အတန်ကြာသောအခါ မယ်ထွီးယေ၏ ဖခင် သည် ခြင်းတောင်း၊ ပလိုင်း၊ နီးများ၊ ယက်ကန်းပစ္စည်းများ ပြုလုပ်ပြီး မယ်ထွီးယေနှင့်အတူ ရွာစဉ်လျှောက်ကာ ရောင်း ချကြ၏။ ဤသို့ဖြင့် တစ်နေ့တွင် ရွာတစ်ရွာသို့ ရောက်ရှိ သွားစဉ် အိမ်တစ်အိမ်မှ အမျိုးသမီးတစ်ဦးသည် မယ်ထွီးယေ ထံမှ ယက်ကန်းပစ္စည်းများကို ဝယ်ယူလေ၏။ ထိုအမျိုး သမီးမှာ လူအသွင်ဆောင်ထားသော ဘီလူးမသာဖြစ်၏။

ဘီလူးမသည် သူဝယ်ယူလာသော ပစ္စည်းများအတွက် စပါးတစ်တောင်းကို ပေးလေ၏။ စပါးတောင်းမှာ ရိုးရိုးစပါးတောင်းမဟုတ်ဘဲ တောင်းအောက်တွင် ခဲလုံးများကို ထည့်ပြီး အပေါ်ယံမှ စပါးအနည်းငယ်ကိုသာ ထည့်ထားသဖြင့် မယ်ထွီးယေမှာ ၄င်းစပါးတောင်းကို မထမ်းနိုင်ဖြစ်ရ၏။ ထိုအခါ ဘီလူးမက "နင့်အဖေကို သွားခေါ်" ဟု ပြောလေသည်။ မယ်ထွီးယေလည်း သူ့ဖခင်အားပြန်၍ လာခေါ်ပြီး အကျိုးအကြောင်းကို ပြောပြလေ၏။

သားအဖနှစ်ဦးလည်း ဘီလူးမအိမ်သို့ ပြန်လာခဲ့ကြ၏။ လူအသွင်ဖန်ဆင်းထားသော ဘီလူးမလည်း မယ်ထွီးယေ၏ ဖခင်အား အိမ်ပေါ်သို့ ဖိတ်ခေါ်ပြီး ကောင်းမွန်စွာ ဧည့်ခံလေ၏။ ကွမ်း၊ ဆေးစသည်တို့ကို စားသုံး၍ ရသင့်သော အဖိုးအခစပါးတောင်းကို ယူ၍ပြန်မည်ဟု ထိုင်ရာမှ ထရာ သပေါ့ဖျာသည် မယ်ထွီးယေဖခင်၏ တင်ပါးနှင့် ကပ်လျက်ပါလာ၏။ ပြန်ခွာသော်လည်း ခွာ၍ မရချေ။ ထိုကဲ့သို့ဖြစ်နေအောင်လည်း ဘီလူးမက သူ၏ အတတ်ပညာဖြင့် တမင်တကာ ဖန်ဆင်းထားခြင်းဖြစ်၏။

ဘီလူးမက "ပြန်တော့ပြန်ပါ ငါ့သပေါ့ဖျာ ပါမသွားစေနဲ့" ဟုလည်း ပြော၏။ သို့ဖြင့် မယ်ထွီးယေတို့ သားအဖသည် ဘီလူးမအိမ်မှ ပြန်၍မရဘဲ ဖြစ်နေကြ၏။ နေဝင်မိုးချုပ်လာ၏။ နောက်ဆုံးတွင် ဘီလူးမ၏ ဖြားယောင်းသွေးဆောင်မှုကြောင့် မယ်ထွီးယေ၏ ဖခင်နှင့် ဘီလူးမတို့ ညားကြပြီး ထိုဘီလူးမအိမ်မှာပင် နေထိုင်ကြရလေတော့သည်။

ဘီလူးမ၌လည်း ကြက်ချီးမေဟူသော သမီးတစ်ယောက် ရှိလေ၏။ ထိုသို့အတူနေထိုင်ကြသော်လည်း ဘီလူးမသည် မိမိ၏သမီးကြက်ချီးမေကိုသာ မျက်နှာသာပေး၏။ လင်ပါသမီး မယ်ထွီးယေအား အမျိုးမျိုး နှိပ်စက်၏။ စေခိုင်း၏။ အစားအသောက်တို့ကိုလည်း ဝလင်အောင်မကျွေး၊ ထမင်းချမ်း ဟင်းချမ်း (ထမင်းကြမ်း ဟင်းချန်) တို့ကိုသာ အကြွင်းအကျန်အနေဖြင့် စားရ၏။ ထိုအဖြစ်ကို မယ်ထွီးယေ၏ ဖခင်ဖြစ်သူမှာ မသိချေ။ သမီးမယ်ထွီးယေကလည်း ဖခင်စိတ်မချမ်းမသာဖြစ်မည်စိုး၍ ဖွင့်ပြောမပြချေ။

သို့ဖြင့် တစ်နေ့တွင် မယ်ထွီးယေသည် သူ့မိခင်အား သတိရကာ ချောင်းကမ်းစပ်သို့သွားပြီး လိပ်မကြီး ဖြစ်နေသောမိခင်ကို တွေ့လိုတွေ့ငြားလိုက်ရှာ၏။ ငိုလည်းငို၏။ ငိုရင်းဖြင့် ...

"ထမင်းချမ်းတစ်ဖွဲ့၊ ခွက်အပုံ့နန့်
ငါးပရှာတစ်ကောင်၊ ပြာလလူးနန့်
အမင်လိပ်ကမ္ဘာ၊ အဘာမယားရှာ
မယားမရ၊ ဘီလူးမနန့် ထက်ပင်းကျ
ခွိနို့အရှင်၊ မိခင်တစ်ချက် ပေါ်လာလတ်လင့် ..."



"အဖျားကလည်း ပိုက်ကြီးဆီး
အရင်းကလည်း ပိုက်ကြီးဆီး
ရှိနို့အရှင်၊ အမင် (အမေ)
ကြောအလယ်ကို လားပါလီ"

ထမင်းကြမ်း ဟင်းကျန်အနည်းငယ်ကို ခွက်အပဲ့တစ်ခုဖြင့်ထည့်ပြီး မီးဖိုပြာအလိမ်းလိမ်း ကပ်နေသော အလွန်အရိုးများသည့် ငါးပရှာ (ငါးပြား) သေးသေးလေးတစ်ကောင်ဖြင့် ထမင်းစားရပါသည်။ အမေ လိပ်ကမ္ဘာမ၊ အဖေမှာလည်း ဘီလူးမနှင့်ပက်ပင်းကျ၍ ညားပြီးလေပြီ။ နို့ချိုတိုက်ကျွေးခဲ့သော မိခင်လိပ်၊ ရေထဲမှ တစ်ကြိမ်ပေါ်လာခဲ့ပါတော့လား …ဟု တိုင်တည်ဆိုညည်းလေ၏။

ထိုအခါ လိပ်ကမ္ဘာမဖြစ်နေသော မိခင်သည် ရေထဲမှ ဘွားကနဲပေါ်လာလေ၏။ ပိန်ချုံးကျနေသော သမီးဖြစ်သူကို တွေ့မြင်ရသော လိပ်မကြီးမှာ စိတ်မကောင်းကြီးစွာဖြင့် အစားအစာများ ရှာဖွေကျွေးမွေး၏။ မယ်ထွီးယေသည် ဤသို့ဖြင့် နေ့စဉ်နေ့တိုင်း ချောင်းကမ်းစပ်သို့သွားရောက်ပြီး မိခင်လိပ်မနှင့် တွေ့နေလေ၏။ အစားအသောက်တို့ကို ပုံမှန်စားသောက်ရသော မယ်ထွီးယေသည် ပိန်ချုံးနေရာမှ ဝဖြိုးလာလေ၏။

တစ်နေ့တခြား ပြန်လည်၍ စိုပြည်ဝဖြိုးစွာဖြင့် ဖြစ်လာသည့် မယ်ထွီးယေအား ဘီလူးမသည် ပို၍မကျေမချမ်းဖြစ်စွာဖြင့် ပင်လယ်ကမ်းစပ်ဘက်သို့ ဆိတ်ကျောင်းပေးလွှတ်ပြန်၏။ မယ်ထွီးယေမှာလည်း ပြန်မပြောဝံ့ဘဲ ရက်စက်သမျှ ကြိတ်မှိတ်ခံနေရ၏။ ပင်လယ်ဝသို့ရောက်သည့်အခါ မယ်ထွီးယေလည်း ငိုညည်း,ညည်းပြန်၏။

"ထမင်းချမ်းတစ်ဖဲ့၊ ခွက်အပဲ့နန့်
ငါးပရှာတစ်ကောင်၊ ပြာပလူးနန့်
ဆိတ်ကြိုးတစ်ချောင်၊ ဆိတ်တရှိနန့်
ပင်လယ်ဝမှာ ဆိတ်ကျောင်းရရေ
ရှိနို့အရှင်၊ မိခင်တစ်ချက် ပေါ်ပါလတ်လင့်"

ထိုအခါ မိခင်လိပ်မကြီးလည်း ပင်လယ်ကမ်းစပ်၌ ဘွားကနဲပေါ်လာ၏။ မယ်ထွီးယေအား အစားအစာများ ရှာဖွေကျွေးမွေး၏။ ဤသို့ဖြင့် မယ်ထွီးယေကို ဘီလူးမက မည်သို့ပင် မဝရေစာဖြင့် အငတ်ထားစေကာမူ မိခင်လိပ်ကမ္ဘာမကြီးက ရှာဖွေကျွေးမွေးပေးသဖြင့် မယ်ထွီးယေမှာ ပို၍ကျန်းမာဝဖြိုးလာနေ၏။

သို့ဖြင့် ဘီလူးမသည် အကြောင်းတစ်ခုခုတော့ ရှိရမည်ဟု မယုံသင်္ကာဖြစ်လာလေ၏။ မယ်ထွီးယေ ဆိတ်ကျောင်းသွားသည့် တစ်နေ့၌ သူ့သမီး ကြက်ချီးမအား ခွေးကဲ့သို့ ဖန်ဆင်းပေးကာ မယ်ထွီးယေ၏နောက်မှ မယောင်မလည်ဖြင့် လိုက်လံစုံစမ်းစေ၏။ အကြောင်းစုံကို သိရသောအခါ မိခင်ဘီလူးမအား ပြန်ပြောပြ၏။ ထိုအခါ ဘီလူးမသည် ဥပါယ်တံမျဉ်ဖြင့် ဉာဏ်ထုတ်ကာ တစ်မျိုးကြံဖန်ပြန်၏။ အိပ်ရာထဲလဲလျောင်းကာ မကျန်းမာယောင် ဆောင်ပြန်လေ၏။ လင်ယောကျ်ားကလည်း အမှန်တကယ်ထင်မှတ်ကာ ပြုစု၏။ ဘီလူးမမှာ မစားမသောက်ဖြင့် ရက်အနည်းငယ်ကြာလာ၏။ လင်ဖြစ်သူက စိုးရိမ်လာသဖြင့် ဘာစားသောက်ချင်သလဲဟု မေးမြန်း၏။ ထိုအခါ ဘီလူးမက မိမိအကြံအောင်ပြီဟူ၍ ဝမ်းသာအားရဖြစ်စွာဖြင့် လိပ်ကမ္ဘာမ၏အသားကို စားရသုံးရမှ ဤရောဂါဝေဒနာကပျောက်မည် သို့မဟုတ်က မပျောက်ပါဟု ပြောလေ၏။

မယ်ထွီးယေ၏ ဖခင်ဖြစ်သူမှာ ဘီလူးမအား အမှန်တကယ်ပင် လူသားအစစ်ဟု ထင်မှတ်ပြီး ချစ်ခင်ကြီးစွာဖြစ်နေသဖြင့် ဘာကိုမှမစဉ်းစားနိုင်ဖြစ်နေရ၏။ သို့ဖြင့် လိပ်ကမ္ဘာမကို ဖမ်းဆီးရန် သမီးနှစ်ယောက် (မယ်ထွီးယေနှင့် ကြက်ချီးမေ) တို့ကိုခေါ်ကာ ထွက်လာခဲ့၏။

မယ်ထွီးယေ၏ ဖခင်သည် ချောင်းကိုပိတ်ကာ ပိုက်ကွန်ဖြင့် လိပ်ကမ္ဘာမကို ဖမ်းဖို့ကြိုးစား၏။ မယ်ထွီးယေက မိခင်အပေါ်သနားသဖြင့် ချောင်းကမ်းမှရပ်ပြီး …

"အဖျားကလည်း ပိုက်ကြီးဆီး
အရင်းကလည်း ပိုက်ကြီးဆီး
ခွိနို့အရှင်၊ အမင် (အမေ)
ကြောအလယ်ကို လားပါလီ"
(သွားပါလေ) … ဟူ၍ ဆိုလေ၏။

သမီးက သတိပေးသဖြင့် လိပ်ကမ္ဘာမမှာလည်း ရေကြောလယ်သို့ ရောင်နေလေ၏။ ထိုသို့သတိပေးနေသဖြင့် လိပ်ကမ္ဘာမကို ဖမ်း၍မမိနိုင်ဘဲ ဖြစ်နေရလေ၏။ ထင်းကြောင့် ဖခင်ဖြစ်သူက မယ်ထွီးယေအား "နင့်ကြောင့် ဖမ်းလို့မရဘူး" ဟုဆိုကာ ပြင်းထန်စွာ ရိုက်နှက်လေ၏။ မယ်ထွီးယေလည်း မခံရပ်နိုင်အောင် နာကျင်လွန်းလာသဖြင့် "အမိ အမိ ပိုက်ထဲဝင်ပေးပါတော့" ဟု ဆိုရလေ၏။ လိပ်ကမ္ဘာမမှာလည်း သမီးဖြစ်သူ၏ ဖြစ်အင်ကို မကြည့်ရက်သဖြင့် မိမိအသတ်ခံရမည်ကိုသိလျက်နှင့် ပိုက်ကွန်ထဲသို့ ဝင်ပေးလိုက်ရ၏။

လိပ်ကမ္ဘာမကို ဖမ်းဆီးရလာသောအခါ သတ်ဖြတ်ချက်ပြုတ်ပြီး ဘီလူးမအား ပေးကျွေးလေ၏။ နာမကျန်းဟန်ဆောင်နေသော ဘီလူးမလည်း လိပ်သားစားရသောအခါ ကျန်းမာနေကောင်းလာဟန် ပြုလေ၏။ မယ်ထွီးယေမှာလည်း အားကိုးရာမဲ့လေပြီဖြစ်၏။

ဘီလူးမစားသောက်ပြီး၍ ကျန်ခဲ့သောအရိုးများကို မယ်ထွီးယေသည် ကောက်ယူသိမ်းဆည်းပြီး ရွာအပြင်ရှိ ကုန်းကမူရိုးတစ်နေရာသို့ ထွက်လာခဲ့၏။ ၎င်းကုန်းကမူရိုးပေါ်တွင် အရိုးများကို မြှုပ်နှံလေ၏။

"အကျွန်မသည် ဘဝတစ်ပါးသို့ ပြောင်းသွားသည့် မိခင်အား အလွန်ချစ်မြတ်နိုးပါ၏။ ဂုဏ်ကျေးဇူးကိုလည်း သိပါ၏။ ဤမှန်သောသစ္စာစကားကြောင့် မိခင်အရိုးကို မြှုပ်နှံရာ ဤနေရာ၌ ရွှေပင်ငွေပင်ပေါက်ပါစေ သတည်း။ ထိုရွှေပင်ငွေပင်ကို မည်သူတစ်ဦးတစ်ယောက်မှ တူးလို့မရဘဲ အကျွန်မတစ်ဦးတည်းသာလျှင် လက်သည်းဖြင့် ကော်လိုက်ရုံဖြင့် တူးလို့ရပါစေသား ….." ဟုလည်း အဓိဋ္ဌာန်ပြုလေ၏။

မကြာမီ ထိုနေရာ၌ ရွှေပင်ငွေပင်ပေါက်လာလေ၏။ ထိုရွှေပင်ငွေပင်အား မည်သူတစ်ဦးတစ်ယောက်မှလည်း ခူးဆွတ်တူးဖော်၍မရချေ။ ထိုသတင်းကို ရွှေနန်းတော်အထိ ဘုရင့်နားသို့ပါ သတင်းပေါက်လာလေ၏။

သို့ဖြင့် ဘုရင်သည် တောကစားထွက်ရင်း လာကြည့်လေ၏။ အံ့သြဖွယ်ရာ ထူးဆန်းလွန်းသည့် ထိုရွှေပင်ငွေပင်ကို ပိုင်ဆိုင်သူရှိသလားဟုမေး၏။ မည်သူမှ အဖြေမပေးနိုင်သဖြင့် မင်းဘဏ္ဍာတော်အဖြစ် သိမ်းဆည်းရမည်ဟုဆိုကာ မင်းချင်းများအား တူးယူစေ၏။ ဓားကျိုး၊ လှံကျိုးဖြစ်ကာ မည်သို့မျှတူး၍မရ ဖြစ်နေကြရ၏။

သို့ဖြင့် ဘုရင်သည် တိုင်းပြည်သို့လှည့်လည်စေကာ မောင်းကြေးနင်းခတ်စေလေ၏။ ရွှေပင်ငွေပင်ကို တူးဖော်နိုင်သူအား ယောကျ်ားဖြစ်က အိမ်ရှေ့အရာပေးမည်။ မိန်းမဖြစ်က မိဖုရားမြှောက်မည်ဟု ကြေညာစေ၏။ မည်သူမှ ထွက်ပေါ်၍လည်းမလာ။ ထွက်ပေါ်လာလျှင်လည်း တူး၍မရဖြစ်နေကြ၏။ နောက်ဆုံးတွင် မယ်ထွီးယေ (ဒါထွီးမေ) တစ်ဦးသာ ထွက်ပေါ်လာလေ၏။ ဘုရင်မင်းမြတ်လည်း မယ်ထွီးယေအား အမှန်တကယ်တူးဖော်နိုင်မည်လားဟုမေး၏။ လိမ်ညာက သေဒဏ်ပေးမည်ဟု ပြော၏။ မယ်ထွီးယေကလည်း သူ့အဓိဋ္ဌာန်ကြောင့် အမှန်တကယ်တူးဖော်နိုင်ပါကြောင်း လျှောက်တင်၏။ သို့ဖြင့် တူးခိုင်းလေရာ မယ်ထွီးယေ၏လက်သည်းဖြင့် ကော်လိုက်ရုံနှင့် ရွှေပင်ငွေပင်ကို တူးဖော်ပြီးသားဖြစ်သွား၏။

ထိုအခြင်းအရာကို မြင်တွေ့ရသော ဘုရင်လည်း များစွာအံ့သြလေ၏။ အကျိုးအကြောင်းကို စုံစမ်းမေးမြန်းလေ၏။ ဒါထွီးမေလည်း သူမ၏ဘဝအဖြစ်အကြောင်းစုံကို ဘုရင့်အား လျှောက်တင်လေ၏။ ဘုရင်လည်း အကြောင်းစုံကို သိရသောအခါ လူအသွင်ဖန်ဆင်းနေသော ဘီလူးမသားအမိကိုဖမ်းဆီးပြီး သတ်ဖြတ်လိုက်လေ၏။ မယ်ထွီးယေ၏ဖခင်မှာ သမီးဖြစ်၏ တောင်းပန်လျှောက်တင်မှုကြောင့် ချမ်းသာရာရလေ၏။ ဒါထွီးမေလည်း မိဖုရားမြှောက်တင်ခြင်းကိုခံရကာ သူ့ဘဝချမ်းသာသုခကို ရလေတော့၏။ အမိလိပ်ကမ္ဘာမသည်လည်း တိုင်းပြည်အတွက် ဘဏ္ဍာတော် ရွှေပင်ငွေပင်ဖြစ်ရလေ၏။ ၎င်းရွှေပင်ငွေပင်ကို နန်းတော်ရှေ့သို့ ပြောင်းရွှေ့စိုက်ပျိုးထားလေ၏။

ဂေါယာမြေ - စောဝင်း



# ဆလုံ လူမျိုးတို့၏ ဘာသာရေး ဓလေ့ထုံးစံများ

တက္ကသိုလ် ကိုလတ်

"ဆလုံသေ ရေမျှော၊ မြေမမြှုပ်"ဟု ဆိုရိုးစကား ရှိခဲ့သည်။ ဆလုံလူမျိုးတို့က "သေခြင်းသည် တမလွန် ဘဝသို့ ကူးပြောင်းရန် ပေါင်းကူးတံတားဖြစ်သည်"ဟု ဆိုပါသည်။ "သေရမှာ မကြောက်ဘူး"ဟု သူသူ ကိုယ်ကိုယ်ဖြေသလို ဆလုံမလေးများက ပြောကြသည်။

သူတို့၏ သေခြင်းတရားအပေါ် ရှုမြင်ခြင်းသည် ရိုးစင်းစွာ ခံစားသုံးသပ်မှုဖြစ်နိုင်ပေသည်။ မမွေးဖွားမီ ဘဝသည် လှေအိမ်ထဲမှာဖြစ်ပြီး ကမ်းစပ်တွင် လမ်း လျှောက်တတ်သည့်အရွယ် ကလေးဘဝဝယ် ပြည့်စုံမှု ကင်းမဲ့၏။ အဝတ်အစားလုံခြုံမှု နည်းပါးစွာဖြင့် စတင်ခဲ့ ရသည်။ အရွယ်ရောက်ပိုင်းအချိန်မှ အိုမင်းချိန်များအထိ ကာလအတွင်း ပင်လယ်ပြင်နှင့် ဖက်တွယ်ရုန်းကန်လျက် အသက်ဆက်ခဲ့ရသည်။ ဘဝဝမ်းစာအတွက် ပင်ပန်းမှုကို ဒုက္ခဟုမမြင်၊ တည်ငြိမ်အေးချမ်းစွာ မနေထိုင်ကြရခြင်းကို သောကဟု သဘောမထား၊ ကျောသားရင်သား မခွဲခြားဘဲ မိသားစုတစ်စုလုံး လှေအိမ်ကမ္ဘာတွင်နေ၍ ကျင်လည် ကျက်စားကြရသည်။

ကျန်းမာရေးချို့တဲ့လာလျှင် ကြုံရာဆေးမြီးတိုများနှင့် ကုသလျက်၊ တစ်ဖက်မှာ နတ်ကိုးကွယ်မှုကို အားထား မျှော်လင့်ရင်း ကောင်းတစ်လှည့်ဆိုးတစ်ခါ နေထိုင်ကြရ ရှာသည်။ အကယ်၍ မိသားစုထဲမှ တစ်ဦးတစ်ယောက် သေဆုံးသွားပါက ကျန်းမာရေးချို့တဲ့၍ဟု မယူဆချေ။ ဖျားနာ၍ ဆုံးလျှင်လည်းကောင်း၊ မတော်တဆ ဖြစ်ပွား

လျက် ဆုံးလျှင်လည်းကောင်း ထိုသူအား မကောင်းဆိုးဝါး နတ်မိစ္ဆာဝိညာဉ်များက ဖမ်းစားပြုစား၍ ဆုံးရှုံးရသည်ဟု သဘောထားယုံကြည်ကြသည်။

ထိုသို့ သေဆုံးသွားသည့်အခါ ခန္ဓာကိုယ်ကြီးက သေဆုံးပုပ်သိုးသွားသော်လည်း သေသူ၏ဝိညာဉ်သည် တမလွန်ဘဝတွင် ဆက်လက်ရှင်သန်လျက်ရှိနေသည်ဟု ယုံကြည်ကြသည်။ ယင်းဝိညာဉ်သည် မမြင်မတွေ့ရသော်လည်း ကောင်းမှု၊ မကောင်းမှုတို့ကို ပြုလုပ်နိုင်သည့် တန်ခိုးစွမ်းအား ရှိသည်ဟုဆိုသည်။ ထိုတမလွန်ဘဝသည် ဝိညာဉ်ဘုံဗိမာန်ဖြစ်သည်ဟု လက်ခံတတ်ကြသည်။ တမလွန်ဘဝရှိဝိညာဉ်သည် ယခင်သက်ရှိဘဝဖြစ်စဉ်က ကောင်းသောအကျိုးကို ခံစားစံစားရမည်။ ယခင်ဘဝက အမည်နာမဖြင့် ဆက်လက်တည်ရှိနေမည်ဟု ယုံကြည်သည်။ ယခုဘဝတွင် မိမိအမည်အားခေါ်ခြင်းသည် ဝိညာဉ်ဘဝသို့ရောက်ရှိမည့် မိမိ၏အမည်အား ခေါ်ဝေါ်ခြင်းဖြစ်သည်ဟုလည်း ယူဆ၍ အမည်ကို အတတ်နိုင်ဆုံး ဖုံးကွယ်ထားကြသည်။

ဆလုံလူမျိုးတို့ကိုယ်တိုင်လည်း နောင်တမလွန်ဘဝတွင် ကောင်းစွာခံစားနေထိုင်နိုင်ရန် ယခုဘဝကို ကောင်းမွန်တည်ကြည်သည့် စိတ်ထားရှိရန် ကြိုးစားကြသည်။ သေဆုံးသူသည် မသေမီဘဝက စွဲလမ်းခဲ့သမျှကို သေလွန်သောအခါ ယင်းစွဲလမ်းမှုများကို နောင်တမလွန်ဘဝသို့ မပါရှိစေရန် အတတ်နိုင်ဆုံး ကြိုးစားပယ်ဖျောက်ပေးကြရမည်။

သေသူစွဲလမ်းသည့် ပစ္စည်းအသုံးအဆောင်၊ သေသူပိုင်ဆိုင်သည့် လှေတို့ပါမကျန် သေသူနှင့်အတူ ထည့်သွင်းစွန့်ပစ်ကြရသည်။ မိသားစုအတွင်း တစ်ဦးသေဆုံးပါက သေသူဘေးတွင် ဝိုင်းဝန်းငိုကြွေးလျက် သေသူ၏ ဆိုးမွေများ၊ သေသူပြုလုပ်ခဲ့သည့် မကောင်းမှုများ၊ မိသားစုအပေါ် မငဲ့ညှာ မကြင်နာဘဲ ရက်စက်စွာ ပြုလုပ်ခဲ့သည်များကို ဖော်လျက် သေသူက ကျန်မိသားစုများအား စိတ်နာကြည်းစွာဖြင့် ထွက်ခွာသွားစေရန် တစ်ဖန်လည်း သူတို့မိသားစုများထံသို့ သေသူက လာရောက်နှောင့်ယှက်ခြင်း၊ ခြောက်လှန့်ခြင်း မပြုတော့ရန်အတွက် သံယောဇဉ်ဖြတ်စေရန် ပြုမူငိုကြွေးပြောဆိုကြရသည်။

အလားတူပင် သေဆုံးသူထံသို့ လာရောက်ကြသည့် ဆွေမျိုးမိတ်သင်္ဂဟများကလည်း သေသူ၏ မကောင်းသည့် အကြောင်းရပ်များကို ပြောဆိုဖွဲ့နွဲ့ ငိုကြွေးလေ့ရှိကြသည်။ သေသူအနေဖြင့် သံယောဇဉ်မတွယ်တော့ဘဲ တမလွန်ခရီးကို အေးချမ်းစွာသွားရောက်နိုင်ရန်ဖြစ်သည်ဟု ယုံကြည်ကြသည်။ သေဆုံးသူအား (၂) ရက်မှ (၃) ရက်ထားသည်။ တစ်ခါတစ်ရံ တချို့က သေဆုံးသည့်နေ့မှာပင် သင်္ဂြိုဟ်ကြသည်။ ဆလုံလူမျိုးတို့က သင်္ချိုင်းကို တစ်ကျွန်းတည်းတွင်မထားဘဲ တခြားကျွန်းငယ်တစ်ကျွန်းကို ရွေးချယ်ထားကြသည်။ လူသူမနေသည့် ကျွန်းငယ်ဖြစ်ပြီး ရေနှင့် တောကောင်များ မရှိသောနေရာကို ရွေးချယ်ကြသည်။ သင်္ချိုင်းသို့ပို့ရာတွင် သေသူ၏ ပစ္စည်းများနှင့်အတူ လှေပေါ်တွင် အလောင်းကိုတင်၍ ရေတက်ချိန် (သို့မဟုတ်) ရေကျချိန်ကို အသုံးပြုကြသည်။ ဆလုံယောကျ်ားများ သေဆုံးလျှင် ရေတက်ချိန် သွားရောက်သင်္ဂြိုဟ်ပြီး၊ မိန်းမဆုံးလျှင် ရေကျချိန် သွားရောက်သင်္ဂြိုဟ်ကြသည်။ သတ်မှတ်ထားသောကျွန်းရှိ သင်္ချိုင်းသို့ရောက်သောအခါ လင့်စင်သဘော လေးတိုင်စင်ဖြင့် အခင်းများတင်ပြီး အလောင်းကောင်ကို လေးတိုင်စင်ပေါ်တင်သည်။ အိမ်တွင် သေဆုံးစဉ်၌ နေရာမရွေးဘဲ အပေါ်မှ အဝတ် (သို့မဟုတ်) စောင်ပိုင်းဖုံးထားပြီး သင်္ချိုင်းသို့မယူလာမီတွင် သေသူအား အဝတ်အစားဝတ်ပေးခြင်း၊ သေသူပိုင်ပစ္စည်းများကို အနီးတွင်ထားခြင်းတို့ ဆောင်ရွက်ရသည်။ လှေဖြင့်သယ်ယူလာစဉ် မိသားစု၊ ဆွေမျိုးများ၊ မိမိတို့လှေများဖြင့် လိုက်ပါလာကြသည်။ သေသူပိုင်လှေရှိလျှင် လှေကိုထက်ခြမ်းခွဲ၍ တစ်ခြမ်းကို သေသူအားထည့်ပြီး ကျန်တစ်ခြမ်းဖြင့် အုပ်မိုးထားရသည်။ အချို့က ကျန်တစ်ခြမ်းကိုဖွင့်ထားခဲ့ရသည်ဟု ဆိုသည်။ ဆလုံတို့က လင့်စင်နှင့်တင်ထားခြင်းသဘောမှာ အကယ်၍ ပြန်လည်ရှင်သန်လာပါက မေ့မျောသွားခြင်းသာဖြစ်၍ သေသူက မိမိပိုင်ပစ္စည်းများဖြင့် ဆက်လက်ရှင်သန်နေထိုင်ရန်ဖြစ်သည်။ ထို့ကြောင့် သေဆုံးသူ၏ မိသားစုများက ရက်အတန်ကြာလျှင် သင်္ချိုင်းကျွန်းအား ပတ်လည်လှည့်၍ သေသူ၏အမည်ကို အော်ခေါ်ကြရသည်။ အကယ်၍ သေသူက တကယ်သေဆုံးခြင်းမဟုတ်ပါက ပြန်လည်ခေါ်ယူသွားရန် ဖြစ်သည်။

မြိတ်မြို့နှင့်အနေနီးသော မြိတ်မြို့ဆိပ်ကမ်းအနီး ဆလုံကုန်းရပ်တွင် ယခင်ကနေထိုင်ခဲ့ကြစဉ် ဆလုံလူမျိုးတစ်ဦးဦးသေဆုံးပါက မြန်မာတို့အစဉ်အလာကဲ့သို့ သင်္ချိုင်းသို့ ပို့ဆောင်ကြသည်။ သေသူအား ရေချိုးပေးခြင်း၊ အဝတ်အစားသစ်ဝတ်ပေးခြင်း၊ သေသူအတွက် ပျဉ်ပြားများ (သို့မဟုတ်) ဝါးများဖြင့် ခေါင်းတလား လုပ်၍ သင်္ချိုင်းသို့

ဆွေမျိုးမိတ်သင်္ဂဟများက ဝိုင်းဝန်း၍ပို့ဆောင်ကြသည်။ သေသူ၏မိသားစုအား ငွေကြေး ဝိုင်းဝန်းပံ့ပိုးပေးကြသည်။ ယင်းမှာ လွန်ခဲ့သည့် ၁၉၇၀ ခုနှစ်ဝန်းကျင်အချိန်ဖြစ်သည်။

မြိတ်ကျွန်းစုနေ ဆလုံလူမျိုးများမှာ နှစ်ပေါင်းများစွာ လေးတိုင်စင်ဖြင့် သင်္ဂြိုဟ်သည့်ဓလေ့ရှိခဲ့ရာမှ ၁၉၉၀ ခုနှစ်ဝန်းကျင်မှစ၍ အလွန်ဝေးခေါင်လွန်းသော ကျွန်းများ မှလွဲပြီး သေဆုံးသူအား မြေချသင်္ဂြိုဟ်သည့် ဓလေ့သို့ ပြောင်းလဲလာခဲ့သည်။ အကြောင်းမှာ လေးတိုင်စင်ဖြင့် သေဆုံးသူအား တင်ထားရာတွင် ရေအတက်အကျ ဖြစ်၍ လေးတိုင်စင်မှာ ပြိုကျပျက်စီးခြင်း၊ မသမာသူများက သေသူ၏ အသုံးအဆောင်များကို လာရောက်ယူငင်ကြ ခြင်း၊ တောကောင်များ၊ တောဝက်များက နှောင့်ယှက် ဖျက်ဆီးစားသောက်ကြခြင်း၊ လူနေမှုစနစ် အထိုက် အလျောက် ကြားမြင်သိရှိလာခြင်းတို့ကြောင့် လေးတိုင်စင် ဖြင့် သင်္ဂြိုဟ်သည့်စနစ်အား စွန့်ပစ်၍ သစ်သားခေါင်းဖြင့် ပြုလုပ်ထည့်သွင်း သင်္ဂြိုဟ်သည့်အစီအစဉ်ကို ဆောင်ရွက် လာကြပြီဖြစ်သည်။ ယင်းမှာ သေသူအား သစ်သားပြား တို့ဖြင့် ခေါင်းပြုလုပ်ထည့်သွင်းပြီး နတ်ဆရာအားပင့်ဖိတ်၍ အသုဘအားကြီးကြပ်စေသည်။ နတ်များအား တိုင်တည် တောင်းပန်ခြင်း၊ အရက်သေစာဆက်ခြင်းတို့ ပြုလုပ်ပြီးမှ သင်္ချိုင်းသို့သွားရောက်ကြလျက် မြေမြှုပ်သင်္ဂြိုဟ်ကြသည်။ သေသူ၏မြေပုံပေါ်တွင် အမှတ်အသားတစ်ခု စိုက်ထူထား ခဲ့ကြသည်။

ဆလုံလူမျိုးတို့သည် အဘိုး (သို့မဟုတ်) အသက် အရွယ်ကြီးသူ တစ်ဦးဦးသေဆုံးလျှင် မြေပုံပေါ်တွင် ကျောက်တုံးကြီးကြီးတစ်တုံးကို တင်ခဲ့ကြသည်။ အသက် ငယ်သူ ယောကျ်ားတစ်ဦးသေဆုံးလျှင် ကျောက်တုံးငယ် တစ်တုံးကိုထားသည်။ ဆလုံအမျိုးသမီးအပျို သေဆုံးလျှင် ခရင်းခွာထားသော ကျောက်တုံးကိုဖြစ်စေ၊ ခရင်းပါသော ကျောက်တုံးကိုဖြစ်စေ တင်ထားရသည်။ ကလေးငယ်များ သေဆုံးလျှင် အုန်းသီးတစ်လုံး တင်ထားခဲ့ကြသည်။ အသုဘသို့ လိုက်ပါပို့ဆောင်သူများ အိမ်သို့ပြန်ရောက်လျှင် အိမ်ပေါ်မတက်မီ လက်နှင့်ခြေကို ရေချိုး (သို့မဟုတ်) ရေနန်ဖြင့်ဆေးပြီးမှ အိမ်ပေါ်တက်ကြသည့်ဓလေ့ရှိသည်။

**ရေနာရောဂါ**

ရေငုပ်သမားတစ်ဦးအတွက် ပေ ၆၀ (ရေအလံ ၁၀ လံ) ကို ရေတိမ်ငုပ်ခြင်းဟု သတ်မှတ်ပြီး၊ ပေ (၁၈၀) မှ (၂၅၀) အထိဆင်းရလျှင် ရေနက်ငုပ်သည်ဟု သတ်မှတ်ကြသည်။

ရေငုပ်သူက မုတ်ကောင်ရှိရာကို ရှာဖွေရာတွင် ရေ အနက်မည်မျှဟူသည်ကို သိသော်လည်း ဂရုမစိုက်အား၊ မုတ်ကောင်ရရှိရေးကို အဓိကထား၍ ရှာဖွေကြ၏။ ရေ အောက်တွင် နာရီဝက်ကြာသည်လည်း ရှိသည်။ ရေပို၍ နက်လေ ရေအောက်ရေဖိအား ပိုများလေ၊ ခန္ဓာကိုယ်၏ ကြံ့ခိုင်တွန်းကန်နိုင်စွမ်းအား နည်းလာလေဖြစ်သည်။ ရေဖိ အားကို ကြာရှည်စွာခံစားရလျှင် ခန္ဓာကိုယ်တွင်း၌ ခေါင်း အလွန်ကိုက်ခြင်း၊ အသက်ရှူကျပ်ခြင်းကို ရေအောက်တွင် စတင်ခံစားရသည်။ အချိန်မီ ယင်းအခြေအနေတွင် အပေါ် သို့ပြန်တက်ရန် ကြိုးစားရသည်။ အပေါ်ပြန်တက်လျှင် လည်း ရေနာထိခံလိုက်ရသူအတွက် ရေအောက်တွင်ပင် အဆုတ်ဖိအားကြောင့် သွေးအန်နိုင်သည်။ မျက်စိတွင် သွေးကြောများ ပေါက်နိုင်သည်။ ဦးနှောက်တွင် ခေါင်း ကိုက်ခြင်းသည် ဦးနှောက်အာရုံကြော များကိုထိခိုက်စေရန် ကိုယ်တစ်ခြင်း (သို့မဟုတ်) ကိုယ်တစ်ပိုင်းသေနိုင်သည်။ ခြေလက်များ မခံနိုင်အောင် ကိုက်ခဲလာတတ်သည်။ ယင်း လက္ခဏာများကို လှေပေါ်ရောက်သည့်အခါ ပီပီပြင်ပြင် ခံစားရတော့သည်။ ရေအောက်မှ လှေပေါ်သို့မတက်မီ ကြိုးဖြင့်အချက်ပေးရင်း ပြန်တက်လာရာတွင် (၁၅) လံ၊ ၁၀ လံ၊ ၅ လံ စသည်ဖြင့် တစ်ဆင့်စီ နှစ်မိနစ်မှ ငါးမိနစ်ဆီခြား၍ တဖြည်းဖြည်း ရေပြင်ပေါ်သို့ ပြန်တင်ရ သည်။ အကယ်၍ လှေပေါက်ရောက်ချိန် အောက်ပိုင်း သေသွားပါက ချက်ချင်းပြန်၍ ရေထဲသို့ အောက်ဆီဂျင် ပိုက်တပ်ပြီး ဘေးမှအဖော်ဖြင့် ပြန်ဆင်းလျက် ရေစိမ်ပေးရ သည်။ သတိရလာမည်။ လမ်းပြန်လျှောက်နိုင်မည်။ ရေကို ရေဖြင့်ပြန်ကုရမှ ပြန်ကောင်းမည်။ ရေစိမ်ချိန်သတ်မှတ်၍ နေ့စဉ် ရေအောက်သို့ဆင်းစိမ်ပေးခြင်းဖြင့် ပုံမှန်ကျန်းမာ သည့်အဆင့်သို့ ပြန်လည်ရောက်ရှိနိုင်သည်။ ဆလုံလူမျိုး အများစုက အောက်ဆီဂျင်ပိုက်မတပ်၊ မှန်ကပ်မသုံးဘဲ မုတ်ကောင်ငုပ်ကြသဖြင့် ရေနာရောဂါအဖြစ်များသည်။ အောက်ပိုင်းသေသွားလျှင်လည်း ကုသမှုအပြည့်အဝ မရရှိ ကြသဖြင့် သေဆုံးကြသည်က များသည်မှာ စိတ်မကောင်း စရာဖြစ်သည်။

**တက္ကသိုလ်ကိုလတ်**

**(ပင်လယ်ပျော်မော်ကင်းစာအုပ်မှ)**

# မွန်မင်း မဂဒူး

## ဒေါက်တာ သော်ကောင်း



လွန်ခဲ့သည့် နှစ် (၂၅၀) ခန့်က ပေစာတွင်ရေးသားခဲ့သော ယိုးဒယားရာဇဝင်ကို တည်းဖြတ်ပြုစုသည်။

ထိုမင်းလက်ထက် မုတ္တမမြို့နယ်၊ တကောဝန်းရွာသား မွန်နွယ်ဖြစ်သော မဂဒူးသည် မင်းကြီးမှာ မြဲစွဲလာ၏။ မဂဒူး၏အကြောင်းကား ကျေးဇူးကိုသိတတ်သော ဂုဏ်အထူး၊ သတိပညာ၊ ဘုန်းလက္ခဏာနှင့် ပြည့်စုံ၍ ရှုချင်ဖွယ်သော အချင်းလည်းရှိ၏။ မင်းကြီးမှာ မမြဲမစွဲမီ တစ်ရံရောအခါ ကုန်သည်တပည့်လက်သားသုံးကျိပ်နှင့် ကုန်ရောင်းဝယ်အံ့သောငှာ လှည့်လည်သွားသောအခါ နဝရတနာဂီရိတောင်အနီးအပါးသို့ ရောက်သည်ရှိသော် တပည့်ငယ်တစ်ယောက် နာမကျန်းရှိသည်ကို ထမ်းဆောင်၍ တောင်ထိပ်သို့ တက်သွားသည်တွင် မိုးကာလမဟုတ်ဘဲလျက် မိုးသည် သည်းထန်စွာ လျှပ်စစ်နွယ်တို့ဖြင့် အကြိမ်ကြိမ်ချွန်းလျှက် ကြိုး၍ရွာသည်အတွင်း ဆရာဖြစ်သော မဂဒူး ထမ်းပိုးစွန်းကို မိုးကြိုးပစ်ချသည်။ လူတို့မထိမခိုက်။

ငှင်းမိုးကြိုးသံကိုကြား၍ ထက်ဝန်းကျင် ကြည့်ရှုသော် လျှပ်စစ်မိုးကြိုးအရောင်သည် ပြဿဒ်ဘုံကဲ့သို့ မြင်သည်ကို ဝမ်းမြောက်ဝမ်းသာရှိ၍ ထိုကသွားလျှင် တစ်ခုသောရွာသို့ရောက်၍ ထိုရွာသို့ဝင်ပြီးလျှင် တွေ့မြင်ခဲ့သော နိမိတ်ကို ဖတ်လို၍ ပညာရှိတို့နေရာကို မေး၍ တွေ့လေလျှင် မဂဒူးလည်း ပညာရှိထံဝင်၍ အကြောင်းနိမိတ်ကိုမေး၏။ ပညာရှိ ဆရာပဏ္ဍိတ်ကလည်း ဒီနိမိတ်သည် တော်လှ၏။ ဆရာတော် ဟောရမည်ဖြစ်လျှင် ဥစ္စာရွှေငွေ တစ်ရပ်ခန့်ပုံမှ ဟောမည်။ ဥစ္စာရွှေငွေ မပုံမပေး၍ မမှန်ကန်လျှင် အပြစ်မတင်နှင့်။ ဆရာဆိုသည့်အတိုင်း တစ်ရပ်ခန့် ဥစ္စာရွှေငွေပုံလျှင် များမမြင်ခင် မြင်ရလိမ့်မည်ဆို၍ မဂဒူးလည်း ဝတ်သောလက်စွပ်ကို လက်ကချွတ်၍ တစ်ရပ်ခန့်ရှိသော တောင်ပို့ဖျားတွင် တင်ထားပြီးလျှင် နိမိတ်ကိုဟောပါဆို၏။ ဆရာပဏ္ဍိတ်လည်း မဂဒူးသည် မင်းဖြစ်ရမည့်သူ အမှန်ဖြစ်၍ အမြော်အမြင်ပညာလည်း ရှိ၏။ ဆရာပဏ္ဍိတ် စိတ်ထဲက ကြံအောင်းမေ့၍ အမောင်သည် ယနေ့မှစ၍ ကုန်မရောင်းနှင့် မင်းဝယ်ခစားလေ၊ အရှင်အမှုကို အားထုတ်၍ ထမ်းရွက်လေ၊ မကြာမတင် တိုင်းကြီးပြည်ကြီးကို အစိုးရသော မင်းဖြစ်မည်။ နောင် မင်းဖြစ်သောအခါ မမေ့ပါနှင့်။ ဆရာပဏ္ဍိတ်ဟောပြောဖတ်ရွတ်သော နိမိတ်ကိုကြားလျှင် မဂဒူးနှင့် တပည့်လက်သားတို့ ဝမ်းမြောက်ဝမ်းသာ အားပါးရကြသည်ဖြစ်၍ ကျန်သည့်ကုန်များကို ရောင်းအံ့သောငှာ သောက္ကတဲမြို့သို့ မျက်နှာပြု၍သွား၏။ ရောက်လျှင် ကုန်စင်အောင် ချွတ်ရောင်း၍ ကုန်လျှင် တပည့်လက်သားတို့ကို တော်သင့်ရာအပ်ထားပြီးလျှင် မဂဒူးလည်း သောက္ကတဲမင်း၏ ဆင်မင်္ဂလာတ္တိ ဦးစီးထံ ကပ်ယပ်နေပြီးလျှင် မဂဒူးက ကူညီ၍ ဆင်ချေးများကို ရှင်းလင်းသုတ်သင်၍ သာယာစွာရှိလေ၏။ ဗြယွင်မင်းလည်း တစ်နေ့မပြတ် ဆင်တင်းကုပ်ကို ထွက်တော်မူမြဲ ထွက်တော်မူလာလျှင် ဆင်တင်းကုပ်တွင် ရှင်းလင်းသည်ကိုမြင်၍ ဆင်ဦးစီးအား မေးတော်မူ၏။ ဆင်ဦးစီးက "ဘုရား ကျွန်တော်မှာ တလိုင်းငယ်တစ်ယောက်ရှိပါသည်" လျှောက်လျှင် ဗြယွင်မင်းက "တလိုင်းငယ်ကို ကောင်းမွန်စွာပြုစု၍ထားလေ" အမိန့်တော်ရှိ၏။ ထို့နောက် နန်းထက်ပြတင်းက ဆင်တော်ကို ကြည့်၍နေတော်မူစဉ် လုပ်ဆေး၍ ရေကို ထွေးသည်ရှိသော် နန်းအောက်တွင် ကျွဲတစ်လုံးကို မြင်တော်မူလျှင် တလိုင်းငယ်ကို ခေါ်တော်မူ၍ ကျွဲတစ်လုံးကို ပြတော်မူ၏။ ထိုတလိုင်းငယ် ရှိခိုးဝပ်တွား၍ ကျွဲတစ်လုံးကို ယူပြီးလျှင် ခစားနေ၏။ အတန်ကြာလျှင် ဝင်တော်မူ၏။ ဝင်တော်မူလျှင် မဂဒူးက ဝမ်းမြောက်ဝမ်းသာ အကြံရှိသည်ကား "ငါ့ကို အလွန်တရာချစ်မြတ်နိုး၍ ကျွဲတစ်လုံးကို သနားတော်မူသည်။ တိုး၍ ရှေးကထက် အရှင့်အမှုကို ကြိုးစားအားထုတ်ထမ်းရွက်ရမည်" ကြံသည်ရှိသော် မုံညှင်းဆံကိုဝယ်၍ စိုက်ပျိုးရသည်ရှိသော် ထင်ရှားလိမ့်မည် အကြံရှိသောကြောင့် ကျွဲတစ်လုံးကိုယူ၍ ဈေးထဲသို့ သွားလေ၏။ ဈေးထဲသို့ရောက်လျှင် မုံညှင်းဆံကို ဝယ်မည် ဆစ်သည်ရှိသော် ဈေးသည်မိန်းမများက ကျွဲတစ်လုံးနှင့် ဈေးဝယ်သော တလိုင်းငယ်ကို ပြက်ရယ်မှုပြောကြ၏။ အတန်ကြာသော် ဈေးသည်မိန်းမက "ကျွဲတစ်လုံးနှင့်တန်အောင်ပင် လက်ညှိုးတစ်ချောင်းတွင် ပါသမျှယူတော့" ဆိုပြီးပြုံးလျက် "မစိုးရိမ်ပါနှင့် လက်ညှိုးတစ်ချောင်းတည်းယူ ဆိုသည့်အတိုင်း ယူနိုင်ပါ၏" ဆိုပြီးလျှင် လက်ညှိုးကို ရေဆွတ်၍ မုံညှင်းတောင်းထဲတွင် လက်ညှိုးတစ်ချောင်းနှင့် ထိုးယူသည်ရှိသော် မုံညှင်းဆံအများပါလိုက်၍ မုံညှင်းသည်မိန်းမက "တလိုင်းငယ်သည် လိမ္မာပေ၏" ဆိုသည်ရှိသော် မဂဒူးလည်း ပြုံးရယ်၍ ကျွဲကိုပေးပြီးလျှင် ပြန်ခဲ့၏။ နေရာတင်းကုပ်သို့ရောက်လျှင် မြေပြင်တလင်းကို တူးဆွပြီးလျှင် နွားချေးတို့ဖြင့် ထုနယ်၍ မုံညှင်းဆံကို ကြဲစိုက်သည်ရှိသော် များမမြင်ခင် မုံညှင်းပင်သည် ကြီး၏။ ထွားသန်ဖွံ့ဖြိုး၍ အလွန်တရာ ရှုကြည့်ချင်ဖွယ်ရှိ၏။ ထို့နောက် ဗြယွင်မင်းသည် ဆင်တော်ကို အကြည့်အရှု ထွက်တော်မူသည်။ တလိုင်းငယ်လည်း စိုက်ပျိုးထားသော မုန်ညှင်းပင်ကို နုတ်၍ ရေမိုးဆေးပြီးလျှင် ကောင်းမွန်စွာဆက်၏။ ဗြယွင်မင်းကလည်း "တလိုင်းငယ်သည် ဟင်းရွက်ကို မည်သည့်အရပ်ကရခဲ့သည်" မေးတော်မူလျှင် တလိုင်းငယ်က "ကိုယ်တော်အရှင် သနားတော်မူသော ကျွဲတစ်လုံးနှင့် ဝယ်၍ စိုက်ပျိုးပါသည်" သံတော်ဦးတင်လျှင် "ဗြယွင်မင်းက ကျွဲတစ်လုံးနှင့် ဘယ်နှယ်ဝယ်သည်" မေးတော်မူ၏။ တလိုင်းငယ်လည်း ဝယ်ရင်းအတိုင်း သံတော်ဦးတင်လျှင် ဝမ်းမြောက်ဝမ်းသာ ချီးမွမ်းတော်မူသည်မှာ

"ပြုနိုင်ခဲ့သော အမှုကိုလည်း ပြုသည်၊ တလိုင်းငယ်သည် လိမ္မာသော ဉာဏ်ပညာရှိသည်ဖြစ်၍ ထိုတလိုင်းငယ်ကို ငါပြုစုသင့်ပေသည်" ဆိုပြီးလျှင် စားတော်ကဲနေရာနှင့် နေစေ၏။ ထို့နောက် စားတော်ကဲသည် အမှုတော်ကို ထမ်းရွက်၍ ပြီးပြည့်သည်ကို အားရတော်မူသောကြောင့် ဝင်းမှူးခန့်တော်မူပြန်သည်။ ထို့နောက် အတန်ကြာလျှင် ရွှေမြို့တော်အနီးအပါး မြို့ရွာသားတို့ ပုန်ကန်ခြားနားသောကြောင့် ဗြဟ္မင်မင်းကိုယ်တော် ချီမည်ကြံ၍ ဝင်းမှူးခန့်ထားသော တလိုင်းငယ်ကို မြို့စောင့်ထား၍ ဗြဟ္မင်မင်း ချီတော်မူသည်။ ချီတော်မူ၍ အတန်ကြာလျှင် သမီးတော် သုဝဏ္ဏဒေဝီနှင့် ဝင်းမှူးရည်ငံကြ၍ ခိုးအံ့သော အကြောင်းကိုကြံ၏။ ဆင်မယဉ်သာနှင့် ရွှေငွေကျောက်သံ ပတ္တမြားအများခိုးယူ၍ သမီးတော်နှင့်လူ (၃၀၀) ကျော်တို့ကိုခေါ်၍ အပြင်းကမောကလုတ်တွင် လမ်းကထွက်ပြေးလာသော် မှူးမတ်၊ ပြည်သူပြည်သားတို့ လူသူခန့်၍ လိုက်လံဖမ်းဆီးသော် မမီလိုက်သည်နှင့်မမိ။ မဂဒူးလည်း ကံအားလျော်စွာ ချောမော့၍နေရင်း တကောဝန်းရွာသို့ ရောက်လျှင် ပျော်ပါးစွာနေ၏။ ဗြဟ္မင်မင်းလည်း ရန်သူတော်ဖြစ်သော သူပုန်တို့ကို အောင်မြင်၍ ပြန်လည်တော်မူ၏။ နန်းတော်သို့ရောက်တော်မူလျှင် မှူးမတ်တို့က "ဝင်းမှူးသည် သမီးတော်နှင့် ရွှေငွေကို ဆင်မယဉ်သာတွင် တင်၍ ပြေးသွားရာ ဘုရားကျွန်တော်တို့ လိုက်လံဖမ်းဆီးပါသော်လည်း မမီလိုက်သောကြောင့် မတွေ့မမိလိုက်ပါဘုရား" မှူးမတ်တို့ လျှောက်ထားသည့်စကားကို ကြားသိတော်မူလျှင် အမျက်တော်မရှိ။ ဝင်းမှူးကို ချီးမွမ်းတော်မူ၏။ ချီးမွမ်းတော်မူသည်ကား "ငါလည်း သိရင်းပင်။ တလိုင်းငယ် ဘုန်းကြီးသောမင်း ဖြစ်လိမ့်မည်။ တကယ်ပင် ငါစိတ်ဆိုး၍ ကျိန်ဆဲသော်လည်း ကြေမွပျက်စီးရာ၏။ သို့မဟုတ် စစ်ဗိုလ်ပါဆင်၍တိုက်ခိုက်သော် ပျက်စီးရာ၏။ ငါသည် သားမဟုတ်သော်လည်း သားကဲ့သို့ချစ်ကြည်တော်မူသည်။" ထိုတလိုင်းငယ် ဘုန်းကံရှိသော ယောကျ်ားဖြစ်သောကြောင့် နတ်သိကြားတို့မနေနိုင် မစကြသည်ဖြစ်၍ ဗြဟ္မင်မင်းစိတ်စက်မဆိုးရ ချစ်သောစိတ်ကိုသာဖြစ်အောင် တိုက်တွန်းကြသည်။ ဗြဟ္မင်မင်းကလည်း အမျက်မရှိနေတော်မူ၍ သာယာသောစကားဖြင့် အမိန့်တော်ရှိ၏။ ရှိသည်မှာကား "တလိုင်းငယ်ဘုန်းလက်ရုံးကြောင့် ငါ့သမီးလည်း တစ်တိုင်းတစ်နိုင်ငံကို ကျော်ကြားထင်ရှားလိမ့်မည်။ နောင်ထီးနန်းကို ဆက်လက်အုပ်စိုး၍ မင်းပြုလိမ့်မည်။" ချီးမွမ်းတော်မူသည်။ သောက္ကတဲမြို့တွင် ပျော်ရွှင်၍ ဗြဟ္မင်မင်းနေတော်မူ၏။ တကောဝန်းရွာတွင် ပြုစု၍နေသော မကဒူးလည်း ဥစ္စာအင်နှင့် လိမ္မာရဲရင့်သော ယောကျ်ားကောင်းဖြစ်ပေသည်။ ထက်အောက်ကြေညာကျော်ကြား၍ မုတ္တမမြို့တွင် မင်းပြုလေ၏။ များမကြာ သောက္ကတဲမြို့သို့ စေတော်မူမည်ကြံသည်ကား ရာဇသံရွှေပေလက်ဆောင်ပဏ္ဏာအများနှင့် လောကီအမတ်ကို ထပ်၍သွားစေ၏။ ရောက်လျှင် ရာဇသံရွှေပေအရကား "တိုင်းကြီးပြည်ကြီးအရှင် ဖြစ်တော်မူသော ယောက္ခမတော်မြတ်ကို ဘုရားကျွန်တော် သားသမီးတို့က ရွှေဖဝါးတော်မြတ်အောက် ရှိခိုးလိုက်ပါသည်။ ဘုရားကျွန်တော်တို့လည်း ဘုန်းတော်ကိုမှီ၍ မုတ္တမမြို့တွင် စိုးအုပ်နေထိုင်ပါရသည်။ မှိုင်းမတော်မူ၍ ဘွဲ့အစရှိသော မင်းမြှောက်တန်ဆာငါးပါးနှင့် သနားကယ်မတော်မူ၍ မင်းခမ်းမင်းနား အဆောင်အရွက် နေရာချအပ် ပေးသနားတော်မူပါ" လျှောက်ထားသည်သံနှင့်ပါသည်။ သမက်တော်က ဆိုလိုက်ကြောင်းကို အမတ်တို့လျှောက်လေလျှင် ဗြဟ္မင်မင်းက ဝင်စေဆို၍ သံတို့နှင့် ရာဇသံ ရွှေပေလက်ဆောင်ပဏ္ဏာများကို မှူးမတ်တို့က ဆက်၏။ ဗြဟ္မင်မင်းလည်း လက်ဆောင်ပဏ္ဏာအများကို သိမ်းစေ၏။ "ငါလည်း ဆိုရင်းရှိသည်။ တလိုင်းငယ်သည် ဘုန်းကံရှိသော ယောကျ်ားဖြစ်လိမ့်မည်။ ငါ့ပြင် မဂဒူးမင်းထက် ဘုန်းကြီးသူ မည်သူမရှိ" ဆို၍ "ဝါရီဟူမင်း" ဟူသော ဘွဲ့အမည်နှင့် မင်းမြှောက်တန်ဆာငါးပါး အစရှိသော အုပ်မိုးထည်မျိုးတို့ကို ပေးပြီးလျှင် ဗြဟ္မင်မင်းက ချမ်းသာစွာ မုတ္တမမြို့ တိုင်းနိုင်ငံတွင် နေရသော မင်းယောကျ်ား၊ မင်းမိန်းမဖြစ်စေဟူသော မင်္ဂလာဘိသိက်ကို သွန်းလောင်း၍ ဆုတောင်းဆုယူပြီးလျှင် "မင်းကျင့်တရားဆယ်ပါးနှင့် ညီအောင်ကျင့်လေ။ ပြည်သူပြည်သားများကိုလည်း ရင်ဝယ်သားကဲ့သို့ ချစ်ကြည်လေးမြတ်ရမည်" ဆုံးမဩဝါဒပေး၍ သံတို့ကို ပြန်စေ၏။ သောက္ကတဲမင်းဗြဟ္မင် အိမ်နိမ့် (၃၅) စည်းစိမ် (၄၀) သက်တော် (၇၅) သော် အနိစ္စရောက်တော်မူ၏။

**ဒေါက်တာသော်ကောင်း**

**(ယိုးဒယားသမိုင်းပေစာထုပ်မှ)**



# မယိမ်တက်ပွဲ

များအောင်

ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ''တိုင်းရင်းသား'' လူမျိုးပေါင်းစုံတို့ဖြင့် ပေါင်းစည်း ညီညွတ်စွာ ဖွဲ့စည်းထားသည့် နိုင်ငံတစ်ခုဖြစ်သည်။ နိုင်ငံတော်ထဲတွင် နေထိုင်ကြသည့် တိုင်းရင်းသားများတွင် ချစ်စရာ တန်ဖိုးထားစရာ ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးစံ ရိုးရာပွဲတော်များ အသီးသီး ရှိကြရာတွင် ရခိုင်တိုင်းရင်းသားလူမျိုးတို့တွင် ''မယိမ်တက်ပွဲ'' သည် ရိုးရာပွဲတော်များတွင် အထူးအရေးပါပြီး လေးနက်မှုများရှိကြောင်း လေ့လာတွေ့ရှိရပေသည်။

### 'မယိမ်တက်ပွဲ' ဆိုသည်မှာ

ဤဓလေ့သည် ရခိုင်ပြည်နယ်တောင်ပိုင်း သံတွဲမြို့နယ်မှ ရိုးရာပွဲဓလေ့တစ်ခုဖြစ်ပေသည်။ သတို့သားနှင့် သတို့သမီးတို့ လက်ထပ်မင်္ဂလာဆောင်သည့်ဓလေ့ ဖြစ်သည်။ မူလစကား 'မယားအိမ်ထောင်ဖက်' 'မယိမ်တက်' 'မယားအိမ်တင်' '...မအိမ်တက်' 'မ...ယိမ်တက်' ဟူ၍ ''မ'' စကားလုံးနှင့် ''ယိမ်'' စကားလုံးကိုခွဲပြီး သီးခြားအသံထွက် ခေါ်ရသည့် ဝေါဟာရ မဟုတ်ပေ။ ''မယိမ်တက်'' ဟူ၍ တစ်ဆက်တည်း ရွတ်ဆိုရပေသည်။ အဓိပ္ပါယ်မှာ ''မယိမ်တက်'' အခမ်းအနားသည် ထိမ်းမြားမင်္ဂလာပြုရန်အတွက် ''သတို့သား'' ဖြစ်သူသည် ''သတို့သမီး'' အိမ်သို့တက်ရောက်ပြီး မင်္ဂလာလက်ထပ်ပွဲ ကျင်းပပြုလုပ်သည့်ပွဲ ''မယိမ်တက်ပွဲ'' ဖြစ်ပါသည်။ ဤပွဲကို ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ''သမက်တက်ခြင်း'' ''သမက်တက်ပွဲ'' မင်္ဂလာဆောင်ခြင်းဟု ခေါ်ဆိုကြလေသည်။ မယိမ်တက်ခြင်းနှင့် သမက်တက်ခြင်းတို့တွင် အခြေခံအားဖြင့် တူညီသော်လည်း တချို့ကိစ္စများတွင် မတူကွဲပြားမှုတို့ရှိနေကြောင်း လေ့လာတွေ့ရှိရပေသည်။ ရခိုင်တောင်ပိုင်းနှင့် မြောက်ပိုင်းမှာ ရခိုင်ယဉ်ကျေးမှု ဓလေ့ထုံးစံများ စကားဒေသိယများ ကွဲပြားခြားနားမှုတို့ရှိကြပေသည်။

''မယိမ်တက်'' အခမ်းအနားသည်
ထိမ်းမြားမင်္ဂလာပြုရန်အတွက်
''သတို့သား'' ဖြစ်သူသည်
''သတို့သမီး'' အိမ်သို့တက်ရောက်ပြီး
မင်္ဂလာလက်ထပ်ပွဲ ကျင်းပပြုလုပ်သည့်ပွဲ
''မယိမ်တက်ပွဲ'' ဖြစ်ပါသည်။

### ရွေးချယ်ခြင်းဓလေ့

အိမ်ထောင်စုတစ်ခုမှ ပေါက်ပွားဆင်းသက်လာခဲ့သည့် သားနှင့်သမီး (သို့မဟုတ်) မောင်နှမတို့သည် အရွယ်ရောက်၍ အိမ်ထောင်မှုထူထောင်ရန် ရွေးချယ်ကြသည့်အခါ ရခိုင်တို့တွင် သီးခြားကွဲပြားသည့်ဓလေ့တစ်ခု ရှိပေသည်။ ၎င်းမှာ ''သမီးမျောက်သား ပေးစားခြင်းဓလေ့'' ဖြစ်သည်။ အဓိပ္ပါယ်မှာ အိမ်ထောင်စုတစ်ခုမှ မောင်ဖြစ်သူ အိမ်ထောင်စုမှ မွေးဖွားလာကြသည့် သားသမီးတို့နှင့် နှမဖြစ်သူ အိမ်ထောင်ဖက်တစ်ခုမှ မွေးဖွားလာကြသည့် သားသမီးတို့သည် အပြန်အလှန်အားဖြင့် 'သမီးမျောက်သား' နှင့် 'သမီးယောက်မ' တို့ တော်စပ်ကြပေသည်။ ဤသို့ 'မောင်၏သား' 'နှမ၏သမီး' တို့မှာ 'သမီးယောက်ဖ' တော်စပ်ကြပေသည်။ 'မောင်၏သမီး' နှင့် 'နှမ၏သား' တို့မှာ 'သမီးယောက်မ' တော်စပ်ကြပေသည်။ ဤသို့ 'မောင်သား' 'နှမသမီး' တော်စပ်သူအချင်းချင်းရွေးချယ်ပြီး မိသားစုဘဝတစ်ခု ထူထောင်ကြပါသည်။ (စကားချပ်) မိသားစုတစ်ခုထဲတွင် ညီအစ်ကိုများ၊ ညီမများ အစဉ်လိုက်မွေးဖွားလာသည့် သားသမီးအချင်းချင်းတို့မှာ 'သမီးမျောက်သား' မတော်ကြပေ။ 'ညီအစ်ကိုမောင်နှမ' များအဖြစ်သာ တော်စပ်ကြသည့်အတွက် အိမ်ထောင်ဖက်ရွေးချယ်မှု မပြုလုပ်ကြပေ။

### စေ့စပ်ခြင်း၊ နားဖောက်ခြင်း

''မယိမ်တက်ပွဲ'' ကျင်းပပြုလုပ်ရန် မိမိသဘောကျဆုံးဖြတ်ပြီးလျှင် မင်္ဂလာအခမ်းအနား ပြုလုပ်ဆောင်ရွက်မှုတွင် 'ပထမ' အဆင့်အဖြစ် 'နားဖောက်ခြင်း' ကို စတင်ဆောင်ရွက်သည်။ နားဖောက်ခြင်းဆိုသည်မှာ သတို့သမီး၏ မိဘဆွေမျိုးများ၊ ဂုဏ်သရေရှိ ဆွေမျိုးများထံသို့ သွားရောက်ပြီး အကြောင်းကမ်းလှမ်းပြောဆိုမှုများ ပြုလုပ်ကြရသည်။ ဒုတိယအဆင့်တွင် 'ပွဲတက်ခြင်း (သို့မဟုတ်) ပွဲတင်ခြင်း' ကို ပြုလုပ်ကြရသည်။ ပွဲတင်ခြင်းပြုလုပ်ရာတွင် သတို့သားအိမ်မှ သတို့သမီးအိမ်သို့ လက်ဆောင်ပစ္စည်းများ သွားရောက်ပြီးပေးဆောင်ရခြင်း ဓလေ့ဖြစ်သည်။ ပေးရသည့်လက်ဆောင်မှာ စားသောက်ဖွယ်ရာများဖြစ်သည်။

### တောင်းရမ်းခြင်းဓလေ့

'မယိမ်တက်ပွဲ' ၏ တတိယအဆင့်ဓလေ့မှာ တောင်းရမ်းခြင်းပင်ဖြစ်သည်။ ဤအဆင့်တွင် 'ရက်ချုပ်ချိုင်ခြင်း' 'အသွင်းပေးခြင်း' 'မင်္ဂလာနေ့ရက်များ ရွေးချယ်သတ်မှတ်ခြင်း' စသည်တို့ကို ပြုလုပ်ရပေသည်။ ရက်ချုပ်ချိုင်ခြင်းများ သတို့သားလောင်း၊ သတိုးသမီးလောင်းတို့၏ မွေးသက္ကရာဇ်၊ ခု၊ နှစ်၊ လ၊ ရက်အချိန်များ ပါဝင်သည့် ရက်ချုပ်နှစ်ခုကိုယှဉ်ပြီး နေ့နံသင့်/မသင့် မိတ်ဖက်ဖြစ်/မဖြစ် ရိုးရာဗေဒင် နည်းစနစ်များဖြင့် နှစ်ဖက်ကျက်သရေရှိ လူကြီးများရှေ့မှောက်တွင် ချုပ်ဆိုပြုလုပ်ကြရသည်။ ထိုကဲ့သို့ စနစ်တကျ တွက်ချက်မှုတို့ကိုပြုလုပ်၍ နှစ်ဖက်စလုံး ကျေနပ်လက်ခံနိုင်သည့်အခြေအနေ သဘောတူညီမှုတို့ရရှိကြမှသာ သတို့သားမိဘများမှ သတို့သမီးမိဘထံသို့ ရွှေ၊ ငွေ၊ လယ်ယာမြေ၊ ဥယျာဉ်မြေ၊ ကျွဲ၊ နွားဦး၊ ဆင် စသည်များကို 'အသွင်း' အဖြစ်ပေးရသည်။ ဤကဲ့သို့ အသွင်းပေးခြင်းပြုလုပ်ခြင်းမှာ သတို့သမီးကို တန်ဖိုးစနစ်သတ်မှတ်ပြီး ဝယ်ယူခြင်းမဟုတ်ပေ။ သတို့သမီး၏ မိဘအဆင့်အတန်း၊ ဆွေဂုဏ်၊ မျိုးဂုဏ်များကို လေးစားသည့်အနေဖြင့် သတို့သားမိဘများမှ ချီးမြှောက်ဂုဏ်ပြု သဘောတူနားလည် ယုံကြည်ထားကြပေသည်။ ထိုကဲ့သို့ အသွင်းပေးပြီးပါက မင်္ဂလာနေ့ရက်အတွက် ရက်ကောင်းရက်မြတ်ကို ရွေးချယ်၍ ပြုလုပ်ကြရပါသည်။ အကြောင်းမညီညွတ်၍ သတို့သားဘက်မှ ပျက်ကွက်ခဲ့လျှင် 'အသွင်း' ပြန်မရဘဲ ဆုံးရှုံးခံရပါသည်။ အကယ်၍ သတို့သမီးဘက်မှ ပျက်ကွက်ခဲ့လျှင် အသွင်းတန်ဖိုး တစ်ဆ၊ ကိုးဆတို့ကို သမီးဘက်မှ ပေးဆပ်ရပါသည်။

### ရှာဝင်ခ

တစ်နည်းအားဖြင့် ရပ်ရွာကင်ပွန်းတပ်ကြေး (သို့မဟုတ်) ရှာဝင်ခကို သတို့သားသည် သတို့သမီးဘက်မှ ကာလသားခေါင်းဆောင်အား တောင်းရမ်းသည့်နေ့တွင် ဖိတ်ခေါ်ပြီး "ခန်းဝင်ခ" ကို ပေးရပေသည်။ သတို့သားသည် သတို့သမီးအိမ်သို့ ရောက်ရှိပြီး "တလက်ဆုံ" ဝင်သည့်အခါ အပျိုခေါင်းဆောင်ကို ဒေသအလိုက် သတ်မှတ်ထားသည့် နှုန်းထားများအတိုင်း ငွေကြေးများ ပေးကြရပေသည်။

ရှာဝင်ခကို သတို့သားသည်
သတို့သမီးဘက်မှ
ကာလသားခေါင်းဆောင်အား
တောင်းရမ်းသည့်နေ့တွင် ဖိတ်ခေါ်ပြီး
"ခန်းဝင်ခ" ကို ပေးရပေသည်။

### အကြိုနေ့တွင်ပြင်ဆင်မှု

'မယိမ်တက်ပွဲ' မကျင်းပမီ အကြိုနေ့ညနေပိုင်းအချိန်မှ စတင်ပြီး သတို့သားနှင့် သတို့သမီးအိမ်များတွင် "မင်းကျွန်" (အိမ်ထောင်ရှိလူလတ်ပိုင်းအရွယ်) တို့သည် မင်္ဂလာပွဲ၌ ဧည့်ခံကျွေးမွေးမည့် သား၊ ငါး ဟင်းလျာတို့ကို တာဝန်ယူပြီး စုပေါင်းချက်ပြုတ်ကြရသည်။ ကာလသားများက လာရောက်မည့် ပရိသတ်များအား တည်ခင်းမှုအတွက် တာဝန်ယူရပါသည်။

မင်္ဂလာအကြိုနေ့ ညနေစောင်းအချိန်တွင် အပျိုခေါင်းဆောင်များမှ ကြီးမှူးပြီး "အပျိုရံသိမ်းခြင်း" ခေါ်သည့် ရပ်ရွာအတွင်းရှိ အပျိုရွယ်ကလေးတို့ကို ရွာရိုးတစ်လျှောက် တစ်အိမ်တက်ဆင်း ဖိတ်ကြားမှုတို့ကို ဆောင်ရွက်ရသည်။ ထိုသို့ဖိတ်ကြားရာတွင် ငှက်ပျောဖက်ကို ကတော့ငယ် ပုံသဏ္ဌာန်ပြုလုပ်ပြီး၊ လက်ဖက်အနည်းငယ်ထည့်၍ ပေးကမ်းရသည်။ 'အပျိုရံသိမ်းခြင်း' 'လက်ဖက်ကမ်းခြင်း' တို့ ပြုလုပ်ပြီးစီးသည့်အခါ သတို့သမီးအခန်းသို့ဝင်ပြီး သတို့သားဘက်မှ မယိမ်တက်ပွဲသို့လာသည့်အခါ မိမိတို့အုပ်စုမှ ပီပြင်ပိုင်နိုင်မှုရှိသည့် သီချင်းများ၊ သဘာဝဖွဲ့ ကျေးလက်တေးများအား သံချပ်များကို အကြောင်းအရာအချက်အလက်များဖြင့် ဖွဲ့ဆိုရန် လေ့ကျင့်ကြသည်။ သဘာဝတေးသီချင်း၊ သံချပ်များတွင် သတို့သားမိဘဆွေမျိုးတို့၏ ဂုဏ်ပုဒ်တို့ကို အထူးအရေးထားပြီး ထည့်သွင်းသီဆိုမှု ပြုလုပ်ကြသည်ကို တွေ့ရပေသည်။

### မင်္ဂလာမြှောက်ခြင်း

"မယိမ်တက်မင်္ဂလာ" ဆင်ယင်ကျင်းပရသည့်နေ့ နံနက်ပိုင်းအချိန်တွင် သတို့သားအိမ် (သို့မဟုတ်) သတို့



သမီးအိမ်တွင် ဆောက်လုပ်ထားသည့် မင်္ဂလာမဏ္ဍပ်တွင် ခင်းကြားထားသည့် နှစ်ဖက်မိဘများ၊ ရပ်လူကြီးများကို ကန်တော့ခြင်း ပြုလုပ်ကြရပေသည်။ ထိုသို့ကန်တော့ပြီးလျှင် သတို့သား၏ လူပျိုရံနှင့် သတို့သမီး၏ အပျိုရံ နှစ်ဦးနှင့်အတူ နံ့သာရေခွက်တွင် သပြေခက်ဖြင့် မင်္ဂလာနံ့သာရေစင် ပက်ဖျန်းပြီး ဘိသိက်ချီးမြှောက်ခြင်းအမှုကို ပြုလုပ်ကြရပေသည်။

## ရွှေကြိုး၊ ငွေကြိုးတားခြင်းနှင့် တလက်ဆုံမှု

သတို့သားသည် သတို့သမီးအိမ်ပေါ်သို့ ရောက်ရှိလာသည့်အခါ သတို့သားမှာ အလွယ်တကူ ဝင်ရောက်၍မရပေ။ ရွှေဆွဲကြိုး၊ ငွေဆွဲကြိုး (သို့မဟုတ်) ဆွဲကြိုးတို့ဖြင့် ကာဆီးထားလေသည်။ ထိုကဲ့သို့ ကာဆီးထားခြင်းခံရပါက ကြိုးဖြင့်တားဆီးသူက တောင်းဆိုသည့် ပမာဏကို ပေးပြီးမှသာ ကာဆီးထားသည့်ကြိုးကို ဖယ်၍ ဝင်ခွင့်ရပေသည်။ သတို့သားနှင့် လူပျိုရံတို့သည် လက်ျာဘက်တွင် နေရာယူပြီး သတို့သမီးနှင့် အပျိုရံတို့မှာ လက်ဝဲဘက်တွင် အသီးသီးနေရာယူကြရပေသည်။ အလယ်နေရာတွင် သတို့သားနှင့်သတို့သမီး ရှေ့မှောက်ရှိ စားပွဲခုံအလယ်နေရာ၌ ထမင်းထည့်သော ငါးကြော် (၇) ကောင်ကို ပန်းကန်အသစ်တွင်ထည့်ပြီး ပြင်ဆင်ထားရသည်။ ထိုစဉ် သတို့သားနှင့် သတို့သမီးအား ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ဦးက မင်္ဂလာစကားပြောကြားပြီး ခရုသင်းနှင့် ရေစင်သွန်းလောင်းပေးပြီး လက်ထပ်ပေးရသည်။ ဤကဲ့သို့ လက်ထပ်ပေးပြီးလျှင် သတို့သားနှင့် သတို့သမီးတို့သည် အိုးထဲမှ ထမင်းကိုယူပြီး အပြိုင်အဆိုင် ထမင်းဆုပ် (၇) ဆုပ်ကိုထုပ်ပြီး အိုးထဲသို့ထည့်ကြရပေသည်။ ဤကဲ့သို့ ပြုလုပ်ခြင်းကို "တလက်ဆုံခြင်း" (သို့မဟုတ်) "လက်ဆုံစားခြင်း"ဟု ခေါ်ဆိုပါသည်။ အချို့ဒေသတို့တွင် သတို့သားနှင့် သတို့သမီးကိုယ်စား လူပျိုရံနှင့် အပျိုရံတို့က ထမင်းဆုပ်ခြင်းကို ပူးပေါင်းပါဝင် လုပ်ကိုင်ကြပေသည်။

ဤသို့ ပျော်ရွှင်ချမ်းမြေ့စွာ တလက်ဆုံပြီး နှစ်ဖက်မိဘများ ရှေ့မှောက်တွင် နှစ်ဖက်မိသားစုများမှ မင်္ဂလာငွေကြေးများကို သတို့သမီးနှင့် သတို့သားထံသို့ အပ်နှင်းပေးအပ်ကြခြင်းမှာ ရခိုင်တိုင်းရင်းသားတို့၏ "မယိမ်တက်ပွဲ" တွင် တန်ဖိုးထားဖွယ်တွေ့မြင်ကြရပေသည်။

အထက်ဖော်ပြပါ ရခိုင်တိုင်းရင်းသားတို့၏ ရိုးရှင်းသော ရခိုင်ပြည်တောင်ပိုင်း သံတွဲဒေသရှိ ရခိုင်တိုင်းရင်းသားတို့၏ "မယိမ်တက်ပွဲ" မှာ လူ့ဘဝကို လက်တွဲလျှောက်လှမ်းကြရာတွင် သတို့သမီးနှင့် သတို့သားနှစ်ဦးတို့မှာ ဘဝကြင်ဖော်ရွေးချယ်မှုတွင် သိမ်မွေ့လေးနက်မှုတို့ဖြင့် ရွေးချယ်ခြင်းကို တွေ့မြင်ရပေသည်။ ရခိုင်တိုင်းရင်းသားတို့၏ မျိုးစောင့်တရား၊ ခိုင်မာသည့်သစ္စာ၊ တန်ဖိုးထားသည့် ကိုယ်ကျင့်တရားများ၏ ဝိုင်းဝန်းစုပေါင်းလုပ်ဆောင်မှုတို့ကို အနှစ်သာရရှိရှိ "မယိမ်တက်ပွဲ" ဓလေ့တို့ကို ဝိုင်းဝန်းထိန်းသိမ်း၍ တည်ငြိမ်အေးချမ်းသော လူမှုဘဝများ လှပကြပါစေဟု ဆန္ဒပြုလိုက်ရပေသည်။

မျိုးအောင်


ကိုးကား

၁။ "မယိမ်တက်" ၁၉၇၃-ခုနှစ်၊ ပြည်ထောင်စုအခမ်းအနားတွင် တင်ဆက်သည့် ကကွက်စာတမ်း

၂။ ပြည်နယ်ဖြစ်စဉ်သမိုင်း (ယဉ်ကျေးမှုကဏ္ဍ)

၃။ တိုင်းရင်းသားရိုးရာထုံးစံများ (ရခိုင်)




# ကိန္နရာ ကိန္နရီ

ဂေါယာမြေ-စောဝင်း

ယဉ်ကျေးမှုနယ်ပယ်တွင် ယဉ်ကျေးမှုအစဉ်အလာ ထုံးစံဓလေ့များနှင့် ပတ်သက်၍ မှတ်တမ်းတင်ရလျှင် ကိန္နရာ ကိန္နရီကိုလည်း မှတ်တမ်းတင်ရမည် ဖြစ်သည်။ အနုပညာဖန်တီးရာ၌ ပန်းချီ၊ ပန်းပု၊ ပန်းတည်းလောကတွင် ကိန္နရာ ကိန္နရီရုပ်တို့ကို ပိုပြီးတွေ့ရတတ်သည်။ မျက်မှောက်လက်တွေ့ကာလတွင် သက်ရှိထင်ရှား မတွေ့ မြင်ရတတ်သဖြင့် ဒဏ္ဍာရီဆန်ဆန် တင်စားပြောဆိုမှုများ အဖြစ်ဖြင့်သာ ကြုံရသည်။ အထူးသဖြင့် ဇာတ်နိပါတ်တော်လာ ဘုရားပုထိုး စောင်းတန်းစသည်တို့တွင် ကိန္နရာ ကိန္နရီတို့၏ ပန်းချီ၊ ပန်းပု၊ ရုပ်လုံးရုပ်ကြွ တို့ကို များစွာတွေ့မြင်ရတတ်သည်။

**ကိန္နရာ ကိန္နရီတို့၏ နေထိုင်စားသောက်မှုမှာ သိမ်မွေ့သူများဖြစ်သည်။ ပန်းပွင့် ပန်းဝတ်မှုံတို့ကိုသာ စားသောက်ပြီး နံ့သာလိမ်း၊ ပန်းပုဆိုးဝတ်ကာ ပန်းနွယ် ပန်းဒါန်းစီးပြီး မြစ်ချောင်းရေကန်စသည်တို့တွင် မြူးတူးပျော်ပါးတတ်သည်။**

အစောဆုံးသော ကိန္နရာရုပ်တုကို အိန္ဒိယနိုင်ငံ၊ ဆန်ချီဆူပါ အမှတ် (၁) ထုရိဏ်တိုင်တွင် ငှက်ကိုယ်၊ ငှက်အတောင်၊ လူမျက်နှာဖြင့် တွေ့ရပါသည်။

ကိန္နရာ ကိန္နရီဟူသည့် အမည်နာမမှာ ပါဠိဘာသာစကားဖြစ်သည်။ ကိံ = အဘယ်နည်း၊ နရာ = လူလား၊ နတ်လား။ လူလို နတ်လို ယုံမှားသံသယဖြစ်အောင် လူတို့၏အသွင်ကို ဆောင်လျက်ရှိခြင်းကြောင့် ကိန္နရာ ကိန္နရီဟု ခေါ်ဆိုခြင်းဖြစ်သည်။ ပါဠိသဒ္ဒါစည်းကမ်းအရ ကိန္နရာမှာ ပုလ္လိင်အဖိုဖြစ်ကာ ကိန္နရီမှာ ဣတ္ထိလိင်အမဖြစ်သည်။

သုတ္တန္တပိဋကအပါအဝင် ငါးရာ့ငါးဆယ်ဖာတ် အဿကထာ... 

သုတ္တန္တပိဋကအပါအဝင် ငါးရာ့ငါးဆယ်ဖာတ် အသီတိနိပါတ် မဟာကုဏာလဇာတ်တော်တွင် -

(၁) ဒေဝကိန္နရာ (စတုမဟာရာဇ်နတ်မျိုး၌ ပါဝင်သည်)
(၂) စန္ဒကိန္နရာ (စန္ဒတောင်၌ နေထိုင်သည်)
(၃) ဒုမကိန္နရာ (သစ်ပင်တို့၌ လှည့်လည်လျက် အသီးအပွင့်တို့ကို စားသုံးလေ့ရှိသည်)
(၄) ဒဏ္ဍမာဏဝိကာကိန္နရာ (တုတ်၊ လှံတံကိုင်စွဲလျက် လှည့်လည်တတ်သည့် လူမျက်နှာသဏ္ဌာန်ရှိသည်)
(၅) ကောဉ္စသကုဏကိန္နရာ (ကရဝိတ်၊ ကြိုးကြာကဲ့သို့ သာယာစွာမြည်တွန်သည်)
(၆) ကဏ္ဍပါဝုရဏကိန္နရာ (နားရွက်အလွန်ကြီးမားသည်)
(၇) အဿမုခီကိန္နရာ (မြင်းမျက်နှာသဏ္ဌာန်ရှိသည်)
(၈) နာရိပုပ္ဖကိန္နရာ စသည်ဖြင့် အမျိုးအစားများစွာကို ဖော်ပြထားသည်။

ပါဠိသက္ကတစာပေတို့တွင် လူ့အသွင်ရှိသည့် သတ္တဝါဟူ၍လည်းကောင်း၊ မြင်းမျက်နှာ လူကိုယ်ရှိသည် ဟူ၍လည်းကောင်း တွေ့ရသည်။ မုံရွေးဆရာတော်၏ မုံရွေးမှတ်စုတွင်မူ လူ၏မျက်နှာ၊ မြင်းကိုယ်ဟူ၍ တွေ့ရသည်။

မဃဒေဝလင်္ကာသစ်တွင် "လူ့လက်၊ လူ့မျက်ခွက်နှင့် တ(စ်)ချက်ရုပ်ဆောင်း၊ မြင်းခေါင်းလူလှည့်၊ ငှက်၏ကိုယ်ပွား၊ လူ့မျက်နှာကား၊ လူဝါလူသွင်၊ ဆံပင်နောက်လှန်း၊ မယံငယ်သွေး ..."ဟူ၍လည်းကောင်း။

ရူပသိဒ္ဓိဋီကာတွင် တိရစ္ဆာန်အထူးဟူ၍လည်းကောင်း။

ပါဠိပညာရှင် မစ္စတာရိုင်းစ်ဒေးဗစ်တို့ထုတ်ဝေသည့် P.T.S အဘိဓာန်တွင် လူလော၊ တိရစ္ဆာန်လောဟု သံသယဖြစ်ဖွယ်ကောင်းသော လူထူးလူဆန်းဟူ၍လည်းကောင်း။

ဗြဟ္မဏစာပေများတွင်မူ ကုဝေရနတ်မင်းကြီး၏ အခြံအရံဖြစ်သည့် ဂန္ဓဗ္ဗတ်နတ်မျိုးဝင်ဖြစ်ကြောင်း ပြဆိုပြီး လူကိုယ်မြင်းခေါင်း (သို့မဟုတ်) မြင်းကိုယ်လူခေါင်း ရှိသည့် သတ္တဝါမျိုး၊ သီဆိုကခုန်တတ်သည့်သတ္တဝါဟုလည်း ဖော်ပြထားသည်။

ဤသို့ဖြင့် ကိန္နရာ ကိန္နရီဆိုသည့်သတ္တဝါမှာ -

(၁) ငှက်ကိုယ် လူ့ခေါင်း
(၂) လူကိုယ် မြင်းခေါင်း
(၃) မြင်းကိုယ် လူခေါင်းဟူ၍ သုံးမျိုးခွဲခြားနိုင်ပြီး လူလိုလို နတ်လိုလို တိရစ္ဆာန်လိုလို ထူးဆန်းသော သတ္တဝါတစ်မျိုးပင် ဖြစ်သည်။

ကိန္နရာ ကိန္နရီတို့သည် ဟိမဝန္တာတောကြီးအတွင်း၌ နေထိုင်ကြသည်ဟု ဇာတ်တော်များတွင် တွေ့ရသည်။ မြန်မာနိုင်ငံရှိ ရှမ်းလူမျိုးတို့သည်လည်း ကိန္နရာ ကိန္နရီကို တန်ဖိုးထားတတ်သည်။ ရိုးရာဓလေ့အသွင်အဖြစ် တွေ့မြင်ရသည်။ ရှမ်းတို့က မြင့်မိုရ်တောင်ခြေရင်းတွင် နေထိုင်သည်ဟု အယူရှိကြသည်။ ထို့အတူ ကယားလူမျိုးတို့ကလည်း ကယားတို့ဌာနီ ငွေတောင်ပြည်သည် ကိန္နရာတို့၏





စံပျော်ရာဒေသဖြစ်သည်ဟု ယုံကြည်ကြသည်။ ငွေတောင်ဆည်၊ သုဓနု၊ ဒွေးမယ်နော်ဇာတ်လမ်းလည်း ယဉ်ကျေးမှုအရ ရှိသည်။ ဗြဟ္မဏတို့က ဟိမဝန္တာ မောမကူဋ္ဌတောင်တွင် နေထိုင်သည်ဟူ၍လည်းကောင်း၊ သိရိဓမ္မာသောကမင်းကြီးလက်ထက်တွင် ဟိမဝန္တာမှလာရောက်ပြီး ကခုန်ပြသကြောင်း ဆိုထားပြန်သည်။

ကိန္နရာ ကိန္နရီတို့၏စကားသံမှာ သာယာချိုအေးသော်လည်း စကားပြောဖန်များလျှင် အမှားပါမည်ကို စိုး၍လူတို့ကဲ့သို့ စကားကိုမဆိုဘဲနေကြောင်း ဘလ္လာတိယပျို့ပိုဒ်ရေ (၃၈) တွင် ရေး၍ထားသည်။

ကိန္နရာ ကိန္နရီတို့၏ ထူးခြားမှုဂုဏ်မှာ အသက်မွေးမှု စင်ကြယ်ခြင်း၊ သစ္စာတရားကို တန်ဖိုးထားခြင်း၊ ဖောက်လွဲဖောက်ပြန်စိတ် မရှိခြင်း၊ ချစ်တတ်ပြီး အချစ်ကြီးသူတို့အတွက် ချောင်းခြားရေခြား၍ တစ်ညတာဝေးရသည်ကိုပင် နှစ်ပေါင်းခုနစ်ရာ လွမ်းဆွေးရသည်ဟု ဆိုထားသဖြင့် ချစ်ခြင်းမေတ္တာတရားအပေါ်တွင် စံတင်ထားရသည့် သတ္တဝါဖြစ်သည်။

ကိန္နရာ ကိန္နရီတို့၏ နေထိုင်စားသောက်မှုမှာ သိမ်မွေ့သူများဖြစ်သည်။ ပန်းပွင့် ပန်းဝတ်မှုံတို့ကိုသာ စားသောက်ပြီး၊ နံ့သာလိမ်း၊ ပန်းပုဆိုးဝတ်ကာ ပန်းနွယ်ပန်းဒါန်းစီးပြီး မြစ်ချောင်းရေကန်စသည်တို့တွင် မြူးတူးပျော်ပါးတတ်သည်။ ဝါးကို စောင်းငြင်းပြု၍ သီဆိုတီးမှုတ်ကခုန်တတ်ကြသည်ဟု အပါဒါန် ပါဠိတော် စန္ဒကိန္နရီဇာတ်တော်တို့အရ သိရသည်။

ကိန္နရာ ကိန္နရီတို့နှင့်ပတ်သက်၍ ရခိုင်ပြည်နယ်၏ ရှေးဟောင်းမြို့တော်မြောက်ဦးမှ သျှစ်သောင်းပုထိုးတော်၏ လိုဏ်ပတ်လမ်းရှိ ရုပ်စုံ၊ ရုပ်လုံး၊ ရုပ်ကြွများတွင် တွေ့ရှိနိုင်ပါသည်။ တောင်ဘက်ခြမ်းမျက်နှာစာတွင် တိရစ္ဆာန်ရုပ်မျိုးစုံကို လေ့လာနိုင်ပြီး ဘုရားရှင်၏ နိပါတ်တော် သန့်ရှင်းသည့် ဘဝပေါင်း (၁၃၆) ဘဝကိုလည်း ထုဆစ်ထားသည်။ အစကြိုးကြာ ဆယ့်ခြောက်ခါတည်း၊ ဟသ်ာကိုးဖြစ် … လင်္ကာအရ ကိန္နရာဘဝများကိုပါ ထုဆစ်ထားခြင်းဖြစ်ပါသည်။ (၁၈) ပေခန့်ရှည်လျားသော ကျောက်နံရံအဆုံးတွင်လည်း ကိန္နရာရုပ်များကို တစ်ကောင်တည်းသော်လည်းကောင်း၊ ဖိုမနှစ်ကောင် စုံတွဲသော်လည်းကောင်း စသည်ဖြင့် ဇာတ်တော်လာအတိုင်း မြူးကြွနေသည့်ပုံများကို ထုဆစ်ထားပါသည်။ မဟာမုနိဘုရားတွင်မူ လူ့မျက်နှာ လူကိုယ်ဖြင့် ကိန္နရာရုပ်များကို များစွာတွေ့ရသည်။ အစောင့်အရှောက်အဖြစ် ထားရှိခြင်းဟု ဆိုပါသည်။

ရခိုင်တို့သည် ဗုဒ္ဓဘာသာဝင်များဖြစ်သည်။ ရခိုင်တို့၏ အနုပညာသည်လည်း ဗုဒ္ဓယဉ်ကျေးမှုဆက်စပ်နေရာ ကိန္နရာ ကိန္နရီ ရုပ်လုံးရုပ်ကြွတို့သည်လည်း ဘုရားပုထိုးစောင်းတန်း ပုရဝုဏ်တို့တွင် ရှိနေသည်မှာ တင့်တယ်စွာသဘာဝကျသည်ဟု ဆိုရပါမည်။

ဂေါယာမြေ-စောဝင်း



# NCA



# မြန်မာ့ငြိမ်းချမ်းရေး ဖြစ်စဉ်ကို လေ့လာခြင်း

သန်းဆွေ (အညာမြေ)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသည် ရှေးရာစုနှစ်ပေါင်း များစွာကတည်းကပင် တိုင်းရင်းသားလူမျိုးစုတို့ စုပေါင်းနေထိုင်ခဲ့ကြသော နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ နယ်နိမိတ်အနေအထားမှာ ပထဝီအနေအထားအရ နယ်ခြားဒေသများကို တောင်တန်းများဖြင့် ကာရံထားပါသည်။ အကြမ်းအားဖြင့် တောင်တန်းဒေသ၊ အရှေ့ဘက်ကုန်းမြင့်ဒေသ၊ အလယ်ပိုင်း မြေဝှမ်းလွင်ပြင်ဒေသဟူ၍ အနေအထားသုံးမျိုး တည်ရှိပါသည်။

လက်ရှိမြန်မာနိုင်ငံ၏ နယ်နိမိတ်ပြမြေပုံကို အနောက်ဘက်လွှန်မင်းလက်ထက် "မိုတီကာလို" ဆိုသော နိုင်ငံခြားသား ပညာရှင်တစ်ဦးကို ရေးဆွဲစေခဲ့သည်ဟု သိရှိရပါသည်။

မြန်မာနိုင်ငံ၏သမိုင်းတွင် ဖြစ်ပွားခဲ့ရသော ပြည်တွင်းပဋိပက္ခများနှင့် ၎င်းပဋိပက္ခများ ငြိမ်းအေးစေရန် ဆောင်ရွက်ခဲ့ကြသော ငြိမ်းချမ်းရေးဖြစ်စဉ်ကို လေ့လာမိသမျှတင်ပြအပ်ပါသည်။

မြန်မာငြိမ်းချမ်းရေးဖြစ်စဉ်ကို လေ့လာရာတွင် အချို့လတ်တလော ဆောင်ရွက်နေမှုများကိုသာ အလေးပေးတတ်ကြပါသည်။ စာရေးသူအနေဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်ကို လေ့လာရာတွင် ရှေးမြန်မာမင်းများလက်ထက်မှစ၍ လွတ်လပ်ရေးအကြိုခေတ်၊ လွတ်လပ်ရေးခေတ်ဦး၊ တော်လှန်ရေးကောင်စီခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် ပါတီခေတ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၊ တပ်မတော်အစိုးရ (နဝတ/နအဖ) ခေတ်၊ ၂၀၁၀-ခုနှစ်

နိုင်ငံရေးဖြစ်စဉ် အပြောင်းအလဲအရ ပေါ်ပေါက်လာသော သမ္မတကြီးဦးသိန်းစိန် ဦးဆောင်သည့် အရပ်သား ဒီမိုကရေစီအစိုးရခေတ်၊ ၄င်းခေတ်တွင် ပြန်လည်ဆောင်ရွက်ခဲ့သော ထူးခြားသည့် ငြိမ်းချမ်းရေး ဖိတ်ခေါ်မှုနှင့် သမိုင်းဝင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (Nationalwide Ceasefire Agreement) ဖြစ်ပေါ်လာရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပုံ စသည်ဖြင့် သမိုင်းရေစီးကြောင်းနှင့်အတူ ပြောင်းလဲလာသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ချဉ်းကပ်ဆောင်ရွက်ပုံတို့ကို အသေးစိတ်လေ့လာထားသင့်သည်ဟု ထင်ပါသည်။

## ပဒေသရာဇ်ခေတ်ကာလများအတွင်း တိုင်းရင်းသားတို့၏ အနေအထား

ပဒေသရာဇ်ခေတ်ကာလများတွင် မြန်မာနိုင်ငံ၏ အနေအထားမှာ ပဒေသရာဇ်မြို့ပြနိုင်ငံငယ်များ၊ တိုင်းရင်းသားတို့နေထိုင်ရာ ဝေးလံခေါင်သီသည့် တောင်တန်းဒေသများတွင် တိုင်းရင်းသားတို့သည် ပထဝီ အနေအထားအရ မိမိတို့နှင့် သဟဇာတဖြစ်သောအရပ်တို့တွင် မိမိတို့၏ ရိုးရာအရ တင်မြှောက်သော အကြီးအကဲ၊ တောင်အုပ်၊ တောင်ပိုင်၊ စော်ဘွား စသည်တို့၏ စီမံအုပ်ချုပ်မှုအောက်တွင် အေးချမ်းစွာ နေထိုင်ခဲ့ကြသည်။ ရိုးရာယဉ်ကျေးမှုနှင့် ကိုယ်ပိုင်ဘာသာစကားတို့ကို ကျင့်သုံးပြောဆိုခဲ့ကြသည်။

သို့သော် ပုဂံခေတ် အနော်ရထာမင်းလက်ထက် ပထမမြန်မာနိုင်ငံတော်ကြီးကို တည်ဆောက်ခဲ့ကြရာတွင်လည်း စုပေါင်းပါဝင်ခဲ့ကြပါသည်။ ပဒေသရာဇ်ခေတ်သဘောသဘာဝအရ မြို့ပြနိုင်ငံများ၊ တိုင်းရင်းသား လူမျိုးစုနယ်များ မည်သို့ပင် ကွဲပြားစေကာမူ ပထမမြန်မာနိုင်ငံတော်၊ ဒုတိယ မြန်မာနိုင်ငံတော်၊ တတိယ မြန်မာနိုင်ငံတော်စသည်ဖြင့် မြန်မာနိုင်ငံတော်ကြီးကို စုစည်းတည်ထောင်သည့်အခါတိုင်း တစ်စိတ်တစ်ဝမ်း ပါဝင်ခဲ့ကြစမြဲဖြစ်ပါသည်။

ထို့အတူ ပြည်ပနယ်ချဲ့တို့ ကျူးကျော်စစ်ပွဲများ ဖြစ်ပွားသည့်အခါတိုင်းတွင်လည်း မြန်မာစစ်သူရဲကောင်းများနှင့်လက်တွဲ၍ တွန်းလှန်တိုက်ပွဲဝင်ခဲ့ကြစမြဲ ဖြစ်ပါသည်။

ဘကြီးတော်လက်ထက် စစ်သူကြီး မဟာဗန္ဓုလ တပ်မကြီးသည် ပုန်ကန်ခြားနားသော မဏိပူရကသည်း အရေးအခင်းတွင် ချီတက်ရာလမ်းမှ ကချင်တိုင်းရင်းသားများက မိမိတို့သဘောဆန္ဒအလျောက် ပါဝင်အမှုတော်ထမ်း၍ စွမ်းစွမ်းတမံ တိုက်ပွဲဝင်ခဲ့ကြပါသည်။ ကချင်တော်စား ဗိုလ်နေမျိုးသိန်ပရာဇာ ဦးဆောင်၍ ကချင်သိန်းပေါ် ရဲမက်တော်တစ်ထောင်ပါဝင်ခဲ့သည့် သမိုင်းမှတ်တမ်း အထင်အရှားရှိခဲ့ပါသည်။

ပဒေသရာဇ်ခေတ်ကာလများအတွင်း မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးအချင်းချင်း သင့်မြတ်ကြပြီး လူမျိုးရေးမုန်းတီးမှု မရှိခဲ့ပါ။ သမိုင်းတွင် တည်ရှိခဲ့သော မွန်-မြန်မာ စစ်ပွဲများဆိုရာတွင်လည်း လူမျိုးရေး မုန်းတီးမှုမျိုး မဟုတ်ခဲ့ပါ။ ပဒေသရာဇ်အချင်းချင်း အားပြိုင်သည့် စစ်ပွဲမျိုးသာ ဖြစ်ကြောင်း ပညာရှင်တို့က မှတ်တမ်းတင်ခဲ့ပါသည်။

၁၈၈၅-ခုနှစ်၊ နိုဝင်ဘာလ (၂၉) ရက်နေ့ သီပေါမင်းနှင့် မိဖုရားကြီးတို့အား အင်္ဂလိပ်တို့က ဖမ်းဆီးခေါ်ဆောင်သွားရာတွင် ညောင်ရွှေစော်ဘွားကြီး ဦးဆောင်၍ ရှမ်း-မြန်မာအင်အားငါးရာနှင့် ဓါးလွှတ်များ ကိုင်ဆောင်၍ အရှင်နှစ်ပါးအား အင်္ဂလိပ်လက်မှလုယူရန် ကြိုးပမ်းခဲ့ကြပါသည်။

အထက်ပါအကြောင်းအရာတချို့သည် ပဒေသရာဇ်ခေတ် မြန်မာလူမျိုးများနှင့် တိုင်းရင်းသားတို့၏ ချစ်ကြည်သွေးစည်းမှု၏ မှတ်တမ်းတစ်စိတ်တစ်ဒေသကို တင်ပြလိုက်ပါသည်။

## လွတ်လပ်ရေးကြိုးပမ်းမှုကာလ (အင်္ဂလိပ်နယ်ချဲ့တော်လှန်ရေး)

အင်္ဂလိပ်နယ်ချဲ့တို့သည် မြန်မာနိုင်ငံအား ၁၈၈၅-ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့တွင် လုံးဝသိမ်းပိုက်ပြီးကြောင်း ကြေညာခဲ့ပါသည်။ ထီးကျိုးစည်ပေါက် ထီးနန်းပျောက်ခဲ့ရမှုအပေါ် မခံမရပ်နိုင်သော မျိုးချစ်မြန်မာများနှင့် တိုင်းရင်းသားနယ်ပယ်အသီးသီးတွင် နေထိုင်ကြသော တိုင်းရင်းသားခေါင်းဆောင်များဖြစ်သည့် ဝန်းသိုစော်ဘွားကြီးဦးအောင်မြတ်၊ ရှမ်းနီအရပ်က ရွှေဓားဗိုလ်၊ စော်ဘွား

များဖြစ်ကြသည့် နော်ဖနော်-ဆပ်ခွန်တီ၊ ကချင်ခေါင်းဆောင် ဟုန်ကပင်း၊ မွန်ခေါင်းဆောင် ဗိုလ်မြတ်ထွန်း၊ ချင်းခေါင်းဆောင် ဗိုလ်ဆွန်ပတ် (ကျွန်ဘိ)၊ ရခိုင်ခေါင်းဆောင် ဗိုလ်ဥတ္တမ၊ ကရင်ခေါင်းဆောင် စန်းလုံ၊ ကယားခေါင်းဆောင် စောလှဘို့၊ ဗမာခေါင်းဆောင်များ ဖြစ်ကြသည့် ပုဂံမှ ဗိုလ်ချို၊ နတ်မောက်မှ ဗိုလ်မင်းရောင်၊ ဒဲလောင်မှ ဗိုလ်ရာညွန့်၊ လယ်သမားခေါင်းဆောင် ဂမ္ဘုန်ဆရာစံ စသည်တို့က အင်္ဂလိပ်နယ်ချဲ့အစိုးရအား ပြင်းပြင်းထန်ထန် တော်လှန်တိုက်ခိုက်ခဲ့ကြပါသည်။ အင်္ဂလိပ်အစိုးရ အုပ်ချုပ်ရေးအာဏာ မသက်ရောက်နိုင်ရန် နှစ်ပေါင်းသုံးဆယ်အထိ ခုခံတိုက်ခိုက်ခဲ့ကြပါသည်။

နယ်ချဲ့တော်လှန်ရေးကာလ တိုင်းရင်းသားခေါင်းဆောင်ကြီးများ၏ သမိုင်းဝင်မှတ်တမ်းအချို့ကို ဖော်ပြအပ်ပါသည်။

**လွတ်လပ်ရေးကြိုးပမ်းမှုကာလ (ပင်လုံညီလာခံ)**

ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်၍ မြန်မာပြည်လွတ်လပ်ရေးတောင်းဆိုရာတွင် တောင်တန်းဒေသများနှင့်ပြည်မ တစ်ပြိုင်တည်း လွတ်လပ်ရေးရယူလိုကြောင်း သက်သေပြသည့်အနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး သမိုင်းမှတ်တိုင်အဖြစ် ၁၉၄၇-ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

ပြည်မတောင်တန်းကို အမြဲတမ်းသွေးခွဲအုပ်ချုပ်ခဲ့သော အင်္ဂလိပ်အစိုးရ၏ အနှောင့်အယှက်ပေးမှုများရှိခဲ့သော်လည်း အမြော်အမြင်ကြီးသော တိုင်းရင်းသားခေါင်းဆောင်များက ဗိုလ်ချုပ်အောင်ဆန်း၏ခေါင်းဆောင်မှု တာဝန်ယူမှု တာဝန်ခံမှုတို့ကို ယုံကြည်ကြ၍ ပင်လုံစာချုပ်တွင် လက်မှတ်ရေးထိုးကြပါသည်။

တိုင်းရင်းသားအချို့က တင်ပြလာသောကြောင့် နောင် (၁၀) နှစ်အကြာတွင် ခွဲထွက်လိုပါက ခွဲထွက်နိုင်သည်ဟူသော စာချုပ်စာတမ်းတွင်မပါဘဲ နှုတ်အားဖြင့် ပြောကြားခဲ့ပါသည်။

**လွတ်လပ်ရေးခေတ်ဦးကာလ**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သည် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့၊ နံနက် (၄) နာရီ (၂၀) မိနစ်အချိန်တွင် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာ ပိုင်စိုးသည့် နိုင်ငံအဖြစ် ရောက်ခဲ့သည်။

လွတ်လပ်ရေးရပြီး သုံးလအကြာ မတ်လ (၂၈) ရက်နေ့တွင် ကွန်မြူနစ်များတောခို၍ လက်နက်ကိုင်တိုက်ပွဲစတင်ခဲ့ပါသည်။ ကွန်မြူနစ်တို့စည်းရုံးမှုကြောင့် ဗမာ့တပ်မတော်မှ တိုင်းရင်းသားတပ်ရင်း တပ်ဖွဲ့တချို့ကပါ တောခိုသွားခဲ့ကြသည်။

သည့်နောက် ဖ·ဆ·ပ·လ အစိုးရလက်ထက် ဝန်ကြီးချုပ်ဦးနုက မြန်မာနိုင်ငံကို ဗုဒ္ဓဘာသာနိုင်ငံအဖြစ် ကြေညာလိုက်သည့်အခါ တိုင်းရင်းသားများအကြားတွင် မကျေနပ်မှုများ ဖြစ်ပွားခဲ့သည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ ပေါ်ပေါက်ခဲ့သည်။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများထဲတွင် ကရင်အမျိုးသားအစည်းအရုံးမှာ အစောဆုံးအဖွဲ့ဖြစ်သည်။

အစိုးရနှင့် ကွန်မြူနစ်တို့အကြား တိုက်ပွဲများ ပိုမိုပြင်းထန်လာခဲ့သည်။ ထိုသို့ ဆိုးရွားသောအခြေအနေတွင် မတူညီသောအုပ်စုများကြား အများကြည်ညို လေးစားခံရသော ဆရာကြီးသခင်ကိုယ်တော်မှိုင်းက ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ကြီးကို တည်ထောင်၍ ငြိမ်းချမ်းရေးလုပ်ငန်းများ၊ စေ့စပ်ညှိနှိုင်းရေးများကို ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ သင်ပုန်းချေဝါဒ၊ သူမနာကိုယ်မနာလမ်းစဉ် (Win Win) သီအိုရီတို့မှာ ထင်ရှားခဲ့ပါသည်။ သို့သော် အစွန်းရောက်ဝါဒကို ကိုင်စွဲထားကြသော ကွန်မြူနစ်များကြောင့် ငြိမ်းချမ်းရေးဆောင်ရွက်မှု မအောင်မြင်ခဲ့ပါ။

ဆရာကြီးသခင်ကိုယ်တော်မှိုင်းအား ၁၉၅၃-ခုနှစ်တွင် ကမ္ဘာ့ငြိမ်းချမ်းရေးစတာလင်ဆုကြီးကို ချီးမြှင့်ခံခဲ့ရပါသည်။

**တော်လှန်ရေးကောင်စီခေတ်ကာလ**

၁၉၆၂ ခုနှစ်နောက်ပိုင်း တော်လှန်ရေးကောင်စီလက်ထက်တွင် တော်လှန်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်

ကြီးနေဝင်းက လွတ်လပ်ရေးတိုက်ပွဲများတွင် အတူတကွ လက်တွဲပါဝင်ခဲ့ကြသော ရဲဘော်ရဲဘက်ဟောင်းများအား "ငြိမ်းချမ်းရေးဆွေးနွေးရန် လုံးဝမဖမ်းဆီးပါ၊ ပြန်ပို့ပါမည်" ဟူသော ကတိစကားဖြင့် ရန်ကုန်မြို့သို့ ဖိတ်ခေါ်ဆွေးနွေးခဲ့သည်။ နိုင်ငံရေးအယူဝါဒ အစွန်းရောက်ခြင်း၊ မိမိယုံကြည်ရာကို တရားသေဆုပ်ကိုင်ထားသော ကွန်မြူနစ်များက ငြိမ်းချမ်းရေးကမ်းလှမ်းမှုကို လက်မခံနိုင်၍ ဆွေးနွေးပွဲပျက်ခဲ့ရသည်။ ဗိုလ်ချုပ်ကြီးနေဝင်းက ကတိစကားအတိုင်း သခင်သန်းထွန်းတို့အား ပဲခူးရိုးမဆီသို့ ပြန်ပို့ပေးခဲ့ပါသည်။

ပဲခူးရိုးမအတွင်း ကွန်မြူနစ်တို့၏ ဖြုတ်ထုတ်သတ်လမ်းစဉ်ကြောင့် သခင်သန်းထွန်းတို့ကျဆုံးပြီး ကွန်မြူနစ်ဌာနချုပ်ပျက်ပြားကာ တိုင်းရင်းသားဒေသများသို့ ပျံ့နှံ့ခြေကုတ်ယူခဲ့ကြသည်။

ပြည်တွင်းပဋိပက္ခများ၏ အစဟုလည်း ဆိုနိုင်ပါသည်။ တိုင်းရင်းသားများအား လက်နက်ကိုင်လမ်းစဉ်ထဲသို့ စည်းရုံးသိမ်းသွင်းခဲ့ခြင်းကြောင့်ပင် ဖြစ်ပါသည်။

## နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ/နအဖ) တပ်မတော်အစိုးရလက်ထက် ကာလ

၁၉၈၈-ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရ (နဝတ/နအဖ) လက်ထက်တွင် ကွန်မြူနစ်တို့ အင်အားချည့်နဲ့လာသည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများကလည်း လွှမ်းမိုးမခံကြတော့ဘဲ တော်လှန်ခဲ့ကြသဖြင့် ကွန်မြူနစ်ခေါင်းဆောင်ဟောင်းကြီးများ နိုင်ငံရပ်ခြားသို့ ထွက်ပြေးခဲ့ကြရသည်။

(နဝတ/နအဖ) အစိုးရလက်ထက်တွင် ဗိုလ်ချုပ်ကြီးခင်ညွန့် (အတွင်းရေးမှူး-၁) ဦးဆောင်၍ ငြိမ်းချမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။

ငြိမ်းချမ်းရေးကမ်းလှမ်းမှု ပုံစံများမှာ လူကြီးလူကောင်း၏ ကတိစကား (Gentleman's Agreement) ပုံစံဖြင့် လက်ခံခဲ့ပြီး "လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ခြင်း" ဥပဒေဘောင်အတွင်း ဝင်ရောက်ခြင်းဟု ဆိုခဲ့ပါသည်။

ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသော အဖွဲ့အစည်းများမှာ အောက်ပါအတိုင်းဖြစ်၏။

(၁) ကိုးကန့်တိုင်းရင်းသား ၃၁.၃.၈၉
(၂) "ဝ" တိုင်းရင်းသား ၉.၅.၈၉
(၃) ရှမ်းပြည်အရှေ့ပိုင်း ငြိမ်းချမ်းရေးအဖွဲ့ ၃၀.၆.၈၉
(၄) ရှမ်း ငြိမ်းချမ်းရေးအဖွဲ့ ၂၄.၉.၈၉
(၅) အင်န်ဒီအေ ကချင်ငြိမ်းချမ်းရေးအဖွဲ့ ၁၅.၁၂.၈၉
(၆) ကေဒီအေ ကချင်ငြိမ်းချမ်းရေးအဖွဲ့ ၁၁.၁၁.၉၁
(၇) ပအိုဝ်း ငြိမ်းချမ်းရေးအဖွဲ့ ၁၈.၂.၉၁
(၈) ပလောင် ငြိမ်းချမ်းရေးအဖွဲ့ ၂၁-၄-၉၁
(၉) ကယန်း ငြိမ်းချမ်းရေးအဖွဲ့ ၂၇-၂-၉၂
(၁၀) ကေအိုင်အို ကချင်ငြိမ်းချမ်းရေးအဖွဲ့ ၂၄-၂-၉၄
(၁၁) ကရင်နီ လူမျိုးပေါင်းစုံလွတ်မြောက်ရေးတပ်ဦး ၉-၅-၉၄
(၁၂) ကယန်းပြည်သစ်ပါတီ ၂၆-၇-၉၄
(၁၃) ရှမ်းပြည် လူမျိုးပေါင်းစုံလွတ်မြောက်ရေးအဖွဲ့ ၉-၁၀-၉၄
(၁၄) ကရင်နီ အမျိုးသားတိုးတက်ရေးပါတီ ၂၁-၃-၉၄
(၁၅) မွန်ပြည်သစ်ပါတီ ၂၉-၆-၉၅
(၁၆) ဗမာပြည်ကွန်မြူနစ်ပါတီ ဦးစောထွန်းဦးနှင့်အဖွဲ့ ၇-၉-၉၇
(၁၇) ကေအင်န်ယူ
(က) ဦးစောသမူဟဲနှင့်အဖွဲ့ ၂၇-၄-၉၇
(ခ) ဦးစောဖဲရီမိုးနှင့်အဖွဲ့ ၈-၁၁-၉၇
(ဂ) ပဒိုအောင်ဆန်းနှင့်အဖွဲ့ ၁၇-၄-၉၈

## ၂၀၁၁ ခုနှစ်မှ စတင်ခဲ့သော ခေတ်သစ်မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အကျဉ်း

၂၀၁၁ ခုနှစ် ဒီမိုကရေစီ အရပ်သားအစိုးရ တက်လာပြီး သမ္မတဦးသိန်းစိန်အစိုးရမှ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ငြိမ်းချမ်းရေးဆွေးနွေးရေး ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ (၁၈) ရက်နေ့တွင် စတင်ဖိတ်ခေါ်ခဲ့ပါသည်။

ခေတ်သစ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ ယခင်ကာလများနှင့် မတူသောအချက်များမှာ ယခင်ကာလများကဲ့သို့ လက်နက်ချခြင်း၊ အလင်းဝင်ခြင်း စသောသဘောထားများမပါဘဲ တိုင်းရင်းသားလူများအကြား နှစ်ပေါင်းကြာရှည် ဖြစ်ပွားနေသော ပြဿနာများမှာ နိုင်ငံရေးပြဿနာများဖြစ်သည့်အလျောက် လက်နက်ကိုင် ဖြေရှင်း၍ မရနိုင်သောကြောင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဖြေရှင်းရန်၊ နိုင်ငံရေးစကားဝိုင်း ယဉ်ကျေးမှုတစ်ရပ်ကိုထူထောင်၍ အပြန်အလှန်လေးစားမှု၊ ဂုဏ်သိက္ခာရှိမှု၊ တန်းတူမှု၊ ပွင့်လင်းမြင်သာမှုများကို ကိုင်စွဲ၍ ရေရှည်တည်တံ့သော ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန် စိတ်ရှည်သည်းခံမှုများနှင့် ဆွေးနွေးကြရန် ဖိတ်ခေါ်ခဲ့ပါသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ (EAOs) မှ အဖွဲ့ (၁၄) ဖွဲ့ကို တစ်ဖွဲ့ချင်းစီနှင့်တွေ့ဆုံ၍ နိုင်ငံရေး ဆွေးနွေးနိုင်ရန် အခြေခံသဘောတူညီမှုစာချုပ် (BILATERAL AGREEMENT) ချုပ်ဆိုနိုင်ခဲ့ပါသည်။

၂၀၁၂ ခုနှစ်တွင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရန် ''မြန်မာ့ငြိမ်းချမ်းရေးစင်တာ'' (MPC) ကို ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ အခြေခံဖြစ်သော အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်တစ်ရပ် ပေါ်ပေါက်လာစေရန် နိုင်ငံတော်ဘက်မှ ဝန်ကြီးဦးအောင်မင်းဦးဆောင်သော ''ပြည်ထောင်စု ငြိမ်းချမ်းရေးလုပ်ငန်းကော်မတီ'' (UPWC) နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဘက်မှလည်း တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ညှိနှိုင်းရေးအဖွဲ့ (NCCT) ဖွဲ့စည်းခဲ့ပြီး တစ်နိုင်ငံလုံး ပတ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) တွင် ပါဝင်သင့်သော အချက်အလက်များ၊ သုံးနှုန်းသော ဝေါဟာရများ၏ တစ်လုံးချင်းစီ အဓိပ္ပါယ်သက်ရောက်မှုများကို နှစ်ဦးနှစ်ဖက် အကျေအလည် ဆွေးနွေးခဲ့ကြပါသည်။ ဆွေးနွေးခဲ့ကြရာတွင် ကိုင်စွဲထားသော အခြေခံသဘောထားများဖြစ်သည့် တန်းတူရေး၊ အပြန်အလှန် လေးစားရေး၊ ဂုဏ်သိက္ခာရှိမှု၊ စိတ်ရှည်သည်းခံနိုင်မှု စသောအချက်များနှင့် ဆွေးနွေးခဲ့ကြရာ (၂) နှစ်တာ ကာလနီးပါး ကြာမြင့်သောအခါ (NCA) စာချုပ် မူကြမ်းတစ်စောင် ရေးသားပြုစုနိုင်ခဲ့ပါသည်။ အခန်း (၇) ခန်း၊ အပိုဒ် (၃၃) ပိုဒ်ပါသော (NCA) မူကြမ်းကို ၂၀၁၅ ခုနှစ်၊ ဩဂုတ်လတွင် ပြီးစီးခဲ့သည်။

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့တွင် မြန်မာ့ငြိမ်းချမ်းရေးသမိုင်းဝင်အဖြစ် တိုင်းရင်းသားလက်နက်ကိုင် (EAOs) (၈) ဖွဲ့တို့ လက်မှတ်ရေးထိုးခဲ့ကြပါသည်။ သည့်နောက် (NCA) စာချုပ်ပါအတိုင်း (၈၈) ရက်မြောက်နေ့တွင် သမ္မတဦးသိန်းစိန်အစိုးရက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (UPC) ကို ကျင်းပပေးခဲ့ပါသည်။

၂၀၁၅ ခုနှစ် ရွေးကောက်ပွဲနှင့် တက်လာသော NLD အစိုးရလက်ထက်တွင် သမ္မတဦးသိန်းစိန်အစိုးရ ဆောင်ရွက်ခဲ့သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆက်လက်ဆောင်ရွက်မည်ဟု ကြေညာခဲ့သည်။ NLD အစိုးရ လက်ထက်တွင် (MPC) ကို ဖျက်သိမ်းခဲ့ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ကို တည်ထောင်ခဲ့ပါသည်။ NLD အစိုးရလက်ထက်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ (၂၀) ရာစုပင်လုံ အမည်ဖြင့် ညီလာခံများကျင်းပခဲ့သည်မှာ ယခုအခါ တတိယအကြိမ်အထိ ကျင်းပခဲ့ပြီးဖြစ်ပါသည်။ ဒုတိယအကြိမ် ညီလာခံမှ သဘောတူညီချက် (၃၇) ချက်၊ တတိယအကြိမ် ညီလာခံမှ သဘောတူညီချက် (၁၄) ချက်တို့ကို ပြည်ထောင်စုစာချုပ် (PYIDAUNGSU ACCORD) ၏ အစိတ်အပိုင်းများအဖြစ် မှတ်တမ်းတင်ပြီး ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးခဲ့ပါသည်။

ပထမအကြိမ်ကျင်းပသော (၂၁) ရာစု ပင်လုံညီလာခံတွင် အစုအဖွဲ့အသီးသီးမှ စာတမ်းများ ဖတ်ကြားခဲ့ပါသည်။ စာတမ်း (၃၇) စောင် ဖတ်ကြားခဲ့ပါသည်။ ဒုတိယအကြိမ် (၂၁) ရာစု ပင်လုံညီလာခံတွင် အစုအဖွဲ့အသီးသီး၏ ဆွေးနွေးချက်များမှ အချက်ပေါင်း (၃၇) ချက် သဘောတူညီမှုရရှိခဲ့ပါသည်။ တတိယအကြိမ် (၂၁) ရာစု ပင်လုံညီလာခံတွင်လည်း အစုအဖွဲ့များ၏ ဆွေးနွေးမှုများမှ သဘောတူညီချက် (၁၄) ချက် ရရှိခဲ့ပြီး ယင်းသဘော

တူညီချက်များကို ပြည်ထောင်စုစာချုပ် (PYIDAUNG-SU ACCORD) ၏ အစိတ်အပိုင်းများအဖြစ် မှတ်တမ်းတင်ပြီး ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းအတည်ပြုချက်ရယူပြီး ဖြစ်ပါသည်။

NCA လမ်းကြောင်းအရ ယခုအဖွဲ့အသီးသီးမှ အချိုးကျပါဝင်သော ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) ကို ဖွဲ့စည်းဆောင်ရွက်နေပါသည်။ (NCA) လက်မှတ်ရေးထိုးပြီး ဒေသများတွင် ပစ်ခတ်တိုက်ခိုက်မှု ဖြစ်ပွားမှုအနေအထားကို စောင့်ကြည့်လျှော့လာရန်၊ ပစ်ခတ်ရပ်စဲရေး စောင့်ကြည့်ရေးပူးတွဲကော်မတီ (JMC) ကို ပြည်ထောင်စုအဆင့် (JMC-U) ပြည်နယ်အဆင့် (JMC-S) တို့ ဖွဲ့စည်းဆောင်ရွက်နေပါသည်။ ယခုလတ်တလောတွင် ဒေသခံအရပ်သား စောင့်ကြည့်ရေးအဖွဲ့ (LCM) များကိုပါ ဖွဲ့စည်းဆောင်ရွက်ခွင့်ရရှိကြပြီ ဖြစ်ပါသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အစုအဖွဲ့အလိုက် ဆွေးနွေးမှုများနှင့် စပ်လျဉ်း၍ အမြင့်ဆုံးသော ဆုံးဖြတ်ချက်ပေးနိုင်သည့် (JICM) အစည်းအဝေးကြီးများကိုလည်း (၂) လတစ်ကြိမ်ကျင်းပရန် ဖြစ်ပါသည်။

အချုပ်အားဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတွင် နှစ်ပေါင်းရှည်ကြာ ကြုံတွေ့ခံစားနေကြရသော ပြည်တွင်းပဋိပက္ခများ ချုပ်ငြိမ်း၍ ငြိမ်းချမ်းရေးရရှိရန် ခေတ်အဆက်ဆက် သူ့နည်းသူ့ဟန်ဖြင့် ချဉ်းကပ်ဆောင်ရွက်ခဲ့ကြပါသည်။

ယခုကာလ ဆောင်ရွက်လျက်ရှိသော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် မည်သည့်ခေတ်ကာလနှင့်မျှမတူ တစ်မူထူးခြား၍ လူ့ဂုဏ်သိက္ခာကို တန်ဖိုးထားပြီး နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ဆွေးနွေးပွဲစကားဝိုင်းများမှတစ်ဆင့် အဖြေရှာမည်ဆိုသည့် နိုင်ငံရေး ယဉ်ကျေးမှုတစ်ရပ်ကို ဖော်ဆောင်လျက်ရှိပါသည်။ အောင်မြင်မှုများလည်း အခိုင်အမာရရှိနေပြီဖြစ်ပါသည်။

ကြီးမားသောအောင်မြင်မှုအနေဖြင့် တိုင်းရင်းသားများ နှစ်ပေါင်းရှည်ကြာ လိုလားတောင့်တနေကြသော နိုင်ငံရေးသဘောတူညီမှုတစ်ရပ် ရရှိခဲ့ပြီဖြစ်ပါသည်။ အဆိုပါသဘောတူညီမှုမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

နိုင်ငံရေးသဘောတူညီချက်

**"ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အား ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကိုအခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များအပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကိုအခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန်"** ဟူ၍ ဖြစ်ပါသည်။

ဆက်လက်၍ ပြည်ထောင်စုမှခွဲမထွက်ရေး၊ တစ်ခုတည်းသော ပြည်ထောင်စုတပ်မတော် တည်ဆောက်ရေးစသည့်အချက်များကို ဆွေးနွေးပွဲများမှ သဘောတူညီချက်ရယူကြရမည်ဖြစ်ပါသည်။ ထို့ပြင် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများတွင် အဓိကကျသော တပ်မတော်၏ ငြိမ်းချမ်းရေးမူ (၆) ရပ်ကိုလည်း လေ့လာထားသင့်ပါသည်။ တပ်မတော်၏ ငြိမ်းချမ်းရေးမူ (၆) ရပ်၏ အဓိကအနှစ်သာရကို စာရေးသူ နားလည်သဘောပေါက်သလောက် တင်ပြရလျှင် "ငြိမ်းချမ်းရေးကို အမှန်တကယ် လိုလားမှုနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အမြတ်မထုတ်ဖို့၊ ရိုးသားစွာ ဆောင်ရွက်ကြဖို့လိုသည်"ဟု ဖော်ပြထားပါသည်။

နိဂုံးချုပ်အနေဖြင့် သမိုင်းဝင် (NCA) စာချုပ် လက်မှတ်ရေးထိုးခဲ့သော ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့က (KNU) ကရင်တိုင်းရင်းသား အစည်းအရုံးဥက္ကဋ္ဌကြီး ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုး ပြောခဲ့သော စကားရပ်ကို ပြန်ပြောရလျှင် " (KNU) **ဟာ သတ္တိရှိလို့ အရင်ဆုံးတောခိုတိုက်ခဲ့တာ၊ အခုလည်း သတ္တိရှိလို့ အရင်ဆုံး** (NCA) **လက်မှတ်ထိုးခဲ့တာပါ**"ဟု ဖြစ်ပါသည်။ သမိုင်းဝင်စကားတစ်ရပ် ဖြစ်ပါပေသည်။ အလေးအနက် ပင်ပန်းခက်ခဲစွာ ကြိုးပမ်းဆောင်ရွက်ခဲ့ရမှု ရလဒ်အဖြစ် (NCA) စာချုပ်အား အလေးထား၍ အမှောက်အဖျက်ပြုနေသော အဖွဲ့အစည်းများ၏ စကားကို နားမယောင်ဘဲ ခိုင်မာသော ဆုံးဖြတ်ချက်ဖြင့် (NCA) လမ်းကြောင်းအတိုင်း မဖွေမစောင်း ဆက်လျှောက်လှမ်းကြပါစို့ဟု ဆန္ဒပြုလိုက်ရပါတော့သည်။

**မောင်သန်းဆွေ (အညာမြေ)**

# ပအိုဝ်း

## တိုင်းရင်းသားတို့၏

## စာပေ သမိုင်း



ခွန်ရောင်လေ
(နောင်တရား)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသား လူမျိုးပေါင်းစုံတစ်ရာကျော်တွင် ပအိုဝ်းတိုင်းရင်းသားများသည် လူမျိုးစုတစ်စုအဖြစ် ပါဝင်နေပါသည်။ ပအိုဝ်းလူမျိုးများသည် မြန်မာနိုင်ငံအတွင်းသို့ အစောပိုင်းကာလ၌ ဝင်ရောက်လာကြသည့် တိဗက်-မြန်မာအုပ်စုအတွင်းတွင် ပါဝင်နေကြောင်းကို ပအိုဝ်းသမိုင်း စာပေစာမျက်နှာ (၂) တွင် လေ့လာတွေ့ရှိရသည်။ ပအိုဝ်းလူမျိုးများသည် ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်ကြပြီး ဘာသာတရားကိုင်းရှိုင်းသော လူမျိုးများဖြစ်သည်။

ပအိုဝ်းလူမျိုးများ၏ စာပေသမိုင်းသည် ခေတ်သုံးခေတ်ဖြင့် လေ့လာတွေ့ရှိရပါသည်။ ပထမခေတ်သည် သုဝဏ္ဏဘူမိ သထုံပြည်ခေတ်၊ ဒုတိယခေတ်သည် ညောင်ရွှေမြို့ အင်းလေးမိုင်းပျိုးကျောင်းဆရာတော် ဘဒ္ဒန္တ ကဝိသာရခေတ်နှင့် တတိယခေတ်ကို တောင်ကြီးမြို့ ထီသိမ်ကျောင်းဆရာတော် ဘဒ္ဒန္တသုနန္ဒခေတ်ဟူ၍ စာပေခေတ် သုံးခေတ်ရှိခဲ့သည်။ ယခုအသုံးပြုနေသော ပအိုဝ်းစာပေကို ထီသိမ်ကျောင်းဆရာတော် ဘဒ္ဒန္တသုနန္ဒသည် မိုင်းပျိုးစာပေမူကို အခြေခံပြီး စာတစ်လုံးလျှင် အသံတစ်မျိုးတည်းသာ ထွက်စေရန် ပအိုဝ်းစာဖတ်တတ်လျှင် ပါဠိ၊ မြန်မာစာပေများကိုပါ ဖတ်တတ်စေရန်နှင့် ပအိုဝ်းတစ်မျိုးသားလုံး ပစ္စုပ္ပန်၊ အနာဂတ် စည်ပင်ဖွံ့ဖြိုးတိုးတက်စေရန် ဦးတည်၍ ကြိုးပမ်းတီထွင်ခဲ့ပြီး သာသနာတော်သက္ကရာဇ် ၂၄၉၀၊ ကောဇာသက္ကရာဇ် ၁၃၀၉၊ ခရစ်သက္ကရာဇ် ၁၉၄၇ ခုနှစ် (ကဆုန်လပြည့်) တနင်္ဂနွေနေ့တွင် ပြီးစီးအောင်မြင်ခဲ့ပါသည်။

ပအိုဝ်းစာပေကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုစေရန်အတွက် ပအိုဝ်းစာပေပြန့်ပွားရေး ဗဟိုသံဃအဖွဲ့၏ ဦးဆောင်မှုဖြင့် ပအိုဝ်းစာပေဆရာဖြစ် ဗဟိုသင်တန်း အမှတ်စဉ် (၁) ကို စတင်သင်ကြားခဲ့ပြီး ယနေ့တိုင် (၃၄) ကြိမ်မြောက် ရှိလာပြီဖြစ်ပါသည်။

ပအိုဝ်းတစ်မျိုးသားလုံး လေ့လာသင်ကြားနိုင်ရန် ပအိုဝ်းဘာသာဖြင့် ရေးသားထားသော ပြဋ္ဌာန်းစာအုပ်နှင့် ရေးသားပြုစုတော်မူကြသော ကျမ်းများမှာ -

(၁) ပအိုဝ်းသင်ပုန်းကြီး (သဒ္ဒါ)
(၂) (၃၈) ဖြာ မင်္ဂလာတရားတော်
(၃) လောကနီတိနှင့် ဗုဒ္ဓအကြောင်း
(၄) ပါရမီဆယ်ပါး
(၅) ဒုစရိုက်ဆယ်ပါး
(၆) သုစရိုက်ဆယ်ပါး
(၇) ပုညကြိယဝတ္ထု
(၈) ဒုလ္လဘတရားငါးပါး
(၉) မေတ္တာတရား
(၁၀) ဘာသာရေးဗဟုသုတ (အမှတ် ၁၊ ၂၊ ၃)
(၁၁) အင်္ဂုတ္တိုရ်
(၁၂) ဓမ္မပဒဝတ္ထု (အမှတ် ၁၊ ၂၊ ၃၊ ၄၊ ၅)
(၁၃) ဇာတ်ဝတ္ထုငါးရာ့ငါးဆယ်
(၁၄) ထွားဗားတဲင်သေ စသည်တို့မှာ ဗုဒ္ဓတရားတော်များကို အခြေခံ၍ ပြုစုရေးသားထားသော ပအိုဝ်းစာပေကျမ်းများ ဖြစ်ပါသည်။

ပအိုဝ်းတိုင်းရင်းသားစာပေများ ပြန့်ပွားရေးအတွက် တက္ကသိုလ်များမှ ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ မြို့နယ် ပအိုဝ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ ဖွဲ့စည်းထားပြီး ၎င်းအဖွဲ့များကို စုစည်းဖွဲ့စည်းထားသော ပအိုဝ်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (ဗဟို) ဟူ၍ ပြန်လည်ဖွဲ့စည်းထားပါသည်။

ပအိုဝ်းတိုင်းရင်းသားများတွင် ရိုးရာယဉ်ကျေးမှု၊ စာပေ၊ ဝတ်စားဆင်ယင်မှု၊ ဘာသာစကား၊ ပအိုဝ်းရိုးရာတူရိယာ၊ ပအိုဝ်းရိုးရာအကများ ပိုင်ဆိုင်ထားသော လူမျိုးစုဖြစ်ပါသည်။ ထို့ပြင် သူရိယစန္ဒာမင်းသည် ပအိုဝ်းတိုင်းရင်းသားတို့၏ ဂုဏ်သိက္ခာကို မြှင့်တင်ပေးခဲ့သောကြောင့် ကျေးဇူးတရားကို အောက်မေ့ကာ နှစ်စဉ်နှစ်တိုင်း တပေါင်းလပြည့်နေ့ကို ပအိုဝ်းအမျိုးသားနေ့အဖြစ် နှစ်စဉ်မပျက် ကျင်းပလျက်ရှိပါသည်။ ထို့ကြောင့် ပအိုဝ်းတိုင်းရင်းသားတို့သည် သီးခြားလူမျိုးဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၊ ပင်လောင်းမြို့နယ်၊ နောင်တရားမြို့၊ နောင်တရား ပရိယတ္တိစာသင်တိုက်၌ (၃၄) ကြိမ်မြောက် ပအိုင်းစာပေဆရာဖြစ်သင်တန်းကို ပအိုင်းစာပေပြန့်ပွားရေး ဗဟိုသံဃာအဖွဲ့မှ ကြီးမှူးပြီး မေ (၂) ရက်မှ (၈) ရက်အထိ ကျင်းပခဲ့သည်။ အဆိုပါ ပအိုဝ်းစာပေဆရာဖြစ် သင်တန်းတွင် တောင်ပေါ်မြေပြန့်





ပအိုဝ်းတိုင်းရင်းသားအားလုံး ပါဝင်တက်ရောက်သင်ကြားခဲ့သည်။ သင်တန်းကာလ ရက်သတ္တပတ်ကြာမြင့်သော်လည်း ပအိုဝ်းတိုင်းရင်းသားများကို ဗုဒ္ဓယဉ်ကျေးမှုနှင့်အညီ လိမ္မာရေးခြားရှိအောင် ကထိကဆရာတော်ကြီးများက ဆုံးမဩဝါဒမိန့်ကြားခြင်း၊ မိမိတိုင်းပြည် မိမိလူမျိုး မိမိယဉ်ကျေးမှု မိမိစာပေကို ပိုမိုချစ်မြတ်နိုးအောင် လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။ သင်တန်းတက်ရောက်ပြီးသော သင်တန်းသားများသည် မိမိရပ်ရွာဒေသအတွင်းရှိ ပအိုဝ်းတိုင်းရင်းသားများကို ပအိုဝ်းစာပေတတ်မြောက်ရေးအတွက် ပြန်လည်ပို့ချပေးလျက်ရှိသည်။

ပအိုဝ်းစာပေ ဆရာဖြစ်သင်တန်း ဖြစ်မြောက်ရေးအတွက် ပအိုဝ်းတိုင်းရင်းသားတစ်ရပ်လုံးက အလှူငွေများ ထည့်ဝင်လှူဒါန်းပေးခဲ့ကြသည်။ ရပ်ဝေးမှ သင်တန်းသားများအတွက် နေရာထိုင်ခင်းများကိုလည်း အစုံအလင် စီစဉ်ထားကြပါသည်။ သင်တန်းသား (၂၈၀၀) ကျော်နှင့် ဧည့်ပရိသတ်များ၏ စားသောက်ရေးအတွက် ရပ်ဝေးရပ်နီး ပအိုဝ်းတိုင်းရင်းသားများက အလှည့်ကျ ဧည့်ခံကျွေးမွေးလျက်ရှိသည်။ သင်တန်းသားများသည်လည်း သင်တန်းချိန်တွင် ညီညာစီတန်းပြီး စည်းကမ်းပြည့်ဝကာ စည်းလုံးညီညွတ်စွာဖြင့် လေ့လာသင်ကြားနေသည်ကို လေ့လာတွေ့ရှိရသည်။ ထို့ပြင် သင်တန်းဆင်းပွဲတွင်လည်း ရိုးရာဂီတ၊ ယဉ်ကျေးမှုအကအလှများဖြင့် တင်ဆက်ဖျော်ဖြေပြီး ပွဲတော်တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက မိမိတို့၏ ရိုးရာဝတ်စုံကို ဝတ်ဆင်၍ ပွဲတော်တက်ရောက်လာကြသည်မှာ အားရကျေနပ်ဖွယ် တွေ့မြင်နေရသည်။

ပအိုဝ်းစာပေ ဆရာဖြစ်သင်တန်း၌ ပအိုဝ်းတိုင်းရင်းသားများ၏ မိမိစာပေချစ်မြတ်နိုးမှု၊ ဘာသာတရား ကိုင်းရှိုင်းမှု၊ စည်းလုံးညီညွတ်မှု၊ ရိုးသားမှု၊ စည်းကမ်းရှိမှု၊ သဒ္ဒါတရားထက်သန်မှုနှင့် ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်မှုများကို လေ့လာတွေ့မြင်ရမည် ဖြစ်ပါသည်။ ထို့ကြောင့် (၃၄) ကြိမ်မြောက် ပအိုဝ်းစာပေ ဆရာဖြစ်သင်တန်းကို အောင်မြင်စွာ ကျင်းပနိုင်ခြင်းအတွက် အားရဂုဏ်ယူဝမ်းမြောက်ကြောင်း ဂုဏ်ပြုရေးသားလိုက်ရပါသည်။

ခွန်ရောင်လေ (နောင်တရား)



# မွန်ရိုးရာ သင်္ကြန်ထမင်း



ခင်ယွန်းနန္ဒာ

တန်ခူးလေသည် မိုးတဖြောက်ဖြောက်နှင့် အေးစိမ့်စိမ့်ရှိပြီး အပူဓာတ်ကို လျော့ပါးစေသည်။

ထိုမိုးတဖြောက်ဖြောက်ကြောင့် ပိတောက်ပန်းများလည်း ပွင့်ကြသဖြင့် မြန်မာပြည်သားများက 'ဖက်ဆွတ်မိုး' 'သင်္ကြန်မိုး'ဟု ချစ်စနိုး အမွှန်းတင်ကြသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးတွင် ရာသီအလိုက် (၁၂) လပွဲတော်များ နွှဲပျော်လေ့ရှိရာတွင် သင်္ကြန်ပွဲတော်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းခြင်းကို မြန်မာတို့က 'အတာသင်္ကြန်' ဟုခေါ်ဆိုပြီး မွန်လူမျိုးတို့က 'အတာသင်္ကြန်'ဟု ခေါ်ဆိုကြသည်။

တိုင်းရင်းသားလူမျိုးစုပေါင်း (၁၃၅) မျိုးတို့၏ အပျော်ဆုံးနှင့် ရက်ရှည်ကြာဆုံးပွဲတော်ကို ပြပါဆိုလျှင် သင်္ကြန်ပွဲတော်ကို ညွှန်ပြရလိမ့်မည်။ ထိုသင်္ကြန်ပွဲတော် ရောက်တိုင်း တိုင်းရင်းသားညီအစ်ကို မောင်နှမများသည် မိမိတို့၏ဒေသရိုးရာအလိုက် ကျွေးမွေးဧည့်ခံကြသည်။ ထုံးတမ်းစဉ်လာအရ မုန့်များပြုလုပ်၍ ဝေငှကြသည်။

သင်္ကြန်ကာလအတွင်း ကျွေးမွေးသော မုန့်များမှာလည်း မြန်မာဆန်သောမုန့်များဖြစ်သည်။ မုန့်လုံးရေပေါ်၊ ရွှေရင်အေး၊ မုန့်လက်ဆောင်း၊ ကောက်ညှင်းပေါင်း၊ ကြာဆံချက်၊ အအေးမျိုးစုံ၊ အဖျော်ရည်မျိုးစုံတို့ကို ပြုလုပ်၍ စတုဒိသာ ကျွေးမွေးဧည့်ခံကြသည်။ မွန်လူမျိုးတို့သည် တစ်မူထူးခြားစွာဖြင့် 'သင်္ကြန်ထမင်း' ကို ချက်ပြုတ်၍ ကျွေးမွေးကြစမြဲဖြစ်သည်။

သင်္ကြန်အခါသမယသည် ပူပြင်းခြောက်သွေ့သော ကာလဖြစ်သည်။ ထိုအပူကို အန်တုနိုင်ရန် အေးမြသော ရေနှင့် တွဲဖက်စားရသော သင်္ကြန်ထမင်းကြောင့် စိတ်လက်အေးချမ်း ကြည်သာကြရသည်။ မစားဖူးသူများကလည်း စားဖူးချင်ပြီး၊ စားဖူးသူများကလည်း သတိတရ စားချင်တတ်ကြသည်။ ရိုးရာဓလေ့ထုံးစံကို စောင့်ရှောက်ထိန်းသိမ်းကြသော မွန်လူမျိုးများကလည်း တစ်နှစ် တစ်ခါ ကျွေးမွေးရသည်ကို ပီတိဖြစ်ကြရသည်။

မွန်သင်္ကြန်ထမင်း ဖြစ်ပေါ်လာပုံကို ရှေးမွန်ပညာရှင်တို့က 'ဓမ္မပါလပေစာ' တွင် ရေးသားမှတ်တမ်းတင်ခဲ့ကြသည်။ ဇဟုသုတအဖြစ် မှတ်သားရဖူးသည်။

ဤဘဒ္ဒကမ္ဘာတွင် ရှေးလွန်လေပြီးသောအခါ၌ မဟာပထဝီမြေကြီး စောင်းလောက်အောင် ပစ္စည်းဥစ္စာ ပေါကြွယ်ဝသော သူဌေးတစ်ယောက် ရှိခဲ့သည်။ ထိုသူဌေးကြီးတွင် သားသမီးမထွန်းကားခဲ့။ တစ်နေ့သောအခါ ယစ်ထုပ်ကြီးတစ်ယောက်က ပြောသည်မှာ -

"စည်းစိမ်ဥစ္စာရှိသော်လည်း သားသမီးမရှိသဖြင့် သူဌေးကြီး ဘဝတစ်ပါးသို့ပြောင်းသွားပြီးနောက် သူဌေးကြီး ကောင်းရာသုဂတိသို့ရောက်အောင် အလှူလုပ်ပြီး မျှဝေပေးမည့်သူမရှိပါ။ ထို့ကြောင့် ပစ္စည်းဥစ္စာတို့သည် သူဌေးကြီးအဖို့ အလဟဿပင်ဖြစ်သည်။ ပစ္စည်းဥစ္စာမရှိသော်လည်း ကုသိုလ်ကောင်းမှုပြု၍ အမျှပေးဝေမည့် သားသမီးရှိသောကျွန်တော်မျိုးကို မမီပါ" ဟု ပြောသည်။

သူဌေးကြီးက ယစ်ထုပ်ကြီး၏ စကားကိုကြားပြီးနောက် စဉ်းစားဆင်ခြင်သည်။ ကျက်သရေမင်္ဂလာနှင့် ပြည့်စုံသော ရင်သွေးငယ်တစ်ယောက်ရရှိရန် ကြိုးစားချင်မိသည်။ ထို့ကြောင့် နေမင်းကြီးထံတွင်လည်းကောင်း၊ လမင်းကြီးထံတွင်လည်းကောင်း သုံးနှစ်တိုင်တိုင် တောင်းဆိုသော်လည်း သားသမီးမရရှိခဲ့။ သုံးနှစ်လွန်ပြီးနောက် ပြည်သူအများ နှစ်သစ်ကူးသင်္ကြန် ဆင်ယင်ကျင်းပချိန်တွင် ဆွေမျိုးများနှင့် ကျေးကျွန်များခြံရံလျက် ပျော်ရွှင်ပွဲ ဆင်နွှဲကြသည်။

ရွှေထီးနှင့်တကွ တံခွန်ကုက္ကားအလံများကို ကိုင်ဆောင်ကာ မြစ်ကမ်းတစ်နေရာ ပညောင်ပင်အောက်သို့ ရောက်ပြီး ထမင်းနှင့်စားဖွယ်များကို ချက်ပြုတ်ကြသည်။ ဆန်ကို စံပယ်ငုံနှင့်တူသည်အထိပြုတ်ပြီး ခုနစ်ကြိမ် ရေလောင်း၍ ဖွဖွဆေးသည်။ ရေဆေးပြီး အမွှေးနံ့သာရည်ဖြင့် စိမ်ထားသောထမင်းကို အခြားစားဖွယ်စုံဖြင့် ပညောင်ပင်စောင့်နတ်ထံ ပူဇော်ပသလျက် သားဆုကို တောင်းလေသည်။

ထို့နောက် ပါလာသောလူများအား အလှူဒါနပြုကာ ပျော်ရွှင်စွာစားသောက်ကြသည်။ တူရိယာများ တီးမှုတ်သီဆိုကြသည်။ ထို့နောက် မိမိနေထိုင်ရာ ပြာသဒ်ဆောင်သို့ ပြန်ခဲ့သည်။ ပညောင်ပင်စောင့်နတ်ကလည်း သူဌေးကြီး တောင်းတဲ့ဆုကို ပေးရန်မစွမ်းနိုင်သဖြင့် သိကြားမင်းထံ အကူအညီတောင်းရသည်။ သိကြားမင်းကလည်း ဒိဗ္ဗစက္ခုဖြင့်လှမ်းကြည့်ရာတွင် 'ဓမ္မပါလနတ်သား' ကိုမြင်သဖြင့် သူဌေးကတော်ထံတွင် ပဋိသန္ဓေတည်ရန် တောင်းပန်လေသည်။

ဓမ္မပါလနတ်သားလည်း သူဌေးကတော်ဝမ်းတွင် ကိုးလကိုးရက် ပဋိသန္ဓေတည်သည်။ ကျက်သရေ မင်္ဂလာပြည့်စုံသည့် လဆန်း (၁၅) ရက်တွင် လပြည့်ဝန်းကဲ့သို့သော ရင်သွေးငယ်ကို သူဌေးကတော်က မွေးဖွားသန့်စင်

သင်္ကြန်ထမင်းဆိုသည်မှာ
စံပယ်ငုံကဲ့သို့ဖြစ်အောင်
ဆန်မွှေးလှလှကိုပတ်ပြီး
ရေစစ်ထားသည့်
ထမင်းဖြစ်သည်။

နိုင်ခဲ့သည်။

သူဌေးသည် အလှန်ဝမ်းမြောက်စွာဖြင့် ရင်သွေးငယ်အား ရွှေပုခက်ဖြင့်ထားသည်။ ပညောင်စောင့်နတ်ကိုလည်း သောင်းသောင်းဖြဖြ ပူဇော်စေခဲ့သည်။

ထို့ကြောင့်ပင် မွန်လူမျိုးများသည် သင်္ကြန်အချိန်ကျရောက်သောအခါတိုင်း စည်းစိမ်ဥစ္စာ ကျက်သရေမင်္ဂလာ တိုးတက်စေရန်လည်းကောင်း သင်္ကြန်ကာလရောက်တိုင်း သင်္ကြန်ထမင်းကို ချက်ပြုတ်လှူဒါန်းကြမြဲဖြစ်သည်။ ဓမ္မပါလပေစာတွင် ရေးသားညွှန်ပြထားသည့် မွန်အကြောင်း သိကောင်းစရာစာအုပ်တွင် ဆရာ နိုင်ထွန်းသိန်းက ရေးသားထားသည်။ အစဉ်အလာကောင်းဖြစ်သည့် သင်္ကြန်ထမင်းကို မွန်လူမျိုးတို့၏ အလေးအမြတ်ထားရာ အစားအစာအဖြစ် မှတ်ယူထားကြသည်မှာ ယနေ့တိုင် ဖြစ်သည်။

သင်္ကြန်ထမင်းဆိုသည်မှာ စံပယ်ငုံကဲ့သို့ဖြစ်အောင် ဆန်မွှေးလှလှကိုပြုတ်ပြီး ရေစစ်ထားသည့်ထမင်း ဖြစ်သည်။ ထိုထမင်းဖြူသန့်သန့်ကို ရေအေးအေးလေး လောင်းထည့်ပြီး ငါးခြောက်ထောင်းကြော်၊ ငရုတ်သီးတောင့်ကြော်တို့ဖြင့် တွဲဖက်စားရသည်။ မွန်ပြည်နယ်မှ ရန်ကုန်သို့ ပြောင်းရွှေ့လာသော စာရေးသူ၏မိဘများက သင်္ကြန်ရက်တွင် သင်္ကြန်ထမင်းချက်ပြီး တစ်လမ်းလုံးရှိအိမ်များသို့ လိုက်ပို့စေခဲ့သည်။ ရိုးရာဓလေ့ဖြစ်၍ မလှူရမနေနိုင်။ အပင်ပန်းခံ၍ ငါးခြောက်ထောင်းကြော်၊ ဆန်ကိုပြုတ်။ ထမင်းတစ်ချိုင့်၊ ငါးခြောက်ထောင်းကြော် တစ်ချိုင့် ပို့ရသည်။ သို့ရာတွင် မစားတတ်ကြသဖြင့် ထမင်းကို သွန်ပစ်၍ ငါးခြောက်ထောင်းကြော်ကိုသာစားကြောင်း သိရသည်။

နောက်တစ်နှစ်သင်္ကြန်တွင် အိမ်သို့ဖိတ်၍ စားနည်းကိုပါ သင်ပေးပြီး လှူပြန်သည်။ "ရေထည့်ထားသော ထမင်းကို ဇွန်းဖြင့်ခပ်စား ငါးခြောက်ထောင်းကြော် ချဉ်ချဉ်လေးကိုခပ်စား၊ ငရုတ်သီးတောင့်ကြော်ကို ကိုက်စား" ..... ထိုသို့သင်ပြီး ကျွေးမွေးဧည့်ခံသည်။ နောင်တွင် သင်္ကြန်ရက်ရောက်တိုင်း အမေ့ထံအရောက် လာကြသည်။ "အဘွားတို့ရဲ့ မွန်သင်္ကြန်ထမင်းကို သိပ်ကြိုက်တယ်" ဟု ပြောကြသည်။

မိဘနှစ်ပါးက အသက်ကိုးဆယ်အထိ နှစ်စဉ်အပျက်မခံ သင်္ကြန်ထမင်း ကျွေးမွေးလှူဒါန်းခဲ့သည်။ ယခုအခါ မိဘများဆုံးပါးသည်မှာ လေးနှစ်ရှိပြီ။ စာရေးသူတို့က သင်္ကြန်အပြီး နှစ်ဆန်းတစ်ရက်နေ့ရောက်တိုင်း သင်္ကြန်ထမင်းဖြင့် အိမ်တွင်လှူဒါန်းသည်။ မိဘနှစ်ပါး၏အမွေ ...။ မွန်လူမျိုးတို့၏ဓလေ့ ... ဖြစ်၍ ကျွေးမွေးဧည့်ခံသည်မှာ နှစ်စဉ်မပျက်ခဲ့။

သင်္ကြန်ထမင်းကို ရန်ကုန်မြို့ရှိ မွန်စာပေနှင့် ယဉ်ကျေးမှုကော်မတီမှ နှစ်စဉ်ပင် ရွှေတိဂုံဘုရားတောင်ဘက်မုခ်ရှိ မွန်ဓမ္မာရုံ၌ နှစ်ဆန်းတစ်ရက်နေ့တွင် ကျွေးမွေးဧည့်ခံသည်။ စတုဒိသာကျွေးခြင်းဖြစ်၍ တိုင်းရင်းသားများသာမက နိုင်ငံခြားသားဧည့်သည်များကလည်း ဝင်ရောက်လှူလာပြီးစားသုံးကြသည်။



သကြိန်ထမင်း ပြုလုပ်ရပုံမှာ အတော်လေး ပင်ပန်းသည်။

ဦးစွာ သရက်သီးစိမ်းကိုခြစ်၊ ငါးကွမ်းရှပ်ခြောက်ကို ပြုတ်ထားပြီး အသားနွှင်ထား၊ ကြက်သွန်နီကို ပါးပါးလှီးထားရသည်။

ခြစ်ထားပြီးသော သရက်သီးစိမ်းနှင့် အသားချည်းနွှင်ပြီး ထောင်းထားသော ငါးခြောက်ထောင်းနှင့် ကြက်သွန်နီတို့ကို ရောစုနယ်ရသည်။ နနွင်း၊ ဆား သင့်ရုံထည့်ရသည်။ ထိုနယ်ထားပြီးသော ငါးခြောက်ကို ဆီသတ်ပြီး ကြော်ရသည်။ လက်ညှောင်းအောင် မီးမွှဉ်းမွှဉ်းနှင့် ထွက်လာသောရေများ ပြန်ခန်းအောင် ကြော်ရသည်။ မခြောက်တခြောက် စိုဖတ်ဖတ် ထား၍ရသည်။

ငရုတ်သီးအခြောက်အတောင့်ကလေးများကို ကြော်ပြီး ဆီစစ်ထား။

မြေအိုးအသစ်တစ်လုံးဖြင့် ဖယောင်းနံ့သင်းအောင် လုပ်ထား။ ထိုမြေအိုးထဲသို့ ရေထည့်ထားပြီးချိန်တွင် ရေအေးအေးလေးက ဖယောင်းနံ့သင်းနေမည်။ ဧည့်ခံကျွေးမွေးရာတွင် ထမင်းပန်းကန်ထဲ ထမင်းနှင့်ရေကို ထည့်၊ ခွန်းတပ်ပေး၊ ငါးခြောက်ထောင်းကြော် ပန်းကန်နှင့် ငရုတ်သီးတောင့်ကြော် ပန်းကန်ကို စားပွဲပေါ်ပြင်ပေး၊ ရေတကောင်းထဲတွင် ဖယောင်းသင်းထားသောရေ ထည့်ထားပေး၊ စားသုံးသည့်အခါ အလွန်နှုတ်မြိန်သော ရိုးရာအစားအစာတစ်မျိုးအဖြစ် နှစ်ခြိုက်ကြလိမ့်မည်။

ယောမင်းကြီး ဦးဘိုးလှိုင်ရေးသည့် ဥတုဘောဇနသင်္ဂဟကျမ်းထဲတွင် ဓာတ်သဘာဝများ၏ရသကို ရေးထားသည်။

သရက်သီးသည် ချဉ်၊ ဖန် ရသရှိ၏။ နှုတ်ကို မြိန်စေ၏။ လေ၊ သည်းခြေကို ပျက်စေတတ်၏။ လေ၊ သလိပ်ကိုနိုင်၏။ ကျင်ကြီးအစုကို ဖျက်၍ ဝမ်းကိုရွှင်စေတတ်၏။ တေဇောဓာတ်၊ ပထဝီဓာတ်ဖြစ်ပြီး ချဉ်သော ရသဖြစ်သည်။

ငရုတ်သီးသည် အစပ်အရသာဖြစ်သည်။ စပ်သည် ပူသည်။ မစေးထန်းသွက်၏။ လေ၊ သည်းခြေကို ပျက်စေတတ်၏။ သလိပ်ကိုနိုင်၏။ ကြေလွယ်၏။ ဝမ်းတွင်းအရည်တို့ကို ခြောက်စေတတ်၏။ ပူလောင်၊ ခံတွင်းခြောက်၊ လည်ချောင်းနာ၊ နှုတ်ခမ်းကွဲ၊ အားယုတ် … စသည်တို့ကို ဖြစ်စေသည်။ စပ်သောရသဖြစ်၏။

အငန်ရသသည် စင်ကြယ်စေတတ်၏။ နှုတ်ကို မြိန်စေတတ်၏။ လေကိုနိုင်၏။ အစာကို ကျက်စေသည်။ သလိပ်၊ သည်းခြေကို ပျက်စေတတ်၏။ နူးညံ့စေတတ်၏။

ထိုသို့ ရသများစွာပါဝင်သော အစားအစာကြောင့် သကြိန်အတွင်း စားသုံးရာ၌ အန္တရာယ်မရှိပါ။ အချို့က ရှောင်ချင်ကြသည်။ မစားရဲကြ။

"သကြိန်ရေတစိုစိုနဲ့ အေးရတဲ့အထဲ၊ ထမင်းကိုပါ ရေနဲ့စားရတော့ ဗိုက်နာမှာကြောက်ရတယ်"ဟု ပြောကြသည်။ အချို့ကျတော့ "မစားတတ်ဘူး ဘာတွေလဲ"ဟု ပြောကြသည်။ ဓာတ်သဘာဝညီမျှသော အစားအစာဖြစ်၍ စိုးရိမ်စရာမရှိပါ။

မွန်ပြည်နယ်တစ်ဝန်းတွင် နေထိုင်သော မွန်မိသားစုအိမ်တိုင်းပင် သကြိန်ကာလအတွင်း၌ သကြိန်ထမင်းကို ပင်ပင်ပန်းပန်း ချက်ပြုတ်ကြော်လှော်၍ နေ့စဉ်ဧည့်ခံသည်။ သကြိန်ရေကစားသော မည်သူမဆို ဝင်ရောက်သုံးဆောင်နိုင်သည်။

တိုင်းရင်းသားများစွာ နေထိုင်ကြသော မြန်မာနိုင်ငံအတွင်းတွင် သူ့ယဉ်ကျေးမှု၊ ကိုယ့်ယဉ်ကျေးမှုနှင့် ဓလေ့စရိုက်များကို အချင်းချင်းလေးစားရမည်သာ။ စာရေးဆရာ၊ စာရေးဆရာမများကို ဖိတ်ကျွေးလေ့ရှိသော စာရေးသူတို့၏ အိမ်သို့ လာရောက်သုံးဆောင်ကြသည်မှာ ပျော်စရာ။ ကိုယ့်လူမျိုး၏ ဓလေ့စရိုက်ကို အလေးအနက်ထားသည်ဟု ဝမ်းသာမိသည်။

စာရေးသူတို့၏ မွန်မျိုးဆက်အမွေ၊ ဘိုးဘွားမိဘများ၏ ရိုးရာယဉ်ကျေးမှု အမွေအနှစ်အဖြစ် မှတ်ယူ၍ မတိမ်ကော မပပျောက်အောင် ထိန်းသိမ်းကြသည်။ အခြားသော တိုင်းရင်းသား ညီအစ်ကိုမောင်နှမများကလည်း အလေးအနက်ထားကြပါဟု တိုက်တွန်းချင်သည်။

ရန်ကုန်ရှိ မွန်ဓမ္မာရုံတွင် နှစ်စဉ် နှစ်ဆန်း (၁) ရက်နေ့တိုင်း၌ မွန်ဘိုးဘွားများကို ကန်တော့ပွဲကျင်းပကြပြီး သကြိန်ထမင်းနှင့် ဧည့်ခံကျွေးမွေးပါသည်။ စိတ်ပါဝင်စားသူများ၊ လေ့လာလိုသူများနှင့် စားသုံးလိုသောသူများ အရောက်လာကြပါဟု ဖိတ်ခေါ်ပါသည်။

ခင်ယွန်းနန္ဒာ

## မြန်မာနိုင်ငံ၏ အတိတ်၊ ပစ္စုပ္ပန်နှင့်
## တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိနိုင်ရေးအတွက်
# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်
# Nationwide Ceasefire Agreement (NCA)

---

ဇော်အေးမောင်

မြန်မာနိုင်ငံသည် ရှေးပဝေသဏီကပင် လူမျိုးကြီး ၈ မျိုး၊ မျိုးနွယ်စု ၁၃၅ မျိုး အခြေချနေထိုင်ခဲ့သော နိုင်ငံဖြစ်သည်။ အနော်ရထာတည်ထောင်ခဲ့သော ပထမမြန်မာနိုင်ငံတော် (အေဒီ ၁၀၄၄ မှ ၁၀၇၇ ထိ)၊ ဘုရင့်နောင် တည်ထောင်ခဲ့သော ဒုတိယမြန်မာနိုင်ငံ (အေဒီ ၁၅၅၀ မှ ၁၅၈၁ ထိ)၊ အလောင်းမင်းတရားကြီး ဦးအောင်ဇေယျ တည်ထောင်ခဲ့သော တတိယမြန်မာနိုင်ငံတော် (၁၇၅၂-၁၇၆၀) အစရှိသည့် ခေတ် ၃ ခေတ် ပြီးနောက် ၁၈၂၄ ခုနှစ်တွင် အင်္ဂလိပ်-အရှေ့အိန္ဒိယကုမ္ပဏီနှင့် ပထမအင်္ဂလို-မြန်မာစစ်ဖြင့် ရခိုင်နှင့် တနင်္သာရီအားလည်းကောင်း၊ ၁၈၅၂ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ ဒုတိယစစ်ဖြင့် ဧရာဝတီ၊ ရန်ကုန်၊ ပဲခူး စသည့်မြန်မာနိုင်ငံအောက်ပိုင်းမှာ အင်္ဂလိပ်လက်အောက်သို့ ကျရောက်ခဲ့ရပါသည်။ တစ်ဖန် ၁၈၈၅ ခုနှစ်တွင် အင်္ဂလိပ်-မြန်မာ တတိယစစ်ဖြင့် မြန်မာနိုင်ငံတစ်နိုင်ငံလုံးကို သိမ်းပိုက်ပြီး သီပေါဘုရင်အား ဖမ်းဆီးခေါ်ဆောင်ကာ တစ်နိုင်ငံလုံး ကျွန်ဘဝသို့ ရောက်ရှိခဲ့ရပေသည်။ မြန်မာနိုင်ငံရှိ တိုင်းရင်းသား မျိုးချစ်ပုဂ္ဂိုလ်များသည် ကျွန်ဘဝမှလွတ်မြောက်ရေးအတွက် နှစ်ပေါင်းတစ်ရာကျော်တိုင်အောင် အသက်၊ သွေး၊ ချွေးနှင့် ဘဝများစွာရင်းနှီးပြီး လွတ်လပ်ရေးရအောင် ကြိုးပမ်းဆောင်ရွက်ခဲ့ကြမှုကြောင့် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့ပေသည်။ လွတ်လပ်ရေးရပြီးနောက် ပြည်ထောင်စု (ပထစ) အစိုးရခေတ်၊ တော်လှန်ရေးကောင်စီခေတ်၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ် စသည်တို့ကို ဖြတ်သန်းလာခဲ့ရသည်။ ၁၉၈၈ ခုနှစ်တွင် တစ်နိုင်ငံလုံးမှ လုပ်သားပြည်သူများက တစ်ပါတီအာဏာရှင်စနစ်ကို မလိုလားတော့သဖြင့် ပါတီစုံဒီမိုကရေစီစနစ်ပေါ်ထွန်းရေးကို တစ်ခဲနက်ဆန္ဒပြ တောင်းဆိုခဲ့ကြသည်။ ထို့ကြောင့် နဝတ၊ နအဖအစိုးရမှ Road Map (၇) ရပ်ချမှတ်ကာ သောင်နှစ်ပင်ညီလာခံ၌ ပါတီစုံဒီမိုကရေစီစနစ်ကို အခြေခံသော ဖွဲ့စည်းပုံအခြေခံဥပဒေအား အသိပညာရှင်၊ အတတ်ပညာရှင်၊ တိုင်းရင်းသားခေါင်းဆောင်၊ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများ စုံလင်စွာဖြင့် ရေးဆွဲကာ ၂၀၀၈ ဖွဲ့စည်းပုံအား တစ်နိုင်ငံလုံး ပြည်လုံးကျွတ် ဆန္ဒခံယူပြီး အတည်ပြုပြဋ္ဌာန်းခဲ့ပေသည်။

ထို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တပ်မတော်အစိုးရက ၂၀၁၀ ခုနှစ်တွင် အထွေထွေရွေးကောက်ပွဲပြုလုပ်ပေးပြီး ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းပေါ်သို့

င်ဆောင်ပေးခဲ့ပါသည်။ ၂၀၁၀ မှ ၂၀၁၅ ခုနှစ်အထိ ထမအကြိမ် လွှတ်တော်အုပ်ချုပ်ရေး၊ တရားစီရင်ရေး တို့အား ပါတီစုံမှပါဝင်သော ပုဂ္ဂိုလ်များဖြင့် ၅ နှစ် သက်တမ်းကျော် အုပ်ချုပ်ခဲ့ပါသည်။ ဒုတိယသက်တမ်းကို လည်း ၂၀၁၅ တွင်ကျင်းပခဲ့ရာ NLD ပါတီမှ ၅၈ ဒသမ ၄၄ ရာခိုင်နှုန်းဖြင့် ဒုတိယသက်တမ်းကို NLD အစိုးရမှ ၂၀၁၅ မှ ၂၀၂၀ ထိ ပြုလုပ်ခဲ့ကြပေသည်။ တတိယ အကြိမ် ရွေးကောက်ပွဲကို ၂၀၂၀ တွင် ပြုလုပ်ရာ၌ အာဏာရ NLD ပါတီမှ ဒုတိယအကြိမ်အဖြစ် အာဏာရ ရှိရေး၊ တစ်ပါတီ အာဏာရှင်စနစ်ကို အသက်သွင်းနိုင်ရေး အတွက် ကြိုတင်စီမံကိန်းများချမှတ်ကာ မဲမသမာမှုများ ပြုလုပ်ခဲ့ကြသည်ကို မိမိကိုယ်တိုင်ပင် မျက်မြင်ကိုယ်တွေ့ တွေ့ရှိခဲ့ရပေသည်။

အောက်ပါ မဲမသမာမှုများကို ပြုလုပ်ခဲ့ကြောင်း တွေ့ ရှိရပါသည် -

၁။ ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ် ဝန်ကြီးချုပ် များက ခန့်အပ်လိုသူများအား ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအဖြစ် ဖွဲ့စည်းတာဝန် ပေးအပ်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

၂။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်များ ဦးဆောင်သည့် မဲဆန္ဒရှင်စာရင်းများ ပြည့်စုံမှန်ကန် ရေးအတွက် ပံ့ပိုးကူညီရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ရာ ယင်း အဖွဲ့ကြောင့်ပင် မဲဆန္ဒရှင်စာရင်းများ ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် ပါဝင်မှုဖြစ်ပွားခဲ့ပါသည်။

၃။ မဲစာရင်းများပြုစုရန်အတွက် ရပ်/ကျေး အုပ်ချုပ်ရေးမှူး များက ဥက္ကဋ္ဌအဖြစ် ပါဝင်သည့် လူဦးရေစာရင်း ကောက်ယူရေးလုပ်ငန်းအဖွဲ့က အဓိကဆောင်ရွက် ခဲ့ပြီး အချို့နေရာများတွင် NLD ပါတီ၏ အောင်နိုင် ရေးအဖွဲ့များ ပူးပေါင်းကောက်ယူကြောင်း၊ ယင်းသို့ ကောက်ယူရာတွင် ရပ်ကွက်/ကျေးရွာအတွင်း အမှန် တကယ် နေထိုင်ခြင်း ရှိ/မရှိ၊ နိုင်ငံသားစိစစ်ရေး ကတ် ရှိ/မရှိ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက် ပွဲဥပဒေအရ မဲပေးပိုင်ခွင့်ရှိသူ ဟုတ်/မဟုတ် စိစစ် နိုင်ခြင်းမရှိခဲ့သည့်အတွက် နိုင်ငံသားစိစစ်ရေးကတ် မရှိသူများ၊ နိုင်ငံသားစိစစ်ရေး ကတ်အမှတ်တစ်ခု တည်းဖြင့် မဲစာရင်း ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် ပါဝင်နေခြင်းတို့ကို စိစစ်တွေ့ရှိရပါသည်။ သက်ဆိုင် ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေအရ သက်ဆိုင်ရာ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်း များ၌ တစ်ချိန်တည်းတွင် အမည်ပါဝင်ခွင့် မရှိခြင်း၊ မဲစာရင်းတွင် ပါဝင်ခွင့်မရှိဘဲ ပါဝင်ကြောင်းတွေ့ရှိ လျှင် ထိုအမည်များကို မဲစာရင်းမှ ပယ်ဖျက်ရမည်ဟု ဖော်ပြပါရှိသော်လည်း ပယ်ဖျက်ခြင်းမရှိဘဲ ထည့် သွင်းမဲပေးခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

၄။ အသက် ၆၀ နှစ်နှင့်အထက် မဲဆန္ဒရှင်များအတွက် ကြိုတင်ဆန္ဒမဲများကောက်ခံရာတွင် အချို့နေရာများ၌ NLD ပါတီ အောင်နိုင်ရေးအဖွဲ့များ ပါဝင်၍ မဲဆန္ဒ ရှင် နေအိမ်များသို့သွားရောက်ကာ ဆောင်ရွက်ခဲ့ကြ သဖြင့် ဥပဒေနှင့်မညီသော မဲပေးမှုဖြစ်စဉ်များ ပေါ် ပေါက်ခဲ့သည်။ မိမိမဲဆန္ဒနယ်သို့ ပြန်လည် ဆန္ဒမဲ ပေးခြင်းမပြုနိုင်သည့် မဲဆန္ဒရှင်များ ကြိုတင်ဆန္ဒမဲ ပေးရန် ညွှန်ကြားချက်များကြောင့် မဲစာရင်းထပ်ခြင်း များ၊ နိုင်ငံသားစိစစ်ရေးကတ် မရှိသူများ အစုလိုက် မဲစာရင်းတွင် ထည့်သွင်း၍ မဲပေးဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။



၅။ မဲရုံများတွင် နိုင်ငံသားစိစစ်ရေးကတ် စိစစ်မှုမပြုနိုင်သော မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့် မဲပေးခဲ့ခြင်းကြောင့် နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲပေးခွင့်ပြုခဲ့ခြင်း၊ နိုင်ငံသားစိစစ်ရေးကတ် အမှတ်တစ်ခုတည်းဖြင့် ၂ ကြိမ်၊ ၃ ကြိမ်နှင့်အထက် မဲစာရင်းပါဝင်သူများကို မဲပေးခွင့်ရရှိခြင်းကြောင့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပြဋ္ဌာန်းချက်များကို ကျူးလွန်ဖောက်ဖျက်မှုများရှိခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။ UEC တံဆိပ်မပါရှိသည့် အမှန်ခြစ်တံဆိပ်တုံးများ ရိုက်နှိပ်ထားသော မဲလက်မှတ်များတွေ့ရှိပါက ခိုင်လုံမဲအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း ညွှန်ကြားခဲ့ခြင်းသည် မဲရေတွက်မှုများ ရှုပ်ထွေးစေခဲ့သဖြင့် မဲရလဒ်များ မှန်ကန်မျှတမှုမရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

၆။ ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သီးခြားလွတ်လပ်သော အဖွဲ့အစည်းတစ်ခုအဖြစ် မရပ်တည်ဘဲ အာဏာရ NLD ပါတီ၏ ဖိအားပေးလွှမ်းမိုးထိန်းချုပ်ခံရသဖြင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်ခြင်း မရှိကြောင်း စိစစ်တွေ့ရှိရပါသည်။

၇။ ရွေးကောက်ပွဲဆိုင်ရာ မဲမသမာမှုပြုရန် အခွင့်အလမ်းတစ်ရပ်သဖွယ်ဖြစ်နေသည့် ဆန္ဒမဲ ၂ ကြိမ်၊ ၃ ကြိမ် ပေးမှုများကို အောက်ပါအခြေအနေများတွင် ပြုလုပ်နိုင်ကြောင်း တွေ့ရှိရပါသည် -

(က) ရပ်ကွက်/ကျေးရွာအုပ်စုများ၌ ကြိုတင်ဆန္ဒမဲပေးခြင်းကို ၎င်းအမည်စာရင်းပါ မဲရုံများတွင် ကြိုတင်ဆန္ဒမဲပေးမည့်နေ့ရက်များ၌ ၁ ကြိမ်နှင့်အထက် မဲပေးနိုင်ပြီး ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံတွင် ၁ ကြိမ် ဆန္ဒမဲပေးနိုင်ကြောင်း၊

(ခ) မဲမသမာမှုပြုလုပ်သူအနေဖြင့် ၎င်းမဲဆန္ဒရှင်အမည်စာရင်းပါ မြို့နယ်နှင့် အခြားမဲစာရင်းပါရှိသည့် မြို့နယ်တို့ နီးကပ်ခြင်း၊ ကျေးရွာအုပ်စုကပ်လျက်ရှိခြင်း စသည့် အခြေအနေများတွင်လည်း ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း၊

(ဂ) ရွေးကောက်ပွဲကျင်းပသည့်နေ့တွင်လည်း မဲရုံတွင် လက်သန်းမင်မတို့ဘဲ ရောင်လွှဲကာအခြားမဲစာရင်းပါရှိသည့် မဲရုံများတွင် ဆန္ဒမဲပေးနိုင်ကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး/ပြည်နယ်အလိုက် မဲပေးမှုအခြေအနေများကို စစ်ဆေးခဲ့ရာတွင် NLD ပါတီသည် ရွေးကောက်ပွဲတွင် ယင်းတို့ပါတီတစ်ခုတည်းသာ အနိုင်ရရှိပြီး အစိုးရအဖွဲ့ ဖွဲ့စည်းနိုင်ရေးအတွက် ပြိုင်ဘက်ပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲဆွယ်စည်းရုံးရေးအပါအဝင် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုများ အားလုံးကို COVID - 19 ရောဂါကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ ကန့်သတ်ချက်/တားမြစ်ချက်ကို အလွဲသုံး၍လည်းကောင်း၊ အုပ်ချုပ်ရေးအာဏာကို အလွဲသုံး၍လည်းကောင်း ကန့်သတ်ထိန်းချုပ်ခဲ့ပြီး နိုင်ငံတော်အာဏာကို မတရားရယူနိုင်ရန် ကြိုတင်ကြံစည်ဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။

တပ်မတော်သည် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တရားဝင်ထုတ်ပြန်ခဲ့သော မဲစာရင်းများအပေါ် စိစစ်ချက်များအရ မြို့နယ်ပေါင်း ၃၁၅ မြို့နယ်တွင် မဲမသမာမှုပြုနိုင်သည့် တစ်မြို့နယ်အတွင်း ထပ်နေသော မဲစာရင်း ၂,၉၄၆,၅၃၂၊ မြို့နယ်တစ်ခုနှင့်တစ်ခု အပြန်အလှန် ထပ်နေသော မဲစာရင်း ၁,၀၇၀,၁၀၀၊ တိုင်းဒေသကြီး/ပြည်နယ် တစ်ခုနှင့်တစ်ခု အပြန်အလှန် ထပ်နေသောမဲစာရင်း ၁,၇၈၆,၃၀၂၊ အသက် ၁၈ နှစ် မပြည့်ဘဲ မဲစာရင်းတွင် ပါဝင်နေသည့် မဲစာရင်း ၁၁,၉၄၃၊ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေမှုအနေဖြင့် ၄,၆၄၈,၂၇၀၊ အသက် ၁၀၀ နှင့်အထက် ပါဝင်နေသည့် မဲစာရင်း ၁၈,၃၅၆၊ အခြားနည်းဖြင့် ပါဝင်နေသည့် မဲစာရင်း ၆၁၃ တို့ကို စစ်ဆေးတွေ့ရှိရပြီး စုစုပေါင်း မဲစာရင်းစိစစ်မှုတွေ့ရှိချက်မှာ ၁၀,၄၈၂,၁၁၆ ဖြစ်ကြောင်း ၂၃-၁၂-၂၀၂၀ ရက်နေ့မှ ၂၈-၁-၂၀၂၁ ရက်နေ့အထိ ထုတ်ပြန်ခြင်း အကြိမ် ၃၀ ထုတ်ပြန်ကြေညာခဲ့ပါသည်။

သဘောထားထုတ်ပြန်ချက်များ ထုတ်ပြန်ခြင်းအား ရွေးကောက်ပွဲမတိုင်မီ ၂ ကြိမ်၊ ရွေးကောက်ပွဲအပြီး ၄ ကြိမ် စုစုပေါင်း ၆ ကြိမ် တရားဝင်ထုတ်ပြန်ခဲ့ပါသည်။ တပ်မတော် သတင်းစာရှင်းလင်းပွဲများ၌လည်း ပြည်တွင်း/ပြည်ပ မီဒီယာများရှေ့မှောက်တွင် သက်သေအထောက်အထား ခိုင်ခိုင်လုံလုံဖြင့် ပွင့်လင်းမြင်သာစွာ ရှင်းလင်းပြသခဲ့ကြောင်း တပ်မတော်မှ သတင်းထုတ်ပြန်ခဲ့ပါသည်။

ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ တရားဝင်ထုတ်ပြန်ချက်များအရ မဲပေးပိုင်ခွင့်ရှိသူ ဦးရေ ၃၈ သန်းခန့်ရှိရာ မဲမသမာမှုဖြစ်နိုင်ကြောင်း စိစစ်တွေ့ရှိချက်သည် ၁၀ ဒသမ ၄ သန်းခန့်ရှိသဖြင့် မဲပေးပိုင်ခွင့်ရှိသူ ပမာဏ၏ လေးပုံတစ်ပုံကျော်ဖြစ်ပါသည်။ ၎င်းကိစ္စသည် သာမန်မှားယွင်းမှု၊ သာမန်အငြင်းပွားမှု မဟုတ်ကြောင်း ပြည်သူတစ်ရပ်လုံး တွေ့မြင်နိုင်ပါသည်။ ယခင်ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ၁၀-၁၁-၂၀၂၀ ရက်နေ့မှ ၂၉-၁-၂၀၂၁ ရက်နေ့အထိ မြို့နယ် ၉၉ မြို့နယ်၌ ဆန္ဒဖော်ထုတ်မှု ၁၂၄ ကြိမ်ပြုလုပ်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ ၁-၂-၂၀၂၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

နိုင်ငံရေးပါတီများနှင့် တပ်မတော်အနေဖြင့် ယင်းကဲ့သို့ ကြေညာချက်များထုတ်ပြန်၍ ရွေးကောက်ပွဲနှင့် တိုက်ရိုက်သက်ဆိုင်သည့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အား ဥပဒေလုပ်ထုံးလုပ်နည်းများအတိုင်း ဖြေရှင်းပေးရန် ပထမအဆင့် ပြောကြားခဲ့ကြသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဖြေရှင်းရန် ငြင်းဆန်သည့်အခါ ဒုတိယအဆင့်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၈၄၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၇ တို့နှင့်အညီ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ် ၃၆ ဦး၊ ရခိုင်အမျိုးသား ပါတီမှ ၄ ဦး၊ အမျိုးသားဒီမိုကရက်တစ်ပါတီမှ လွှတ်တော်ကိုယ်စားလှယ် ၁ ဦး၊ တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ် ၂ ဦးနှင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ၁၆၀ ဦး စုစုပေါင်း ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၂၀၃ ဦးတို့က ပြည်ထောင်စုလွှတ်တော်အထူးအစည်းအဝေးအားခေါ်ယူ၍ ပြည်ထောင်စုလွှတ်တော်မှတစ်ဆင့် ဖြေရှင်းဆောင်ရွက်ပေးရန် တင်ပြခဲ့သော်လည်း ပြည်ထောင်စုလွှတ်တော်အနေဖြင့် ဥပဒေနှင့်အညီ တောင်းဆိုချက်ကို ငြင်းဆန်ခဲ့ပါသည်။ ထို့ကြောင့် ကြုံတွေ့ခဲ့ရသော အခြေအနေများကို နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တစ်ခုခုက နည်းလမ်းရှာပေးပါရန် တတိယအဆင့်အနေဖြင့် ထပ်မံတောင်းဆိုခဲ့ကြပြန်သည်။ ၎င်းအဆင့်အားလုံး ငြင်းပယ်ခံရသည့်အခါ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်သမ္မတဦးစီးသည့် အရပ်ဘက်၊ စစ်ဘက်အားလုံးကို ကိုယ်စားပြုသော "အမျိုးသား



ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ” အစည်းအဝေးခေါ်ယူ၍ တွေ့ဆုံဆွေးနွေးပေးပါရန် နှစ်ကြိမ်တိုင်တိုင် တင်ပြခဲ့ပါသည်။ နိုင်ငံရေးပါတီများနှင့် တပ်မတော်အနေဖြင့် ဤသို့ လုပ်ထုံးလုပ်နည်း၊ ဥပဒေနှင့်အညီ အဆင့်ဆင့် ဆောင်ရွက်ခဲ့ကြပါသော်လည်း နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရ၊ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်တို့က တစ်စုံတစ်ရာ ဖြေရှင်းဆောင်ရွက်ခဲ့ခြင်း မရှိခဲ့သည်ကို တွေ့ရှိရပါသည်။

တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ် ပုဒ်မ ၄ အရ “နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတစ်ဝန်းလုံး၌ တည်စေရန်ကိုလည်းကောင်း” ပုဒ်မ ၆ (ဃ) နှင့် ပုဒ်မ ၇ တို့အရ “စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး” ကို လည်းကောင်း၊ ပုဒ်မ ၆ (စ) အရ “နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးတို့ကို အစဉ်တစိုက် ဦးတည်သည်” ဖြစ်သည့်အပြင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံ ဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည့်အားလျော်စွာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်စေရန်နှင့် ရွေးကောက်ပွဲရလဒ်ကို သံသယကင်းရှင်းစွာ အသိအမှတ်ပြုနိုင်ရန်အတွက် မဲစာရင်းမှားယွင်းမှုများအား ဖြေရှင်းဆောင်ရွက်ပေးရန် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ ဖြေရှင်းဆောင်ရွက်ပေးရန် တောင်းဆိုခဲ့သော်လည်း ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ငြင်းပယ်ခဲ့ပါသည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ၌ ဖြစ်ပွားခဲ့သော မဲစာရင်း ကြီးမားစွာမှားယွင်းမှုနှင့် အခြားသော ရွေးကောက်ပွဲဆိုင်ရာ ပြဿနာများအား တာဝန်ရှိသူအဆင့်ဆင့်က ဖြေရှင်းဆောင်ရွက်ပေးခြင်းမရှိဘဲ လွှတ်တော်အသီးသီးအား ခေါ်ယူခြင်း၊ အစိုးရဖွဲ့ရန် ကြိုးစားခြင်းတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၀ (ဂ) နှင့် ပုဒ်မ ၄၁၇ ပါ “နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့် ရယူရန် ဆောင်ရွက်ခြင်း” ဖြစ်ပါသည်။

အဆိုပါ ပြဿနာများကို မှန်ကန်စွာဖြေရှင်းခြင်း မပြုပါက နိုင်ငံတော်၏ ဒီမိုကရေစီလျှောက်လှမ်းမှုတွင် အခက်အခဲများ ဖြစ်ပေါ်လာစေမည်ဖြစ်၍ ဥပဒေနှင့်အညီ ဖြေရှင်းရန်လိုအပ်သဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ ဦးမြင့်ဆွေက အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအား ခေါ်ယူပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၄၁၈၊ ပုဒ်မခွဲ (က) အရ နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့ လွှဲအပ်တာဝန်ပေးအပ်ခဲ့ပါသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုဖွဲ့စည်းကာ အောက်ပါရှေ့လုပ်ငန်းစဉ် ၅ ရပ်ကို ချမှတ်ခဲ့ပါသည် -

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရန်အတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

၎င်းရှေ့လုပ်ငန်းစဉ် ၅ ရပ်တွင် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်




သွားမည်ဟု ပါရှိပါသည်။ ဦးတည်ချက် ၉ ရပ်၌ အမှတ်စဉ် ၁၊ နိုင်ငံရေးဦးတည်ချက် (ခ) တွင် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေး ရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA ပါ အတိုင်း အလေးထားလုပ်ဆောင်ရေးကိုလည်း ဦးတည်ချက်ထားရှိပါသည်။

NCA တွင် မိမိတို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ မိမိနှင့် လက်ရှိကျားဖြူပါတီဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်း (ယခင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ၂၀၁၀-၂၀၁၅) တို့ လက်မှတ် ရေးထိုးခဲ့ကြပါသည်။

သို့ဖြစ်၍ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် "Nationwide Ceasefire Agreement (NCA)" ပါ အချက်များအား တိုင်းရင်းသားမိဘပြည်သူများအားလုံး သိရှိနားလည်သဘောပေါက်ပြီး NCA ပါအချက်များအတိုင်း အကောင်အထည်ဖော်နိုင်ရန်မှာ နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နိုင်ငံရေးပါတီများသာမက လူညီးနေလှေအောင်း မြင်းဇောင်းမကျန် ပြည်သူပြည်သားများအားလုံးတွင် တာဝန်ရှိပါကြောင်း တင်ပြအပ်ပါသည်။ သို့မှသာ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးရရှိကာ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖယ်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်ပါသည်။

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့်**
**တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအကြား**
**ချုပ်ဆိုသော**
**တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး**
**သဘောတူစာချုပ်**

**နိဒါန်း**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအကြား ချုပ်ဆိုသော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအကြား ယခင်ချုပ်ဆိုခဲ့သော သဘောတူချက်များအား ထပ်လောင်းအသိအမှတ်ပြုခြင်း၊ ပိုမိုခိုင်မာစေခြင်း၊ ထပ်ဆင့်အတည်ပြုခြင်းဖြစ်ပြီး ပါဝင်သင့်သူအားလုံး ပါဝင်နိုင်သော နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် တရားမျှတမှုနှင့် ဂုဏ်သိက္ခာရှိမှုတို့အပေါ် အခြေခံသည့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို ဦးတည်သည်။

ဤတစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးကြသော ကျွန်ုပ်တို့သည် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုတို့ကို အခြေခံ၍ ဤသဘောတူစာချုပ်ပါအချက်များကို ပြီးစီးအောင်မြင်သည်အထိ မပျက်မကွက် အတူတကွ ပူးတွဲအကောင်အထည်ဖော် ဆောင်ရွက်သွားရန် အပြန်အလှန် သန္နိဋ္ဌာန်ပြုကြသည်။

## အခန်း (၁)
## အခြေခံမူများ

၁။ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအတွက် အောက်ပါ အခြေခံမူများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် သဘောတူသည် -

(က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အား ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အာမခံချက်များ အပြည့်အဝရှိသော၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကိုအခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်သွားရန်။

(ခ) မြန်မာနိုင်ငံတွင် သမိုင်းရှည်ကြာဖြစ်ပွားခဲ့သော လက်နက်ကိုင်ပဋိပက္ခများ အဆုံးသတ်နိုင်ရန် ဆွေးနွေးညှိနှိုင်းအဖြေရှာရေး၊ နိုင်ငံရေးပြဿနာကို စစ်ရေးဖြင့် ဖြေရှင်းခြင်းမပြုဘဲ နိုင်ငံရေးနည်းဖြင့်ဖြေရှင်းမည့် နိုင်ငံရေးယဉ်ကျေးမှုသစ်တစ်ရပ်ထူထောင်ပြီး၊ လက်နက်ကိုင် ပဋိပက္ခ အဆုံးသတ်နိုင်ရန်။

(ဂ) တိုင်းရင်းသားလူမျိုးပေါင်းစုံ ပူးပေါင်းပါဝင်သော ပြည်ထောင်စုတပ်မတော်ဆိုင်ရာ ကိစ္စရပ်များကို နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများတွင် ထည့်သွင်းဆွေးနွေးသွားရန်။

(ဃ) ဤပြည်ထောင်စုအတွင်း နေထိုင်ကြသော နိုင်ငံသားအားလုံးကို လူမျိုးရေး၊ ဘာသာရေး၊ ယဉ်ကျေးမှုနှင့် လိင်ကွဲပြားမှုတို့ကြောင့် ခွဲခြားဆက်ဆံခြင်းမပြုဘဲ တန်းတူရည်တူအခွင့်အရေး ရရှိစေရန်။

(င) နိုင်ငံရေးကိစ္စအလို့ငှာ ဘာသာ၊ သာသနာကို အလွဲသုံးစားမပြုရန်၊ နိုင်ငံရေးနှင့် ဘာသာရေး ရောယှက်ခြင်းမရှိသည့် နိုင်ငံတော်ကိုထူထောင်ရန်။

(စ) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးများ၏ နောက်ခံသမိုင်း၊ ရိုးရာယဉ်ကျေးမှု၊ စာပေ၊ ဘာသာစကားနှင့် အမျိုးသားလက္ခဏာများ မတူကွဲပြားမှုကို လက်ခံအသိအမှတ်ပြု၍ လူမျိုးပေါင်းစုံ၊ ဘာသာစကားပေါင်းစုံတို့ဖြင့် ပြည်ထောင်စုလက္ခဏာတစ်ရပ်ကို နိုင်ငံသားအားလုံး စုပေါင်းဖော်ဆောင်ရန်။

(ဆ) ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန် ရည်မှန်း၍ တိုင်းရင်းသားများ၏ လိုလားချက်နှင့် သဘောထားဆန္ဒများကို အခြေခံပြီး ပါဝင်သင့်သူအားလုံးပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲများကို ကျင်းပသွားရန်။

(ဇ) ငြိမ်းချမ်းရေးဆွေးနွေးဘက်များအကြား ဝိဝါဒကွဲပြားမှုများကို ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန် စိတ်ရင်းစေတနာမှန်ဖြင့် အကျေအလည် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ရန်။

(ဈ) ဤသဘောတူစာချုပ်တွင် ဖော်ပြပါရှိသည့် နှစ်ဖက်အပြန်အလှန်ထားရှိသော ကတိကဝတ်များကို စောင့်ထိန်းရန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပွင့်လင်းမြင်သာခြင်း၊ တာဝန်ခံခြင်း စသည့်နည်းလမ်းများဖြင့် အကောင်အထည်ဖော်ရန်။

(ည) ဤသဘောတူစာချုပ်ကြောင့် ဖြစ်ထွန်းလာမည့် တိုးတက်မှုများကို တစ်ဖက်နှင့်တစ်ဖက် အခွင့်အရေးမယူဘဲ သဘောတူစာချုပ်ပါကိစ္စရပ်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်။

(ဋ) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော ပြည်သူလူထုတစ်ရပ်လုံး၏ အသက်၊ အိုးအိမ်၊ စည်းစိမ် လုံခြုံရေးနှင့် ပြည်သူလူထု၏ဘဝ မြင့်တင်ရေးကို ကြိုးပမ်းဆောင်ရွက်သွားရန်။

## အခန်း (၂)
## ဦးတည်ချက်နှင့် ရည်ရွယ်ချက်များ

၂။ ပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် အောက်ပါတို့ကို ဤသဘောတူစာချုပ်၏ ဦးတည်ချက်များနှင့် ရည်ရွယ်ချက်များအဖြစ် သဘောတူသည် -

(က) ဤစာချုပ်ကို လက်မှတ်ရေးထိုးသူများအကြား ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲခြင်းအား လက်ခံဆောင်ရွက်ပြီးနောက် တရားမျှတမှုနှင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရေးတို့အတွက် နှစ်ဖက်သဘောတူထားသည့် နိုင်ငံရေးဆွေးနွေးရေး မူဘောင်ပေါ်တွင် အခြေခံ၍ တွေ့ဆုံဆွေးနွေးရေး လုပ်ငန်းစဉ်ကို စတင်ရန်။

(ခ) ပစ်ခတ်တိုက်ခိုက်မှုရပ်စဲခြင်းဆိုင်ရာ သဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်မှုများ၊ ကျင့်ဝတ်စည်းကမ်းများအား လိုက်နာမှုကို စောင့်ကြည့်ရေး၊ ချိုးဖောက်မှုများကို စုံစမ်းစိစစ်ရေးနှင့် ပဋိပက္ခများ ဖြေရှင်းရေးတို့ကို ဆောင်ရွက်ပေးနိုင်ရေးအတွက် "ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ" တစ်ရပ်ကို ဖွဲ့စည်းသွားရန်။

(ဂ) ပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား ချုပ်ဆိုထားသော သဘောတူညီချက်များနှင့် ကတိကဝတ်များကို ထပ်လောင်းအတည်ပြုရန်။

(ဃ) တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ တော်လှန်ရေးကိုအခြေခံသည့် နိုင်ငံရေးဆန္ဒကို နားလည်ခြင်းနှင့် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မြဲမှုတို့ကိုဦးတည်လျက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင် ပါဝင်သင့် ပါဝင်ထိုက်သော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအားလုံး အတူတကွ ပါဝင်လက်မှတ်ရေးထိုးရန်။

## အခန်း (၃)
## ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ကိစ္စရပ်များ

၃။ ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသည့်နေ့မှစ၍ ၁၄ ရက်အတွင်း တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တွေ့ဆုံညှိနှိုင်းကာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာကိစ္စရပ်များကို တိကျသောအချိန်ဇယားသတ်မှတ်အကောင်အထည် ဖော်ဆောင်ခြင်းများ ပြုလုပ်သွားရန် သဘောတူသည်။

၄။ ဤသဘောတူစာချုပ်ပါ စစ်ဘက်ဆိုင်ရာကျင့်ဝတ်နှင့် ပတ်သက်သည့် နှစ်ဖက်အပြန်အလှန် လိုက်နာကြရမည့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများနှင့် သဘောတူညီထားသည့် စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များကို အတိအကျလိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ပူးတွဲကော်မတီအဆင့်ဆင့်၏ စိစစ်ခြင်းခံယူရန် သဘောတူသည်။

၅။ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် တပ်ပိုင်းဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ အောက်ပါတို့ကိုလိုက်နာရန် သဘောတူသည်

(က) အပစ်ရပ်နယ်မြေအတွင်း တစ်ဖက်နှင့်တစ်ဖက်အကြား နယ်မြေစိုးမိုးမှု၊ တပ်လှုပ်ရှားခြင်း၊ ကင်းထောက်ခြင်း၊ အင်အားတိုးချဲ့ခြင်း၊ လက်နက်ကိုင်တိုက်ခိုက်မှုများ၊ မိုင်းထောင်ခြင်းများ၊ အကြမ်းဖက် တိုက်ခိုက်မှုများ၊ ရပ်ဝတ္ထုပစ္စည်းများ ဖျက်ဆီးခြင်းနှင့် ထိုးစစ်ဆင်ခြင်းများကို ရပ်ဆိုင်းရန်။

(ခ) တစ်ဖက်နှင့်တစ်ဖက် ရန်မူသည့် (သို့မဟုတ်) စော်ကားမှုဖြစ်စေသည့် တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်သည့် လုပ်ရပ်များကို မပြုလုပ်ရန်။

(ဂ) နေရာချထားရာတွင် လိုအပ်သော အုပ်ချုပ်ထောက်ပံ့ရေး၊ အရေးပေါ်ဆေးကုသရေး၊ တပ်လဲလှယ်ရေးတို့နှင့် ပတ်သက်သည့် လုပ်ဆောင်မှုများမှအပ အပစ်ရပ်နယ်မြေတွင် အင်

အားအသစ် ဖြည့်တင်းခြင်း၊ နှစ်ဖက်သဘောတူညီထားသော တပ်စခန်းများမှအပ စခန်းအသစ်များ ထပ်မံဆောက်လုပ်ခြင်းနှင့် လက်နက်ခဲယမ်းများ ထပ်မံဖြည့်တင်းခြင်းများ မပြုလုပ်ရန်နှင့် တိုင်းပြည်ကာကွယ်ရေးအတွက်ဖြစ်စေ၊ ပြည်ပရန် ကာကွယ်ရေးအတွက်ဖြစ်စေ လိုအပ်လာပါက အပစ်ရပ်နယ်မြေအတွင်း ဖော်ပြပါ စစ်ရေးဆိုင်ရာ ပြင်ဆင်မှုများကို နှစ်ဖက်ညှိနှိုင်း၍ ပြုလုပ်သွားရန်။

(ဃ) ဘာသာရေးအဆောက်အအုံ၊ စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်း၊ ပရဝဏ်များအတွင်းနှင့် ယဉ်ကျေးမှုရိုးရာဓလေ့ဆိုင်ရာ နေရာ၊ လူထုနှင့်ပတ်သက်သော နေရာများတွင် စစ်ရေးဆိုင်ရာ တပ်စခန်းချထားခြင်း မပြုလုပ်ရန်။

(င) ငြိမ်းချမ်းရေး တိုးတက်ဖြစ်ပေါ်မှုနှင့်အညီ နှစ်ဖက်တပ်များ ခင်းကျင်းထားသော မိုင်းများကို ရှင်းလင်းရန်နှင့် မိုင်းရှင်းလင်းရေးလုပ်ငန်းစဉ်များကို နိုင်ငံတော်အစိုးရနှင့် တစ်ဆင့်ချင်း ညှိနှိုင်းပြီး ပူးပေါင်းဆောင်ရွက်သွားရန်။

(စ) အဖွဲ့အစည်းများအကြား ရန်လိုသော ဝါဒဖြန့်ချိမှုများ၊ မမှန်မကန်သော (သို့မဟုတ်) ဂုဏ်သိက္ခာကို ညှိုးနွမ်းစေသော ပြောဆိုမှုများ၊ အသရေဖျက်သည့် ထုတ်ပြန်မှုများကို ပြည်တွင်း၌သော်လည်းကောင်း၊ ပြည်ပ၌သော်လည်းကောင်း မပြုလုပ်ဘဲ ရှောင်ကြဉ်ရန်။

(ဆ) အပစ်ရပ်နယ်မြေအတွင်း သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသော အရေးပေါ် အခြေအနေများတွင် နှစ်ဖက်ပူးပေါင်းပြီး ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ကိုင်ခြင်း၊ ဆေးဘက်ဆိုင်ရာ ကျန်းမာရေးပစ္စည်းများ အရေးပေါ်ရွှေ့ပြောင်းခြင်းများကို ညှိနှိုင်းလုပ်ဆောင်ရန်။

(ဇ) အပစ်ရပ်နယ်မြေအတွင်း တရားဥပဒေစိုးမိုးရေးကိစ္စကို ညှိနှိုင်းဆောင်ရွက်ရန်နှင့် ပြစ်မှုကျူးလွန်သူများကို ဥပဒေနှင့်အညီ ဖြစ်စေရေးအတွက် နှစ်ဖက်ညှိနှိုင်း၍ အရေးယူဆောင်ရွက်ရန်။

(ဈ) အပစ်ရပ်နယ်မြေများတွင် တပ်ပိုင်းဆိုင်ရာ အုပ်ချုပ်မှုကိစ္စများကို ညှိနှိုင်းဆောင်ရွက်ရန်။

(ည) တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပြီးဖြစ်ကြောင်းကို လက်မှတ်ရေးထိုးသည့်အချိန်မှစ၍ ၂၄ နာရီအတွင်း မိမိကွပ်ကဲမှုအောက်အဆင့်ဆင့်သို့ ညွှန်ကြားရန်နှင့် စာချုပ်ပါအချက်အလက်များကို ၅ ရက်အတွင်း ရှင်းလင်းအသိပေးရန်။

(ဋ) နှစ်ဖက်အောက်ခြေအဆင့်တွင် ဖြစ်ပေါ်သည့် ပဋိပက္ခများအား အင်အားအသုံးပြု၍ ဖြေရှင်းခြင်း မပြုလုပ်ရန်။

၆။ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ၏ လူသစ်စုဆောင်းခြင်းကိစ္စကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုနှင့် လုံခြုံရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းရေး လုပ်ငန်းစဉ်များနှင့်အညီ ဆွေးနွေးညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

**ထိပ်တိုက်ရင်ဆိုင်မှုကို ရှောင်ရှားနိုင်ရန် လက်နက်ကိုင်အဖွဲ့များ နေရာချထားခြင်း**

၇။ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ တပ်ဖွဲ့များသည် ထိပ်တိုက်ရင်ဆိုင်မှုကို ရှောင်ရှားနိုင်ရန် မိမိတို့၏ လက်နက်ကိုင်တပ်ဖွဲ့များ နေရာပြန်လည်ချထားခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို သဘောတူသည် -

(က) နှစ်ဖက် တိုက်ရိုက်ထိတွေ့ ရင်ဆိုင်မှုရှိသော နေရာများတွင် ထိတွေ့ပစ်ခတ်မှု မရှိစေရေးအတွက် စက်ဆက်သွယ်မှု၊ မြေပြင်ဆက်သွယ်မှုနှင့် အခြားဆက်သွယ်မှုနည်းလမ်းများ ရယူလျက် ချက်ချင်းဆောင်ရွက်ရန်။

(ခ) လက်နက်ကိုင်အဖွဲ့များ နေရာချထားရေးသတ်မှတ်ရာတွင် ထိပ်တိုက်ထိတွေ့ရင်ဆိုင်မှု မဖြစ်စေရေးအတွက် နှစ်ဖက်ညှိနှိုင်းဆောင်ရွက်သွားရန်။

(ဂ) နှစ်ဖက်ညှိနှိုင်းဆဲနှင့် လက်နက်ကိုင်အဖွဲ့များ နေရာချထားရန် ခက်ခဲနေဆဲ ဒေသများတွင် နှစ်ဖက်တပ်မှူးများ ပုံမှန်အဆက်အသွယ်ပြု လုပ်၍ ညှိနှိုင်းဆောင်ရွက်သွားရန်။

(ဃ) တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများသည် မိမိတို့ လက်နက်ကိုင် တပ်ဖွဲ့ဝင်များအား သတ်မှတ်နေရာများတွင်သာ ထားရှိရန်။

(င) နှစ်ဖက် တိုက်ရိုက်ထိတွေ့ရင်ဆိုင်မှုရှိသော နေရာများတွင် ထိတွေ့ပစ်ခတ်မှုမရှိစေရေးအတွက် တပ်စခန်းများ၏ အရေအတွက်ကို ညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(စ) သက်ဆိုင်ရာတပ်စခန်းနှင့် နယ်မြေတစ်ခုနှင့် တစ်ခုအကြား ဆက်သွယ်ရေးလမ်းကြောင်း လုံခြုံရေးအတွက် တစ်ဖက်နှင့်တစ်ဖက် ဤသဘောတူစာချုပ်ကိုအခြေခံ၍ နှစ်ဖက်ညှိနှိုင်း ဆောင်ရွက်ရန်။

### တပ်ဖွဲ့ဝင်များ လွတ်လပ်စွာသွားလာခွင့်

၈။ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် လွတ်လပ်စွာသွားလာခွင့်နှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို သဘောတူသည်-

(က) လုံခြုံရေးအရ ကန့်သတ်ထားသော နေရာများမှအပ မည်သည့်နေရာကိုမဆို လက်နက်ကိုင်ဆောင်ခြင်းမရှိဘဲ လွတ်လပ်စွာ သွားလာခွင့်ပြုရန်။

(ခ) တစ်ဖက်အဖွဲ့အစည်းက ထိန်းချုပ်ထားသော နယ်မြေအတွင်း လက်နက်ဖြင့် သွားလာရန် လိုအပ်လာပါက နှစ်ဖက်ညှိနှိုင်းသဘောတူညီချက်ဖြင့် သွားလာရန်။

### အရပ်သားများကို အကာအကွယ်ပေးခြင်း

၉။ တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် အရပ်သားများကို အကာအကွယ်ပေးခြင်းနှင့်စပ်လျဉ်းသည့် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရန် သဘောတူသည် -

(က) ပြည်သူလူထု၏ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေးနှင့် ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်သော ပံ့ပိုးကူညီမှုများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန်။

(ခ) ပြည်သူလူထုအား လူတစ်ဦးတစ်ယောက်၏ ဂုဏ်သိက္ခာကို ထိပါးစေသည့်လုပ်ရပ်၊ အကြမ်းဖက်ခြင်း၊ ဥပဒေမဲ့ ဖမ်းဆီးချုပ်နှောင်ခြင်း၊ ပြန်ပေးဆွဲခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ လူသားမဆန်စွာ ပြုမူဆက်ဆံခြင်း၊ အကျဉ်းချခြင်း၊ သတ်ဖြတ်ခြင်းနှင့် ဖျောက်ဖျက်ခြင်းမပြုလုပ်ရ။

(ဂ) ဒေသခံပြည်သူများကို အဓမ္မ နေရပ်စွန့်ခွာစေခြင်း၊ ရွှေ့ပြောင်းစေခြင်း မပြုလုပ်ရ။

(ဃ) ပြည်သူလူထုထံမှ ငွေ၊ ပစ္စည်းဥစ္စာ၊ စားရေးရိက္ခာ၊ လုပ်အားနှင့် ဝန်ဆောင်မှုများကို အဓမ္မတောင်းခံရယူခြင်း မပြုလုပ်ရ။

(င) ပြည်သူလူထုအား အကြောင်းမဲ့ဖြစ်စေ၊ အမှုဆင်ပြီးဖြစ်စေ ဖမ်းဆီးအရေးယူခြင်း၊ အပြစ်ပေးခြင်း လုံးဝမပြုရန်နှင့် ဥပဒေနှင့်အညီ ဆောင်ရွက်ရန်။

(စ) ဒေသခံများ၏ မြေယာများကို အဓမ္မသိမ်းပိုက်ခြင်းနှင့် လွှဲပြောင်းခြင်းများ မပြုလုပ်ရ။

(ဆ) အများပိုင်ပစ္စည်းများကို ပျက်စီးစေခြင်း၊ ခိုးယူခြင်း၊ လုယက်ခြင်းနှင့် ခွင့်ပြုချက်မရှိဘဲ ယူဆောင်ခြင်းမပြုလုပ်ရ။

(ဇ) ဥပဒေနှင့်အညီ ပညာသင်ကြားရေးဆိုင်ရာ အခွင့်အရေးများကို နှောင့်ယှက်ပိတ်ပင်ခြင်း၊ ပညာရေးဆိုင်ရာပစ္စည်းများနှင့်အတူ စာသင်ကျောင်း၊ အဆောက်အအုံများကို ဖျက်ဆီးခြင်း၊ ပညာရေးဝန်ထမ်းများနှင့် ပညာသင်ယူနေသူများကို နှောင့်ယှက်ဟန့်တားခြင်း မပြုလုပ်ရ။

(ဈ) လူတစ်ဦးချင်းစီ၏ ကျန်းမာရေးဆိုင်ရာ အခွင့်အရေးများကို ထိခိုက်စေခြင်း၊ အများပြည်သူနှင့် သက်ဆိုင်သော ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဥပဒေအရခွင့်ပြုထားသည့် အများပြည်သူများအတွက် ဆေးဝါးများ သယ်ယူပို့ဆောင်ခြင်းအား တားမြစ်ခြင်းမပြုရ။

(ည) ပြည်သူလူထု၏ စားနပ်ရိက္ခာစုဆောင်းခြင်း၊ ကုန်ပစ္စည်းများနှင့် ကောက်ပဲသီးနှံများကို တစ်ပိုင်တစ်နိုင် သယ်ယူပို့ဆောင်ရောင်းချခြင်း၊ ကူးသန်းရောင်းဝယ်ခြင်း လုပ်ငန်းများကို နှောင့်ယှက်ဟန့်တားခြင်း မပြုလုပ်ရ။

(ဋ) စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးခန်းများနှင့် ဘာသာရေးအဆောက်အအုံ ပရဝဏ်များအား အကြောင်းမဲ့ဖျက်ဆီးခြင်း၊ ပျက်စီးမှုဆိုးကျိုးများ ဖြစ်ပေါ်စေခြင်းနှင့် စစ်ဘက်ဆိုင်ရာ တပ်စခန်းချထားခြင်းများ မပြုလုပ်ရ။

(ဌ) ပြည်သူလူထု၏ ဘာသာရေး၊ စာပေယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်မှုများကို နှောင့်ယှက်ခြင်း၊ ဂုဏ်သိက္ခာ ညှိုးနွမ်းစေခြင်းနှင့် ပျက်စီးစေခြင်းတို့အား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မပြုလုပ်ရ။

(ဍ) အမျိုးသမီးများအား ဗလက္ကာယပြုခြင်း၊ လိင်အကြမ်းဖက်ခြင်း၊ အဓမ္မ သားမယားပြုကျင့်ခြင်း၊ လိင်မှုဆိုင်ရာ ကျွန်ပြုခြင်း မပြုလုပ်ရ။

(ဎ) ကလေးငယ်များအား သတ်ဖြတ်ခြင်းနှင့် ကိုယ်အင်္ဂါဖြတ်တောက်ခြင်း၊ ကလေးစစ်သားအဖြစ် စုဆောင်း/စစ်မှုထမ်းစေခြင်း၊ အဓမ္မပြုခြင်းနှင့် အခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊ ဖမ်းဆီးခေါ်ဆောင်ခြင်းများ မပြုလုပ်ရ။

(ဏ) ပြည်သူလူထုကို ကျွန်ပြုခြင်း၊ အဓမ္မခိုင်းစေခြင်း မပြုလုပ်ရ။

(တ) အပစ်ရပ်နယ်မြေအတွင်းရှိ ပြည်သူလူထု၏ လူမှုဘဝလုံခြုံမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးရန်။

(ထ) အရပ်သားပြည်သူများ စိုးရိမ်ကြောင့်ကျမှုမရှိဘဲ အပစ်ရပ်နယ်မြေများအတွင်း လွတ်လပ်စွာ သွားလာခွင့်ပြုရန်။

**လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ**

၁၀။ ပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် လူသားချင်းစာနာမှုဆိုင်



ရာ အကူအညီများနှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို သဘောတူသည် -

(က) ပြည်တွင်း နေရပ်စွန့်ခွာ တိမ်းရှောင်သူများ (IDPs) နှင့် ပဋိပက္ခဒဏ် ခံစားရသူများအတွက် လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ ပေးခြင်းနှင့်စပ်လျဉ်းပြီး (NGO)နှင့်(INGO) အဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှုများအား နိုင်ငံတော်အစိုးရ၏ခွင့်ပြုချက်ဖြင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ အစိုးရဌာနများ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများကြား ညှိနှိုင်းဆောင်ရွက်ရန်။

(ခ) ပြည်တွင်း နေရပ်စွန့်ခွာ တိမ်းရှောင်သူများ (IDPs)အား ၎င်းတို့၏ဆန္ဒအတိုင်း မူလဒေသများသို့ ပြန်လည်နေထိုင်ခြင်းကို ဦးစားပေးဆောင်ရွက်ရန်သော်လည်းကောင်း၊ သင့်လျော်ရာနေရာတွင် ရွှေ့ပြောင်းနေထိုင်စေလိုလျှင်သော်လည်းကောင်း၊ ဘေးကင်းလုံခြုံ၍ လူ့ဂုဏ်သိက္ခာနှင့် အညီဖြစ်စေရန် ဆောင်ရွက်ပေးရမည်။

(ဂ) ပြည်တွင်း နေရပ်စွန့်ခွာ တိမ်းရှောင်သူများ (IDPs) နှင့် ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်လာသော ဒုက္ခသည်များအားစိစစ်၍ ပြန်လည်နေရာချထားရေး လုပ်ငန်းစဉ်များကို ပူးတွဲညှိနှိုင်းဆောင်ရွက်ရန်။

## အခန်း (၄)

## ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးခိုင်မာအောင်လုပ်ဆောင်ခြင်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် စစ်ဘက်ဆိုင်ရာကျင့်ဝတ်များ

၁၁။ ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသူများအနေဖြင့် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်လိုက်နာကြရမည့် စစ်ဘက်ဆိုင်ရာကျင့်ဝတ်များနှင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို ဤစာချုပ်ပါ သတ်မှတ်ချက်များနှင့်အညီ လက်မှတ်ရေးထိုးပြီး (၁) လအတွင်း အပြီးရေးဆွဲပြဋ္ဌာန်းရန် သဘောတူသည်။

**ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ**

၁၂။ ဤသဘောတူစာချုပ်အား လိုက်နာရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရန် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးက အောက်ပါအတိုင်း ဖွဲ့စည်းပေးရမည် -

(က) ဤသဘောတူစာချုပ်အား လိုက်နာရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးရန် "ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ"ကို ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အများယုံကြည်လေးစားသော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးရန် သဘောတူသည်။

(ခ) ကော်မတီကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ၊ ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၊ ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီများနှင့် စိစစ်အတည်ပြုရေးအဖွဲ့များ စသည်ဖြင့် အဆင့်ဆင့်ဖွဲ့စည်းသွားမည်။

(ဂ) လက်ရှိ ငြိမ်းချမ်းရေးဖြစ်စဉ်တွင်ပါဝင်နေသော နိုင်ငံခြားအစိုးရများ၏ ကိုယ်စားလှယ်များနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ကိုယ်စားလှယ်များကို ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ပူးတွဲစောင့်ကြည့် ကြီးကြပ်ရေးကော်မတီ အဆင့်ဆင့်တွင် လေ့လာသူအဖြစ်လည်းကောင်း၊ အကြံပေးအဖြစ်လည်းကောင်း၊ နည်းပညာအထောက်အကူပြုအဖြစ်လည်းကောင်း သင့်လျော်သလို ပါဝင်ရန် နှစ်ဖက်သဘောတူညီချက်ဖြင့် ဆောင်ရွက်မည်။

၁၃။ ကော်မတီအဆင့်ဆင့်၏ တာဝန်၊ လုပ်ပိုင်ခွင့်များနှင့် လုပ်ငန်းဆိုင်ရာ အခြေခံမူများမှာ အောက်ပါတိုင်းဖြစ်သည်။

(က) ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး အကောင်အထည်ဖော်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စံသတ်မှတ်ချက်များ၊ လုပ်ငန်းလမ်းညွှန်များနှင့် ဖွဲ့စည်းပုံအသေးစိတ်ကို တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးတွင် ရေးဆွဲပြဋ္ဌာန်းအတည်ပြုရန်။

(ခ) ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် စောင့်ကြည့်မှုလုပ်ငန်းစဉ်များကို တာဝန်ခံဆောင်ရွက်ရန်နှင့် လိုအပ်ပါက တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တင်ပြရန်။

(ဂ) လူလုပ်နှင့် သဘာဝဘေးအန္တရာယ်များကြောင့် ပြည်တွင်း နေရပ်စွန့်ခွာ တိမ်းရှောင်သူများ (IDPs) နှင့် ပဋိပက္ခဒဏ် ခံစားရသူများအား လူသားချင်းစာနာသည့် အခြေခံအထောက်အပံ့များ ပေးအပ်မှုကို ညှိနှိုင်းဆောင်ရွက်ရန်။

(ဃ) နှစ်ဖက်သဘောတူထားသည့် တပ်နေရာပြန်လည်ချထားရေးအစီအစဉ် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှုကို စောင့်ကြည့်လေ့လာရန်။

(င) တစ်နိုင်ငံလုံးအတိုင်းအတာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးအခြေအနေ၊ ဤသဘောတူစာချုပ်၏တပ်ပိုင်းဆိုင်ရာကိစ္စရပ်များ၊ စစ်ဘက်ဆိုင်ရာကျင့်ဝတ်များနှင့် ပတ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအား ထိန်းသိမ်းလိုက်နာခြင်းနှင့် ပတ်သက်၍ စောင့်ကြည့်လေ့လာခြင်း၊ ပေါ်ပေါက်လာသော အငြင်းပွားမှုများအား ဖြေရှင်းရာတွင် ဘက်လိုက်မှုကင်းပြီး ပွင့်လင်းမြင်သာမှုအခြေခံဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုရန်။

၁၄။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ၏ ဆုံးဖြတ်ချက်များကို ချမှတ်ရာတွင် အဖွဲ့ဝင်အားလုံး၏ သဘောတူညီချက်ကို အဖြစ်နိုင်ဆုံး ကြိုးစား၍ ရယူသွားရမည်။

၁၅။ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီမှ အငြင်းပွားမှုဆိုင်ရာ ကိစ္စရပ်များကို ဖြေရှင်းရမည့် လုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် သတင်းအချက်အလက်များ (နိုင်ငံတော် ကာကွယ်ရေး၊ လုံခြုံရေးကိစ္စများမှအပ) တောင်းခံလာပါက ဤသဘောတူစာချုပ်တွင် ချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးရန် သဘောတူညီသည်။

**ဆက်ဆံရေးရုံးများ ဖွင့်လှစ်ခြင်း**

၁၆။ ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ၏ လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သောနေရာများတွင် နှစ်ဖက်ညှိနှိုင်း၍လည်းကောင်း၊ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေး သဘောတူညီချက်တွင် သတ်မှတ်ထားသည့် ဒေသများတွင်လည်းကောင်း ဆက်ဆံရေးရုံးများ ဖွင့်လှစ်သွားရန် သဘောတူသည်။

၁၇။ ဆက်ဆံရေးရုံးတွင် ထားရှိမည့် ဆက်ဆံရေးအရာရှိများသည် အခက်အခဲနှင့် ပြဿနာရပ်များအား လျင်မြန်စွာ ဆက်သွယ်ဖြေရှင်းနိုင်ရန်အတွက် လုပ်ထုံးလုပ်နည်းဆိုင်ရာလုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်သွားရန် သဘောတူသည်။

၁၈။ ဆက်ဆံရေးရုံးတွင် တာဝန်ထမ်းဆောင်နေကြသူများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို လိုအပ်သည့်အကာအကွယ်ပေးရန် သဘောတူသည်။

## အခန်း (၅)
## နိုင်ငံရေးဆွေးနွေးပွဲဆိုင်ရာ အာမခံချက်များ

၁၉။ ဤသဘောတူစာချုပ် လက်မှတ်ရေးထိုးသူများသည် လက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းရေးနှင့် နိုင်ငံရေး ပြဿနာများကို နိုင်ငံရေးနည်းဖြင့် ငြိမ်းချမ်းစွာအဖြေ ရှာနိုင်ရေး စတင်ရန် ဤစာချုပ်ကို လက်မှတ်ရေးထိုး ပြီးသည့်နောက် စာချုပ်ပါ အခြေခံမူများ၊ အချက် အလက်များနှင့် ကတိကဝတ်များကို အကောင် အထည်ဖော် ဆောင်ရွက်ရန် သဘောတူသည်။

**နိုင်ငံရေးလမ်းပြမြေပုံချမှတ်ခြင်း**

၂၀။ ပြည်ထောင်စုအစိုးရနှင့် တိုင်းရင်းသား လက်နက် ကိုင်အဖွဲ့အစည်းများသည် နိုင်ငံရေးလမ်းပြမြေပုံနှင့် စပ်လျဉ်း၍ အောက်ပါအချက်များကို သဘောတူ သည် -

(က) တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း၊

(ခ) အစိုးရကိုယ်စားလှယ်များနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများက "နိုင်ငံရေး ဆွေးနွေးမှုဆိုင်ရာမူဘောင်" (The Frame work for Political Dialogue) ကို ရေးဆွဲ သဘောတူညီမှုရယူခြင်း၊

(ဂ) ထိုမူဘောင်ကို အခြေခံ၍ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခြင်း၊ လုံခြုံရေး ဆိုင်ရာ ပြန်လည်ပေါင်းစပ်ခြင်း ကိစ္စရပ်များ၊ လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးခြင်းနှင့် နှစ်ဖက်သဘောတူညီသော ကြိုတင်ဆောင် ရွက်ဖွယ်ရာများကို လုပ်ဆောင်ခြင်း၊

(ဃ) ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ကျင်းပ ခြင်း၊

(င) ပြည်ထောင်စု သဘောတူစာချုပ် ချုပ်ဆိုခြင်း

(စ) ပြည်ထောင်စု လွှတ်တော်သို့ တင်သွင်း၍ အတည်ပြုချက်ရယူခြင်း

(ဆ) "ပြည်ထောင်စု သဘောတူစာချုပ် (Pyidaungsu Accord)" ပါ သဘောတူညီချက် များကို အကောင်အထည်ဖော်ခြင်းနှင့် လုံခြုံ ရေးဆိုင်ရာ ပြန်လည်ပေါင်းစည်းခြင်းလုပ်ငန်း စဉ်များအကောင်အထည် ဖော်ဆောင်ရွက်ခြင်း။

**နိုင်ငံရေး တွေ့ဆုံဆွေးနွေးခြင်း**

၂၁။ အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း များသည် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများနှင့်စပ်လျဉ်း ၍ အောက်ပါအချက်များကို သဘောတူသည် -

(က) ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသူ များသည် နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲများ စတင်ကျင်းပနိုင်ရေးနှင့် စာချုပ်ပါသဘောတူ ညီချက်များအား ပူးတွဲဦးဆောင် အကောင် အထည်ဖော်နိုင်ရန်အတွက် ဤစာချုပ်ကို လက်မှတ်ရေးထိုးပြီးပြီးချင်း အောက်ပါတို့ကို ဆောင်ရွက်မည်။

၁။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲ ရေး သဘောတူစာချုပ် အကောင်အထည် ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ကျင်းပခြင်း။

၂။ ထိုအစည်းအဝေးတွင် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေးကော်မတီ၊ ပြည်ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီနှင့် အခြားလိုအပ်သော ကော်မတီများကို ဖွဲ့စည်းခြင်း၊ (ပြည် ထောင်စု ငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲ ကော်မတီသည် **နိုင်ငံရေးဆွေးနွေးမှုဆိုင် ရာ မူဘောင်ရေးဆွဲရန်**ကိုလည်း တာဝန် ရှိသည်)

(ခ) ပါဝင်လက်မှတ်ရေးထိုးသူများသည် နိုင်ငံရေး ဆွေးနွေးပွဲလုပ်ငန်းစဉ်များ၊ ဆွေးနွေးရမည့် အကြောင်းအရာများ၊ ဆွေးနွေးမည့်ပုံစံများနှင့် စပ်လျဉ်း၍ အသေးစိတ်ဖော်ညွှန်းထားသည့် ဆွေးနွေးပွဲမူဘောင်တစ်ရပ်ကို ဤသဘောတူ စာချုပ် လက်မှတ်ရေးထိုးပြီးသည့်အချိန်မှစ၍ ရက်ပေါင်း ၆၀ အတွင်း ပါဝင်သင့် ပါဝင်ထိုက် သူများနှင့် အတူတကွ ပူးတွဲရေးသားဖော် ဆောင်ရန်။

(ဂ) ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသူ များသည် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများကို ဤသဘောတူစာချုပ် လက်မှတ်ရေးထိုးပြီး ရက်ပေါင်း ၉၀ အတွင်း စတင်လုပ်ဆောင်ရန်။

(ဃ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေမည့် ကိစ္စရပ်များကို ရှောင်ရှား၍ ဤစာချုပ်ပါ အခြေခံမူတွင် သဘောတူညီထားသည့်အချက်များအပါအဝင် အခြားဆွေးနွေးရမည့်ခေါင်းစဉ်အသေးစိတ်ကို နိုင်ငံရေးဆွေးနွေးပွဲ မူဘောင်တွင် ထည့်သွင်းဆွေးနွေး၍ အတည်ပြုရန်။

(င) သဘောတူညီမှုချမှတ်ရာ၌ နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုလုပ်ငန်းစဉ်တွင် ပါဝင်သော အဖွဲ့အစည်းများမှ ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးအတွက် အာမခံချက်ရရှိရေးကို ဦးတည်လျက် ပါဝင်ပတ်သက်နေကြသော အဖွဲ့အစည်းများအကြား အပြုသဘောဆောင်၍ ညှိနှိုင်းအဖြေရှာရန် သဘောတူကြသည်။

**အားလုံးပါဝင်သော နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ ကျင်းပခြင်း**

၂၂။ (က) နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ အဆင့်ဆင့်တွင် အားလုံးပါဝင်ရေးမူကို အခြေခံ၍ အစိုးရအဖွဲ့၊ လွှတ်တော်နှင့် တပ်မတော်တို့၏ ကိုယ်စားလှယ်များ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ၊ တရားဝင် နိုင်ငံရေးပါတီကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များနှင့် အခြားပါဝင်သင့် ပါဝင်ထိုက်သော ကိုယ်စားလှယ်များ ပါဝင်ကြရမည်။

(ခ) တိုင်းရင်းသားကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ စီးပွားရေးအသင်းအဖွဲ့များ၊ ပညာရှင်အစုတို့၏ ကိုယ်စားလှယ်များနှင့် အခြားပါဝင်သင့် ပါဝင်ထိုက်သော ကိုယ်စားလှယ်များကို နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲ အဆင့်ဆင့်တွင် သက်ဆိုင်ရာကဏ္ဍအလိုက် သင့်တော်သလို ပါဝင်စေရေးကို နိုင်ငံရေးဆွေးနွေးပွဲမူဘောင်တွင် ဆွေးနွေးသတ်မှတ်ရမည်။

(ဂ) နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲများတွင်ပါဝင်မည့် ကိုယ်စားလှယ်အချိုးအစားကို နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးမူဘောင် ဆွေးနွေးရာတွင် ညှိနှိုင်းဆွေးနွေးမည်။

(ဃ) ပြည်ထောင်စုညီလာခံမှ ထွက်ပေါ်လာသော ဆုံးဖြတ်ချက်များအပေါ် အခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် ဥပဒေများကို လိုအပ်သလိုပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် ပယ်ဖျက်ခြင်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ ပြုလုပ်ရန် သဘောတူညီသည်။

၂၃။ နိုင်ငံရေးဆွေးနွေးပွဲများတွင် သင့်တင့်လျောက်ပတ်သော အချိုးအစားဖြင့် အမျိုးသမီးကိုယ်စားလှယ်များ ပါဝင်နိုင်ရေးအတွက် ဆောင်ရွက်သွားရန် သဘောတူညီသည်။

## အခန်း (၆)
## ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ

**ယုံကြည်မှုတည်ဆောက်ခြင်းနှင့် စပ်လျဉ်းသည့် ဆောင်ရွက်ရမည့်အချက်များ**

၂၄။ (က) အစိုးရသည် မည်သူတစ်ဦးတစ်ယောက် (သို့မဟုတ်) အဖွဲ့အစည်းကိုမျှ ဥပဒေကို ချိုးဖောက်ခြင်းမှအပ ဤပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်ချုပ်ဆိုရေးနှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တို့တွင် ပါဝင်ဆောင်ရွက်ခြင်းတို့ကြောင့် ဖမ်းဆီးအရေးယူမှုများ မပြုလုပ်ရန် သဘောတူညီသည်။

(ခ) ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအားလုံးကို မတရားအသင်းအဖြစ် ကြေညာထားခြင်းမှ ပယ်ဖျက်ရေး ဆက်လက်ဆောင်ရွက်သွားရန် သဘောတူသည်။ ဤသဘောတူစာချုပ်ကို လက်မှတ်ရေးထိုးသူများနှင့် ပတ်သက်မှုရှိသည့် မည်သည့်ပုဂ္ဂိုလ် (သို့မဟုတ်) မည်သည့်အဖွဲ့အစည်းကိုမျှ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေအရသော်လည်းကောင်း၊

မတရားအသင်း အက်ဥပဒေအရသော်လည်း ကောင်း အရေးယူခြင်း မပြုလုပ်ရန် သဘောတူသည်။

(ဂ) နိုင်ငံတော်အနေဖြင့် ဤသဘောတူညီချက်ကို လက်မှတ်ရေးထိုးပြီးသည့်အချိန်တွင် ရှိနေသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆက်သွယ်သည်ဟူသော စွပ်စွဲချက်ဖြင့် မတရားအသင်း အက်ဥပဒေအရ အမှုစွဲဆိုခြင်း ခံထားရသူများနှင့် အကျဉ်းကျခံနေရသူများ လွတ်မြောက်ရေးအတွက် ဥပဒေနှင့်အညီ ဆောင်ရွက်ပေးရန် သဘောတူသည်။

## ကြားကာလတွင် ဆောင်ရွက်ရမည့်အစီအစဉ်များ

၂၅။ (က) ဤသဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးကြသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည် မိမိတို့နှင့် သက်ဆိုင်သည့် အပစ်ရပ်နယ်မြေများအတွင်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များတွင် မိမိတို့အဖွဲ့အစည်း၏ အတိုင်းအတာအရ တာဝန်ယူနေကြသော အဖွဲ့အစည်းများဖြစ်ကြသည့် အားလျော်စွာ အပစ်အခတ်ရပ်စဲထားပြီး ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ကျင်းပအကောင်အထည်ဖော်နေသည့်ကာလအတွင်း ၎င်းနယ်မြေများတွင် နှစ်ဖက်ညှိနှိုင်းပြီး အောက်ပါကိစ္စရပ်များကို ဆောင်ရွက်သွားရန် သဘောတူသည် -

၁။ ပြည်သူလူထု၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အခြေခံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ။

၂။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ။

၃။ တိုင်းရင်းသား လူမျိုးများ၏ ဘာသာစကား၊ စာပေနှင့်ယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများ။

၄။ ဒေသဆိုင်ရာ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များ။

၅။ ဒေသဆိုင်ရာ ဖွံ့ဖြိုးရေးနှင့် စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများအတွက် ပြည်တွင်းပြည်ပ အလှူရှင်အဖွဲ့အစည်းများ၏ အကူအညီရယူခြင်းဆိုင်ရာ ကိစ္စရပ်များ။

၆။ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများ။

(ခ) အပစ်ရပ်ဒေသအတွင်း ဒေသခံပြည်သူလူထုအပေါ် အကျိုးသက်ရောက်မှုကြီးမားသော စီမံကိန်းများကို လုပ်ဆောင်ရန်ရှိပါက သဘာဝသယံဇာတများ ပွင့်လင်းမြင်သာမှုဖော်ဆောင်ရေးအဖွဲ့ (Extractive Industries Transparency Initiative - EITI) ၏ လုပ်ထုံးလုပ်နည်းများအတိုင်း ဒေသခံ ပြည်သူလူထုနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်နှင့် သက်ဆိုင်ရာတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတို့နှင့် ညှိနှိုင်း၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

(ဂ) သက်ဆိုင်ရာဒေသများတွင် တစ်ဖွဲ့ချင်းစီ သီးခြားဆောင်ရွက်ရန် လိုအပ်သော ကိစ္စရပ်ကို အစိုးရနှင့် သက်ဆိုင်ရာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ ညှိနှိုင်းဆောင်ရွက်သွားရန် သဘောတူသည်။

## ပြည်ထောင်စုလွှတ်တော်၌ အတည်ပြုနိုင်ရန် တင်သွင်းခြင်း

၂၆။ ဤသဘောတူစာချုပ်အား ပြည်ထောင်စုလွှတ်တော်သို့ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်သွင်း၍ အတည်ပြုချက်ရရှိရေးအတွက် ဆောင်ရွက်သွားရန် သဘောတူသည်။

## အခန်း (၇)
## အထွေထွေ

၂၇။ ဤစာချုပ်တွင် လွှမ်းခြုံခြင်းမရှိသော ကိစ္စရပ်များရှိလာပါက တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအနေဖြင့် အစိုးရနှင့် သီးခြားစီဆွေးနွေး၍ စာချုပ်၏ မူများနှင့် ဆန့်ကျင်ကွဲလွဲခြင်းမရှိစေဘဲ ညှိနှိုင်းဆောင်ရွက်၍ သဘောတူညီမှု ရယူနိုင်သည်။

၂၈။ ဤသဘောတူစာချုပ်ကို မြန်မာဘာသာဖြင့် ရေးသားပြီး အင်္ဂလိပ်ဘာသာသို့ ပြန်ဆိုရမည်။ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာတို့ တရားဝင်အတည်ဖြစ်မှုသည် တူညီသော်လည်း စကားရပ်အရ အငြင်းပွားမှုများ ပေါ်ပေါက်လာပါက မြန်မာဘာသာဖြင့် ရေးသားထားသည့် စကားရပ်အတိုင်းသာ အတည်ဖြစ်ကြောင်း သဘောတူသည်။

၂၉။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် လက်မှတ်ရေးထိုးရာတွင် ပါဝင်သော နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများမှ ပူးတွဲ၍ တာဝန်ယူဆောင်ရွက်သွားရန် သဘောတူသည်။ ထိုသို့အကောင်အထည်ဖော်ရာတွင် ကြုံတွေ့လာမည့် အခက်အခဲများကို ဖြေရှင်းနိုင်ရန် နှစ်ဖက်ကိုယ်စားလှယ်များပါဝင်သော "တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော် ဆောင်ရွက်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး"ကို ပုံမှန်ကျင်းပ၍ ဖြေရှင်းသွားရန် သဘောတူသည်။

၃၀။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် ဆွေးနွေးပွဲများတွင် နှစ်ဖက်သဘောတူညီခဲ့ကြသော အစည်းအဝေးမှတ်တမ်း ဆုံးဖြတ်ချက်များအနက် ကိုးကားရမည့် ဆုံးဖြတ်ချက်များသည် ဤသဘောတူစာချုပ် အကောင်အထည်ဖော်ရာတွင် အကျုံးဝင်ပြီး နှစ်ဖက်ညှိနှိုင်း၍ လိုအပ်သလို ဆောင်ရွက်ရန် သဘောတူသည်။

## ညှိနှိုင်းဖြေရှင်းခြင်း

၃၁။ (က) ဤသဘောတူစာချုပ်ပါ လိုက်နာရမည့် တာဝန်များ၊ စည်းကမ်းများနှင့် စပ်လျဉ်း၍ မပြေလည်မှု ပေါ်ပေါက်လာလျှင် သက်ဆိုင်ရာအဖွဲ့အစည်းများသည် ငြိမ်းချမ်းစွာ ဆွေးနွေးညှိနှိုင်းသည့် နည်းလမ်းကို အခြေခံ၍ ဖြေရှင်းရမည်။

(ခ) အပိုဒ်ခွဲ (က) အရ ဖြေရှင်းရာတွင် ပြေလည်မှုမရရှိပါက အကောင်အထည်ဖော်ဆောင်ရွက်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးသို့ တင်ပြပြီး ညှိနှိုင်းဖြေရှင်းသွားမည်။

## သဘောတူစာချုပ် အကျိုးသက်ရောက်ခြင်း

၃၂။ ဤသဘောတူစာချုပ်သည် နှစ်ဦးနှစ်ဖက် လက်မှတ်ရေးထိုးပြီးသည့် နေ့ရက်တွင် စတင်အကျိုးသက်ရောက်မှုရှိကြောင်း သဘောတူသည်။ ဤသဘောတူစာချုပ် အကောင်အထည်ဖော်မှုအပေါ် ဆန်းစစ်ရန်လိုအပ်ပါက နှစ်ဖက်ညှိနှိုင်းဆောင်ရွက်နိုင်သည်။

## သဘောတူစာချုပ် လက်မှတ်ရေးထိုးခြင်း

၃၃။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအကြား ချုပ်ဆိုသည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်နေ့တွင် နှစ်ဦးနှစ်ဖက်မှ လက်မှတ်ရေးထိုးကြသည်။

### ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ

၁။ ဦးသိန်းစိန်
နိုင်ငံတော်သမ္မတ

၂။ ဒေါက်တာ စိုင်းမောက်ခမ်း
ဒုတိယသမ္မတ

၃။ ဦးညဏ်ထွန်း
ဒုတိယသမ္မတ

၄။ သူရဦးရွှေမန်း
အဖွဲ့ဝင်၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး ဗဟိုကော်မတီ

၅။ ဦးခင်အောင်မြင့်
အဖွဲ့ဝင်၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေး ဗဟိုကော်မတီ

၆။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်

၇။ ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း
ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ကာကွယ်ရေးဦးစီးချုပ် (ကြည်း)

၈။ ဦးအောင်မင်း
ပြည်ထောင်စုဝန်ကြီး
ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုငြိမ်းချမ်းရေး
ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ
၉။ ဦးသိန်းဇော်
ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် တိုင်းရင်းသားရေးရာ
ကျေးလက်လူမှုဘဝမြှင့်တင်ရေးရာနှင့် ပြည်တွင်း
ငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီ။
ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုငြိမ်းချမ်းရေး
ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ

### တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ

၁။ ကရင်အမျိုးသားအစည်းအရုံး (KNU)
ဗိုလ်ချုပ်ကြီး မူးတူးစေးဖိုး
ဥက္ကဋ္ဌ
ဗိုလ်ချုပ်ကြီး စောဂျော်နီ
စစ်ဦးစီးချုပ်
ပဒို စောကွယ်ထူးဝင်း
အထွေထွေ အတွင်းရေးမှူး
၂။ ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသား
လွတ်မြောက်ရေးတပ်မတော်
(ငြိမ်းချမ်းရေးကောင်စီ) (KNU/KNLA-PC)
ဗိုလ်ချုပ်ကြီး စောထိန်မောင်
ဥက္ကဋ္ဌ
ဗိုလ်ချုပ်စောရင်နု
စစ်ထောက်ချုပ်
စောနေစိုးမြ
စစ်ရေးချုပ်
၃။ ချင်းအမျိုးသားတပ်ဦး (CNF)
ပူးနန်လျန်ထန်
ဥက္ကဋ္ဌ
ပူးဇင်ကျုံး
အထွေထွေ အတွင်းရေးမှူးချုပ်
ဗိုလ်မှူးချုပ် ဟရန်သင်ထိုက်
စစ်ဦးစီးချုပ်
၄။ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA)
ဒုတိယဗိုလ်ချုပ်ကြီး စောလားပွယ်
စစ်ဦးစီးချုပ်
ဗိုလ်ချုပ် စောမိုရှေး
ဒုတိယ စစ်ဦးစီးချုပ်
ဗိုလ်မှူး စောစိန်ဝင်း
စစ်ရေးချုပ်
၅။ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)
ခွန်မြင့်ထွန်း
ဥက္ကဋ္ဌ
ဗိုလ်မှူးကြီး ခွန်သူရိန်
စစ်ဦးစီးချုပ်
ဗိုလ်မှူးကြီး ခွန်ဥက္ကာ
နာယက
၆။ မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ
ဒီမိုကရက်တစ်တပ်ဦး (ABSDF)
ရဲဘော် သံခဲ
ဥက္ကဋ္ဌ
ရဲဘော် မျိုးဝင်း
ဒုတိယ ဥက္ကဋ္ဌ
ရဲဘော် ရဲထွတ်
စစ်ကော်မရှင် အတွင်းရေးမှူး
၇။ ရခိုင်ပြည် လွတ်မြောက်ရေးပါတီ (ALP)
ခိုင်စိုးနိုင်အောင်
ဒုတိယ ဥက္ကဋ္ဌ
ဗိုလ်မှူးချုပ် ခိုင်ထွန်းဝင်း
စစ်ဦးစီးချုပ်
စောမြရာဇာလင်း
ဗဟိုကော်မတီ
၈။ ရှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)
ဒုတိယ ဗိုလ်ချုပ်ကြီး ယွက်စစ်
ဥက္ကဋ္ဌ
ဗိုလ်မှူးချုပ် ဘောင်ခေး
ဒုတိယ စစ်ဦးစီးချုပ်
ဗိုလ်မှူးကြီး စိုင်းလ
အတွင်းရေးမှူး (၂)

### ပြည်တွင်းအသိသက်သေများ

၁။ ဦးစောထွန်းအောင်မြင့်
ကရင်တိုင်းရင်းသားရေးရာဝန်ကြီး

၂။ ဦးဇော်အေးမောင်
ရခိုင်တိုင်းရင်းသားရေးရာဝန်ကြီး
၃။ ဦးခွန်သန်းမြင့်
ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး
၄။ ဦးဝင်းထိန် (NLD)
၅။ ဦးဌေးဦး (USDP)
၆။ ဦးခင်မောင်ဆွေ
ညီနောင်တိုင်းရင်းသားများပါတီဖယ်ဒရေးရှင်း
၇။ ဦးတင်နိုင်သိန်း (USDP)
၈။ ဦးသန်းတင် (NUP)
၉။ ဦးစိုင်းအိုက်ပေါင်း
ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ
၁၀။ ဦးဖိုဇမ်း
ညီနောင်တိုင်းရင်းသားများပါတီဖယ်ဒရေးရှင်း
၁၁။ ဒေါ်ချင်းချင်း
ညီနောင်တိုင်းရင်းသားများပါတီဖယ်ဒရေးရှင်း
၁၂။ ဦးစောသိန်းအောင်
ဖလုံစဝေါ် ဒီမိုကရက်တစ်ပါတီ
၁၃။ ဦးစောဒယ်နီရယ်
လူမျိုးပေါင်းစုံ ဒီမိုကရက်တစ်ပါတီ (ကယား)
၁၄။ ဒေါ်သန်းသန်းနု
ဒီမိုကရက်တစ်ပါတီ (မြန်မာ)
၁၅။ ဦးသက်နိုင်ဝင်း
စာချုပ်ညှိနှိုင်းရာတွင် ပါဝင်ခဲ့သည့် ကိုယ်စားလှယ်
၁၆။ ဦးခင်ရီ
စာချုပ်ညှိနှိုင်းရာတွင် ပါဝင်ခဲ့သည့် ကိုယ်စားလှယ်
၁၇။ ဦးမြင့်စိုး
စာချုပ်ညှိနှိုင်းရာတွင် ပါဝင်ခဲ့သည့် ကိုယ်စားလှယ်
၁၈။ ဦးခင်ဇော်ဦး
စာချုပ်ညှိနှိုင်းရာတွင် ပါဝင်ခဲ့သည့် ကိုယ်စားလှယ်
၁၉။ ဦးသန်းဌေး
စာချုပ်ညှိနှိုင်းရာတွင် ပါဝင်ခဲ့သည့် ကိုယ်စားလှယ်
၂၀။ ဦးကိုကိုကြီး
၈၈ မျိုးဆက် (ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်း)
၂၁။ ဦးမြအေး
၈၈ မျိုးဆက် (ငြိမ်းချမ်းရေးနှင့်ပွင့်လင်းလူ့အဖွဲ့အစည်း)

**နိုင်ငံတကာသက်သေများ**

၁။ ကမ္ဘာ့ကုလသမဂ္ဂ
His Excellency Mr. Vijay Nambiar
United Nations Special Advisor
၂။ ဥရောပသမဂ္ဂ
His Excelleny Mr. Roland Kobia
The European Union Ambassador to Myanmar
၃။ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ
His Excellency Mr. Sun Guoxiang
The Special Envoy on Asian Affairs of the People's
Republic of China
၄။ အိန္ဒိယသမ္မတနိုင်ငံ
His Excellency
Mr. Gautam Mukhapadhaya
Ambassador Extrordinary and Plenipotentiary of the Republic of India to the Republic of the Union of Myanmar
၅။ ထိုင်းနိုင်ငံ
His Excellency Mr. Apichart Chinwanno
Permanent Secretary of the Ministry of Foreign Affairs and Special Envoy of the Foreign Minister of Thailand
၆။ ဂျပန်နိုင်ငံ
His Excellency Mr. Yohei SASAKAWA
Special Envoy of the Government of Janpan
For National Reconciliation In Myanmar.

**NCA တွင် ပါဝင်ဆွေးနွေးကြသူများ**

- တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ညှိနှိုင်းရေးပူးတွဲကော်မတီ
  Nationwide Ceasefire Agreement (NCTT)
- ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီ
  Union Peace Making Work Committee (UPWC)
- ပစ်ခတ်တိုက်ခိုက်မှု ပူးတွဲစောင့်ကြည့်ရေးကော်မတီ
  Joint Monitoring Committee (JMC)

ဇော်အေးမောင်



ပြည်ထောင်စု မြန်မာနိုင်ငံသည် တိုင်းရင်းသား လူမျိုးပေါင်းစုံဖြင့် စုပေါင်းဖွဲ့စည်းထားသော နိုင်ငံဖြစ်သည်။ ထို တိုင်းရင်းသားလူမျိုးပေါင်းစုံအနက် ကချင်တိုင်းရင်းသားလူမျိုးသည်လည်း အပါအဝင်ဖြစ်၏။

ကချင်တိုင်းရင်းသားလူမျိုးတို့ နေထိုင်ရာ အချက်အချာဒေသမှာ ချင်းတွင်းမြစ်ဖျားနှင့် ဧရာဝတီမြစ်ဖျားတို့ ဖြတ်သန်းစီးဆင်းရာ ဒေသတစ်ဝိုက်ဖြစ်၏။

# ကချင် တိုင်းရင်းသား လူမျိုး

## ကောင်းပြည့်စုံ

မြောက်လတ္တီတွဒ် (၂၃.၃၇) ဒီဂရီနှင့် (၂၈.၂၅) ဒီဂရီအကြား၊ အရှေ့လောင်ဂျီတွဒ် (၉၆) ဒီဂရီနှင့် (၆၈.၄၇) ဒီဂရီအကြားဖြစ်သော အာသံပြည်အရှေ့မြောက်ပိုင်းနှင့် မြန်မာနိုင်ငံမြောက်ပိုင်း တရုတ်-မြန်မာ နယ်စပ်အလွန် ဒေသများတွင် ပျံ့နှံ့နေထိုင်ကြ၏။

ကချင်တို့၏လူဦးရေမှာ တဖြည်းဖြည်း တိုးတက်များပြားလာရာ မိုးကုတ်နယ်၊ ကိုးတောင်ဒေသ၊ ရွှေလီမြစ်ဝှမ်းဒေသ၊ လားရှိုးနယ်နှင့် ရှမ်းပြည်မြောက်ပိုင်း၊ တောင်ဘက်ကျိုင်းတုံနယ်အထိ ပျံ့နှံ့လာခဲ့ကြ၏။

မြန်မာနိုင်ငံ၏ပြင်ပဖြစ်သော အာသံပြည်၊ ပတ်ကွိုင်တောင်၏ အနောက်ဘက် တောင်စောင်းဒေသနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်တွင် အရှေ့လောင်ဂျီတွဒ် (၉၉) ဒီဂရီအထိ ဒေသတို့တွင် ကချင်တိုင်းရင်းသားလူမျိုးတို့ကို တွေ့နိုင်ပေသည်။

ကချင် တိုင်းရင်းသားလူမျိုးတို့၏ မူလဇာစ်မြစ်ကို လေ့လာလျှင် တိဗက်-မြန်မာ အနွယ်ဝင်များဖြစ်၍ မြန်မာလူမျိုးတို့နှင့် ဘိုးစဉ်ဘောင်ဆက်မှစ၍ မျိုးရိုးတစ်ခုတည်းမှ ဆင်းသက်လာကြသူများ ဖြစ်ကြသည်။

၎င်းတို့၏မူရင်းဒေသမှာ မဂ္ဂိုင်းရှင်ဂရာဘုံ ဖြစ်သည်ဟု မိရိုးဖလာ မှတ်သားထားကြသည်။ ထိုစကား၏ အဓိပ္ပာယ်မှာ သဘာဝအားဖြင့် ပြန့်ပြူးနေသော တောင်ထိပ်ဖြစ်သည်။ ထိုပြန့်ပြူးနေသော တောင်ထိပ်မှာ တိဗက်ပြည်အရှေ့ဘက်နှင့် ရူချွမ်နယ်စပ်ကြားရှိ ကုန်းမြင့်ဒေသပင်ဖြစ်သည်။

ကချင် တိုင်းရင်းသားလူမျိုးတို့သည် ရှေးဦးစွာ တောင်ဘက်ဒေသများသို့ ရွှေ့ပြောင်းကြရာတွင် တရုတ်-မြန်မာ၊ တိဗက်နှင့် အာသံပြည်တို့၏ နယ်စပ်ဆုံရာ တောတောင်ထူထပ်လှသော ဒေသတစ်ဝိုက်သို့ ရောက်ရှိကြပြီး အခွင့်သာလျှင်သာသလို တောင်ဘက် မြန်မာနိုင်ငံတွင်းသို့ ရွှေ့ပြောင်းခဲ့ကြ၏။

ထိုသို့ ရွှေ့ပြောင်းရာတွင် ခရီးလမ်းမှာ ခက်ခဲခြင်း၊ သူတို့မတိုင်မီ ရွှေ့ပြောင်းခဲ့ကြသော မွန်ခမာအနွယ်ဝင်များနှင့် အခြားအနွယ်တူလူမျိုးများက ရွှေ့ပြောင်းရာလမ်းတွင် ပိတ်ဆို့ဟန့်တားသကဲ့သို့ ရှိခြင်းတို့ကြောင့် ကချင်တိုင်းရင်းသားလူမျိုးတို့ မြန်မာနိုင်ငံတွင်းသို့ ရွှေ့ပြောင်းဝင်ရောက်ရာတွင် နောက်ကျသူများဖြစ်ခဲ့ကြသည်။

ကချင်တိုင်းရင်းသားလူမျိုးများသည် ၁၁ ရာစုလောက်တွင် မြန်မာနိုင်ငံတွင်းသို့ စတင်ဝင်ရောက်လာပြီး ခရစ်နှစ် ၁၅ ရာစုအလယ်လောက်မှစ၍ လူတစ်ဆက်ပြီး တစ်ဆက် ရွှေ့ပြောင်းကြကာ ရှမ်းနှင့် မြန်မာတို့၏ ယဉ်ကျေးမှု အချက်အလက်များကို စတင်ရရှိခဲ့ကြသည်။

ကချင် တိုင်းရင်းသားလူမျိုးများ ရွှေ့ပြောင်းကြရာတွင် တောင်ရိုးကို လိုက်ကြ၏။ အခြေစိုက်နေထိုင်သူများသည် များသောအားဖြင့် တောင်ရိုး တောင်စွယ်ကို နှစ်သက်ကြ၏။ တောင်ဘက် ဆွန်ပရာဘုံမှတစ်ဆင့် တောင်ဘက်တောင်ရိုး၊ အနောက်တောင်ဘက် ဒရချက်သို့လည်းကောင်း၊ တြိဂံနယ်အတွင်းရှိ တောင်တန်းအတိုင်း မေခမြစ်ရိုးတစ်လျှောက်ဆင်းသက်လာကာ ရွှေ့ပြောင်းပျံ့နှံ့ခဲ့ကြ၏။

ကချင်ဟူသော ဝေါဟာရအမည်မှာ မြန်မာတို့ခေါ်သော ဝေါဟာရဖြစ်ပြီး ကချင် တိုင်းရင်းသားလူမျိုးတို့၏ စကားမဟုတ်ချေ။ ကချင်များက မိမိကိုယ်ကို "ဂျင်းဖော" လူမျိုးဟုသာ ပြောဆိုကြ၏။ လူတစ်ယောက်ဟု အဓိပ္ပာယ်ပေါ်လွင်သည်။

တရုတ်လူမျိုးများက ကချင်ကို "ယေကျင်" "ရှန်တို" ဟူ၍ ခေါ်ကြ၏။ ထို့ပြင် အာသံပြည်တွင် စင်ဖိုးသိမ်းဖောဟုလည်း ခေါ်ကြ၏။ ရှမ်းလူမျိုးတို့က "ခန်ဂ" ဟုခေါ်ကြ၏။

ကချင်များက မိမိကိုယ်ကို
"ဂျင်းဖော" လူမျိုးဟုသာ
ပြောဆိုကြ၏။
လူတစ်ယောက်ဟု
အဓိပ္ပာယ်ပေါ်လွင်သည်။

ကချင် တိုင်းရင်းသားလူမျိုးတို့၏ အစဉ်အလာအား ဖြင့် "ဝချက်ဝ" ဟူသော ရှေးဦးဖခင်ကြီးမှ ဆင်းသက် ပေါက်ဖွားကြသည့်သားငါးဦး ကြီးစဉ်ငယ်လိုက် ထင်ရှား သော လူမျိုးအုပ်စုကြီး (၅) ခု ဖြစ်လာသည်ဟု အဆိုရှိ၏။ ၎င်းတို့မှာ (၁) မရစ် (Marip)၊ (၂) လထော် (Lahtaw)၊ (၃) လဖိုင် (Lahpai)၊ (၄) အင်ခွန် (Nhkum) နှင့် (၅) မရန် (Maran) တို့ ဖြစ်ကြသည်။

အစ်ကိုအကြီးဆုံး မရစ်အုပ်စုမှာ ဝါအရင့်ဆုံးဖြစ်ပြီး လဖိုင်အုပ်စုမှာ အင်အားအကြီးဆုံးဖြစ်၏။ ထိုလူမျိုးကြီး အုပ်စု (၅) စုသည် ရှေးယခင်က လူမျိုးချင်းရောယှက်ကာ အတူတကွ နေထိုင်ခဲ့ကြ၏။

ကချင် တိုင်းရင်းသားလူမျိုးတို့၏ ဓလေ့ထုံးစံများကို လေ့လာရာတွင် အစဉ်အလာအားဖြင့် နတ်ကို ကိုးကွယ်ကြ ၏။ ကျေးရွာများတွင် "ဒုမ်ဆ" ဆိုသော နတ်ဆရာမှာ အထူးပင် အရေးပါသောပုဂ္ဂိုလ်ဖြစ်၏။ မင်္ဂလာဆောင်ချိန် နှင့် တစ်စုံတစ်ယောက်သေဆုံး၍ သင်္ဂြိုဟ်မည့်အခါတွင် ထိုဒုမ်ဆနတ်ဆရာက ညွှန်ပြရှေ့ဆောင်ရသည်။

ကျေးရွာတိုင်းတွင် "ဆလိုင်း" ဟုခေါ်သော အရပ် လူကြီးများရှိသည်။ ဆလိုင်းကို ပေါမှိုင်းဟု အခေါ်များ သည်။ ထိုသူတို့သည် မိမိတို့ကျေးရွာအတွင်း အမှုအခင်း၊ သာရေးနာရေးကိစ္စများ၌ ရှေ့ဆောင်ညွှန်ပြကြရ၏။

ဒူးဝါးဟုခေါ်သော အကြီးအကဲများမှာ ကျေးရွာ ပေါင်း (၂၀) မှ (၁၀၀) အထိ အသီးသီး အုပ်ချုပ်ကြရ၏။

ကချင် တိုင်းရင်းသားလူမျိုးတို့၏ စာပေကို လေ့လာ ရာတွင် မူရင်းစာပေဟူ၍ မရှိကြချေ။ ခရစ်ယာန် သာသနာ ပြုပုဂ္ဂိုလ်များက ရောမအက္ခရာဖြင့် ကချင်စာကို တီထွင် ပေးခဲ့ကြသည်။ ကချင်တိုင်းရင်းသားလူမျိုးတို့သည် မိမိတို့ ဘာသာစကားဖြင့် ပြော၍မဖြစ်သော အခေါ်အဝေါ်များကို မြန်မာစကား၊ ရှမ်းစကားများဖြင့် ခေါ်ဝေါ်ကြ၏။

ကချင်တိုင်းရင်းသားလူမျိုးတို့၏ အဆိုအကနှင့် တူရိယာများကို လေ့လာရာတွင် ကခုန်ခြင်း၊ သီချင်းဆို ခြင်းများတွင် အထူးဝါသနာထုံကြ၏။ မင်္ဂလာပွဲ၊ အသုဘ၊ အခြားနတ်ပွဲများတွင် အစုလိုက်အပြုံလိုက် သီဆိုကခုန် လေ့ရှိကြ၏။ တစ်ယောက်တည်း ကပြခြင်း နည်းလှ၏။ တွဲဖက်ကခုန်ရာတွင် ယောကျ်ားနှင့်မိန်းမ တစ်ဦးနှင့် တစ်ဦး ကိုင်တွယ်ခြင်းမရှိဘဲ သားမွေးယပ်တောင်များဖြင့် ဆက်သွယ်လေ့ရှိကြ၏။

ကချင်ပြည်နယ်၌ ထင်ရှားကျော်စောလှသော ပွဲတော် ကြီးတစ်ခုမှာ "မနောပွဲ" ခေါ် နတ်ပူဇော်ပွဲကြီး ဖြစ်၏။

ကချင်တိုင်းရင်းသားလူမျိုးတို့သည် မိရိုးဖလာအား ဖြင့် မောင်း၊ လင်းကွင်း၊ ဗုံရှည်နှင့် ပြွေတူရိယာများ ကို တီးမှုတ်လေ့ရှိကြ၏။

ကချင်တိုင်းရင်းသားလူမျိုးတို့ လက်မှုပညာရပ်တွင် နီးဖြင့်ရက်လုပ်ရသော ယွန်းထည်ပစ္စည်းများ၊ တောင်း၊ ပလုံး၊ အိမ်သုံးကိရိယာများကို ခိုင်ခန့်လှပစွာ ရက်လုပ် ကြသည်။ ဓားအမျိုးမျိုး၊ လှံ၊ သေနတ်နှင့် မောင်းများကို လည်း ရှေးကာလကပင် ခိုင်ခံ့လှပအောင် လုပ်တတ်ကြ ၏။

ကြိုးတံတား၊ သစ်သားတံတား၊ ဝါးတံတားများ၊ အိမ်သာဆောက်လုပ်ခြင်း အစရှိသောလုပ်ငန်းများတွင် သေသပ်ကောင်းမွန်စွာ ဆောက်လုပ်ကြ၏။

ကချင်တိုင်းရင်းသားလူမျိုးတို့၏ အယူဝါဒမှာ သူတို့ သေလျှင် သူတို့၏ သင်္ချိုင်းပတ်ပတ်လည်တွင် ကျုံးသဖွယ် တူးမြောင်းများ တူးထားပြီး သင်္ချိုင်းအပေါ်တွင် ခိုင်ခံ့သော တင်းကုပ်များ ဆောက်လုပ်ကာ အမိုးမိုး၍ ထားတတ်ကြ ၏။ သူတို့သေပြီးနောက် သူတို့၏ဝိညာဉ်များမှာ ရှေးအဘိုး အဘွားများ၏ ဝိညာဉ်များရှိရာသို့ သွားရောက်ပူးပေါင်း ကြသည်ဟု အယူရှိကြ၏။ ကချင်တစ်ဦးသေလျှင် သူ၏ နေ့စဉ်သုံးလေ့သုံးထရှိသော ဓား၊ လှံ၊ သေနတ်နှင့် အဝတ် အစားများကို သူတို့နှင့်အတူ မြှုပ်နှံလေ့ရှိကြ၏။

ယခုအခါတွင် ဖွံ့ဖြိုးတိုးတက်နေသော မြန်မာနိုင်ငံ တော်ကြီးတွင် ကချင်တိုင်းရင်းသားလူမျိုးတို့သည် အဆင့် အတန်းမြင့်မားလာကာ ဈေး၊ စာသင်ကျောင်း၊ မြို့နယ်၊ ပြည်နယ် အုပ်ချုပ်ရေးဆိုင်ရာရုံးများ ဖွင့်လှစ်ကာ ဖွံ့ဖြိုး တိုးတက်လာခဲ့ကြ၏။

ထို့သို့ဖြင့် ကချင် တိုင်းရင်းသားလူမျိုးတို့၏ လူမှုရေး၊ ပညာရေး၊ အုပ်ချုပ်ရေးအဆင့်အတန်းများ တိုးတက်မြင့်မား လာကာ သာယာသော နိုင်ငံတော်ကြီးအဖြစ် ရပ်တည်နိုင် မည် ဖြစ်သည်။

**ကောင်းပြည့်စုံ**

# ကယား အလှမ်းဝေမှ

## ထီလာကျော်




စာရေးသူသည် ကိန္နရီ ကိန္နရာတို့ ပျော်မြူးရာ၊ တောင်ကွဲစေတီ တည်ထားကိုးကွယ်ရာ၊ လောပိတရေအား လျှပ်စစ်တည်ရှိရာ၊ ဒီးကူပွဲကျင်းပရာ ကယား၊ ဂေခိုဂေ ဘား၊ ကယန်း၊ ပဒေါင်၊ ကယော၊ ပရဲ့ အစရှိသည့် လူမျိုးစုများ စုပေါင်းနေထိုင်ရာ ကယားပြည်နယ်တွင် (၅) နှစ်တာ (၁၉၈၅–၁၉၉၀) တာဝန်ထမ်းဆောင်ခဲ့ပါသည်။ တာဝန်ထမ်းဆောင်သည်မှာ ဖရူဆိုမြို့နယ်တွင်ဖြစ်သော်လည်း တစ်ပြည်နယ်လုံး၏ အကြောင်းအရာများကို စိတ်ဝင်စားစွာ လေ့လာမှတ်သားခဲ့ဖူးပါသည်။ လေ့လာမှတ်သားမိသမျှထဲမှ အချို့အယူအဆများကို ထုတ်နုတ်ဖော်ပြသွားပါမည်။

ကယားလူမျိုးအများစုမှာ ဆီမစားပေ။ အချို့ဆိုလျှင် မမြင်ဘူးကြပေ။ ဆီစားလျှင် အမောမခံနိုင်ဟု ဆိုကြသည်။ တောင်တန်းဒေသများတွင် နေထိုင်ကြသည်မို့ တောင်တက်တောင်ဆင်းသာလျှင် များများသွားကြရသည်။ ဆီမစားသဖြင့် အသားအရေ စိုပြည်မှုနည်းသည်။ ဆီစားလျှင် အလွန်ဝသည်ဟု ဆိုကြသည်။ သူတို့လူမျိုးတွင် အဝလွန်သူ မရှိသလောက်ရှားသည်။ အလွန်အမင်း မအေးသော်လည်း နေ့စဉ်ရေချိုးရမှာ ကြောက်ကြသည်။ ဟင်းချက်ရာတွင်တော့ ဆားနှင့်ငရုတ်ကိုသာ အသုံးပြုသည်။ အသားငါးချက်လျှင်တော့ မက်ခါသီး ထောင်းထည့်လေ့ရှိသည်။ မက်ခါသီးသည် အညှီနံ့ကို ပျောက်စေသည်။ အသီးအရွက်ချက်လျှင် ကျေနေအောင် ချက်တတ်သော်လည်း အသားချက်လျှင်တော့ တစ်ပွက်ဆူဖြင့် စားတတ်ကြသည်။ အသားချက်လျှင်တော့ ထမင်းဝိုင်းတွင် ဓားတစ်ချောင်းစီ ကိုင်ထားကြသည်။ တစ်ဝါးစာ လှီးဖြတ်စားဖို့ဖြစ်သည်။

တာဝန်ကျရွာသို့ တာဝန်ထမ်းဆောင်စဉ် လမ်းတွင်ရှိသော ကျေးရွာများတွင်လည်းကောင်း၊ တာဝန်ကျကျေးရွာတွင်လည်းကောင်း စပါးကျီများအောက်တွင် ခေါင်းများကိုတွေ့ရှိသဖြင့် စပ်စုကြည့်ရာ သူတို့၏ အယူအဆတစ်ခုကို သိရပြန်သည်။ အသက် (၁၅) နှစ်ပြည့်ပြီးသူတိုင်း ကိုယ်ပိုင်ခေါင်း လုပ်ထားသည်ဟုသိရသည်။ သူတို့၏ခေါင်းမှာ နှစ်ကြာကြာအထားခံသော၊ ကွဲအက်မှုမရှိသော အမျိုးအစား သစ်ပင်ကြီးများကိုလှဲ၍ ထွင်းထားခြင်းဖြစ်သည်။ သယ်ယူပို့ဆောင်ရေး ခက်ခဲသောနေရာ (ရွာ) များဆိုလျှင် လူအားဖြင့် ခက်ခက်ခဲခဲ သယ်ယူထားကြရသည်။ အခြား၊အခြားသော လူမျိုးများ၏ အယူအဆနှင့် ကြည့်လျှင်တော့ နိမိတ်မကောင်း၊ နိမိတ်မရှိဟု ဆိုကြပေလိမ့်မည်။

တာဝန်ကျဒေသတွင် တာဝန်ထမ်းဆောင်စက ဖြစ်သည်။ မှိုများစွာ ရရှိပေသည်။ မစားချင်အဆုံး၊ မစားနိုင်တော့၍ အခြောက်ပင် လှန်းထားရသည်။ သူတို့သည် မှိုအစိုကို မည်သည့်အခါမှ မစားကြပေ။ အခြောက်လှန်းထားပြီး စပါးရိတ်သိမ်းကာ စပါးများ စပါးကျီထဲရောက်ပြီးမှသာ စားလေ့ရှိသည်။ ကာလအားဖြင့်ကြည့်လျှင် ဆောင်းနှောင်းပိုင်းနှင့် နွေရာသီတွင်မှစားကြသည်။ မေးမြန်းကြည့်သောအခါ မှိုအစိုစားလျှင် စပါးထွက်နှုန်းနည်းသည်ဟု ယူဆကြသောကြောင့်ဖြစ်သည်။လတ်လတ်ဆတ်ဆတ်စားမှ ချိုမြိန်လှသောအရသာကို သူတို့ မခံစားဖူးပေ။ မည်သည့်အခါမှလည်း ခံစားရမည်မဟုတ်။

ထိုဒေသ၌ တံမြက်စည်းလုပ်ရာတွင် အသုံးပြုသည့် မြက်ပင်တစ်မျိုး အလွန်တရာပေါများသည်။ အနှံကို အသုံးပြုသည်။ ထိုအနှံမထွက်မီ အနှံထွက်မည့်နေရာ၌ ပိုးကောင်လေးများရှိသည်။ ဤပိုးကောင်ကို တံမြက်စည်းပိုးဟု ခေါ်ကြသည်။ ဤပိုးကောင်လေးများစားရသည်ကို သူတို့ အလွန်ပင်ခုံမင်ကြသည်။ အခြားသောအစား အသောက်များကို ဝေငှစားသုံးလေ့ရှိသော်လည်း ဤတံမြက်စည်းပိုးကိုတော့ ဝေမျှစားသုံးလေ့မရှိပေ။ သို့ပေမဲ့ အလွန်ပင်ချစ်ခင်လေးစားရသော သူကိုတော့ ပေးလေ့ရှိသည်။ စာရေးသူတို့ထံ တပည့်မလေးတစ်ဦး တံမြက်စည်းပိုးကောင် လာပို့သည်။ အကောင်လေးများက ရွစိရွစိနှင့် တွေ့ရသည်။ ပြန်ယူသွားပါ ဆရာမစားဘူးဟုပြောတော့ တပည့်မလေး မျက်နှာပျက်သွားသည်။

အိမ်ရှေ့ခြံပေါက်ဝ ဘယ်ညာတွင် သစ်ခက်စိမ်းထိုးထားသည်ကို မကြာခဏ တွေ့တတ်သည်။ ထိုအိမ်သို့ လူအဝင်အထွက်မရှိ တိတ်ဆိတ်နေတတ်သည်။ အကြောင်းစုံ လေ့လာကြည့်သည့်အခါမှ သိခွင့်ရသည်။ ထိုအိမ်တွင် အသည်းအသန် (သေစေနိုင်သော) လူမမာရှိသည်။ သူစိမ်းများဝင်လျှင် လူမမာကိုပြုစားနိုင်သည်ဟု ယူဆထားကြသည်။ ထိုအိမ်သို့ မည်သူမျှမဝင်ရဟု တားမြစ်ထားသော အဓိပ္ပာယ်ဖြစ်သည်။ တားမြစ်ချက်ကို ဖောက်ဖျက်ပြီး ဝင်ခဲ့လျှင် ဝင်လာသူက အိမ်ရှင်ကို လျော်ကြေးပေးရသည်။

ကယားလူမျိုးစုသည် လူတစ်ဦးတစ်ယောက် သေဆုံးလျှင် အင်္ကျီအဝတ်အစား အသစ်ချုပ်၍ (တစ်ခါမှ မဝတ်ဖူးသေးသော အဝတ်အစားရှိလျှင်တော့ ထပ်ချုပ်ရန်မလို) လည်းကောင်း၊ စောင်အသစ်ကိုလည်းကောင်း၊ သေသူ၏ တစ်ဦးတည်းပိုင်ပစ္စည်းမှန်သမျှကိုလည်းကောင်း သင်္ဂြိုဟ်ရာတွင် ထည့်ပေးကြရသည်။ နောက်ဘဝတွင် သစ်သစ်လွင်လွင် အဝတ်အစားနှင့် အသုံးအဆောင်ပစ္စည်း

များ ရှာစရာမလိုဘဲ အဆင်သင့်အသုံးပြုနိုင်ရန်အတွက် ထည့်ပေးသည်ဟု ပြောကြသည်။

ကျေးရွာအတော်များများကတော့ စပါး၊ လူး၊ ပြောင်းဖူး၊ ပြောင်း၊ ဖရုံ၊ သခွား၊ ငရုတ်သာ စိုက်ကြသည်။ အချို့ကျေးရွာများတွင်တော့ မြေပဲပါစိုက်သည်ကို တွေ့ရသည်။ မြေပဲစိုက်ပျိုးနေသည့် ယာခင်းအနီးသို့ ရောက်ရှိလာသူ တစ်ဦးဦးမှဖြစ်စေ၊ လမ်းမှလှမ်းအော်၍ နှုတ်ဆက်စကားပြောသူဖြစ်စေ မြေပဲစိုက်နေသူသည် မည်သို့မျှစကားပြန်မပြောပေ။ အကြောင်းမှာ မြေပဲစိုက်နေစဉ် စကားပြန်ပြောမိလျှင် မြေပဲထွက်နှုန်းနည်းသည်ဟု ယူဆထားကြ၍ဖြစ်သည်။ မြေပဲမစိုက်သည့် နေရာများတွင်တော့ ဤအယူအဆနှင့်တူသော အယူအဆတစ်ခု ရှိပြန်သည်။ သားကောင်ပစ်ရန် သွားသူများသည် အိမ်က ထွက်ကတည်းက မည်သူ့ကိုမှ စကားမပြောတော့ပေ။ ပြောမိပါက သားကောင်ပျောက်ကွယ်ခြင်း (လုံးဝမတွေ့ခြင်း) တွေ့၍ပစ်လျှင်သော်မှ မထိခြင်း၊ ရန်မူတတ်သည့် သားကောင် (ကျား၊ ဝက်ဝံ) နှင့်တွေ့ရပြီး လုံးထွေးသတ်ပုတ်ရတတ်ခြင်း (အသက်ကိုရန်ရှာခြင်း) ဖြစ်တတ်သည်ဟု ယူဆထားကြသည်။

ကယားလူမျိုးတို့သည် အိမ်တစ်အိမ်မှ လူတစ်ဦးတစ်ယောက် တောထဲသို့ ဝါးခုတ်နေစဉ် ထိုအိမ်အတွင်းသို့ မည်သူမျှမဝင်ရ။ လက်ရှိအတူနေထိုင်သူသာ ဝင်ခွင့်ရသည်။ လက်ရှိ အတူနေထိုင်သူမဟုတ်ပါက မိဘ၊ ညီအစ်ကို မောင်နှမအရင်းအချာပင် မဝင်ရပေ။ အပြင်လူသည် သိသိကြီးနဲ့ဝင်သည်ဖြစ်စေ၊ မသိ၍ဝင်သည်ဖြစ်စေ ဝါးသွားခုတ်သူ ထိခိုက်ရှနာဖြစ်တတ်၍ဟု ဆိုတတ်သည်။ ထိခိုက်ရှနာမဖြစ်သည့်တိုင်အောင် စိတ်ချောက်ချားဖွယ် မြင်ကွင်းများ တွေ့နိုင်သည်။

စိုက်ပျိုးထားသော စပါးခင်း၊ ယာခင်းများအတွင်း ဝက် ဝင်ရောက်ဖျက်ဆီးခဲ့လျှင် အခင်းပိုင်ရှင်မှ သေနတ် (တူမီး) ဖြင့်ဖြစ်စေ၊ တုတ်ဖြင့်ဖြစ်စေ၊ ဓားဖြင့်ဖြစ်စေ၊ အခြား သေစေနိုင်လောက်သော အရာတစ်ခုခု ဖြင့်ဖြစ်စေ ပစ်ခတ်၍ အခင်းအတွင်းသေဆုံးလျှင် ဝက်ပိုင်ရှင်သည် တစ်ဝက်သာလျှင် ပြန်ရသည်။ ပစ်ခတ်သူက တစ်ဝက် ရရှိသည်။ ကျွဲ၊ နွားဖြစ်လျှင်မူ ပစ်ခတ်သူက တစ်ပေါင်ရသည်။ ပိုင်ရှင်က ကျန်အစိတ်အပိုင်းများသာ ရသည်။ အခင်း၏ အပြင်ရောက်မှသေလျှင်တော့ ပစ်ခတ်သူက ဘာမှမရပေ။ အခင်းအပြင်ရောက်မှ သေလျှင်တော့ အခင်းအတွင်း ပျက်စီးမှုရှိ/မရှိ သက်ဆိုင်သူများက စစ်ဆေးခွင့်ရှိသည်။ မဟုတ်ဘဲ လီဆယ်ပြောဆိုမှုမျိုးတော့ တစ်ခါတစ်ရံပင် မကြားဖူးခဲ့ပေ။

တစ်ခါကတော့ မင်္ဂလာဆောင်ဖိတ်ကြား၍ သွားဖြစ်သည်။ မင်္ဂလာဆောင်အပြင်အဆင်မျိုး မတွေ့ရ။ ဝိုင်းဖွဲ့စားသောက်နေကြသည်ကိုသာ တွေ့ရသည်။ သတို့သမီး သတို့သားဟူ၍ တန်းကနဲမသိနိုင်။ သူလိုကိုယ်လို ဝတ်စားထားကြသည်။ သတို့သား ဘယ်မှာလဲမေးကြည့်တော့ ထမင်းဝိုင်းတွင် ထိုင်စားနေသည့်ထဲမှ လူငယ်တစ်ယောက်ကိုညွှန်ပြသည်။ ဆက်လက်ပြီး သတို့သမီးမေးတော့ လက်ညိုးညွှန်ရာ ကြည့်လိုက်ပြန်တော့ သားသည်မိခင်ဖြစ်သည်။ ကလေးကို နို့တိုက်နေသည်ကိုတွေ့ရသည်။ ကလေးအမေကို ယူထားတာလားမေးတော့ ခေါင်းခါပြသည်။ အဲဒါ သူတို့နှစ်ယောက်ရဲ့ကလေးပဲဟု ဖြေသည်။ ခေါင်းရှုပ်သွားနိုင်သည်။ ခေါင်းမရှုပ်စေရန် ရှင်းပြပါအံ့။

ကယားတိုင်းရင်းသားတို့သည် မင်္ဂလာ အကြွေးဆောင်၍ရသည်။ တစ်နည်းဆိုရသော် နှစ်ဖက်မိဘများက လည်း သဘောတူ၊ တစ်ဦးနှင့်တစ်ဦးကလည်း ချစ်ခင်စုံမက်ဆိုလျှင်ဖြင့် မင်္ဂလာမဆောင်ရသေးဘဲ ပေါင်းသင်း

ကျားကို
လက်ရုံးရည်ယှဉ်ပြိုင်
အနိုင်သတ်နိုင်သူဆိုပါက
ဘုရင်တမျှ
ကိုးကွယ်ကြသည်။
နှစ်စဉ်နှစ်တိုင်း
အိမ်တိုင်းမှ
စပါးပေးလှူရပါသည်။
ပျက်ကွက်၍မရပါ။

နေထိုင်၍ ရပြီဖြစ်သည်။ သို့သော် ငွေကြေးပြည့်စုံသည့်အခါ မင်္ဂလာပြန်ဆောင်ရသည်။ တင်နေသည့်အကြွေးကို ပြန်လည်ပေးဆပ်သည့်သဘောဖြစ်သည်။ ထိုမင်္ဂလာအကြွေးကို ပြန်မဆပ်ဘဲနေ၍ ရ/မရ မေးစမ်းကြည့်ရာ ထိုဇနီးမောင်နှံသည် သားသမီးမရလျှင်တော့ နေ၍ရသည်။ တစ်ဦးဦး အသက်သေ (ကွယ်လွန်) သွားလျှင်လည်း နေ၍ရသည်။ သူတို့မှပေါက်ဖွားလာသော သားသမီးတစ်ဦးဦး မင်္ဂလာဆောင်ဖို့ရှိလာလျှင်တော့ မဖြစ်မနေဆပ်ရသည်။ ထိုအကြွေးမဆပ်ပါက အဆိုပါသားသမီးတို့ မင်္ဂလာဆောင်ခွင့်မရပေ။ အကြွေးရော လက်ငင်းပါ မရရှိပေ။

ကယားပြည်နယ်တွင် မီးလောင်သည့်ကိစ္စ ကြားရခဲလှပေသည်။ မတော်တဆများ မီးလောင်မှုဖြစ်ပွားခဲ့လျှင် မီးလောင်ခံရသည့် မိသားစုများကို မည်သည့်အိမ်ကမှ လက်မခံပေ။ အစိုးရစာသင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်း၊ အခြားဘာသာရေးအဆောက်အဦ၊ ဆေးပေးခန်းများတွင်လည်း လက်ခံတည်းခိုခွင့်မပြုရပါ။ နီးရာသစ်ပင်ကြီးကြီး တစ်ခုအောက်တွင်သာ နေ့နေရသည်။ အိမ်အသစ် ပြန်လည်ဆောက်လုပ်ရန် အသင့်ရှိသော သစ်၊ ဝါး၊ သက်ငယ်များပေးတတ်ကြသည်။ အဆင်သင့်မရှိပါက ဝိုင်းဝန်းခုတ်လှဲပေးကြသည်။ သက်ငယ်ဝိုင်းရိတ်ပေးကြသည်။

လူသေ၍ သင်္ဂြိုဟ်ရန် မြေကျင်းတူးသည့်အခါ ရွာထဲရှိ လူပျိုများထဲမှ အကြီးဆုံးက မြေကျင်းတူးရာတွင် ခေါင်းဆောင်ဖြစ်သည်။ အိမ်ထောင်သည်ယောကျ်ားများ တူးခွင့်မရှိပါ။ လူပျိုကြီးဆိုလျှင် သူတူးရသည့် မသာကျင်းက ရေတွက်နိုင်မည်မဟုတ်။ ဤအယူအဆသည် ကယားတစ်ပြည်နယ်လုံး ဟုတ်ချင်မှဟုတ်ပေလိမ့်မည်။ အစုလိုက်သောကျေးရွာများ၏ အယူအဆလည်း ဖြစ်နိုင်ပါသည်။

ကျားကို လက်ရုံးရည်ယှဉ်ပြိုင် အနိုင်သတ်နိုင်သူဆိုပါက ဘုရင်တမျှ ကိုးကွယ်ကြသည်။ နှစ်စဉ်နှစ်တိုင်း အိမ်တိုင်းမှ စပါးပေးလှူရပါသည်။ ပျက်ကွက်၍မရပါ။ သူ၏လိုအပ်ချက်ဟူသမျှကို တစ်ရွာလုံးက ဝိုင်းဝန်းလုပ်ဆောင်ပေးရပြန်သည်။ သားကောင်ပစ်၍ ရသမျှအသည်းကို သူ့အား ပေးပို့ရသည်။ ကျားနိုင်သူမရှိသည့် ရွာမှာဆိုလျှင်တော့ ပစ်သူမုဆိုးကသာ အသည်းစားခွင့်ရှိသည်။

အထက်ပါအယူအဆများသည် စာရေးသူ နေထိုင်ခဲ့သည့် (၅) နှစ်အတွင်း သိခဲ့သမျှများသာဖြစ်သည်။ မတူကွဲပြားသည့် အယူအဆများစွာ ရှိပါသေးသည်။ ကယားလူမျိုးအကြောင်း၊ ပြည်နယ်အကြောင်း ပြည့်ပြည့်စုံစုံ ရေးသားထားသော စာအုပ်များကို ရှာဖွေဖတ်ရှုဖို့ ညွှန်းပါရစေ။

အယူအဆမဟုတ်သည့် အခြားသောအကြောင်းအရာများကို ထပ်စောင်း၍ တင်ပြပါရစေ။ စပါးအရောင်းအဝယ်၊ အချေးအငှားလုပ်သည့်အခါ ပြည်၊ စိတ်၊ ခွဲ၊ တင်း၊ အိတ်တို့ဖြင့် သတ်မှတ်ရေတွက်ခြင်း မရှိပါ။ "ပုံး"ဖြင့်သာ သတ်မှတ်သည်။ လေးထောင့်သံပုံး (ဆယ်ပြည်ဝင်) ဖြင့် ချိန်တွယ်သတ်မှတ်ကြသည်။

ဝက်အရောင်းအဝယ်ပြုလုပ်သည့်အခါ အခြားသောလူမျိုးများ၌ ခန့်မှန်းခြေ ပိဿာချိန် (နှစ်ဆယ်၊ သုံးဆယ်) ထွက်နိုင်သည်မျိုးဖြင့် ကာလပေါက်ဈေးနှင့် ချင့်ချိန်၍ ဈေးစကားပြောကြသည်။ သူတို့ကတော့ ခန့်မှန်းစရာမလို။ အတိအကျတွက်ပြီးဖြစ်သည်။ ပိဿာဖြင့် တွက်သည်တော့မဟုတ်။ တစ်ဆုပ်၊ နှစ်ဆုပ် စသည်ဖြင့်ဖြစ်သည်။ တိုင်းပုံတိုင်းနည်း အတိအကျတော့ မသိရှိခဲ့ပေ။

မြေအချဉ်ကို စားကြသည်။ ကျန်းမာရေး ကောင်းသည်။ သွက်လက်သည်ဟု ပြောကြသည်။ နေရာတိုင်း၌တော့ မြေအချဉ်ရသည်မဟုတ်။ မြေအချဉ်ရှိသည့်နေရာသို့ သွားရောက်တူးဖော် သယ်ယူကြရသည်။ အချို့ဆိုလျှင် ညအိပ်ည၌နေ့နေပြီး တူးယူကြသည်။

ဝက်သား၊ အမဲသား၊ ကျွဲသားများကိုလည်း အစိတ်သား၊ ငါးဆယ်ဟူ၍ မရောင်းပေ။ အတွဲလိုက်သာ ရောင်းသည်။ တစ်ပိဿာဟုဆိုသည်။ ခန့်မှန်းခြေဖြင့် ခုတ်ထားခြင်းဖြစ်သည်။ အချို့အတွဲက ကျော်၍ အချို့က အနည်းငယ်လျော့နိုင်သည်။ တစ်တွဲလုံးမဝယ်နိုင်၊ မဝယ်လိုလျှင် ဝယ်သူစု၍ (နှစ်ဦး၊ သုံးဦး) ဝယ်ယူကြရသည်။ ရောင်းသူကတော့ ခွဲစိတ်မရောင်းပေ။

ထီလာကျော်

# တိုင်းရင်းသား ယဉ်ကျေးမှုနှင့် ရိုးရာအလှ



ပအိုဝ်းစာပေယဉ်ကျေးမှုသင်တန်း အခမ်းအနား

ခွန်ဆန်းဦး (နောင်တရား)



လီဆူတိုင်းရင်းသား မိန်းမပျိုလေးများ

ခွန်ဆန်းဦး (နောင်တရား)

# တိုင်းရင်းသား ယဉ်ကျေးမှုနှင့် ရိုးရာအလှ



ကယန်းအလှ

ခွန်ဆန်းဦး (နောင်တရား)



ပအိုဝ်းရိုးရာအလှ၊ ထမင်းစားဖိတ်ခေါ်ခြင်း

ခွန်ဆန်းဦး (နောင်တရား)



တိုင်းရင်းသူတစ်ဦး၏ အလှ

ဓာတ်ပုံ-သာနိုင်



တိုင်းရင်းသားညီနောင်များ

ဓာတ်ပုံ-သာနိုင်

# မြောက်ဦးခေတ်တွင် ပေါ်ထွန်းခဲ့သော သင်္ချာပညာနှင့် ဂမ္ဘီရပညာရှင် ဦးမြဝါ

မေဦးသိန်းညွန့်



ရှစ်သောင်းပုထိုးတော်ကြီး လှိုဏ်နံရံမှ ဦးမြဝါပုံတူရုပ်ကြွပုံ

ကမ္ဘာ့သမိုင်းတွင် သင်္ချာပညာရှင်များစွာ ပေါ်ထွန်းခဲ့ပါသည်။ ဂျာမဏီနိုင်ငံတွင် အဲလ်ဘရက်ဂျူရာ (AL Brecht Durer) (အေဒီ ၁၄၇၁-၁၅၂၈)၊ တခြားဥရောပနိုင်ငံများတွင် ဘွိုင်လာ (Buler) (အေဒီ ၁၇၁၇-၁၇၈၃)၊ လာပလာ (Pierir Laplaea) (အေဒီ ၁၇၄၉-၁၈၂၇) နှင့် ဂါလွာ (Galois) (အေဒီ ၁၈၁၀-၁၈၃၂) စသည်တို့ ဖြစ်ကြသည်။

ထိုသူတို့ စီရင်ခဲ့သော သင်္ချာသီအိုရီများထက် သာလွန်ထူးဆန်းသည့် သင်္ချာသီအိုရီအင်းတစ်ချပ်ကို စီရင်ခဲ့သော သင်္ချာပညာရှင်လည်းဖြစ်၊ ဂမ္ဘီရပညာရှင်လည်းဖြစ်သူ တစ်ဦးလည်း မြန်မာနိုင်ငံ၏ ရခိုင်သမိုင်းတွင် ပေါ်ထွန်းခဲ့ပါသေးသည်။ ထိုပညာရှင်မှာ ရခိုင်သမိုင်း မြောက်ဦးခေတ် မြောက်ဦးနန်းတော်ဖွား ဦးမြဝါ (အေဒီ ၁၄၉၂-၁၅၃၇) ဆိုသူ ပုဂ္ဂိုလ်ထူးဖြစ်ပေသည်။

ဦးမြဝါသည် မြတ်စွာဘုရားရှင် နှစ်ဦးဘဝများက ကျင်လည်ခဲ့သော ဘဝပေါင်းများစွာတို့အနက် ဘေးအန္တရာယ် လုံးဝမကျရောက်ခဲ့သော နှစ်ဦး ၁၃၆ ဘဝကို ထုတ်နှုတ်၍ တူရာတူရာဘဝများကို ပေါင်းစည်းပြီး ဖြစ်တော်စဉ်အန္တရာယ်ကင်း၊ ရန်ကင်း ဘုရားရှိခိုးကို ပါဠိဖြင့် တစ်မျိုး လင်္ကာဖြင့်တစ်ဖုံ ဖွဲ့ဆိုခဲ့သည်။

ပါဠိဂါထာ

သောဠသပဠမံကုဠံ၊ နဝဟံသာ တထေဝစ။
ပါရေဝတာဆဠဋ္ဌေ၊ သုဝတာတရိမေဝစ။
ပဋ္ဌကရဝိကဋ္ဌေ၊ စတုကိန္နရမေဝစ။
ပဋ္ဌဒသစာမရိစေဝ၊ ဒဋ္ဌမက္ကဋ္ဋမေဝစ။
ဧကာ ဒသဟတ္ထိကဋ္ဌ၊ စတုဒ္ဒသဥသဘမယံ။
သီန္ဓဝံဧကဝါရဋ္ဌ၊ မဟိံသာဆဋ္ဌမေဝစ။
မယုရာစမ္ဗကဋ္ဌေ၊ သာဋ္ဌိကာသတ္တမေဝစ။
ဒွာဒသကုက္ကုဋ္ဋဋ္ဌေ၊ တယောဒသသူကရာနံ။
ဆတ္ထိံသ သတေဇာတာနိ၊ မရဏဒုက္ခာပမုဋ္ဌတော်။
တထေဝါဟံသုခံပတ္တော၊ မုတ္တောမရဏမေဝစ။

## မြန်မာပြန်ဘုရားရှိခိုးခြင်း

သြကာသ သြကာသ သြကာသ၊ ဗုဒ္ဓကုရ၊ ကောင်းမြတ်လှသည်၊ အစကြိုးကြာ၊ ဆယ့်ခြောက်ခါနှင့်၊ ဟင်္သာကိုးဖြစ်၊ ခြောက်ဖြစ်ကားခို၊ ကျေးညိုသုံးခါ၊ သံသာကျူးဟိတ်၊ ကရဝိတ်ငါး၊ လေးကားကိန္နရာ၊ စာမရီဆယ့်ငါး၊ မျောက်ကားတစ်ဆယ်၊ ဆင်ဝယ်ဆယ့်တစ်၊ နွားဖြစ်ဆယ့်လေး၊ ဧကေသိန္ဓဝ၊ ကျွဲအဋ္ဌနှင့် သံမြသာညောင်း၊ ဥဒေါင်းနှစ်ခါ၊ သာလိကာသတ္တ၊ ဒွာဒသကြက်၊ ဝက်တစ်ဆယ့်သုံး၊ ပေါင်းရုံးများစွာ၊ တစ်ရာသုံးဆယ်၊ ခြောက်ဖြစ်ဝယ်ကို၊ အန္တရာယ်မရှိ၊ ဘေးမထိသည့်၊ မုနိမြတ်လောင်း၊ ဖြစ်တော်ပေါင်းဟု၊ အောက်မေ့သဒ္ဒါ၊ ကြည်ညိုစွာဖြင့်၊ ခါခါမြတ်နိုး၊ လက်စုံမိုး၍၊ ရှိခိုးကန်တော့ပါ၏၊ အရှင်ဘုရား။

ဤဘုရားရှိခိုးကို အစဉ်ရွတ်ဆို ဘုရားရှိခိုးလျှင် ဘေးအန္တရာယ် ရန်အသွယ်သွယ် ကင်းရှင်းသည်ဟု ယုံကြည်ကြလျက်၊ လူတို့ ယနေ့တိုင် ရွတ်ဆိုဘုရား ရှိခိုးလျက်ရှိကြသည်။

ဦးမြဝါသည် ဤဘုရားရှိခိုးလင်္ကာတွင်ပါရှိသော ဗုဒ္ဓ၏ နစဉ်ဘဝများကို သင်္ချာပညာနှင့် ဂမ္ဘီရပညာတို့ဖြင့်ပေါင်းစပ်ပြီး အင်းဆံတစ်ချပ်စီရင်ခဲ့သည်။ ဤအင်းကို မဟာမင်္ဂလာအင်းဟု ခေါ်တွင်သည်။ ဤအင်းချပ်၏ အင်းကွက်တိုင်းတွင် ဘေးအန္တရာယ်၊ ရန်စွယ်များကို ကင်းရှင်းစေသော မြတ်စွာဘုရား၏ တန်ခိုးဣဒ္ဓိပါတ်တော်များပါရှိသည်ဟု အားလုံးက ယုံကြည်ကြသည်။

ဦးမြဝါသည် မဟာမင်္ဂလာအင်းချပ်ဖြင့် သင်္ချာသီအိုရီ တစ်ခုကို ဖော်ထုတ်ခဲ့ခြင်းလည်း ဖြစ်ပေသည်။ မဟာမင်္ဂလာအင်းကို သင်္ချာသီအိုရီအင်း ဗုဒ္ဓ၏ အန္တရာယ်ကင်းရန်ကင်းဖြစ်တော်စဉ် ဘုရားရှိခိုးအင်း၊ ဂမ္ဘီရအင်း၊ ကမ္ဘာ့အံ့ဖွယ်စတုရန်း (Magic Square) အင်းကွက် စသည်ဖြင့် ခေါ်ဆို၍ရပါသည်။

### ဦးမြဝါစီရင်ခဲ့သော မဟာမင်္ဂလာအင်း

ဤအင်းကို (၁) မှ (၁၆) ထိ ဂဏန်းများဖြင့် ၄ ကွက် ပတ်လည်စတုရန်းကွက်ပုံ ရေးဆွဲထားပါသည်။

**ဦးမြဝါ အင်းချပ်**

| | | | |
|---|---|---|---|
| ၁၆ | ၉ | ၆ | ၃ |
| ၅ | ၄ | ၁၅ | ၁၀ |
| ၁၁ | ၁၄ | ၁ | ၈ |
| ၂ | ၇ | ၁၂ | ၁၃ |

ဤမဟာမင်္ဂလာအင်းချပ်၏ ဂုဏ်သတ္တိများမှာ -

(၁) ဒေါင်လိုက်ဂဏန်း (၄) လုံးစီပေါင်းလဒ် = ၃၄

(၂) အလျားလိုက်ဂဏန်း (၄) လုံးစီပေါင်းလဒ်= ၃၄

(၃) ဒေါင့်ဖြတ်အလိုက်ဂဏန်း (၄) လုံးစီ ပေါင်းလဒ် = ၃၄

(၄) ၂ ကွက်ပတ်လည် (၄) စိတ်တစ်စိတ်စီ၏ ပေါင်းလဒ် = ၃၄

(၅) အလယ်ဗဟိုတွင်ရှိသော ဂဏန်း (၄) လုံး ပေါင်းလဒ် = ၃၄

(၆) ဦးမြဝါ၏ မဟာမဏ္ဍလအင်းပုံတူ (၂) ချပ်ကို အောက်ဖော်ပြပါအတိုင်း ဘေးတိုက်ဆက်စပ်ကြည့် သော်လည်းကောင်း၊

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁၆ | ၉ | ၆ | ၃ | ၁၆ | ၉ | ၆ | ၃ |
| ၅ | ၄ | ၁၅ | ၁၀ | ၅ | ၄ | ၁၅ | ၁၀ |
| ၁၁ | ၁၄ | ၁ | ၈ | ၁၁ | ၁၄ | ၁ | ၈ |
| ၂ | ၇ | ၁၂ | ၁၃ | ၂ | ၇ | ၁၂ | ၁၃ |

(၇) အောက်ဖော်ပြပါအတိုင်း ဒေါင်လိုက်ဆက်စပ် ကြည့်သော်လည်းကောင်း

| | | | |
|---|---|---|---|
| ၁၆ | ၉ | ၆ | ၃ |
| ၅ | ၄ | ၁၅ | ၁၀ |
| ၁၁ | ၁၄ | ၁ | ၈ |
| ၂ | ၇ | ၁၂ | ၁၃ |
| ၁၆ | ၉ | ၆ | ၃ |
| ၅ | ၄ | ၁၅ | ၁၀ |
| ၁၁ | ၁၄ | ၁ | ၈ |
| ၂ | ၇ | ၁၂ | ၁၃ |

(၈) အောက်ဖော်ပြပါကဲ့သို့ ပုံတူအင်း ၄ ချပ်ကို စတုရန်း ပုံဖြစ်အောင် ဆက်စပ်ကြည့်သော်လည်းကောင်း

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁၆ | ၉ | ၆ | ၃ | ၁၆ | ၉ | ၆ | ၃ |
| ၅ | ၄ | ၁၅ | ၁၀ | ၅ | ၄ | ၁၅ | ၁၀ |
| ၁၁ | ၁၄ | ၁ | ၈ | ၁၁ | ၁၄ | ၁ | ၈ |
| ၂ | ၇ | ၁၂ | ၁၃ | ၂ | ၇ | ၁၂ | ၁၃ |
| ၁၆ | ၉ | ၆ | ၃ | ၁၆ | ၉ | ၆ | ၃ |
| ၅ | ၄ | ၁၅ | ၁၀ | ၅ | ၄ | ၁၅ | ၁၀ |
| ၁၁ | ၁၄ | ၁ | ၈ | ၁၁ | ၁၄ | ၁ | ၈ |
| ၂ | ၇ | ၁၂ | ၁၃ | ၂ | ၇ | ၁၂ | ၁၃ |

မည်သည့် ၂ ကွက်ပတ်လည်ရှိ ၄ ကွက်တိုင်၏ ပေါင်းလဒ်သည် ၃၄ ပင်ဖြစ်သည်။

(၉) ဤအင်း ၄ ချပ်ပေါင်းမှ ပေါင်းလဒ် ၃၄ ရသော ၄ ကွက်ပတ်လည်အင်း ၁၅ မျိုးကိုလည်း (Magic Square) အင်းကွက် စသည်ဖြင့် ခေါ်ဆို၍ ရပါ သည်။ ဥပမာ -

| | | | |
|---|---|---|---|
| ၈ | ၁၁ | ၁၄ | ၁ |
| ၁၃ | ၂ | ၇ | ၁၂ |
| ၃ | ၁၆ | ၉ | ၆ |
| ၁၀ | ၅ | ၄ | ၁၅ |

နမူနာ -၁

| | | | |
|---|---|---|---|
| ၉ | ၆ | ၃ | ၁၆ |
| ၄ | ၁၅ | ၁၀ | ၅ |
| ၁၄ | ၁ | ၈ | ၁၁ |
| ၇ | ၁၂ | ၁၃ | ၂ |

နမူနာ - ၂

## အဲလ်ဘရက်ဂျူရာ၏ ကမ္ဘာ့အံ့ဖွယ် စတုရန်းအင်းကွက် (Magic Square)

ဦးမြဝါနှင့် ခေတ်ပြိုင်ပေါ်ထွန်းခဲ့သော ဂျာမဏီနိုင်ငံမှ သင်္ချာပညာရှင် အဲလ်ဘရက်ဂျူရာသည်လည်း ဦးမြဝါကဲ့သို့ (၁) မှ (၁၆) အထိ ဂဏန်းများကို အသုံးပြု၍ အောက်၌ဖော်ပြပါ ကမ္ဘာ့အံ့ဖွယ်စတုရန်းကွက် (Magic Square) အင်းတစ်ချပ်ကို အေဒီ ၁၅၁၄ တွင် စီရင်ရေးဆွဲနိုင်ခဲ့သည်။

ဂျူရာအင်းချပ်

| | | | |
|---|---|---|---|
| ၁၆ | ၃ | ၂ | ၁၃ |
| ၅ | ၁၀ | ၁၁ | ၈ |
| ၉ | ၆ | ၇ | ၁၂ |
| ၄ | ၁၅ | ၁၄ | ၁ |

ဂျူရာသည် ဤအင်းချပ်ကို သူရေးဆွဲခဲ့သော "Malalcholla" (ခေါ်) "စိတ်ညစ်စရာ" အမည်ရှိသော ပန်းချီကားထဲတွင် ထည့်သွင်းရေးဆွဲခဲ့ခြင်းဖြစ်သည်။

ဂျူရာ၏အင်းချပ်သည် ဦးမြဝါအင်းချပ်၏ ဂုဏ်သတ္တိ ၉ မျိုးအနက် (၁) မှ (၅) အထိ ဂုဏ်သတ္တိ ၅ မျိုး ဖြင့်သာ ပြည့်စုံပြီး (၆) မှ (၉) အထိ ဂုဏ်သတ္တိမပါရှိပါ။



အဲလ်ဘရက်ဂျူရာ၏ စိတ်ညစ်စရာအမည် ပန်းချီကားချပ်ပုံ

ထို့ပြင် ဂျူရာ၏အင်းချပ်သည် သင်္ချာသီအိုရီတစ် သာ ဖြစ်ပေသည်။ ဦးမြဝါ၏ အင်းချပ်ကဲ့သို့ မြတ် ၏ တန်ခိုးကုဒ္ဓိပါတ် မပါရှိပါ။ သို့သော် ဂျူရာသည် ကမ္ဘာ့သင်္ချာပညာရှင် စာရင်းဝင်ခဲ့ပြီး ဂျူရာ၏ အင်းသည် လည်း ကမ္ဘာ့ (Magic Square) စာရင်းဝင်ခဲ့ပါသည်

ဂျူရာ၏ အင်းထက် ဂုဏ်သတ္တိများ သာလွန်ထူး ဆန်းသော ကမ္ဘာ့အံ့ဖွယ်စတုရန်း (Magic Square) အင်းကို တီထွင်ခဲ့သူ ဦးမြဝါသည် ကမ္ဘာ့သင်္ချာပညာရှင် မှတ်တမ်း မဝင်သေးပါ။ ဦးမြဝါ၏ မဟာမဏ္ဍလအင်းချ သည်လည်း ကမ္ဘာ့အံ့ဖွယ်စတုရန်းမှတ်တမ်း မဝင်သေးပါ ဤသို့မဝင်ခြင်းမှာ ဦးမြဝါနှင့် မဟာမဏ္ဍလအင်းကို ကမ္ဘာ က မသိသေး၍သာ ဖြစ်ပေသည်။ ကမ္ဘာကသိအောင် ကျွန်ုပ်တို့ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြမည်ဆိုပါက မဝင်နိုင်စရာအကြောင်း မရှိပါ။

ဦးမြဝါသည် လောကသုံးပါးဖြစ်ပေါ်လာပုံ မူလ ဇာတ်ရင်းအင်းတစ်ချပ်ကိုလည်း ဖော်ထုတ်စီရင်ခဲ့ပါသေး သည်။

| | | | |
|---|---|---|---|
| ၁ | ၂ | ၃ | ၄ |
| ၈ | ၇ | ၆ | ၅ |
| ၉ | ၉ | ၉ | ၉ |

- အဖိုဓာတ် ဥတ္တရယဉ်၊ နေစက်ဝန်း (+)
- အမဓါတ် ဒက္ခိဏယဉ်၊ လစက်ဝန်း (-)
- ကြင်း ၃၆၊ ၃ + ၆ = ၉

ဦးမြဝါသည် သချာပညာရှင်တစ်ဦးသာ မဟုတ်၊ ဂမ္ဘီရပညာရှင်တစ်ဦးလည်း ဖြစ်ပေသည်။ သူသည် ရသေ့ (တာပသ) အဖြစ် ခံယူထားရှိသောကြောင့် သျှင်ငယ်မြဝါ၊ သျှင်မြဝါဟုလည်း သူ့အား ခေါ်ဝေါ်ကြသည်။ သူသည် ဗေဒင်ယတြာနှင့် အင်းအိုင်မန္တာန်၊ လက်ဖွဲ့ ဓာတ်ပြောင်း၊ ဓာတ်ခွာ၊ ဓာတ်ရိုက်၊ ဓာတ်ဆင်၊ ဓာတ်ဆွဲ၊ ဓာတ်ငင်၊ ဓာတ်ပြေစသော လောကီပညာရပ်အရာများတွင် အလွန်ကျွမ်းကျင်သည်။

ဦးမြဝါအား စိုင်တင်စား မဟာနန္ဒသကြိန်နှင့် မင်းသမီးဖေယျခေမာတို့က ကောဇာသက္ကရာဇ် ၈၅၄ (အေဒီ ၁၄၉၂)၊ ဝါဆိုလပြည့် ကြာသပတေးနေ့တွင် မြောက်ဦးနန်းတော်၌ ဖွားမြင်ခဲ့သည်။ မိဘနှစ်ဦးလုံး တော်ဝင်နန်းသွေးများဖြစ်ပြီး၊ ရခိုင်ဘုရင် မင်းဘကြီး၏မိခင်စောနန္ဒီနှင့် ဦးမြဝါ၏မိခင် ဖေယျခေမာတို့မှာ ညီအစ်မအရင်းအချာများ ဖြစ်ကြသည်။

ဦးမြဝါ၏ အတ္ထုပ္ပတ္တိကို နန်းတွင်းလင်္ကာ၌ ဖွဲ့ဆိုရာတွင် -

လူလည်းမမည်၊ ရှင်လည်းမဟုတ်၊ ဦးထုပ်သရပတ်၊ ဒေါက်ချာစွပ်၍ ကိုယ်ဝတ်သင်းပိုင်၊ ပုတီးကိုင်လျက်၊ ဖီးနိုင်ဉာဏ၊ ပညာ့အစွမ်း၊ လွှမ်းထက်လွှမ်း၍၊ ရဟန်းအသွင်၊ ကြည့်ပြန်လျှင်ကား၊ ဖျားလျှားဆံကျစ်၊ ညာရစ်ထိပ်တင်၊ လည်တွင်ပုတီး၊ မုဆီးဘရမ်း၊ ပြွန်းသမ်းသမ်းနှင့်၊ တခန်းတဖုံ၊ မြင်ရတုံရှင့်၊ ခြေခုံဖဝါး၊ စီးထားဖိနပ်၊ ချပ်ကရပ်လျှင်၊ အထက်ခုနစ်လွှာ၊ မိုးပြာမိုးမဲ၊ မြေစရဲဖြင့် ရစ်မြဲသုံးခေါက်၊ ဝတ်တုံမြောက်၏။ ကိုယ်ယောက်ပုဆိုး၊ သင်္ကန်းမျိုးကား၊ နက်ပြာတိမ်ရောင်၊ စွန်းဆောင်ဖန်ရည်၊ လွှမ်းလျက်ပေတည်း၊ မထေရ်မြတ်မှ၊ တပသသည်၊ နန်းမ,အလယ်ဖွားသတည်း။

မောင်မြဝါသည် ငယ်စဉ်က တစ်ဝမ်းကွဲညီ ဘစောသီရိ (မင်းဘာဘုရင်)၊ မြတ်သာထွန်း (မဟာပညာကျော် အမတ်) တို့နှင့်အတူ မြောက်ဦးမြို့ တောင်ညိုကျောင်းတိုက် အရှင်အဂ္ဂစိန္တေယျထံ၊ အသက် ၁၆ နှစ်အထိ ပညာသင်ကြားခဲ့သည်။ ထို့နောက် သူတို့ဖွားဘက်တော် ၃ ဦးသည် အိန္ဒိယပြည်၊ ဗာရာဏသီမြို့သို့ တက္ကသိုလ်ပညာသင်ကြားရန် ထွက်ခွာခဲ့ကြသည်။ ဘစောသီရိသည် တိုင်းပြည်အုပ်ချုပ် စီမံခန့်ခွဲမှုဘာသာနှင့် စစ်ရေးပညာတို့ကို အဓိကထားသင်ယူပြီး မြတ်သာထွန်းသည် တရားစီရင်ရေးပညာနှင့် ဓမ္မသတ်ကျမ်း၊ စစ်ရေးပညာတို့ကို အဓိကထားလျက် ၃ နှစ်ကြာ သင်ယူခဲ့ကြပြီး၊ မြောက်ဦးမြို့တော်သို့ ပြန်ခဲ့ကြသည်။

မောင်မြဝါမှာမူ သုံ့ဝါသနာအလျောက် ဗာရာဏသီမြို့အနီးရှိ မိဂဒါဝုန်တောင်၌ သီရိဗိသနိုးရသေ့ထံ ဂမ္ဘီရပညာမျိုးစုံကို ရသေ့အသွင်ဖြင့် ၂၃ နှစ်ကြာ သင်ကြားနေထိုင်ခဲ့သည်။

ဦးမြဝါ မြောက်ဦးမြို့တော်သို့ ပြန်လည်ရောက်ရှိသောအခါ ဘစောသီရိသည် မင်းဘာဘုရင်အဖြစ် နန်းစံနှင့်လေပြီ။ မြတ်သာထွန်းလည်း မင်းတိုင်ပင်အမတ် မဟာပညာကျော်အဖြစ် မင်းမှုထမ်းနှင့်လေပြီ။

ဦးမြဝါသည် တောင်ညိုကျောင်းတိုက်တွင် နေထိုင်ကာ အနီးရှိ သာရပဗ္ဗတတောင်တွင် ကျောက်ဂူခေါင်းထွင်းပြီး တရားကျင့်ခဲ့သည်။ ထိုဂူခေါင်းကို ဦးမြဝါ တရားကျင့်ဂူဟု ယနေ့တိုင် ခေါ်ဆိုကြသည်။

မြောက်ဦးမြို့ သျှစ်သောင်းပုထိုးတော်ကြီး (ခေါ်) ရန်အောင်ဇေယျပုထိုးတော်ကြီးကို မင်းဘာဘုရင် တည်ထားစဉ်က ဦးမြဝါသည် ပန်းရံသမားတစ်ထောင်ကို ဦးဆောင်၍ ယဉ်ကျေးမှုအမွေအနှစ်အနုလက်ရာ မြောက်မြားစွာဖြင့် ဆင်ယင်ထုလုပ်ကာ တာဝန်ယူ ကြီးကြပ်တည်ဆောက်ပေးခဲ့သည်။ ထိုပုထိုးကြီးကို ပန္နက်ရိုက်စဉ်က ဦးမြဝါသည် "အပြည်ပြည်ကို သျှင်ငယ်ရစ်ဝန်း၊ အေးမှုထမ်း" ဟု အပြည်ပြည်မှ လူသားများအား သူ၏မေတ္တာ

ခတ်ဖြင့် ရစ်ဝန်းကာ အေးချမ်းစေသောအမှုကို ထမ်းဆောင်နေပါသည်ဟု ဥဒါန်းကျူးခဲ့လေသည်။

၎င်းပြင် ဦးမြဝါသည် မြတ်ဗုဒ္ဓ၏ ဘေးအန္တရာယ်ကင်း ရန်ကင်း ဘုရားရှိခိုးအလင်္ကာပါ နုစဉ်ဖြစ်တော်ပေါင်း ၁၃၆ ဘဝကို သျှစ်သောင်းပုထိုးတော်ကြီး၏ စတုတ္ထလိုဏ်ထပ် တောင်ဘက်အုတ်နံရံ၌ ရုပ်ကြွများ ထုလုပ်၍ သရုပ်ဖော်ပူဇော်ထားရှိခဲ့သည်။

မြောက်ဦးမြို့တော်ကြီးကို မင်းဘာဘုရင် အဆင့်မြင့်တည်ဆောက်ခဲ့စဉ်က ဦးမြဝါသည် မြို့တော်၏ အကာအကွယ်အဖြစ် အကာကြီးတစ်ရာ၊ အကာငယ်တစ်ထောင်နှင့် နတ်ရုစ်ရုပ်တို့ကို စီမံပြုလုပ်သည်။ မဟာပညာကျော်ဆရာတော် အဂ္ဂစိန္တေယျတို့နှင့် တိုင်ပင်ပြီးလျှင် ဦးမြဝါကိုယ်တိုင် ရွှေဗျည်းခမ္ဘသတ်ကျမ်းကြီးကို ပြုစုသည်။ ထို့ပြင် သူတတ်ကျွမ်းသော ဂမ္ဘီရပညာဖြင့် နမန္တာခတ်ကျမ်း (ခေါ်) ယတြာကျမ်းတို့ကိုလည်း ပြုစုခဲ့သည်။ ၎င်းကျမ်းမှာ ခတ်ဆွဲ၊ ခတ်ငင်၊ ခတ်ရိုက်၊ ခတ်ဆင်၊ ခတ်ပြောင်း၊ ခတ်ခွာ၊ ခတ်ပြေ စသည့် လောကီပညာရပ်တို့ကို ပြုစုထားခြင်းဖြစ်သည်။

ဦးမြဝါသည် မြောက်ဦးမြို့တော်ကို မင်းဘာကြီး အဆင့်မြင့်တည်ဆောက်ခဲ့စဉ်က မြို့သက်အစွန့်ရှည်စေလိုသောဆန္ဒမွန်ဖြင့် မင်းဘာဘုရင်၏ နံသင့်အရပ်၌ မြို့ချာတိုင်စိုက်ထူသည်။ ထိုစဉ် ကြာသပတေးသားတစ်ဦး၏ အသက်ကို စတေးရမည်ဖြစ်ရာ တခြားသူတစ်ဦး၏ အသက်ကို မသတ်လိုသော ဆန္ဒဖြင့်လည်းကောင်း၊ မိမိသည်ပင်လျှင် ကြာသပတေးသားဖြစ်၍လည်းကောင်း မိမိ၏ဝမ်းဗိုက်ကို ဓားဖြင့်ခွဲ၍ အူကိုထုတ်ကာ မြို့ချာတိုင်တွင် ရစ်ပတ်လိုက်ပြီး လဲကျသေဆုံးသွားလေသည်။

ဤသို့မပြုလုပ်မီ ဦးမြဝါသည် မိမိလဲကျသေဆုံးသွားသောနေရာတွင်ပင် မိမိအလောင်းကို မြှုပ်နှံသင်္ဂြိုဟ်ပေးရန် မှာကြားခဲ့လေသည်။ ဤသို့ဖြင့် ဦးမြဝါသည် သက်တော် ၄၅ နှစ်၊ ကောဇာသက္ကရာဇ် ၈၉၉ (အေဒီ ၁၅၃၇) တွင် ကွယ်လွန်လေသည်။

မင်းဘာဘုရင်သည် ယူကျုံးမရစွာဖြင့် ဖွားဘက်တော်လည်းဖြစ်၊ နောင်တော်လည်းဖြစ်၊ မင်းဆရာလည်းဖြစ်၊ မိမိနှင့် ရခိုင်လူမျိုးတို့အတွက် မိမိတိုင်းပြည်အတွက် အသက်ပေးစတေးခဲ့သူ ရခိုင့်အာဇာနည်လည်းဖြစ်သော ကျေးဇူးရှင် ဦးမြဝါအား အခမ်းအနားဖြင့် မီးသင်္ဂြိုဟ်ကာ အရိုးဂူကို မြောက်ဦးမြို့ ဘုရားပေါင်းတောင်စွယ်တွင် တည်ထားပေးသည်။ ထိုအရိုးဂူပေါ်တွင် ယခုအခါ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူ တည်ထားရှိသည်။

မင်းဘာဘုရင်ကြီးသည် ဦးမြဝါတွင်ကျန်ရစ်ခဲ့သော ပစ္စည်းများကိုဌာပနာ၍ ဦးမြဝါအတွက် ရရှိသော အလှူငွေများဖြင့် ဦးမြဝါအား ရည်စူးပြီး နောင်သံသရာတွင် ဦးမြဝါအား အေးချမ်းစေလိုသော ဆန္ဒမွန်ဖြင့် သျှင်မြဝါ အေးစေတီကို ဦးမြဝါအရိုးဂူ၏ မြောက်ဘက်တောင်တန်းတွင် တည်ထားခဲ့သည်။ ထိုတောင်ကို ယနေ့တိုင် မြဝါတောင်ဟုခေါ်ကြသည်။



သျှင်မြဝါအေးစေတီ

ယခုအခါ ဦးမြဝါ လဲကျသေဆုံးခဲ့သော မြို့ချာတိုင်အနီးတွင် ဦးမြဝါ တရားအားထုတ်နေပုံ ကျောက်ဆစ်ရုပ်တုနှင့် ဦးမြဝါ၏ မဟာမဏ္ဍလအင်းချပ်တို့အား စိုက်ထူထားရှိသည်ကို ရောက်ဖူးသူတိုင်း တွေ့မြင်ကြရသည်။

မေဦးသိန်းညွန့်

ကျမ်းကိုး


၁။ ရခိုင့်အာဇာနည် သျှင်မြဝါ အတ္ထုပ္ပတ္တိ (ဦးကျော်ကျော်လှ)

၂။ ဖြစ်တော်ပေါင်းရုပ်တုများနှင့် သချာအမြင် (သချာဆရာတစ်ဦး) (မြောက်ဦးမဂ္ဂဇင်း)

၃။ မြန်မာနိုင်ငံမှ သချာအတွေးအခေါ်ပညာရှင် ဦးမြဝါ (အေးသိန်း) (လှိုင်မဂ္ဂဇင်း)

၄။ ဂိမ်းသီအိုရီနှင့် သချာအတွေးအခေါ်သမိုင်း (ဒေါက်တာ ခင်မောင်ဝင်း)




ဂေါယာမြေ-စောဝင်း



ရခိုင်ပုံပြင်သမိုင်းတွင် ပျင်းထွေဆိုသည်မှာ မပါမပြီးသည့် အဓိကဇာတ်ကောင်တစ်ကောင် ဖြစ်ပါသည်။ ရခိုင်ပုံပြင်ကိုပြောလျှင် ပျင်းထွေကို လုံးဝချန်လှပ်ထားခဲ့၍မရပေ။ ပျင်းထွေမပါလျှင် ရခိုင်ဝတ္ထု၏ ဂုဏ်အင်္ဂါ မမြောက်ဟူ၍ပင် ပြော၍ရပါသည်။

ပျင်းထွေနှင့် ပတ်သက်သော ပုံပြင်မှာ အများကြီး ရှိပါသည်။ တစ်ပုဒ်နှင့်တစ်ပုဒ် ပုံပြင်ဟန် ဇာတ်လမ်း ဇာတ်ကွက် မတူကြပေ။ သီးခြားတစ်ပုဒ်စီအဖြစ် တည်ရှိပါသည်။ ပျင်းထွေပုံပြင်များဟူ၍ စီးရီးသီးသန့်တစ်အုပ် ထုတ်ဝေ၍ ရနိုင်ပါသည်။

ငပျင်းထွေ၏ မူရင်းအသံထွက်မှာ (ငပျင်းယေ) သာဖြစ်ပါသည်။ ရခိုင်၌ လူပျိုလူရွယ်တို့ကို လူကြီးသူမတို့က "မောင်ယေ" ဟူ၍ (ယေ) အသုံးဖြင့်သာ ခေါ်ကြပါသည်။ သို့ဖြင့် ပျင်းရိသောသူ၊ လူပျိုလူရွယ် ဖြစ်သဖြင့် "ငပျင်းယေ" ဟူ၍ပင် ခေါ်ဝေါ်ရခြင်းဖြစ်ပါသည်။ ယနေ့ယခု အသုံးတွင်လာသည့်ငပျင်းထွေမှာ (ငပျင်းယေ) မှရွေ့လျားလာသည့် အသုံးစကားဖြစ်ပါသည်။ ထို့ကြောင့် ငပျင်းယေပဲသုံးသုံး၊ ငပျင်းထွေပဲသုံးသုံး အတူတူပင်ဖြစ်ပါသည်။

ဟိုးရှေးရှေးတုန်းက တောရွာတစ်ရွာ၌ မုဆိုးမတစ်ဦးတွင် အလွန်ပျင်းရိသော သားယောကျ်ားလေးတစ်ယောက်ရှိလေ၏။ အရွယ်ရောက်ပြီးဖြစ်သော်လည်း မည်သည့်အလုပ်ကိုမှ မည်မည်ရရမလုပ်ဘဲ တစ်နေကုန် အိပ်စက်နေခြင်းဖြင့်သာလျှင် အချိန်ကုန်နေ၏။ ထို့ကြောင့် သူ့အားတစ်ရွာလုံးက "ငပျင်းယေ"ဟု ခေါ်ကြလေ၏။

မိခင်မုဆိုးမဖြစ်သူမှာ အိမ်တကာလျှောက်လှည့်ပြီး မောင်းနင်း၊ ဆန်ဖွပ်၊ ရေခပ်၊ ထင်းခွဲ၊ အဝတ်လျှော် စသည့်အလုပ်ကြမ်းများကို လုပ်ကိုင်ရ၏။ အလုပ်လုပ်၍ရသော၊ သနားသဖြင့် ပေးကမ်းကြသော အခငွေကြေးကလေးဖြင့် ခြိုးခြံစွာ စားသောက်နေထိုင်ရလေ၏။

သူဆင်းရဲမတစ်ဦးအနေဖြင့် ထိုသို့ ပင်ပန်းကြီးစွာ လုပ်ကိုင်စားသောက်နေရသည်ကို မကြည့်ရက်နိုင်ကြသော ရပ်သူရွာသားတို့က ငပျင်းယေအား အလုပ်တစ်ခုခုလုပ်ရန် နည်းမျိုးစုံဖြင့် ဖျောင်းဖျနားချ ပြောပြကြလေ၏။ သို့သော်လည်း အချည်းအနှီးသာဖြစ်ရ၏။

တစ်နေ့တွင် ရွာသားတို့သည် တစ်ရွာလုံးစုရုံးလျက် တောထဲသို့ ထင်းခုတ်၊ ဝါးခုတ်သွားကြလေ၏။ ငပျင်းယေ၏ မိခင်ကလည်း သားဖြစ်သူအား လိုက်ပါသွားရန် တိုက်တွန်းလေ၏။ ရွာသားတို့ကလည်း အတင်းဆွဲခေါ်ကြသဖြင့် ငပျင်းယေသည် ဓားတစ်ချောင်းဆွဲကာ မလိုက်ချင်လိုက်ချင်ဖြင့် လိုက်ပါလာရ၏။ တောထဲသို့ ရောက်သောအခါ ရွာသားတို့မှာ ထင်းရှာသူကရှာ၊ ဝါးခုတ်သူကခုတ်ဖြင့် အလုပ်ကိုယ်စီလုပ်နေကြသော်လည်း ငပျင်းယေမှာကား အရိပ်ကောင်းသော သစ်ပင်တစ်ပင်အောက်၌ အိပ်ပျော်နေလေ၏။ နေဝင်မိုးချုပ်၍ ရွာပြန်ကြသောအခါကျမှ ငပျင်းယေသည် ရွာသားများက မလိုအပ်၍ စွန့်ပစ်ထားသော ထင်းတိုထင်းစ၊ ဝါးတိုဝါးစတို့ကို ကောက်ယူကာပြန်လာခဲ့၏။

ငပျင်းထွေသည် သူကောက်ယူခဲ့သည့် ဝါးအတိုအစများဖြင့် နောက်တစ်နေ့တွင် ငါးထောင်ဖမ်းသည့်မြှုံးတစ်လုံးကို မလုပ်တတ်လုပ်တတ်ဖြင့် ရက်လုပ်လေ၏။ ပြီးလျှင် ရွာအပြင်တောစပ်နားသို့ ထွက်လာခဲ့ပြီး မြှုံးထဲ၌ ငှက်ပျောသီးတစ်လုံးထည့်ကာ အရိပ်ကောင်းသော ညောင်ပင်ကြီးတစ်ပင်၏ ခွအကြား၌တင်ကာ ထားခဲ့လေ၏။

တစ်ရက်နှစ်ရက်တွင် မည်သို့မှမထူးခြား။ သုံးရက်မြောက်နေ့တွင် ထူးခြားသောအဖြစ်ကို တွေ့ရလေ၏။ မြှုံးထဲ၌ အမျိုးအမည်ခွဲခြား၍ မသိနိုင်သော သတ္တဝါတစ်ကောင်ကို တွေ့ရ၍ပင်ဖြစ်၏။ ငပျင်းထွေလည်း မြှုံးကိုဖွင့်၍ သတ္တဝါအား ဖမ်းယူမည်ပြုစဉ် ထိုသတ္တဝါက "ကျွန်ုပ်ကိုမသတ်ပါနှင့်။ ကျွန်ုပ်အသက်ကိုချမ်းသာ ပေးပါ။ သင်လိုချင်ရာဖြစ်ရပါစေမည်။ လိုရာကိုတောင်းလော့"ဟု ဆိုလေ၏။ ထိုသို့ ဖန်ဆင်းနိုင်စွမ်းရှိသော သတ္တဝါအကောင်မှာ မြှုံးထဲမှ မိမိကိုယ်ကိုလွတ်အောင် မကြိုးစားနိုင်၍မဟုတ်၊ ငပျင်းယေအား မ,စလို၍ ရောက်နေခြင်းသာဖြစ်၏။

ငပျင်းထွေလည်း အံ့သြကြီးစွာဖြင့် အသံကြားရုံနှင့်ချာလပတ်လည်စေသည့် ပလွေတစ်ချောင်းပေးပါဟု တောင်းလေ၏။ ထူးဆန်းသောသတ္တဝါလည်း သူ့အတတ်ဖြင့် ဖန်ဆင်းပြီး ချာလပတ်လည်စေသည့် ပလွေကို ဖန်ဆင်းပေးလိုက်လေ၏။ ပလွေပေးပြီးနောက် ထူးဆန်းသည့်သတ္တဝါလည်း အလိုအလျောက် ပျောက်သွားလေ၏။

ငပျင်းယေသည် သူတောင်းသည့် ပလွေကျော်ကိုရသည်နှင့် ဝမ်းသာအားရ ကျေနပ်စွာဖြင့် ရွာသို့ပြန်ခဲ့လေ၏။ လမ်းတွင် မြက်စားနေသည့် နွားထီးတစ်ကောင်ကိုတွေ့သဖြင့် ပလွေကျော်၏ အစွမ်းသတ္တိကို စမ်းသပ်လို၍ မှုတ်ကြည့်လိုက်၏။ ထိုအခါ နွားထီးလည်း ချာလပတ်လည်ကာ ကျွမ်းထိုးမှောက်ခုံ ဖြစ်သွားလေ၏။ ပလွေအမှုတ်ရပ်မှ ချာလပတ်လည်နေသော နွားထီးလည်း ရပ်တန့်သွား၏။ ထိုသို့ နွားထီးအဖြစ်ကိုကြည့်ပြီး ငပျင်းထွေသည် ဝမ်းသာတက်ကြွရွှင်လန်းစွာဖြင့် အိမ်သို့ပြန်ခဲ့၏။

အိမ်သို့ရောက်သောအခါ မိခင်မုဆိုးမအား ဖြစ်ခဲ့သမျှအကျိုးအကြောင်းအားလုံးကို ပြောပြလေ၏။ ပလွေအား

ညည်သည့်နေရာ၌ မည်သို့အသုံးချရမည်ကိုလည်း သားအမိနှစ်ယောက် စဉ်းစားကြလေ၏။ သို့သော်လည်း စဉ်းစား၍ မရကြချေ။

ထိုအချိန်တွင် ငပျင်းယေတို့နေထိုင်သည့် တိုင်းပြည်အား အုပ်ချုပ်သည့် ဘုရင်မင်းမြတ်၌ အလွန်ချောမောလှပသည့် သမီးတော်တစ်ပါးရှိ၏။ ထိုသမီးတော်၏ အချောအလှသတင်းသည် အတိုင်းတိုင်းအပြည်ပြည်သို့ ကျော်ကြားလေ၏။ ဘုရင်မင်းမြတ်သည် သမီးတော်လေးအား တပင်တိုင်မြနန်း၌ ယောကျ်ားဆိုလျှင် ယင်ဖိုတောင်မှ မသန်းစေရဟူသော သဘောမျိုး အစောင့်အရှောက်အပြည့်ဖြင့် ထားရလေ၏။ အတိုင်းတိုင်းအပြည်ပြည်မှ မင်းဆွေမင်းမျိုး သူဌေးသူကြွယ်တို့သည် လက်ဆောင်ဘဏ္ဍာအမျိုးမျိုးဖြင့် လက်ဆက်ရန် လာရောက်တောင်းခံသော်လည်း ဘုရင်မင်းမြတ်က ချိုသာစွာဖြင့် ငြင်းပယ်လျက်ရှိ၏။

ထိုသို့သောအခြင်းအရာကို တစ်တိုင်းပြည်လုံးသိ၏။ ထို့အတူ ငပျင်းယေလည်းသိ၏။ ငပျင်းယေသည် ပလွေကျော်အား မည်သို့အသုံးချရမည်ကို စဉ်းစားလေရာ ဘုရင့်သမီးတော်ကိုတောင်းရမ်းရန် စဉ်းစားမိလေ၏။ မဖြစ်နိုင်မှန်းသိသော်လည်း ပလွေကျော်အားကိုးဖြင့် ပလွေကျော်အား အထူးစမ်းသပ်လိုသဖြင့် ဘုရင့်သမီးတော်အား တောင်းရမ်းပေးရန် မိခင်ဖြစ်သူကို ပူဆာလေတော့သည်။ မိခင်ဖြစ်သူမှာ သား၏စကားကိုကြားရသဖြင့် ရင်ထိတ်သွားကာ -

"ငါ့သား မိမိနှင့်မတူမတန် မအပ်စပ်ရာကို စိတ်မကူးပါနှင့်၊ မင်းသမီးကို တောင်းရမ်းလို့မရသည့်အပြင် မိမိအတွက်ပါ အသက်အန္တရာယ်နှင့် နီးစပ်နိုင်တယ်" ဟု ပြောပြ၏။

**မှူးမတ်စစ်သည်တို့ ရောက်လာသောအခါ**
**ငပျင်းယေသည်**
**ပလွေကျော်ကို မှုတ်လိုက်သဖြင့်**
**စစ်သည်မှူးမတ်တို့မှာလည်း**
**ကျွမ်းထိုးမှောက်ခုံဖြစ်ကာ**
**ချာလပတ်လည်နေကြကုန်၏။**

ငပျင်းယေလည်း လုံးဝစိတ်မလျှော့ဘဲ "မိခင်မတောင်းဝံ့လျှင် ရွာသူကြီးကိုတောင်းခိုင်းပါ" ဟု မရမနေ ပူဆာနေသောကြောင့် ကြောက်ရွံ့သော်လည်း မလွှဲသာသဖြင့် ဖြစ်ချင်ရာဖြစ်တော့ဟု သဘောပိုက်ကာ မိခင်လည်း သူကြီးအိမ်သို့ ထွက်ခဲ့ရလေ၏။

သူကြီးအိမ်သို့ရောက်လာသောအခါ အကျိုးအကြောင်းကိုပြောပြရာ သူကြီးလည်း လွန်စွာဒေါသထွက်လေ၏။ ငပျင်းယေအား သူ့ရှေ့သို့ခေါ်ယူလျက် ဘုရင့်သမီးကို တောင်းရမ်းခိုင်းသည်မှာ ဟုတ်၊ မဟုတ် ကိုယ်တိုင်ကိုယ်ကျမေးလေ၏။ ငပျင်းထွေကလည်း ဟုတ်မှန်ကြောင်း မကြောက်မရွံ့ဝန်ခံလေ၏။ သူကြီးမှာ ပို၍ဒေါသထွက်ပြီး မင်းဆွေမင်းမျိုး၊ မှူးမတ်၊ သူဌေးသူကြွယ်တို့ကိုတောင်မှ လက်မခံ၊ သင်ကဲ့သို့သော သတ္တဝါမျိုးငပျင်းကို လက်ခံမည်လော မတူမတန်၊ မစဉ်းမစားဟု ကြိမ်းမောင်းကာ ကြိမ်ဒဏ်ပေးမည်ဟု ထိုင်ရာမှထလေ၏။

ထိုအခါ ငပျင်းထွေသည် အသင့်ယူလာသည့် ပလွေကျော်ဖြင့် မှုတ်လိုက်၏။ ပလွေသံကြောင့် သူကြီးသည် ချာလပတ်လည်ကာ ကျွမ်းထိုးမှောက်ခုံဖြစ်နေတော့၏။ ထိုအဖြစ်ကို မြင်တွေ့ရသော ရွာသူရွာသားတို့သည် သူကြီးအားကူညီရန် ပြေးဝင်လာကြ၏။ ထိုသူများလည်း သူကြီးအတိုင်းဖြစ်စေရမည်ဆိုကာ ငပျင်းယေသည် ပလွေကျော်ကို ဆက်တိုက်မှုတ်ထားသဖြင့် ရောက်လာသမျှ ရွာသူရွာသားများမှာလည်း ချာလပတ်လည်နေ ကြလေတော့၏။ အချိန်အတော်ကြာမှ ငပျင်းယေက ပလွေအမှုတ်ကို ရပ်တန့်လိုက်သဖြင့် သူကြီးကအစအားလုံး ခြေကုန်လက်ပန်းကျကာ ခေါင်းမူးဝေပြီး အလွန်မောဟိုက်နေကြ၏။ ငပျင်းယေကိုလည်း အားလုံးကကြောက်လန့်သွားကြလေ၏။

သို့ဖြင့် ငပျင်းယေအလိုရှိရာကို ဆောင်ရွက်ပေးပါမည်ဟု တောင်းပန်ကြလေ၏။ ငပျင်းယေကလည်း သူကြီးအား ယနေ့မှခုနစ်ရက်အတွင်း ဘုရင့်သမီးတော်ကို ရအောင်တောင်းပေးရမည်။ မပေးပါက ဒုက္ခတွေ့မည်ဟုပြောကာ ပြန်သွားလေ၏။

သူကြီးသည် အလွန်အရှက်ရသဖြင့် ငပျင်းယေအား လက်ရဖမ်းဆီးရန် အခြွေအရံတပည့်များအား ငပျင်းယေ၏ အိမ်ကို ဝိုင်းစေလေ၏။ ငပျင်းယေလည်း ပလွေကျော်ရ

သည့်နေ့မှစ၍ သူ့ဇီဇပျင်းရိမှုများ လုံးဝပျောက်သွားပြီး နိုးနိုးကြားကြားရှိနေ၏။ အမြဲတမ်း သတိရှိစွာဖြင့်နေ၏။ သူကြီးနှင့် အခြွေအရံများ သူ့အိမ်သို့ဝိုင်းလာသည်နှင့် တပြိုင်နက် အားလုံးချာလပတ်လည်စေရန် ပလွေကျော်ကို မှုတ်လိုက်လေ၏။ ဤတစ်ကြိမ်ကား ငပျင်းယေသည် အချိန်အကြာကြီး မှုတ်ထားလိုက်လေ၏။ သူကြီးတို့မှာ ချာလပတ်လည် ကျွမ်းထိုးမှောက်ခုံ ပို၍ဖြစ်ကာ ကွဲသူကွဲ၊ ပြဲသူပြဲ၊ မူးသူမူးဖြင့် ပြင်းထန်စွာဒဏ်ရာရကြ၏။ သူကြီးတို့မှာ ငပျင်းယေအား လုံးဝမဖမ်းရဲတော့ဘဲ ပြန်ပြေးကြရလေ၏။

ထိုသတင်းမှာ ချက်ချင်းဆိုသလိုပင် အုတ်အော်သောင်းနင်းဖြစ်ကာ မကြာမီအချိန်အတွင်းမှာပင် ဘုရင့်နားသို့ ပေါက်ကြားသွားလေ၏။ ဘုရင်ကြီးလည်း မအပ်မရာ၊ စော်ကားမော်ကား ပြုလေရှေ့သလားဟုဆိုကာ ပြင်းထန်စွာအမျက်ဒေါသထွက်ပြီး မှူးမတ်စစ်သည်တို့အား ငပျင်းယေကိုဖမ်းဆီးရန် စေလွှတ်လိုက်လေ၏။

မှူးမတ်စစ်သည်တို့ ရောက်လာသောအခါ ငပျင်းယေသည် ပလွေကျော်ကို မှုတ်လိုက်သဖြင့် စစ်သည်မှူးမတ်တို့မှာလည်း ကျွမ်းထိုးမှောက်ခုံဖြစ်ကာ ချာလပတ်လည်နေကြကုန်၏။ ဘုရင်သည် စစ်တပ်စေလွှတ်ပြီး ဖမ်းဆီးစေ၏။ စစ်တပ်တစ်ခုလုံးလည်း ထိုနည်းလည်းကောင်းပင် ဖြစ်ကုန်ကြ၏။ ပလွေကျော်ပိုင် ငပျင်းယေကို မည်သို့မှ မဖမ်းဆီးနိုင်ဖြစ်ကြရ၏။

နောက်ဆုံးတွင် မှူးမတ်များက -

"အရှင်မင်းကြီး ဤအတိုင်းဆိုပါက ကျွန်တော်မျိုးတို့ အပါအဝင် စစ်သည်ရဲမက်များအားလုံး ပြုတ်ပြုတ်ပြန်း၍ သေကျေပျက်စီးဖို့ရာ အကြောင်းဖြစ်ပါသည်။ ယင်းသို့ဖြစ်ခဲ့လျှင် တိုင်းတပါးက စစ်ပြုလာငြားအံ့ တစ်တိုင်းပြည်လုံး ဒုက္ခရောက်ကုန်ကြရှေ့မည်။ ငပျင်းယေမှာ သူဆင်းရဲမျိုးပင် ဖြစ်သော်ငြားလည်း ကျွန်တော်မျိုးတို့အားလုံးကိုပင် အမှုမထားဘဲ ဒုက္ခပေးအနိုင်ယူနိုင်သည့် စွမ်းရည်သတ္တိတစ်ခု ရှိနေပါသည်။ သို့အတွက် နောင်ရေးကိုမျှော်တွေးပြီး သမီးတော်လေးနှင့် ထိမ်းမြားတော်မူလေလျှင် သင့်တော်မည်ဟု ယူဆပါကြောင်း" လျှောက်တင်လေသည်။

ဘုရင်မင်းမြတ်လည်း မတတ်သာသည့်အဆုံးတွင် မျက်စိမှိတ်ကာ လက်ခံလိုက်ရလေ၏။ လက်ထပ် မင်္ဂလာပွဲသဘင်ကို ကြီးကျယ်စွာ ဆင်ယင်ကျင်းပလေသည်။ ဤသတင်းကို တခြားတိုင်းတစ်ပါးမှ လာရောက်တောင်းရမ်းခဲ့ကြဖူးသည့် သူဌေးသူကြွယ်၊ မှူးမတ်၊ မင်းညီမင်းသားတို့ ကြားသိကြကုန်သောအခါ ဘာမှမဟုတ်သည့် ငပျင်းတစ်ကောင်နှင့် ပေးစားလိုက်သည်မှာ ငါတို့ကို စော်ကားခြင်း၊ မခံမရပ်နိုင်၊ အရှက်ရဒေါသ ဖြစ်ကြကုန်၏။ သို့ဖြင့် အားလုံးစုရုံးကြပြီး ငပျင်းယေတို့ တိုင်းပြည်အား တိုက်ခိုက်ရန် စစ်ချီတက်လာကြ၏။

ထိုသို့ စုပေါင်းပြီး ဝိုင်းဝန်းစစ်ချီလာကြသဖြင့် ဘုရင်ကြီးမှာ ဘာလုပ်ရမှန်းမသိဖြစ်နေ၏။ များစွာကြောက်လန့်တုန်လှုပ်ချောက်ချားနေ၏။ မည်သို့မှလည်း မတတ်နိုင်သည့်အဆုံးတွင် သမက်တော်ငပျင်းယေအား တိုက်ခိုက်ပေးရန် တောင်းပန်ရလေ၏။

"အရှင်မင်းကြီး စိတ်လက်ချမ်းသာစွာ စံစားနေပါ။ ဤကိစ္စအားလုံးမှာ ကျွန်တော်မျိုးကြောင့်ဖြစ်ရသဖြင့် ကျွန်တော်မျိုးတာဝန်သာ ဖြစ်ပါသည်"ဟု လျှောက်တင်ကာ သူ၏လက်စွဲတော် ပလွေကျော်အားယူလျက် မြို့နံတံတိုင်းပေါ်သို့ တက်သွားလေ၏။ တံတိုင်းပေါ်မှနေ၍ မြို့ရိုးအပြင်ဘက်တွင် စုရုံးရောက်နေကြသော ရန်သူအားလုံး ကျွမ်းထိုးမှောက်ခုံငေ့ယမ်းကာ ချာလပတ်လည်စေရှေ့ဟု တိုင်တည်ပြီး ပလွေကျော်ကို လုံးဝမနားတမ်း မှုတ်ထားလေတော့၏။

ပလွေမြည်လာသည်နှင့်တပြိုင်နက် ရန်သူအပေါင်းတို့မှာ ချာလပတ်လည် ဖရိုဖရဲ ကျွမ်းထိုးမှောက်ခုံဖြစ်ပြီး နာသူနာ၊ ကွဲသူကွဲ၊ ပြဲသူပြဲ၊ ကျိုးသူကျိုး၊ အမောဆို့သူကဆို့ကာဖြင့် မခံနိုင်ဖြစ်ပြီး သေသူသေကြ၏။ ထွက်ပြေးသူပြေးကြလေ၏။ ထိုအခါတွင်မှ တခြားတိုင်းတစ်ပါးမှ မင်းညီမင်းသား၊ မှူးမတ်၊ သူဌေးသူကြွယ် စသည်တို့မှာ အရှုံးပေးကာ အညံ့ခံကြလေ၏။ ထိုအချိန်မှစ၍ ငပျင်းယေတို့တိုင်းပြည်အား မည်သူကမှ ရန်မပြုကြတော့ဘဲ လက်အောက်ခံတိုင်းပြည်များအဖြစ် ခိုဝင်လာကြလေ၏။

ဘုရင်ကြီးလည်း သမက်တော်ငပျင်းယေအား အလွန်သဘောကျပြီး အိမ်ရှေ့အရာအပ်နှင်းလေ၏။ ဘုရင်ကြီးနတ်ရွာစံသည့်အခါ ငပျင်းယေသည် တိုင်းပြည်၌ ဘုရင်လုပ်ကာ ထီးနန်းအုပ်ချုပ်ရလေတော့၏။

ဂေါယာမြေ - စောဝင်း




# မနောမြေက လာချိဒ်တိုင်းရင်းသားတို့၏ ယုံကြည်ကိုးကွယ်မှု

မြတ်ဝေတိုး (ပညာရေး)

ရှေးအခါက လာချိဒ်တိုင်းရင်းသားများသည် ခရစ်ယာန်ဘာသာကို ယုံကြည်ကိုးကွယ်သူများ မဟုတ်ကြပေ။ လာချိဒ်တိုင်းရင်းသားတို့၏ ဘာသာရေးမှာ နတ်ပူဇော်ခြင်းဖြင့် စတင်ခဲ့သည်။ နတ်များက မိမိတို့အား ကောင်းကျိုးဆိုးကျိုးပေးနိုင်သည်ဟု ယုံကြည်သောကြောင့် နတ်များကို ပူဇော်ခြင်းဖြစ်သည်။

လာချိဒ်တိုင်းရင်းသားတို့သည် ရှေးယခင်ကာလက လူနှင့်နတ်တို့ ရောနှောနေထိုင်ခဲ့ကြသည်ဆိုသည့် အချက်ကို လက်ခံခဲ့ကြသည်။ လူတို့သည် ဟိမဝန္တာတောင်မှ အောက်ဘက်သို့ ဆင်းလာသောအခါ ဦးချိုပေါက်နေသော နတ်တစ်ပါး ပါလာသည်။ ထိုနတ်ကို မလိုက်ပါစေလိုသဖြင့် နည်းအမျိုးမျိုးဖြင့် ချန်ခဲ့သော်လည်း မရပေ။ လူတို့

ရှေ့ဆက်သွားရမည့် လမ်းတွင်လည်း တံတိုင်းကြီး ကာရံထားသဖြင့် ရှေ့ဆက်သွား၍ မရနိုင်ဘဲရှိကြသည်ဟု ဆိုသည်။ ထို့ကြောင့် ဦးချိုပေါက်နေသော နတ်ကြီးအား ဤတံတိုင်းကို ဖြိုခွင်းပေးလျှင် ၎င်းနတ်ကြီးအား ပူဇော်ပသမည်ဟု လူတို့က ကတိပေးခဲ့ကြသည်။ ထိုအခါ နတ်ကြီးက ၎င်း၏ဦးချိုဖြင့် တအားဝှေ့လိုက်ရာ တံတိုင်းကြီး ပျက်စီးသွားသည်။ ထိုအချိန်မှစ၍ နတ်ကို ပူဇော်ပသခြင်း စခဲ့ပါသည်ဟု လေ့လာသိရှိရသည်။ အထက်ပါအကြောင်းအရာများမှာ လာချိဒ်တိုင်းရင်းသား ရှေးလူကြီးများ၏ နှုတ်ဖြင့် လက်ဆင့်ကမ်းပြောဆိုချက်များအရ သိရှိရခြင်းဖြစ်သည်။

လာချိဒ်တိုင်းရင်းသားတို့ ပူဇော်ပသသောနတ်များမှာ အလွန်များပြားလှပါသည်။

**ကောင်းကျိုးပေးသောနတ်များမှာ -**

(၁) အိမ်စောင့်မိုးနတ်
(၂) ဇောမ်မိုင်နတ်
(၃) ဆင်းလိုက်နတ်
(၄) ချန်ဝှေ့နတ်
(၅) မြေနတ်
(၆) ဘိတ်ကျိန်နတ်
(၇) ခစိုင်နတ်
(၈) ကျခို့နတ်
(၉) အဖုတ်နတ်
(၁၀) ဘိုးဘွားနတ်တို့ဖြစ်ကြသည်။

**ဆိုးကျိုးပေးသောနတ်များမှာ -**

(၁) မိုးကြိုးနတ်
(၂) မိုးပုတ်နတ်
(၃) ငှေမိုင်နတ်
(၄) စီနတ်
(၅) ဌုင်နတ်
(၆) ရယ်ထုနတ်
(၇) ရန်ဗျူနတ်
(၈) မှရှန်နတ်တို့ဖြစ်သည်။

နတ်ကောင်း နတ်မြတ်များကို ပွင့်လင်းရာသီဖြစ်သော နွေရာသီတို့၌ ပူဇော်ပသပြီး ကောင်းကျိုးမပေးသော နတ်များကို အချိန်အခါမရွေး ဖျားခြင်းနာခြင်းဖြစ်သည့် အခါတိုင်းတွင် ဘေးအန္တရာယ်မှ လွတ်မြောက်စေရန် ပူဇော်ပသကြသည်။ နတ်ပူဇော်ပသမှုလုပ်ငန်းသည် အလွန်အရေးကြီးသည်။

နတ်ပူဇော်သောခေတ်က လာချိဒ်တိုင်းရင်းသားတို့၏ ဘာသာရေးနှင့်ပတ်သက်၍ လုပ်ဆောင်ပေးသူများကို တွေ့ရသည်။ ၎င်းတို့မှာ ဒမ်ဆ၊ လာပေ၊ ခန်ဂျုံး၊ ဂျိဇိမ့်တို့ ဖြစ်ကြသည်။ ဒမ်ဆသည် အားလုံးထဲတွင် အဆင့်မြင့်ဆုံး ဖြစ်သည်။ ဒမ်ဆဆိုသည်မှာ နတ်ဟောဆရာဖြစ်သည်။ နတ်ဟောဆရာဒမ်ဆသည် နတ်အကြောင်း၊ မျိုးနွယ်စုအကြောင်းကို ဟောပြောနိုင်သည်။ နတ်ဆရာတွင် အဆင့် (၄) ဆင့်ရှိသည်။ ၎င်းတို့မှာ -

(၁) သရဲတစ္ဆေ၊ မကောင်းဆိုးဝါးများကို မောင်းထုတ်နိုင်သော အဆင့်၊
(၂) ကျွဲ၊ နွား၊ ကြက်၊ ဝက်တို့ကိုသတ်၍ နတ်ပူဇော်ပေးရသော အဆင့်၊
(၃) သေသူ၏ဝိညာဉ်ကို ထိန်းချုပ်နိုင်၊ အမိန့်ပေးနိုင်ပြီး သေသူ၏ဆန္ဒကို လမ်းကြောင်းပေးနိုင်သော အဆင့်၊
(၄) နတ်ရာဇဝင်၊ လူသားရာဇဝင်၊ ကမ္ဘာအစအဆုံး ရာဇဝင်တို့ကို ပြောနိုင်ခြင်း၊ နတ်များကို တိုက်ရိုက်ပြောဆိုနိုင်ခြင်း၊ နတ်နှင့်လူသားအကြား ဖြစ်ပေါ်မှု အားလုံးကို ဖန်တီးပေးနိုင်သော အဆင့်တို့ဖြစ်သည်။

ဒမ်ဆသည် 'ခဖျက်ရွက်' ဖြင့် လုပ်ထားသော အစားအစာများကို မစားရပေ။ စားလျှင် တန်ခိုး၊ အာဏာများ ယုတ်လျော့တတ်သည်ဟု ဆိုသည်။ ဒမ်ဆအလုပ်ကို မျိုးရိုးအလိုက် အမွေဆက်ခံခွင့်ရှိသည်ကို တွေ့ရသည်။

လာပေဆိုသည်မှာ မကောင်းဆိုးဝါးများ ဝင်စားခိုင်းသည့်လူကို ခေါ်ခြင်းဖြစ်သည်။ လာပေကို နတ်ဆရာကပင် ရွေးချယ်ရသည်။ လာပေသည် သစ္စာရှိသူဖြစ်ရပြီး ချင်းကို မစားရပေ။ လာပေ၌ မကောင်းဆိုးဝါးများဝင်လာသောအခါ မိမိ၏အမြင်အာရုံတွင် ထင်ဟပ်လာသော

အတိတ်နိမိတ်၊ အမြင်များ၊ အနာဂတ်ကို ကြိုမြင်သော၊ ဖြစ်နိုင်သောအရာများကို ရွတ်ဆိုပေးသည်။ လာပေသည် ရေနွေးပွက်ပွက်ဆူသော အိုးထဲတွင် ရေချိုးသန့်စင်ရသည်။ ပြီးနောက် ခမ်ဂျုံပြုလုပ်ထားသော ဓားနှစ်လက်စီယှက်ကာ လှေကားသဏ္ဌာန် စင်မြင့်ပြုလုပ်ပြီး ထက်သောဓားသွားများပေါ်တွင် ၄က်ပျောရွက်များ ခင်းထားသည်ကို ပြေး၍တက်ခြင်း၊ ပြေး၍ဆင်းခြင်းလုပ်နိုင်သည်။ လာပေသည် သစ္စာရှိသူဖြစ်သောကြောင့် ရေနွေးပူသော်လည်း အပူလောင်ခြင်းမရှိ။ ထက်သောဓားသွားပေါ်တွင် ပြေးတက်ပြေးဆင်းလုပ်သော်လည်း ခြေဖဝါးကို ဓားမပြတ်မရှပေ။

ခန်ဂျုံးသည် နတ်ပူဇော်မည့် သားကောင်ကို သတ်ဖြတ်၍ အသားများကို ခေါင်းဘက်၊ အမြီးဘက်မမှားရအောင် ပြင်ဆင်ပေးရသူဖြစ်သည်။ လာပေသည် မကောင်းသော ဝိညာဉ်ဝင်နေသောအချိန်၌ ခန်ဂျုံးမှ အဘယ်ကြောင့်ဖျားနေရကြောင်း၊ ပစ္စည်းဥစ္စာခိုးသူ မည်သူဖြစ်ကြောင်းစသည်ဖြင့် မေးခွန်းများ မေးရသည်။ လာပေ၏အဖြေကိုလည်း မှတ်သားပေးရသည်။

"ဂျိဖိမ့်" ဆိုသည်မှာ ကပွဲများကို ဦးဆောင်၍ကရသူဖြစ်သည်။ လာချိဒ်တိုင်းရင်းသားတို့ ပြုလုပ်သောရိုးရာပွဲများတွင် လုပ်ဆောင်ကျင့်သုံးမှုမှန်သမျှကို ဖွဲ့နွဲ့သီချင်းဆိုခြင်း၊ ကခုန်ခြင်းကို ဦးဆောင်ရသူဖြစ်သည်။ ပွဲပြုလုပ်သော အိမ်ရှင်၏ မျိုးနွယ်ဆက်အကြောင်း၊ စိတ်နေသဘောထားအကြောင်း၊ တောတောင်ရေမြေနှင့် ကမ္ဘာ၏ဖြစ်ပျက်ခြင်းအကြောင်းတို့ကို ပြောဆို၍ သီချင်းသီဆိုပေးရသောသူ ဖြစ်သည်။

ဒမ်ဆ၊ လာပေ၊ ခန်ဂျုံး၊ ဂျိဖိမ့်တို့သည် ဘာသာရေးနှင့် ပတ်သက်ပြီး အချိန်ပိုင်းလုပ်ဆောင်သူများ ဖြစ်ကြသည်။ ရှေးယခင်က လာချိဒ်တိုင်းရင်းသားတို့သည် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စစ်ရေးတို့တွင် အောင်မြင်စေရန်၊ ကောင်းမွန်စေရန်အတွက် နတ်များကို ပူဇော်ပသကြသည်။ ရွာအဝင်၊ ရွာအထွက်တွင် နတ်စင်ကို ကျောက်ဂူပုံစံပြုလုပ်ပြီး ထိုကျောက်ဂူထဲတွင် အရက်လေးခွက်ကို ကြိုးဖြင့်စည်း၍ ချည်ထည့်ထားပြီး ကျောက်ပြားဖြင့် ပြန်ဖုံးထားသည်။ အထက်ပါအကြောင်းအရာသည် "လုံရှမ်း" နတ်ခေါ် ရွာနတ်ကို ပူဇော်ပသခြင်းဖြစ်သည်။ ရွာနတ်ကို ပူဇော်ရာတွင် စုပေါင်း၍ ပူဇော်ကြသည်။

စစ်တိုက်ထွက်ရာတွင် "ဘိတ်ကျိန်နတ်" ကို ပူဇော်ပသကြသည်။ ကြက်ဖအနီရောင်ကို လည်ဖြတ်၍ သွေးကို ဝါးကျည်တောက်ထဲတွင်ထည့်ကာ နတ်ဆရာက ယင်းသွေးကို မြေပေါ်သို့လောင်းချပြီးခေါ်သွားလျှင် ရန်သူတပ်ကို အလွယ်တကူ ဖမ်းဆီးရမိသည်။ ထို့အပြင် အမဲလိုက်ရာတွင်လည်း နတ်ကိုပူဇော်ပသပြီးလိုက်လျှင် တောကောင်များစွာရသည်ဟုဆိုသည်။

**နတ်ဦးဆောင်း**

လာချိဒ်တိုင်းရင်းသားများသည် ရှေးယခင်က နတ်ကိုးကွယ်သူများဖြစ်၍ နတ်ပူဇော်သည့်အခါ နတ်ဆရာများက နတ်ရိုးရာဝတ်စုံကို ဝတ်ဆင်ပြီး နတ်ဦးဆောင်းကို ဆောင်းကြရသည်။

နတ်ဆရာများဝတ်သည့် အခမ်းအနားဝတ်စုံမှာ သီးသန့်ရှိသည်။ ဦးထုပ်မှာ ကြိမ်ဖြင့်ရက်လုပ်ထားပြီး ဦးထုပ်၏အပေါ်တွင် အောက်ချင်းငှက်၏ ဦးခေါင်းကို တပ်ဆင်ထားသည်။ ၎င်းနောက် ဒေါင်းတောင်များကို စိုက်ထိုးကာ အလှဆင်ထားသည်။ အောက်ချင်းငှက်သည် သစ္စာရှိသည်၊ ရဲရင့်သည်ဟု ယူဆ၍ ဦးထုပ်တွင် အမြတ်တနိုးတပ်ဆင်ထားခြင်းဖြစ်သည်။ ဝတ်ရုံမှာ တရုတ်ပြည်မှလာသောပိုးဖဲများကို ချုပ်ထားခြင်းဖြစ်သည်။ အင်္ကျီသည် ဒူးဆစ်အောက်အထိ ရှည်လျားပြီး လက်ရှည်အင်္ကျီဖြစ်သည်။ အင်္ကျီမှာ နဂါးရုပ်များ၊ ပန်းများပါသည့် အဆင်ဖြစ်သည်။

တောင်ယာများကို စတင်ခုတ်ထွင်ရာ၌ ဘိုးဘွားနတ်နှင့် တောတောင်စောင့်နတ်များကို စုပေါင်းပူဇော်ပသပြီးမှ လုပ်ကိုင်ဆောင်ရွက်ရလေသည်။ တိုးတက်ကြီးပွားရေးအတွက်လည်း နတ်ကိုပူဇော်ပသကာ ဗေဒင်မေးခြင်းဖြင့် စုပေါင်းလုပ်ကိုင်ဆောင်ရွက်ကြရသည်။ ထို့ပြင် တောင်ယာခုတ်ချိန်၊ ကောက်သစ်စားချိန်များ၌လည်း နတ်များကို ပူဇော်ပသခြင်းများရှိသည်။

သန့်ရှင်းသောစိတ်ထားကြောင့် ဖြောင့်မတ်မှုဖြစ်ပေါ်ရန် ရေနတ်ကိုပူဇော်ကြသည်။ ရေနတ်သည် စိုက်ပျိုးရေးဆောင်ရွက်ရာ၌ အဓိကကျသောနတ်ဟု ယုံကြည်ကြ

သည်။ တောင်ယာစပါး စိုက်ပျိုးသည့်အခါတွင်လည်း နတ်ဆရာကိုဖိတ်၍ ပူဇော်ပသပြီးမှ စိုက်ပျိုးကြသည်။

ကောက်ပဲသီးနှံများ ကြီးထွားလာချိန်၌ လိုက်နာရမည့် စည်းကမ်းအယူအဆများ ရှိသည်။ တောင်ယာသို့သွားခါနီး၌ နတ်ဟောဆရာမှ ပူဇော်ပြီး အိမ်ရှင်မမှ စိုက်ပျိုးမည့် မျိုးကောင်းကိုရွေးရာ ဖက်ထုံးဗေဒင်ဖြင့် စိုက်ပျိုးမည့်သူကို စတင်စိုက်စေသည်။ ၎င်းနောက် တောင်ယာမှအပြန်တွင် ခေါင်ရည်တစ်ခွက်စီသောက်ပြီး စကားမပြောရန်နှင့် မိမိနေအိမ်ရောက်လျှင် ခေါင်ရည်ထပ်မံသောက်၍ စကားပြောနိုင်သည်ဟု ဆိုသည်။ အဘယ်ကြောင့်ဆိုသော် စပါးများ အလေအလွင့်မရှိစေရေး၊ သီးနှံများမပြုရေးတို့အတွက်ဟု ဆိုသည်။ ပေါ်ဦးပေါ်ဖျားသီးနှံများဖြင့် နတ်ကိုပူဇော်လေ့ရှိသည်။ သီးနှံများ ရိတ်သိမ်းပြီးသည့်အခါ နှစ်ပတ်လည်ချိန်၌ ပြန်လည်ရိတ်သိမ်းမည်ဟု သီးနှံကိုကိုင်၍ တိုင်တည်ပြီး ချီးမွမ်းစကားပြောလေ့ရှိသည်။

တောင်ယာအနီးရှိ စပါးပင်များကို ချန်လှပ်ထားကာ အိမ်ရှင်မမှ တစ်နှစ်အတွင်း ဆောင်ရွက်ခဲ့သော လုပ်ငန်းများတွင် ကောက်ပဲသီးနှံများ မိမိထံဝင်လာစေရန် ချီးမွမ်းပြီးရိတ်သိမ်းကာ ကောက်ပုံတွင်ထားရသည်။ တောင်ယာမှအပြန် အိမ်သို့ရောက်ချိန်၌ အိမ်ရှင်မမှ စပါးကို စပါးကျီတွင်ထည့်ရန် နတ်ဟောဆရာမှ ဖက်ထုံးဗေဒင်ဖြင့် နတ်ဟောပြီး ကောက်ပဲသီးနှံမျိုးစုံကို စုဆောင်းသည်။

ရရှိပြီးသည့် သီးနှံများအနက် တစ်ဝက်ကို ထူးခြားသော ပူဇော်ပွဲအခမ်းအနားကျင်းပသည်။ နောင်နှစ် စိုက်ပျိုးချိန် သို့မဟုတ် ရိတ်သိမ်းချိန်အထိ သီးသန့်မျိုးအဖြစ် သိမ်းဆည်းထားသည်။ ထိုသို့သိမ်းဆည်းထားသည့်အတွက် ပူဇော်ပသပြီးမှသာ ပြန်လည်စိုက်ပျိုးရေးဆောင်ရွက်သည်။ တောင်ယာတလင်းတွင် တစ်စုံတစ်ဦးကို ကောက်လှိုင်းများဖြင့်ပတ်ကာ မြေပေါ်တွင်လှိမ့်ခြင်းမျိုး ပြုလုပ်လေ့ရှိသည်။ နတ်ဟောပြီး တလင်းပြင်ထောင့်မှ လေ့ကားထောင်ကာ အိမ်ရှင်မမှ တလင်းပြင်အတွင်း စပါးလှေ့ပြီး နေရာသတ်မှတ်ခြင်းဖြင့် ကောက်ပဲသီးနှံ ပိုမိုထွက်ရှိလာနိုင်ကြောင်း အသိအမှတ်ပြုသည်။

စပါးကိုဆုံတွင်ထောင်းကာ အခွံချွတ်၍ ဆန်ခါဖြင့် လှည့်ယူသည်။ ၎င်းနောက် ကောက်သစ်စားပွဲ ကျင်းပနိုင်ရေးအတွက် နတ်များကို ပူဇော်ပသမှုပြုရသည်။ ဦးဦးဖျားဖျား သီးနှံများကို နတ်များအားပူဇော်ပြီး အိမ်ရှင်အကြီးအကဲ၊ လူမျိုးစုအကြီးအကဲ၊ အသက်အရွယ်ကြီးသူများမှ စားသောက်စေပြီး ကောင်းချီးမင်္ဂလာ စကားပြောခြင်းဖြင့် နောင်အခါတွင် သာယာမှုရှိနိုင်မည်ဟု ယုံကြည်ကြသည်။ နတ်ပူဇော်ပသရာ၌ ဆိုင်ဘုတ်ခေါ်ဖောမ့်ဘုတ်၊ မနောပွဲတွင်သုံးသော ဖောမ့်ဘုတ်ချမ်ဒါန် မနောတိုင်အလျားလိုက်ချိတ်သော ဆိုင်းဘုတ်တို့ ပါဝင်သည်။

**ခရစ်ယာန်ဘာသာ ဝင်ရောက်ကိုးကွယ်မှု**

လာချိဒ်တိုင်းရင်းသားတို့သည် ရှေးယခင်က နတ်ကိုကိုးကွယ်ခဲ့ကြသည်။ ခရစ်ယာန်ဘာသာဝင် ဆွမ်လွတ်နောင်လတ်သည် အင်္ဂလိပ်အစိုးရခန့် သာသနာရေးကျောင်းဆရာအဖြစ် ထောဂေါ့ရွာသို့ ၁၉၂၂ ခုနှစ်တွင် ရောက်ရှိလာခဲ့ပါသည်။ ၎င်းနောက် ဆွမ်လွတ်နောင်လတ်သည် ဆရာဂိုက်စ်ကို ၁၉၂၄ ခုနှစ်တွင် ထောဂေါ့ရွာသို့ ခေါ်ဆောင်လာခဲ့သည်။

ထို့အတူ ဂမ်ခွန့်ကျေးရွာသို့ ဆရာသာထူးဆိုသူရောက်ရှိလာခဲ့သည်။ ထိုသာသနာပြုများ၏ ကြိုးပမ်းချက်များကြောင့် လာချိဒ်တိုင်းရင်းသားတို့သည် ခရစ်ယာန်ဘာသာဝင်များ ဖြစ်လာခဲ့ကြသည်။

၁၉၂၂ ခုနှစ်တွင် ပထမဦးစွာ ဂမ်ခွန့်ကျေးရွာနေ ဦးဂမ်ခွန်ထိန့်လုတ်ယိန်းမိသားစုမှ ခရစ်ယာန်ဘာသာအတွင်းသို့ ဝင်ရောက်လာခဲ့သည်။ ၎င်းနောက် ၁၉၂၃ ခုနှစ်တွင် တမူးခန်းဒေသ တလွန်ရွာနေ ဦးမဒိန်ယိန်းဘောမ့်မိသားစုမှ ဝင်ရောက်လာခဲ့သည်။ ၁၉၃၄ ခုနှစ်တွင် မျော်ဂျောင်ကျေးရွာရှိ ဦးလေးဒေါ့ချမ်းခေါမိသားစုမှ အသီးသီးဝင်ရောက်လာခဲ့ရာ နောက်ပိုင်းတွင် မိသားစုလိုက်၊ အုပ်စုလိုက်၊ ဆွေမျိုးလိုက် ခရစ်ယာန်ဘာသာအတွင်းသို့ ဝင်ရောက်လာခဲ့ကြသည်။ ဤသို့ဖြင့် နတ်ကိုးကွယ်ရာမှ ခရစ်ယာန်ဘာသာသို့ တစ်စတစ်စ ကူးပြောင်းဝင်ရောက်ခဲ့ရာ နောင်တွင် ခရစ်ယာန်ဘာသာဝင်များ များပြားလာခဲ့သည်။

မြတ်ဝေတိုး (ပညာရေး)



# ချင်းအတိတ် ချင်းနိမိတ်

မောင်အောင်မွန်

myint win maung - 2021

မည်သည့်ဘာသာကို ကိုးကွယ်ကိုးကွယ်၊ မည်သည့်အယူအဆဌ် သက်ဝင်ယုံကြည်ယုံကြည်၊ မည်သည့်ဓလေ့ထုံးစံကို ကျင့်သုံးကျင့်သုံး လူမျိုးတိုင်းတွင် အတိတ် နိမိတ်ကောက်သော ကိစ္စရပ်များမှာမူ အနည်းနှင့်အများ ဆိုသလို ရှိတတ်ကြသည်။ အဘယ်သို့သောကြုံတွေ့မှုက အဘယ်သို့သော ကွင်းဆက်ကို ဖြစ်စေသည်။ အကြံအစည် လုပ်ငန်းအောင်ရန် အဘယ်သို့ ဆောင်ရွက်ရမည်။ အဘယ်သို့သော ကိစ္စများကို ရှောင်ရမည် စသဖြင့် ရှိစမြဲပင်။

အလေးအနက်ထားသည်လည်း ရှိကြ၏။ ခပ်ပေါ့ပေါ့ သဘောသည်လည်း ရှိ၏။ မည်သို့ပင်ဖြစ်စေ လူမျိုးတစ်မျိုး၏ ဓလေ့ထုံးစံများကို လေ့လာသောအခါ ယင်းအတိတ်နိမိတ်ကောက်မှုများသည် များစွာအထောက်အကူပြုသည်။ အားထားစရာများဖြစ်သည်။

အတိတ်နိမိတ်ကောက်ခြင်းသည် သက်ဆိုင်ရာ လူမျိုး၏ ပတ်ဝန်းကျင်ဒေသ၊ အတွေးအခေါ်အယူအဆ၊ စီးပွားရေး၊ လူမှုရေးဘဝ စသည်တို့ကို အပြည့်အစုံမဖော်ပြသည့်တိုင် တစ်စိတ်တစ်ဒေသကိုတော့ ငုံမိသည်ကား အမှန်။

ချင်းအမျိုးသားတို့၏ အတိတ်ကောက် နိမိတ်ဖတ် အယူအဆများကို လေ့လာကြည့်ကြပါစို့။

တစ်နေရာနှင့်တစ်နေရာ သွားရေးလာရေးခက်ခဲသော တောင်တန်းများပေါ်တွင် နေထိုင်၍ ခရီးဝေး ခရီးနီး မပြတ်သွားလာနေကြရသော ပြည်ထောင်စုဖွား ချင်းတိုင်းရင်းသားတို့၏ အတိတ်နိမိတ်ဆိုင်ရာ ယုံကြည်မှု အယူအဆများသည် သူတို့ သက်ဝင်ယုံကြည်ကိုးကွယ်သော ဘာသာနှင့် ဆက်နွယ်နေသည်။

အခြားညီအစ်ကို တိုင်းရင်းသားများနည်းတူ ဝင်္ဍလိုက်တတ်သည်ဟု ချင်းအမျိုးသားတို့လည်း ယုံကြည်ကြ၏။ ထိုသို့ ယုံကြည်ကြသည့်အတိုင်း အထူးရှောင်လေ့ရှိကြ၏။

သူတစ်ပါး အရုပ်ဆိုးသည်ကိုကြည့်ပြီး ရယ်မိလျှင် မိမိမွေးလာသည့်ကလေးလည်း အရုပ်ဆိုးနေတတ်သည်။

သူတစ်ပါး ဒုက္ခရောက်နေသည်ကိုကြည့်ပြီး ဝမ်းသာအားရဖြစ်မိပါက မကြာမီ မိမိလည်း ဒုက္ခတွေ့တတ်သည်။

မြေကြီးတွင်းထဲမှ ကြွက်ကို တွင်းပိတ်သတ်ပါက ကိုယ်တိုင် သေခါနီးတွင် အသက်ရှုကျပ်ပြီးမှသေသည်။

ဝင်္ဍလိုက်မည့်ကိစ္စရပ်များ မကျူးလွန်မိကြစေရန် သက်ကြီးက သက်ငယ်အဆင့်ဆင့် မှာကြားပိတ်ပင်လေ့ရှိ၏။ လူငယ်များကလည်း အလေးထားကြသည်။

သူတစ်ပါးရန်ဖြစ်ကြသည့်အကြောင်း၊ မသင့်မတင့်ဖြစ်ကြသည့် အကြောင်းများကိုပင် ချင်းအမျိုးသားတို့ မပြောကြရ။ ပြောမိရုံနှင့်ပင် မိမိတို့၏အိမ်ထောင်စုသို့ ကူးစက်လာတတ်သည်ဟု ယုံကြည်ကြသောကြောင့်တည်း။ ချင်းအမျိုးသားတို့သည် သူတစ်ပါးအတွင်းရေးမှာ ဝင်ရောက်စွက်ဖက်လေ့ အလွန်နည်းသည်ဟု သုတေသီများ လေ့လာတွေ့ရှိကြသည်။

နောက် ကောင်းသောအယူအဆတစ်ခုကို ကြည့်ပါ။

မုဆိုးမများ၊ မိဘမဲ့ကလေးများ၊ သက်ကြီးရွယ်အိုများအား ကူညီခြင်း၊ ရိုင်းပင်းခြင်း၊ စောင့်ရှောက်ခြင်းတို့ကို ပြုလုပ်ပါက နောင်အစဉ်ချမ်းသာမည်ဟု ယုံကြည်ကြသည်။ ယုံယုံကြည်ကြည်နှင့်ပင် ကြိုးကြိုးစားစား လုပ်ကြသည်။

မိမိတို့အလိုပြည့်စေရန် အခါအခွင့်ကြုံတုန်းကြုံခိုက် လုပ်လေ့ရှိသည်များကိုလည်း တွေ့ရပေမည်။ အကျိုးလိုလျှင် ညောင်ရေလောင်းသည့်သဘောမျိုးတည်း။ အသုဘပွဲများတွင် အထူးကြုံရတတ်သည်။ အသုဘပွဲတွင် ကျွဲ၊ နွား၊ ကြက်၊ ဝက်၊ နွားနောက်တို့ကိုသတ်ပြီး နတ်ပူဇော်ပသပါက သို့တည်းမဟုတ် အသုဘတွင် လာရောက်ကူညီကြသော ဆွေမျိုးမိတ်သင်္ဂဟများအား ထိုအကောင်များကို သတ်ပြီး ဧည့်ခံကျွေးမွေးပါက ယင်း ကျွဲ၊ နွား၊ ကြက်၊ ဝက်၊ နွားနောက်တို့၏ ဝိညာဉ်သည် သေဆုံးသူ၏ဝိညာဉ်နောက်သို့ အတူပါသွားသည်ဟု ယုံကြည်ကြသည်။

ထိုယုံကြည်မှု ထုံးလေ့ဖြင့် ထိုသို့လုပ်ကြခြင်းဖြစ်သည်။

အထက်ဖော်ပြပါတို့ကဲ့သို့ လုပ်ယူ၍ ရသည်များလည်း ရှိသည်။ လုပ်ယူ၍မရဘဲ ဖြစ်လာသည့် ကြုံလာသည့် ကိစ္စရပ်များမှနေ၍ အတိတ်ကောက်၊ နိမိတ်ဖတ်ကြသည်များကလည်း စိတ်ဝင်စားစရာပင်။ ချင်းအမျိုးသမီးတစ်ယောက် ကလေးမျက်နှာမြင်ပါလျှင် ချက်ကြိုးကို အထူးသတိထားရသည်။ မွေးကင်းစကလေးငယ် နာမကျန်းဖြစ်လျှင် ကလေး၏ချက်ကြိုးကို ခွေးများ၊ ကြောင်များ စားပစ်သောကြောင့် ဖြစ်ရသည်ဟု ယုံကြည်ကြသည်။

ခေတ်အမြင်၊ ကျန်းမာရေးအမြင်ဖြင့် ကြည့်လျှင် ရယ်ဖွယ်ဖြစ်ပေမည်။ သို့သော် ကလေးချက်ကြိုးကို ပစ်စလက်ခတ်မထားရန် သွန်သင်ဆုံးမနည်း တစ်နည်း မဟုတ်ပါလား။

ကလေးငယ် နေထိုင်မကောင်းပါက အလွန်စိတ်ရှုပ်စရာကောင်းသည်။

ကလေးငယ် ခံစားနေရရှာသည်ကိုတော့ စိတ်မချမ်းမသာမြင်နေရသည်။ ဘာဖြစ်နေသည်ကို အတိအကျ မသိ။ ကလေးကလည်း ပြောမပြတတ်။ ထိုအခါ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ရသည်။ လုပ်ရင်းကိုင်ရင်း မှားသွားတတ်သည်လည်း ရှိ၏။ ကလေးဖြစ်သဖြင့် စေတနာလွန်ကဲသည်လည်း အကြောင်းတစ်ရပ်ဖြစ်သည်။ ထို့ကြောင့် အတိတ်နိမိတ်များ ပေါ်လာရတော့သည်။

နေရာဒေသကိုလိုက်၍ အတိတ်နိမိတ်များစွာရှိ၏။ တစ်ယောက်ဆီက တစ်မျိုးဆီအကြံပြုကြသည်။ ကလေးရှင်ကလည်း ကောင်းနိုးနိုးနှင့် အကုန်လျှောက်လုပ်သည်။ အကြောင်းကလည်း မထူး။ ဖျားရခြင်း အကြောင်းကိုလည်း ရှာမရသောအခါ ကလေးကို ယတြာချေသည့်

သဘောဖြင့် အမည်ပြောင်းရသည်။ ကလေးအား အလွန်မြင့်သောနာမည် ပေးထားပါက စီးနေတတ်သည်ဟူသော မြန်မာအယူအဆနှင့် ခပ်ဆင်ဆင်။

ချင်းတို့ကမူ စတိပြောင်းခြင်းမဟုတ်။ ကလေးကို သူတစ်ပါးအား ပေးလိုက်သည်ဟူသော လှည့်ကွက်သဘောမျိုးမဟုတ်။ တကယ်အပြီးအပိုင် အမည်ပြောင်းလဲလိုက်ရခြင်းတည်း။

လူကြောင့်မဟုတ်ဘဲ ရေ၊ မြေ၊ တော၊ တောင် သဘာဝတို့ကြောင့် ပေါ်ပေါက်လာသည့်ဖြစ်ပျက်မှုများမှလည်း ချင်းအမျိုးသားတို့ အတိတ်နိမိတ် ကောက်လေ့ရှိကြ၏။ ဥပမာ ငလျင်ပြင်းထန်စွာလှုပ်လျှင် ရောဂါဘယထူပြောမည်။

တကယ်တော့လည်း ငလျင်ပြင်းထန်စွာလှုပ်ပြီးနောက် ရောဂါဖြစ်မှုများ နောက်ဆက်တွဲဖြစ်တတ်သည်လည်းအမှန်။ သိပ္ပံပညာထွန်းကား၍ လကိုပင် လူရောက်နေသောကာလမှာပင် ငလျင်လှုပ်မည်ကို အတိအကျခန့်မှန်း၍မရသေး မဟုတ်ပါလား။

ချင်းအမျိုးသားတို့သည် ရှေးအခါက ထိုသို့ယုံကြည်သည်နှင့်အညီ လက်လှမ်းမီသလောက် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ကြ၏။ ပြီးတော့ သူတို့၏အားထားရာ နတ်များကို ပူဇော်ပသရသည်။

ရာသီဥတုသည် သာမန်လူမျိုးများအတွက် အရေးမကြီးလှသော်လည်း အချို့အဖို့မူ သေရေးရှင်ရေးအထိ အရေးကြီး၏။ မုန်တိုင်းကျတော့မည်ကို ပင်လယ်တွင်းသွားလာနေကြသည့် သင်္ဘောသားတို့ အချိန်မီသိပါက လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ လုပ်နိုင်မည်မဟုတ်ပါလား။

စိုက်ပျိုးရေးကို အဓိကစီးပွားရေးအဖြစ် အားကိုးကြရသော ချင်းအမျိုးသားတို့သည် ရာသီဥတုကို အလေးထားကြသည်မှာ အထူးအဆန်းမဟုတ်ချေ။ မိုးရွာတုန်းတိမ်တောက်ချိန် သိပ်များနေပါက ရာသီဥတုဖောက်ပြန်တတ်သည်။ ကောက်ပဲသီးနှံ၊ စပါးများကို ပိုးဖျက်တတ်သည်ဟု သက်ဝင်ယုံကြည်ကြသည်။ ထို့ကြောင့် ချင်းတို့သည် ရှေးအခါက အချိန်မဟုတ် မိုးရွာပါက သို့မဟုတ် တိမ်တောက်ချိန်အလွန်များပါက အထူးသတိထားကာ ကြိုတင်ကာကွယ်မှုများ ပြုလုပ်ကြရတော့သည်။

ယခုခေတ်ကဲ့သို့ ခေတ်မီမိုးလေဝသတိုင်းတာမှုများ မပြုလုပ်နိုင်သေးမီကာလက သက်ကြီးစကား သက်ငယ်ကြားဆိုသလို အတွေ့အကြုံများကို လက်ဆင့်ကမ်းသွားခြင်း ဖြစ်ကောင်းဖြစ်ပေမည်။

တောင်တန်းသားတို့အဖို့ မကင်းသောကိစ္စကား တောလိုက်ခြင်းဖြစ်သည်။

သူတို့၏လုပ်ငန်းနှင့် သူတို့၏နတ်ကိုးကွယ်မှုကား ဆက်စပ်နေ၏။ ယခုခေတ်အခါမှာပင် နတ်ပင့်ပြီး နတ်ထံခွင့်ပန်ပြီးမှ တောလိုက်လေ့ရှိသည်။

နတ်ကိုးကွယ်သူတို့ အလေးထားသော တောကောင်ကား ကျားဖြစ်သည်။ ကျားနှင့်ပတ်သက်၍ ရှောင်စရာလေးများ ချင်းအမျိုးသားတို့မှာ ရှိတတ်သည်။ စိတ်ဝင်စားစရာလည်း အလွန်ကောင်းသည်။ ကျားစွယ်ကျားရိုးများ ဆောင်ပါလျှင် အမှောင့်ပယောဂ စုန်းတစ္ဆေတို့ မပူးမကပ်နိုင်ဟုယုံကြည်ကြ၏။ ထို့ကြောင့် ကလေးများအား ကျားရိုးကျားစွယ်များ ဆွဲပေးထားရသည်။

သို့သော် ကျားအရှင်များတွင်မူ နတ်ဆိုးများ အမြဲတွယ်ကပ်နေသည်ဟု ယုံကြည်ကြ၏။ လူများအား ကောင်းကျိုးမပေးဘဲ ဒုက္ခပေးမြဲဖြစ်သည့် ကျားများကို ချင်းတို့က မကိုးကွယ်ဘဲ ကြိုးစားပစ်ခတ်ကြသည်။ သုတ်သင်ကြသည်။ တစ်ခုတော့ရှိသည်။ ကျားကိုပစ်၍ ရသည့်တိုင် ကျားသေ၏ ဦးခေါင်းကိုဖြစ်စေ ကိုယ်ကိုဖြစ်စေ ရွာတွင်းသို့ မယူဝံ့ကြပေ။ ပွဲပေးပြီးမှ ယူကြရသည်။

ရွာတွင်းယူမိပါက အိမ်တွင်မွေးထားသည့် စားကောင်၊ ခိုင်းကောင်များကို ကိုက်ကြမည်၊ သတ်ဖြတ်လက်စားချေမည်ဟု ယုံကြည်ကြသောကြောင့်တည်း။

တောလိုက်ကြရင်း ဝက်ဝံ၊ သမင်၊ ဒရယ်၊ ချေ စသည်တို့ကို လိုက်လံပစ်ခတ်ကြပြီးနောက် တောကောင်က သစ်ပင်အကိုင်းပေါ် မှီတွယ်ကပ်ပြီး သေနေပါက မယူတော့ပေ။ တောနတ်က မပေးလို၍ တောကောင်ကို ပြန်ယူထားခြင်းဖြစ်သည်ဟု နိမိတ်ဖတ်ခြင်းတည်း။

ရှေးအခါက ဖျားနာသူများအတွက် ယတြာချေလေ့ရှိ၏။ ဟားခါးနယ်မှ ချင်းအမျိုးသားတို့သည် မကောင်းဆိုးဝါးနတ်များက လုပ်ထားသောကြောင့်သာ ဖျားနာကြသည်ဟု ယူဆကြသည်။ မကောင်းဆိုးဝါးနတ်များ အမျက်ဒေါသပြေစေရန် ကျွဲရုပ်၊ နွားရုပ်၊ ကြက်ရုပ်၊ ဝက်ရုပ်၊ ပုတီးစေ့၊ မောင်းရုပ် စသည်တို့ကို လမ်းများတွင် သွားပစ်ထားရသည်။ ခေါပစ်ကြသည့်သဘော မဟုတ်။

ခရီးသွားမည်ဆိုလျှင်၊ ထူးခြားအလုပ်ကိစ္စ လုပ်တော့မည်ဆိုလျှင်၊ သာရေးနာရေးကြုံရပြီဆိုလျှင် လူအတော်များ

များတို့သည် ဗေဒင်မေး တွက်ချက်လေ့ရှိကြသည်။ ယခုထက်တိုင် ခေတ်မီပါသည်ဆိုသူများပင် ပြုကျင့်နေကြတုန်းဖြစ်သည်။

ချင်းအမျိုးသားတို့သည်လည်း ပွီကိုင့်ဟုခေါ်သော ကြက်ဥမှုတ် ဗေဒင်ဆရာများနှင့် အရာရာတိုင်ပင်လေ့ရှိကြ၏။ ချင်းကျေးရွာများတွင် ရွာသူရွာသားများ နာမကျန်းဖြစ်သောကိစ္စ၊ ခရီးသွားလာရေးကိစ္စ၊ အလုပ်အကိုင်ကိစ္စ၊ သာရေးနာရေးကိစ္စ၊ အခြားသောကိစ္စရပ်များနှင့် ပတ်သက်၍လည်း ပွီကိုင့်ဆရာထံ ဗေဒင်မေးအကြံတောင်းရသည်။

ချင်းတို့သည် တောင်တန်းများပေါ်တွင် နေထိုင်ကြရာဝယ် အချင်းချင်းစုပေါင်းရှာဖွေကြ၊ ခွဲဝေစားသောက်ကြ၊ အများဆုံး ပစ္စည်းဖလှယ်ကြခြင်းလောက်သာရှိသဖြင့် စီးပွားဖြစ်သဘောကား မရှိသလောက်ပင်။ ထို့ကြောင့် ပွီကိုင့်ဆရာများလည်း ဗေဒင်ဟောခရယ်ဟု ရသည်လည်းရှိ၏။ မရသည်လည်းရှိ၏။

လောဘသမားမဟုတ်သဖြင့်လည်း ဗေဒင်ဆရာက အတင်းမတောင်းခံ။ ချင်းတို့ကလည်း ကျေးဇူးမမေ့တတ်။ လူမမာအတွက် နတ်ပူဇော်ပသရပါက ပွီကိုင့်ဆရာအတွက် ယဇ်ကောင်၏ ပေါင်တစ်ပေါင်လောက်တော့ လာပေးလေ့ရှိသည်။

ချင်းအမျိုးသားတို့သည် သာမန်ခရီးအဖြစ်နှင့်ပင် မိုင်အတော်များများကို နေ့စဉ်လိုပင်သွားနေရတတ်၏။ ခရီးနှင့်ပတ်သက်သော အတိတ်နိမိတ်များက သူတကာတွေထက် ပိုများရသည်မှာ သဘာဝကျလှပေသည်။ ရက်ကောင်းရက်မြတ်ရယ်ဟု ရွေးလေ့မရှိသော ပလက်ဝဘက်မှ ချင်းအမျိုးသားတို့သည်ပင်လျှင် လမ်းခရီးတွင် ခလုတ်တိုက်မိပါက၊ ပစ္စည်းတစ်ခုခု မေ့ကျန်ရစ်ခဲ့ပါက၊ မြွေတွေ့ပါက နိမိတ်မကောင်းဟု မှတ်ယူကြသည်။

ခရီးနှင့်မြွေကား မယုံကြည်သူ မရှိသလောက်ပင်။ မြွေအလျားလိုက်သွားနေပါက ခရီးရှည်မည်။ ကန့်လန့်ဖြတ်သွားနေပါက ခရီးတိုမည် စသည်ဖြင့်လည်း မြန်မာတို့ကဲ့သို့ ယုံကြည်ကြသည်။

မြန်မာလေ့တွင် မြွေထီးနှင့်မြွေမ မိတ်လိုက်နေသည်ကို ကြုံတောင့်ကြုံခဲမြင်ပါက ကာလသားများက ပီယဆေးအဖြစ် အသုံးဝင်သည်ဟု သက်ဝင်ယုံကြည်ကြသည့်အားလျော်စွာ လက်ကိုင်ပဝါပစ်ကာ ထိစေသည်၊ နောက်တော့ ပြန်လည်ရယူသည် စသည်ဖြင့် ကြားဖူးကြပေလိမ့်မည်။

ချင်းအမျိုးသားတို့ကား ဆန့်ကျင်ဘက်။

မိတ်လိုက်နေသော မြွေထီးမြွေမကိုမြင်လျှင် လာဘ်တိတ်သည်ဟုယူဆပြီး ဆက်ကြည့်ရန်ဝေးစွ၊ ချက်ချင်းမျက်နှာလွှဲ ခပ်မြန်မြန် ရှောင်ထွက်သွားရသည်။ ထိုအကြောင်းကို ပြန်မပြောရ။ တွေးပင်မတွေးရ။

မြွေကို ငွေနှင့်အသံတူမှုကို အကြောင်းပြုကာ လာဘ်ဟု ဆိုကြသည်။ ကောင်းသောနိမိတ်ဟု မြန်မာများသဘောထားကြသည်။

ချင်းတို့ကမူ မြွေကို လုံးဝအကောင်းမမြင်ကြ။

အိမ်ပေါ်မြွေတက်လာပါက ထိပ်ထိပ်ပျာပျာ ဖြစ်ကြ၏။ သေဘေးနှင့်ကြုံတတ်သည်ဟု ယုံကြည်သောကြောင့်ဖြစ်သည်။ လက်တွေ့နှင့် မနီးစပ်ပါသလား။

ပလက်ဝနယ်မှ ချင်းအမျိုးသားတို့သည် ခရီးသွားရင်း လမ်းခုလတ်တွင် သစ်တောက်ငှက် မြည်သံကြားရလျှင် အန္တရာယ်မုချကြုံရမည်။ သို့သော် သစ်တောက်ငှက် မြည်သံမကြားရဘဲ သစ်ပင်ကို တတောက်တောက် ခေါက်နေသံကြားရလျှင်မူ နိမိတ်ကောင်းပြန်သည်တဲ့။ မကြာမီ ခေါင်ရည်သောက်ရမည့် နိမိတ်မို့ ဝမ်းသာအားတက် ခရီးဆက်ကြလေ့ရှိ၏။

ပျားနှင့်ဖျားခြင်းကား ချင်းအတိတ် ချင်းနိမိတ်တွင် လာပြီးဆက်စပ်နေသည်။

အိမ်မှာမဆိုနှင့် အိမ်နားကသစ်ပင်၊ ခပ်ဝေးဝေးက ရွာတွင်းသစ်ပင်တွင် ပျားစွဲပါက ဖျားနာတတ်သည်။ ပျားအတုပ်ခံရသည်ဟု အိပ်မက်လျှင်လည်း ဖျားတတ်သည်။ ပျားနှင့်ဖျားကား တတွဲတွဲ။ အနက်ရောင်ကြက်မနှင့် ယတြာချေရသည်။

အိမ်ခေါင်မိုးပေါ် ခွေးတက်လျှင် လူသေတတ်သည်။

အိမ်ကကြောင် ထွက်သွားလျှင် လူသေတတ်သည်။

မီးဖိုတွင် မှိုပေါက်လျှင်လည်း လူသေတတ်သည်။

ခြံအုံတွင် မှိုပေါက်လျှင်တော့ ကြွယ်ဝချမ်းသာမည်။

အိမ်နောက်ဖေးတံခါးမှ ငှက်ပျံထွက်သွားပါက လူသေတတ်သည်။

အိမ်ရှေ့တံခါးမှ ငှက်ပျံထွက်သွားလျှင်မူ လာဘ်များစွာဝင်လာသည်ဟု ချင်းအမျိုးသားတို့ အတိတ်ကောက် နိမိတ်ဖတ်လာခဲ့ကြသည်။

**မောင်အောင်မွန်**

**(သားချင်းတို့အကြောင်း တစေ့တစောင်းစာအုပ်မှ)**




မောင်သန်းဆွေ (အညာမြေ)

◆ နှစ်ပေါင်းရှည်ကြာ ခံစားလာရ
လူမှုဒုက္ခ အဝဝမှ
လွတ်မြောက်ကြရန် ရည်ရွယ်စိတ်သန်၍ ...
ယဉ်ကျေးမှုတစ်ရပ် ပစ်ခတ်ရပ်စဲ
ဆွေးနွေးပွဲမှ ရလဒ်ကောင်းကျိုး
ရည်မျှော်ကိုးလျှက်။

◆ ဖွံ့ဖြိုးတိုးတက် စိတ်လက်ကြည်သာ
နောင်လာနောက်သား မျိုးဆက်များတိုင်
ခိုင်မာစေရေး ငြိမ်းချမ်းရေးသို့ ...
အဂ္ဂနီစီအောဟု ကိုယ်တိုင်ပြုစု
ရှေးရှုငြိမ်းချမ်း ရည်မျှော်မှန်းလုပ်
စာချုပ်ပြုကာ ရေးထိုးလာကြ။

◆ ခိုင်မာဆုံးဖြတ် ရေးထိုးအပ်စွာ
စာချုပ် NCA မတွေဝေဘဲ
ရှေ့ဆက်မြဲမြဲ လျှောက်လှမ်းရန်သင့်။

◆ လမ်းကြောင်းမှန်မှ မှန်ကန်ဆက်သွား
တိုင်းရင်းသားတို့ ...
များမကြာမီ သည့်တိုင်းပြည်ဝယ်
ဖက်ဒရယ်စနစ် ကျင့်သုံးဖြစ်လို့ ...
ဒီမိုကရေစီ ညီညာမျှတ
တန်းတူရသို့ ...
မုချငြိမ်းချမ်းပါလိမ့်မည်။ ။





# ချင်းတောင်တန်းတွေ သက်သေတည်၍

(ဟင်္သာတ)

ရန်ကုန်-ပခုက္ကူသွား ကားပေါ်မှာတော့ တရိပ်ရိပ် နောက်ကျန်ရစ်ခဲ့ကြသည့် ရှုခင်း၊ မြင်ကွင်းတွေနဲ့ အတူ ကိုယ်နဲ့မကွဲမကွာ ပါလာသည့် အတွေးစတချို့က ပူးလိုက်ကပ်လိုက် ကွယ်လိုက်ပျောက်လိုက်နဲ့ ရစ်သိုင်းပေါ်လာပြန်တော့သည်။ လူ့စိတ်ဆိုတာ မျောက်စိတ်လိုပဲလို့ ပြောသံကြားခဲ့ဖူးတဲ့ စကားတစ်ခွန်းလို အပြောင်းအလဲ မြန်တတ်ခြင်းတွေကိုလည်း ပြန်လည်သုံးသပ်ကြည့်မိပြန်သည်။ ဘွဲ့ရပညာတတ်ကြီးတစ်ယောက်အဖြစ်နဲ့ ရာထူးရာခံတွေ တသီတတန်းကြီးရယူလို့ ဘဝမှာ အောင်မြင်သူတစ်ယောက် တစ်နေ့မှာ မလွဲမသွေဖြစ်ရမယ်ဆိုတဲ့ သံမဏိဆုံးဖြတ်ချက်တွေ ....။

လူငယ်တစ်ဦးပီပီ ကိုယ်စွမ်းကိုယ်စတွေနဲ့ ဘဝဆိုတဲ့ ကောင်းကင်ပြင်ကျယ်ကြီးထဲမှာ အဆုံးမဲ့ပျံသန်းချင်သူ၊ အဖေနဲ့အမေ ပေးအပ်လိုက်တဲ့ ခွန်အားတွေ၊ သန်မာထက်မြက်တဲ့ လက်ဖျံရိုးတွေနဲ့ တိမ်ပေါ်မှာ အလံစိုက်ချင်တဲ့သူ ဒီလို ဒီလို စွန့်စားချင်တဲ့စိတ်တွေကြောင့်လည်း ကိုယ်နဲ့ သက်တူရွယ်တူ လူငယ်လူရွယ်တွေ ....။ အလုပ်အကိုင် အသီးသီးနဲ့ ဌာနဆိုင်ရာအသီးသီးမှာ ဣန္ဒြေရရ လုပ်ငန်းဝင်နေကြချိန်မှာ အလုပ်အကိုင်ဆိုလို့ ရေရေရာရာမရှိသေးတဲ့ ကိုယ့်

ဘဝကို ပြန်တွေးမိတော့ သိမ်ငယ်သလိုလည်း ခံစားမိသည်။

ဒါပေမဲ့ မိမိရထားတဲ့ဘွဲ့နဲ့ ကိုက်ညီတဲ့အလုပ်ဆိုတာကလည်း တကယ့်တကယ်တော့မရှိ။ တစ်နေ့က သတင်းစာဖတ်ရင်း အလုပ်ခေါ်သည့် ကြော်ငြာတစ်ခုကို တွေ့ရသည်။ တောင်တန်းဒေသတွေမှာ ပညာရေးဝန်ထမ်းကျောင်းဆရာ၊ ဆရာမတွေခေါ်သည့် သတင်းဖြစ်၏။ ဒီတော့ ရေငတ်တုန်းရေတွင်းထဲပြုတ်ကျဆိုသည့်စကားလို အလုပ်အကိုင်တစ်ခု အလျင်အမြန်လုပ်ကိုင်လိုသော မိမိအဖို့ သွားရောက်လုပ်ကိုင်နိုင်ရန် ဆုံးဖြတ်လိုက်သည်။ မိမိသွားရမည့်ဒေသက ချင်းပြည်နယ်၊ မတူပီမြို့သို့ဖြစ်သည်။

တောအထပ်ထပ်
တောင်အသွယ်သွယ်ကို ကျော်ဖြတ်ရင်း
ဘဝဟူသည်
တောင်တန်းတောင်စွယ်တွေ
ပမာအလား...

ထို့ကြောင့် ရှေ့ပြေးအဖြစ် အလုပ်ခန့်စာလေးကိုယူရင်း ကျောပိုးအိတ်တစ်လုံးမှာ လိုအပ်သမျှ တောက်တိုမည်ရ ပစ္စည်းပစ္စယလေးတွေကို ထည့်သိုရင်း ချင်းပြည်နယ်သို့ ခရီးဆက်ခဲ့သည်။ စိတ်ကူးယဉ်ခြင်းနဲ့ လက်တွေ့ဘဝက တကယ့်တကယ်သွားမှ မိုးနဲ့မြေလို အကွာကြီးကွာဟနေကြောင်း သိလာရသည်။ ရန်ကုန်မှ တစ်နေ့လုံးကားစီးရင်း ညနေစောင်းလုလုအချိန်ရောက်မှ ပခုက္ကူသို့ ရောက်ရှိသည်။

ထိုအခါ ညအိပ်တည်းခိုရန် နေရာရှာရပြန်၏။ 'သပြေညို' ဟူသည့် တည်းခိုခန်းတွင် အိပ်ရသည်။ နံနက်တွင် ခရီးဆက်ရန် မင်းတပ်သွားသောကားကို စုံစမ်းကြည့်တော့ ရှိကြောင်းသိရ၏။

နံနက်လင်းသည်နှင့် မင်းတပ်သို့ထွက်ခဲ့သည်။ ကားပေါ်တွင် မင်းတပ်သွားမည့်သူများ ပါသလို မတူပီအထိသွားမည့် ခရီးသည်အချို့ကိုလည်း တွေ့ရသည်။ ထိုသူများထဲမှ မင်းတပ်မြို့နယ် တိုက်နယ်ဆေးရုံမှ ဆရာဝန်နှစ်ဦးနှင့်တွေ့ဆုံကာ ခင်မင်ရင်းနှီးခဲ့ရလေသည်။

“မိတ်ဆွေက မတူပီအထိ သွားမှာလား”

“ဟုတ်ပါတယ် မတူပီအထိ သွားမှာပါ”

“ဒါနဲ့ အလုပ်က ...”

“ပညာရေးဝန်ထမ်း ကျောင်းဆရာပါ”

“ဩော် ... ကိုယ့်ဆရာက ပြည်မက ထင်တယ်။ ဒါနဲ့ဗျာ ဒီလောက် လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ ချင်းပြည်နယ်ကို ကျောင်းဆရာလုပ်ဖို့ လာတယ်ဆိုတော့ နည်းတဲ့သတ္တိတော့ မဟုတ်ဘူး။ ဒါနဲ့ ပြည်မမှာ တခြားအလုပ်အကိုင်တွေ မရှိလို့လား ...”

“ဒီလိုတော့ မဟုတ်ပါဘူးဗျာ။ ဒီလို ဖွံ့ဖြိုးမှုနည်းတဲ့ ပြည်နယ်ဒေသတွေမှာ ပညာရေးအားနည်းတဲ့ကလေးတွေကို ပညာသင်ကြားပေးချင်တဲ့ ဆန္ဒနဲ့ တမင်တာဝန်ထမ်းဆောင်ဖို့ လာခဲ့တာပါ”

“ဒီလိုဆိုရင်တော့ လေးစားသွားပြီဗျာ။ ဒါပေမဲ့ မတူပီကိုသွားမယ့်ကားတွေက ရှိတော့ရှိတယ် ရှားတယ်လို့ဆိုရမှာပဲ။ တစ်ခါတလေ ကျရင် (၃) (၄) ရက်လောက်ကြာမှ တစ်စီးတလေ ထွက်တတ်တာ။ ကဲ .... ဒီလိုလုပ်ဗျာ ဒီက ကိုထွန်းဝေနဲ့ ကျွန်တော်က မင်းတပ်မြို့နယ် တိုက်နယ်ဆေးရုံ ဆရာဝန်တွေဆိုတော့ ဆရာ ကျွန်တော်တို့ မင်းတပ်ဆေးရုံမှာတစ်ညအိပ်ပြီး နောက်တစ်နေ့ကျမှ ကားစုံစမ်းပြီး မတူပီကို ဆက်ပေါ့”

“ခုလိုကူညီတာ ကျေးဇူးပါပဲ ဆရာတို့ရယ်”

စကားဆုံးတော့ မင်းတပ်မြို့ကို ကားက တရိပ်ရိပ်ဝင်လာလေတော့သည်။

× × ×

နောက်တစ်နေ့ ......။

မနက်ရောက်တော့ ချင်းပြည်နယ်၊ မတူပီသို့ ခရီးဆက်သည်။ တောအထပ်ထပ် တောင်အသွယ်သွယ်ကို ကျော်ဖြတ်ရင်း ဘဝဟူသည် တောင်တန်း တောင်စွယ်တွေ ပမာအလား ကြမ်းတမ်းခြင်းခရီးတွေနဲ့ ပြည့်နှက်နေကြောင်း သုံးသပ်မိသည်။

ကားမရသည်မို့ ခြေကျင်ခရီးဆက်ရန် ဆုံးဖြတ်လိုက်သည်။ ကျောပိုးအိတ်ကို ကျောမှာလွယ်ပိုးရင်း နားတစ်လှည့် သွားတစ်ခါဖြင့် လှိုမြောင်၊ တောင်ကြား၊ တောင်တန်းတွေအကြား ခရီးကြမ်းကို ဆက်ခဲ့သည်။

မတူပီမြို့ရှိရာ ...။

တောင်ကြောတစ်ခုကို မြင်ရစပြုသည့်အချိန်မှာပဲ ရုတ်ချည်းရွာသွန်းလိုက်သော မိုးနဲ့လေကြောင့် ကြွက်စုတ်တစ်ကောင် ဖြစ်၍ သွားသည်။

နဖူးဆီမှ တလိမ့်လိမ့်စီးကျလာနေသော မိုးရေစက်တွေကို တစ်ချက်သုတ်လိုက်ရင်းက မြင်နေရပြီဖြစ်သောဆိုင်းဘုတ်တစ်ခုကို ဖတ်လိုက်သည်။ 'မတူပီမြို့မှ ကြိုဆိုပါ၏' တဲ့။

သိန်းထီပေါက်သူတစ်ဦးပမာ ဒိန်းကနဲဟူသော ခံစားမှုနဲ့အတူ ပျော်သွားသည်။ မတူပီကိုရောက်ပြီ။ ငါ တာဝန်ထမ်းဆောင်ရမယ့် ကျောင်းလေးဆီ ရောက်တော့မည်။ စာဖတ်နေတဲ့ကလေးတွေကို ပညာသင်ကြားပေးမည်။ စိတ်ပိုင်းဆိုင်ရာ စွမ်းအားတွေ ဝေငှမည်။ ဘဝခွန်အားတွေ ပေးမည်။

အတွေးကြောင့် လေးလံနေသော ခြေလှမ်းတို့က သိသိသာသာ မြန်လာသည်။ ထိုမှ 'စာထောင်' ရွာဆီသို့ ခရီးဆက်ရသည်။ ညနေရောက်မှ စာထောင်ရွာ အလယ်တန်းကျောင်းသို့ ရောက်လေတော့သည်။

မတူပီမြို့နယ်၊ စာထောင်ရွာ အလယ်တန်းကျောင်းဆိုသည့် ဆိုင်းဘုတ်လေးရှေ့ အဆောက်အအုံတစ်ခုတွင် ရပ်လိုက်သည်နှင့် ကျောင်းဝင်းထဲမှ အသက် (၅၀) ခန့်လူတစ်ယောက် ဝင်းတံခါးရှေ့ရောက်လာသည်။ ကျောင်းစောင့်ဝန်ထမ်းတစ်ဦးဖြစ်၏။

"ဘယ်သူနဲ့ တွေ့ချင်လို့လဲ ခင်ဗျ"

"ဩော် ... ကျွန်တော်က ဒီကျောင်းကို တာဝန်ထမ်းဆောင်ဖို့ လာတဲ့ ကျောင်းဆရာတစ်ဦးပါ ခင်ဗျာ"

စကားဆုံးတော့ ထိုသူမှ ကျောင်းဝင်းတံခါးကို ဖွင့်ပေးရင်း ဆရာ၊ ဆရာမများရှိနေသည့် ရုံးခန်းသို့ ခေါ်လာလေတော့သည်။

× × ×

ဒီနေ့ ...။

ပြုလုပ်ရတဲ့ ပွဲလေးကတော့ ပြည်မကနေ ဒီစာထောင်ရွာကို တာဝန်ထမ်းဆောင်ဖို့ရောက်လာတဲ့ ဆရာကိုသဲမောင်နဲ့ ခု ဒီကျောင်းမှာ တာဝန်ကျနေတဲ့ ဆရာ၊ ဆရာမတွေကို တွေ့ဆုံမိတ်ဆက်ပေးတဲ့ ပွဲလေးပါပဲ။ ဒါကြောင့် ခုမှရောက်လာတဲ့ ဆရာကိုသဲမောင်ကို နယ်ခံဆရာ၊ ဆရာမတွေက ညီအစ်ကိုမောင်နှမတွေလို လုပ်ငန်းကိစ္စတွေကိုတင် မဟုတ်ဘဲ ဆရာရဲ့ နေရေးထိုင်ရေး လူမှုရေးစတဲ့ကိစ္စတွေကိုလည်း ဝိုင်းဝန်းကူညီပေးကြဖို့ တောင်းဆိုပါရစေ။

ဆရာကြီးရဲ့ ဩဝါဒစကားအဆုံးမှာတော့ မိမိကပဲ စတင်လို့ မိတ်ဆက်ရသည်။

"ကျွန်တော့်နာမည်က ကိုသဲမောင်ပါခင်ဗျာ"

"ကျွန်တော်က ဒီကျောင်းလေးက ဆရာကိုမြတ်သူပါ"

"ကျွန်မက ဒေါ်မေမေလွင်ပါရှင့်"

တစ်ယောက်တစ်လှည့် မိတ်ဆက်ကြရင်း တွေ့ဆုံပွဲလေးက စိုစိုပြည်ပြည် ပြီးဆုံးသွားသည်။ စာထောင်ရွာ အလယ်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်နေကြသည့် ဆရာ၊ ဆရာမတွေက ဒေသခံတွေပါသလို မိမိကဲ့သို့ တစ်ရပ်တစ်နယ် တစ်ကျေးမှ လာရောက်ကြသူလည်း ရှိသည်။





ဘာပဲဖြစ်ဖြစ် …။

တစ်အူထုံ့ဆင်း ညီရင်းအစ်ကို မောင်နှမတွေ မဟုတ်လင့်ကစား ဝါသနာတူ ခရီးတူညီသူတွေမို့ ညီအစ်ကို မောင်နှမတွေလို ခင်မင်သွားခဲ့ကြသည်။ ကျောင်းပတ်ပတ်လည်တွင် တောင်တန်းတောင်စွယ်တွေက ဝန်းရံထားသည်။ ထိုတောင်တန်းတောင်စွယ်တွေကို ကြည့်ရင်း ငါဆုံးဖြတ်ခဲ့တာ မှားသွားပြီလားဟူသည့် အတွေးတစ်ခု ဝင်ချင်ပေမယ့် သူ့လိုငါ့လို ဆရာ၊ ဆရာမ လုပ်ဖော်ကိုင်ဖက်တွေ တောင် ဒီလိုတောတောင်တွေကြားမှာ လုပ်နိုင်သေးရင် ငါလည်း လူသားတစ်ယောက် မလုပ်နိုင်စရာဘာရှိသလဲ ဟူသည့် အားငယ်စိတ်တွေ ဖျောက်လို့ ဘဝသတ္တိတစ်စုံကို မွေးမြူရပြန်သည်။

ဘာပဲဖြစ်ဖြစ် ဒီကျောင်းလေးကိုရောက်လာသည့် ရက်အနည်းငယ်မှာပဲ မိမိသင်ကြားရတဲ့ တပည့်လေးတွေနဲ့ သံယောဇဉ်ကြိုးတွေက ရစ်ပတ်လို့ ပြည်မကို လွမ်းချင်သလိုလို ဖြစ်မိတဲ့စိတ်တွေတောင် ဘယ်ကိုရောက်ရင်း ပျောက်သွားကြသည်မသိ။ အတွေးမဆုံးခင်မှာတော့ ကျောင်းဆင်းသည့် ခေါင်းလောင်းသံလေးကို ကြားရတော့သည်။

× × ×

သည်ကနေ့ …။

ကျောင်းအဆင်းမှာတော့ မိမိနှင့် တစ်ကျောင်းတည်း တာဝန်ထမ်းဆောင်သည့် ဆရာကိုမြတ်သူက သူတို့ရွာတွင် လာမည့်အပတ်၌ ကျင်းပမည့် ခရစ်စမတ်ပွဲတွင် ချင်းရိုးရာ ဓလေ့အရ မီးပုံပွဲပြုလုပ်၍ ကကြပြီး ချင်းပျိုဖြူလေးများနှင့်လည်း ချစ်ခင်ရင်းနှီးစွာ နေထိုင်နိုင်ကြသည်ဖြစ်၍ အလွန်ပျော်စရာကောင်းကြောင်း ပြောဆိုလာသည်။

ဒါကြောင့်လည်း … ပွဲတော်ရက်တွင် ကိုမြတ်သူနဲ့အတူ လိုက်ပါခဲ့သည်။ ကိုမြတ်သူ မိတ်ဆက်ပေးမှုနဲ့ အတူ လဲ့မွန်ဆိုသည့် ချင်းတိုင်းရင်းသူလေးတစ်ဦးနှင့်လည်း တွေ့ဆုံခင်မင်ခွင့်ရခဲ့ပြန်သည်။

"လဲ့မွန် သူက ကိုယ်တို့ကျောင်းကို တာဝန်ထမ်းဆောင်ဖို့ မကြာခင်ရက်ပိုင်းကမှ ပြည်မကနေရောက်လာတဲ့ ဆရာကိုသဲမောင်ပါ။ ဆရာ သူကတော့ ချင်းတိုင်းရင်းသူ လဲ့မွန်တဲ့"

"ဪ …. ဟုတ်ကဲ့ ခုလိုသိကျွမ်းခင်မင်ခွင့်ရတာ ဝမ်းသာပါတယ်ခင်ဗျား"

"ကျွန်မကလည်း ခုလို လမ်းပန်းဆက်သွယ်မှုခက်ခဲတဲ့ ကျွန်မတို့ရဲ့ ချင်းပြည်နယ်ဒေသတွေကို တကယ့်စေတနာအရင်းခံနဲ့ လာရောက်တာဝန်ထမ်းဆောင်တဲ့ ဆရာ့ကို လေးစားပါတယ်ရှင်။ တကယ်တော့ ကျောင်းဆရာ၊ ဆရာမတွေရဲ့ဘဝဟာ ရိုးသားဖြူစင်လှပပြီး နှလုံးသားလှသူတွေပဲလုပ်နိုင်ကြတာမို့ ကျောင်းဆရာဆိုတာ တော်ရုံတန်ရုံ သာမန်လူတွေ မလုပ်နိုင်ကြပါဘူး။

နောက်ကိုလည်း ဆရာကိုမြတ်သူမပါပေမယ့် လဲ့မွန်တို့အိမ်ကို ဝင်ပါထွက်ပါ" ဆိုတဲ့ လှိုက်လှဲဖော်ရွေမှု အပြုံးတစ်စနဲ့ ဖိတ်ခေါ်လာတဲ့ လဲ့မွန်ဆိုတဲ့ ချင်းတိုင်းရင်းသူလေးတစ်ယောက်ရဲ့ ဧည့်ဝတ်ပျူငှာစကားတွေကိုတော့ ရင်ထဲမှာ တမြေ့မြေ့ကြားယောင်ရင်း အပြန်လမ်းမှာတော့ နှုတ်ဆိတ်နေတဲ့ ကျွန်တော့်ကို ဆရာကိုမြတ်သူက စကားစလာခဲ့သည်။

"ဆရာကိုသဲမောင်ကို ကြည့်ရတာ လဲ့မွန်ရဲ့အပြောအဆို လှိုက်လှဲမှုတွေကို ဟာတ်ထိသွားတဲ့ပုံပဲ"

"ဟာ အဲသလိုလည်း မဟုတ်ပါဘူး ကိုမြတ်သူရယ်။ တကယ်တော့ တိုင်းရင်းသား တိုင်းရင်းသူတွေ

ဟာ တကယ့်ကို စိတ်ထားလှပပြီး ခင်မင်စရာကောင်းကြတာကို တွေးနေတာပါ''

''ဟုတ်ရဲ့လား ဆရာရယ်၊ နောက်တော့မှ အစကတော့ရိုးရိုး နောက်တော့တစ်မျိုး တိုးလို့ချစ်ပြန်ဆိုပဲ ... သီချင်းထဲကလို ဖြစ်နေပါ့မယ်။ အင်း ... လဲ့မွန်တို့မိသားစုတွေက သဘောကောင်းကြသလို သူတို့ရဲ့ မျိုးရိုးကလည်း ကြီးကြတယ်၊ ဆရာ လဲ့မွန်ကိုချစ်ရင်တော့ ဒီချင်းတောင်တန်းဒေသတွေမှာ နေနိုင်မှ ဖြစ်မယ်နော်''

× × ×

ရင်းနှီးမှုဆိုတဲ့ ...။

ချစ်ခြင်းတရားတစ်ခုရဲ့ မြစ်ဖျားခံခြင်းဟာ တစ်ဘဝတာအတွက် လက်တွဲခြင်းဆိုတဲ့ အဆုံးသတ်အထိ ရှိလာခဲ့လိမ့်မယ်လို့ ထိုအချိန်က မိမိမတွေးဖြစ်ခဲ့။ ပြည်မနဲ့ အဝေးတစ်နေရာမှာရှိတဲ့ ချင်းတောင်တန်းတွေဆီ ခြေဆန့်လို့ စာတော်နေတဲ့ ကလေးတွေရဲ့ဘဝကို ပြုစုပျိုးထောင်မယ်ဆိုတဲ့ ရည်ရွယ်ချက်ခပ်ကြီးကြီး ကျောင်းဆရာတစ်ယောက်ဟာ တစ်နှစ်တာဆိုတဲ့ ဖြတ်သန်းမှုကာလတစ်ခု အဆုံးမှာတော့ မနောဖြူတဲ့ ချင်းတိုင်းရင်းသူလေး လဲ့မွန်နဲ့ တစ်အိုးတစ်အိမ်ထူထောင်မိတဲ့အထိ ဘဝတစ်ခုကို ခြေချခဲ့သည်။

'ကိုယ်'

'ဘာလဲ လဲ့'

'ကိုယ် လဲ့ကို တကယ်ရော ချစ်ရဲ့လားဟင်'

'ဩော် .... လဲ့ရယ် မချစ်ဘဲနေပါ့မလား။ ဘာဖြစ်လို့မေးတာလဲ။ ကိုယ့်အချစ်ကို ဘာလဲ လဲ့မယုံလို့လား'

'မဟုတ်ပါဘူး အစ်ကိုရယ်၊ လဲ့တို့ရဲ့မျိုးရိုးက ကြီးတယ်၊ စော်ဘွားမျိုးတဲ့၊ ဒါကြောင့်လည်း အမျိုးချင်းတူတဲ့သူတွေနဲ့သာ ထိမ်းမြားလေ့ရှိကြပြီး ခုလဲ့က ကိုယ့်ကိုလက်ထပ်မယ်ဆိုတော့ မိဘတွေ သဘောတူကြမှာမဟုတ်ဘူး၊ ဒါကြောင့် ကိုယ့်တစ်မျက်နှာသာ အားကိုးပြီး ချစ်ရမှာမို့ လဲ့မေးနေတာပါ'

'ဩော် .... ဒီအတွက်တော့ စိတ်ချပါလဲ့ရယ်၊ ကိုယ် လဲ့ကိုချစ်ရတဲ့ အချစ်တွေက ဟိုအဝေးပျပျမှာ မြင်နေရတဲ့ ချင်းတောင်တန်းတွေလိုပဲ ခိုင်မြဲတည်ကြည်ပြီး မပြောင်းလဲတဲ့ အချစ်တွေနဲ့ ကိုယ်သစ္စာဆိုရဲပါတယ် လဲ့ရယ်'

ဘဝသတ္တိတွေ အာဂုံဆောင်လို့ အဝေးတစ်နေရာဆီ ပျံသန်းခဲ့တဲ့ ငှက်တစ်ကောင်ဟာ အိမ်ထောင်သက်တစ်နှစ်တိတိရှိတဲ့ အချိန်မှာတော့ ကိုယ်နဲ့ လဲ့တို့ရဲ့ဘဝထဲကို သမီးဆိုတဲ့ သံယောဇဉ်ကြိုးလေးတစ်ချောင်းက ရောက်လာခဲ့တယ်။

ကျောင်းဆရာဆိုတာ ပီတိကိုစား အားရှိရတဲ့သူတွေဆိုပေမယ့် တကယ်တမ်း မိသားစုဘဝတစ်ခုအတွက်တော့ သက်လုံမကောင်းနိုင်ဘူး။ ပြီးတော့ သမီးလေးရဲ့အနာဂတ်တွေကလည်း ရှိသေးတယ်။ ဒါကြောင့်မို့ လဲ့နဲ့တိုင်ပင်ရင်း ဆုံးဖြတ်ချက်အသစ်တစ်ခုကို ချမှတ်ရပြန်သည်။

'လဲ့'

'ဘာလဲ ကိုယ်'

'ကိုယ်တို့ တစ်ရွာမပြောင်း သူကောင်းမဖြစ်ဆိုတဲ့ စကားလိုတခြားဒေသတစ်ခုခုကို ပြောင်းပြီး အလုပ်တစ်ခုခုလုပ်ကြရင် မကောင်းဘူးလားလို့'

'ဘာအလုပ်လုပ်မှာလဲ ကိုယ်ရယ်'

'အင်း ... ကိုယ့်သဘောကတော့ ဖားကန့်ဘက်တက်ရင် ကောင်းမလားလို့၊ မိဘတွေကိုတော့ ရန်ကုန်ပြန်မယ်လို့ပဲ ပြောထားမယ်'

'ကိုယ့် သဘောပဲလေ'

ဒါကြောင့်လည်း ဘဝ၏စွန့်စားခြင်း ဒုတိယခြေလှမ်းအဖြစ် ဇနီးနဲ့သမီးလေးကိုခေါ်ဆောင်လို့ မော်တော်တွေရှိရာ ဖားကန့်ဘက်သို့ ခြေဦးလှည့်မိပြန်လေသည်။

× × ×

မြင့်မားမတ်စောက်နေတဲ့ ချိုင့်ကျင်းတွေနဲ့ အနားသတ်ထားရင်း ဖားကန့်ရယ်လို့ သတင်းကြီးလှတဲ့ မော်တော်ကိုရောက်တော့ သူ့လိုငါ့လို တဝမ်းတခါးအတွက် ဘဝကို စွန့်စားဖို့လာကြသူတွေ၊ တစ်နေ့မှာ လော်ပန်လောင်းတွေ ဖြစ်ရမယ်ဆိုတဲ့ ကြီးမားတဲ့ရည်ရွယ်ချက်ရှိသူတွေ၊ သေရင်မြေကြီး ရှင်ရင်ရွှေထီးဆိုတဲ့ထုံး နှလုံးမူလို့ နေခြင်းကို သေခြင်းနဲ့ အပေါင်

ကျောင်းဆရာဆိုတာ ပီတိကိုစား
အားရှိရတဲ့သူတွေဆိုပေမယ့်
တကယ်တမ်း
မိသားစုဘဝတစ်ခုအတွက်တော့
သက်လုံမကောင်းနိုင်ဘူး။

ထား ရေမဆေးကျောက်ရှာဖွေ ဗျာများနေတဲ့သူတွေက ကျေးလက်ဒေသမှာ ကျင်းပတဲ့ ဘုရားပွဲတော်တမျှ စည်ကားလို့နေပြန်လေသည်။

အမိုးသာရှိပြီး အကာဇလာနတ္ထိ လေတဟူးဟူးတိုက်နေတဲ့ ကွင်းပြင်ထဲမှာ ဆောက်ထားတဲ့ အလုပ်သမားတဲတန်းတစ်ခုထဲသို့ မိသားစု အထုပ်အပိုးတွေနဲ့ ဝင်လိုက်ရင်း နေရာထိုင်ခင်းတစ်ခုကို ဖြစ်သလိုခင်းကျင်းလိုက်သည်။ နောက်တစ်နေ့တွင်တော့ အလုပ်သမားရုံးတွင် စာရင်းပေး၍ အလုပ်ဆင်းရ၏။ လုပ်ကိုင်ရသော အလုပ်သည် ကျောက်တွင်းများအတွင်းရှိ တူး၍ထားသော မြေစာခဲများကို မြေပြင်ကျင်းဝပေါ်သို့ ရောက်အောင် တနိုင်တပိုင် သယ်ပိုးရသော အလုပ်ဖြစ်၏။ တစ်နေ့လုပ်အားခအဖြစ် ငွေကျပ် (၂၀၀၀) ခန့်မျှရသည်။

သမီးငယ်လေးရှိသည်မို့ လင်မယားနှစ်ယောက် တစ်ယောက်တစ်လှည့် ကလေးကိုကြည့်ကာ သယ်ပိုးရသည်။ သို့သော် မိမိက ဖနီးသည်ကို ညှာ၍ သယ်ပိုးရသည်က များ၏။ နှစ်ယောက်ပေါင်းတော့ တစ်နေ့တာ လုပ်အားခသည် ကျပ် (၄၀၀၀) ခန့်ရရှိ၏။ ထိုရလာသော ဝင်ငွေလေးများကို ခြိုးခြံချွေတာစား၍ အချို့ကို စုဆောင်းရလေသည်။

ရောက်ခါစကာလတွင် အခင်းဗလာ အကာမဲ့လေသော အလုပ်သမားတဲတန်းကြီးများတွင် ဖြစ်သလို နေထိုင်ရင်း တစ်လခန့်ရှိသည့် ကာလတွင်တော့ ထိုတဲတန်းကြီးများနှင့် မနီးမဝေးတွင်ရှိသည့် မော်တောများတွင် လာရောက်လုပ်ကိုင်သူအချို့မှ ပြန်လည်ငှားရမ်းသည့် တဲအိမ်လုံးချင်းလေးတစ်ခုတွင် ငှားရမ်းနေထိုင်နိုင်လေတော့သည်။

× × ×

သည်နေ့အိပ်ရာကထတော့…

မနက်စာအတွက် မီးဖိုထဲတွင် ပြင်ဆင်ချက်ပြုတ်နေသည့် လဲ့ရဲ့ မျက်နှာလေးကို တစ်ချက်ကြည့်မိသည်။ နွမ်းနွမ်းယဲ့ယဲ့နှင့် မသာမယာဖြစ်နေ၏။

'လဲ့ ဘာလဲ နေမကောင်းဘူးလား'

'ဟုတ်တယ် ကိုယ်၊ လဲ့ နေရထိုင်ရတာ တစ်မျိုးကြီးပဲ'

ဖွဖွရွရွ နဖူးပြင်လေးကို စမ်းလိုက်တော့ …။

'ဟင် ဟုတ်ပါရဲ့ လဲ့ ကိုယ်တွေပူနေတာပဲ။ ဆေးတွေ ဘာတွေ ကြိုသောက်ထားဦး။ ဒီနေ့ လဲ့ အလုပ်မဆင်းနဲ့တော့၊ အိမ်မှာပဲအနားယူရင်း သမီးလေးနဲ့နေ။ ကိုယ်ပဲဆင်းမယ်'

ရာသီကကြမ်း အလုပ်က ပြင်းထန်းလွန်းလှသည်မို့ လဲ့တစ်ယောက် ပင်ပန်းမှုဒဏ်တွေကိုစုရင်း အဖျားဝင်လေတော့သည်။ မချက်မပြုတ်နိုင်သည်မို့ မိမိကိုယ်တိုင် ဝင်ရောက်ချက်ပြုတ်ရင်း တစ်နေ့တာကို ဖြတ်သန်းရသည်။ အခုဆိုရင် လဲ့ဖျားသည်မှာ (၅) ရက်ခန့်ပင်ရှိပြီ၊ အဖျားရှည်လာသည်မို့ အားအင်တွေက ကုန်ခန်းလာသည်။ ဖြူရော်ရော်နွမ်း



လှလျှ ချစ်ဇနီးရဲ့မျက်နှာလေးကို ကြည့်ရင်း ညည်းတွားမိသည်။

“ဆေးရုံ ဆေးခန်းလေးတစ်ခုခု တော့ပြမှ ကောင်းမယ်ထင်တယ် လှဲ့ရယ်၊ အဖျားတာရှည်ရင် မကောင်းဘူး ထင်တယ်”

သည်နေ့မနက်တွင်တော့ မိမိပင် လျှင် အလုပ်မဆင်းတော့ဘဲ ဖားကန့် တိုက်နယ်ဆေးရုံလေးသို့ ပြရန်သွား သည်။ ဆေးရုံသည် ခပ်မြင့်မြင့် တောင်ကုန်းငယ်လေးတစ်ခုပေါ်တွင် ရှိ၏။ ဆေးရုံဟူ၍သာ နာမည်တပ် ထားသော်လည်း မည်ကာမတ္တ ဆေးရုံသာဖြစ်သည်။

လူနာများအတွက် လဲလျောင်း စရာခုတင်ဟူ၍မရှိ။ လိုအပ်သည့် အခါ ဒရစ်သွင်းရန် ပုလင်းချိတ်စရာ ဒေါက်တိုင်မရှိ။ အမောဖောက်၍ အသက်ရှူမဝသည့် လူနာများကို သက်သောင့်သက်သာ အသက်ရှူနိုင် စေရန် ချိတ်ပေးစရာ အောက်စီဂျင်ဘူး မရှိ။ ဖြန့်ခင်းတည်ဆောက်ထားသည့် တစ်ခုတည်းသော တစ်ပြေးညီကြမ်း ပြင်ပေါ်၌သာ လူနာတွေက အဆင် ပြေသလို နေထိုင်ကြရသည်။

ထိုဆေးရုံကြီးတွင် အနီ၊ အပြာ နှာ့စ်မတွေသာ အများစုရှိကြပြီး ဆရာ ဝန်ကြီးတစ်ဦးက တစ်ပတ်မှ တစ်ခါ လောက်သာ ရောက်လာတတ်ရင်း လူနာများကို ကြည့်ရှုပေးလေ့ရှိသည်။ ထိုဆေးရုံတွင် (၁၀) ရက်ခန့် တက် ရောက်ခဲ့ရပြီး ကာလတစ်ခုတွင်တော့ သက်သာစပြုလာသည်။ ထိုအခိုက် ....

“ဆရာဝန်ကြီး ရောင်းလှည့် တော့မှာမို့ လူနာစောင့်တွေ ခေတ္တ အပြင်ကိုထွက်ပေးကြပါရှင်” ဟူသော သတိပေးသံတစ်ခုက ဆေးရုံခန်းမထဲ သို့ ပျံ့လွင့်လာသည်။ မိမိသည်ပင် အပြင်ထွက်၍ပေးလိုက်၏။ ဆရာဝန် ကြီးနဲ့ ဆရာ၊ ဆရာမတစ်သိုက်မှ လူနာများကို လိုက်၍ကြည့်ရှုနေ၏။ ဇနီးသည်လှဲ့၏ ခုတင်ဆီသို့ ရောက် လာသည်။

“ဩော် ... ဒီလူနာက အတော် တောင် နေကောင်းနေပြီပဲ၊ ကလေး ကိုတောင် ထိုင်ပြီး နို့တိုက်နိုင်ပြီဆို တော့ ဆေးရုံဆင်းလို့ရပါပြီ”

ဆေးရုံဆင်းခွင့်ရပြီမို့ အထုပ် အပိုးတွေ၊ အသုံးအဆောင်ပစ္စည်းတွေ ထည့်ထားသည့်ခြင်းကို တစ်ဖက်၊ ဇနီးသည်ကို တစ်ဖက်တွဲရင်း သမီး ငယ်လေးကိုလည်းချီကာ မိုးကောင်း ကို ပြန်ဖို့စီစဉ်ရတော့သည်။

ကားလမ်းသို့ရောက်ရန် ခရီး သည် ဝေးသေး၏။ ဆေးရုံဆင်းစမို့ ဖြူဖတ်ဖြူရော် သွေးအားနည်းနေ သည့် ဇနီးသည်မျက်နှာလေးကို ကရုဏာသက်သည့် အကြည့်တစ် ချက်နှင့်ကြည့်ရင်း ...

“လျှောက်ကောလျှောက်နိုင်ရဲ့ လား လှဲ့ရယ်၊ ကားလမ်းကို ရောက် တော့မှာပါ အားတင်းထားနော်”

“ရပါတယ် ကိုယ်ရယ်၊ လှဲ့ လျှောက်နိုင်ပါတယ်”

မှောင်ရီဆည်းဆာသည် တစ်နေ့ တာကို ပြည်ဖုံးကားချဖို့ တစ်စတစ်စ လာနေချေ၏။ မကြာမီ အလင်းစတွေ ကွယ်ပျောက်လို့ ညဟူသော ကာလ တစ်ခု ခရီးသစ်ကိုစတင်ရင်း နိဒါန်း တစ်ခုဖွင့်တော့မည်။

တရွေ့ရွေ့ လျှောက်လာရင်းမှ ကားတစ်စီး မောင်းလာနေသည်ကို တွေ့ရသည်။ လက်ပြတားလိုက်ရင်း အကူအညီတောင်းခံကာ စီးရသည်။ ကားပေါ်ရောက်သည့်အခါတွင်တော့ ဆည်းဆာသည် လုံးလုံးလျားလျား ကွယ်ပသွားရင်း အမှောင်ထုတစ်ခုက ဖုံး၍သွားသည်။

“လှဲ့ ကိုယ်တို့ ရန်ကုန်ကို ဆင်း မလား၊ ချင်းတောင်တန်းတွေဆီကိုပဲ ပြန်ကြမလား”

“လှဲ့ကတော့ ချင်းတောင်တန်း တွေဆီကိုပဲ ပြန်ချင်တယ်ကိုယ်ရယ်”

“လှဲ့သွားချင်တဲ့နေရာကို ကိုယ် လိုက်ပို့ပါ့မယ် လှဲ့ရယ်၊ ဒါနဲ့ လှဲ့ စိတ်ညစ်နေပြီလားဟင်”

“မညစ်ပါဘူး ကိုယ်ရယ်၊ ဘဝ ခရီးတွေ ဘယ်လောက်ပဲကြမ်းပါစေ ဟောဒီက ကိုယ်နဲ့အတူ လျှောက်ရ မယ်ဆိုရင် ကမ္ဘာ့အပြင်ထွက်မလား ငရဲပြည်လည်း လိုက်မှာပဲဆိုတဲ့ သီချင်းလို လှဲ့ လိုက်ရဲပါတယ် ကိုယ် ရယ်”

“ကျေးဇူးတင်ပါတယ် လှဲ့ရယ်၊ ကိုယ်လည်း လှဲ့နဲ့ထပ်တူထပ်မျှပါပဲ”

ကောင်းကင်ကြီးကို မော့ကြည့် မိတော့ နေရာမလပ် ကောင်းကင် ပြင်တဆုံးတဆန့်မှာ တလက်လက် တောက်ပနေတဲ့ ကြယ်စင်ကြယ်စ လေးတွေကို မြင်ရသည်။ မှန်တိုင်း၏ နောက်ကွယ်တွင် ချိုမြိန်သော လေ ပြည် လေညှင်းတွေက အသင့်စောင့် ကြိုနေတတ်ကြ၏။ ချစ်သူနှစ်ဦး၏ ဘဝခရီးကြမ်း အိမ်အပြန်လမ်းသည် ကတော့ သာယာဖြောင့်ဖြူး ကြည်နူး ခြင်းတွေအပြည့်နှင့် ...။

ဆုမွန်ဦး (ဟသ်ာတ)



# မိုးပန်းရွှံ

ကျော်သူ၊

## တန်ဖိုး၏ သို့ပါကျူးမှ

(က)

ဆောင်းကာလ၏ နံနက်အရုဏ်ချိန်ဖြစ်၍ နှင်းမှုန်များက တဖွဲဖွဲ ကျနေဆဲ။

ရန်ကုန်မှ မော်လမြိုင်သို့ ထွက်ခွာမည့် ဧယျာမင်း အဝေးပြေးကားဂိတ်တွင် ခရီးသည်များဖြင့် လှုပ်လှုပ်ရှားရှား ဖြစ်နေသည်။ ရောင်းသူဝယ်သူများကလည်း တဆူဆူ၊ ပို့သူကြိုသူများကလည်း တဆူဆူနှင့် မြင်ကွင်းက ရှုပ်ထွေးနေဆဲပင်။ "ဇကရီ" က ခုံရှည်တွင် ခပ်လျော့လျော့ ထိုင်နေလိုက်သည်။


myint win maung 2021

ကေရီ့ကို လိုက်ပို့သော မမ 'ဒေဝီ' ကလည်း ဘာတွေပူပန်မှန်း မသိ၊ မှာကြားလို့ကို မပြီးနိုင်သေး။ ကြာတော့ ကေရီ နားပူလာပြီ၊ ခေါင်း လိုက်ညိတ်၊ 'အင်း …' လိုက်နေရာ မှ -

"အေးပါဟာ … ငါ ကလေး မဟုတ်ပါဘူး။ ရုံးမှာ ဂျူတီရီပို့ တင် ပြီးတာနဲ့ နီးရာဆေးခန်းကို သွားပြ မှာပါ။ ပြီးရင် နင့်ဆီကို ဖုန်းဆက် မယ်၊ ဘာမှ သောကဖြစ်မနေနဲ့"

ကေရီက စိတ်တိုသလို၊ စကား သံကလည်း မာတတ်သူဖြစ်သည်။ ပြောပြီး မျက်နှာလွှဲနေစဉ် ခြင်းခပ်ကြီး ကြီးတစ်လုံးကို လက်မှာဆွဲပြီး အဝတ် အစားထည့်သည့် သားရေအိတ်ကို ရွက်လာသော အမျိုးသမီးကြီး တစ် ယောက်က ကေရီ့အနား လာရပ် သည်။

"ကလေးမရေ့၊ ငါ့အိတ် တစ် ချက်ချပေး"

စကားသံဝဲဝဲနှင့် အမိန့်ပေးသလို လာပြောသည့် အမျိုးသမီးကြီးကို ဝေ့ကနဲကြည့်ပြီး စိတ်ပျက်သွားသည်။ 'သူများ နေကောင်းလား၊ နေမကောင်း လား မသိ၊ လာခိုင်းနေသေးတယ်' ဟု စိတ်ပေါက်ပေါက်နှင့် တွေး၍ မျက်မှောင်ကြုတ်ထားလိုက်သည်။ မမဒေဝီက ပျာပျာသလဲဖြင့် …

"ကျွန်မ ချပေးမယ် အဒေါ်၊ သူက ဖျားနေလို့ ကိုယ်လက်တွေ ကိုက်နေလို့ပါ"

"ဟာ ….. မမဒေဝီကလည်း လာခိုင်းတဲ့လူကို အစီရင်ခံနေသေး တယ်"

စိတ်တိုသံနှင့် ကေရီ လှမ်း ဟောက်မိပြီးမှ မျက်လွှာကိုပိတ်၍ ငြိမ်နေလိုက်သည်။ အဒေါ်ကြီးက သူ့ခေါင်းပေါ်မှ သားရေအိတ်ကို ဝိုင်း ကူချပေးသော မမဒေဝီကို သွားဖြ ဖြဲုးပြလျက် သူ့ခြင်းကြီးအနားတွင် ငုတ်တုတ်ထိုင်ချသည်။ လာရောင်း သမျှ စျေးသည်များကို ခေါ်ပြီး ဝယ် နေသေးသည်။ သူ့ခြင်းထဲတွင် ပန်း သီး၊ စပျစ်သီး၊ အာလူးကြော်၊ ငုံးဥ ပြုတ်၊ ပြောင်းဖူးပြုတ် အကုန်ပါပြီ။

ကေရီက မျက်လုံးမှေးစင်းထား ရာမှ ထိုအဒေါ်ကြီး၏ လှုပ်ရှားမှုကို ကြည့်မိသေးသည်။ သူ့ခြင်းထဲမှ ပစ္စည်းများ နေသားတကျဖြစ်အောင် ထုတ်လိုက်၊ ထည့်လိုက်၊ ဟိုဘက်ရွှေ့ လိုက်၊ သည်ဘက်ထိုးထည့်လိုက်နှင့်။ သူ့ကိုကြည့်ရတာ တစ်ချက်ကလေးမှ မငြိမ်။ ကေရီတွေးမိ၍ ဆုတောင်း လိုက်သေးရဲ့၊ ဒီအဒေါ်ကြီးနှင့် ထိုင်ခုံ တွဲလျက်သား မကျပါစေနဲ့ဟု။ ထိုစဉ် စပယ်ယာက -

"ခရီးသည်များ ကားပေါ်တက် နိုင်ပါပြီ၊ ပစ္စည်းတွေ သေချာစစ်ပါ။ ကျွန်တော် နာမည်ခေါ်တဲ့လူ အရင် တက်ပါ"

စပယ်ယာက နောက်ဆုံး ခုံ နံပါတ်ကိုးနှင့် တစ်ဆယ်ရောက်တော့ ကေရီက လက်ဆွဲအိတ်လေးဆွဲ၍ တက်ပြီး အပေါ်တန်းတွင် ထိုးတင် ထားလိုက်သည်။ ပြတင်းပေါက်ဘက် နေရာဖြစ်တာကို ဝမ်းသာကျေနပ် သွားပြီး မမဒေဝီကို လက်ပြနှုတ် ဆက်လျက် …

"မော်လမြိုင်ရောက်တာနဲ့ မမ ဒေဝီမှာတဲ့အတိုင်း အကုန်လုပ်မယ် နော်၊ စိတ်ပူမနေနဲ့ဦးနော်"

အသံပျော့နှင့် ချော့ချော့လေး ပြောရင်း မမဒေဝီပြုံးသည်။ ကား ထွက်စတွင် ကေရီကို လက်ပြနှုတ် ဆက်ရင်းမှ ဘေးကိုကျော်ကြည့်ပြီး …

"အဒေါ်ရေ ….. ကျွန်မရဲ့ ညီမလေးကို စောင့်ရှောက်သွားပါ နော်"

မှာတမ်းချွေနေသည့် မမဒေဝီ ကြောင့် ကေရီက ဘေးခုံကို စောင်းငဲ့ ကြည့်မိသည်။

အလိုလေး … ကေရီနှင့် ကပ်လျက်ထိုင်ခုံတွင် ဟိုအဒေါ်ကြီး ကေရီ့မျက်လုံး ပြူးကျယ်သွားစဉ် အဒေါ်ကြီးက သွားဖြီးပြပြန်သည်။ ကေရီ့ရင်ထဲ နုံးခွေသွားရပြီး စိတ် လက် မကြည်မသာ ဖြစ်မိတာတော့ အမှန်။ သည်လို ခရီးဝေးဝေးသွားရ ချိန်မျိုးတွင် ဘေးမှာရွယ်တူမိန်းကလေး ဖြစ်လျှင် စကားပြောဖော်ရဦးမည်။ သည်အဒေါ်ကြီးနှင့်တော့ ဘာမှပြော စရာမရှိနိုင်။

အသက်မျှင်းမျှင်းရှူ၊ သက်ပြင်း မောကိုချပြီး ပြတင်းဝမှ ဟိုး … ဝေးဝေးသို့ အကြည့်ပို့ထားလိုက် သည်။ ကေရီ့အကြည့်များက ကောက် ရိုးပုံမှတစ်ဆင့် ရိုးပြတ်များ မီးရှို့ ထားသည့် မီးခိုးငွေ့တန်းနောက်သို့ တလွင့်လွင့် ဝေ့ဝိုက်၊လိုက်ပါသွား တော့သည်။

× × ×

(ခ)

ကေရီက လှလှပပ သန့်သန့် လေးနေသည်။

ဘယ်သူ့ကိုဖြစ်ဖြစ် လှလှလေး နေစေချင်သလို သန့်သန့်လေး ဖြစ်စေ

ချင်ခဲ့သည်။ အစဉ်သဖြင့် ဈေးများ တတ်ခြင်းကြောင့် သူငယ်ချင်းများက ဇိဇာကြောင်သူဟု ထောမနာပြုတတ်စမြဲ။ ဧကရီကို သူငယ်ချင်းများက လန့်ကြသည်။ သူတို့၏ဈွေးနံ့၊ ပါးစပ်နံ့နံခြင်းကို ဧကရီက ခွင့်မလွှတ်။ နှာခေါင်းရှုံ့၍ ဝေဖန်ရေးလုပ်တတ်လွန်းခြင်းကြောင့် ဖြစ်သည်။

ရုံးမှသူငယ်ချင်းများနှင့် ထမင်းအတူတူစားရချိန်ကို ဧကရီ စိတ်အညစ်ဆုံးပင်။ ဌာနစုတွင် လူခြောက်ယောက်ရှိပြီး မုန့်စားအတူတူ၊ လက်ဖက်ရည်သောက်လည်း အတူတူဆိုတော့ ထမင်းစားချိန်ကျမှ ခွဲထွက်လို့မဖြစ်။ သူတို့က အတင်းခေါ်၊ ထမင်းချိုင့် အတင်းဖွင့်မှတော့ ဧကရီလည်း ရှောင်မထွက်သာ။

"နင် တစ်ယောက်ထဲစားနေရင် အဲဒီဟင်းတွေ မကုန်ဘဲနေမယ်၊ ငါတို့ ဝိုင်းကူစားပေးမယ်"

ရယ်သလိုလို အတည်လိုလိုနှင့် ပြောတတ်သည့် 'ဖော်လတ်' ကြောင့် ဧကရီလည်း ထမင်းဝိုင်းထဲ ရောက်ရစမြဲ။ ဧကရီက ထမင်းဆိုလည်း ဖြူကော့နေမှ၊ ဟင်းဆိုလည်း မွှေးနေမှ၊ သူများဟင်းကိုလည်း မစားတတ်၊ ကိုယ့်ဟင်းကို သူတို့ဇွန်းတွေနဲ့ ခပ်တာလည်း မကြိုက်၊ သူတို့ဇွန်းတွေက သူတို့ပါးစပ်ထဲ ထည့်လိုက်၊ ဟင်းခွက်ပေါင်းစုံ ခပ်လိုက်နှင့်။ ပြီးတော့ ... ဧကရီ ကြိုက်မှန်းမသိ၊ မကြိုက်မှန်းမသိ သူတို့ဟင်းတွေကို အတင်းထည့်ပေးသေးရဲ့။

"ရတယ် ... ရတယ်၊ မထည့်ပါနဲ့၊ ဧကရီ့ဆီမှာ ဟင်းတွေများနေပြီ"

ငြင်းလည်းငြင်း ထမင်းချိုင့်ကိုလည်း ဆွဲဖယ်လိုက်မှ ပြီးတော့သည်။ ဧကရီက အသားငါးအစုံ စားသူမဟုတ်။ ဟင်းအရောင်အသွေးကိုလည်းရွေးသူပါ။ ဖော်လတ်တို့၊ ခင်မမတို့က အစားကြမ်းသူများဖြစ်သည်။

"ဈေးထဲမှာရောင်းတဲ့ အသားမှန်သမျှ အကုန်စားတယ်" ဟု ဖော်လတ်ပြောနေကျစကားကို ကြားယောင်မိတိုင်း ဧကရီ ပုခုံးတွန့်မိစမြဲပါ။ ဇိဇာကြောင်သည်ပြောပြော အစားတွင်သာမက၊ အပေါင်းအသင်းဆိုလျှင်လည်း ရွေးပြီးပေါင်းတော့သည်။ သပ်သပ်ရပ်ရပ်၊ တည်တည်တံ့တံ့နှင့် ရုပ်ရည်မဆိုးလှသူကိုမှ ပြုံးရယ်နှုတ်ဆက်ပြီး ညစ်ပေပေ၊ ဖြုတ်စဗျင်းတောင်း၊ ပစိပစပ်၊ ရုပ်ဆိုးဆိုးသည်လို တစ်ခုခုပေါ်လွင်နေသူဆိုလျှင် အပေါင်းအသင်း မလုပ်ချင်၊ ကိုယ်သာ တန်ဖိုးရှိသူဟု မှတ်ယူခဲ့သည်။

ဧကရီနှင့်တတွဲတွဲနေသော ရုံးမှ 'စုစု' နှင့် 'အုန်းအုန်း' တို့ဆိုလျှင် ဧကရီ့လိုပင် ကျော့ကျော့လေး နေကြသူများ ဖြစ်သည်။ သည်လို ခွဲခြားဆက်ဆံတတ်တာ၊ ဇိဇာကြောင်တတ်တာတွေနှင့် အကျင့်ပါ နေသားကျနေသည့် ဧကရီ့အဖို့၊ ဘေးထိုင်ခုံမှ အဒေါ်ကြီးကို လုံးဝလှည့်မကြည့်ဘဲ၊ ပြတင်းပေါက်မှ လှမ်းမြင်နေသမျှကိုသာ စူးစူးစိုက်စိုက် ငေးမောလျှက် လိုက်ပါလာတော့သည်။

× × ×

(၈)

အဝေးပြေးကားကြီးက တရိပ်ရိပ်ပြေးနေသည်။

လမ်းဘေးဝဲယာမှ သစ်ပင်များက လှုပ်ရှားယိမ်းထိုးနေသလို၊ ပြတင်းတံခါးမှ ခပ်ကြမ်းကြမ်း တိုးဝှေ့ဝင်လာသော လေစိမ်းကြောင့် တစိမ့်စိမ့် အအေးပိုလာပြီ။ အစကတည်းက ပိတ်မထားမိသဖြင့် ဧကရီ တစ်ကိုယ်လုံး ချမ်းတုန်လာသည်။

ဘေးမှအဒေါ်ကြီးက သူ့ခေါင်းပေါ်မှ မျက်နှာသုတ်ပဝါကို ချွတ်၍ခြုံပြီး -

"အားပါးပါး ... အေးမှအေးပဲ။ ကောင်မလေးဘက်က တံခါးကို ပိတ်တော့လေ၊ နင် နေမကောင်းဘူးဟုတ်"

ဧကရီ့ဘက်လှည့်၍ စေတနာပိုနေခြင်းကို ဧကရီ မသိကျိုးကျွန်ပြုလိုက်သည်။ ရှုံ့ပြီး မပိတ်ဘဲထားလိုက်ပြီး အေးစိမ့်ခြင်းကို တင်းခံနေမိ၏။ အဒေါ်ကြီးက သူ့ထိုင်ခုံရှေ့တွင် ချထားသော ခြင်းထဲမှ ဟိုနှိုက်ဒီနှိုက်လုပ်ပြီး တစ်ခုခုရှာပြန်သည်။ သူ့လက်ထဲသို့ ရေခွက်လေးတစ်လုံးပါလာမှ ဧကရီ့ဘက်လှည့်၍ ...

"ကလေးမ နင် ဖျားနေတာလား၊ မျက်နှာတွေ နီနေရောပဲ၊ ရေနွေးသောက်လိုက်ဦး"

ပြောလည်းပြော ဓာတ်ဘူးထဲမှ ရေနွေးလည်း ငှဲ့ထည့်ပြီး ဧကရီ့ကို ပေးသည်။ မည်းညစ်ညစ် ဓာတ်ဘူးအဟောင်းလေးနှင့် လက်ဖက်ခြောက်ချေးကပ်နေသော ရေခွက်ကလေးကို ကြည့်ပြီး ဧကရီ စိတ်ပျက်သွားသည်။ အာခေါင်တွေပူပြီး ရေသောက်ချင်နေ

ပေမယ့် အဒေါ်ကြီးကို ငြိုငြိုငြင်ငြင် ဖြစ်မိတာတော့ အမှန်ပင်။ ဒီအဒေါ်ကြီး ရိုးမှရိုးရဲ့လားမသိ။

"ခွက်ကြီးကလည်း နီကျင်ကျင်နဲ့ ဟောင်းနေပြီပဲ၊ ဒါမျိုးကို ခရီးသွားရင် မယူနဲ့တော့ပေါ့။ ခြုံထားတဲ့ မျက်နှာသုတ်ပဝါကြီးကလည်း ချေးနံ့ရော၊ အုန်းဆီနံ့တွေရော ပေလူးပြီး ဟောင်းနေပြီ"

အဒေါ်ကြီးကို မသင်္ကာသလိုလို ကဲ့ရဲ့သလိုလို တွေးနေစဉ် သူက ထမင်းဘူးကို ဖွင့်ပြန်သည်။ ထမင်းတစ်ကန့်၊ ငါးခူဟင်းတစ်ကန့်ကို လှမ်းမြင်တော့ ငါးခူဟင်းကြိုက်တတ်သော ဧကရီက အနံ့လေးမရှူဘဲ မနေနိုင်။ ဟင်းနံ့လေးကလည်း မွှေးမွှေးလေး။ အဒေါ်ကြီးက ဧကရီဘက် လှည့်၍ ထမင်းဘူးလေးထိုးပေးလျှက် -

"စားစား ငါတို့မွန်တွေ ဟင်းချက် ကောင်းမကောင်း"

ခပ်ဝဲဝဲ၊ ခပ်လေးလေး စကားသံဖြင့် ကျွေးနေပြန်တော့ ဧကရီလည်း ခေါင်းခါရပြန်သည်။ အဒေါ်ကြီးက မွန်လူမျိုးဆိုပေမယ့် အသားလည်း မဖြူ၊ လူပုံကလည်း ပိန်လျှလျှနှင့်။ ဧကရီသိသမျှ မွန်အမျိုးသမီးတွေဆိုလျှင် အသားဖြူဖြူ ဖွံ့ဖွံ့ထွားထွား လုံးကြီးပေါက်လှများသာ။

"ကလေးမရေ့၊ ဘီးလင်းရောက်ရင် ထမင်းစားနားမှာနော်၊ နင်ဘာစားမယ်၊ အဲဒီက ဆိုင်တွေမှာ ဟင်းစုံမှစုံ၊ နင်ကြိုက်တာ စားပေါ့"

အဒေါ်ကြီး စကားများလိုက်တာဟု ဧကရီ စိတ်ပေါက်ပေါက်နှင့် တွေးမိသေးရဲ့။ ထမင်းဆိုင်မှာ ဧကရီတို့စီးလာသည့်ကားကြီး ထိုးရပ်ချိန်တွင် အဒေါ်ကြီးက ထမင်းစားခြင်းကို လက်စသတ်ပြီး ထမင်းဘူးကို ခြင်းထဲပြန်ထည့်ပြီး ခရီးသည်များနှင့်အတူ ကားပေါ်မှဆင်းသွားသည်။ 'ခုမှပဲ ရှင်းတော့တယ်' ဟုတွေးပြီး ကားပေါ်မှ နောက်ဆုံးဆင်းရန် တွေးနေသော ဧကရီကို အဒေါ်ကြီးက လှမ်းအော်ခေါ်ပြီ။ ဒီအဒေါ်ကြီး ဘာအကြံအစည်တွေရှိနေမှန်းမသိဟု ရှောင်ချင်ပေမယ့်မရ။

"ဟဲ့ .. ကလေးမ၊ မြန်မြန်လာလေ၊ ထမင်းဆိုင်နောက်မှာ အိမ်သာရှိတယ်၊ နင် သွားလိုက်ဦး၊ ပြီးမှ စားချင်တာစား၊ နင်က တော်တော်နှေးတာကိုး"

ဟာ ... ဒုက္ခပါပဲ၊ သူ့အသံကျယ်ကျယ်ကြီးနှင့် စီစဉ်ညွှန်ကြားနေပြန်ပါပြီ၊ ကင်းအောင်နေလို့လည်း မရပါလားဟုတွေးရင်း အိမ်သာဘက်သို့ လျှောက်သွားလိုက်သည်။ ကျန်းမာရေးကိစ္စပြီးတော့ ကော်ဖီနဲ့မုန့်လေး စားထားမှပါဆိုသော အတွေးနှင့် ဆိုင်ထဲဝင်ခဲ့သည်။ ဟင်းမှာသူ၊ လက်ဖက်ရည်မှာသူ၊ အချဉ်ဟင်းတောင်းသူ၊ ငွေရှင်းသူများဖြင့် ရှုပ်ယှက်ခတ်နေသဖြင့် စားပွဲထိုးကိုရှာမရ။ ဘယ်ခုံတွင်ထိုင်ရပါ့ဟု ဟိုသည်ကြည့်နေစဉ် .....

"ကလေးမ ဒီကိုလာလေ၊ ဒီမှာ နင့်ဖို့ နေရာယူထားပြီး ဒီဘက်ကနေကွေ့လာ"

အဒေါ်ကြီးက စားပွဲတစ်လုံးမှ လှမ်းအော်၍ လက်ယပ်ခေါ်သည်။ သူကလမ်းပြလုပ်ပြီး ကွေ့ဝင်ရမည့် လမ်းကို ညွှန်နေလိုက်သေး။ ရှောင်လွဲချင်ကာမှ တည့်တည့်တိုးရသည့် အဖြစ်။ သူခေါ်တာကိုမသွားလို့လည်း အဆင်မပြေတော့ပါ။ နေရာအားလုံးက ပြည့်နေပြီ။ ရေစက်ကလည်း တော်တော်ဆုံနေတာပဲဟု တွေးရင်း အောင့်သက်သက်နှင့် လက်ဖက်ရည်မှာသောက်လိုက်သည်။ သူ့ကိုလည်း သောက်ပါဦးဟု ဧည့်ဝတ်ပြုမနေတော့။ မြန်မြန်သောက်ပြီး မြန်မြန်ငွေရှင်း၍ မတ်တတ်ရပ်လိုက်သော ဧကရီကို အဒေါ်ကြီးက မျက်လုံးပင့်ကြည့်သည်။ ပြီးမှ သူငှဲ့ပြီးမှုတ်ထားသည့် ရေနွေးခွက်လေး ကမ်းပေးလျှက် -

"ရော့လေ ရေနွေးသောက်၊ ကားသမားတွေ ထမင်းစားတုန်းကိုး၊ ခုကျတော့ နင်က မြန်မှမြန်ပဲ"

အဒေါ်ကြီး ကမ်းပေးသော ရေနွေးခွက်ကို ဆတ်ကနဲကြည့်ပြီး မသင်္ကာတာနှင့် မသောက်ဘဲ ကားကြီးပေါ် ပြန်တက်ခဲ့တော့သည်။ ဘာဖြစ်လို့ ဧကရီကို လိုက်ကြည့်နေမှန်းမသိ၊ စိတ်ထဲကျဉ်းကြပ်လျက် မျက်နှာလွှဲနေမိပြီ။ ကားဒရိုင်ဘာနှင့် စပယ်ယာတို့ စားသောက်ပြီး ကားထွက်ချိန်အထိ ထိုအဒေါ်ကြီး ဂနာမငြိမ်။ ဧကရီစိတ်ထဲ မယုံသလိုလို ဖြစ်လာသည်။ ဈေးသည်များက ...

"စားမား၊ စားမား၊ မြေပဲပြုတ်၊ ပြောင်းဖူးပြုတ်၊ ကြက်ဥပြုတ်"

မော်လမြိုင်သံဝဲဝဲနှင့် ရောင်းသမျှ ဈေးသည်ကိုခေါ်၍ တစ်မျိုးစီဝယ်၏။ ကျေနပ်လောက်မှ ငြိမ်ငြိမ်ထိုင်ပြီး မျက်လွှာမှိတ်ထားသည်။ အနားယူတာလား၊ အိပ်တာလား၊ အကြံထုတ်တာလား။ ဧကရီကတော့ အဒေါ်ကြီးကို မယုံ။ ခရီးသွားလျှင်

သူများကျွေးတာမစားနှင့် မသောက်နှင့်ဟု မမဒေဝီက မှာထားပြီးသား။ တီဗွီဇာတ်လမ်းများတွင်လည်း ခရီးသည်အချင်းချင်း အစာထဲ အိပ်ဆေးခပ်တာတွေ ပညာပေးနေတာ ကြည့်ဖူးပြီးသား။ ဒီတော့ သတိထားမှုကို ဖြစ်တော့မည်။

အတွေးဖြင့် စိုးရိမ်ကြောင့်ကြနေဆဲမှာပင် ဧကရီတစ်ကိုယ်လုံး ချမ်းစိမ့်လျက် တုန်လာသည်။ အဖျားတက်သည့်အရှိန်ကြောင့် တစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူနေပြီ၊ အာခေါင်တွေ ခြောက်၊ မျက်လုံးတွေပူ၊ ကိုယ်လက်တွေကိုက်၍ တဟင်းဟင်း ညည်းညူမိတော့သည်။ ဧကရီ ညည်းညူသံကြောင့် အဒေါ်ကြီးကလည်း လှုပ်လာပြီး ဧကရီ နဖူးနှင့် လက်ကို စမ်းကြည့်လျက် စိုးရိမ်သံဖြင့် -

"ဟဲ့ … အဲဒါမှဒုက္ခ၊ နင့်အသားတွေ ပူမှပူ၊ ဆေးတစ်ခွက်သောက်ရင် ပျောက်ပေါ့"

"ရတယ် ရတယ်၊ ဧကရီ အိတ်ထဲမှာ ဆေးပါတယ်၊ ဒီတစ်ခါ ကားရပ်မှ သောက်မယ်"

ဧကရီက ငြင်းမယ့်သာငြင်းတာ လူက မလှုပ်ချင်တော့။ အဒေါ်ကြီး ဆေးတိုက်မှာကိုလည်း အယုံအကြည်မရှိ၊ အဖျားပျောက်ဆေးမဟုတ်ဘဲ မေ့ဆေးဖြစ်နေမှ ဒုက္ခ။ ဧကရီ လက်ဆွဲအိတ်ထဲမှာလည်း ငွေတွေ အထုပ်လိုက်ထည့်ထားသဖြင့် စိတ်မချနိုင်ဖြစ်နေပြီ။ ဒီအဒေါ်ကြီးက ဧကရီကို တစေ့တစောင်း လိုက်ကြည့်နေတာကြီးကို ဘဝင်မကျ။ ရိုးရိုးသားသားဟုမထင်။

အဒေါ်ကြီးက ဧကရီစကားကို ဂရုမစိုက်ဘဲနှင့် သူ့ခြင်းကြီးထဲသို့ တချွတ်ချွတ်နှိုက်ပြန်သည်။ ကျွတ်ကျွတ်အိတ်မြည်သံ၊ ခွက်တွေ၊ ဇွန်းတွေ၊ ကျွမ်းထိုးသံအဆုံးတွင် သူ့လက်ထဲ၌ ဆေးဘူးလေးတစ်ဘူး ပါလာတာတွေ့သည်။ ဆေးမှုန့်တွေကို ခွက်ကလေးထဲထည့်ဖျော်လျက် ဧကရီထံ လှမ်းပေးသည်။ ဧကရီ ခေါင်းခါရန် စိတ်ကူးနေဆဲတွင် အဒေါ်ကြီးက -

"ကလေးမ၊ ရော့ … ဒီမှာ ငန်းဆေးဖျော်ထားတယ်၊ ရေနွေးနဲ့ သောက်၊ ဒါက ငါတို့မွန်တွေရဲ့ လက်သုံးဆေးပဲ၊ ငါ့ကလေးတွေ ဒီဆေးကို ကြိုက်မှကြိုက်"

အဒေါ်ကြီးက အတင်းသောက်ခိုင်းသဖြင့် ဧကရီ မငြင်းသာတော့။ ခံစားနေရသည့်ဝေဒနာများ သက်သာလျှင်ပြီးရောဟု တွေး၍ သွေးဆေးခွက်ကို ယူသောက်လိုက်၏။ လက်ဖက်ချေးကပ်သဖြင့် ညိုညစ်နေသည့် ရေနွေးခွက်ကိုလည်း ရွံမနေအားတော့၊ ရေနွေးနှစ်ခွက်လောက် ဆင့်သောက်ပြီး မှိန်းနေလိုက်၏။ နွေးနွေးရှိန်းရှိန်း ခံစားမှုနှင့်အတူ မျက်ခွံများလေးလာသည်။

> အဖျားတက်သည့်အရှိန်ကြောင့် တစ်ကိုယ်လုံး ခြစ်ခြစ်တောက်ပူနေပြီ၊ အာခေါင်တွေ ခြောက်၊ မျက်လုံးတွေ ပူ၊ ကိုယ်လက်တွေ ကိုက်၍ တဟင်းဟင်း ညည်းညူမိတော့သည်။

အိပ်ချင်သလိုလို ဖြစ်လာစဉ်မှာပင် ဧကရီကိုယ်ပေါ်သို့ တစ်ခုခုတင်လိုက်သည်ကို သိသလို၊ မသိသလို မှုန်ဝေဝေနှင့် အိပ်ပျော်သွားတော့သည်။

× × ×

(ဃ)

အချိန်အတော်ကြာသွားသည်။

ဧကရီ တစ်ရေးနိုးတော့ အတော်လေးလန်းနေပြီ။ ကိုယ်မပူ၊ ခေါင်းမကိုက်၊ ချမ်းလည်းမချမ်း၊ နေသာထိုင်သာရှိ၏။ သတိတရနှင့် ဘေးကို ငဲ့ကြည့်လိုက်စဉ် မွန်အဒေါ်ကြီး မရှိတော့ဘဲ၊ တခြားတစ်ယောက် အစားဝင်ထိုင်နေတာတွေ့ရသည်။ အထိတ်တလန့်နှင့် ပိုက်ဆံအိတ်ကိုစမ်းတော့ ပုံစံမယွင်းသေးပါ။ မွန်အဒေါ်ကြီးက သူ့ပစ္စည်းများကို လက်ဖျားနဲ့တောင် တို့မသွားခဲ့။

'ဇေယျာမင်း' အဝေးပြေးကားကြီးက မော်လမြိုင်သို့ ဦးတည်၍ တရိပ်ရိပ်ပြေးနေသလို ဧကရီ အတွေးများကလည်း သူငယ်ချင်းများထံ ရောက်သွားသည်။ သူငယ်ချင်းများစွာထဲတွင် မွန်မလေး 'မိယဉ်နွဲ့' ပါသေးသည်။ ထိုမွန်မလေးက အလွန်သိမ်မွေ့အေးချမ်းသူဖြစ်သည်။ 'ဇော်လတ်' က မွန်မလေးကိုစချင်လျှင် …

"နင်တို့ မွန်တွေက အစားကြမ်းတယ်ဆို၊ ငါနဲ့တူတာပေါ့နော်" ဟု ပြောတတ်စမြဲ။

"အစားကြမ်းတယ်ဆိုတာ မွန်ရယ်၊ ဗမာရယ်လို့ ခွဲပြောလို့မရဘူး ဇော်လတ်ရဲ့၊ ကြမ်းတဲ့လူက ကြမ်း

မှာပဲ၊ ယဉ်တဲ့လူက ယဉ်မှာပဲ၊ လူမျိုးနဲ့မဆိုင်ဘူး၊ အကျင့်စရိုက်နဲ့ပဲ ဆိုင်တယ်"

မိယဉ်နွဲ့က တည်တည်အေးအေး ရှင်းပြတိုင်း ဖော်လတ်က တဟားဟား ရယ်မောတတ်၏။ တစ်ခါတစ်ရံ ဖော်လတ်က -

"မွန်စကား နားထောင်ရတာ ဘာတွေမှန်းမသိဘူး၊ မွန်သီချင်းနဲ့ မွန်အကဆိုရင် ပိုဆိုးသေး၊ ခံစားလို့ မရဘူး"

ရွှံ့မဲ့မဲ့နှင့်ပြောသော ဖော်လတ်ကို မိယဉ်နွဲ့က ပညာပေးတတ်သေးသည်။

"တိုင်းရင်းသားတွေမှာ လူမျိုးအလိုက် စရိုက်ဘာသာ ကွဲပြားကြတယ် မဟုတ်လား ……။ တစ်ဦးနဲ့တစ်ဦး လေးစားတတ်ရတယ်၊ လှောင်ပြောင်စကားတွေ မပြောသင့်ဘူး။ တိုင်းရင်းသားတွေရဲ့ ဘာသာစကားတစ်မျိုးကို နင်လေ့လာတတ်ကျွမ်းထားမယ်ဆိုရင်လည်း အရှုံးမရှိပါဘူး။ ငါတို့ တိုင်းရင်းသား ညီအစ်ကိုမောင်နှမအချင်းချင်း ရိုင်းပင်းကြရမယ်ဆိုတာလောက်တော့ နင်တွေးထားသင့်တယ်"

မိယဉ်နွဲ့၏ စကားသံဝဲဝဲနှင့် နားစွဲအောင်ပြောထားသည်ကို ဇေရီတို့အုပ်စု မမေ့နိုင်သေးပါ။ အခုလို မွန်အမျိုးသမီးကြီးနှင့် တစ်ခရီးတည်းသွားရစဉ်၊ မိယဉ်နွဲ့စကားကို ဘာဖြစ်လို့များ မေ့နေပါလိမ့်ဟု မချင့်မရဲတွေးမိသည်။ အားမှဦးလေးကြီးကို စောင်းငဲ့ကြည့်လျက် သွက်သွက်လေးမေးမိပြီ။

"ဦးလေး ဒီထိုင်ခုံက မွန်အဒေါ်ကြီး ဘယ်မှာဆင်းသွားတာလဲ"

ဇေရီအသံက ပုံမှန်ထက် နည်းနည်းကျယ်သလိုရှိပြီး မျက်လုံးဝိုင်းနှင့်ဖြစ်နေတော့ ဦးလေးကြီးက နားမလည်သလိုကြည့်သည်။

"ဘာဖြစ်လို့လဲကွဲ့၊ သူက ပေါင်မြို့နယ်မှာ ဆင်းသွားပြီ။ တူမကြီးအိပ်ပျော်နေလို့ မနှိုးတော့ဘူးတဲ့။ တူမကြီးရဲ့အစ်မက လေးလွန်းတဲ့ခြင်းတောင်းကြီးကို ဝိုင်းကူချပေးပြီးတူမကြီးကို စောင့်ရှောက်ဖို့လည်းမှာလိုက်တာတဲ့၊ အခု သူဆင်းပြီဆိုတော့ ဆက်ပြီးစောင့်ရှောက်ပါလို့ ဦးလေးကို မှာသွားသေးတယ်ကွဲ့၊ အစကတော့ နင်တို့ကို သားအမိထင်နေတာ၊ နင်အိပ်ပျော်နေတုန်း သူကချွေးတွေသုတ်ပေးနေတာကိုး"

ဦးလေးကြီးပြောပြမှ ပိုပြီး စိတ်မကောင်းဖြစ်သွားသည်။ အဒေါ်ကြီးကို အထင်မှားမိခြင်းအတွက် လိပ်ပြာမလုံဖြစ်ရပြီ။ စောင့်ကြည့်ပြီး၊ ဂရုစိုက်နေခြင်း၏အဖြေကို ခုမှသိရတော့ကျေးဇူးသိမှု၊ ရိုးသားမှု၊ ကတိတည်မှုများဖြင့် ကြည်လင်အေးချမ်းနေသည့်မွန်အဒေါ်ကြီး၏ပုံရိပ်ကို မြင်ယောင်မိနေသည်။ ဇေရီ ရင်ထဲမှာလည်း အဒေါ်ကြီး၏ မျက်နှာသုတ်ပုဝါနွမ်းနွမ်းလေးက ပုံစံမပျက်ခြုံလျက်သားနှင့်။

"ဟင်း…အဒေါ်ကြီးက သူ့မျက်နှာသုတ်ပုဝါကို မေ့သွားပြီ"

ရင်ခွင်တွင်ဖက်ထားသော မျက်နှာသုတ်ပုဝါကို အလျဉ်စလို ဆွဲခွာလိုက်စဉ်၊ ဦးလေးကြီးက -

"မေ့သွားတာ မဟုတ်ဘူးကွဲ့၊ တူမကြီး နိုးသွားမှာစိုးလို့တဲ့၊ မယူတော့ပါဘူးဆိုပြီး ခေါင်းခုမပါဘဲနဲ့ ခြင်း တောင်းကြီးရွက်ပြီး ထွက်သွားလေရဲ့"

"အော် … ဖြစ်မှ ဖြစ်ရလေ…"

သိလိုက်ရသမျှသည် တစ်ခုမှ ယုံနိုင်စရာမရှိ၊ အံ့အားတသင့်နှင့် ဇေရီရင်ထဲ ပို၍နွမ်းသွားရပြီ။ အဖျားတက်၍ ချမ်းတုန်နေသည့် ဇေရီကို ခေါင်းခုဖြင့် လွှမ်းခြုံပေးခဲ့သော အဒေါ်ကြီး၏ မေတ္တာစေတနာသည် သမီးငယ်ကို နွေးထွေးလုံခြုံစေသော မိခင်တစ်ယောက်၏ စေတနာမျိုးပင် မဟုတ်ပါလား …။ မသင်္ကာစိတ်နှင့် ဥပေက္ခာပြုမိခြင်း၊ ကျေးဇူးတင်စကားလေးမှ မပြောမိခဲ့ခြင်းအတွက် နောင်တရလျက် ရင်မှာ လှိုက်ကနဲ ဝမ်းနည်းမိသည်။

ဇေရီကသာ ခွဲခြားဆက်ဆံနေခြင်းပါ။ မွန်အဒေါ်ကြီးကတော့ လူမျိုးဘာသာမရွေး မေတ္တာထားကြောင်း သက်သေပြခဲ့ပြီ။ လူတကာကို အထင်သေးစိတ်၊ ဇိဇာကြောင်စိတ်မထားဘဲ လူသားအချင်းချင်း ရိုင်းပင်းစိတ်၊ မေတ္တာစိတ်ထားနိုင်ခြင်းသာလျှင် တန်ဖိုးရှိသောလူသားတစ်ဦးဖြစ်ကြောင်း ဇေရီ တွေးမိနေသည်။

အခုမှပင် အဒေါ်ကြီး မကြားနိုင်မှန်းသိလျက်နှင့် နှလုံးသားမှ လှိုက်လှိုက်လှဲလှဲ စကားတစ်ခွန်း ပြောလိုက်မိတော့သည်။

"ကျေးဇူးတင်လိုက်တာ … အမေရယ် …"

စေတနာမျှဝေလျှက်

မိုးပန်းမွန် (ရမည)



# သွဲ့တက်လွန်းသျှ

ဝင်းနွယ် (ပုသိမ်)

"ဆရာမ ကျွန်တော်ရေသောက်တာ ဘာအရသာမှမရှိဘူး ဆရာမ၊ နောက်ပြီး ဆံပင်တွေကလည်း အလိုလိုရှည်လာတယ်။ လက်သည်းတွေကလည်း ..."

"တော်ပါတော့ ညီညီရယ်၊ အဝင်ဝမှာ နာမည်စာရင်းပေးထဲက ဒီအသံကို မှတ်မိပြီးသားပါ"

အသားညိုညို ခပ်ဝဝ မျက်မှန်အထူကြီးနဲ့ ဒေါက်တာက မျက်မှန်ထဲမှ မျက်လုံးကို လှန်ပြီးကြည့်ရင်း နားကြပ်ကို လည်ပင်းပေါ်တင်ရင်း ပြောလိုက်သည်။

"အလဲ့ ဒီအသံကို နှစ်လေးဆယ်ထိ မှတ်မိနေတယ်ပေါ့"

"မှတ်မိတာပေါ့ရှင်၊ ဗမာသံဝဲဝဲနဲ့ ပြောတတ်တဲ့သူဆိုလို့ ခင်မင်ရတဲ့ထဲမှာ ရှားတယ်လေ၊ ဒါထက် ဒီကို အလည်သက်သက်ပဲလား"

"ရင်ထဲက ဝေဒနာတွေလာပြတာ"

"သွား နောက်စရာလား၊ နောက်မှာလူနာတွေ ရှိသေးတယ်၊ နာရီဝက်လောက် အပြင်က စောင့်ပါလား၊ ဆေးခန်းပိတ်ရင် စကားပြောကြတာပေါ့"

ကျွန်တော် ဘာမှမပြောတော့ဘဲ ကလေးတစ်ဦးလို ခေါင်းလေးညိတ်ပြီး အပြင်ထွက်လာကာ လူနာများ စောင့်သော ကုလားထိုင်လေးများပေါ် ထိုင်နေမိသည်။

× × ×

"ကဲ … အားလုံးမှတ်ထားကြ ဒါက ဒီနေ့မှ ပုသိမ်ကပြောင်းလာတဲ့ ကျောင်းသားသစ် မောင်ညီညီထွေး တဲ့"

အတန်းပိုင်ဆရာ ဆရာဦးရန်နောင်က ရုံးခန်းအတွင်းမှ ကျွန်တော်နှင့်အတူ ဝင်လာလာချင်း အတန်းသားများနှင့် မိတ်ဆက်ပေးသည်။ အတန်းသားအားလုံးက ကျွန်တော့်ကို ဝိုင်းကြည့်နေကြသည်။ ဆရာက အတန်း၏ ရှေ့ဆုံးခုံအစွန်တွင် ထိုင်စေခဲ့သည်။ ကျွန်တော်တို့အနောက် တစ်ခုံကျော်တွင် ကျောင်းသူများသာ ရှိပြီး၊ တစ်ဖက်တွင်မူ ကျောင်းသားများရှိသည်။

ကျွန်တော်တို့တွင် ညီအစ်ကို နှစ်ဦးနှင့်အမေ မိသားစုသုံးဦးသာရှိပြီး အစ်ကိုကြီးဖြစ်သူက ဧရာဝတီတိုင်း အတွင်း ကျုံကူးရွာတွင် စပါးဒိုင်ဒိုင်မှူးအဖြစ်ဖြင့် ပြောင်းရွှေ့ခဲ့ရသဖြင့် အစ်ကိုရှိရာ ကျုံကူးသို့ ပြောင်းလာကြသည်။ ရွာသူကြီးဖြစ်သူ ဦးစံဖဲအိမ်တွင် အိမ်ငှားအဖြစ် နေထိုင်ခဲ့ကြသည်။

ကျုံကူးကျေးရွာသည် ပင်လယ်ကမ်းစပ်အတွင်းမှ ကျေးရွာတစ်ရွာပင် ဖြစ်သည်။ ငပုတောကျော်လျှင် ပင်လယ်အနီး ရွာများကား ရခိုင်ရွာများသာ ဖြစ်ကြသည်။ ဟိုင်းကြီးကျွန်း၊ ပြင်ခရိုင်၊ မြို့သစ်၊ ဒီးဒူးကုန်းတောင်ခြေတို့တွင် အမေနှင့် ပုသိမ်ဈေးရောင်းသွားရင်း ရောက်ဖူးခဲ့သော်လည်း၊ ယခုလို ရခိုင်ရွာလေးတွင် ပြောင်းရွှေ့ ကျောင်းတက်ရလိမ့်မည်ကို မထင်ထားခဲ့ပေ။

ရွာတန်းရှည်သဖွယ်ဖြစ်ပြီး ရွာတွင် တောင်ပိုင်းနှင့် မြောက်ပိုင်း နှစ်ပိုင်းရှိပြီး ဘုန်းတော်ကြီးကျောင်းကား တောင်ပိုင်းတစ်ကျောင်း မြောက်ပိုင်းတစ်ကျောင်းရှိသော်လည်း အခြေခံအလယ်တန်းကျောင်းကား တစ်ကျောင်းတည်းသာ ရှိခဲ့သည်။

"သားရေ သိမ်းအေးနဲ့ လိုက်သွားပြီး လှေဆိပ်မှာ ငါးသွားဝယ်လိုက်ပါဦး"

"သိမ်းအေးရေ မင်းညီကို ခေါ်ပြီး လှေဆိပ်မှာ ငါးဝယ်သွားလိုက်ပါဦး"

ကိုသိမ်းအေးသည် ပုသိမ်မှ စပါးဒိုင်ဝန်ထမ်းတစ်ဦးဖြစ်ပြီး၊ စပါးဒိုင် ညစောင့်တစ်ဦးဖြစ်သည်။ သူသည် အိမ်မှာပင်ဝိုင်းကူပြီး၊ အိမ်မှာပင်စားသူဖြစ်သည်။ ဝန်ထမ်းအားလုံးသည် ပုသိမ်မှ ဗမာများသာဖြစ်ပြီး ကိုသိမ်းအေး တစ်ယောက်တည်းသာ ရခိုင်လူမျိုးပါသည်။ ကိုသိမ်းအေး၏ ရိုးသားမှုသည်ကား တစ်နေ့ ကိုသိမ်းအေး နေမကောင်းသဖြင့် အမေက အညော်ရောင်ခိုင်းရာ ကိုသိမ်းအေးသည် ဖိနပ်ချွတ်အိမ်ရှေ့ ပုဏ္ဏားကွယ်တွင် ထိုင်နေသည်။ အမေကညော်ပြီး၍ သိမ်းအေးရေ ညော်ပြီးပြီဟု ခေါ်သောအခါ ပုဏ္ဏားကွယ်မှ ထွက်လာသည်။ အမေက နင်ဘာလုပ်နေတာလဲ၊ ညော်ရောင်နေတာလေ၊ အော် အေး … အေး … ညော်က နင့်ကို မမြင်တော့ဘူးပေါ့လေ၊ အနံ့မရတဲ့ဘက် ဝေးဝေးသွားရှောင်ရတယ်ဟု ဟူ၍ အမေပြောရင်း ရယ်ခဲ့သည်။ အဲ့ဒီလောက် ရိုးသားပြီး ချစ်စရာကောင်းသည်။

"ဟိုက် … ဓောကိုလားဘို့ယောင်"

ကျွန်တော်နှင့် ကိုသိမ်းအေး လှေဆိပ်အသွားလမ်းတွင် ကျွန်တော်တို့ထိုင်ခုံအနောက်မှ မညိုညိုလွင်ကို ကိုသိမ်းအေး နှုတ်ဆက်လိုက်သည်။

"တူးတို့ဆိုက်က"

သူက ရခိုင်သံဝဲဝဲနှင့် ပြန်နှုတ်ဆက်ပြီး၊ ကျွန်တော်ကိုပြုံးပြပြီး ထွက်သွားသည်။ လှေဆိပ်ရောက်တော့ လှေပေါ်ကချလာတဲ့ လိပ်ကျောက်၊ ငါးကြံ့ရွက်နှင့် ပင်လယ်ငါးများသာဖြစ်သည်။ ငါးကြီးသားများသာ များပြီး၊ ငါးသေးဆို၍ ငါးကြံ့ရွက်တစ်မျိုးသာ ပါသည်။ ကိုသိမ်းအေးမှ ငါးကြံ့ရွက် နို့ဆီဘူးနှင့် နှစ်ဘူးဝယ်သည်။

"ကိုသိမ်းအေးကလည်း သုံးဆယ်သားလောက် ဝယ်ရောပေါ့"

ကိုသိမ်းအေးက ကျွန်တော့်ကို ရယ်ပြီး

"မင့် ပုသိမ်မှာလို ဒီမှာက အချိန်နဲ့ မရောင်းဘူး မောင်၊ ဒီငါးဆိုတို့ပုသိမ်မှာ ငါးမီးတန်သွယ်ခေါ်တယ်မဟုတ်လား၊ ဒီမှာက ကြံ့ရွက်နဲ့တူလို့ ငါးကြံ့ရွက်လို့ ခေါ်တယ်၊ ပြီး ပြည်တောင်းနဲ့ချိန်ရောင်းတာ၊ ငါးကြီးဆို အကောင်လိုက်ဈေးဖြတ်ရောင်းတာ၊ မြေပုံသီးဆိုလည်း ပြည်တောင်းနဲ့ပဲ ရောင်းတာလေ၊ ဒီမှာက ဓလေ့တစ်မျိုး"

လေ့ဆိပ်ရောက်တော့
လေ့ပေါ်ကချလာတဲ့
လိပ်ကျောက်၊
ငါးကြံ့ရှက်နှင့်
ပင်လယ်ငါးများသာ
ဖြစ်သည်။

"မြေပုံသီးဆိုတာ ဟို ခရမ်းချဉ်သီးကို ပြောတာလား"

"ဟုတ်တယ် မင်းတို့အခေါ်လေတဲ့ ကြက်ဟင်းခါးသီးကို ဂျင်ခါးသီး၊ ရုံးပတီသီးကို မိုးမျှော်သီး၊ ငရုတ်သီး ကုလားအော်သီးကို အာဝါးသီး အစရှိသဖြင့် အနည်းငယ်လွဲတာပေါ့"

ကျွန်တော်စပ်စုမှုကို ကိုသိမ်းအေးက စိတ်ရှည်ရှည်ရှင်းပြသည်။ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ် ဆန်းပဲလေ။

× × ×

"ညယ်ညယ်လာ ကျောင်းဈေးတန်းမှာ မုန့်ဟင်းခါးသွားသောက်ကြမယ်"

"ဘယ်လို"

"လာပါ ငါတိုက်ပါ့မယ်"

ကျွန်တော့်ကို သူတို့က နင်တို့ဗမာတွေက စကားဝဲတာပဲတဲ့၊ ကျွန်တော်ကလည်း သူတို့ဗမာလိုပြောတာစကားဝဲလို့ တစ်ခါတစ်ရံ နားမလည်ခဲ့ပေ၊ ကျောင်းဈေးတန်းကို ရောက်တော့

"ညယ်ညယ် နိုင် ဘယ်လောက်သားစားဘို့ရာ"

"ဟင်"

ကျွန်တော် ဘယ်လိုပြောရမလည်းမသိ။ ပုသိမ်မှာဆို မုန့်ဟင်းခါးတစ်ပွဲ အကြော်ထည့်ဆိုရပြီ၊ ခုက မုန့်ဟင်းခါးကို အချိန်နဲ့ ဝယ်စားရတယ်လို့ သာကျော်စိန်က ဒီဗမာပိန်ပိန်လေးကို တစ်ဆိုက်သားလောက်ထည့်ပေးလိုက်လို့ ဝင်ပြောတော့မှ ညိုညိုလွင်က

"အရီးချေ တစ်ဆိုက်သားထိုက်"

ညိုညိုလွင်က တစ်ဆယ်သားပြောတော့ ပန်းကန်ထဲမှာ မုန့်ဖတ်တစ်ဆယ်သားထည့်ပြီး အရည်ကြဲကြဲကိုလိုသလောက်ထည့်ရမှန်း သိခဲ့ရသည်။ သာကျော်စိန်က

"ညနေကျ ညိုညိုလွင်တို့အစ်မကလေး တို့သွားကြည့်မလို့ လိုက်ခဲ့ပါလား ညယ်ညယ်"

"လိုက်ခဲ့မယ်လေ"

ညိုညိုလွင်၊ မိဦးသာ၊ သာကျော်လွင်၊ နိုင်စိုးတို့နဲ့အတူ ညိုညိုလွင်အစ်မ မီးဖွားပြီး ခုနစ်ရက်မြောက် မီးထွက်မှာ ကလေးကြည့်ဖို့ သွားခဲ့သည်။ ဟိုရောက်တော့ ညိုညိုလွင်တို့အစ်မက ဟင်းခါးသောက်နေသည်၊ ကျွန်တော်က စပ်စပ်စုစုနဲ့ အမဟင်းခါးက ရေချိုငါးနဲ့ချက်နော် ဒီမှာက ရေငန်ငါးတွေများလို့ တော်ကြာ သွေးတက်နေဦးမယ်ဟု ပြောလိုက်ရာ ညိုညိုလွင်အစ်မက

"ဟဲ့ အမောင် ကျန်ကြီးစီယာတော်၊ မီးနေသည်တွေက ရေချိုငါးစားမှ သွေးတက်တာဟဲ့၊ ပင်လယ်ငါးက သွေးတက်တာ မဟုတ်ဘူး"

"ဗျာ"

"ဒီဗမာကောင်ကတော့ အဆန်းကြီးပဲ"

ကျွန်တော် ဘာဆက်ပြောရမှန်းမသိ၊ ပင်လယ်မှာနေကြတဲ့သူတွေက ရေချိုငါးစားရင် သွေးတက်တယ်၊ ကျွန်တော်တို့ပုသိမ်မှာနေတဲ့သူတွေက ပင်လယ်ငါးစားရင် သွေးတက်တယ်၊ တချို့နေရာတွေမှာ ဆန့်ကျင်ဓလေ့တွေရှိကြောင်း သိခဲ့ရတယ်။

ရိုးသားဖော်ရွေမှုတွေကြောင့် အတူသွား အတူလာ ရွာလယ်ကရေခန်းတော့မယ် ကန်ထဲမှာ ကြာဆွယ်နိုက်ကြ၊ ငါးဖမ်းကြ၊ တစ်ခါတစ်ရံ သာကျော်စံတို့နဲ့ ပင်လယ်ဝထိငါးဖမ်းလိုက်တဲ့ထိ လိုက်ခဲ့ဖူးသည်။ သူတို့ဆီက ရေချိုငါးက ရေနည်းမှာဖမ်းရင် ငရဲကြီးတယ်၊ ပင်လယ်ထဲမှာက ရေအများကြီးထဲမှာ သေနေ့စေ့မှ ငါတို့ပိုက်ထဲရောက်လာ ငရဲမကြီးဘူးဟူသော စကားကို နောက်ပြောင်ပြောသည်ပင်ဆိုစေ မှတ်သားရပေသည်။

× × ×

"နင် စာကောင်းလှစွာမလား"

နွေရာသီရောက် စာမေးပွဲအစစ်ကြီး ဖြေရတော့မည်။ ကျွန်တော်တို့သူငယ်ချင်းလေးဦးသား ဦးစံဖဲအိမ်ရှေ့က ကုက္ကိုလ်ပင်အောက် ကွပ်ပျစ်ပေါ်တွင် စာစုကျက်ကြသည်။ မသိတဲ့စာကို ညိုညိုလွင်က ပြန်ပြပေးသည်။ ဆရာဦးရန်နောင်အိမ်သို့လည်း မကြာခဏ သွားမေးဖြစ်ကြသည်။ စာအတော်ဆုံး ညိုညိုလွင်ကို ကျွန်တော်က ရခိုင်သံဖြင့် နင်က စာသိပ်တော်တာပဲနော်ဟု ပြောသောအခါ အားလုံးရယ်ကြသည်။ ကြာတော့လည်း ရခိုင်လို အနည်းအကျဉ်း တတ်လာသည်။

စပါးဒိုင်မှ စပါးများ လှေများဖြင့် လာရောက်ရောင်းချကြပြီး တစ်ခါတစ်ရံ အောက်လင်းမီးဆွဲကြီးများ ထွန်းပြီး စပါးချိန် စပါးသယ်နေကြသည်ကလည်း ပျော်စရာပင်ဖြစ်ပေ

သည်။ လူငယ်ပီပီ ဟန်မလုပ်ဘဲ ညီညီလွင်ကို ရခိုင်လို

"နင် ကောင်းလှယေ"

အဖွဲ့အနွဲ့မရှိ ပြောမိသည့်အခါ လည်း သူကပြုံးပြီး ရှက်သွေးဖြာ သည်ကလွဲ၍ ဘာမှပြန်မပြော။ ရိုးရိုး စင်း အပြောမျိုးသာဖြစ်ပေသည်။ တစ်နေ့ စာမေးပွဲဖြေပြီး အိမ်အပြန် ညီညီလွင်က

"ကျောင်းပိတ်ဖို့ယာ"

"ဟုတ်ပါတယ်နော် ဒီကျောင်း ပိတ်တာနဲ့ တို့စပါးဒိုင်ကလည်း ဒိုင် သိမ်းတော့မယ်လေ၊ ဒိုင်သိမ်းရင် တို့ က ပုသိမ်ပြန်ပြောင်းရမှာ၊ နောက်နှစ် အစ်ကိုက ဘယ်စပါးဒိုင် ရောက်မယ် မသိဘူး၊ အစ်ကိုကတော့ ပုသိမ်နဲ့ နီးနီးရအောင်ပြောမယ် ပြောတာပဲ"

"နင်တို့ ပြန်ပြောင်းဖို့ယာ လား"

ဆိုနင့်သော လေသံဆိုတာကို တော့ ရင်ထဲကသိနေသည်။ နောက် တော့ ကျွန်တော်တို့လည်း ပုသိမ်ကို ပြောင်းပြီး ဆယ်တန်းကိုပင် ပုသိမ်မြို့ ဟိုက်စကူးကျောင်းမှာတက်ရင်း ဖြေခဲ့ သည်။ နောက် မိသားစုလိုက် မော်ဘီ ကိုပြောင်းလာပြီး ကျောင်းဆရာဝင် လုပ်ရင်း လုပ်သားကောလိပ်ကို တက်ဖြစ်ခဲ့သည်။ ငယ်သူငယ်ချင်း များနှင့် မတွေ့ဖြစ်ခဲ့။

"ဟဲ့ ညီညီကောင်စုတ် ဘာ တွေတွေးနေတာလဲ"

× × ×

"ဟဲ့ ညီညီကောင်စုတ် ငါရပ် နေတာကြာပြီ ဘာတွေတွေးနေတာ လဲ"

ကျွန်တော့်ကို လက်မောင်းရိုက် ပြီးပြောလာမှ ကျွန်တော်လန့်သွားပြီး သတိပြန်ဝင်လာသည်။ ပြီးမှ ငါတို့ ငယ်ငယ်ကအကြောင်း ပြန်တွေးမိလို့ ပါဟယ်ဟု ပြောရင်း ...

"ဆေးခန်းပိတ်ပြီလား"

"ပိတ်ပြီလေ ကဲလာ ဟိုရှေ့က ဆိုင်သွားရအောင် ဘာစားပြီးပြီလဲ"

"အအေးလေးပဲ သောက်ကြ တာပေါ့"

× × ×

ကျွန်တော်နဲ့သူ ကျုံကူးမှ ခွဲခွာ ပြီးနောက် ပုသိမ်တွင်တစ်ကြိမ် ... နောက် သူမန္တလေးဆေးတက္ကသိုလ် ရောက်ပြီး အခုသမိုင်းကျိုက်ဝိုင်းတွင် ဆေးခန်းဖွင့်ထားကြောင်း သာကျော် စံညီအငယ် သာခိုင်နှင့်တွေ့၍ သိရ သည်။ ယခုလည်း သာခိုင်က ညွှန်ပြ ၍ ဆေးခန်းနေရာကို သိခဲ့ရသည်။

သူ ညီညီလွင်နှင့် ကွဲကွာသွား သော်လည်း စာဖြင့် အဆက်အသွယ် ရစဉ်က ချစ်ရေးဆိုခဲ့ဖူးသည်။ သူက ကျောင်းပြီးမှဟူသော စကားဖြင့် စောင့်ဆိုင်းခဲ့သည်မှာ ယခုအချိန်ထိ ဆိုရပေမည်။ အသက်ပင် လေးဆယ် ကျော်ခဲ့ပြီ။

"ဟဲ့ ငါ့ကို အိမ်က သာကျော်စံ နဲ့ ပေးစားလိုက်တယ်၊ နင့်ကိုဆက် သွယ်တော့ ဟိုပြောင်းသလို ဒီပြောင်း သလိုနဲ့ အဆက်တွေ ပြတ်ခဲ့ရတယ် ညီညီရယ်၊ အခုနင်ကော အိမ်ထောင် ပြုလိုက်ပြီလား"

ဆိုသောစကားကိုသာ ပြောလာ ခဲ့ သည်။ ဘာပဲဖြစ်ဖြစ် သူငယ်ချင်း အချစ်က ပိုခိုင်မာတယ်လေဟူသော အတွေးဖြင့်သာ သူနဲ့ လမ်းခွဲခဲ့ပြီး ကျိုက်ဝိုင်းကားမှတ်တိုင်တွင် ကား စောင့်နေမိသည်။ အချိန်သည် တရွေ့ ရွေ့ ကုန်ခဲ့ပြီး ဘတ်စ်ကားက မလာ သေး၊ တက္ကစီတစ်စီးတားမိသည်။

"အင်းစိန် - ဖော့ကန် ဘယ် လောက်လဲ"

"သုံးထောင့်ငါးရာပါ"

"အို တစ်ထောင့်ငါးရာ မဟုတ် ဘူးလား၊ စီးနေကျပါ"

ကားသမားသည် ဘာမျှပြန်မ ပြော၊ မောင်းထွက်သွားသည်။ နောက် တစ်စီးလာ၍ တားမိသည်။

"ဘယ်သွားမှာလဲ"

"ဖော့ကန်ပါ ဦးလေး"

"သုံးထောင်ပဲပေးပါ၊ ကျွန်တော် လည်းပြန်မှာ လမ်းကြုံလို့"

"ထောင့်ငါးရာပေါ့ ဦးလေးရာ သွားနေကြပါ"

"ဆက်စောင့်နေ အသက်သာ ကြီးသွားမယ် ထောင့်ငါးရာတော့ မရ ဘူး"

ပြောလည်းပြော မောင်းထွက် သွားသည်။ နောက်နှစ်စီးလောက် တားခဲ့သည်။ တစ်ထောင့်ငါးရာမရ။ နောက်ဆုံးတော့ မိုးကလည်း ချုပ် သည်ထက် ချုပ်လာသည်။ ကိုယ့်မှာ လည်း ထောင့်ငါးရာသာ ပိုင်ဆိုင်ထား သည်။ နောက်ဆုံးတော့ သမိုင်းလမ်း ဆုံထိ ဘတ်စ်ကားတစ်ဆင့်စီးပြီး သမိုင်းလမ်းဆုံမှတစ်ဆင့် ဘတ်စ်ကား ဆက်စီးခဲ့သည်။ အော် ငါ့နယ် ပိုင် ဆိုင်ထားတဲ့ ထောင့်ငါးရာနဲ့ ခုထိ လိုက်ပြီး လွဲနေပါလားနော်ဟူ၍သာ တွေးရင်း၊ ဘတ်စ်ကားကျပ်ကျပ်ဖြင့် သာ ။ ။

**ဝင်းနွယ် - ပုသိမ်**



# တောင်ပေါ်ကရှမ်းလေး ကျောထမ်းလို့ပြေး

## မင်းခက်ရဲ



"နင်းသောက်တဲ့ မြိုင်ခြေစခန်း ဗွေ၊ ဖြေမပြေလွမ်း … လွမ်းရပြီလေ … မြော်က်လေပြည်ညှင်းပါလို့ … ဖော်ကင်းသူမယ် … လွှာခြုံလို့ နွေးနိုင်တော့လေ …"

ကိုယ့်အနေနှင့် စု-တု-ပြုလုပ်ရင်း သီချင်းတစ်ပုဒ်စပ်နေစဉ် အိမ်သူ သက်ထားက …

"အဖေကြီး တောင်ကြီးသွားရအောင်နော်" ဟု ပြောလာသဖြင့် ကိုယ်လှည့်ကြည့်မိသည်။ အိမ်သူ့မျက်နှာ မချဉ်မပြုံးဖြစ်နေသဖြင့် ...

"လွမ်းစရာလေးတွေ ဖြစ်နေပြီပေါ့" ဟု ပြန်ပြောမိသည်။

ကိုယ်က အချစ်ဝတ္ထုရေးသမားဖြစ်၍ "လွမ်း" ဆိုသည့်စကားကို တွင်တွင်သုံးတတ်သည်။ ဟုတ်သည်လေ။ ကိုယ်နှင့်အိမ်သူ မင်္ဂလာသက် (၁၆) နှစ်ပြည့်ပြီးဖြစ်၍ လွန်ခဲ့သောနှစ်များစွာက ဖြစ်ရပ်များသည် ကိုယ်တို့အတွက် လွမ်းစရာလေးတွေ ဖြစ်နေချေပြီ။

"ဒုက္ခအပေါင်းဟာ သေခြင်းမှာ ချုပ်ငြိမ်းတယ်။ အချစ်ဟာလည်း အိမ်ထောင်သည်ဘဝမှာ ချုပ်ငြိမ်းတယ်"

အင်္ဂလိပ်ကဗျာ ဘာသာပြန်တစ်ခုကို ဖတ်ဖူးသည်။ ဗုဒ္ဓဘာသာတစ်ယောက်အနေနှင့် ဒုက္ခအပေါင်းဟာ သေခြင်းမှာ ချုပ်ငြိမ်းတယ်ဆိုတာလက်မခံနိုင်။ သို့ဖြင့် ကျန်သည့်စာသားကော ထိုနည်းလည်းကောင်းပင် လက်မခံနိုင်။ ကိုယ်နှင့်အိမ်သူအတွက် မင်္ဂလာသက် (၁၆) နှစ်ပြည့်ပြီဖြစ်သော်လည်း ယခင်ရည်းစားဘဝလို အချစ်များ ပို၍ပို၍ပွားလာသည်။ သမီးနှစ်ယောက်လည်း ရှိနေပြီဖြစ်၍ အချစ်အပြင် မေတ္တာပါစွက်လာ၍ ချစ်ခြင်း၏ထုထည် အဆမတန်ကြီးမားလာသည်ဟု ဆိုရချေမည်။

ကိုယ်တို့တင်ပဲလား မဟုတ်ပါ။ တစ်ခါက မြို့ပြင်တစ်နေရာတွင် ကျင်းပသော မိတ်ဆုံစားပွဲတစ်ခု၌ အသက်ခြောက်ဆယ်တန်းအရွယ် ဆရာတစ်ဦး သီချင်းဆိုခိုက်တွင် သူ၏ချစ်ဇနီးက "က" လေသည်။ ဒီမြင်ကွင်းက အားလုံးအတွက် ကြည်နူးစရာ။ သြော် အချစ်တွေ ... အချစ်တွေ။ အသက်အရွယ်ရတာတောင် သူတို့အချစ်က မရိုးနိုင် ဖြစ်နေချေသည်။ ဤသို့ဆိုလျှင် အချစ်ဟာ "အိမ်ထောင်သည်ဘဝမှာ ချုပ်ငြိမ်းတယ်" ဆိုသည့်စကားသည် အားလုံးအတွက် မှန်ပါ့မလား။

ကိုယ် အတွေးလွန်နေချေပြီ။ အိမ်သူက "တောင်ကြီး" ကို သွားချင်တယ်တဲ့။ နှင်းသောက်တဲ့ မြိုင်ခြေစခန်းဖွေ။ ဟုတ်သည်၊ ကိုယ့်အတွက်တော့ တောင်ကြီးမြို့တစ်ခွင်သည် ထိုစကားရပ်လေးအတိုင်း ဖြစ်ချေသည်။ တောင်ကြီးခရီးစဉ်သည် ကိုယ်တို့အတွက် အဆန်းတကြယ်တော့မဟုတ်။ လွန်ခဲ့သည့် (၃) နှစ်ခန့်က တစ်ခါသွားပြီးချေပြီ။ ထိုခရီးစဉ်က ကိုယ်တို့အတွက် အလွမ်းလေးတွေ၊ အမှတ်တရလေးတွေ ကျန်ရစ်ခဲ့ချေသည်။ သို့ကြောင့် အိမ်သူက နောက်တစ်ခေါက်သွားချင်နေခြင်း ဖြစ်သည်။

ထိုစဉ်က ခရီးစဉ်လေးကို မှတ်မိပါသေးသည်။ ကိုယ်တို့မိသားစုနှင့်အတူ မိတ်ဆွေများ ကားကြီးတစ်စီးစာ လူ (၄၀) ခန့်ပါသည်။ ပျဉ်းမနားရောက်တော့ နံနက်စာစားကြသည်။ ကားပြန်ထွက်တော့ ကိုယ်နှင့်အိမ်သူ ပြဿနာ အနည်းငယ်တက်သည်။ အကြောင်းက ဘုရားဖူးကား၏ ဦးဆောင်သူအဖြစ် မိတ်ဆွေများက ကိုယ့်ကို ရွေးချယ်သဖြင့် ကားထွက်သည့်အခါ "လူစုံရဲ့လား။ ဘာလိုသေးလဲ" စသည်ဖြင့် မေးမြန်းရသည်။ ဤသည်ကို အိမ်သူက မကြိုက်၊ ဘုရားဖူးလာတာ စိတ်အေးလက်အေးပေါ့။ ခုဟာက တစ်ကားလုံး၏ကိစ္စ လိုက်လုပ်နေပြန်ပြီဟူ၍ ပွစိပွစိလုပ်လေသည်။

ကိုယ့်စရိုက်နှင့် ပတ်သက်၍ အိမ်သူမကြိုက်တာ ခုမှမဟုတ်။ ရပ်ကွက်တွင်လည်း ကိုယ်က လူမှုရေးနှင့် ပတ်သက်ပြီး ထန်းတက်လက်မှတ်ရထားသူဖြစ်သဖြင့် ကိစ္စဝိစ္စမှန်သမျှ ကိုယ့်ကိုအကူအညီ တောင်းသည်။ ကိုယ်ကလည်း အတတ်နိုင်ဆုံးကူညီသည်။ ကိုယ်က ဘုရားပွဲလည်းပါသည်။ တရားပွဲလည်း ပါသည်။ ကထိန်ပွဲလည်း ပါသည်။ စေ့စပ်ပွဲလည်း ပါသည်။ လင်နောက်လိုက်ပြေး၍ ပြန်အပ်သည့်အခါလည်း ပါသည်။ မင်္ဂလာပွဲလည်း ပါသည်။ နာရေးလည်း ပါသည်။ ထိုသို့ လူမှုရေးကိစ္စတွေများနေသဖြင့် အိမ်သူက ကိုယ့်အပေါ် မကြည်။

အိမ်သူမကြည်လည်း ကိုယ်က လုပ်မြဲလုပ်ဆဲ။ ကြာတော့လည်း ပွစိပွစိလုပ်တာတွေ မောသွားချေသည်။ ခုလည်း ဤသို့ပင် ဖြစ်သွားချေလိမ့်မည်။ ကိုယ် စိတ်အနှောင့်အယှက် အဖြစ်မခံတော့။

ယင်းမာပင်လမ်းခွဲ တောင်တက်ခရီးမှစ၍ ပတ်ဝန်းကျင်က လှနေချေပြီ။ တောင်စဉ်၊ တောင်တန်းများ၊ ချောက်ကမ်းပါးများ၊ စိမ်းလန်းသည့် သစ်ပင်များ၊ နီတျာတျာ တောင်ပေါ်ပန်းများကို တွေ့မြင်ခံစားနေရချေပြီ။ တကယ်တော့ ခရီးထွက်တယ်ဆိုတာ ပျောက်ဆုံးနေသည့် အနုပညာကို ရှာဖွေခြင်းပင်ဖြစ်သည်။ တချို့က

ခရီးထွက်တယ်ဆိုတာ ဘာမှမရှိတာကို ကြည့်ဖို့သွားခြင်းဖြစ်သည်။ ကိုယ်ဖတ်ခဲ့ရသည့် ဆောင်းပါးတစ်ပုဒ်အကြောင်းအရာလေး ပြောပြချင်သည်။

"တန်ချို့မြို့နားမှာ တောင်တစ်တောင်ရှိပါတယ်။ အမေရိကန်မကြီးတစ်ယောက်ဟာ သူငယ်ချင်း တရုတ်မတစ်သိုက်နဲ့ တောင်ပေါ်တက်ကြပါတယ်။ မနက်ခင်း မြူနှင်းတဝေဝေနဲ့ တောင်တက်တော့ အပေါ်ရောက်လေလေ မြူနှင်းတွေက ထူသထက်ထူလာပါတယ်။ မြက်ရွက်တွေမှာ နှင်းတပေါက်ပေါက်ကျသံကြားရပါတယ်။ တောင်ခိုးဝေဝေကလွဲလို့ ဘာမှမမြင်ရပါဘူး။ အမေရိကန်မကြီး စိတ်ပျက်လာပါပြီ။ တရုတ်မကြီးက လာသာလာပါ။ တောင်ထိပ်မှာ အံ့သြစရာမြင်ကွင်းရှိတယ်လို့ ပြောတာနဲ့ ဆက်တက်ပါသည်။ ခဏကြာတော့ တိမ်တွေ ခမောက်ဆောင်းထားတဲ့ ကျောက်တုံးကြီးတစ်ခုကို လှမ်းမြင်ရပါသည်။ အဲ့ဒါဘာလဲလို့ မေးတဲ့အခါ မှောက်ထားတဲ့ကြာပန်းလို့ ပြောကြပါတယ်။ အေးစက်ပြီး ထုံကျင်နေတော့ အမေရိကန်မကြီး အောက်ဆင်းတော့မလို့။ အဲ့ဒီအခါ တောင်ထိပ်မှာ ပိုအံ့သြစရာကောင်းတဲ့ မြင်ကွင်းတစ်ခုရှိတယ်လို့ ပြောကြပါတယ်။ အဝတ်တွေက နှင်းစိုနေပါပြီ။ ငြင်းဆန်ဖို့လည်း လက်လျှော့လိုက်ပါတယ်။ ဆက်တက်ပါတယ်။ တောင်ထိပ်ရောက်ပါပြီ။ ပတ်ပတ်လည်မှာ မြူတွေ တောင်ခိုးတွေဟာ ပင်လယ်ကြီးပမာ။ ဟိုးအဝေး မိုးကုတ်စက်ဝိုင်းမှာတော့ တောင်စဉ်တောင်တန်းတွေ မှိုင်းပျပျ မှုန်ရီရီ။ အဲဒီမှာ ဘာမှကြည့်စရာမရှိပါလားလို့ အမေရိကန်မကြီးက ပြောတဲ့အခါ "ဒါပါပဲ ဒါပါပဲ၊ ကျွန်မတို့က ဘာမှမရှိတာကိုကြည့်ဖို့ တက်လာတာလို့ သူငယ်ချင်းတရုတ်မကပြောပါတယ်"

ဤသို့ပင် အချို့က ဘာမှမရှိတာကိုကြည့်ဖို့ ခရီးသွားကြသည်။ ကိုယ်တို့ကတော့ ရှိတာကိုကြည့်ဖို့ ခရီးသွားခြင်းဖြစ်သည်။ ကိုယ်တို့အဖွဲ့ 'အင်းလေး' ရောက်ပါပြီ။

> "နောင်အင်းလေး"
> သီချင်းထဲကလို
> ရှမ်းတောင်တန်းများသည်
> ညို့ညို့ဆိုင်းဆိုင်း၊
> အုံ့အုံ့မှိုင်းမှိုင်းဖြင့် လွမ်းစရာ
> ပန်းချီကားတစ်ချပ်ပမာ။

"ငွေသင်ဖြူးကလေး ခင်းထားသလို သတင်းစကား ဆိုလောက်တယ်၊ လှေလှော်ကာ တိမ်ကလေးတွေ တောက်တယ်၊ ရေပေါ်မှာ အိမ်ကလေးတွေ ဆောက်တယ်၊ အမှောင်ဆိုင်းတဲ့ လွမ်းပန်းချီနှယ်၊ တောင်ပိုင်းရဲ့ ရှမ်းပြည်နယ်၊ မှန်းဆတွေးဝေနော၊ ရှမ်းမကလေးတွေလည်း ချောပါတယ်"

"နောင်အင်းလေး" သီချင်းထဲကလို ရှမ်းတောင်တန်းများသည် ညို့ညို့ဆိုင်းဆိုင်း၊ အုံ့အုံ့မှိုင်းမှိုင်းဖြင့် လွမ်းစရာ ပန်းချီကားတစ်ချပ်ပမာ။

စက်လှေပေါ်မှာ အိမ်သူက တောင်တန်းပြာပြာကြီးကို ငေးကြည့်နေသည်။ ကိုယ်က 'ပွစိပွစိ မလုပ်တော့ဘူးလား' ဟုမေးတော့ မျက်စောင်းထိုးလေသည်။ အင်းလေးရေပြင်အလှနှင့် တောင်တန်းပြာပြာကြီးက အိမ်သူကို စည်းရုံးထားလိုက်ချေပြီ။

ကိုယ်တို့အဖွဲ့ ဖောင်တော်ဦးမှာ ဘုရားဖူးခေတ္တ နားလေသည်။ အင်းလေးကပြန်တော့ 'ပင်းတယ' သို့ ခရီးဆက်ကြသည်။ ပင်းတယရောက်တော့ ညနေစောင်းနေချေပြီ။ ညနေဆည်းဆာနှင့် ပုန်းတလုတ်ရေကန် သာယာပုံကို တွေ့လိုက်ရသည့်အခါ ရင်ထဲမှာအေးမြသွားသည်။

"ဟေး ... ဟေး ရပ်ဝေးက မိတ်ဆွေများ တစ်ခေါက်လောက်တော့ လာခဲ့ပါ၊ ရွှေဥမင်ဘုရား ဖူးစေချင်တာ"

ရွှေဥမင်ဘုရားဖူးပြီး သီချင်းလေး ညည်းမိလိုက်သည်။ သြော်ဒီသီချင်းလေးက ကိုယ့်ရင်ထဲစွဲနေတာ ခုတော့ ကိုယ်ကိုယ်တိုင် ရောက်နေချေပြီ။

ထိုနေ့ညမှာ ကိုယ်တို့အဖွဲ့ ပုန်းတလုတ်ရေကန်ထိပ် ဘုန်းကြီးကျောင်းမှာနားသည်။ အမှောင်ဆိုင်းနေပြီ ဖြစ်၍ ကိုယ်တို့အဖွဲ့အတွက် ထမင်းဟင်းလိုက်ဝယ်ရသည်မှာ အခက်အခဲတော့ဖြစ်သည်။ အချိန်ကြာနေ၍ အိမ်သူက ထုံးစံအတိုင်း မကျေနပ်ချင်။

"ရှင်ကလေ ဘယ်နေရာရောက်ရောက် ကူညီမယ်ဆိုတာချည်းပဲ၊ ဒီမှာ သမီးတွေ ဗိုက်ဆာနေပြီ"

"အေးပါကွာ ... အေးပါ၊ ဒီမှာ ထမင်းပါလာပါတယ်"

ထမင်းစားသောက်ပြီး ဘုန်းကြီးကျောင်းမှာ အနားယူအိပ်စက်ကြသည်။ ည (၁၂) နာရီခန့်တွင် မိုးကတအုန်းအုန်းရွာချသည်။ ကျောင်းက

မိုးမလုံသဖြင့် ကိုယ်တို့အဖွဲ့ ဟိုနားကပ် ဒီနားကပ်,ကပ်ရသည်။ တောင်ပေါ်မှာ မထင်မှတ်ဘဲ မိုးရွာချသဖြင့် "သံဝါဖြောက်ဖြောက်၊ ဆီးနှင်းပေါက်လည်း၊ မိုးလောက်ပြင်းထန် သွန်းရပြန်သော်" ဟူသော ရတုပိုဒ်လေးကို သတိရမိလိုက်သည်။

ကိုယ့်အနေဖြင့် မိုးရွာတာလား ဆီးနှင်းက မိုးလောက်ပြင်းထန်တာလား ခွဲမရဖြစ်နေသည်။ မိုးက ခဏလေး ရွာသွန်းပြီးနောက် အအေးဓာတ်က လွှမ်းကဲလာသည်။ မနက် (၄) နာရီ အိပ်ရာထ၊ မျက်နှာသစ်ဖို့ရေကို ထိရတာပင် အတော့်ကို ခက်ခဲနေသည်။

ဤသို့ဖြင့် ကိုယ်တို့အဖွဲ့ မနက် (၅) နာရီလောက်မှာ တောင်ကြီးကို ခရီးဆက်သည်။ နံနက် ဝေလီဝေလင်း 'ဟဲဟိုး' ကိုဖြတ်သည်။ ကိုယ့်စိတ်ထဲမှာတော့ 'ဟဲဟိုးကိုရောက်တယ်၊ လိမ္မော်သီးတစ်ခြင်း လက်ဆောင်ပေးတယ်' ရေဒီယိုသီချင်းလေးကို သတိရလိုက်မိတယ်။ ထို့နောက် 'ဘဝသံသရာ' တံတားကြီးကို ကားပေါ်ကနေ မေ့မေ့မောမော ကြည့်မိသည်။ ကိုယ့်အတွက်တော့ သာယာလှသည့် ရှမ်းတောင်တန်း၏ နံနက်ခင်းမြင်ကွင်း။ တောင်စောင်းတွေမှာ စိုက်ထားသည့် နီဝါစိမ်း စိုက်ခင်းမြင်ကွင်းများကို ဘယ်သောအခါမှ မေ့နိုင်မည်မဟုတ်တော့ပါ။

သြော် ... ပျောက်ဆုံးနေသည့် အနုပညာကို ကိုယ်ရှာတွေ့ချေပြီ။ ကိုယ်တို့ကား တောင်ပေါ်လမ်းကို ဟိုကွေ့ဒီကွေ့ ကျော်ဖြတ်ရင်း တောင်ကြီးမြို့သို့ နံနက် (၉) နာရီတွင် ရောက်လေသည်။ မြို့အဝင်ရှုခင်းကို မြင်ရုံမျှဖြင့် အတော့်ကို သာယာလှပသည့်မြို့ဆိုတာ မှန်းဆ၍ ရသည်။ မြို့တွင်းမှာ ထူးခြားတာက ပျဉ်ထောင်အိမ် မတွေ့ရဘဲ မော်ဒန်ပုံစံ တိုက်အိမ်လှလှလေးတွေ အစီအရီတွေ့ရခြင်းပင်။

ကိုယ်တို့အဖွဲ့ တောင်ကြီးမှာ မရပ်နားသေးဘဲ မြို့နှင့် မိုင် (၂၀) ကျော်ဝေးသည့် "ကက္ကူမွေစေတီ" သို့ ခရီးဆက်ကြသည်။

"အမေကြီး တောင်ကြီးမြို့က စိန်ပန်းပြာတွေနဲ့ အရမ်းလှတယ်နော်"

သြော် ... ကိုယ့်သမီးကြီးလည်း ပျောက်ဆုံးနေသည့် အနုပညာကို ရှာတွေ့ခဲ့ချေပြီ။

ကက္ကူမွေတော် စေတီသည် တောင်ကြီးမြို့နယ် ကက္ကူမွေတော်အုပ်စု၊ မွေတော်ကျေးရွာအနီးတွင် ကိန်းဝပ်လျက်ရှိသည်။ ရှေးအခါက နယ်ခြားကင်းစခန်းနေရာဟုသိရသည်။ ကက္ကူမွေတော်စေတီမှာ ဂေါတမဘုရားရှင်၏ ဓာတ်တော်များ ဌာပနာထားသော်လည်း ဘဒ္ဒကမ္ဘာမှာ ရှေးဦးစွာပွင့်တော်မူသည့် ကကုသန် ဘုရားရှင်ကို ဂုဏ်ပြုပူဇော်လို၍ 'ကက္ကူဘုရား' ဟု အမည်တွင်ကြောင်း ဆိုလေသည်။

ကက္ကူမွေတော်မှာ ဆုတောင်းပြည့်စေတီတော်ကြီးနှင့် ဖောင်တော်စိုက် စေတီတော်ကြီးနှစ်ဆူ ခြံရံပြီး ဒီဇိုင်းပုံစံ အထူးထူးအပြားပြားရှိသည့် စေတီငယ် (၂၅၄၀) ဆူ တစ်နေရာတည်းတွင် ရှိနေတာကိုက ထူးခြားလှသည်။ ကိုယ်တို့အဖွဲ့ ရောက်သွားချိန်မှာ ဘုရားပွဲနှင့် ကြုံကြိုက်နေ၍ ပအိုဝ့်တိုင်းရင်းသားများ၊ ရှမ်းတိုင်းရင်းသားများနှင့် တခြားဘုရားဖူးများ စည်ကားနေချေသည်။

ကိုယ်တို့အဖွဲ့ နေ့လယ်စာစားပြီး သစ်ပင်အုပ်ကြီးများအောက်တွင် အနားယူပြီး တောင်ကြီးသို့ ပြန်ခဲ့ကြသည်။

အပြန်ခရီး အလယ်လောက်အရောက် တောတန်းလေးတစ်နေရာမှာ ကိုယ်တို့ကားသည် တစ်ဖက်မှလာသည့် ဟိုင်းလပ်ကားကိုရှောင်ရင်း လှည်းလမ်းထဲ ဘီးကျွံကာ ဖရိန်ကျိုးသွားလေသည်။ တော်တော့်ကို ကြီးမားသည့်ပြဿနာပင်။ စက်ပျက်လျှင် ပြင်၍ရပေမယ့် ဖရိန်ကျိုးသွားသည်ဆိုတော့ မည်သို့လုပ်ရမည်မှန်း မသိဖြစ်ရလေသည်။ ကားပျက်သည့်နေရာက တောင်ကြီးမြို့နှင့် ဝေးသေးသည်။ ကားဆရာနှင့်ကိုယ်တို့ မည်သို့လုပ်ရမည် မှန်းမသိအောင် စိတ်ညစ်နေသည်။ အိမ်သူလည်း မျက်နှာမကောင်း၊ သမီးနှစ်ဦးအတွက်၊ တခြားကလေးများအတွက်၊ သက်ကြီးပုဂ္ဂိုလ်များအတွက် စိတ်ပူစရာပင်။ ဤနေရာတွင် လူ (၄၀) စာကားကြုံက

စက်ပျက်လျှင်
ပြင်၍ရပေမယ့်
ဖရိန်ကျိုးသွားသည်ဆိုတော့
မည်သို့လုပ်ရမည်မှန်းမသိ
ဖြစ်ရလေသည်။
ကားပျက်သည့်နေရာက
တောင်ကြီးမြို့နှင့်
ဝေးသေးသည်။

မည်သို့မှရှိမှာမဟုတ်။ အချိန်က ညနေစောင်းချေပြီ။ တောလမ်းခရီး တောင်ကြီးရာသီဥတုအေးအေးမှာ ဤလူအုပ်တစ်အုပ်နှင့် မည်သို့ခရီးဆက်ရမည်မှန်း စဉ်းစား၍မရတော့။ ဘုရားဖူးအားလုံး စိတ်ညစ်နေကြချေပြီ။

ဤသို့ စိတ်ညစ်နေရင်း တစ်နာရီခန့်အကြာတွင် R.T.C ကား (၃) စီးရောက်လာသည်။ ကားပေါ်မှာ ဒရိုင်ဘာဖြစ်ဟန်တူသူ ရှမ်းလူငယ်လေး (၃) ဦး ဆင်းလာသည်။

"ဆရာတို့ကို ကျွန်တော်တို့ ဘာကူညီပေးရမလဲ"

"ကားဖရိန်ကျိုးသွားလို့ ငါ့ညီရယ်။ ဘယ်လိုလုပ်ရမှန်းမသိ ဖြစ်နေတယ်"

ထိုအခါ ရှမ်းလူငယ်လေးက စိတ်မကောင်းဟန်ဖြင့် ……

"ကျွန်တော်တို့ ထင်သားပဲ။ ဆရာတို့ကားက ကြီးနေတယ်။ ဒီလမ်းနဲ့ သိပ်အဆင်မပြေနိုင်ဘူး။ လမ်းမှာ တစ်ခုခုဖြစ်လိမ့်မယ်လို့ ကျွန်တော်တို့ ပြောနေကြတာ။ တကယ်လို့ ဆရာတို့ကား လမ်းမှာတစ်ခုခုဖြစ်ရင် ကူညီလို့ရအောင် ကျွန်တော်တို့ နောက်ကနေ သက်သက်လိုက်လာတာ။"

"ဟော … ဟုတ်လား"

မည်သို့မျှ မထင်မှတ်ထားသော စကား။ ကိုယ် အံ့သြသွားသည်။ အိမ်သူလည်း အံ့သြသွားသည်။ အဖွဲ့သားများလည်း အံ့သြသွားသည်။

သူတို့က ဖရိန်ကျိုးတာပြင်ဖို့ ကားပျက်သည့်နေရာနှင့် မနီးမဝေး "ပန်းသခွား" ရွာရှိ ဝပ်ရှော့ကို ပို့ဆောင်ပေးသည်။ ကိုယ်တို့အဖွဲ့ဝင်အားလုံးကို သူတို့ကား (၃) စီးဖြင့် တောင်ကြီးမြို့ပေါ်မှ မင်းကျောင်းမှာ စတည်းချဖို့ ပို့ဆောင်ပေးသည်။ ကိုယ်တို့ ကျေးဇူးများစွာတင်လွန်း၍ ကားခ၊ လုပ်အားခပေးသည်။ သူတို့ တစ်ပြားတစ်ချပ်မှ မယူ။ ဪ … အံ့သြဖွယ်ကောင်းလွန်းလှသည့် စိတ်ဓာတ်ပါလား။

ကိုယ်တို့အဖွဲ့ "မင်းကျောင်း" ရောက်ချိန် ည (၇) နာရီခန့် ရှိချေပြီ။ အဖွဲ့ဝင်အားလုံးနေရာချ။ ထမင်းစားဖို့ ပြင်ဆင်ပြီး ခေတ္တနားသည်။ ထိုအချိန်တွင် အိမ်သူရောက်လာသည်။

"အဖေကြီး ကားမောင်းတဲ့ ရှမ်းလေးတွေရဲ့စိတ်ဓာတ်က တကယ့်ချီးကျူးစရာနော်"

"အဲဒါပေါ့ အမေကြီးရယ်၊ ကူညီချင်တဲ့ စိတ်ဓာတ်ရှိဖို့ လိုအပ်တယ်ဆိုတာ အမေကြီးလက်တွေ့ပဲ။ တကယ်လို့ သူတို့မကူညီရင် ကိုယ်တို့တစ်တွေ တောထဲမှာ ဘယ်လိုလုပ်ကြမလဲ"

"ဟုတ်တယ်နော်"

"ခုကြည့်စမ်း … သူတို့ကူညီလို့ ကိုယ်တို့အားလုံး ဘယ်လောက်စိတ်ချမ်းသာသွားသလဲ။ သူတို့လည်း ပီတိဖြစ်သွားမှာပဲ။ ကူညီတယ်ဆိုတာ ဝေယျာဝစ္စကုသိုလ်ပဲ။ တစ်နည်းအားဖြင့်တော့ ပါရမီရှင်ဖြည့်တာပေါ့။ အဲဒါကြောင့် ပါရမီရှင်တွေက တစ်စတစ်စ၊ စွန့်ဝံ့မှလျှင် ဘဝနောက်နှောင်းဆက်တိုင်းကောင်းလှ၏လို့ပြောတာ"

"အမလေး … စာရေးဆရာကြီးရယ်။ စကားတွေက ကြီးကျယ်လိုက်တာ နောက်လည်း စာရေးဆရာကြီး ကူညီမယ်ဆိုရင် ဒီကလည်း မပြောတော့ပါဘူးနော်"

"သဘောပေါက်သွားပြီပေါ့"

"အင်း" ဟုရေရွတ်ပြီး သူ့သမီးတွေအနားသို့ ထွက်သွားလေသည်။

ထိုစဉ်က အခြေအနေအရပ်ရပ်ကြောင့် ကိုယ့်အပေါ် အိမ်သူ နားလည်မှုအပြည့်ရှိသွားသည်။ နားလည်မှုနောက်မှာ အချစ်နှင့်မေတ္တာ ထက်ကြပ်မကွာ လိုက်လာမှာ သေချာသည်။

ဒါဆိုရင် အချစ်ဟာ အိမ်ထောင်သည်ဘဝမှာ ချုပ်ငြိမ်းတယ်လို့ ကိုယ်တို့နှစ်ဦးကို ပြောလို့ရမယ်တဲ့လား ….။

မင်းဆက်ပိုင်

သူတို့ကူညီလို့
ကိုယ်တို့အားလုံး
ဘယ်လောက်
စိတ်ချမ်းသာသွားသလဲ။
သူတို့လည်း ပီတိဖြစ်သွားမှာပဲ။
ကူညီတယ်ဆိုတာ
ဝေယျာဝစ္စကုသိုလ်ပဲ။
တစ်နည်းအားဖြင့်တော့
ပါရမီရှင်ဖြည့်တာပေါ့။



# ရေခဲတောင်များနှင့် မေခ မလိခ မြစ်နှစ်သွယ် ပေါင်းဆုံသည့် မြန်မာမြေ

စိုးစိုးနိုင် (ကြေးမုံ)

မြန်မာနိုင်ငံ၏ အသက်သွေးကြော ဧရာဝတီမြစ်ကြီး စတင်မွေးဖွားရာ မေခနှင့်မလိခ မြစ်နှစ်သွယ်ပေါင်းစုံသည့် မြစ်ဆုံဒေသနှင့် ရိုးရာမနောပွဲ၊ အရှေ့တောင်အာရှတွင် အမြင့်ဆုံး ခါကာဘိုရာဇီရေခဲဖုံးတောင်၊ မြန်မာနိုင်ငံ၏အကြီးဆုံး ကုန်းတွင်းရေဝပ်ဒေသ အင်းတော်ကြီးနှင့် သမိုင်းဝင် ရွှေမြဥ္ဇူ စေတီတော်၊ ကမ္ဘာ့အကြီးဆုံး ပူကောင်းကျားထိန်းသိမ်းရေးနယ်မြေ၊ ကမ္ဘာကျော် ကျောက်စိမ်းတုံးကြီးထွက်ရှိသည့် ဖားကန့်ရတနာမြေ စသည့် စိတ်ဝင်စားဖွယ် အထင်ကရနေရာများစွာ ရှိသောကြောင့် ကချင်ပြည်နယ်သည် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်ကြသော ဒေသတစ်ခု ဖြစ်ခဲ့သည်။



ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ မြောက်ဘက်စွန်းအပိုင်း၌ တည်ရှိပြီး တောတောင်ထူထပ်သော ပြည်နယ်တစ်ခုဖြစ်သည်။ ရန်ကုန်မြို့မှ ၉၁၉ မိုင်၊ မန္တလေးမြို့မှ ၄၈၇ မိုင်ကွာဝေး၍ လေယာဉ်၊ ကား၊ မီးရထားများဖြင့် သွားနိုင်သည်။ ပြည်နယ်၏မြို့တော် မြစ်ကြီးနားသည် ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းတွင် တည်ရှိသည်။ မြစ်ကြီးနားမြို့မှ မြောက်ဘက် ၂၈ မိုင်အကွာ တန်ဖဲရွာအနီးတွင်ရှိသော ဧရာဝတီမြစ်၏ မြစ်ဖျားခံရာ မေခနှင့် မလိခမြစ်တို့ ပေါင်းဆုံသည့် မြစ်ဆုံဒေသသို့ သွားနိုင်သည်။ မြစ်ဆုံကမ်းနဖူးပေါ် ရောက်သည့်အခါ သာသနာ ငါးထောင်စံစေတီကို ဖူးမြော်ပြီး စေတီရင်ပြင်ပေါ်မှ မြစ်ဆုံဒေသ၏ အေးချမ်းသာယာသော သဘာဝအလှ၊ သန့်ရှင်းလတ်ဆတ်သော လေ၊ ရေစီးသံတို့ကို မြင်တွေ့ခံစားရမည်။ ကျောက်ခဲကြီးများ အလွန်ပေါများပြီး မြစ်ကမ်းပါးတွင် သဲသောင်ပြင်ကြီး ရှိသည်။ မေခနှင့်မလိခမြစ်တို့ ပေါင်းဆုံသည့်နေရာတွင် ရေလှိုင်းခတ်သံကို ကြားနေရပြီး ရေပွက်၊ ရေဝဲများကိုလည်း မြင်တွေ့ရသည်။ မြစ်နှစ်သွယ်ပေါင်းဆုံသည့် တစ်ဖက်ကမ်းတွင် စိမ်းစိုအုံ့မှိုင်းနေသော တောင်တန်းကြီးကိုလည်း တွေ့ရသည်။ ဆောင်းရာသီ၌ တောင်တန်းကြီးပတ်လည်တွင် မြူခိုးမြူငွေ့များ ရစ်သိုင်းနေပြီး သဘာဝကျေးငှက်တို့၏ အော်မြည်သံကိုလည်း ကြားနေရသဖြင့် မြစ်ဆုံရောက်ဖူးသူတိုင်း တစ်သက်မမေ့နိုင်သော နေရာတစ်ခုဖြစ်သည်။ စီးဆင်းနေသည့်ရေ၊ ရစ်သိုင်းနေသည့်မြူ၊ တေးသံကျူးနေသည့် ကျေးငှက်များ၏ သဘာဝအလှများ ပေါင်းစုံ ခံစားရသဖြင့် စိတ်ကြည်နူးမှုကို ဖြစ်စေသည်။

ထို့ပြင် မြစ်ကြီးနားမြို့၊ ဧရာရပ်ကွက် ဧရာဝတီမြစ်ကမ်းဘေးတွင်ရှိသော ဆုတောင်းပြည့်စေတီနှင့် ၎င်းစေတီအနီးရှိ ကျောင်းတော်မူဘုရားတို့ကို ဖူးမြော်ပြီး ကချင်လူမျိုးတို့၏ အထွတ်အမြတ်ထားသည့် ဂျော်ဘွန်ဆုတောင်းတောင်သို့ သွားနိုင်သည်။ နာမည်ကြီး၍ လူကြိုက်များလှသည့် ကချင်ရိုးရာ ဂျပ်ခုတ်ချည်ထည်များကို အမှတ်တရ ဝယ်ယူနိုင်ပြီး ကချင်ပြည်နယ်ထွက် ကျောက်စိမ်းနှင့် ပယင်းများကို လေ့လာကြည့်ရှုနိုင်မည့် ကျောက်မျက်ဈေးလည်း ရှိသည့်အပြင် ကချင်လူမျိုးတို့၏ မြတ်နိုးတန်ဖိုးထားသည့် စီတာပူရပ်ကွက်ရှိ မနောကွင်းကို လေ့လာကြည့်ရှုနိုင်သည်။

မနောပွဲသည် ကချင်လူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုပွဲတော်တစ်ခုဖြစ်သည်။ ရှေးယခင်က ကချင်ဒူးဝါးကြီးများသည် နယ်မြေအတွင်း ဆန်ရေစပါး ပေါကြွယ်ဝ၍ ငြိမ်းချမ်းသော အခြေအနေတွင် ရပ်ဝေးမှ ဆွေမျိုးသားချင်းများ၊ ညီအစ်ကိုမောင်နှမများ၊ နယ်မြေအတွင်း ရန်ဘက်ဖြစ်ခဲ့ကြဖူးသော သားချင်းများပါမကျန် ပြန်လည်စုစည်းပြီး မနောပွဲများကျင်းပကာ အတူလက်တွဲ စားသောက်ကခုန်၍ စည်းလုံးညီညွတ်မှုများကို ပြန်လည်ရယူခဲ့ကြသည်။ ကချင်ရိုးရာယဉ်ကျေးမှုသမိုင်းတွင် မလိခူးမဂျယ်၊ ကျိုင်းခူးမဂျယ်၊ ခမ်းခူးမဂျယ် စသည့် မနောပွဲများသည် ထင်ရှားခဲ့သော မနောပွဲများဖြစ်ကြသည်။ အဓိကအားဖြင့် မနောပွဲငါးမျိုးရှိသည်။ ပဒန်မနော၊ ဆွတ်မနော၊ ဂျူမနော၊ ဋွမ်နမ်မနောနှင့် ရှဒပ်မနောတို့ဖြစ်ကြသည်။ ၎င်းမနောပွဲများအပြင် ကောက်သစ်စားပွဲ၊ အိမ်သစ်တက်ပွဲ၊ နတ်ပူဇော်ပွဲ စသည့်ပွဲလမ်းသဘင်များလည်း ကျင်းပလေ့ရှိသည်။ ကချင်လူမျိုးတို့ ပြုလုပ်ကြသော ပွဲများအနက် အကြီးကျယ်ဆုံး အခမ်းနားဆုံး ရှေးအကျဆုံးပွဲတော်ကြီးဖြစ်သည့် မနောပွဲကို လေးရက်မှ ရှစ်ရက်အထိ ကျင်းပကြပြီး ကောက်သစ်စားပွဲ၊ အိမ်သစ်တက်ပွဲများကို နှစ်ရက်သုံးရက်သာ ပြုလုပ်ကြသည်။ မနောအကတွင် အဓိကကျသော တူရိယာကြီးသည် မနောတိုင်၌ တပ်ဆင်ထားသော နှစ်ဖက်ပိတ်စည်ကြီးနှင့် မောင်းကြီးများဖြစ်ကြသည်။ မနောအကသည် စုပေါင်းတန်းစီပြီး အတန်းလိုက် စည်းချက်နှင့်အတူ ကရသော အကဖြစ်သည်။ ထိပ်ဆုံးမှ အကခေါင်းဆောင်၏ ကကြိုးကကွက်အတိုင်း နောက်မှလူများက လိုက်ပါကပြကြရသည်။ ကပြရာတွင် မနောကွင်းကို လှည့်ပတ်ကပြကြသည်ဟု သိရသည်။

မြစ်ကြီးနားမြို့မှတဆင့် ၁၀၈ မိုင်ကွာဝေးသော ပူတာအိုမြို့သို့ လေယာဉ်၊ ကားများဖြင့် သွားနိုင်သော်လည်း ကုန်းလမ်းခရီး ကြမ်းတမ်းလွန်းသဖြင့် လေယာဉ်ဖြင့်သွားမှသာ ပို၍သင့်တော်မည် ဖြစ်သည်။ ပူတာအိုမြို့သည် တောင်စဉ်တောင်တန်းများ ဝိုင်းပတ်ကာရံနေပြီး အေးချမ်းသာယာသောမြို့လေးဖြစ်သည်။ တစ်နှစ် ပတ်လုံး အေးမြသည့်ရာသီဥတုရှိပြီး ရေခဲဖုံးနေသော တောင်ထွတ်များကို လှမ်းမြင်နေရသည်။ မြို့ပြနှင့် အလှမ်းဝေးနေသည့်အတွက် သဘာဝအလှများ၊ တိုင်းရင်းသားတို့၏ စစ်မှန်

သော ရိုးရာယဉ်ကျေးမှုများကို တွေ့မြင်နေရဆဲ နေရာတစ်ခု ဖြစ်သည်။

ပူတာအိုမြို့ နံနက်ခင်းဈေးတွင် ဒေသထွက် အစားအစာများ၊ သစ်တောထွက်ပစ္စည်းများ၊ မချစ်ဥ (မဂျစ်ဥ)၊ ခမ်းတောက်မြစ်၊ ရေခဲမှို၊ မရှော့ရွက်၊ နာမည်ကျော်ဆေးဖက်ဝင် ရှီးမဒီး စသည်တို့ကို လေ့လာနိုင်သည်။ ရှီးပဒီးပင်သည် ပေ ၆၀၀၀ မှ ပေ ၂၀၀၀၀ ကျော်မြင့်မားသော ရေခဲတောင်များတွင်သာ ပေါက်ရောက်တတ်ပြီး အပင်သည် ခြောက်လ ပိုးကောင်နှင့် ခြောက်လ နွယ်ရှင် အဖြစ် ထူးဆန်းစွာ ဖြစ်ပေါ်နေတတ်သည်။ ရေခဲသည့် အချိန်တွင် ရေခဲများအောက်နှင့် ဆီးနှင်းရေခဲများအကြား ရှင်သန်ပြီး မချစ်ဥများကို စားသုံးနေတတ်သည်။ နှင်းခဲနှင့် ဆီးနှင်းများ အရည်ပျော်ချိန်တွင် အကောင်ဘဝမှ ငြိမ်သက်စွာထုံဝင်ပြီး ဦးခေါင်းရှိ မျက်စိနှစ်လုံးကြားမှ နွယ်ရှင်များ ပေါက်လာကာ အပင်ဘဝသို့ ကူးပြောင်းရှင်သန် လှုပ်ရှားနေတတ်သည်။ တဖန် ရေခဲသည့်အချိန်တွင် နွယ်ရှင်များ ကျွတ်ထွက်ပြီး နဂိုအကောင်ဘဝသို့ ပြန်လည်ရောက်ရှိသွားသည်ဟု သိရှိရသည်။

ပူတာအိုမြို့အနီးရှိ မူလာရှီးဒီ ကြိုးတံတားနှင့် ကြည်လင်လှပသော မူလာရှီးဒီချောင်းတို့ကို သွားရောက်လည်ပတ်နိုင်သည်။ ရေခဲတောင်မှ စီးဆင်းလာသော ချောင်းနှင့် ပေါင်းစပ်ကာစီးဆင်းနေသည့် မူလာရှီးဒီချောင်း၏ သဲသောင်စပ်တွင် ရေချိုးလျှင် အပန်းပြေသည်ဟု သတင်းကြီးလှသဖြင့် ကမ္ဘာလှည့်ခရီးသည်များ လာရောက်ကြသော နေရာဖြစ်ပြီး ဖောင်စီးခြင်း၊ ဆင်စီးခြင်း စသည်တို့ကို ပြုလုပ်နိုင်သည်။ ညနေဆည်းဆာအချိန်တွင် ကြိုးတံတားကြီးနှင့် ချောင်းကြီး၌ လီဆူ၊ ရဝမ် တိုင်းရင်းသား တိုင်းရင်းသူများ၏ ကြို့ဆိုကပြနေသော အက အလှများသည် သဘာဝတေးသံသာများနှင့် လိုက်ဖက်ညီစွာ ကြည့်၍အလွန်ကောင်းလှသည်။

မလိခမြစ်ကို ဖြတ်ကျော်၍ ပူတာအိုနှင့်မချမ်းဘောကို ပေါင်းကူးပေးထားသည့် မလိခကြိုးတံတား တည်ဆောက်ထားသည်။ ပူတာအိုမြို့မှတဆင့် မချမ်းဘော၊ ဆွမ်ပရာဘွန် စသည့်မြို့လေးများကိုလည်း သွားရောက်နိုင်သည်။

မချမ်းဘောမှ ၁၂ မိုင်ခန့်အကွာ မလိခမြစ်ကမ်းနံဘေးတွင် တည်ထားသော ကောင်းမှုလုံစေတီဟုခေါ်သည့် ရွှေစက်မင်းစေတီတော်ကိုဖူးမြော်နိုင်သည်။ အောက်ရွှေတိဂုံ၊ အလယ်မှာ ရွှေစည်းခုံ၊ အထက် ကောင်းမှုလုံဟုအဆိုရှိရာ မြန်မာနိုင်ငံအထက်ပိုင်းတွင် တန်ခိုးကြီးသော ဘုရားဟု ဆိုလိုဟန်ရှိပါသည်။ မချမ်းဘော၊ နောင်မွန်း၊ ခေါင်လန်ဖူးနှင့် ပန်နန်းဒင်လမ်းအနီး ကျောက်နဂါးအပန်းဖြေစခန်းရှိ နဂါးပုံသဏ္ဍာန် ကျောက်တန်းကြီးနှင့် ပတ်



သက်ပြီး ဒေသခံတိုင်းရင်းသားတို့၏ ပါးစပ်ရာဇဝင်ကို နားဆင်နိုင်သည်။ အဓိဋ္ဌာန်ပြုပြီး နဂါးဦးခေါင်းကို ကြက်ဥ ဖြင့်ထုခွဲပြီး လိုရာဆုတောင်းကြသည့် ခလေ့ကိုလည်း တွေ့ရသည်။ အရပ်စကားများအရ ကျောက်နဂါးကြီး အမြီးပိုင်းသည် မလိခမြစ်ထဲတွင်ရှိသည်ဟု ဆိုကြသည်။ မလိခမြစ်ကမ်းနံဘေး၏ တောင်ကုန်းပေါ်တွင် ဂူဘား ရိပ်သာလည်းရှိပါသည်။

မလိခမြစ်ကမ်းမှ အမြန်ရေယာဉ်ဖြင့် နတ်များ ဖန်ဆင်းထားသည့်ကျွန်းဟု တင်စားခေါ်ဝေါ်ကြသော မလိခမြစ်လယ်ရှိ နတ်ကျွန်းသို့သွားနိုင်သည်။ စူဠာမဏိ (မိန်းဟွေ့) ရေလယ်နတ်ကျွန်းစေတီသည် ပူတာအိုမြို့နယ်၊ အင်လွယ်ရုံကျေးရွာအနီး မလိခမြစ်လယ်ရှိ ၄၅ ပေခန့် မြင့်သော ကျောက်ဆောင်၊ ကျောက်တုံးများပေါ်တွင် တည် ထားသည်။

ပူတာအိုဒေသမှ နှင်းဖုံးတောင်တန်းများ၊ ဘေးမဲ့တော များနှင့် တောတောင်များသည် စွန့်စွန့်စားစား ခရီးသွားလို သူများ၊ ရေခဲတောင်တက် ဝါသနာပါသူများ၊ တောင်ပေါ် ရေခဲပြင်တို့၏အလှကို မြင်တွေ့ခံစားချင်သူများကို စွဲဆောင် လျက် ရှိသည်။

ပူတာအိုမှ မိုင် ၁၈၀ ဝေးကွာသော နောင်မွန်းမြို့ နယ်တွင် အရှေ့တောင်အာရှ၌ အမြင့်ဆုံးဖြစ်သည့် ခါကာ ဘိုရာဇီတောင် တည်ရှိသည်။ ခါကာဘိုရာဇီရေခဲတောင်သို့ သွားရာခရီးလမ်းသည် ကြမ်းတမ်းပြီး ကြိုးတံတားများကို ဖြတ်သန်းသွားရသဖြင့် တစ်ကြိမ်တစ်ခါမျှ မရောက်ဖူးသူ များအတွက် စွန့်စွန့်စားစား ခရီးတစ်ခုဖြစ်သည်။ ခါကာ ဘိုရာဇီတောင်အပြင် အမြင့်ပေ ၉၀၀၀ ကျော်ရှိ ဖုန်ကန် ရာဇီတောင်၊ မဒွယ်တောင် စသည့် ရေခဲတောင်များရှိရာ ဒေသဖြစ်ပြီး သဘာဝဆေးမြစ် အများအပြားထွက်ရှိသော ရေခဲတောင်ဒေသတစ်ခုလည်း ဖြစ်သည်။ ဖုန်ကန်ရာဇီ တောင်သည် ပူတာအိုမှ ခြေကျင်ခရီးဖြင့် ခြောက်ရက် တာသွားရပြီး တောင်တက်သမားများအတွက် တက် ရောက်ရန် ပို၍အဆင်ပြေလွယ်ကူသဖြင့် တောင်တက် လေ့ကျင့်သော နေရာတစ်ခုလည်းဖြစ်သည်။

ခါကာဘိုရာဇီအမျိုးသားဥယျာဉ်ကို ၁၉၉၆ ခုနှစ်တွင် သစ်တောထိန်းသိမ်းရေးနယ်မြေအဖြစ် ပထမဆုံး တည် ထောင်ခဲ့ပြီး ၁၉၉၈ ခုနှစ်တွင် အမျိုးသားဥယျာဉ်အဖြစ် ကြေညာခဲ့သည်။ ယခုအခါ အာဆီယံအမွေအနှစ်ဆိုင်ရာ ဥယျာဉ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်လျက် ရှိသည်။

ယင်းဥယျာဉ်သည် မြန်မာနိုင်ငံမြောက်ဘက်စွန်းရှိ ပူတာအိုခရိုင်၊ နောင်မွန်းမြို့နယ်တွင် တည်ရှိပြီး ဧရိယာ ၁၄၇၂ စတုရန်းမိုင် ကျယ်ဝန်းသည်။ မြန်မာနိုင်ငံ၌ အကြီး ဆုံး သဘာဝဥယျာဉ်ဖြစ်ပြီး တောင်တန်းများ၊ ရေတံခွန် များ၊ ရေစီးသန်သော စမ်းချောင်းများနှင့် ချောင်းများဖြင့် ဖွဲ့စည်းတည်ရှိသည်။

ခါကာဘိုရာဇီ အမျိုးသားဥယျာဉ်သည် ရှားပါး တိရစ္ဆာန်များဖြစ်သည့် သားမင်း၊ ပန်ဒါနီ၊ တောင်ဆိတ်နီ၊ သမင်၊ ဒရယ်၊ ချေ၊ ဆတ်တို့နှင့် သားရဲတိရစ္ဆာန်မျိုးစိတ် အမြောက်အမြားတို့အပြင် ရှားပါးငှက်များ၊ ရှားပါး အနက် ရောင်သစ်ခွများ၊ ရှီးပဒီးနှင့် ဆေးဖက်ဝင်သစ်မြစ်၊ သစ်ဥများကို ထိန်းသိမ်းကာကွယ်ထားပြီး အမြဲစိမ်းတော၊ ရွက်ပြတ်ရောနှောတော၊ တောင်ပေါ်ထင်ရှူးတော ဂေဟ စနစ်များကိုလည်း ထိန်းသိမ်းထားသည်။

အဆိုပါဥယျာဉ်သည် ရုက္ခဗေဒ၊ ဘူမိဗေဒ၊ သတ္တဗေဒ နှင့် ပထဝီဝင်ကျောင်းသားများအတွက် ကွင်းဆင်းလေ့လာ ရန် အကောင်းဆုံးပြတိုက်တစ်ခု ဖြစ်သည်။ ရေခဲဖုံး တောင်ပေါ်များသို့ တက်ရောက်နိုင်ခြင်း၊ ဧရာဝတီမြစ်ဖျား ခံရာဒေသ ပတ်ဝန်းကျင်အခြေအနေများ လေ့လာနိုင်ခြင်း၊ သာယာလှပသော သဘာဝရေမြေ တောတောင်ရှုခင်းများ ခံစားကြည့်ရှုနိုင်ခြင်း၊ အပင်နှင့် တိရစ္ဆာန်မျိုးစိတ်သစ်များ လေ့လာရှာဖွေဖော်ထုတ်နိုင်ခြင်း၊ ဒေသခံ ရဝမ်၊ လီဆူး၊ မြန်မာ-တိဗက်လူမျိုးများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံ နှင့် လူနေမှုစနစ်များကို လေ့လာနိုင်ခြင်း စသောအခွင့် အလမ်းများ ရရှိမည်ဖြစ်သည်။

ဖုန်ကန်ရာဇီ တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသည် ပူတာအို၊ မချမ်းဘောနှင့် နောင်မွန်းမြို့နယ်တို့တွင် တည်ရှိ ပြီး ဧရိယာ ၁၀၄၄ စတုရန်းမိုင်ကျယ်ဝန်းသည်။ ယင်း ဘေးမဲ့တောတွင် မှတ်တမ်းတင်ထားပြီးသော ငှက်မျိုးစိတ် ၃၇၀၊ တွားသွားသတ္တဝါ ၈၂ မျိုးတို့အား လေ့လာနိုင်ခြင်း၊ ဆောင်းကာလတွင် ဆီးနှင်းဖုံးတောင်ပေါ် သဘာဝရှုခင်း၊ သဘာဝ တောင်ပေါ်ထင်ရှူးတော၊ တောင်ဇလပ်တောများ ကို လေ့လာခံစားနိုင်ခြင်း၊ ဆီးနှင်းဖုံးတောင်ထိပ်သို့ ခြေ ကျင်တောင်တက်ခရီးရှည် သွားလာခံစားနိုင်ခြင်း၊ တော

> ပွဲတော်ပြီးလျှင်လည်း လေတိုက်ပြီး
> ပွဲကျင်းပရာ နေရာမှ
> ကျန်ရှိသော အမှိုက်များ
> လေထဲပါသွားသည်ဟု သိရသည်။

တွင်း ဖောင်စီးခရီးကြမ်း သွားလာခံစားနိုင်ခြင်း၊ ဖုန်ကန် ရာဇီဒေသ ဇီဝမျိုးစုံ မျိုးကွဲလေ့လာနိုင်ခြင်းနှင့် သုတေသန ပြုနိုင်ခြင်း၊ ဒေသခံလူမျိုးတို့၏ ဓလေ့စရိုက်တို့ကို လေ့လာ နိုင်ခြင်း စသောအခွင့်အလမ်းများ ကြည့်ရှုလေ့လာနိုင်မည် ဖြစ်သည်။

ဟူးကောင်း ကျားထိန်းသိမ်းရေးနယ်မြေသည် မြစ်ကြီးနားခရိုင်၊ တနိုင်းအနီးရှိ ဟူးကောင်းတောင်ကြားတွင် တည်ရှိပြီး ၈၄၅၂ စတုရန်းမိုင်ခန့် (စတုရန်းကီလိုမီတာ ၂၁၈၉၀) ကျယ်ဝန်း၍ ၂၀၀၃ ခုနှစ် မေလ ၁ ရက်က တည်ထောင်ခဲ့သည်။ ယင်းနယ်မြေသည် ကမ္ဘာပေါ်တွင် အကြီးဆုံး ကျားထိန်းသိမ်းရေးနယ်မြေဖြစ်ပြီး တောရိုင်းတိရစ္ဆာန်များကို ထိန်းသိမ်းထားသော နယ်မြေလည်းဖြစ်သည်။

ဟူးကောင်း ကျားထိန်းသိမ်းရေးနယ်မြေတွင် ကျားကောင်ရေ ၈၀ မှ ၁၀၀ ကျော်အထိ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ထားပြီး ကမ္ဘာပေါ်တွင် မျိုးသုဉ်းပျောက်ကွယ်လုနီးပါးရှိသည့် ရှားပါးကျားမျိုးစိတ်များ ရှိနိုင်ကြောင်း သဘာဝတောရိုင်းတိရစ္ဆာန် ကာကွယ်စောင့်ရှောက်ရေးအဖွဲ့ (Wildlife Conservation Society) ၏ ဖော်ပြချက်အရ သိရသည်။ ကမ္ဘာပေါ်တွင် ကျားကောင်ရေ ၃၅၀၀ ခန့်သာရှိပြီး မျိုးပွားနိုင်သည့် ကျားမကောင်ရေ ၁၀၀၀ ကျော် ရှိသည်။

ဟူးကောင်းတောင်ကြားသည် ၅၅၈၆ စတုရန်းမိုင်ကျယ်ဝန်းသော ချိုင့်ဝှမ်းကြီးဖြစ်၍ အရှေ့၊ အနောက်နှင့် မြောက်ဟူသော သုံးဘက်သုံးမျက်နှာ၌ ကျော်ဖြတ်ရန်ခဲယဉ်းသည့် မြင့်မားသော တောင်တန်းကြီးများဖြင့် ကာဆီးလျက်ရှိပြီး တောင်ဘက်၌မူ တောင်ကုန်းနိမ့်များရှိရာ ၄င်းဘက်မှ ဟူးကောင်းချိုင့်ဝှမ်းအတွင်းသို့ ဝင်ရောက်နိုင်သည်။ အနောက်ဘက်ရှိ ပေ ၈၀၀ ကျော်မြင့်သော ပတ်ကွိုင်တောင်တန်းသည် ချင်းတွင်းမြစ်နှင့် ဗြဟ္မပုတ္တရ (အိန္ဒိယနိုင်ငံ) မြစ်တို့၏ မြစ်လက်တက်များ မြစ်ဖျားခံရာ ရေဝေကုန်းတန်းဖြစ်သည်။ ဟူးကောင်းချိုင့်ဝှမ်း၏ အရှေ့မျက်နှာကို ကာဆီးလျက်ရှိသော ကူမွန်တောင်တန်းသည် ချင်းတွင်းမြစ်နှင့် ဧရာဝတီမြစ်တို့၏ မြစ်လက်တက်များ မြစ်ဖျားခံရာ ရေဝေကုန်းတန်းဖြစ်သည်။ ထိုချိုင့်ဝှမ်း၏ အရှေ့ဘက်နှင့် အနောက်ဘက် ရေဝေကုန်းတန်းတို့မှ ချောင်းကြီးချောင်းငယ် အသွယ်သွယ်တို့သည် ချိုင့်ဝှမ်း၏ အလယ်ဗဟိုဘက်သို့ စီးဆင်းလာရာမှ စုပေါင်းပြီးလျှင် ချင်းတွင်းမြစ်၏ အကြီးဆုံးမြစ်လက်တက်ဖြစ်သော တနိုင်းခကို ဖြစ်ပေါ်စေသည်။ ပတ်ကွိုင်တောင်၏ မြောက်ဘက် တောင်ကြားဒေသနေရာ၌ ချင်းတွင်းမြစ်ဖြစ်ပေါ်စေသော မြစ်ငယ်တစ်စင်းနှင့် ဗြဟ္မပုတ္တရမြစ်၏ မြစ်လက်တက်တစ်ခုတို့ဆုံ၍ စီးဆင်းရာ ယင်းနေရာကို ဟူးကောင်းတောင်ကြားလမ်းဟု ခေါ်ဆို၍ အာသံပြည်နယ်သို့ လမ်းပေါက်နိုင်သည်။ ထိုတောင်ကြားလမ်းကို မြန်မာနိုင်ငံ၏ အနောက်ဘက်တံခါးပေါက်ဟုလည်း ခေါ်ဆိုကြလေသည်။ ဒုတိယကမ္ဘာစစ်အတွင်း အမေရိကန်ကြည်းတပ်က တရုတ်အစိုးရအား ထောက်ပံ့ရေးပစ္စည်းများ ပို့ခဲ့သော နာမည်ကျော် လီဒိုလမ်းမကြီးသည် ဟူးကောင်းချိုင့်ဝှမ်းဒေသကိုဖြတ်၍ ဖောက်လုပ်ထားခြင်း ဖြစ်သည်။

ဟူးကောင်းချိုင့်ဝှမ်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသည် ၂၀၀၄ ခုနှစ်က စတင်တည်ထောင်ခဲ့စဉ် ဧရိယာ ၂၄၆၀ စတုရန်းမိုင်သာ ကျယ်ဝန်း၍ ၂၀၁၀ ပြည့်နှစ်တွင် ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်နှင့် ဖားကန့်မြို့နယ်တို့တွင် ဧရိယာ ၁၆၇၃ စတုရန်းမိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး နန်းယွန်းမြို့နယ်နှင့် ခန္တီးမြို့နယ်တို့တွင် ဧရိယာ ၂၅၇၅ စတုရန်းမိုင်တို့ကို ထပ်မံတိုးချဲ့တည်ထောင်ခဲ့သည်။ ယင်းဘေးမဲ့တောသည် သဘာဝအနေအထား နီးပါးတည်ရှိနေပြီး ဇီဝမျိုးစုံကြွယ်ဝသည့်အနေအထားကို လေ့လာကြည့်ရှုနိုင်ခြင်း၊ ကျား၊ ဆင် အပါအဝင် တောရိုင်းတိရစ္ဆာန်များကို လေ့လာနိုင်ခြင်း၊ တောတွင်းသို့ ဆင်စီး၍ ရည်ရှည်ခရီးသွားနိုင်ခြင်း၊ ချောင်းလက်တက်များတစ်လျှောက် လှေစီးစုန်ဆင်းခြင်း၊ ဆင်ဖြင့် လယ်ထွန်သည့်လုပ်ငန်းများ လေ့လာနိုင်ခြင်း၊ တိုင်းရင်းသားရိုးရာ နေအိမ်များတွင် တည်းခိုနေထိုင်နိုင်ခြင်း၊ နွေ၊ မိုး၊ ဆောင်းရာသီအလိုက် ပြောင်းလဲသွားသော သဘာဝရှုခင်းများအား ကြည့်ရှုခံစား

နိုင်ခြင်း၊ ဇီဝမျိုးစုံ မျိုးကွဲများ လေ့လာနိုင်ခြင်း စသော အခွင့်အလမ်းများ ရရှိလေ့လာနိုင်မည်ဖြစ်သည်။

ဟူးကောင်းဘေးမဲ့တောနယ်မြေ၌ ငှက်မျိုးစိတ် ၃၇၀ ခန့်ရှိပြီး ၎င်းတို့အနက် မျိုးသုဉ်းပျောက်ကွယ်လုနီးပါး ဖြစ်နေသည့် ဒီးဒုတ်ငှက်မျိုးရင်းဝင် ငှက်များလည်း ပါဝင်သည်။ ကမ္ဘာပေါ်ရှိ တိရစ္ဆာန်မျိုးစိတ်ပေါင်း ၁၃၀၅၀၀ ခန့်ရှိပြီး ယင်းတို့အနက် ၇၀၀၀ ခန့်ကို ဟူးကောင်းချိုင့်ဝှမ်း၌ တွေ့ရသည်။

ဟူးကောင်း တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောတွင် ကျားအပြင် ကျားသစ်၊ ဆင်၊ ဝက်ဝံ၊ တောကျွဲ၊ ပြောင်၊ ဆတ်၊ ချေ၊ တောကြောင်မျိုးစိတ်များ၊ မျောက်မျိုးစိတ်များ၊ တောဆိတ်၊ တောင်ဆိတ်အပါအဝင် နို့တိုက်သတ္တဝါ ၃၅ မျိုး၊ ဖားမျိုး ၄၆ မျိုး၊ ရေချိုငါးမျိုးစိတ် ၃၇ မျိုး၊ လိပ်မျိုးစိတ် ၄ မျိုး၊ လိပ်ပြာမျိုးစိတ် အမျိုးမျိုးအပြင် အပင်မျိုးစိတ်ပေါင်း ၁၃၅၀၀ ခန့် လေ့လာနိုင်သည်။

ဘွမ်ဖာဘွမ် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောသည် ဆွမ်ပရာဘွန်မြို့နယ်တွင်တည်ရှိပြီး ဧရိယာ ၇၁၆ စတုရန်းမိုင်ကျယ်ဝန်းသည်။ ယင်းဘေးမဲ့တောတွင် အမြဲစိမ်းတော၊ တောင်ပေါ်တော၊ ထင်းရှူးတော၊ ရေခဲတောင်ဂေဟာစနစ်တို့ကို လေ့လာနိုင်သည်။ အဓိကကာကွယ်ထိန်းသိမ်းထားသော ဆင်၊ ပြောင်၊ တောဆိတ်၊ သမင်၊ အင်းကျား၊ ခွေးအ၊ တောင်ဆိတ်၊ ကျားသစ်၊ ငှက်မျိုးများကို လေ့လာနိုင်သည်။

ထို့ပြင် မြစ်ကြီးနားမြို့မှ ၉၈ မိုင်ကွာဝေးသော ကမ္ဘာကျော် ကျောက်စိမ်းတုံးကြီးထွက်ရှိသည့် ဖားကန့်ရတနာမြေသို့ သွားနိုင်သေးသည်။ ဖားကန့်ရတနာမြေသည် ဥရုချောင်းအနီး တည်ရှိသည်။ ၂၀၀၀ ပြည့်နှစ် ဇူလိုင်လ အလျားပေ ၇၀၊ အနံ ၁၆ ပေ၊ အမြင့်ပေ ၃၀ ရှိပြီး တန်ချိန် ၃၀၀၀ အလေးချိန်ရှိသော ကျောက်စိမ်းတုံးကြီးကို နမ့်မော်ရွာ တောင်ဘက်သုံးဖာလုံအကွာ ရေကြည်ချောင်းအနီးမှ တူးဖော်ရရှိခဲ့သည်။

မြစ်ကြီးနားမြို့မှ ၁၀၆ မိုင်ကွာဝေးသော မိုးညှင်းမြို့နယ်တွင် ကချင်ပြည်နယ်၏ အထင်ကရစေတီတော်ဖြစ်သည့် ရွှေမဉ္ဇူရေလယ်ဘုရားကို သွားရောက်ဖူးမြော်နိုင်သည်။ ရွှေမဉ္ဇူဘုရားသည် အင်းတော်ကြီးကန်၏ အနောက်ဘက်ကမ်းခြေမှ ပေ ၁၅၀၀ အကွာ လင်းလုံသဲသောင်စွယ်ပေါ်တွင် ကိန်းဝပ်စံပယ်တော်မူသည်။ ယခုအခါ ဉာဏ်တော်အမြင့်ပေ ၅၀၊ ဖိနပ်တော် ၃၉ ပေ ၁၀ လက်မရှိသည်။ စေတီတော်၏ ပစ္စယံအဆင့်ဆင့်တွင် မုခ်ဦးငယ်များ တည်ဆောက်ထားပြီး ကျောက်ဆင်းတုတော်များ စံပယ်တော်မူလျက်ရှိသည်။ အရန်စေတီငယ်ပေါင်း ၁၅၂ ဆူကိုလည်း တည်ထားသည်။ ဘုရားပွဲတော်ကို နှစ်စဉ် တပေါင်းလဆန်း ၈ ရက်မှ လပြည့်အထိ ကျင်းပလေ့ရှိသည်။ ဘုရားပွဲတော်ကျင်းပချိန် နီးကပ်လာလျှင် သဲလမ်းမကြီးနှစ်လမ်း ပေါ်လာတတ်သည်။ ဘုရားပွဲပြီးသည့်အခါ သဲလမ်းများ ရေထဲပြန်မြုပ်သွားတတ်သည်။ ပွဲတော်ပြီးလျှင်လည်း လေတိုက်ပြီး ပွဲကျင်းပရာနေရာမှ ကျန်ရှိသောအမှိုက်များ လေထဲပါသွားသည်ဟု သိရသည်။

ရွှေမဉ္ဇူဘုရားတည်ရှိသည့် အင်းတော်ကြီးကန်သည် အရှေ့တောင်အာရှတွင် အကြီးဆုံး ရမ်ဆာရေဝပ်ဒေသကြီးဖြစ်ပြီး အာဆီယံအမွေအနှစ် ဥယျာဉ်တစ်ခုဖြစ်သည့်အပြင် မြန်မာနိုင်ငံ၏ ဒုတိယမြောက် ဇီဝအဝန်းနယ်မြေတစ်ခုလည်း ဖြစ်သည်။ အင်းတော်ကြီးတွင် သမိုင်းဝင်ရေလယ်ရွှေမဉ္ဇူဘုရားကို ဖူးမြော်ခြင်း၊ ရေဝပ်ဒေသ ဂေဟာစနစ်လေ့လာနိုင်ခြင်း၊ ဆင်၊ စက်လှေ၊ မီရီးဖလာလှော်ခတ်သည့်လှေ၊ သမ္ဗန်တို့ဖြင့် ရေပျော်ငှက်၊ ဆောင်းခိုငှက်များကို လေ့လာကြည့်ရှုနိုင်ခြင်း၊ ယဉ်ကျေးမှုအမွေအနှစ်အဖြစ် ဒေသသစ်သားတိုင်ရှည်ကြီးများဖြင့် ဆောက်လုပ်ထားသော နန့်မီးလောင်ဘုန်းတော်ကြီးကျောင်း၊ လုံးစန့်ကျေးရွာရှိ ရှေးဟောင်းဘုရားများ၊ ဒေသသမိုင်းအဆိုအရ လွဲမွန်မုဆိုးမခြေရာ၊ နတ်နန်း၊ လုံးတုံ၊ မိုင်းနောင်၊ နန့်မီးလောင်ကျေးရွာများမှ မီရီးဖလာ လက်မှုပညာရပ်အဖြစ် နီး၊ ကြိမ်၊ သင်ဖြူးဖျာရက်လုပ်ခြင်းနှင့် ဂျပ်ခုတ်လက်ယက်ကန်း၊ နန့်ဗဒဲကျေးရွာမှ ဝါးခွက်၊ ဝါးယပ်တောင်လုပ်ငန်း၊ ဟဲဗန်ကျေးရွာမှ ဘူးခါးသီးဖြင့် ပြုလုပ်သည့် ဘူးခါးခွက် အသုံးအဆောင်မျိုးစုံကို ကြည့်ရှုလေ့လာနိုင်မည်ဖြစ်သည့်အပြင် သဘာဝပေါက်သစ်ပင်မျိုးစုံ၊ ကုန်းနေရေနေ တွားသွားသတ္တဝါ မျိုးစိတ်မျိုးကွဲများ၊ သစ်ခွများ၊ လိပ်ပြာများ၊ အင်းဆက်များ၊ ငါးမျိုးစိတ်များကိုလည်း လေ့လာနိုင်မည် ဖြစ်သည်။

စိုးစိုးနိုင် (ကြေးမုံ)




# ဒေါင်းပြောက် နားရွက်တဖက်နှင့် ပုဆိုးတက်ချော် သုံးကောင်

မင်းသုခ
(ဂျိုးဖြူ)

ဒေတခါတော့ မောင်သာစိန်တယောက် ရွာကို ကမ္ဘာလောက်မာန်ပါ ပစ်ချင်လခထော။ ဆရာကြီးကို မခြီလိုရာတခု အာဂန္တုကိုပါ အားမနာ လုပ်ပစ်ရာကျစွာက တချက်ဆိုကေ ရွာနာမပျက်လီဖို့စွာမလားချင့်။

ယင်းနိက မောင်သာစိန်နန့် ဆရာကြီး တကုတိုးတည်း ကူးလာကတ်စွာ။ အာဂန္တုပါမှန်း သတိက မကျပ်မိလိုက်။ မွန်းစောင်းအလှည့်ဆိုခါ လူတိကျိုကျက်သတ် များပါလေ။ မူစံကမ်းတကျွန်းလုံးက ထိုရွာ ဒေရွာ ယောကျ်ား မမှ အချေအငယ် ဝန်ဆန်အထုတ်အပိုးပေါင်းစုံ ထွီးပနာ စီးကတ်ရစွာပါကို။

မောင်သာစိန်အိမ်ရောက်လို့ ရီမိုးချိုး ထမင်းစား တနားတဖွေ အိပ်ပစ်သီယင့်။ ပျင်းစိပျင်းစရာ သန်းနီသန်း နာ ရွာဇရပ်မှာ တနားထိုင်ပြောနီခီမေလို့ ထွက်ပါလတ်ခါ နိခင်းနှစ်ချက် ကျော်နီယာ။

ဇရပ်မှာ ကောင်းလူတိတ်ပါကာ လိုတော့မှတ်ယင့်။ အနားရောက်လားမှာ လူနှစ်ယောက် အထုတ်ချေ တထုတ် ဘေးမှာချပနာ ပက်လက်ကြီး စင်းနီကတ်ထော။

"ယာ ဆရာကြီးပါကာ" လို့ နှုတ်ဆက်လိုက်မှာ "အေးဝေ မောင်သာစိန် ငါ့ယောက္ခ စစ်တွေ တက္ကသိုလ်က ပါမောက္ခဒေ လည်ဖို့ လိုက်ချင်လို့ ခေါ်ယူခကား" လို့ ဆရာကြီးက ဖြုန်းနှင့်ပင် ထပနာပြောပါဒေ။

"ယေကေ ဆရာကြီးမှာ ဒေမှာရာ လဲနီကတ်ပါကာ ဆရာတော်ကျောင်းကို မရောက်ခိပါသိလား" လို့ မိန်းဖြစ်ခါ

"ရောက်ခိရေဝေ ဆရာတော် ဆွမ်းစားပြီး လခဗျယ်ဆိုခါ ကျောင်းသားချေတီလဲ့ အားလုံးသိမ်းလခကတ်ဗျယ်ဖြစ်လို့ အားနာပနာ မပြောခဗျယ် ရွာထဲဝင်ပါလတ်စွာမှာလဲ့ ဇရပ်နားကို ငါသိရေလူတိမရောက်ကတ်ကာဝေ" ဆရာကြီးအသံက ဝမ်းညင်ရုံမက ယောက္ခသည်ကို မျက်နှာပူသံစွက်နီရေ။

"အဘာလေး ဆရာကြီးယကေ ဂုထိမိုးထ ထမင်းမစားကတ်ရ သိပါမလားယေ သိပါမလားဂု ကျွန်တော့်အိမ်လိုက်လတ်ပါဖိ ဟိစွာနန့်ခန့် ထမင်းစားရပါ ဖို့နှင့်ရာ" လို့ မောင်သာစိန် ခေါ်ယူခရစွာမျိုး။

စားပြီးသောက်ပြီးခါ ညဇာလေးချက်က ကျော်လခယာ။ ပါမောက္ခကြီးခများ တည်ခိုအိပ်လိုက်လာစွာ ကုတိုးမှီကေအေနီ ပြန်ချင်ရေလို့ချည်း တတွတ်တွတ် ပြောနီလို့ ကုတိုးဆိပ္ပက် မောင်သာစိန် လိုက်ပို့ပစ်ခီရ သိစွာ ပြောပင်မပြောချင်ပါယာဒေ။

ဆရာကြီး နန့်ဒေရွာနန့်ကလဲ့ ဝတ္ထုတပုဒ်ရာမနားချင့်။ ခါတိုင်းဆိုကေ ရွာဇရပ်မှာ လူပွဲရေလို့ကမဟိ။ ဝါကြီးဆာကြီး အချေအငယ် သုံးလေးယောက်ခန့် ဟိဖို့နှင့် ရာကာ။

ဆရာကြီးကိုမြင်ပနာ အထာနန့် ယောင်ခံတွင်း လူသူကင်းလို့ယှင်းလို့ သမီးယောက်ဖနစ်ယောက်တည်း နောက်ဆုံးခါ ဝမ်းဆာဆာနန့် ကြသောင်းပိုင်း ခေါင်းအုံး ပနာစင်းနီဖို့ ကျလားခစွာဟိလိပါဖို့။

ဆရာကြီးက တနလာရောက်သောကြာပြန်ပနာ ကျောင်းတက်ပါရေ။ ဆရာကြီးက ရန်ကုန်ရခိုင်ဆိုခါ ဒေပိုင်ရွာချေကအိမ်တီမှာ နီဖို့မတတ်ပါပေ။ ဆရာကြီး အိမ်သျှင်မရို့ကလဲ့ စစ်တွေမြို့သမအစစ်တီဆိုခါ ဒေပိုင်က မနီဖူးကတ်ပါမင်း။ တိုက်တာအိမ်ကြီး ရာသန်မဟုတ်တောင် စပါယ်ရှယ်နီလာသူတီဆိုခါ ဆရာကြီးကို ရာထူးတက်လို့တခုရာ ကျွန်းမှာ ကျစွာကို သနားနီကတ်တေလို့ ဒေသနာကြားထားသူပါ။ ဆယ်ခါတခါတော့ ကြားကျို ကြားကျပ် မြို့ပြန်ပါကား။

အရာဆရာ ဆရာမတိပိုင် ရွာထဲမှာတော့မနီပါ။ ဆရာတော်ကျောင်းမှာ စီနီပါရေ။ ရွာကြီးဆိုခါ ဆွမ်းကွမ်းကဖုံလုံပြီးသားပါရာ။ ဆရာကြီးမှာ မိုးထထမင်းက ပုံသီကျကေလဲ့ ညစာထမင်းကတော့ ကျောင်းသား ချေတိနန့်အခြင်းတစီစီ ရွာမှာပြန်နီတတ်ပါရေ။

"ငါက ဆရာတော်ကျောင်းမှာ အလကားမစား။ ကျောင်းဝေယျာဝိစ္စကုသိုလ်ရအောင်လဲ့ လုပ်တေ။ တလမှာ လူပုံလွှက်ခြောက် ငါးမူးတန်လေးထုတ်စီ ဆရာတော်ကိုကပ်တေ မှတ်ထား" လို့ ပြောတတ်စွာတိကအစ နှုတ်ကျက်ရကတ်တေ။

တခါတရီ တပည့်ချေတိကို ခေါ်ပနာ

"အဝေး ဆရာကြီးမှာ ပုစွန်တက်ချေ တပွါဝယ်လိုက်တေကား မင်းရို့အိမ်မှာ တချက်လော့ပစ်ခီနမ်း ဆရာကြီးက ဆီချေနန့်လော့မှ ကြိုက်ခါ မင်းရို့အိမ်က နနွင်းနန့်ဆီတပေါက်ချေထည့်လော့လိုက်နမ်း အားလုံး ၁၆ ကောင်ယေဝေး ဆရာကြီးမှာ မိုးထရှစ်ကောင် ညရှစ်ကောင် စားဖို့စွာယေချင့်"

ကက်ဆတ်တိတ်ခွေက ဇာတ်ဝင်စကားပိုင် သံနီသံထားတပနာ တသွေမတိန်းပြောတတ်တေ တပည့်တိရွာမှာမကန်။

ဆရာတိကသာသိယင့်။ အစည်းဝေးလို့ကြားဖို့မရ။ ငြို့ဆရာကြီး အစည်းဝေးမျိုးလားဆို ကေ အကြောင်း သိတိက ဟားကတ်ယာ။ တခုခု မပြီးမပြတ် ဆုံးဖြတ်ချက်မကျနိုင်ရေ အစည်းဝေးမျိုးဆိုက ဆရာကြီး ဥပမာ ဇာပိုင်ခေတ်စားမှန်းမသိ။ ငြို့ဆရာကြီးပိုင် ပျင်ပလိုက်ကေ ပြတ်ယာယေနှင့်ပင် အကြောဖြီကတ်တေ။

တရက်နီ ညဇာကျောင်းလွှတ်လို့ နီဝင်ဒရွး ကျနီယာ။ ချက်ချိန်ပြုတ်ချိန် စားဖို့ပျင်ကတ်ချိန်ကျနီယာ။ ကျောင်းသားတိက ဆရာ ဆရာမတိအိမ်ကို ပတ်ပနာ ဆရာကြီး အစည်းဝေးခေါ်ပါရေ အားလုံး သူ့အဂုချက်ချင်းလာလတ်ကတ်ပါလတ်ဆိုကေ။

အုး ဇာအရေးကြီးက မသိဆိုပနာ ရွာထဲက မိုင်ဝက်လောက်ဝီးရေ ကျောင်းကို အသီးသီး ချတောက်လက်ခတ် လားကတ်ရယာကားယေ။ အစည်းဝေးခန်းမှာ လူစုံကေ ဆရာကြီးက အယင်ဆုံး ထပြောယာ မနားယေ။

"ငါ ရသေ့တောင်ကို လခ ထုတ်ဖို့ လားခီနိကလေ လူတိက ပြောလိုက်ထော" တချက်ချေစကားကို ဖြတ်ပနာ ဆရာနှစ်ယောက်ကို တလှည့်စီ လက်ညှိုးထိုးယင်း …

"ဒေဆရာချေလေ ဂျပန်ကပီးရေ တက်ထရွန်ချာတိကို အပြင်မှာ ဖြတ်ရောင်းစားရေလို့ ဒေဆရာက ပြောရေလတ်"

လက်ညှိုးခံရရေ ဆရာနှစ်ယောက်ဂျိဝိဂျိဝါ မောသီ မောသတ်ဖြစ်နီတုန်းသိ ဆရာကြီး စကားဆက်ယူလခရေ။

"ငါ ကြားခအတိုင်း ပြောပြီးဗျယ်နှမ်း။ ဆရာရှိမှာ နှစ်ယောက်ရှိဆိုင်ယှင်းကတ်။ မကျေနပ်ကေ ထသတ်ကတ်။ ငါနန့်တော့ မဆိုင်ဗျယ်ကား။ ငါ့စကားလဲ့ဆုံးဗျယ်။ အစည်းဝေးလဲ ပြီးဗျယ်ယေ။ ငါပြန်မယ်" ဆိုပနာ ကျောင်းကဆင်းတုတ်လခကေ၊ ကျန်လိုက်တေ ဆရာ ဆရာမတိမှာရာ။

"အဘာလေ ဒေပိုင်အစည်းအဝေးလဲ့ဟိထောနှမ်း။ မိုက်မိုက်စမ်းစမ်း ရွာထဲပြန်ရဖို့စွာကိုပင် ရင်ဆာတွင်း ဝမ်းဆာစွာပျောက်ကျဒေ" လို့ ကျီရောင်ဘာရောင် မာန်ကြီးဆန်ကြီးပါယင်း နောင်ခါမှ ရယ်ပွဲဖွဲ့ကိုးကားလခ ကတ်စွာပါ။

မြို့က ရွာကို ကျောင်းတက်လာရေ ခရီးစဉ်မှာလဲ့ ဆရာကြီးက ဂန္ထဝင်ဇာတ်လိုက်ကျော်ပါယာ။ ယင်းအချိန်က စစ်တွေပါဒလိပ်ကား ကယှားတုန်းပါ။ ဆရာ ဆရာမတိစုပနာ ဖယ်ရီသဘောမျိုး စီးလို့မရ။ တခြားခရီးသည် ငါးတောင်း ဟင်းတောင်း ဆီပုံးမကျန် အခေါင်ထက်မှာ ထိဘောင်းလန်အောင် ဖျစ်ညှစ်စီးကတ်ရချိန်ပါလေ။

ဆရာကြီး ဝီရိယထူစွာ တစ်ယောက်လဲ့ လိုက်မမီ။ အမြဲတမ်းထိပ်ဆုံးနီရာကို ဦးထားတတ်တေ။ ခက်စွာက မိုးကြီးနိမှာဆိုကေ ဒယောအဆွီးမခံနိုင်ဆိုပနာ။ ဆာစပန်ဒါဘောင်းဘီတလုံးတည်းဝတ်ပနာ မိုးကာချုပ်လို့စီးတတ်စွာမှာတခါ နီရာကျယ်အောင် ပေါင်ကားပစ်စွာနန့် ဆရာမတိ ကျွီးကတ်ယာမနားယေ။

ပါဒလိပ်ဆရာမကြီးက သူငယ်ချင်း အရင်းခေါက်ခေါက်ဆိုခါ "ဟိုင်းဆရာကြီး ပေါင်စီ ပေါင်စီ ဒေလောက်ကျပ်စွာမှာတခါ နင်ပေါင်ကားထိုင်လို့ရဖို့လား။ ငြိုနန့်တက်တေနီခန့် ဒယောတချက်ဝတ်ပါဟယ်" လို့ ဇာပိုင်ပင်ပြောပြောမရခ။

"ထိုဆရာကြီးပိုင် ဆာစပန်ဒါနန့် ပေါင်ကားမထိုင်ကေ့နှမ်းဆိုရေစကား" မော်တော်ကားလောကမှာ တွင်ကျန်လိထော။

အကြောင်းသိ တဆင့်သိတိ ဆရာကြီးအကြောင်း စကားဆိုက်ကျကတ်ကေ။ တက္ကသိုလ်မှာ အတူတက် ဖက်တိက တယောက်တမျိုး ဝင်စွက်ကတ်ပြန်ပါရေ။ ယင်းသူကဝေ အချေကပင်မော့တိမော့ကား ပြုံးသိပြုံးသွင် ချစ်ကောင်းထမှန်းချေ။ တစ်ယောက်နန့်လဲ့ အရောတဝင် မပေါင်း။ စာသင်ခန်းနောက်ဆုံးခုံမှာ စီထိုင်ဖို့ ပဲစိပဲလှော် ကန်တော့ တတထုတ်ကိုင်လို့ မွားပနာလတ်ချာလိုက်တေ။ တက္ကသိုလ်ထဲက လမ်းတကာမှာ လားနီကေတောင် ဇီးသီးတကတော့ကိုင်ပနာ စားလားနီစွာ မြင်နီကားဆိုပါယင့်။

ပွဲတိပြင်တိအခန်းအနားတိမှာ ဇာပင်ကျွေးကျွေး ယင်းဆရာကြီး ပစ်ပစ်နှိုက်နှိုက် ခြိုခြိုင်ငံ ပျော်ပျော်ရွှင်ရွှင် စားတတ်ပုံကို မောင်သာစိန်ရို့ စာပီးစာယူတက်ခါရက်ပြတ် မြင်ဖူးပါယင့်။

အကြောင်းကျလို့ တခါတရီ ဆရာအိမ်ကို ရောက်ဖူးရေမမှာ့ချေတီဆိုကေ စိစိပေါက်ပေါက် မြင်တတ်ကတ်တေ။ ကွမ်းသီးခိုင် အရိုးတိကို နီပူလှမ်းပနာ အပြက်လိုက်ထပ်လို့ ထင်းဆိုက်ဖို့လုပ်ထားစွာ ဇာပိုင်စနစ်ကျချင့်။ ဒေပိုင် စိစိကုတ်ကုတ်ဖြစ်လို့ တဘဝလုံး လခစားဘဝတိနန့် ရွှေငွေအပြည့် ဖုံဖုံလုံလုံ နီနိုင်ကတ်စွာ မနားလို့ အားကျကတ်သူတိ ဟိပါထော။

ဆရာကြီးက ဘာသာရေးလဲ့ ကိုင်းရှိုင်းတတ်တေခါ ကုသိုလ်ဒါနမှုတိလဲ့တသီးတသန့် တကူးတကန်လဲ့ လုပ်တတ်ပါဒေ။

စစ်တွေမြို့မှာ ရဟန်းသံဃာများရေကျောင်းတိကို လှည့်ပနာ ပတ်စဉ်လားလို့ သောက်ရီသုံးရီဖြည့်ရေ၊ ခြံတိဝင်းတိယှင်းရေ၊ လုပ်အားဒါနဆိုစွာ ဖေးသာမကုန်ဘဲ ကုသိုလ်တိအများကြီးရရေမှတ်ထားလို့ ကြုံတိုင်း ယှင်းပြတတ်စွာကို ကြားဖူးလူတိ များမှများပါယေ။

ရွာကို မခြီတတ်တေ ဆရာကြီးရေ မကြာခင် အထက်တန်းကျောင်းအုပ်ရာထူးနန့် နယ်စပ်မြို့ချေတခုကို ရောက်လခရေ။ မဝတ အတွင်းရေးမှူးနန့် ဆရာမလင်မယား တပည့်တိကိုလားတွီခါ ပျော်ပါ့။ လူကြီးချင်းထိုမှာဒေမှာ တွီကတ်ဆုံကတ်ရယာကားယေ။

မိုးထ လမ်းလျှောက်လားယင်းနန့်စီ တပည့်လင်မယားကို မြို့ထဲက

နာမကြေးမုန့်ဟင်းခါးဆိုင်မှာ တွေ့နိုင်ရခါ ဆရာကြီး ဘဝင်မကျချင်။ တခုခု ပြောပစ်ဖို့ လျှာယားနိုင်ရေ။

တရက်နိ ဈေးပြယ်ပြယ်ပင်း ခါမှ "အဝေး အတွင်းရေးမှူး မင်းရှိလင်မယားကို ထိုမုန့်ဟင်းခါးဆိုင်မှာ တွေ့ကေစီ ငါပြောလို့ မကောင်းလို့ကား။ ယင်းဆိုင်ကောင်းခက်တေဝေး။ ခွက်လဲ့အငယ့်ချေ မုန့်ဟင်းခါး တပွဲ သုံးပြားကျရေမလား။

ငါက နီတိုင်းလေးမိုင်မှာ လားစားရေမှတ်ထား။ အကျော်နန့်မုန့်ဖတ် အများကြီး ခွက်လဲ့အကြီးမသန် တပွဲမှနစ်ပြား တခွက်ဆိုကေ ဝမ်းတင်းဗျယ် ယင်းမှာလားစား ကတ်ပလင် မင်းရှိလင်မယား။ မင်းရှိမှာကားလဲ့ ရထားစွာမလား" လို့ အကြံပြုသြဝါဒချေပစ်တေ။

မဝတအတွင်းရေးမှူး လင်မယားခမျာ မုန့်ဟင်းခါးစားတိုင်း ဆရာကြီးစကားကြားမိပနာ ကလိန့်မသီးရှံ တမယ် ဖြစ်ကျလတ်။

အရပ်စကား မစားတတ်မစား ဝှံသူတိအကြောင်း ပြောကတ်ရာမှာ မြို့ရှိနှမအကြောင့် ထည့်ပြောကတ်တေ။

ဒေါင်းပြောက်ချေတထပ် စားပစ်ချင်လို့ ရွာနားကချောင်းကို ဆင်းပနာတနားနိုက်ပစ်ခီကေ။ တချက်ချေနန့် တတန်းသိန်ရပါ လတ်ယာမနားယေ။ ဆားချေတဆုပ်ထည့်ပနာလှုပ်လို့ ဆီးခွံအုပ်ချေကို မြီအိုးပီချင်ချေမှာထည့် ငြုတ်ခြောက်မညက်တညက် ကြက်သွန်မပွတ်တပွက် နနွင်းဝဝင်း ချဉ်ပေါင်ပေါက်ချက် နှံးထထွီးအုပ် ကေထုတ်ဖီ။ ဒေါင်းပြောက်ချေအိုးကပ် ခေါက်လို့ချေမြင်စွာ နန့်လျှာရည်ကျ ထမင်းတလောင်ပွန်း မောက်မောက်ခူးပနာ အားရပါးရ စားပစ်လိုက်စွာ ဒေါင်းပြောက်နားရွက် တဖက်ကုန်ပါလားရေဆိုယင့်။

ဦးရွှေဘော်မိကတော့ ကိုယ်တိုင်ရင်းဒွန်းထိုးရေ ပုစွန်တက်ချေ တလှော်နန့် ထမင်းစားပစ်စွာ သုံးကောင်တောင် စားပစ်လတ်ထော။

ဆရာကြီးရေ စည်းစနစ်ကျစွာလာ ကပ်စီးနဲ့စွာလာလို့ ဝေဖန်မှုမပါဘဲကို အယင့်အယင် ဂန္တဝင်တိနန့် လက်ဆင့်ကမ်းကတ်စွာ တယောက်တမျိုး စုံရေ။ စုံရေ။

ခေမာဝံသဆရာတော် ပြောပိုင်မြင်ရဖို့သိ ဒေဆရာကြီးလို့ တခါတရီ ခနဲ့ကတ်တေ။

ဒကာတယောက် ဖနပ်ကို ဘယ်ညာမှားစီးထားစွာမြင်ခါ "အကိုးဒကာကြီး ဖနပ်မှားစီးထားကာ" လို့ ပြောခီမှာ "တဖက်တည်းအမှန်ကိုစီးကေ ပွန်းလို့ပြောင်းစီးစွာပါဘုရား" ကိုယ်တိုင်ကြားရေနားကိုတောင် ဆရာတော်က သံသယဝင်လာခရေဆိုပါယင့်။

အစားအသောက်နန့် ဆက်စပ်ကေ ရှိနီကိုခင်မောင်လွင်စီ ပြောပါကား။ ဘာသာခြား လူမျိုးခြားနန့် ပတ်သက်ကေ တောက်တောက်ခါးခါး တယောက်ကိုလဲ့ မထားရေ ရခိုင်မြို့ချေတခုမှာ ကုလားဆရာကြီး တယောက်ကို ချွင်းချက်ထား ပနာ လက်ခံပြီးကေ လေးစားကတ်ပါလတ်။

တရက် မြို့မှာ မော်တော်ဘုတ်ကော်မတီတခုဖွဲ့ဖို့ ကျကတ်ခါ ဆရာကြီးက ရခိုင်သားတိနန့်ဖွဲ့လို့ အောင်မြင်ဖို့မဟုတ် မူဆလင်တိနန့်ဖွဲ့မှ ကောင်းဖို့လို့ စကားစပြောပစ်ကေ။ ရခိုင်သားတိရေ "ယော် ဆရာကြီးလို့ လေးစားပနာထားခစွာ အလုပလဘားဝနားဒေနှောင်း" လို့ ဝမ်းထဲကမြဲပြောင်းဆူနီကတ်တုန်း။ ကုလားဆရာကြီးက စကားဆက်ပြောရေ။

"ဇာဖြစ်လို့လဲဆိုကေ ကျနော်ရို့မူဆလင်တိက ဝက်သားမစားမဟုတ်ပါလား။ ရခိုင်သားတိက ဝက်သားစားရေလူတိဆိုခါ တချက်ဆိုကေ ဘုတ်မှာ ဝက်အူပင်ကျန်ဖို့လားကြောင့်ကြပါထော"

ရခိုင်သားတိ တသောသောတသောင်းသောင်း ရယ်မဆုံးကျကတ်တေ။

နယ်စပ်မြို့ရောက် ရန်ကုန်သားရခိုင်ဆရာကြီးရေ နှစ်နှစ်မကြာစစ်တွေမှာ တိုက်အိမ်ချေတစ်လုံး ဆောက်တေ။

မိသားစုတိအယင်ထက် ပြိုးပြိုးပြက်ပြက် ဝတ်စားလာနိုင်စွာတော့ အားလုံးမြင်သာ ထင်သာဆိုပါဖိ။ တစ်သက်လုံး စီစီကုတ်ကုတ် စားသောက်နီထိုင်လာသူတိဆိုခါ မုဒိတာပန်းတိလန်းလို့ ကြိုင်လို့ပါဘိ။

မကြာခင် ဆရာကြီး ရုတ်တရက် အလုပ်ပြုတ်လာခပါရေ။

ကျောင်းကို စားပစ်လို့မနားယေဆိုပနာ စကားဆန်းဆန်း တီထွင်ပါလတ်စွာ တခုကတော့ မောင်သာစိန်ရှိရွာကျောင်းမှာ ကျနီတုန်းက ဆီချေတစက်ထည့်ခိုင်းလို့ လှော်ခိုင်းခရေ ပုစွန်တက်ချေ ဆယ့်ခြောက်ကောင် တပွာခမျာ နဖူးပြက်ပြက်ခပ်ပနာ ဖြောက်ဖြောက်ထခုန်မိလီဖို့လား မဆိုပါနိုင်။ ။

ပွံ့သုခင် (ရခိုင်ပြည်)



ဝတ္ထုရှည် စဆုံး

# ဆုဖန်ကလျာ

## ညမင်းအိမ်

(၁)

"ပထထိုင်း ခေါချင်း ဖရာ့ဆုဖန်ကလျာ" ထိုင်းအမျိုးသမီးကြီးတစ်ဦးက လက်အုပ်ချီမိုး၍ ထိုင်းစကားဖြင့် တိုင်တည်ရွတ်ဆိုနေခြင်းဖြစ်ပါသည်။ အမျိုးသမီးကြီး၏ အသက်သည်



ခြောက်ဆယ်ကျော်လောက်ရှိပြီး ဝိညာဉ်များခေါ်ရာတွင် မော်အစွမ်းထက်သော မယ်တော်ကြီးတစ်ပါးဖြစ်သည်။ သူရွတ်ဆိုတိုင်တည်နေသည်မှာ -

"ဆုဖန်ကလျာမင်းသမီး ထိုင်းနိုင်ငံသို့ ကြွရောက်တော်မူပါဘုရား" ဟု ထိုင်းဘာသာဖြင့် ကျွန်မကို ထိုင်းနိုင်ငံသို့ ပင့်ဖိတ်နေခြင်းဖြစ်ပါသည်။

ထိုင်းနိုင်ငံသားတို့သည် နှစ်ပေါင်းလေးရာကျော်ကြာမှ ယခုကဲ့သို့ ကျွန်မကို တရိုတသေ ဖိတ်ခေါ်နေသည်မှာ အံ့သြစရာပင်ဖြစ်သည်။ ကျွန်မစံမြန်းရာ ဟံသာဝတီဆင်ဖြူများသခင် ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဂီနန်းတော်ကြီးရှိ ကျွန်မနေထိုင်သော အဆောင်တော်ရှေ့တွင် လာရောက်ပင့်ဖိတ်နေခြင်းကလည်း ထူးခြားမှုတစ်ခုပင်ဖြစ်သည်။ ဝိညာဉ်ခေါ်မယ်တော်ကြီးက ဆက်၍နှုတ်က ရွတ်ဆိုပင့်ဖိတ်နေပြန်သည်။

အချိန်က တန်ဆောင်မုန်းလပြည့်နေ့ အရုဏ်တက်ချိန် ဖြစ်သည်။ ကျွန်မအား ပင့်ဖိတ်သံကြားသဖြင့် အဆောင်ရှေ့သို့ ကျွန်မထွက်ကြည့်၏။ သူမ၏အနီးအနား၌ ထိုင်းလူမျိုးယောက်ျား၊ မိန်းမ အယောက်နှစ်ဆယ်

ကျွန်မ၏ နှလုံးသားထဲက
လှုပ်ခတ်နေသော
ဝမ်းသာပီတိသုခနှင့်အတူ
မေတ္တာဓာတ်တို့သည်လည်း
မွန်တို့၏ဒေသမှသည်
ထိုင်းနိုင်ငံ တလျှံတဖျားသို့တိုင်
ပျံ့လွှင့်လွှမ်းမိုးသွားပါတော့သည်။

ခန့်ရှိသည်။ ဝိညာဉ်ခေါ်မယ်တော်ကြီး ရှေ့ရှိ စားပွဲပေါ်တွင် ငှက်ပျောပွဲ၊ အုန်းပွဲများပြင်ထားပြီး အမွေးတိုင်များ ထွန်းညှိထား၏။ ဖယောင်းတိုင် အလင်းများ၊ အမွှေးတိုင်ရနံ့များနှင့် ပင့်ဖိတ်ရွတ်ဖတ်သံတို့သည် ကျွန်မ၏ နှလုံးသည်းပွက်အား လှုပ်နိုးနေသကဲ့သို့ ခံစားနေရသည်။

ဝိညာဉ်ခေါ်မယ်တော်ကြီး၏ ရွတ်ဖတ်ပင့်ဖိတ်မှုသည် မပြီးသေး -

"ယိုးဒယားနိုင်ငံ အယုဒ္ဓယမြို့တော်ပိုင်နက် ဖိစနုလို့မြို့ အရှင်သခင်ဘုရင်မင်းမြတ် ဖရာ့စုဓမ္မရာချာဖိစနုရဲ့ သမီးတော်ဖြစ်တော်မူသော ဖရာ့ကျန်ထလျာ ခေါ် ဆုဖန်ကလျာမင်းသမီးဟာ မိမိဘဝတစ်လျှောက်လုံး စိတ်နှလုံးဆင်းရဲနာကျင်မှု၊ စွန့်လွှတ်အနစ်နာခံမှု၊ သည်းခံမှုနှင့် မေတ္တာကြီးမားမှုများဖြင့် ထိုင်းလူမျိုးများ၏ အကျိုး၊ အမိနိုင်ငံတော်လွတ်မြောက်မှုအတွက် အသက်ကိုပေး၍ ကိုယ်ကျိုးစွန့် အနစ်နာခံပေးဆပ်ခဲ့သော တိုင်းပြည်ကို ကယ်တင်သူ အမျိုးသမီး သူရဲကောင်းတစ်ပါး ဖြစ်ပါတယ်။ မင်းသမီးရဲ့ မိုးမြေမက ကြီးမားသော ကျေးဇူးတော်သည် ထိုင်းနိုင်ငံနှင့် ထိုင်းလူမျိုးတို့အပေါ်တွင် ဖုံးလွှမ်းနေဆဲဖြစ်ပါတယ်"

ဝိညာဉ်ခေါ် မယ်တော်ကြီးသည် အမွှေးတိုင်များကို စုစည်း၍ကိုင်ကာ လက်အုပ်ချီလျက် ဆက်၍ လျှောက်တင်နေပါသည်။

"ခတ္တိယအနွယ်ဝင် မင်းသမီး ဆုဖန်ကလျာ အရှင်မဘုရား … မင်းသမီးအား ထိုင်းနိုင်ငံ ပြည်သူပြည်သားများက ပူဇော်ကိုးကွယ်လိုပါသဖြင့် ကျွန်မတို့နှင့်အတူ ထိုင်းနိုင်ငံသို့ ကြွရောက်ပါရန် လေးမြတ်ရိုသေစွာ ပင့်ဖိတ်ပါသည်ဘုရား…"

ဝိညာဉ်ခေါ်မယ်တော်ကြီး၏ ပင့်ဖိတ်မှုဆုံးသည်နှင့် ကျွန်မ၏ရင်ထဲ အမိမြေကို သတိရတမ်းတစိတ်နှင့်အတူ ဝမ်းသာပီတိခံစားရပါသည်။ ကျွန်မလည်း ထိုင်းနိုင်ငံနှင့် ထိုင်းပြည်သူများကို တွေ့လိုမြင်လိုပါသည်။ ယခုလို အနှစ်လေးရာကျော်ကြာသောအခါတွင် ကျွန်မအကြောင်းကို ထိုင်းနိုင်ငံက ပြည်သူတို့ သိကြပြီး၊ ကျွန်မကို အလေးဂရုပြုကြ၊ ကျွန်မကို မေ့မထားကြ၊ ပစ်ပယ်ဂရုမစိုက် မလုပ်ကြတော့သဖြင့် ကျွန်မ ဝမ်းသာရပါသည်။ ကျွန်မသည် ဝမ်းသာလွန်းလို့ မျက်ရည်များပင် လည်လာပါသည်။ ကျွန်မ၏ နှလုံးသားထဲက လှုပ်ခတ်နေသော ဝမ်းသာပီတိသုခနှင့်အတူ မေတ္တာဓာတ်တို့သည်လည်း မွန်တို့၏ဒေသမှသည် ထိုင်းနိုင်ငံ တလျှံတဖျားသို့တိုင် ပျံ့လွှင့်လွှမ်းမိုးသွားပါတော့သည်။

(၂)

ဆုဖန်ဘုရီပြည်နယ်၊ တောကျေဒီမြို့ရှိ တောကျေဒီဘုန်းတော်ကြီးကျောင်းအတွင်း၌ ထိုင်းပန်းချီကနုတ်ပန်းများ၊ ပြာသာဒ်ဘုံအဆင့်ဆင့်ဖြင့် ပြုလုပ်ထားသော မဏ္ဍပ်ကြီးက ထည်ဝါလှသည်။ ခင်းထားသော ကော်ဇောနီ၊ စီရီထားသော ကြွေပန်းအိုးကြီးများ၊ ကျွန်မပုံတော် ရွှေရောင်ပန်းပုရုပ်နှင့် ကျွန်မပုံတော်တွင် ဆက်သထားသော ပန်းကုံးများ၊ ပန်းရောင်စုံများ၊ အမွှေးနံ့သာများကြောင့် မဏ္ဍပ်ကြီးတစ်ခုလုံး၌ ကျွန်မ၏ ဝိညာဉ်တန်ခိုး အငွေ့အသက်များ လွှမ်းခြုံနေသည်ကို ပရိသတ်အားလုံး ခံစားရမည်မှာ အမှန်ပင်ဖြစ်ပါသည်။

ကျွန်မ၏ ပုံတူရွှေရောင်ပန်းပုရုပ်ကြီးကို အလှအပတန်ဆာများ စီခြယ်ထားသော ဆင်ကြီးပေါ်တွင် ပြာသာဒ်နန်းဆောင်အတွင်း၌ တင်ထားသည်။ ကျွန်မ၏ရုပ်တုကို ရွှေပြားခပ်ချထားသဖြင့် ရုပ်တုတစ်ခုလုံး ရွှေရောင်ဖြစ်နေသည်။ ပြာသာဒ်ဆောင်သည် ထိုင်းရိုးရာကနုတ်ပန်းများဖြင့် အလှတန်ဆာဆင်ထားသော ရွှေရောင်ဗိမာန်တစ်ခုဖြစ်သည်။ ပြာသာဒ်၏ စုလစ်မွန်းချွန်များ၌ ပန်းကုံးများ ချိတ်ဆွဲထားသည်။ ထိုင်းရိုးရာဝတ်စုံဝတ်ထားသော ယောကျ်ားပျိုများက ဆင်ကြီးအား ပန်းကြိုးဖြင့် ဖြေးညင်းစွာ ဆွဲခေါ်ကြသည်။ ဆင်တော်၏ နောက်၌ ထိုင်းရိုးရာဝတ်စုံ ဝတ်စားထားကြသော လှပျိုဖြူလေးများက ပန်းစည်းများ ကိုင်၍လည်းကောင်း၊ ပန်းကလပ်များ ကိုင်၍လည်းကောင်း

တန်းစီလိုက်ပါလာကြသည်။ မိန်းမပျိုလေးများအဖွဲ့ ဆုံးသည်နှင့် ထိုင်းတူရိယာအဖွဲ့က တီးမှုတ်ကခုန်၍ လိုက်ပါလာကြသည်။ ကသူမှာ ကိုယ်လက်တို့ကို အေးဆေးစွာ လှုပ်ရှားရသည့် ယိုးဒယားအကဖြင့် ကပြနေသည်။ တေးသံသည် အေးဆေးငြိမ့်ညောင်းသော ထိုင်းရိုးရာတေးဂီတဖြစ်သည်။ တေးသံကိုနားဆင်ရသည်မှာ ကျွန်မ၏စိတ်သည် ကျွန်မနေခဲ့သော ထိုင်းဘုရင်နန်းတော်ကြီးထဲသို့ အလိုလိုရောက်ရှိသွားသကဲ့သို့ ဖြစ်နေရသည်။

လူတချို့က ကျွန်မသည် လမ်းပန်းခရီးတွင် တွေ့ကြုံရသည့် အန္တရာယ်ဟူသမျှကို ကာကွယ်ပေးနိုင်သည်ဟု ယုံကြည်ကြသည်။ သို့ကြောင့် လေယာဉ် ခရီးသွားမည့်သူများ၊ ရေကြောင်းခရီးသွားမည့်သူများ၊ ကားဖြင့် ခရီးသွားမည့်သူများ သူတို့သွားမည့် လမ်းခရီး၌ ဘေးရန်ကင်းဝေးကြစေရန် ဆုတောင်းကြသည်ကိုလည်း တွေ့ကြရပါသည်။

(၃)

ကျွန်မကိုပူဇော်သော ပွဲတော်၏ စည်ကားမှုသည် ကျွန်မရဲ့နှလုံးသားကို လှုပ်ဖိုစေကာ ကျွန်မ၏ စိတ်ဝိညာဉ်သည်လည်း ငယ်စဉ်ဘဝသို့ ပြန်ရောက်သွားပါတော့သည်။

အချိန်က သက္ကရာဇ် ၉၂၅ ခုနှစ် (အေဒီ ၁၅၆၃)

ကျွန်မတို့ ဖခမည်းတော် ဘုရင်ကြီး ဖရာ့စုခမ္မရာချာဖိစနုသည် အယုဒ္ဓယမင်း၏လက်အောက်ခံ ဖိစနုလို့မြို့၏ ဘုရင်တစ်ပါးဖြစ်သည်။ ကျွန်မတို့မှာ မောင်နှမသုံးပါး ရှိပါသည်။ ကျွန်မက အကြီးဆုံးသမီးတော် ဆုဖန်ကလျာဖြစ်သည်။ မောင်အငယ်များမှာ အေကာထွတ်ခရုတ်နှင့် ဖရာ့နရိတို့ဖြစ်သည်။ ထိုအချိန်က ကျွန်မအသက်မှာ (၁၅) နှစ်ဖြစ်ပြီး ကျွန်မမောင်တော် ဖရာအေကာထွတ်ခရုတ်သည် (၁၃) နှစ်၊ မောင်တော်အငယ် ဖရာ့နရိသည် အသက် (၁၀) နှစ်သာ ရှိသေးသည်။

ကျွန်မတို့နေထိုင်ရသော မိဖုရားခေါင်ကြီး နန်းဆောင်သည် နန်းမြို့ရိုးအတွင်းရှိ ပန်းဥယျာဉ်အလယ်၌ ရှိသည်။ နန်းဆောင်၏ ပြတင်းပေါက်မှ ပန်းဥယျာဉ်ကြီးအား ကြည့်ရှုရသည်မှာ အသက်ဝင်လှသည့် ပန်းချီကားတစ်ချပ်ကို ကြည့်နေရသကဲ့သို့ ဖြစ်ပါသည်။ အဆောင်ရှေ့မြက်ခင်းပြင်သည် ကျယ်ပြန့်စွာရှိနေသဖြင့် ကျွန်မတို့မောင်နှမများ ဆော့ကစားရာနေရာဖြစ်သည်။ နန်းမကြီး၏ ဘုံခုနစ်ဆင့်ပြာသာဒ်တော်မှာ အလွန်မြင့်မားသည်။ ထိုနန်းမကြီး၏ ပြာသာဒ်ထိပ်ကို ကျွန်မတို့နေသော နန်းဆောင်မှနေ၍ ခဏခဏ မော့ကြည့်မိတိုင်း ငါတို့နန်းတော်ထက် ကြီးကျယ်ခမ်းနားသောနန်းတော် ဤကမ္ဘာပေါ်တွင် ရှိမှရှိပါလေစဟု ဂုဏ်ယူပီတိဖြစ်ရမြဲဖြစ်သည်။

တစ်နေ့တွင် ကျွန်မတို့၏ မယ်တော် မိဖုရားခေါင်ကြီးသည် နန်းတော်ဆောင်အတွင်း၌ ပြာပြာသလဲ လူးလာခေါက်တုံ့ဖြင့် အရေးကြီးကိစ္စများ ဆောင်ရွက်နေပုံရသည်။ ကျွန်မသည် မယ်တော့်ထံပါးကို ခစားရောက်ရှိပါသည်။ မယ်တော်၏အနီးကို ကျွန်မရောက်ရှိသွားသော်လည်း မယ်တော်က သူ့အလုပ်တွင်သာ အာရုံစိုက် လုပ်ဆောင်နေသဖြင့် သူ၏အနီးတွင် ကျွန်မ ရှိနေသည်ကို သတိမပြုမိပါ။ မယ်တော်ကြီးသည် ကျွန်းသေတ္တာကြီးများထဲသို့ အဝတ်အထည်အကောင်းစားများ၊ လက်ဝတ်ရတနာများ ထည့်သိုသိမ်းဆည်းနေပါသည်။

"မယ်တော် ... မယ်တော်" ဟု ကျွန်မက ခေါ်လိုက်ရာ

"ဟယ် ... လန့်လိုက်တာ သမီးတော်ရယ် ..."

လျှပ်တစ်ပြက် ကျွန်မခေါ်လိုက်သောအသံကြောင့် မယ်တော် လန့်သွားပုံရသည်။ မယ်တော်သည် သူ့အတွေးနှင့်သူ စိတ်ချောက်ချားနေခြင်း ဖြစ်ပါလိမ့်မည်။



"မယ်တော်ဘုရား ... ဘာတွေများ အရေးတကြီးဖြစ်နေတာပါလဲ"

မယ်တော်သည် ကျွန်မဘက်သို့ လှည့်၍ ကျွန်မမျက်နှာအား အသေအချာကြည့်ကာ စကားဆိုလာပါသည်။

"ဖရာ့မဟာဓမ္မရာချာ ဆင်ဖြူရှင်ရဲ့ ဟံသာဝတီတပ်တွေ မယ်တော်တို့မြို့ကို ဝိုင်းထားပြီ ..."

ကျွန်မသည် နန်းဆောင်ပြတင်းပေါက်မှ အပြင်သို့လှေ့လာ ကြည့်လိုက်ပါသည်။ မောင်တော်နှစ်ပါးကလည်း ကျွန်မဘေးတွင်ရပ်ကာ သူတို့လည်း ကျွန်မကြည့်ရာသို့ လိုက်ကြည့်နေကြပါသည်။

"အစ်မတော် ... စစ်သည်တော်တွေ များလှပါလား ... သူတို့ဘာလုပ်နေကြတာလဲ ..."

မောင်အငယ် ဖရာ့နိရိက ကျွန်မအား မေးလာပါသည်။ သူက အသက် (၁၀) နှစ်သာရှိသေးသဖြင့် ယခုကိစ္စအား သူနားလည်အောင် ကျွန်မရှင်းမပြတတ်ပါ။ သူနားလည်မည့် စကားလုံးအား စဉ်းစားရှာဖွေ၍ ပြန်ဖြေလိုက်ပါသည်။

"ရန်သူတွေ အစ်မတော်တို့မြို့ကို လာပြီးတိုက်မှာမို့ ပြန်လည်ခုခံတိုက်ခိုက်ကာကွယ်ဖို့ ပြင်နေကြတာပေါ့ ..."

"သားတော်တို့ဘက်က နိုင်မှာပါ အစ်မတော်၊ မတွေ့လား စစ်သည်တွေကအများကြီး ... သေနတ်တွေ၊ အမြောက်တွေကလည်း အများကြီး ..."

ကျွန်မလည်း မောင်တော်လေးကို ပြန်ရှင်းမပြလိုသဖြင့် တိတ်ဆိတ်၍သာ နေလိုက်ပါသည်။ မောင်တော်လေးစိတ်ထဲတွင် နိုင်မည်ဟုထင်ထားသည်ကပင် သူ့အတွက် အကောင်းဆုံးဖြစ်ပါလိမ့်မည်။ ကျွန်မတို့လို စိုးရိမ်ပူပန်မှုများ မောင်တော်လေးများတွင် မရှိစေလိုပါ။



ထိုအချိန်တွင်ပင် ဖခမည်းတော်ဘုရင်မင်းကြီးသည် ကျွန်မတို့နေထိုင်ရာ မိဖုရားခေါင်ကြီးအဆောင်ကို ကြွမြန်းလာပါသည်။

"မိဖုရားကြီး ... ကြောက်လန့်နေပြီလား"

ဖခမည်းတော် ဘုရင်ကြီးက မယ်တော်အား မေးလိုက်သည်။

"မှန်ပါ့ ... မင်းဘုရားရဲ့ ဘုန်းကံကြောင့် ရန်သူ့တပ်များကို အောင်နိုင်မည်ဟု ထင်မြင်ထားပါတယ် ဘုရား"

"ရန်သူ့ကျူးကျော်မှုက လွတ်မြောက်အောင် ကြိုးစားကြဲဆနေရမှာပေါ့လေ ... ဖြစ်လာမှတော့ ရင်ဆိုင်ရုံပေါ့ ..."

ဖခမည်းတော်ဘုရင်ကြီးသည် သူပြောနေသော စကားဆုံးသည်နှင့် ကျွန်မအား ကရုဏာသက်သော အကြည့်ဖြင့် ကြည့်နေသည်ကို တွေ့ရပါသည်။ ထို့နောက် ကျွန်မကို သူ၏ဘေးနားသို့ ထိုင်စေပါသည်။

"သမီးတော် ... ဒီနားလာ ..."

"သမီးတော်က ... မကြာမီ လူကြီးဖြစ်တော့မှာမဟုတ်လား ... လူကြီးဖြစ်လာရင် ... မိသားစုနဲ့ ခွဲခွာနေကြရမှာ ဓမ္မတာပဲလေ ... သမီးသိပါတယ်နော် ..."

"မှန်ပါ့ ... ဘုရား"

"အေး ... ဖခမည်းတော်တို့နဲ့ ခွဲခွာကြရမယ်ဆိုရင် ဝမ်းနည်းပူဆွေးခြင်း မဖြစ်စေနဲ့၊ စိတ်ဓာတ်ကို ကြံ့ကြံ့ခံနေရမယ် ... ယခုတည်းက ခံနိုင်

ရည်ရှိအောင် စိတ်ဓာတ်ကို ခိုင်မာအောင် မွေးမြူထားနော် …"

"မှန်ပါ့ … ဘုရား"

ဖခမည်းတော်ဘုရင်ကြီးသည် ဘာရည်ရွယ်ချက်ကြောင့် ကျွန်မအား ဤသို့ပြောနေသည်ကို ကျွန်မ မသိပါ။ အကြောင်းထူးရှိနေ၍ဖြစ်မည်ဟု စိတ်ကထင်နေသဖြင့် ကျွန်မ ထိတ်လန့်မိတာအမှန်ပါ။

(၄)

ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးက ဦးဆောင်ကာ ညီတော်၊ သားတော်၊ မှူးတော် မတ်တော်၊ တပ်တော်အပေါင်းတို့သည် ဖိစနုမြို့ကို ဝိုင်းရံထားကြသည်။ အမြောက်ကြီး မြတပူနှင့် မီးပေါက်မိုးရွာစေလျှင် တစ်မြို့လုံးရှိထိုင်း ပြည်သူများ အလွန်တရာ ကြောက်ရွံ့ကြကုန်သည်။ ပြည်သူများသည်လည်း မီးပေါက်ကျရာနေရာများတွင် မီးငြိမ်းသတ်ကြရသဖြင့် တစ်မြို့လုံး ရုတ်ရုတ်သဲသဲဖြစ်နေကြသည်။ ကျွန်မတို့ မောင်နှမသုံးပါးလည်း အလွန်ကြောက်လန့်နေကြပါသည်။ ထိုအခါ မင်းကြီးလည်း ဟံသာဝတီဘုရင်ထံ အညံ့ခံမှ ဖြစ်တော့မည်ဟု ဆုံးဖြတ်ရလေတော့သည်။

နောက်တစ်နေ့နံနက်တွင် ဖရာ့မဟာဓမ္မရာချာ ဆင်ဖြူရှင်မင်းတရားကြီးထံသို့ ကျွန်မတို့ဘက်မှအမတ်ကြီး မွန်ရွှတ်ရတနာ သွားရောက်၍ စစ်ပြေငြိမ်းရေး လျှောက်တင်ပါသည်။

"ဖရာ့မဟာဓမ္မရာချာ ဆင်ဖြူရှင်မင်းတရားကြီးဘုရား … ကျွန်တော်များ ဖိစနုလို့မြို့သည် ယခင်အတိုင်းပင် ဗုဒ္ဓသားတော် အရိယာသံဃာများကို ချီးမြှောက်လျက် စည်းစိမ်မပျက် အသက်မသေကြဘဲ နေလိုပါသည်ဘုရား၊ အရှင်ဘုရား ခွင့်ပြုတော်မူပါလျှင် ကျွန်ုပ်တို့၏ ဖရာ့စုဓမ္မရာချာဖိစနုမင်းကြီးသည် အရှင့်သစ္စာတော်ကို ခံ၍ တိုင်းပြည်အား ဆက်လက်စိုးစံအုပ်ချုပ်လိုပါသည်။ ဖရာ့မဟာဓမ္မရာချာ ဆင်ဖြူရှင်မင်းတရားကြီးအား နှစ်စဉ် ဘဏ္ဍာတော်များဆက်သပါမည်။ ယခုလည်း ဆင်ဖြူတော်များနှင့် ရတနာများ ဆက်သပါမည်။ အာမခံအဖြစ် ဘုရင်မင်းကြီး၏ သမီးတော်နှင့် သားတော်များကို ပေးအပ်ပါမည်"

ထိုသို့ အမတ်ကြီးက လျှောက်ထားရာ ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးလည်း ကျေနပ်အားရတော် မူသဖြင့် ဖိစနုလို့မြို့မှ တပ်များကိုခွာ၍ အယုဒ္ဓယသို့ ချီတက်သွားလေတော့သည်။ ကျွန်မတို့ ဖိစနုလို့မြို့ ဘုရင့်တပ်တစ်ချို့လည်း ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီး တပ်များနှင့်အတူ အယုဒ္ဓယသို့ ချီတက်ရာ၌ လိုက်ပါရသည်။ ကျွန်မတို့ တပ်သားတချို့သည် ကျွန်မ၏ ဖခမည်းတော်ဘုရင်ကြီးထံသို့ စာချွန်တော် ဆက်သားအဖြစ် တာဝန်ထမ်းဆောင်ရန် ပါဝင်သွားကြသည်။ နေ့စဉ်ပင် ထိုတပ်ဖွဲ့သည် ဖခမည်းတော်ဘုရင်ကြီးထံ စစ်သတင်းများ ပေးပို့ရပါသည်။ ကျွန်မတို့ကို စောင့်ကြပ်ရန် ယိုးဒယားစကား နားလည်သော မွန်တပ်သားတချို့ကို ထားခဲ့ပါသည်။ မွန်တပ်သားတို့သည် ကျွန်မတို့နေထိုင်သော အဆောင်ရှေ့ ပန်းခြံအတွင်း၌ စခန်းချ စောင့်ကြပ်နေကြပါသည်။

ဟံသာဝတီတပ်များသည် ကျွန်မတို့၏မြို့မှ ဖယ်ခွာသွားကြ၍ ဖိစနုလို့မြို့တွင် နေထိုင်ကြသူအပေါင်း ဝမ်းသာကြသော်လည်း ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီး အယုဒ္ဓယမှ အပြန်တွင် ကျွန်မတို့မောင်နှမများကို ဟံသာဝတီသို့ ခေါ်ဆောင်သွားကြမည်ဖြစ်သဖြင့် ကျွန်မကတော့ မပျော်နိုင်ပါ။

အရှင်ဘုရား
ခွင့်ပြုတော်မူပါလျှင်
ကျွန်ုပ်တို့၏
ဖရာ့စုဓမ္မရာချာဖိစနုမင်းကြီးသည်
အရှင့်သစ္စာတော်ကိုခံ၍
တိုင်းပြည်အား
ဆက်လက်စိုးစံ
အုပ်ချုပ်လိုပါသည်။

ကျွန်မတို့ကို စောင့်ကြပ်နေသော မွန်တပ်စိတ်သည် ကျွန်မတို့၏ နန်းဆောင်ရှေ့ မြက်ခင်းပြင်တွင် စခန်းချထားသည်။ ကျွန်မတို့မောင်နှမများ ဆော့ကစားရာ ပန်းဥယျာဉ်မြက်ခင်းပြင်တွင် သူတို့လည်း ရှိနေကြပါသည်။ မွန်တပ်များ စခန်းချထားသည်မှာ ရက်အတော်ကြာလာသဖြင့် မွန်စစ်သားများနှင့် ကျွန်မတို့ မောင်နှမသုံးပါး ရင်းနှီးလာကြပါသည်။ သူတို့သည် မွန်များဖြစ်သော်လည်း ယိုးဒယားစကားကို ကျွမ်းကျင်စွာ ပြောတတ်ကြပါသည်။

သူတို့နှင့် ကျွန်မတို့ စကားပြောရာတွင် အခက်အခဲမရှိပါ။

တစ်နေ့တွင် ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးနှင့် သူ၏ စစ်တပ်များအကြောင်း မေးမြန်းမိပါသည်။

"ဗိုလ်လေးတို့ ဟံသာဝတီစစ်တပ်က အတော်ကို စစ်သည်များတာပဲနော် ... ယိုးဒယားကို လာရောက်စစ်ခင်းပုံလေး ပြောပြပါလား"

ကျွန်မကသိလို၍ မွန်ဗိုလ်လေးတစ်ဦးအား မေးလိုက်ရာ -

"ဟာ ... စစ်သည်သူရဲသူခက်များတာလည်း မပြောနဲ့ မင်းသမီးငယ်၊ အမြို့မြို့အနယ်နယ်က စစ်တပ်တွေကို အားလုံးခေါ်ယူ၍ စုစည်းပြီး စစ်ချီလာတာ၊ စစ်သည်တော် လေးသိန်းကျော်တယ်၊ တိုက်ဆင် တစ်ထောင်ကျော်၊ မြင်း ငါးထောင်ကျော်ပါတယ်"

ဗိုလ်လေးသည် ယိုးဒယားစကားပြောပြနေသော်လည်း မွန်သံတော့ ဝဲနေသည်ကို သတိပြုမိသည်။

"ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးက ယိုးဒယားကို လုပ်ကြံရန် ဆုံးဖြတ်လိုက်တယ်။ စော်ဘွားမြို့တွေကို လုပ်ကြံသလို စစ်သည်အင်အား နည်း၍မဖြစ်။ ယိုးဒယားဟာ နိုင်ငံကြီးတစ်နိုင်ငံဖြစ်တဲ့အတွက် ကိုယ့်ဘက်က စစ်သည်အင်အား တောင့်တင်းရန်လိုကြောင်း သိတော်မူတယ်။ ဒါကြောင့် ဘဝရှင်မင်းတရားကြီးဟာ တပ်တော်အား အင်အားကြီးမားစွာ တည်တာဖြစ်တယ်"

ဗိုလ်လေးသည် ရှင်းပြပြီးနောက် မတ်တပ်ရပ်လိုက်ပါသည်။

"ကျွန်တော် သွားပါဦးမယ်၊ ကျွန်တော့်နာမည် မင်းဖြတ်ဇလို့ ခေါ်ပါတယ်၊ လိုအပ်ရင် ခေါ်လိုက်လို့ရပါတယ်"

ဗိုလ်လေး မင်းဖြတ်ဇသည် သူ့ကိုယ်သူမိတ်ဆက်၍ ပြန်သွားပါတော့သည်။

ဤမျှကြီးမားသော တပ်ကြီးအား ကျွန်မတို့လို မြို့ငယ်ဘုရင်တိုင်းပြည်များသည် မည်သို့မျှ အန်တုလို့မရသည်မှာ အဆန်းတော့မဟုတ်တော့ဟု ကျွန်မရဲ့စိတ်အတွေးထဲမှာ ရောက်ရှိလာပါတော့တယ်။

သူ့ရဲ့
စူးစိုက်အကြည့်နှင့်
အပြုံးကြောင့်
လျှပ်တစ်ပြက်အတွင်းမှာပင်
ကျွန်မ
ရင်ခုန်သွားရတော့သည်။

(၅)

ဒီနေ့သည် တန်ဆောင်မုန်းလပြည့်နေ့ဖြစ်သဖြင့် လမင်းကြီးသည် ထိန်ထိန်သာနေ၏။ လမင်းကြီးသည် နန်းတော်ပြာသာဒ်ထိပ်ဖျားအထွတ်ကို နောက်ခံပြုလျှက် နန်းတော်ကြီးနှင့်အတူ ကြီးမြတ်မှုဏ္ဍန်ဖြင့် ခန့်ညားထည်ဝါစွာ ထွန်းလင်းတောက်ပလျှက်ရှိနေပါသည်။ ကျွန်မတို့ မောင်နှမများက နန်းဆောင်ရှေ့မြက်ခင်းပြင်တွင် မြတ်စွာဘုရားအား ဆီမီးများဖြင့် ပူဇော်နေကြသည်။ ကျွန်မ ဆီမီးထွန်းညှိနေစဉ် ကျွန်မ၏အနား လူတစ်ဦး လာရပ်နေသည်ကို သတိပြုမိသည်။ ထိုသူအား ကျွန်မ မော့ကြည့်လိုက်၏။ ကျွန်မတို့ကို စောင့်ကြပ်နေသည့် မွန်ဗိုလ်လေး မင်းဖြတ်ဇဖြစ်သည်ကို သိလိုက်ရသည်။ သူက ကျွန်မကို ပြုံး၍ကြည့်နေ၏။ သူ့ရဲ့ စူးစိုက်အကြည့်နှင့် အပြုံးကြောင့် လျှပ်တစ်ပြက်အတွင်းမှာပင် ကျွန်မ ရင်ခုန်သွားရတော့သည်။ ကျွန်မတစ်သက်တာတွင် ယောကျ်ားလေးတစ်ဦး၏ အကြည့်ကြောင့် ရင်ခုန်လှုပ်ရှားသွားရသည်မှာ ဒါသည် ပထမဆုံးပင် ဖြစ်ပါသည်။

"ကျွန်တော်ပါ ဆီမီးကူထွန်းပေးမယ်လေ ..."

ဗိုလ်လေးမင်းဖြတ်ဇသည် ပြောပြောဆိုဆို ကျွန်မဘေးနားတွင်ရှိသော ဆီမီးခွက်များကိုယူ၍ လူသွားလမ်းဘေး တစ်ဖက်တစ်ချက်တွင် စီရီ၍ ထွန်းညှိနေသည်။ ဆီမီးခွက်များအားလုံး ထွန်းညှိပြီးသောအခါ ကျွန်မနှင့် မောင်လေးတို့အနီးသို့ ဗိုလ်လေးမင်းဖြတ်ဇ ရောက်လာသည်။ သူက ကျွန်မကို ပြုံး၍နှုတ်ဆက်ပြန်သည်။ ကျွန်မ မနေတတ်တော့။ ကျွန်မရင်ထဲ၌ ဘယ်လိုပြောရမှန်း မသိအောင် ခံစားမှုတစ်မျိုး ဖြစ်လာသဖြင့် ခေါင်းကိုငုံ့၍သာ နေလိုက်မိပါသည်။

ဗိုလ်လေးမင်းဖြတ်ဇက ကျွန်မကို မေးလေသည်။

"မင်းသမီးနာမည်လေး သိပါရစေ ..."

"အစ်မတော်နာမည်က ... ဆုဖန်ကလျာဗျ"

ဗိုလ်လေးမင်းဖြတ်ဇက ကျွန်မကို နာမည်မေးရာ ကျွန်မက ဘာမှ

မပြောနိုင်ခင်မှာပင် မောင်တော်လေး ဖရှာနိရိက ဝင်ရောက်ဖြေဆိုလိုက်ခြင်း ဖြစ်သည်။

"သြော် ... ဆုဖန်ကလျာတဲ့ လား..."

"အစ်မတော် ... လမင်းကြီး က လှလိုက်တာနော် ..."

မောင်တော်လေး ဖရှာနရိက လမင်းကြီးကိုကြည့်၍ ဝမ်းသာအားရ ဖြင့် ကျွန်မအား ပြောလိုက်ခြင်းဖြစ် သည်။

"မင်းသားလေး ... လမင်း ကြီးနဲ့ အစ်မတော် ဘယ်သူက ပိုလှ လဲကွယ့်"

ဗိုလ်လေးမင်းဖြတ်ဇက ကျွန်မ ကိုကြည့်၍ မောင်တော်လေးကို မေး လိုက်သည်။ ကျွန်မက ဗိုလ်လေး မင်းဖြတ်ဇအား မျက်လွှာလေးလှန် ကြည့်၍ ပြုံးပြမိလိုက်သည်။

"လမင်းကြီးက ... ဝိုင်းဝိုင်း ကြီးလေ၊ အစ်မတော်က ပိန်ပိန်လေး ဘယ်တူမှာလဲဗျ"

မောင်တော်လေး ဖရှာနရိက ဖြေကြားလိုက်သော စကားကြောင့် ဗိုလ်လေးမင်းဖြတ်ဇနှင့်ကျွန်မပါ ရယ် ကြရသည်။

"မင်းသားလေးရဲ့ အစ်မတော် က ... လမင်းကြီးထက် လှတယ် ... တစ်လောကလုံးမှာလည်း အလှ ဆုံး ..."

"အို ..."

ဗိုလ်လေးမင်းဖြတ်ဇ ပြော စကားကြောင့် ကျွန်မရှက်သွား၍ အသံထွက်သွားခြင်းဖြစ်သည်။ ဗိုလ် လေးမင်းဖြတ်ဇသည် ပြုံး၍သာနေ၏။ သူသည် မွန်လူမျိုးဖြစ်၍ အသားက ဖြူဝင်းနေသည်။ စစ်ဝတ်စုံဝတ်ထား ၏။ ခါး၌ ဓားအိမ်ကို လွယ်ထား သည်။ သူ၏ မည်းနက်သောမျက်ခုံး၊ တလက်လက် တောက်နေသော မျက် လုံး၊ ထင်ပေါ်သောနှာတံ၊ ပါးလွှာ သော နှုတ်ခမ်းများတို့ကြောင့် ထက်



မြက်မှု၊ ရဲရင့်မှု၊ မေတ္တာ၊ ကရုဏာ လွှမ်းခြုံနေသော ခန့်ညားသည့်ဥပဓိကို ပိုင်ဆိုင်ထားသူ ဖြစ်သည်။ နုပျိုသော လူငယ်တစ်ဦး၏ ခန့်ညားသောအလှ ကို ရွှေရောင်ခါးပတ်၊ ရွှေရောင်လက် ပတ်တို့က ဖြည့်ဆည်းပေးလျက် ရှိ သည်။ သူ၏ရင်အုပ်နှင့် လက်မောင်း ကြွက်သားတို့သည် ကျွန်မကို အမိက ရင်ခုန်စေသော အရာများပင် ဖြစ်နေ ပါသည်။

သူ ကျွန်မကို မေတ္တာသက်ဝင် နေပြီလား ... ကျွန်မ၏ နှလုံးသား သည် ... သူ့အပေါ်၌ တိမ်းညွတ် နေပြီလား ... စဉ်းစားမရပါ။ ဒါပေ မဲ့ ... သူနဲ့တွေ့နေရလျှင် ကျွန်မ ပျော်ရွှင်နေသည်ကိုတော့ ကျွန်မ ဝန်ခံ ရမည် ဖြစ်ပါသည်။

(၆)

ကျွန်မသည် ဘုရားပန်းကပ်ရန် ဥယျာဉ်ထဲ၌ ပန်းများခူးနေ၏။ ဗိုလ်လေးမင်းဖြတ်ဇသည် ကျွန်မကို မြင်သဖြင့် ကျွန်မထံသို့ လျှောက်လာသည်။

“ပန်းတွေ … များလှပါလား”

“ဟုတ်တယ် … နန်းတော်ထဲက ဘုရားမှာ ပန်းကပ်မလို့လေ …”

ပန်းတွေ ရှာဖွေရွေးချယ်ခူးရင်းနှင့်ပင် ကျွန်မတို့နှစ်ဦးသည် ပန်းဥယျာဉ်ထဲ၌ လမ်းလျှောက်စကားပြောဖြစ်ကြသည်။

“ပန်းတွေကို … ကျွန်တော့်ပေးထား … ကိုင်ပေးထားမယ်”

ကျွန်မ ခူးပြီးသောပန်းများကို သူက ကိုင်ပေးထားသဖြင့် ကျွန်မက လွတ်လပ်စွာ ပန်းများကို ရွေးချယ်ခူးနိုင်၏။ ကျွန်မတို့လမ်းလျှောက်နေသော မြက်ခင်းစိမ်းပေါ်၌ ငှက်မောင်နှံတို့ တစ်ကောင်နှင့်တစ်ကောင် ကျီစယ်လျက် ပျံနေကြသည်ကို သူနှင့် ကျွန်မ နှစ်ယောက်စလုံးက မြင်ကြသည်။

> ငှက်ကလေးတွေက …
> ချစ်သူတွေဖြစ်နေတော့
> ပျော်ရွှင်နေကြတာ
> ဖြစ်မှာပေါ့နော်၊
> ကျွန်တော်ကလည်း
> သူတို့လို ပျော်ရွှင်ချင်တယ်

“ငှက်ကလေးတွေ ကြည့်ရတာ … အတော်ပျော်နေတဲ့ပုံပဲနော် …”

“ဟုတ်တယ် … နော် …”

ဗိုလ်လေးမင်းဖြတ်ဇ၏ ပြောစကားကို ကျွန်မက အလိုက်သင့် ဖြေပေးမိလိုက်သည်။ ယခုလို သူနှင့်ကျွန်မ မြက်ခင်းပြင်ပေါ်၌ တွဲ၍လမ်းလျှောက်ရသည်ကိုပင် ကျွန်မက အလွန်ပျော်နေပါသည်။ ငှက်ကလေးတွေလည်း ကျွန်မလိုပင် ပျော်ရွှင်ပေလိမ့်မည်။ ငှက်လေးတို့၏ အော်မြည်သော အသံကလေးများကပင် ပျော်ရွှင်ခြင်းသီချင်း ဆိုနေသကဲ့သို့ ဖြစ်သည်။

“ငှက်ကလေးတွေက … ချစ်သူတွေဖြစ်နေတော့ ပျော်ရွှင်နေကြတာဖြစ်မှာပေါ့နော်၊ ကျွန်တော်ကလည်း သူတို့လို ပျော်ရွှင်ချင်တယ် … ကလျာနဲ့ ချစ်သူတွေ ဖြစ်ချင်တယ် …”

သူပြောသောစကားများသည် ကျွန်မကို ချစ်ခွင့်ပန်သောစကား ဖြစ်နေပါလား။ ကျွန်မ ဘာဆိုဘာမှ ပြန်မပြောတတ်သဖြင့် ခေါင်းကိုသာ ငုံ့နေလိုက်မိသည်။

“ကလျာ … မောင်တော့်ကို မေတ္တာမျှပါလားကွယ် …”

သူကထပ်၍ ကျွန်မရဲ့ ချစ်မေတ္တာကို တောင်းခံနေပြန်သည်။ ကျွန်မ ဘယ်လိုပြန်ပြောရမည်နည်း။ ကျွန်မ မတွေးတတ်တော့ပါ။ ကျွန်မက ချစ်သူရည်းစား ထားရမည့်သူလား။

“ကလျာ … ပြောလေကွယ် …”

“ဗိုလ်လေးရယ် … ကျွန်မဘဝက ကျွန်မကိုယ်ကျွန်မ မပိုင်တဲ့ဘဝပါ …”

သူ့ကို ကျွန်မပြန်ပြောသော စကားလုံးများနှင့်အတူ ကျွန်မ မျက်ဝန်းအစုံတွင် မျက်ရည်ဥလေးများတွဲခိုနေပါသည်။ ကျွန်မသည် ကြေကွဲဝမ်းနည်းသောအသံဖြင့် သူ့ကို ပြောပြလိုက်တော့သည်။

“ဆင်ဖြူသခင် ဘဝရှင်မင်းတရားကြီးက ကျွန်မတို့မြို့ကို မသိမ်းပိုက်ဖို့၊ ကျွန်မရဲ့ ဖခမည်းတော်ဘုရင်ကြီးကို ထီးနန်းပြန်အပ်ဖို့ ကျွန်မက အပေါင်ပစ္စည်းပါ။ အာမခံပစ္စည်းပါ။ ကျွန်မက သက်ရှိလူတစ်ယောက် ဖြစ်နေပေမဲ့ … သက်မဲ့ပစ္စည်းတစ်ခုလိုပါပဲ။ ကျွန်မဟာ ဘာဆိုဘာမှ ကိုယ့်စိတ်ကိုယ့်ကိုယ်နဲ့ ဆုံးဖြတ်လို့ မရပါဘူးရှင် …”

ဗိုလ်ကလေး မင်းဖြတ်ဇသည် အံ့သြခြင်း၊ သနားခြင်း၊ ကရုဏာမျက်လုံးများနှင့် ကျွန်မကို သေချာစွာ စိုက်ကြည့်နေပြီးမှ စကားပြောလာသည်။

“သြော် … ဒါကြောင့် ကျွန်တော့်တို့ရဲ့ မွန်တပ်ကို မင်းသမီးလေးတို့မိသားစုကို စောင့်ကြပ်ခိုင်းထားတာ ကိုး …”

“ဟုတ်ပါတယ် … ဗိုလ်လေး …၊ ဘဝရှင်မင်းတရားကြီး အယုဒ္ဓယကို စစ်နိုင်ပြီးပြန်လာရင် ကျွန်မနဲ့ မောင်တော်လေးတွေကို ဟံသာဝတီနေပြည်တော်ဆီ လိုက်နေရမှာ …၊ ကျွန်မက ဘဝရှင်မင်းတရားကြီးရဲ့…”

ကျွန်မက သူ့ကိုဆက်၍ စကားပြောမပြနိုင်တော့ပါ။ ကျွန်မ၏ ပြောစကားများသည် လည်ချောင်းထဲသို့

တိမ်ဝင်သွားပြီဖြစ်သည်။ ကျွန်မ ရှိုက်ကြီးတငင် ငိုမိပါသည်။ ကျွန်မငိုနေတော့ သူက ကျွန်မကိုယ်လုံးကလေးကို သူ့ရင်ခွင်ထဲဆွဲသွင်းကာ ကျွန်မကို ဖြေသိမ့်ပေးနေပါတော့သည်။ ကျွန်မသည် သူ့ရင်ခွင်ထဲတွင် ခေတ္တနေရတာကိုပင် ကျွန်မဘဝကြီး အလွန်လုံခြုံနေသလို ခံစားရပါတော့သည်။ ကျွန်မတစ်သက်လုံးပင် ထိုကဲ့သို့ ဗိုလ်လေးမင်းဖြတ်ဇ၏ ရင်ခွင်ထဲ၌ ခိုနားချင်ပါသည်။ ဒါပေမဲ့ ဘယ်လိုမှမဖြစ်နိုင်။ ယခုအခါ ဗိုလ်လေးမင်းဖြတ်ဇနှင့် ကျွန်မ တစ်နေရာသို့ ထွက်ပြေး၍လည်း ဘယ်လိုမှမဖြစ်နိုင်။ နှစ်ဦးသားထွက်ပြေးပါက ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးသည် ကျွန်မတို့ ဖိစနုလို့မြို့ကို မီးလောင်တိုက်သွင်းပြီး ပြာအတိ ပြုလုပ်တော့မည်မှာ သေချာသည်။ ကျွန်မ၏ ဖခမည်းတော်၊ မယ်တော်နှင့် ဆွေစဉ်မျိုးဆက်အားလုံးကို ကွက်မျက်ကြ၍ သေပွဲဝင်ရမည် မဟုတ်ပါလား။ ဗိုလ်လေးမင်းဖြတ်ဇနှင့် ကျွန်မ၏ချစ်ခရီး ဒီတင်ပဲ အဆုံးသတ်တာကောင်းလိမ့်မည်။ ကျွန်မဘဝ၏ မလှမပမှုများကိုတွေးရင်း တစ်ညလုံး အိပ်လို့မရခဲ့။ ဗိုလ်လေး မင်းဖြတ်ဇတစ်ယောက်ရော အိပ်ပျော်နိုင်မည်လား။

> ကျွန်မသည်
> သူ့ရင်ခွင်ထဲတွင်
> ခေတ္တနေရ တာကိုပင်
> ကျွန်မဘဝကြီး
> အလွန်လုံခြုံနေသလို
> ခံစားရပါတော့သည်။

(၇)

ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီး၏ တပ်များသည် ယိုးဒယားနိုင်ငံ အယုဒ္ဓယမြို့တော်ကို လေးလကြာ တိုက်ခိုက်ခဲ့ပြီး သိမ်းပိုက်အောင်မြင်တော်မူသဖြင့် တချို့တပ်များက ရေကြောင်းမှလည်းကောင်း၊ တချို့တပ်များက ကုန်းကြောင်းမှလည်းကောင်း ဟံသာဝတီမြို့တော်သို့ ပြန်လည်ဆုတ်ခွာသွားကြသည်။ ဘဝရှင်မင်းတရားကြီးသည် ဟံသာဝတီသို့အပြန်တွင် ကျွန်မတို့ မောင်နှမများကို ခေါ်ဆောင်ရန် ဖိစနုလို့မြို့သို့ ဝင်ရောက်လာပါတော့သည်။ ဘဝရှင်မင်းတရားကြီး ကျွန်မတို့နန်းတော်ကြီးသို့ ရောက်လာမည်ကြားသိကတည်းကပင် ကျွန်မတို့၏ ဖခမည်းတော် ဖရာ့စုခမ္မရာ ချာဖိစနုလို့ ဘုရင်ကြီးနှင့် မှူးမတ်အပေါင်းတို့သည် မြို့တံခါးကြီးရှေ့မှ ရိုသေစွာ ကြိုဆိုနေကြပါသည်။

ကျွန်မ ဖခမည်းတော် ဖရာ့စုခမ္မရာချာဖိစနုလို့အား ဖိစနုလို့မြို့ကို ယခင်အတိုင်း မင်းပြုအုပ်ချုပ်စေရမည်။ ကျွန်မ၏ မောင်တော်အကြီး ဖရာ့အေကာထွတ်ခရုတ်ကိုလည်း ဖခမည်းတော်အား ကူညီရန် ဖိစနုလို့မြို့တွင် နေရမည်။ ဘုရင်ကြီးနှင့်တကွ သားတော် အေကာထွတ်ခရုတ်အပါအဝင် မှူးမတ်များကို သစ္စာပေးတော်မူသည်။ ကျွန်မနှင့် မောင်တော်အငယ် ဖရာ့နရိကို ဟံသာဝတီသို့ ခေါ်ဆောင်မည်ဟု အမိန့်တော်ချမှတ်ပါသည်။ ထိုအခါ ကျွန်မသည် မျက်ရည်များကျလာပါသည်။ အသံထွက်၍ ငိုသည်တော့မဟုတ်ပေ။ မောင်တော်အငယ် ဖရာ့နရိသည်လည်း မျက်ရည်များ ကျဆင်းလာသဖြင့် လက်ဖမိုးနှင့် အထပ်ထပ်သုတ်ရသည်ကို တွေ့ရသည်။ မယ်တော်ကြီးကလည်း ကြိတ်၍ငိုနေပါသည်။ ကျွန်မတို့နှင့်အတူ အမတ်ကြီးမဟီနှင့် အမတ်အချို့ကိုပါ ဟံသာဝတီသို့ ခေါ်ဆောင်ပါသည်။ ကျွန်မတို့ ဖခမည်းတော်ဘုရင်ကြီးက ဘဝရှင်တရားကြီးအား ရွှေ၊ ငွေ၊ ရတနာများနှင့် ဆင်ဖြူလေးစီးကို ဆက်သသည်။ ဆင်ဖြူလေးစီမှာ ဖရာ့ခချေထရိုဒုံ၊ ဖရာ့ဗရုံကရိုင်စော်၊ ဖရာ့ရတ်တနာကာ့၊ ဖရာ့ကဲ့အိုစုံဘတ်တို့ ဖြစ်ပါသည်။

ဘဝရှင်မင်းတရားကြီးက ရှေ့ကထွက်ခွာသွားပြီး ဝေါယာဉ်ပေါ်၌ စံမြန်းကာ စစ်သည်ရဲမက်များဝန်းရံလျှက် စတင်ထွက်ခွာပါသည်။ ကျွန်မတို့ မောင်နှမနှစ်ယောက် စီးရမည့် ဝေါယာဉ်ကို သီးခြားစီစဉ်ထားပါသည်။ ကျွန်မတို့ကို စောင့်ကြပ်ရန် ဗိုလ်လေးမင်းဖြတ်ဇတို့ တပ်စိပ်ကိုပင် တာဝန်အပ်နှင်းထားပါသည်။ မယ်တော်သည် ငိုရှိုက်လျက် မောင်တော်လေး ဖရာ့နရိ၏ ပုခုံးကိုဖက်ခါ ကျွန်မတို့ စီးရမည့် ဝေါယာဉ်သို့ လိုက်ပို့ပေးပါသည်။ ကျွန်မငိုနေရာမှ ကျွန်မတို့၏ နန်းတော်ကြီးကို နောက်ဆုံးအနေဖြင့် လှည့်၍ လက်အုပ်ချီနှုတ်ဆက်ခဲ့ပါသည်။ ကျွန်မချစ်သော

ဖခမည်းတော်နှင့် မယ်တော်၊ ကျွန်မ အမြဲဂုဏ်ယူနေရသော ကြီးကျယ်ခန့်ညားသည့် နန်းတော်ကြီးနှင့် ကျွန်မကို ပျော်ရွှင်မှု၊ သာယာမှုပီတိကိုပေးသော ပန်းဥယျာဉ်ကြီးကို ကြေကွဲစိုးနစ်စွာ ထားရစ်ခဲ့ရပါတော့သည်။ ကျွန်မ ငိုနေသည်ကို ဗိုလ်လေးမင်းဖြတ်ဇက စိတ်မကောင်းစွာဖြင့် ကရုဏာမျက်ဝန်း အစုံဖြင့် ကြည့်နေသည်ကို သတိပြုမိပါသည်။

ကျွန်မတို့ ဟံသာဝတီမြို့တော်သို့ ကြွချီရသော ကာလသည် တန်ခူးလ နွေရာသီဖြစ်သဖြင့် နေ့လယ်တွင် နေအပူရှိန်က ပြင်းသည်။ ညအခါတွင် ကောင်းကင်တစ်ပြင်လုံးတွင် တိမ်ကင်းစင်၍ ကြယ်လေးများကို တွေ့နေရသည်။

ဗိုလ်လေးမင်းဖြတ်ဇနှင့် ကျွန်မတို့ မျက်လုံးချင်းဆုံမိတိုင်း ကျွန်မ ရင်ခုန်နေရသည်။ သူလည်း ကျွန်မလိုပင် ဖြစ်ပေလိမ့်မည်။ ကျွန်မဘေးတွင် သူရှိနေသဖြင့် ကျွန်မဘဝသည် လုံခြုံနေသကဲ့သို့ရှိသည်။ ကျွန်မအား ကူညီဆောင်ရွက်ရန် ကျေးကျွန်အမျိုးသမီးများ ဆယ်ဦးခန့်သည် ကျွန်မတို့ ဝေါယာဉ်နောက်မှ လမ်းလျှောက် လိုက်ပါရသည်။ ကျွန်မ၏ လိုအပ်သမျှကို သူတို့အား ခိုင်းစေနိုင်သည်။ ကျွန်မတို့ မောင်နှမသည် ဘုရင့်သားတော်၊ သမီးတော်များဖြစ်၍ အစစအရာရာ အဆင်ပြေပြေနေကြရသော်လည်း သုံ့ပန်းအဖြစ် ဖမ်းဆီးလာကြသော ယိုးဒယား စစ်သည်ရဲမက်တို့သည် တောရှင်းရ၊ တံတားထိုးရ၊ လမ်းပြင်ပေးရနှင့် အတော်ပင် ဆင်းရဲပင်ပန်း



နေကြရသည်မှာ စိတ်မကောင်းစရာပင် ဖြစ်သည်။

(၈)

သက္ကရာဇ် ၉၂၆ ခု၊ နယုန်လဆန်း (၆) ရက်နေ့တွင် ဘဝရှင်မင်းတရားကြီးနှင့် ကျွန်မတို့အဖွဲ့သည် ဟံသာဝတီရွှေနန်းတော်သို့ ရောက်ရှိကြသည်။ နန်းမြို့ထဲသို့မဝင်မီ လမ်း၌ နန်းပြာသာဒ်၊ ပလ္လင်ပါသည့် ဝေါယာဉ်အကြီးတစ်ခုပေါ်တွင် ဆင်ဖြူများရှင် ဘဝရှင်မင်းတရားကြီးက ပြောင်းစီးတော်မူသည်။ ကျွန်မအားလည်း မိဖုရားတစ်ပါး ဝတ်ဆင်ရမည့် အဝတ်အစားများ ဝတ်ဆင်စေသည်။ ကျွန်မ၏ တစ်ကိုယ်လုံး၌ အဖိုးတန်ကျောက်မျက်ရတနာများ ပြည့်စုံလွန်ကဲစွာ ဆင်မြန်းထားသဖြင့် တစ်ကိုယ်လုံး တဖျပ်ဖျပ် လင်းလင်းလက်လက် ရှိနေ၏။ ဝေါယာဉ်ကြီးပေါ်ရှိ ဘုရင်ကြီးစံမြန်းသော ပလ္လင်ရှေ့ဘေး၌ ဘုရင်ကြီးအား ခစား၍ လိုက်ပါရသည်။ ဝေါယာဉ်ကြီးသည် တဖြည်းဖြည်း နန်းတော်တံခါးပေါက်ကြီးမှ တစ်ဆင့် နန်းဆောင်အတွင်းသို့ ဦးတည်သွားနေသည်။ လမ်းတစ်ဖက်တစ်ချက်တွင်လည်း တိုင်းသူပြည်သားများက ရှိခိုးဦးတင်ပြုကြသည်။ စည်တော်ကြီးတီးကာ ကြိုဆိုကြသည်မှာ ဘဝရှင်မင်းတရားကြီး၏ နန်းတော်ဝင်သည့် အခမ်းအနားသည် နှလုံးတုန်စရာ အံ့မခန်း ခမ်းနားလှသည်။

ကျွန်မကို နန်းဆောင်တစ်ဆောင်တွင် နေစေသည်။ ကျွန်မနှင့်

အတူပါလာသော ယိုးဒယားအပျို တော် ကျေးကျွန်များကိုပါ ကျွန်မနေရသော နန်းဆောင်တွင် နေစေသည်။ ကျွန်မတစ်ဦးတည်းနေရသော အခန်းသည် ကျယ်ဝန်းလှသည်။ အဆောင်အယောင်များသည် မင်းသမီးတစ်ပါး၏ အယောင်အဆောင်အတိုင်းပင် ဖြစ်ပါသည်။ ကျွန်မသည် ယိုးဒယားဘုရင့်သမီးတော်ဖြစ်၍ ယခုကဲ့သို့ နန်းဆောင်ဖြင့် ထားခြင်းဖြစ်ပုံရသည်။ အခြားစော်ဘွား၊ မြို့စားများ ဆက်သသော စော်ဘွားသမီးတော်များသည် ကျွန်မကဲ့သို့ နန်းဆောင်ဖြင့် မနေရ။ နန်းတော်၏ အနောက်ဘက်၌ သီးခြားအိမ်ဆောက်၍ နေကြရသည်။ သူတို့သည် ကိုယ်လုပ်တော်များဖြစ်သောကြောင့် မင်းသမီးတစ်ပါးရရှိသည့် အဆောင်အယောင်များ မဟုတ်သော်လည်း အထိုက်အလျောက် အဆောင်အယောင်များ ပေးထားသည်။

မိဖုရားဆောင်တွင် စီမံဆောင်ရွက်ပေးရသော မွန်အမျိုးသမီးကြီးသည် ကျွန်မ၏ နန်းဆောင်တွင်းသို့ ဝင်လာသည်။

"မင်းသမီး ... လိုအပ်တာများရှိပါက ကျွန်မကို ပြောနိုင်ပါတယ်"

"ကောင်းပါပြီ ... အခုတော့ လိုအပ်မှု မရှိသေးပါ"

"မင်းသမီး ... နောက်လာမယ့် အပတ် သောကြာနေ့မှာ မင်းသမီးကို မိဖုရားမြှောက်မယ့် အခမ်းအနား ရှိလိမ့်မယ်နော်"

ထိုမွန်အမျိုးသမီးကြီး စကားဆုံးသည်နှင့် ကျွန်မရင်တွေ လှိုက်ဖိုလာသည်။ ကြောက်သလိုလည်း ခံစားရသည်။ အားကိုးအားထားအဖြစ် ဗိုလ်လေးမင်းဖြတ်ဇကိုလည်း သတိရလိုက်မိသည်။ ကျွန်မမှာ တခြားရွေးစရာလမ်း မရှိသည်ကိုလည်း သတိပြုမိပြန်သည်။ ဟံသာဝတီဘဝရှင်မင်းတရားကြီး၏ စီမံသောလမ်းအတိုင်းသာ ကျွန်မလက်ခံရတော့မည်။ ကျွန်မသည် လူမဟုတ်တော့ သက်မဲ့ပစ္စည်းတစ်ခုပင် ဖြစ်နေပြီ မဟုတ်ပါလား။

ဆင်ဖြူများရှင် ဘဝရှင်မင်းတရားကြီးက ကျွန်မအား မိဖုရားငယ်အဖြစ် အသိအမှတ်ပြုမည့် နေ့ရက်ရောက်လာပြီ ဖြစ်သည်။ နံနက်စောစောကပင် ကျွန်မ၏ ယိုးဒယားအစေအပါးများက ကျွန်မကို အလှပြင်ပေးကြသည်။ မြန်မာမင်းသမီးတို့၏ အဝတ်အစားများကိုသာ ဆင်မြန်းပေးကြသည်။ ခေါင်းပေါ်၌ နတ်သမီးခေါင်းဆောင်း, ဆောင်းပေးထားသည်။ ရင်ဖုံးအင်္ကျီအဖြူလက်ရှည်နှင့် ကနုတ်ပန်း၊ ဘောချယ်များ ထိုးထားသော ထိုင်မသိမ်းလုံချည်ကို ဝတ်ဆင်ရသည်။ တစ်ကိုယ်လုံး၌ ရတနာများ ပြည့်စုံသည်ထက်ပင် ကျော်လွန်စွာ ဝတ်ဆင်ပေးကြသည်။

လက်ထပ်အစီအရင်ကား မနောလင်ပန်း၌ ရွှေထမင်းကို ဦးမျိုးခုနစ်ပါးနှင့် ချက်သည်။ ငွေထမင်းကို နွားနို့၊ ထောပတ်စသည့် ဖြူမျိုးခုနစ်ပါးနှင့်ချက်သည်။ ထမင်းပေါ်တွင် ရွှေကြက်ဥနှင့် ရွှေမှုန်၊ ငွေမှုန်များထားရှိသည်။ အခမ်းအနားမစမီ ဘုရင်ကြီး ထိုင်ရမည့် သလွန်တော်၏ ဘယ်ဘက်အောက်ကော်ဇောပေါ်၌ ကျွန်မက ထိုင်နေရသည်။ ဘုရင်ကြီး ကြွမြန်းလာသောအခါ ပရိသတ်အားလုံး လက်အုပ်ချီကာ အရိုအသေပြုကြရသည်။ ကျွန်မလည်း လက်အုပ်ချီလျက် ထိုင်နေသည်။ ဘုရင်ကြီး သလွန်ပေါ်၌ ထိုင်လိုက်သောအခါ ပုဏ္ဏားဖြူ ပုဏ္ဏားညိုတို့က ခရုသင်းမှုတ်ကြတော့သည်။ ခရုသင်းအသံသည် မင်္ဂလာအပေါင်းအား ဖိတ်ခေါ်လွှမ်းခြုံလိုက်သကဲ့သို့ ရှိသည်။

ဘုရင်ကြီးလက်တော်နှင့် ကျွန်မလက်တော်အား ရွှေကြိုးပတ်၍ ပတ္တမြားစီဖလားဖြင့် ရေသွန်းလောင်းသည်။ ထိုအခါ စည်တော်ကြီး တီးသည်။ စည်တော်ကြီးတီးပြီးသောအခါ ပုဏ္ဏားကြီးသည် ဗြဟ္မာကြီးဟန်ပန်ပြု၍

> ဆင်ဖြူများရှင်
> ဘဝရှင်မင်းတရားကြီးက
> ကျွန်မအား
> မိဖုရားငယ်အဖြစ်
> အသိအမှတ်ပြုမည့်
> နေ့ရက်ရောက်လာပြီ
> ဖြစ်သည်။

"ငါတို့ကမ္ဘာဦးက ဗြဟ္မာဖြစ်သည်။ မင်းစကြာဇနှင့် ခတ္တိယအနွယ်ဝင်မင်းသမီးတို့ လက်ထပ်လျှင် အသက်တစ်ရာပတ်လုံး လူတကာတို့ စီးပွားကိုဆောင်၍ ငြိမ်းချမ်းသကဲ့သို့ မင်းနှစ်ပါးလည်း သက်တော်တစ်ရာရှည်၍ သာသနာတော်တွင် လူတကာတို့၏ စီးပွားကိုဆောင်၍ ငြိမ်းချမ်းသာယာစေသော်"

… ဟူ၍ လက်ယာရစ်လှည့်ကာ ခရာသင်းနှင့် ဘိသိက်မြှောက်တော်မူသည်။ ထိုအခါ စည်တော်ကြီးတီး၍ ရွှေမိုးငွေမိုးရွာကာ လက်ထပ်ခြင်းအခမ်းအနားကို အဆုံးသတ်လိုက်သည်။

ကျွန်မ၏ လက်ထပ်ပွဲမင်္ဂလာကို ဗိုလ်လေးမင်းဖြတ်ဇသည် အဝေးမှ လှမ်းကြည့်နေမည်ဟု ကျွန်မ ထင်သည်။ ကျွန်မ၏ နှလုံးသားသည်လည်း ဗိုလ်လေးမင်းဖြတ်ဇထံသို့ ပေးထားလိုက်ပြီဖြစ်၍ ဤမင်္ဂလာပွဲသည် ကျွန်မအဖို့တော့ ရင်ခုန်ပျော်ရွှင်စရာတော့ မကောင်းပေ။

(၉)

မောင်တော်လေး ဖရှာ့နရီသည် နံနက်ပိုင်းတွင် စာသင်ရပြီး ညနေပိုင်းတွင် ဓားခုတ်၊ လှံထိုး၊ မြင်းစီးစသည့် စစ်ရေးစစ်ရာများကို သင်ကြားရသည်။ လိမ္မာရေးခြားရှိပြီး စစ်ရေးစစ်ရာ အတတ်ပညာများ၌ ကျွမ်းကျင်သဖြင့် ဘဝရှင်မင်းတရားကြီးက အလွန်ချစ်ခင်သည်။ အရေးပေးသည်။ သားတော်တစ်ပါးကဲ့သို့ အဆောင်အယောင်များပေး၍ စံမြန်းစေသည်။ ဖရှာ့နရီသည် ဘုရင်ကြီးကို အလုပ်အကျွေး ပြုပေးသည်။ သစ္စာရှိခြင်း၊ ကောင်းသော အမူအရာရှိခြင်းကြောင့် ဘုရင်ကြီးက ကရုဏာထားခြင်းကို ခံရသည်။ ဘဝရှင်မင်းတရားကြီးက မောင်တော်လေး ဖရှာ့နရီကို မျက်နှာသာပေးသဖြင့် ဘုရင့်သားတော် မဟာဥပရာဇာက မနာလိုမရှုစိမ့်ထားသည်။ မဟာဥပရာဇာသည် ဖရှာ့နရီ တတ်ကျွမ်းသမျှ ပညာရပ်များကို လိုက်ပြိုင်နေသော်လည်း မယှဉ်နိုင်သဖြင့် ဖရှာ့နရီအပေါ်၌ အကောင်းမမြင်နိုင် ရန်လိုလျက်ရှိသည်။ ဥပမာ - မြင်းစီးပြိုင်ခြင်း၊ အမဲလိုက်ခြင်း၊ ဆင်စီးချင်းထိုးခြင်းနှင့် အခြားယှဉ်ပြိုင်ပွဲတိုင်းတွင် မဟာဥပရာဇာကို ဖရှာ့နရီက နိုင်မြဲဖြစ်သည်။ မဟာဥပရာဇာသည် ဖရှာ့နရီအား မနာလိုဝန်တိုစိတ် ဖြစ်ပေါ်လာသဖြင့် ယခင်က ဆက်ဆံရေးအဆင်ပြေနေသော်လည်း နောက်တွင် နှစ်ဦးအကြား ဆက်ဆံရေး ပျက်ပြားလာခဲ့သည်။ မဟာဥပရာဇာသည် ဖရှာ့နရီကို အန္တရာယ်ပြုရန် မှူးမတ်များနှင့် ပူးပေါင်းကြံစည်လာသည်။ ထိုအကြောင်းကို ကျွန်မကကြားသိ၍ မောင်တော်ဖရှာ့နရီကို သတိပေးထားရသေးသည်။

ကျွန်မသည် ဟံသာဝတီရောက်ပြီး နှစ်နှစ်အကြာတွင် သမီးတော်လေးတစ်ပါး ဖွားမြင်သည်။ ဘဝရှင်မင်းတရားကြီးသည်လည်း မိဖုရားခေါင်ကြီး နတ်ရွာလားကတည်းက ကျွန်မအား ပိုမိုချစ်မြတ်နိုးတော်မူသည်။ သမီးတော်လေးအမည်အား "မေအထဝေး" ဟု အမည်ပေးထားသည်။ မေအထဝေးဆိုသည်မှာ မယ်ထွေးလေးဟု အဓိပ္ပါယ်ရသည်။

ကျွန်မဘဝကံကြမ္မာ အပြောင်းကြီးပြောင်းလဲဖို့ စတင်လိုက်သောနေ့တစ်နေ့သို့ ရောက်ရှိလာပါသည်။ ဟံသာဝတီနန်းတော်ကြီး၏ အပြင်ဘက် အရှေ့ရှိမတောအစပ်တွင် မင်းညီမင်းသားများ စုဝေးပျော်ပါးရာလွင်ပြင်တစ်ခုရှိပါသည်။ ထိုနေ့တွင် ထိုလွင်ပြင်၌ မဟာဥပရာဇာ၏ ကြက်နှင့် ဖရှာ့နရီကြက်တို့ တိုက်သည့်ကြက်ပွဲ ပြုလုပ်ကြသည်။

ဖရှာ့နရီ၏ အသက်သည် (၁၅) နှစ်ဖြစ်၍ မဟာဥပရာဇာ၏ အသက်သည် (၂၂) နှစ်ဖြစ်သည်။ ဖရှာ့နရီထက် မဟာဥပရာဇာက ခုနစ်နှစ်ကြီးသည်။ သို့သော်လည်း ဖရှာ့နရီက အလွန်ထွားကြိုင်းသဖြင့် မဟာဥပရာဇာ၏ ကိုယ်လုံးကိုယ်ထည်လောက် ရှိနေသည်။ ယိုးဒယားကြက်နှင့် ဗမာကြက် တိုက်ပွဲဖြစ်၍ လူတိုင်းက စိတ်ဝင်စားကြသည်။ မင်းညီမင်းသားများ၊ စစ်သူကြီးများ၊ စစ်သည်တော်များ အများအပြားကလည်း ထိုကြက်ပွဲကို အထူးစိတ်ဝင်စားသဖြင့် လာရောက်ကြည့်ကြပါသည်။ သို့ကြောင့် ကြက်ပွဲသည် အထူးစည်ကားနေသည်။ လောင်းကြေးများလည်း ပွဲမစခင်ကပင် အတော်ပင်များနေပြီဖြစ်သည်။ မဟာဥပရာဇာ၏ကြက်အား ပြုစုပေးသော ကြက်ခွဲသည် မြန်မာအဘိုးကြီးတစ်ဦးဖြစ်သည်။ ခါးတောင်းကျိုက်ထားပြီး အင်္ကျီမပါ ဗလာဖြစ်သည်။ အသားအရောင်မှာ အင်းဝသားကဲ့သို့ အသားမည်းသည်။ ရင်ဘတ်၊ ခါးနှင့် ပေါင်တို့တွင် ထိုးကွင်းကြီးများ အပြည့်ထိုးထားသည်။ မဟာဥပရာဇာ၏ ကြက်သည် အစ်ကိုတော် အင်းဝဘုရင် မြှောက်သားတော် သတိုးမင်းစောက လက်ဆောင်ပေးလိုက်သော ဗမာကြက်ဖြစ်သည်။ ဖရှာ့နရီကြက်သည် ကျွန်မတို့ ဟံသာဝတီမြို့တော်သို့ လာရောက်စဉ်ကပင် ဖရှာ့နရီယူလာသော ယိုးဒယားကြက်ဖနှင့်

ကြက်မမှ ပေါက်ဖွားလာသော ကြက်ဖြစ်သည်။

ကြက်တို့၏ ခွပ်နည်းခွပ်ဟန်မှာ မျိုးရိုးဗီဇကလာခြင်းဖြစ်သည်။ ဒီနေ့ပွဲသည် ဗမာကြက်နှင့် ယိုးဒယားကြက်တို့ဖြစ်၍ မည်သည့်ကြက်မျိုးက ခွပ်လက်သာသည်ကို ကြည့်လိုကြသည်။

ကြက်ခွပ်မည့် စည်းဝိုင်းကို ဆယ်တောင်စည်း ဝိုင်းလိုက်သည်။ မကြာမီတွင် ကြက်ဝိုင်းစည်းကမ်းများကိုပြောဆိုပြီးနောက် နဂါးလှည့်၊ နတ်နေ၊ လာဘ်နေရွေးကြပြီး ကြက်နှစ်ကောင်လွှတ်ကြလေသည်။ ဖရှာနရီဘက်က ကြက်စွဲသည် မွန်အဖိုးကြီးတစ်ယောက်ဖြစ်သည်။ သူသည်လည်း ခါးတောင်းမြှောက်အောင်ကျိုက်ထားသည်။ အသားက ဖြူသဖြင့် ပေါင်မှထိုးကွင်းများက ကြည့်၍ကောင်းသည်။ မဟာဥပရာဇာ၏ကြက်သည် တစ်လမ်းကောင်း ကြက်ထိုးကြက်တက် ဖြစ်သည်။ ဖရှာနရီ၏ယိုးဒယားကြက်က ထိုကြက်၏ အထိုးအဆိတ်များကို ကောင်းကောင်းဖျက်နိုင်သည်။ ယိုးဒယားကြက်သည် ဗမာကြက် တိုက်စစ်ဆင်ခွပ်သည်ကို ရှောင်လိုက်၊ ရှောင်လိုက်ဖြင့် လုပ်ပြီး အကွက်ဝင်ပါက ပြန်ပြန်ခွပ်သည်။ အချိန်အနည်းငယ်ကြာလာသည့်တိုင် မဟာဥပရာဇာ၏ ဗမာကြက်က ဖိ၍ခွပ်နေပြီး ယိုးဒယားကြက်က ကြိုက်ပေါက်တစ်ချက်မျှ မခွပ်ရသေးသဖြင့် ဗမာကြက်က သာသလိုဖြစ်နေသည်။ ထို့ကြောင့် မဟာဥပရာဇာသည် ပြုံး၍ လက်ပိုက်ထားကာ ဝင့်ကြွားဟန်ဖြင့် ကြည့်နေသည်။ ယိုးဒယားကြက်သည် ဗမာကြက်၏ ခွပ်သည့်အတက်ကို ဆီး၍ ဆီး၍ ဖျက်နေတုန်းဖြစ်သည်။ ထိုသို့ဖြင့် ပထမအချီ ပြီးသွားသည်။

ငါတို့ကြက်ကို
သာမန်ကြက်လို့မမှတ်နဲ့ . . .
ယိုးဒယားကြက်ကွ . . .
ရန်သူတိုင်းပြည်ကို
ပြာမှုန့်ဖြစ်သွားအောင်
မီးလောင်တိုက်သွင်းမယ့်
ကြက်ကွ . . .

ဒုတိယအချီလွှတ်၍ အချိန်အနည်းငယ်အကြာတွင် ယိုးဒယားကြက်က ဗမာကြက် ပျံတက်အလာတွင် ဆီး၍ တွန်းလှန်ခွပ်လိုက်ရာ ဗမာကြက် ဖင်ထိုင်ကျသွားသည်။ ဗမာကြက်သည် အထခြေ မပြင်ရမီ အတောင်ကားကားနှင့် တစ်စောင်းရှိနေစဉ် ဖရှာနရီ၏ ယိုးဒယားကြက်က ခြေအစုံ ထိုးခွပ်လိုက်ပြန်သည်။ အထောင်ခွကြား မှန်လေသည်။ မဟာဥပရာဇာ၏ ကြက်သည် အတော်ကြောက်သွားပုံရသည်။ ကြိုးစားထပြီး ဒယိမ်းဒယိုင်နှင့် စည်းဝိုင်းအပြင်သို့ ထွက်ပြေးလေတော့သည်။

ကြက်ဝိုင်းကို ကြည့်သူအပေါင်းက မဟာဥပရာဇာကြက် စည်းဝိုင်းအပြင်သို့ ထွက်ပြေးသည်ကို သဘောကျ၍ ရယ်မောကြသည်။ တချို့ကလည်း "ဒါ ယိုးဒယားကြက်ကွ၊ ဗမာကြက်ကတော့ ကြောက်လို့ ပြေးပြီဟေ့"ဟု ပြောဆိုရယ်မောကြသည်။ ထိုလှောင်ပြောင်သံများကြောင့် အရှုံးပေးလိုက်ရသော မဟာဥပရာဇာ၏ မျက်နှာတစ်ခုလုံး တင်းမာနီရဲလာတော့သည်။

"တောက် . . . သံ့ပန်းရဲ့ကြက်က နိုင်ရတယ်လို့ကွာ"

မဟာဥပရာဇာသည် မခံချင်သော ဒေါသစိတ်ဖြင့် တောက်ခေါက်ကာ နှိမ့်ချသောစကား ပြောလိုက်ခြင်းဖြစ်သည်။

ဖရှာနရီသည် ငယ်သူဖြစ်၍ သူ့ကြက်နိုင်သွားသဖြင့် ဣန္ဒြေမဆယ်နိုင်အောင် ပြုံးပျော်နေသည်။ ဖရှာနရီ အောင်ပွဲခံ ပြုံးပျော်နေသည်ကို မြင်တွေ့နေရသော မဟာဥပရာဇာသည် ပို၍ပင် ခံပြင်းဒေါသ ထွက်လာတော့သည်။

"ကျွန်ဆိုတာ ကျွန်ပဲ . . . ဘယ်တော့မှ သခင်မဖြစ်ဘူးကွ မှတ်ထား"

မဟာဥပရာဇာ၏စကားသည် ဖရှာနရီ၏စိတ်ဓာတ်ကို ချိုးနှိမ်ရန်နှင့် ဇာတိပုညဂုဏ်မာနကို ခြေသုတ်ပုဆိုး မြွေခွယ်ကျိုးဖြစ်စေရန် တမင်ရည်ရွယ်၍ ပြောလိုက်ခြင်းဖြစ်သည်။

ဖရှာနရီလည်း မဟာဥပရာဇာ၏စကားကြောင့် ရယ်မောနေရာမှ ရပ်လိုက်ပြီး မဟာဥပရာဇာကို စိုက်ကြည့်လိုက်သည်။ ပြီးနောက် ခက်မာကျယ်လောင်သောအသံဖြင့် ပြန်ပြောလိုက်၏။

"ငါတို့ကြက်ကို သာမန်ကြက်လို့မမှတ်နဲ့ . . . ယိုးဒယားကြက်ကွ . . . ရန်သူတိုင်းပြည်ကို ပြာမှုန့်ဖြစ်သွားအောင် မီးလောင်တိုက်သွင်းမယ့် ကြက်ကွ . . ."

ကြက်ပွဲသည် ပြီးဆုံးသွားသော်

လည်း မဟာဥပရာဇာနှင့် ဖရှုနရီတို့သည် တစ်ဦးပေါ်တစ်ဦး အကြိတ်အခဲအာဃာတများ တင်ကျန်သွားလေတော့သည်။

မဟာဥပရာဇာသည် ဘဝရှင်မင်းတရားကြီးအား ဖရှုနရီအကြောင်းကို ချောက်တွန်းတိုင်ကြား လျှောက်ထားသည်ဟု ကြားသိရသည်။

ယိုးဒယားသံ့ပန်းအဖြစ် ခေါ်ဆောင်လာသော ဖရှုနရီအပေါ်တွင် ဘဝရှင်မင်းတရားကြီးက ရင်ဝယ်သားကဲ့သို့ ကရုဏာတော်ထားပြီး

**မောင်တော်တော့**
**ယိုးဒယားကို**
**မပြန်လို့မဖြစ်တော့ဘူး ...**
**မဟာဥပရာဇာက**
**မောင်တော့်ကို အငြိုးကြီး**
**ငြိုးနေပြီ၊**

နှစ်သက်သဘောကျနေတော် မူသော်လည်း ယခုအချိန်မှာ ဖရှုနရီသည် ရန်သူအဖြစ် ဘက်ပြောင်းသွားပြီဖြစ်ကြောင်း သူ့ကို ကြက်ပွဲ၌ပြောသော “ငါတို့ကြက်က သာမာန်ကြက်လို့ မမှတ်နဲ့ ... ယိုးဒယားကြက်ကွ ... ရန်သူ့တိုင်းပြည်ကို ပြာမှုန့်ဖြစ်သွားအောင် မီးလောင်တိုက်သွင်းမယ့် ကြက်ကွ” ဟု ပြောကြောင်း လျှောက်ထားသည်။ ယခုအခါ ဖရှုနရီသည် ဘဝရှင်မင်းတရားကြီးအပေါ် သစ္စာစောင့်သိမှုကို စွန့်လွှတ်လိုက်ပြီး ယိုးဒယားသို့ပြန်ရန် ပြင်ဆင်နေပြီဖြစ်ကြောင်း လျှောက်ထားသည်။ ဘဝရှင်မင်းတရားကြီးကိုလည်း မဟာဥပရာဇာဘက်တော်သား အမတ်များကလည်း သက်သေခံ လျှောက်ထားကြလေသည်။ ဘဝရှင်မင်းတရားကြီးက ...

“ဖရှုနရီသည် ကလေးတစ်ဦးသာဖြစ်တယ် ... ကြီးသူတွေက သည်းခံပြီး၊ ချော့မော့ထိန်းကျောင်းသွန်သင်ကြရမှာပေါ့ ...လူတိုင်းမှာ အားနည်းချက်၊ ချို့ယွင်းချက်တွေ ရှိကြတယ်။ အားနည်းချက်ကို သည်းခံပြီး၊ ချို့ယွင်းချက်ကို မသိကျိုးကျွန်ပြုကာ တစ်ဦးကိုတစ်ဦး ယုံကြည်ကြမှ သင့်မြတ်ကြမှာကွယ့်” ဟု ပြောဆိုမိန့်တော်မူသည်ဟု သိရသည်။

(၁၀)

ဖရှုနရီသည် မဟာဥပရာဇာ၏ ဘက်တော်သားများက သူ့အား လုပ်ကြံမည်ကို စိုးရိမ်လာတော့သည်။

ဖရှုနရီသည် ယိုးဒယားသို့ ထွက်ပြေးရန် ကြံစည်တော့၏။ သူနှင့် စိတ်တူ ကိုယ်တူဆောင်ရွက်မည့်သူများကို ရှာကြံ၏။ ဖရှုနရီ လူအင်အားစုရာတွင် သတ်ရဲဖြတ်ရဲသော တောပုန်းဓားပြများ၊ တောကျွမ်းသော မုဆိုးများ၊ ယိုးဒယား သံ့ပန်းများနှင့် မွန်လူမျိုးတချို့အား စည်းရုံးစုစည်းသည်။ သူစီးရန် မုန်ခွန်ချာအမည်ရှိ ဆင်တော်ကိုလည်း တောမုဆိုးများထံမှ ရရှိထားပြီးဖြစ်သည်။

ဖရှုနရီသည် လူအင်အား၊ လက်နက် စုဆောင်းပြီးသောအခါ ကျွန်မထံသို့ စာလွှာပေးပို့လိုက်လေသည်။ သူ၏စာလွှာကို ဖတ်ကြည့်ရာ ကျွန်မ ခေါင်းနပန်းကြီးသွားရ၏။ စိုးရိမ်စိတ်များ အထွတ်အထိပ်ရောက်သွားတော့သည်။

စာထဲတွင် သူ ယိုးဒယားသို့ ထွက်ပြေးတော့မည်ဖြစ်ကြောင်း၊ လူအင်အား လက်နက်အင်အား စုဆောင်းပြီးပြီဖြစ်ကြောင်း၊ အစ်မတော်လည်း သူနှင့်အတူတကွ လိုက်ပါစေလိုကြောင်းတို့ ပါရှိသည်။ သူ၏ စာလွှာလာပို့သူ မွန်စစ်သားအား ဒီညတွင် ဖရှုနရီကို အစ်မတော်အဆောင်သို့ လာပါရန် မှာကြားလိုက်သည်။

မောင်တော်လေး ဖရှုနရီ ကျွန်မထံရောက်လာသည်နှင့် သူ့ရဲ့အစီအစဉ်များကို ကျွန်မအား ပြောပြပါသည်။

“မောင်တော်တော့ ယိုးဒယားကို မပြန်လို့မဖြစ်တော့ဘူး ... မဟာဥပရာဇာက မောင်တော့်ကို အငြိုးကြီးငြိုးနေပြီ၊ သူ မောင်တော့်ကို လုပ်ကြံမှာ သေချာနေပြီ အစ်မတော်”

မောင်တော်လေး ဖရှုနရီစကားကြောင့် ကျွန်မ စိုးရိမ်ပူပန်သောစိတ်ဖြင့် ရှေ့ဆက်ဘာလုပ်ရမည်ကို မဆုံးဖြတ်တတ်တော့ပါ။

“မောင်တော်လေးနဲ့ အစ်မတော်တို့ ... ယိုးဒယားကို ထွက်ပြေးမယ်ဆိုရင် ဘဝရှင် မင်းတရားကြီးသိမှာ အစ်မတော် ကြောက်တယ်၊ သိသွားရင် အစ်မတော်ရော မောင်တော်လေးပါ ကွက်မျက်ခံရမှာ”

“မသိပါဘူး အစ်မတော်ရယ် ... အမြန်ဆုံး ထွက်ပြေးကြတာပဲဟာ”

“အင်း ... ထွက်ပြေးတာ လွတ်မြောက်သွားရင် မသေဘူး၊ မလွတ်ရင်တော့ သေမှာနော် ...၊ ဒါကို

အစ်မတော်က စိုးရိမ်နေတာ ...''

''ဟာ ... လွတ်အောင်ပြေးနိုင်ပါတယ် အစ်မတော်ရယ်၊ အခု မောင်တော်က ကလေးမဟုတ်တော့ဘူးဗျ၊ မောင်တော်မှာလည်း ဆင်၊ မြင်း၊ လူသူအင်အား အပြည့်အစုံ စီမံထားပြီးသားပါ''

မောင်တော်လေး ဖရာ့နရီက ကျွန်မကိုပါ သူနဲ့အတူ လိုက်ပါရန် ဆန္ဒရှိနေသည်။ ကျွန်မစိတ်သည် ဆုံးဖြတ်ရ ခက်ခဲနေရသည်။

''စဉ်းစားပါဦး ... မော်တော်လေးရယ်''

ဖရာ့နရီသည် ကျွန်မ၏ စကားကို အတော်စိတ်ပျက်သွားပုံရသည်။ ခေါင်းကိုသာ တွင်တွင်ခါ၍ ပြောလာသည်။

''အစ်မတော် ... အကယ်၍ မပြင်ဆင်ရသေးလျှင်လည်း ထားတော့ ... အခုက ထွက်ပြေးဖို့ လူ၊ လက်နက် အစစ အဆင်သင့်ဖြစ်နေပြီ၊ မောင်တော်တို့ မပြေးဖြစ်ရင် နောင်အခါ ဒီလိုကြံစည်ခဲ့ကြောင်း သိသွားမှာ မောင်တော်လေးတို့မပြေးလို့ ဒီအကြောင်းသိသွားရင်လည်း အသတ်ခံရမှာပဲ၊ မပြေးရင် ကိုယ့်ကိုယ်ကို သေအောင်လုပ်သလို ဖြစ်တော့မယ်၊ ပြေးလို့လွတ်မြောက်သွားရင် မသေတော့ဘူး''

မောင်တော်လေး ဖရာ့နရီ ပြောသောစကားသည်လည်း မှန်နေပေသည်။ မဟာဥပရာဇာနှင့်အဖွဲ့က သူ့ကို လုပ်ကြံသတ်ဖြတ်ရန် ကြံစည်နေသဖြင့် သူ ယိုးဒယားသို့ ထွက်ပြေးရမည်။ ထွက်ပြေးရန်လည်း အစစ အပြင်ဆင်ထားပြီးပြီ၊ ဒီအခြေအနေရောက်မှ ထွက်မပြေးတော့ရင်လည်း တစ်ချိန်ချိန် သိသွားရင် ကွက်မျက်ခံရမည်။ ဒီကြားထဲ မဟာဥပရာဇာ၏ အဖွဲ့က မလုပ်ကြံကြဘူးဟု မပြောနိုင်သော အခြေအနေတွင် ရောက်နေသည်။

ကျွန်မတွင်လည်း သုံးနှစ်အရွယ် သမီးတော်လေး ''မေအထဝေး''ကလည်း ရှိနေသည်။ ယခုတွင် ကျွန်မ၌ မွေးခါနီး ဖွားခါနီး ကိုယ်ဝန်ရှစ်လ ကျော်ရှိနေသည်။ မော်တော်လေးတို့ ထွက်ပြေးကြမည်ဆိုလျှင် ခရီးအပြင်းနှင်ကြမည်ဖြစ်သည်။ မောင်တော်တို့ သွားမည့် ခရီးကြမ်းအား ကျွန်မက လိုက်နိုင်ဖို့ မလွယ်ပေ။ ကျွန်မလည်း အတော့်ကို အကြံအိုက်၍နေတော့သည်။

ကျွန်မက ဆုံးဖြတ်ချက်မချလို့ မဖြစ်တော့။ ကျွန်မလည်း အတော်စဉ်းစားပြီးမှ ကျွန်မရဲ့ ဆုံးဖြတ်ချက်ကို မောင်တော်လေး ဖရာ့နရီကို ပြောလိုက်သည်။

''အစ်မတော်ဟာ...ဟံသာဝတီနိုင်ငံရဲ့ မိဖုရားငယ်တစ်ပါးလည်း ဖြစ်ပြီး၊ အစ်မတော်မှာ ဘဝရှင်မင်းတရားကြီးနဲ့ သမီးတော်တစ်ပါးရှိနေပြီ၊ အခုလည်း ကိုယ်ဝန်ရှစ်လကျော် ဆောင်ထားရပြီ၊ ဒါကြောင့် အမိမြေကို မောင်တော်လေးနဲ့ မလိုက်နိုင်တော့ဘူး ... ကွယ်''

ဖရာ့နရီသည် ကျွန်မ၏ ဆုံးဖြတ်ချက်စကားကို ကြားရသောအခါ အတော့်ကိုပင် စိတ်ပျက်ဒေါသ ဖြစ်သွားပုံရသည်။

''သိပါပြီ အစ်မတော် ... ဆွေမျိုးထက် လင်ယောကျ်ားကို ပိုချစ်နေမှတော့ ... အစ်မတော်က လင်ယောကျ်ားကို မခွဲနိုင်ဘူး မဟုတ်လား၊ အခုလို မိဖုရားတစ်ပါး အဆောင်အယောင်တွေနဲ့ဆိုတော့ ဟံသာဝတီကို မက်လောက်တာ အဆန်းမဟုတ်ပါဘူးဗျာ ...''



ဖရာ့နရီသည် ကျွန်မအား ပြစ်တင်သောစကားကို ခနဲ့တဲ့တဲ့ ပြောနေပြီ ဖြစ်သည်။

"မောင်တော် ... ပြန်တော့မယ်၊ ဒီညမှာပဲ ... မောင်တော်တို့ ယိုးဒယားကို ထွက်ခွာကြတော့မယ် ... အစ်မတော်ကို နှုတ်ဆက်ကန်တော့ခဲ့ပါတယ်"

မောင်တော်လေး ဖရာ့နရီသည် ကျွန်မ၏ ခြေအစုံကို ဦးခိုက်ကန်တော့လိုက်သည်။ ကျွန်မလည်း မောင်တော်လေး ဖရာ့နရီကိုကြည့်ပြီး မျက်ရည်များဝဲလာသည်။ အသံများပါ တုန်ရီလာပြီး သူ့အား ဆုပေးလိုက်ပါသည်။

"လွတ်မြောက်ပါစေ ... ယိုးဒယားကိုလည်း ကောင်းမွန်ချောမွေ့စွာ ပြန်လည်ရောက်ရှိပါစေ ..."

(၁၁)

မဟာဥပရာဇာက ဖရာ့နရီ ယိုးဒယားကို ထွက်ပြေးကြောင်း နံနက်ပိုင်းတွင်ပင် သိရှိသွားသည်။ မဟာဥပရာဇာသည် သူ၏စစ်သည်ရဲမက်



များကို စုစည်းကာ လက်နက်အပြည့်အစုံတပ်၍ ဖရာ့နရီနောက်သို့ အပြင်းလိုက်ကြသည်။ ဖရာ့နရီတို့တပ်ဖွဲ့ကလည်း နောက်က မဟာဥပရာဇာ၏ တပ်များ လိုက်လာကြမည်ကို တထစ်ချ သိထားပြီးဖြစ်သည်။ သို့ကြောင့် မနားတမ်း ယိုးဒယားသို့ ပြေးကြလေသည်။

သို့သော်လည်း ယိုးဒယားနှင့် မြန်မာနယ်စပ် ဘုရားသုံးဆူတွင် မဟာဥပရာဇာတပ်များသည် ဖရာ့နရီတို့ တပ်ဖွဲ့အား မီသွားသည်။ ဖရာ့နရီလည်း မပြေးသာတော့သဖြင့် မဟာဥပရာဇာကို ရင်ဆိုင်လိုက်တော့သည်။

မဟာဥပရာဇာသည် ဖရာ့နရီကို တွေ့သောအခါ သူ့စစ်သည်များကို လက်ပြ၍ မတိုက်ခိုက်ရန် တားလိုက်သည်။ ဖရာ့နရီ၏ တပ်ဖွဲ့များလည်း ခေါင်းဆောင်နှစ်ဦး ပြောကြမည့် စကားများကို ငံ့လင့်နေကြသည်။ မဟာဥပရာဇာသည် ဖိစနုလို့မြို့မှ သိမ်းယူလာသော ဆင်ဖြူတော်လေးစီးအနက် ဖရာ့ခချေထရိဒုံဆင်ဖြူတော်ကို စီးလာသည်။ ဖရာ့နရီသည် မုဆိုးများဆက်သသော မုန်ခွန်ချာအမည်ရှိ ဆင်ကို စီးထားသည်။ ဖရာ့နရီက ကြည့်လိုက်သည်နှင့် မဟာဥပရာဇာ စီးထားသော ဆင်သည် သူတို့၏ ဖိစနုလို့မြို့မှ သိမ်းယူလာသော ဆင်ဖြူ အထီး ဖရာ့ခချေထရိဒုံဖြစ်မှန်း သိလိုက်သည်။ ထိုဆင်သည် သူနှင့် ငယ်စဉ်ကပင် အတွေ့အထိရှိထားပြီး ဖြစ်သည်။

ဖရာ့နရီက မဟာဥပရာဇာအား ပြောသည်။

"နောင်တော် မဟာဥပရာဇာ နှစ်ဖက်စစ်ခင်းလျှင် စစ်သည်ရဲမက်

များ မသေသင့်ဘဲ သေကျေရမည်။ နောင်တော်လည်း ယောကျ်ား၊ ညီတော်လည်း ယောကျ်ားဖြစ်သည်။ ကျွန်ုပ်တို့၏ အရေးပြဿနာကို ကျွန်ုပ်တို့ နှစ်ဦးသာ ရှင်းသင့်သည်။ နောင်တော် သတ္တိရှိပါက ညီတော်နှင့် နှစ်ဦးချင်း ဆင်ဖြင့် စီးချင်းထိုးဖို့သာပင်"ဟု ပြော၏။

မဟာဥပရာဇာလည်း ကိုယ့်ထက်ငယ်သောသူက နှစ်ဦးချင်း စီးချင်းထိုးရန် စိန်ခေါ်နေသဖြင့် ရင်ဆိုင်ကြရတော့သည်။

ဆင်နှစ်စီးသည် အဝေးမှပြေး၍ ဦးခေါင်းချင်းတိုက်ကြ၏။ အစွယ်ချင်း ယှက်ကြ၊ ထိုးကြ၏။ ဆင်ချင်းပူးကပ်သွားပါက မဟာဥပရာဇာနှင့် ဖရှေ့နရိတို့သည် တစ်ယောက်ကို တစ်ယောက် ဓားဖြင့် လှမ်းခုတ်ကြသည်။ တိမ်းရှောင်ကြသဖြင့် မထိကြ။ နောက်တစ်ချီ ဆင်ချင်းနီးကပ်လာစဉ်တွင် ဖရှေ့နရိသည် မဟာဥပရာဇာစီးလာသော ဆင်ကို "ဖရှေ့ခချေထရိဒ္ဒံ" ဟု လှမ်းခေါ်လိုက်သည်။ မဟာဥပရာဇာစီးလာသော ဆင်သည် သူ၏အမည်ကို ခေါ်သံကြားသဖြင့် တုန့်ကနဲရပ်သွားသည်။ ထိုအခါမှ ဖရှေ့နရိသည် သူစီးထားသောဆင်အား ဖရှေ့ခချေထရိဒ္ဒံအမည်ရှိ မဟာဥပရာဇာစီးလာသော ဆင်ဘေးသို့ တိုးကပ်သွားလိုက်သည်။

"ဖရှေ့ခချေထရိဒ္ဒံ … နွံ … နွံ …"

ဖရှေ့နရိသည် ဖရှေ့ခချေထရိဒ္ဒံ ဆင်အား "လှဲအိပ်လိုက် လှဲအိပ်လိုက်"ဟု ထိုင်းစကားဖြင့် ပြောလိုက်သည်။ ထိုအခါ မဟာဥပရာဇာ၏ ဆင်သည် မြေပြင်၌ လှဲအိပ်လိုက်တော့သည်။ ဆင်လှဲ အိပ်လိုက်သည်နှင့် မဟာဥပရာဇာလည်း ဟန်ချက်ပျက်သွားသည်။ ထိုအချိန်တွင် ဖရှေ့နရိသည် သူ့ဆင်အပေါ်စီးမှ လှဲကျသွားသော ဆင်ပေါ်ရှိ မဟာဥပရာဇာကို လှံဖြင့်ပစ်ထိုးလိုက်လေသည်။ မဟာဥပရာဇာ၏ ပေါင်တွင် လှံစိုက်ပြီး ထိုလှံသွားသည် ဆင်၏ အသားထဲသို့ပင် လက်လေးသစ်ခန့် ဝင်သွားလေတော့သည်။ ဖရှေ့နရိသည် မဟာဥပရာဇာအား မသတ်၊ ချက်ချင်းပင်လှည့်၍ ယိုးဒယားဘက်သို့ အသော့နှင်ထွက်ပြေးသွားလေတော့သည်။

မဟာဥပရာဇာ တပ်များသည်လည်း ခေါင်းဆောင်လှံထိပြီး လဲပြိုသွားသဖြင့် ဖရှေ့နရိထံဆက်မလိုက်ပေ။ မဟာဥပရာဇာလည်း ပေါင်မှဒဏ်ရာကြောင့် ဟံသာဝတီသို့ ပြန်ရလေသည်။

မဟာဥပရာဇာသည် ဖရှေ့နရိကို ရှုံး၍ ဒဏ်ရာနှင့် ပြန်လာရသည်ကို ဆင်ဖြူများသခင် ဘဝရှင်မင်းတရားကြီးသိသောအခါ အလွန်ပင် ဒေါသထွက်သည်။ မဟာဥပရာဇာအားလည်း ကိုယ့်ထက်ငယ်သူကိုပင် မနိုင်ရကောင်းလားဟု အပြစ်တင်တော်မူသည်။ မဟာဥပရာဇာနှင့်အတူ လိုက်ပါသွားကြသော စစ်သူကြီးများကို ဖရှေ့နရိထံဆက်မလိုက် မဖမ်းနိုင်ရကောင်းမလားဟုဆိုကာ အကျဉ်းချထားလိုက်သည်။

ဆင်ဖြူရှင်မင်းတရားကြီးသည် ကျွန်မအားလည်း မေးတော်မူ၏။

"မင်းသမီးတော် … မောင်တော် ဖရှေ့နရိနှင့် ဘာကြောင့်လိုက်မသွားတာလဲ …"

"ကျွန်မဟာ … အရှင်မင်းကြီးရဲ့ မိဖုရားငယ်တစ်ပါးပါ။ အရှင်မင်းကြီးနှင့် ရထားတဲ့ သမီးတော်လည်း ရှိနေပြီး၊ ယခုလည်း အရှင်မင်းကြီးရဲ့ကိုယ်ဝန်ကို လွယ်ထားရပါတယ်ဘုရား၊ ကျွန်မဟာ … အရှင်မင်းကြီးနဲ့ ခွဲခွာမနေသင့်ပါဘုရား"

"ကောင်းလေစွ … ကောင်းလေစွ"

ထိုအဖြစ်အပျက်များ ပြီး၍ မကြာမီတွင် ဘဝရှင်မင်းတရားကြီးသည် လင်းဇင်းသို့ စစ်ချီရသည်။ မဟာဥပရာဇာကို ပေါင်မှဒဏ်ရာ မပျောက်သေးသဖြင့် စစ်ချီရာသို့ မခေါ်သွားပေ။

ရက်အနည်းငယ် အကြာတွင် မဟာဥပရာဇာသည် ပေါင်မှဒဏ်ရာ အနည်းငယ်ပျောက်လာ၏။ ဘဝရှင်မင်းတရားကြီးသည်လည်း စစ်ထွက်နေ၍ နန်းတော်၌ မရှိချေ။ မဟာဥပရာဇာသည် ဖရှေ့နရိကို အခဲမကျေသေးသဖြင့် ကျွန်မကို ရန်ရှာလာသည်။

မဟာဥပရာဇာလည်း
ကိုယ့်ထက်ငယ်သောသူက
နှစ်ဦးချင်း စီးချင်းထိုးရန်
စိန်ခေါ်နေသဖြင့်
ရင်ဆိုင်ကြရတော့သည်။

တစ်နေ့တွင် ကျွန်မနန်းဆောင်အား မဟာဥပရာဇာသည် ဝေါစီး၍ ရောက်လာသည်။ သူ့နောက်တွင် အမတ်ကြီး ဗညားဒလလည်း ပြာပြာသလဲလိုက်လာသည်။ သူ၏ စစ်သည်ရဲမက်များလည်း လိုက်ပါလာသည်။

“ဒီကျွန်မက … ဖရာ့နရိရဲ့ ကြံ့ရာပါပဲ၊ ဒီကျွန်မကိုပါ သတ်ရမယ်”

မဟာဥပရာဇာ၏ အသံသည် နန်းဆောင်တစ်ခုလုံး ဟိန်းသွား၏။ ကျွန်မကို သူတို့၏ကျွန်ဟု နှိမ်နှိမ်ချချ ပြောခြင်းဖြစ်သည်။ မဟာဥပရာဇာသည် ဒေါသဖြင့် ကျွန်မနှင့် ကျွန်မသမီးအနီးသို့ ကပ်လာသည်။ ကျွန်မလက်ထဲမှ ကျွန်မသမီးတော်ကို ဆွဲခေါ်၍ ဓားဖြင့်ခုတ်ရန် ရွယ်လိုက်သည်။ ထိုအခါ အမတ်ကြီး ဗညားဒလက ဝင်၍တားသည်။

“မဟာဥပရာဇာဘုရား … မှားမယ်ဘုရား၊ ဒီသမီးတော်လေးဟာ … ဘဝရှင်မင်းတရားကြီးရဲ့ ရင်သွေးတော်ပါဘုရား … မလုပ်သင့်ပါဘုရား …”

အမတ်ကြီး ဗညားဒလက ဝင်ရောက်တားသဖြင့် မဟာဥပရာဇာသည် ဓားကိုပြန်ချလိုက်၏။ သို့သော်လည်း သမီးတော်လေးအား မလွှတ်သေး ကိုင်မြဲကိုင်ထားသည်။

အမတ်ကြီးဗညားဒလက ဆက်၍ လျှောက်တင်သည်။

“မဟာဥပရာဇာဘုရား … မင်းမျိုးမင်းနွယ်များရဲ့သွေး မြေကျရိုးမရှိပါဘုရား … ဘဝရှင်မင်းတရားကြီး၏ သွေးတို့သည် ပို၍ပင် မကျသင့်ပါဘုရား …”

မဟာဥပရာဇာသည် သမီးတော်အား ဆုပ်ကိုင်ထားရာမှ ပြန်လွှတ်လိုက်သည်။ ကျွန်မကလည်း သမီးတော်အား ဖက်၍ထားလိုက်သည်။

“အေး … ဒါဆို အမိန့်တော်မှတ်မယ် … ဒီကျွန်မနဲ့ သမီးတော်ကို ရေချသတ်စေ … ဒါပဲ”

မဟာဥပရာဇာသည် ဒေါကြီးမောကြီးဖြင့် ပြန်ထွက်သွားလေတော့သည်။

ညနေ၊နေဝင်စတွင် ကျွန်မနှင့် သမီးတော်လေးအား ရေချ၍ ကွက်မျက်ရန် ရာဇဝတ်သားများက လာခေါ်ကြသည်။ ကျွန်မနှင့် ကျွန်မသမီးတော်သည် ရေ၌ ကံတော်ကုန်ကြရတော့မည်ကို သိလိုက်ရသည်။ ကျွန်မသေပါကလည်း သေပေးနိုင်ပါသည်။ ကျွန်မသမီးလေး လူမမည်ကလေးလေးတစ်ဦး သေပေးရမည်မှာ မတရားမှုပင်ဖြစ်သည်။ ကျွန်မတို့ကို ခေါ်လာသည့် ရာဇဝတ်သားတို့သည် ဆယ်ဦးခန့်ရှိသည်။ ခေါင်းဆောင်ဖြစ်မည့် ရာဇဝတ်သားသည် ဝသောကိုယ်ခန္ဓာနှင့် ဗိုက်ကြီးက အိကျနေသည်။ ပုဆိုးအား ခါးတောင်းကျိုက်ထားသည်။ ကိုယ်ပေါ်၌ အင်္ကျီမပါ။ ထိုးကွင်းမင်ကြောင်များသည်လည်း တစ်ကိုယ်လုံးတွင် ပြည့်နေသည်။ မြစ်ဆိပ်သို့ရောက်သာအခါ ကျွန်မတို့သားအမိ လှေပေါ်သို့တက်ရ၏။ ကျွန်မက ကိုယ်ဝန်ကြီးနှင့်ဖြစ်သဖြင့် ခေါင်းဆောင်ရာဇဝတ်သားကြီးက ဖေးဖေးမမ လှေပေါ်သို့ တင်ပေးသည်။ လှေပေါ်၌ ကျွန်မတို့ကိုချီရန် ကြိုးနှင့် ကျွန်မတို့ကို ရေထဲသို့ချရာတွင် ပြန်မပေါ်လာစေရန် ကျောက်တုံးကြီးများ တင်ထားသည်။ ခေါင်းဆောင်ရာဇဝတ်သားကြီးက သူ၏ တပည့်များကို ပြောလိုက်သည်။

မင်းတို့ ဒီမှာနေခဲ့ကြ။ ဒီတဲပေါ်မှာ အရက်တစ်အိုးရှိတယ်။ သောက်ပြီးသာ ကျန်ခဲ့ကြ။ ငါနဲ့လှေလှော်ပေးမဲ့သူပဲ လိုက်သွားမယ်။ ရာဇဝတ်သားတို့သည် အရက်သေစာသောက်ကြရမည်ဖြစ်သဖြင့် ပျော်ရွှင်စွာနေရစ်ကြသည်။ ကျွန်မတို့ကို တင်ဆောင်လာသောလှေသည် မြစ်လယ်သို့ လှော်ခတ်နေ၏။ ခေါင်းဆောင်ရာဇဝတ်သားနှင့် လှေလှော်ပေးသောသူသည် မွန်လူမျိုးများဖြစ်သည်။ လှေသည် မြစ်လယ်သို့ရောက်သောအခါ နေလုံးသည် ကွယ်သွားပြီဖြစ်သည်။ ကမ်းစပ်သို့ မှုန်ဝါးဝါးသာမြင်ရသည်။ သမီးတော်လေးသည် အသက်သေရတော့မည်ကို မသိ။ လှေစီးရသဖြင့် ပျော်ရွှင်နေသည်။ လှေလှော်သူသည် ဆက်၍သာ လှော်နေ၏။ လှေသည် မြစ်လယ်ကိုကျော်၍ တစ်ဖက်ကမ်းသို့ပင် ရောက်လုနီးနေပြီဖြစ်သည်။

“ဦးကြီး … ဘယ်နားကို ကပ်ပေးရမှာလဲ …”

လှေလှော်သူက ခေါင်းဆောင်ရာဇဝတ်သားကြီးအား မေးလိုက်ခြင်းဖြစ်သည်။

“ဟိုတဲအိမ်လေးနားကို ကပ်ကွာ …”

တစ်ဖက်ကမ်းသို့ ကပ်စဉ်မှာပင် လှေ၌ပါလာသော ကျောက်တုံးကြီးများ၊ ကြိုးများကို ရေထဲသို့ပစ်ချလိုက်လေသည်။ မှောင်စအချိန်ဖြစ်၍ လူလုံးမကွဲတော့။ ကမ်းစပ်မြေပြင်ကိုပင် မြင်ဖို့အားစိုက်ကြည့်နေရသည်။

"မင်းသမီး ... ကမ်းပေါ် တက် ..."

ခေါင်းဆောင် ရာဇဝတ်သားကြီးက ကျွန်မကို ကမ်းပေါ်တက်ရန် ပြောကာ သူသည် သမီးတော်ကို ချီလိုက်သည်။ ကျွန်မလည်း မြစ်လယ်တွင် ကျွန်မတို့သားအမိအား ရေချမကွပ်မျက်ဘဲ တစ်ဖက်ကမ်းသို့ ခေါ်လာသည်ကို ကျွန်မ မတွေးတတ်တော့။ ကျွန်မသည် လှေဦးမှ ကမ်းစပ်မြေပေါ်သို့အဆင်းတွင် ကမ်းစပ်မှ လူတစ်ဦးက ကျွန်မလက်ကို ဆွဲကိုင်ပေး၍ ကျွန်မလဲပြိုမသွားစေရန် ထိန်းပေး၍ ဆင်းစေသည်။ ကျွန်မလက်ကို ဆွဲကိုင်သူကို အနီးကပ်ကြည့်လိုက်ရာ ဗိုလ်လေးမင်းဖြတ်ဇ ဖြစ်နေသည်။ ကျွန်မ ဝမ်းသာသွားတော့သည်။ ကျွန်မနှင့် ကျွန်မသမီးလေး မသေရတော့။

"ဗိုလ်လေး ကျုပ်တာဝန်ကျေပါတယ်နော်၊ ကျုပ်ပြန်တော့မယ် သတိနဲ့သာ သွားကြတော့"

ခေါင်းဆောင်ရာဇဝတ်သားကြီးက ဗိုလ်လေးမင်းဖြတ်ဇကို နှုတ်ဆက်စကားပြောလိုက်ခြင်းဖြစ်သည်။

"ကျေးဇူးပါ ... ဦးကြီး ... အားလုံး ဝိပိရိရိရှိပါစေ ..."

"မင်းသမီး ဒီတဲပေါ်ကို တက်ကြဦး၊ မင်းသမီး အဝတ်အစားတွေနဲ့ သွားလို့မဖြစ်ဘူး။ လမ်းမှာတွေ့မယ့်သူတွေက မင်းသမီးမှန်း သိလိမ့်မယ်။ မွန်တောသူတွေဝတ်တဲ့ အဝတ်အထည်တွေ တဲပေါ်မှာထားတယ်၊ လဲလိုက်ပါ"

ဗိုလ်လေးမင်းဖြတ်ဇက ကျွန်မကို အဝတ်လဲရန် ပြောသည်။ ကျွန်မလည်း တဲပေါ်သို့တက်ပြီး အဝတ်လဲသည်။ သမီးတော်လေး၏ အဝတ်များကိုပါ လဲပေးရသည်။ ဗိုလ်လေးမင်းဖြတ်ဇသည်ပင် တောသားတစ်ဦးပုံစံ ဝတ်စားထားသည်။

"ကဲ ... ဒီမှာ ကြာကြာနေလို့မတော်ဘူး၊ ဒီညပဲ နေပြည်တော်နဲ့ ဝေးဝေးရောက်အောင် သွားမယ်"

ဗိုလ်လေးမင်းဖြတ်ဇသည် ပြောဆိုပြီး၊ ကျွန်မနှင့် သမီးတော်လေးကို မြင်းပေါ်သို့ တင်ပေးသည်။



ကျွန်မနှင့် သမီးလေးကို မြင်းညိုကြီးအား စီးစေပြီး၊ ဗိုလ်လေးမင်းဖြတ်ဇက မြင်းကြိုးကိုဆွဲရန် ကုန်းကြောင်းလျှောက်၍ စတင်ထွက်ခွာလာတော့သည်။ ရာသီဥတုသည် ဆောင်းရာသီဖြစ်နေ၍ အအေးဓာတ်အနည်းငယ်ရှိနေသည်။ ညဉ့်နက်လာသောအခါ ပို၍ချမ်းအေးလာသည်။ တောလမ်းတွင် တဲအလွတ်တစ်လုံးတွေ့သောအခါ ကျွန်မတို့ နားကြသည်။ အိပ်ကြသည်။ ကျွန်မကိုယ်ဝန်ကြီးသည် မွေးခါဖွားခါနီး ဖြစ်နေသဖြင့် ဗိုလ်လေး မင်းဖြတ်ဇသည် ကျွန်မကို အလွန်ဂရုစိုက်ဖေးမပေးသည်။ နံနက်တွင် စစ်တောင်းမြစ်အား ဖြတ်ကူးရသည်။ လှေကြီးတစ်စီးငှား၍ လူရောမြင်းကြီးပါ ဖြတ်ကူးကြရသည်။ လမ်းရှာများ၌ နှုတ်ဆက်မေးသူများကို မိဘများနေသောဘုရားသုံးဆူရွာကို ကလေးမီးဖွားရန် သွားမယ်ဟု ပြောကြရသည်။ ကျွန်မသည် အသက်ဘေးမှ လွတ်လာ၍ ပျော်သလို ဗိုလ်လေး မင်းဖြတ်ဇနှင့် မမျှော်လင့်ဘဲတွေ့ရသဖြင့် မပြောတတ်အောင်ပင် ပျော်နေရသည်။ သမီးတော်လေးလည်း တောတောင်များ

ထဲတွင် သွားလာရ၍ ပျော်နေပုံရသည်။

(၁၂)

ရှေ့တွင် စမ်းချောင်းလေးရှိသည်။ စမ်းရေသည် ဖြေးညှင်းစွာစီးဆင်းနေသည်။ စမ်းရေအောက်ရှိ ရောင်စုံ ကျောက်တုံးကလေးများနှင့် ရွှေဝါရောင်သဲများက အလွန်လှပသည်။ စမ်းချောင်းအတွင်းသို့ ကိုင်းကျနေသည့် သစ်ပင်ကြီးတွင် ပန်းပွင့်အဖြူလေးများ ပွင့်လျက်ရှိသည်။ အစိမ်းရောင် အသီးလေးများလည်း အခိုင်လိုက် သီးနေကြသည်။ အပင်၏အမည်ကိုတော့မသိ။ အလွန်လှသဖြင့် နတ်တို့ဖန်ဆင်းထားသော အပင်တစ်ပင် ဖြစ်မည်ဟု ထင်မှတ်မိသည်။

ကျွန်မနှင့် သမီးတော်လေးသည် မြင်းပေါ်၌ စီးရသဖြင့် ရေထဲဆင်းစရာမလိုပေ။ ဗိုလ်လေးမင်းဖြတ်ဇက မြင်းကိုကြိုးဆွဲကာ စမ်းချောင်းလေးသို့ ဆင်းလိုက်သည်။ စမ်းချောင်းရေသည် ဗိုလ်လေး မင်းဖြတ်ဇ၏ ခါးလောက်နက်သည်ကို တွေ့လိုက်ရသည်။ ကျွန်မသည် စမ်းချောင်းထဲသို့ ကိုင်းကျနေသော သစ်ပင်ကြီး၏ အကိုင်းတစ်ကိုင်းမှ အသီးလေးများကို ခူးလိုက်သည်။ သမီးလေးကိုလည်း ဆော့ကစားရန် ပေးလိုက်သည်။ ကျွန်မတို့သားအမိ ပျော်ရွှင်နေသဖြင့် ဗိုလ်လေး မင်းဖြတ်ဇသည်လည်း ဝမ်းသာနေပုံရသည်။ သူသည် ကျွန်မအား ပြုံး၍လှည့်ကြည့်လိုက်သည်။ ကျွန်မကလည်း ပြုံး၍ပင် သူ့အား ခူးထားသော အသီးလေးများဖြင့် ပစ်ပေါက်ကျီစယ်မိသည်။ ကျွန်မက သူ့အား အသီးလေးများဖြင့် ကျွန်မပစ်ပေါက်သလို သမီးလေးကပါ လိုက်၍ပစ်ပေါက်သည်။ ဗိုလ်လေးမင်းဖြတ်ဇသည် စမ်းချောင်းအလယ်၌ မြင်းကို ရပ်စေ၍ ကျွန်မတို့သားအမိကို သူ၏လက်နှင့် စမ်းချောင်းထဲမှ ရေများကို ယူကာ လှမ်းပက်တော့သည်။ ကျွန်မလည်း ပျော်ရွှင်သလို သမီးလေးလည်း ပျော်ရွှင်ကြသည်။ ထိုစဉ်က သူ၏ကျီစယ်သော ရေဆော့ကစားမှုကြောင့်ရရှိခဲ့သော မေတ္တာလွှမ်းသည့် ပီတိရသသည် ယခုအထိပင် ကျွန်မရင်ထဲ၌ ခံစားနေရဆဲပင် ဖြစ်ပါသည်။

အရိပ်ကောင်းသော သစ်ပင်ကြီးအောက် ရောက်သောအခါ ကျွန်မတို့ လှဲလျောင်းအနားယူကြသည်။ ကျွန်မကို ဗိုလ်လေးမင်းဖြတ်ဇကို မေးလိုက်သည်။

"ဗိုလ်လေး … ကျွန်မကို ဘာလို့ကယ်ရတာလဲ …"

"မင်းသမီးကို အဆုံးအရှုံးမခံနိုင်လို့ပေါ့ …"

"အဆုံးအရှုံးမခံနိုင်တာ မေတ္တာရှိလို့ပေါ့နော် …"

ကျွန်မ၏ အပြုံးနှင့် ကျီစယ်လိုက်သော အမေးစကားကြောင့် ဗိုလ်လေးမင်းဖြတ်ဇက ပြုံးကာ ကျွန်မကို ဆွဲယူပွေ့ဖက်လိုက်သည်။ ကျွန်မလည်း သူ့ရဲ့ရင်ခွင်ထဲတွင် အလိုက်သင့် လှဲနေလိုက်တော့၏။

ကျွန်မနှင့် ဗိုလ်လေးမင်းဖြတ်ဇ စတင်တွေ့ခဲ့သည်မှ ယနေ့အထိဆိုလျှင် ငါးနှစ်ကျော် ခြောက်နှစ်ထဲသို့ ပင်ရောက်နေပြီဖြစ်သည်။ သူလည်း ကျွန်မကို မေ့မရသလို ကျွန်မကလည်း သူ့ကို တစ်နေ့မှ မေ့မရခဲ့ပါ။ ကျွန်မတို့ရဲ့ ချစ်မေတ္တာဟာ ခိုင်မြဲနေခဲ့ပါသည်။ ကျွန်မ၏ ဘဝသည် ကောင်းလိုက်၊ ဆိုးလိုက်နှင့် အတက်အကျ ကြမ်းတမ်းသည့် ဘဝဒုက္ခကို အသက်အရွယ်နှင့် မမျှအောင် ခံစားခဲ့ရသည်။ ယခုအခါ မိမိချစ်တဲ့သူနဲ့ သက်ဆုံးတိုင် ပျော်ပျော်ရွှင်ရွှင် နေသွားရတော့မည်ဟု မျှော်လင့်မိပါသည်။ မကြာသောကာလတွင် ကျွန်မတို့ ယိုးဒယားနိုင်ငံသို့ ရောက်တော့မည်။ ဟံသာဝတီဘုရင်၏ အရိပ်မဲကြီးအောက်မှ လွတ်မြောက်တော့မည် ဖြစ်သဖြင့် ဝမ်းသာနေပါသည်။

မုတ္တမမြို့ကို ကွေ့ရှောင်၍ သွားကြသည်။ မွန်ရွာများကို ဝင်တည်းခိုကြရသည်။ တည်းခိုသော ရွာတိုင်းရှိ မွန်များက ရိုးသားဖြူစင်သော စိတ်အပြည့်ဖြင့် ကူညီကြသည်။ တည်းခိုဖို့ နေရာပေးကြသည်။ ကျွန်မတို့ မိသားစုအား ကျွေးမွေးစောင့်ရှောက်ကြသည်။

မွန်ရွာတစ်ရွာ၌ မွန်အဖိုးအဖွားများသာရှိသော တဲတစ်လုံးတွင် ဝင်တည်းကြသည်။ အနီးအနားရှိ တဲများကလည်း ကျွန်မတို့ ဧည့်သည်များရောက်သည်နှင့် ဟင်းတစ်ခွက်စီ လာပို့ကြသည်။

"တယ်လည်းလိုက်ဖက်ညီတဲ့ အတွဲပဲနော်"

မွန်အမျိုးသမီးကြီးက ဗိုလ်လေးမင်းဖြတ်ဇနှင့် ကျွန်မကိုကြည့်၍ ပြောခြင်းဖြစ်သည်။ ဘေးနားရှိ အခြားအမျိုးသမီးတစ်ယောက်ကလည်း …

"ဟုတ်ပါရဲ့ … တောသူတောသားတွေဆိုပေမဲ့ ရုပ်ရည်လေးတွေက သန့်ပြန့်လိုက်တာ၊ မင်းမျိုးမင်းနွယ်တွေများ အတိုင်းပါပဲ"

အိမ်ရှင်အမျိုးသမီးကြီးကလည်း ကျွန်မ၏လက်ကို ကိုင်ကြည့်ပြီး …

"ဟုတ်ပါရဲ့တော် … လက်ဖဝါးလေးကလည်း နူးညံ့လိုက်တာ … မင်းသမီးလေးတစ်ပါးလိုပါပဲ"

ကျွန်မပြုံး၍သာ နေလိုက်ရသည်။ ကျွန်မတို့သည် အဝတ်အစားသာ တောသူပုံဖမ်းထားသော်လည်း. လူတွေက တောသူနှင့် လုံးလုံးမတူသလို ဖြစ်နေရ၏။ ဗိုလ်လေးမင်းဖြတ်ဇသည် ဒီရွာတွင် ကြာကြာမနေသင့်ဟု တိုးတိုးတိတ်တိတ်ပြောကာ မအိပ်တော့ဘဲ ထွက်ခွာလာကြသည်။

ကျွန်မ၏ဗိုက်က တစ်ချက်တစ်ချက်တွင် နာနာလာသည်။ ကျွန်မလမ်းလျှောက်ရသည်ပင် သွက်သွက်လက်လက် မရှိတော့။ အတော်ပင်လေးလံနေသည်။ မြင်းကြီးစီး၍ သွားရလို့သာ တော်တော့သည်။ လမ်းလျှောက်၍သာ ယိုးဒယားသို့ သွားရမည်ဆိုရင် ဘယ်လိုမှဖြစ်မည်မဟုတ်။ မြင်းကိုလည်း အပြေးစီး၍မရ။ ဗိုလ်လေး မင်းဖြတ်ဇက ညင်သာစွာ မြင်းကို ဆွဲသွားပေး၍သာ ကျွန်မ သက်သက်သာသာ မြင်းစီး၍ လိုက်နိုင်ခြင်း ဖြစ်သည်။

"မောင်တော် … ကျွန်မဗိုက်က နာနာလာတယ်၊ မွေးဖွားချိန်တန်ပီနဲ့ တူတယ်"

ကျွန်မစကားကြောင့် ဗိုလ်လေးမင်းဖြတ်ဇ စိုးရိမ်စိတ်ဖြင့် ပြာပြာသလဲဖြစ်သွားသည်။

"ဟိုးရှေ့က တောင်တန်းကျော်ရင် ဘုရားသုံးဆူရွာကို ရောက်တော့မယ်၊ ဒီရွာကျမှ နားကြတာပေါ့"



ကျွန်မလည်း ဗိုက်ကိုကိုင်၍ ပါးစပ်က တကျွတ်ကျွတ်ဖြင့် အသံထွက်ကာ ငြီးနေတော့သည်။ ကျွန်မဗိုက်က အလွန်နာလာ၍ စိတ်ထဲကလည်း ဒီတောင်တန်းကြီး မြန်မြန်ကျော်ပါစေဟုပင် ဆုတောင်းနေမိသည်။ တောင်တန်းပေါ် ရောက်သောအခါ အောက်ဘက်လွင်ပြင်တွင် ရွာကြီးတစ်ရွာကို မြင်တွေ့ရသည်။ ဗိုလ်လေးမင်းဖြတ်ဇသည် မြင်းကို မြန်မြန်ဆွဲခေါ်နေသည်။ ကျွန်မလည်း မြင်းပေါ်တွင် ခါးကိုကော့ထားကာ ဗိုက်နာသည့်ဝေဒနာကို ကြိတ်မှိတ်ခံနေရသည်။

ရွာထဲသို့ရောက်သောအခါ ကျွန်မသည် မြင်းပေါ်က ဆင်းသည်နှင့် ရေမွှာပေါက်ကျလေတော့သည်။ ဗိုလ်လေး မင်းဖြတ်ဇသည် ကျွန်မကို ပွေ့ချီ၍ ရွာထိပ်က ဇရပ်ပေါ်တွင် တင်ထားသည်။ သမီးငယ်သည် ကျွန်မ၏ ဘေးတွင်ထိုင်နေသည်။ ဗိုလ်လေးမင်းဖြတ်ဇသည် ရွာထဲသို့ မြင်းဖြင့်ဝင်ကာ ကလေးမွေးပေးမည့် လက်သည်ကို သွားရှာသည်။

မကြာသောအချိန်တွင် ဗိုလ်လေးမင်းဖြတ်ဇနှင့်အတူ မွန်အမျိုးသမီးကြီးနှစ်ယောက် ပါလာသည်။

မွန်အမျိုးသမီးကြီး နှစ်ယောက်သည် ကျွန်မဗိုက်ကို ကိုင်တွယ်ပြုစုပေးသည်။ ကျွန်မလည်း လူးလိမ့်ကာ ဗိုက်နာသည့်ဝေဒနာကို ခံစားနေရသည်။ ထိုအမျိုးသမီးနှစ်ယောက်

သည် တစ်ယောက်ကို တစ်ယောက် စကားတိုးတိုးပြောကြပြီး ချွေးသီးချွေးပေါက်များပင် ကျလာကြသည်။ သူတို့၏ နဖူးမှကျလာသော ချွေးများကို သုတ်လိုက် ကျွန်မဗိုက်ကိုလည်း နှိပ်လိုက်လုပ်နေကြသည်။ ဗိုလ်လေးမင်းဖြတ်ဇနှင့် သမီးတော်လေးက ဇရပ်အနီးရှိ သစ်ပင်ရင်းတွင် ထိုင်နေကြသည်။

“သမီးလေး အားထည့်ညှစ်လိုက်”

မွန်အမျိုးသမီးကြီး နှစ်ယောက်စလုံးက ကျွန်မကို အားထည့်ညှစ်ရန် ပြောကြသည်။ ကျွန်မတွင် အားများမရှိတော့။ ကျွန်မ၏ မျက်စိများလည်း ပြာဝေလာသည်။

“သား … မင်းမိန်းမက မွေးဖို့မလွယ်ဘူး ဖြစ်နေတယ်ကွယ့်”

အမျိုးသမီးကြီးတစ်ဦးက ဗိုလ်လေးမင်းဖြတ်ဇအား လှမ်းအသိပေးလိုက်သည်။ ဗိုလ်လေးမင်းဖြတ်ဇက စိုးရိမ်သွားပြီး သမီးတော်ကိုချီကာ ဇရပ်ပေါ်သို့ အပြေးတက်လာသည်။

ဗိုလ်လေးမင်းဖြတ်ဇက ကျွန်မဘေးတွင်ထိုင်ကာ ကျွန်မကို သတိရအောင် လှုပ်နိုးနေသည်။ ကျွန်မ အနည်းငယ် သတိရသလို ဖြစ်လာသည်။ ဗိုလ်လေးမင်းဖြတ်ဇနှင့် သူ၏ ရင်ခွင်ထဲတွင် သမီးတော် ထိုင်နေသည်ကို ပိုးတိုးဝါးတားမြင်နေရသည်။ ကျွန်မ၏ခန္ဓာကိုယ်မှ သွေးများသည် မရပ်ဘဲ ဆင်းနေသည်။ ကျွန်မလည်း အလွန်ပင် အားနည်းလာသည်။ မျက်စိများပြာဝေကာ မောဟိုက်လာသည်။ ကျွန်မကံကုန်တော့မည်ဟု သိနေပါသည်။ ဗိုလ်လေးမင်းဖြတ်ဇအား ပြောဆိုမှာကြားလိုက်မိပါသည်။ ကျွန်မအသံသည် တိမ်ဝင်နေသည် စကားတစ်လုံးနှင့်တစ်လုံး မဆက်တော့ …

“မောင်တော် … သမီးတော်ကို … ဖိစနုလို့မြို့ကို ပို့ပေး…ပါ”

“စိတ်ချပါ ကလျာ … မောနေပါ့မယ် … စကားမပြောပါနဲ့လား”

ဗိုလ်လေး မင်းဖြတ်ဇသည် ကျွန်မမောနေသည်ကိုသိ၍ စကားမပြောရန် တားရှာသည်။ သို့ပေမယ့် ကျွန်မ မမှာလို့မဖြစ်၊ ကျွန်မသမီးတော်လေး၏ ဘဝရှေ့ရေးရှိသေးသည် မဟုတ်လား။

“ကျွန်မရဲ့ … နားတောင်းကို လမ်းခရီးမှာငွေလိုက ထုခွဲရောင်းချပါ …၊ ကျွန်မရဲ့ … လက်စွပ်က ကျွန်မတို့ရဲ့ … ဖိစနုလို့နန်းတော်တံဆိပ်ဖြစ်လို့ … ကျွန်မရဲ့ မောင်တော်တွေကို သက်သေအဖြစ်ပြဖို့ ဆောင်ယူသွားပါ”

“ကလျာ … မောနေမယ်ကွာ … စကားမပြောတော့နဲ့နော် …”

ကျွန်မဘေးရှိ မွန်အမျိုးသမီးကြီးများက ကျွန်မကို ယပ်ခပ်ပေးနေသည်။ ကျွန်မနဖူးမှ စီးကျလာသော ချွေးသီးချွေးပေါက်များကို ပဝါဖြင့် သုတ်ပေးနေရှာသည်။

“ကျေးဇူးတင်ပါတယ် … မောင်တော် …”

ကျွန်မဦးခေါင်းသည် တစ်ဖက်သို့ လှည့်ဆင်းကာ ကျွန်မကံကုန်သွားပါတော့သည်။

ထိုင်းလူမျိုးတို့၏ ယုံကြည်မှုသည် ကိုယ်ဝန်ဆောင်နှင့် သေဆုံးခြင်းဖြစ်လျှင် ဝိညာဉ်သည် အပိုင်းလိုက် အချိခံရမည်။ ဤသို့သေဆုံးခြင်းသည် တန်ခိုးအာဏာ အလွန်အားပြင်းသည့် ဝိညာဉ်အဖြစ် ရရှိသည်ဟု ယုံကြည်ကြသည်။

(၁၃)

ထိုင်းလူမျိုးတို့၏ ကျွန်မကို ပူဇော်ပွဲသည် မြို့အတွင်း ရပ်ကွက်ပေါင်းစုံ လမ်းပေါင်းစုံကို လှည့်လည်ကြပြီး တောကျေဒီဘုန်းတော်ကြီးကျောင်းအတွင်းရှိ မဏ္ဍပ်သို့ ပြန်လည်ရောက်ရှိကြပြီ ဖြစ်သည်။ မဏ္ဍပ်အတွင်းတွင် ကျွန်မ၏ ရွှေရောင်ရုပ်တုအား ရှိခိုးဆုတောင်းနေကြသည့် ပရိသတ်များသည်လည်း အလွန်ပင်များပြားနေပါသည်။

ကျွန်မချစ်သော အမိမြေကို ကျွန်မပြန်ရောက်ချိန်တွင် ကျွန်မသည် ဝိညာဉ်အဖြစ်ဖြင့်သာ ပြန်ရောက်လာရသည်။ ကျွန်မတွင်ရှိသော တန်ခိုးဣဒ္ဓိပတ်ဖြင့် ကျွန်မချစ်သော ထိုင်းလူမျိုးများနှင့် မွန်လူမျိုးများကို အစဉ်အမြဲ ကာကွယ်စောင့်ရှောက်နေမည်ဆိုသည်မှာ ကျွန်မ၏ ဝိညာဉ်၌ ဖျောက်ဖျက်လို့မရအောင် ကိန်းအောင်းနေပြီဖြစ်ပါသည်။

**ညမင်းအိမ်**

**(ဤဝတ္ထုသည် ယိုးဒယားရာဇဝင်ကို အခြေခံ၍ ဦးကုလား၏ မဟာရာဇဝင်ကြီးနှင့် တိုက်ဆိုင်စိစစ်ကာ ယိုးဒယားနှင့် ဟံသာဝတီသမိုင်းကို အဖြစ်နိုင်ဆုံး ကောက်ချက်ဆွဲ၍ စိတ်ကူးယဉ် ရေးဖွဲ့ထားသော ဝတ္ထုဖြစ်ပါသည်)**


<u>ကျမ်းကိုး</u>

၁။ ဟံသာဝတီ-အယုဒ္ဓယနန်းတော် ဆုဖန်ကလျာမင်းသမီး ဒဏ္ဍာရီမှ သမိုင်းစာမျက်နှာဆီသို့ (ဒေါက်တာစုနေ့ (ဒ်)ချူတိနွတ် ထရာနွန်)

၂။ မဟာရာဇဝင်ကြီး (ဦးကုလား)

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်
(၇၅) နှစ်မြောက်
**စိန်ရတု ပြည်ထောင်စုနေ့**
အား ဂုဏ်ပြုကြိုဆိုအပ်ပါသည်။




အများပြည်သူများ အပန်းဖြေအနားယူနိုင်ရန်အတွက်
ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်) ကို
နေ့စဉ် နံနက် (၇း၀၀) နာရီမှ ညနေ (၅း၀၀) နာရီအထိ
ဖွင့်လှစ်ထားရှိကြောင်း အသိပေးအပ်ပါသည်။